www.burmeseclassic.com

ရွှေပုဒေသာစာပေ

# မိုးစက်ပွင့်

## သခိုင်းကြောင်းမလှတဲ့မြစ်

BURMESE CLASSIC



(ပထမတွဲ)

www.burmeseclassic.com

www.burmeseclassic.com

**ပုံနှိပ်မှတ်တမ်း**

ပုံနှိပ်ထုတ်ဝေခြင်း - ပထမအကြိမ်၊
၂၀၁၄၊ အောက်တိုဘာ။

ထုတ်ဝေသူ - ဦးအေးလွင် (၀၄၁၅၂)
ရွှေဥစ္စာပေတိုက်
အမှတ် (၃၃)၊ ကျိုတော်လမ်း၊
မင်္ဂလာတောင်ညွန့်မြို့နယ်၊
ရန်ကုန်မြို့။

မျက်နှာဖုံးနှင့် အတွင်းပုံနှိပ်သူ - ဦးအေးလွင် (၀၈၂၁၀)
ရွှေပဒေသာအော့ဖ်ဆက်
အမှတ် (၃၃)၊ ကျိုတော်လမ်း၊
မင်္ဂလာတောင်ညွန့်မြို့နယ်၊
ရန်ကုန်မြို့။

ဖြန့်ချိဈေး - ၁၄၀၀ ကျပ်

အုပ်ရေ - ၅၀၀ အုပ်

မိုးစက်ပွင့် ၈၉၅.၈၃
သမိုင်းကြောင်းမလှတဲ့မြစ်(ပထမပိုင်း) /မိုးစက်ပွင့်။ - ရန်ကုန်
ရွှေဥစ္စာပေ ၊ ၂၀၁၄ ။
၂၄၇ - စာ ၊ ၁၂.၃ x ၁၈ စင်တီ ။
(၁) သမိုင်းကြောင်းမလှတဲ့မြစ်(ပထမပိုင်း)

# မိုးစက်ပွင့်

# သမိုင်းကြောင်းမလှတဲ့ မြစ်

## (ပထမပိုင်း)

BURMESE CLASSIC
www.burmeseclassic.com

www.burmeseclassic.com

BURMESE CLASSIC

# အခန်း (၁)

အပေါ်ထပ်မှ တစ်လှမ်းချင်းဆင်းလာသော ခြေဖမိုးနုနုတစ်စုံသည် လှေကားအလယ်လောက်အရောက်မှာ တုံ့ခနဲ ရပ်သွားလေ၏။ မျက်ဝန်းအစုံက တောသုံးတောင်ကိုအုပ်စိုးသော ကျားတစ်ကောင်က သူ့ခြင်းမှုစိုးစံသော ဗိမာန်ကိုအလုခံလိုက်ရ၍ ဒေါသအမျက် ချောင်းချောင်းထွက်နေသည့်ပုံစံမျိုး။

မာန်ရောင်တွေ တဝင်းဝင်းနှင့် ထိုအကြည့်တို့သည် ဆိုဖာပေါ်မှာ ခွေအိပ်နေသော ကြောင်ဝါလေးဆီမှာ ရှူးနစ်လျက်။ နှုတ်ခမ်းကို တင်းတင်းစေ့ပိတ်ထားပုံက သူမ၏အလှတရားနှင့် ဆန့်ကျင်ဘက်။

နုဖတ်ချောမွေ့နေသော သွင်ပြင်အသွင်သည့်. . .

ဆောင်းနှင်းပွင့်လေးဖြစ်ပေမယ့် မျက်ဝန်းတွေက နွေသမိုင်းကို ထုဖော်နေသည့် ပေါက်ပြားတစ်လက်လို။

"နီ. . . တွတ်"



www.burmeseclassic.com

www.burmeseclassic.com



ခေါ်သံက တစ်လုံးနှင့်တစ်လုံး ပြတ်တောက်စွာ သီးခြားလိုက်

"နီ. . . တွတ်"

"ဗျာ! လာပါပြီ မမလေး"

ဒုတိယအကြိမ်ခေါ်သံသည် ပို၍ကျယ်လောင်ကာ ထန်နေသဖြင့် နီတွတ်ဆိုသူ အပြေးရောက်လာ၏။ အသံထက် လူအရင်ရောက်မှ ကျေနပ်တဲ့ သူမအတွက်. . .

"ကျွန်တော် ရောက်ပါပြီ မမလေး"

"နင်ဘာလုပ်နေတာလဲ"

"ဟို. . . ပန်း. . . ပန်းပင်တွေ ရေလောင်း"

"တောက်!"

ကျယ်လောင်သော တက်ခေါက်သံကြောင့် နီတွတ် ခေါင်းငုံ့သွားလေသည်။ ဒါ သူမ မနှစ်သက်ဆုံးအလုပ်။ လုပ်နေရခြင်းက ပန်းတွေ မြတ်နိုးစွာ အလှကြည့်နေချင်သူရှိလို့။

"နင့်ကို ငါဘယ်နှခါပြောရမလဲ နီတွတ်။ ယောကျ်ားဖြစ်ပြီး နှမ်းနေတာကို ငါမကြိုက်ဘူးလို့"

"သိ. . . သိပါတယ် မမလေး။ ခုဟာက ဆ. . . ဆရာခိုင်းတဲ့ အတိုင်းလုပ်. . ."

"ဖြန်း!"

နီတွတ်မျက်လုံး မီးပွင့်သွား၏။ လည်ထွက်သွားတဲ့မျက်နှာ ချုံချင်းပြန်မလှည့်ရဲ။

ဒီအိမ်မှာက အဲဒီလို။

သခင်နှစ်ပါးရှိသည့်အနက်က တစ်ယောက်က ဖြူရင်၊ တစ်ယောက်က မည်း။ တစ်ယောက်က ရေဆို တစ်ယောက်က မီး။ မတူညီကြတဲ့စရိုက်တွေနှင့် ဒီလူနှစ်ယောက်ကြားမှာ အလုပ်သမားတွေက ခေါင်းမပြူရ၊ လက်မထုတ်ရ စည်းကမ်းချက်များနှင့် တုံးအောက်က ဖား။

"ငါပြောရင် ခံမပြောနဲ့၊ ခိုင်းရင်လုပ် စေရင်သွား။ ကျွေးတာစားပြီး ပေးတာယူ။ စကားအပိုမပြောနဲ့"

"ဟုတ်. . . ဟုတ်ကဲ့"

"ဗလကြီးကိုသွားခေါ်၊ မြန်မြန်လာလို့"

"ဟုတ်"

ချာခနဲလှည့်ထွက်သွားသည့် နီတွတ်ခြေလှမ်းတွေက လေဟုန်ကို ခွင်းသည့်မြားတစ်စင်းလားပမာ။

တွေတွေကြီးကျန်ခဲ့သည့် သူမ၏မျက်ဝန်းတွေက ကြောင်ဝါလေးဆီမှာ ပြန်လည်စူးနစ်သွားခဲ့၏။ နီရဲစိုလဲ့နေသော နှုတ်ခမ်းပါးလေးက လွန့်ခနဲ လူးလွန့်သွားလိုက်တာ။ မဲ့လိုက်တာလား ပြုံးလိုက်တာလား မသိပေ။ ပြုံးတာဖြစ်ခဲ့ပါက ထိုအပြုံးသည်. . .

သရော်ပြုံး. . .

လှောင်ပြုံး. . .

မဲ့ပြုံး. . . တို့သာ ဖြစ်လိမ့်မည်။

သူမဘဝမှာ. . . လိုလိုချင်ချင်နှင့် နှစ်လိုဖွယ်အပြုံးဆိုတာ ရေထဲမှာ ကျပျောက်သွားတဲ့အပ်တစ်ချောင်းကို ရှာဖွေရတာထက် သူမမျက်နှာပေါ်မှာ နူးညံ့သည့်အပြုံးကိုရှာဖွေရေးဘ ခက်ခဲလိမ့်မည်။ နူးညံ့သိမ်မွေ့ခြင်း ဆိုတာ သူမဘဝမှာ မလိုအပ်ဆုံး အမုန်းဆုံး စကားလုံးပါပဲ။

သူမအတွက်. . .







www.burmeseclassic.com

www.burmeseclassic.com



ကရုဏာ. . . မုဒိတာ. . . အကြင်နာဆိုတာတွေ။ သွားစမ်းပါ ဟိုး. . . အဝေးဆုံးကို။ ဂျင်ပေါ်ကထုံးလို သူ့ထက်ငါ လည်ရာလူ ကြော နေကြတဲ့ ပေါဒီလောကမှာ တရားမျှတမှုဆိုတာ လေထဲမှာ တိုက်ခေါက် ရေပေါ်မှာ အရုပ်ရေးသလိုပါပဲ။ မရေရာတာတွေကို ဆုပ်ဖမ်းပြီး စိတ်ကူး ယဉ်ဖို့ ဝါသနာမပါ။ သူမက လက်တွေ့သမားမို့ တရားဘာ မတရားတာ ထက် သူမဖြစ်ချင်သည့်ဆန္ဒသည် ပထမ။

ဒုတိယက ငွေ. . .

ငွေရှိရင် ဘာမဆိုဖြစ်တယ်ဆိုတဲ့ အယူဝါဒက သူမရင်ထဲမှာ သံမှိုစွဲထားသည်။ ငါသာ သခင်၊ ငါသာ အရှင်၊ ငါပြောသမျှ ခေါင်းညိတ်၊ ငါပြောသမျှ ခံ၊ ကလန်ကဆန်လုပ်သူက ရန်မူတာမလုပ်သော်လည်း သူမ သတ်မှတ်တာက အကြီးမားဆုံးရန်သူ။

"မမလေး"

". . ."

"ဗလကြီး ရောက်ပါပြီ"

ဗလကြီးတဲ့။ နာမည်နဲ့လိုက်အောင် ထွားကျိုင်းသန်မာသူ။ ဒီလူ က သူမရဲ့ညာလက်ရုံးတစ်ဆူပါပဲ။ သူမ ဒီအိမ်ကိုစရောက်ကတည်းက သူမအပါးမှာ အမြဲရှိကာ သူမလိုအင်ဆန္ဒမှန်သမျှကို ဖြည့်ဆည်းပေးသူ ဆိုလျှင် မမှားပေ။

"ဗလကြီး"

"ဟုတ်ကဲ့. . . ပြောပါ မမလေး"

သူမ ကြောင်ဝါလေးကို ဆတ်ခနဲ လက်ညှိုးထိုးပြပြီး. . .

"ဒီကြောင်ကို ခုချက်ချင်းသတ်လိုက်"





"ဟင်!"

"ဗျာ!"

ဗလကြီးနှင့်နီတွတ် အကြည့်ချင်းဆုံသွားသည်။ သူ့ဟာသူ ဆိုဖာ ပေါ်မှာ အေးအေးဆေးဆေးအိပ်နေတဲ့ကြောင်ကလေးကို ဘာကြောင့် ချက် ချင်း လက်ညှိုးထိုးပြီး သေမိန့်ချလိုက်သလဲပေါ့။

ဘာမဆို ဟင့်အင်းလို့ ခေါင်းမခါဖူးတဲ့ ဗလကြီး. . . အပြစ်မဲ့ တဲ့ကြောင်လေးကို ချက်ချင်းသတ်ပစ်ဖို့ လက်တွန့်နေသည်။ ကြောင်လေး မှာ အပြစ်မှမရှိတာ။ သူဟာ လူသားတစ်ယောက်မို့ တစ်ခါတစ်ခါ သနား ညှာတာစိတ်ကလေး ဝင်မိတာ ဆန်းသလား။

အထူးသဖြင့်. . .

ကလေးငယ်လေးလို ဘာမှမသိနားမလည်ဘဲ ဇိမ်ခံပျော်နေတဲ့ ကြောင်လေးမို့ မသတ်ရက်တာ။

"လုပ်လေ"

"မမလေး. . . ဟိုလေ"

"ဘာလဲ. . . မသတ်ရက်ဘူးလား"

"ကြောင်လေးက အိပ်ပျော်နေတာ၊ သူ့မှာ ဘာအပြစ်ရှိလို့လဲ မမလေးရယ်"

"အပိုတွေ မပြောနဲ့၊ သတ်မှာလား မသတ်ဘူးလား"

"အဲ. . . ဟို"

ဗလကြီးအဖြေမပေးခင် သူမ၏မီးဝင်းဝင်းတောက်မျက်လုံးအစုံ က ဗလကြီးမျက်နှာကို မီးစနှင့်ဖြတ်ရိုက်လိုက်သလိုပါပဲ။ ဒေါသကြောင့် လက်တို့သည် လျှင်မြန်လျက် စားပွဲပေါ်မှ ပန်းအိုးကိုကောက်ကိုင်ပြီးသား



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်သွားဓါ။

"ခွမ်း. . ."

"ဟာ!"

"ဟင်!"

ပန်းအိုးကို ရိုက်ခွဲလိုက်သောအသံကြောင့် အိပ်ပျော်နေရှာသော ကြောင်ဝါကလေးမှာ အိပ်ရာမှလန့်နိုးလျက် သူတို့ကို မျက်လုံးဝိုင်းများနှင့် ကြည့်နေသည်။

ထိမပြေးတာက. . .

သူတို့သည် ကြောင်ဝါလေးနှင့် တရင်းတနှီး အစာကျွေး၍ ပွတ်သပ်နေသော မျက်နှာရင်းတွေမို့ ထင်ပါရဲ့။ ဒီကြောင်ဟာ သေရက်ကြံ့လို့ပဲလား။ သူမ အနားသို့တိုးကပ်သွားသည်အထိ ကြောင်လေးက မော့ကြည့်နေဆဲ။

ခါတိုင်းလို. . . သူ့ကို ဟိုဟာလေး မြှောက်ပြ ဒီဟာလေးမြှောက်ပြနှင့် ကစားမယ်များ ထင်နေသလားမသိ။ ဗလကြီးနှင့်နီတွတ် ကြည့်နေဆဲမှာပဲ သူမ လှုပ်ရှားလိုက်ပုံက. . .

"ကဲဟာ!"

"စွပ်!"

"ညောင်း. . ."

"ကဲ. . . ဟာ"

"စွင်!"

"ဒိ. . . ဒွီး. . ."

"ဟဲ!"





"ကဲဟာ"

ကြောင်လေး၏ကိုယ်ပေါ်သို့ ပုလင်းကွဲနှင့်ထိုးစိုက်နေသည့်မှာ အချက်ပေါင်းများစွာ။ ကြောင်လေးမှာ အော်ရင်း လူးရင်းလိမ့်ရင်းနှင့်ပဲ အသက်နှင့်ခန္ဓာ အိုးစားကွဲ၍ ငြိမ်သက်သွားလေတော့၏။ သွေးစက်တွေ ချက်ချင်းရဲသွားသည်ကိုကြည့်၍ ဗလကြီးနှင့်နီတွတ်မှာ တအံ့တဩပါပဲ။

ဒီလောက်ရက်စက်တတ်တဲ့ လက်ပိုင်ရှင်ဟာ ပန်းပွင့်ဖတ်ကလေးလို နူးညံ့ပျော့ပျောင်းသဏ္ဍာန်ရှိသည့် မိန်းမလှလေးပါလို့ပြောရင် ဘယ်သူယုံကြမလဲ။ အာဋ္ဌာဝကသည် ကျွတ်တန်းဝင်တာ ကြားဖူးသလို ပန်းသည်လည်း အဆိပ်ပြင်းတတ်ပါလား။ တစ်ခါတစ်ခါဖြစ်သည့် မုန်တိုင်းကြောင့် လှိုင်းထန်သလို လှိုင်းသည် မြစ်ပြင်ကျယ်ထဲက သားပိုက်ကောင်လေး ပြန်ဖြစ်သွားတတ်၏။

"ဟင်! နွေထက်သာလွန်"

မှန်ပါသည်။ သူမနာမည်က 'နွေထက်သာလွန်'။

နွေထက် အဆပေါင်းများစွာ ပူပြင်းလောင်မြိုက်နေတဲ့ သူမဘဝသမိုင်းကြောင်းကို တစ်ခန်းရပ်ဖို့ ဘယ်သူ ကန့်လန့်ကာကြိုးကို ဆွဲရဲသလဲ။ မာသည်ပြတ်သည်ဆိုတာထက် အမြဲတမ်း သွေးပူစွာရော သွေးအေးစွာ ရော ရက်စက်တတ်သူ။

ပန်းကလေးဟာ နူးညံ့ပါတယ်. . .

ဒါပေမဲ့ ဆူးတွေနဲ့. . .

စမ်းကလေးက အေးပါတယ်. . .

ဒါပေမဲ့ ရေစီးသံ ကြမ်းလွန်းလှ၏။

သူမလက်မှာ ကိုင်ထားဆဲရှိသော ပန်း ဒိုးကွဲမှာ မ[illegible] ဒိုနှင့် နီ



www.burmeseclassic.com

www.burmeseclassic.com



ခွေးနေသည်။

ဦးပြည့်စုံလျှံ... မယုံနိုင်သောမျက်ဝန်းများနှင့် သူမကို ငေးစိုက်ကြည့်လျက်...

"ဘယ်လိုလုပ်လိုက်တာလဲ နွေလေးရယ်"

သူမ၏နှုတ်ခမ်းပါးက ပြုံးမယောင်မဲ့ခြင်းနှင့်...

"သတ်ပစ်လိုက်တာလေ၊ ဦးလျှံ မမြင်ဘူးလား"

"ကြောင်လေးက သူ့ဘာသာ အိပ်နေတာကို နွေလေးရယ်။ နွေလေးကို မကျေနပ်လောက်စရာ ဘာများလုပ်လို့လဲ။ သနားပါတယ်။ တိရစ္ဆာန်ဖြစ်ဖြစ် လူဖြစ်ဖြစ် အသက်တစ်ချောင်းကို တန်ဖိုးထားစမ်းပါ"

"ကျွန်မကို တရားလာမဟောနဲ့ ဦးလျှံ၊ လူဖြစ်ဖြစ် တိရစ္ဆာန်ဖြစ်ဖြစ် ကျွန်မနေရာကို လုချင်တဲ့သတ္တဝါမှန်သမျှ ဘယ်အကောင်မှ အသက်မရှင်ရဘူး။ လူတွေက အကောင်ကြီးကိုသတ်တော့ အကုသိုလ်များသတဲ့။ အကောင်သေးကိုသတ်တော့ သတ္တဝါဆိုတာ လူက ချွတ်မှ ကျွတ်တာလို့ ကြွေးကြော်ကြတာ။ သေးသေးကြီးကြီး... အသက်ချင်းက အတူတူပဲ။ ဘယ်သတ္တဝါရဲ့အသက်ကမှ ရွေးချယ်ပြီး အလှထိုင်ကြည့်နေစရာ ကောင်းတာမဟုတ်ဘူး။ အသက်ရဲ့တန်ဖိုးကိုသာ တကယ်နားလည်ကြရင် လောကကြီးကို ပုရွက်ဆိတ်တွေ ခြင်တွေ လွှမ်းမိုးနေလောက်ပြီ"

"ခွမ်း!"

လက်ထဲက ပန်းအိုးကွဲစကို အခန်းထောင့်သို့ ပစ်ပေါက်လိုက်ပြီး ခါးထောက်လိုက်ပုံက ရုပ်ကလေးကိုမှအားမနာ။ မတန်တရာပါပဲ။

ဦးပြည့်စုံလျှံ... သက်ပြင်းတစ်ချက်ချ၍ ခေါင်းကို လေးတွဲ့စွာ ခါယမ်းလိုက်မိသည်။





"နီတွတ်"

"ဗျာ... မမလေး"

"အဲဒီကြောင်ကို ရေထဲမျှောလိုက်"

"တူးမြှုပ်လိုက်မယ်လေ မမလေး"

"လျှာမရှည်နဲ့၊ ခိုင်းတဲ့အတိုင်းလုပ်။ ဒီကြောင်က ငါ့နေရာကို လုတဲ့ကြောင်။ တင့်တင့်တယ်တယ် သေဆုံးခြင်းနဲ့ မတန်ဘူး။ ဒီ့ထက်ဆိုးရွားတာတွေ လုပ်ပစ်လိုက်ချင်သေးတာ"

နီတွတ် နောက်ထပ် ဘာမှမပြောရဲရှာတော့ပေ။ မရှူမလှနှင့် သေဆုံးသွားရရှာသော ကြောင်ကလေးကို ခြေထောက်မှဆွဲကိုင်၍ ထွက်ခဲ့တော့၏။ ကြင်နာသလို ယုယသလို ထွေးပိုက်လို့ မယူရဲရှာပေ။ ကြောင်ကလေးအတွက် နောင်ဘဝရှိခဲ့ရင် ဒီလိုအဖြစ်ဆိုးမျိုးနှင့် မကြုံတွေ့ပါစေနှင့်ဟု ဆုတောင်းပေးရုံမှအပ သူ ဘာများတတ်နိုင်ဦးမှာလဲ။

ကိုယ်ကလည်း... သခင်စေရာ ခြေဖွေပါရသည့်အဖြစ်။

ခိုင်းတာလုပ်... ပြောတာ ခေါင်းညိတ်... စေလိုရာသွား... ထားရာမှာ နေရသည့်ဘဝမို့...

ကြောင်ကလေးရေ့... ငါ့ကိုနားလည်ပေးပါလို့သာ ရင်ထဲမှ တိတ်တဆိတ် တောင်းပန်မိ၏။

"ဗလကြီး"

"ပြောပါ မမလေး"

"အဲဒီဆိုဖာကို အပြင်ဆွဲထုတ်၊ ပြီးရင် ဓာတ်ဆီလောင်းပြီး မီးရှို့ပစ်လိုက်"

"ဟုတ်ကဲ့"



www.burmeseclassic.com

www.burmeseclassic.com



"နေဦး"

သူမ ဗလကြီးကိုခပ်စူးစူးကြည့်ကာ. . .

"ရှင်. . . စောစောက ကျွန်မအမိန့်ကို ဖီဆန်ထားတယ်။ ကိုယ့်အပြစ် ကိုယ်သိလား"

"သိ. . . သိပါတယ်"

"သိရင် အပြစ်ပေးမယ်"

"ဟုတ်ကဲ့"

"ရှင့်ကို ထမင်းသုံးနပ်မကျွေးဘူး"

မပျော့ပျောင်းသောအသံနောက်မှာ ခြေသံက ထပ်ဆင့်ကာ ရာဇသံ ပေးသွား၏။ ထမင်းသုံးနပ် မကျွေးဘူးတဲ့။ အလုပ်ထုတ်မပစ်တာကိုဘဲ ကျေးဇူးတင်ရဦးမည်။

သူမ ထွက်သွားသည်နှင့်. . . တစ်အိမ်လုံး မိုးရနံ့တွေ ဆွတ်ဖျန်းလိုက်တဲ့ စိတ္တည၏ အိပ်မက်ပုံပမာ။

ဦးပြည့်စုံလှုံ. . . ဆိုဖာပေါ်မှာ ထိုင်ချလိုက်ပြီး မျက်လုံးကို စုံမှိတ်ပစ်လိုက်တော့သည်။ သူ. . .

အရမ်းမှားသွားခဲ့ပြီ။ အချစ်ကို ယုံကြည်စွာ ဆည်းကပ် ကိုးကွယ်ခြင်း၏ရလဒ်က မြေပါလည်းဆုံး၊ သားလည်းဆုံး။ မှိတ်ထားမိသောမျက်ဝန်းထဲမှာ အနေ့ပြကွက်တစ်ခုလို ပေါ်လာ[illegible]က သား၏ပုံရိပ်တွေ။ သိပ်ခ[illegible]ကြတဲ့ သားအဖနှစ်ယောက် စိတ်ဝမ်းကွဲ[illegible]အောင် အချစ်နဲ့လောင်စာ[illegible]က သူ။

သားရယ်.

ဖေဖေ့ကိုခွင့်လွှတ်ပါလို့ မတောင်းဆိုရဲလောက်အောင်ကိုပဲ ဖေဖေ





မှားခဲ့တာ။ သားသေရတာ ဖေဖေ့ကြောင့်။ ဘယ်ဘဝကနေမှ ဖေဖေ့ကိုခွင့်မလွှတ်ပါနဲ့ သား။ ယုန်ကိုစွန့်ပြီး ကျားကိုမှ မြှူစွယ်မိတဲ့ ဖေဖေမုဆိုးကြီးလေ။ လွတ်လမ်းမမြင်တဲ့ ဝက်ပါထဲမှာပဲ ဘဝအဆုံးသတ်ရတော့မယ်ထင်ပါရဲ့။

ဟိုတုန်းက သူပေးခဲ့တဲ့အချစ်ရဲ့ သာယာချိုမြိန်မှုတွေဟာ အခုမှ မ[illegible]သွားထက်မှာ သုတ်လိမ်းထားတဲ့ ပျားရည်စက်တွေမှန်း သိရတယ်။ အရမ်းနောက်ကျသွားခဲ့ပါပြီ။ သားမရှိတော့တဲ့ဘဝမှာ ဘာကိုများ မျှော်လင့် ရှင်သန်နေရဦးမှာလဲ။

သားနဲ့သူ. . .

ထာဝရ မခွဲခွာခင် နှုတ်ဆက်သွားခဲ့တဲ့စကားက ကြားမိတိုင်း နာကျင်ခံစားရသည်။

"ဖေဖေ သိပ်ရက်စက်တာပဲ" တဲ့။

တကယ်ပဲ သားအပေါ်မှာ သူအရမ်းရက်စက်ခဲ့သည်။ အချစ်ဆိုတာ လောင်စာကောင်းမှ အမြင့်ကိုပျံတက်နိုင်တဲ့မီးပုံးတစ်လုံးဆိုလျှင် အခုအချိန်မှာ သူ ထိုမီးပုံးကို ဓားတစ်ချောင်းနှင့် ထိုးခွဲပစ်လိုက်ချင်၏။

အဖေကိုချစ်တဲ့ သား. . .

နောက်ဆုံးဓားသွားအောက်မှာ အသက်ပျောက်သွားခဲ့ရသည်။ ဘယ်လွန်ကနေ ခွင့်လွှတ်ပေးနေဦးမည်ဆိုတာ သိပေမယ့် သားရဲ့မေတ္တာ[illegible]ကနဲ့ သူဟာ မထိုက်တန်တော့တဲ့သူ။ အချစ်. . . အချစ်သိပ်သိပ်ချစ်[illegible]ကြခဲ့တော့ ဒုက္ခဖြစ်ဆိုတဲ့စကားဟာ [illegible]သွားလွှက် [illegible]အောင် မှန်နေပါ[illegible]လား။

ဖနီးသေဆုံးပြီး အရှုပ်[illegible]ကောင်းနှင့် ကျန်းမာသန်စွမ်းစွာ ရှိနေ



www.burmeseclassic.com

www.burmeseclassic.com



ခဲ့သည့် ဦးမြည့်စုံလှုံ့။ အပေါင်းအသင်းတွေနှင့် စားသောက်ဆိုင်မှာ စားကြ၊ သောက်ကြ၊ ပျော်ကြပါးကြရင်း အဆိုတော်မလေး 'နွေထက်သာလွန်' နှင့် မထင်မှတ်ဘဲ ရင်းနှီးခဲ့ကြရာမှ အလွန်ချောမောလှပသော သူမလေးကို သနားရာကနေ ချစ်ခင်စုံမက်ခဲ့မိ၏။ နွေလေးရဲ့ဘယေ၁၂ပို ချွဲနွဲ့သံလေးကြားမှာ သာယာမိသည်။

ထိုမှစလို့. . .

သူမဘဝကို ကယ်တင်ဖို့ဆုံးဖြတ်လိုက်ခြင်းသည် သားကို အသေသတ်လိုက်သလို ဖြစ်သွားခဲ့၏။

ခုတော့. . .

သားရယ်. . . လို့သာ. . .။

▣▣▣



## အခန်း (၂)

"ဟေး. . . ရှိတ်ကွ"

"ရှိတ်"

"ကောင်းတယ်. . . ဆိုပါဦး"

လက်ခုပ်သံတွေ၊ အော်သံတွေ ဆူညံနေပေမယ့် ကိုယ့်အလှည့်ပြီးဆုံးလို့ နောက်လူရှိသေးတာမို့ ရှိတ် စတိတ်စင်ပေါ်မှ ဆင်းလာခဲ့သည်။ ဒီ Show ပွဲလေးမှာ သူ့ကို ပရိသတ်တွေ တစ်ခဲနက် အားပေးကြတာကို မြင်ရတော့ ရှိတ်ရင်ထဲမှာ ကြည်နူးမှုတွေ အတိုင်းအဆမဲ့ပါပဲ။

သူဆင်းလာသည်နှင့် လာမိတ်ဆက်သူတွေ၊ လက်မှတ်ထိုးခိုင်းသူတွေက တစ်ပုံတစ်ပင်။

ဒါ. . . သူ့ရဲ့အောင်မြင်မှုပဲပေါ့။

ကိုယ့်ပရိသတ်ကျေနပ်အောင် အပြုံးတဝေဝေနှင့် ခေါင်းညိတ်လက်မှတ်ထိုးပေးနေတဲ့ကြားက မျက်လုံးသည် တစ်ဦးတစ်ယောက်ကို ရှာဖွေနေမိ၏။



www.burmeseclassic.com

www.burmeseclassic.com



ဝေသီဆောင်း. . .

သူ. . . ဘယ်မှာလဲ။

"ရှိတ်"

"ဗျာ"

"ကြိုးစားနော်. . . ထာဝရ အားပေးနေမယ်"

"ဟုတ်ကဲ့. . . Thanks you ပါဗျာ"

ရှိတ်. . . လူအုပ်ထဲမှ တိုးထွက်လာခဲ့၏။ ဆောင်းကို ရှာဖို့လေ။ ဒီ Show ပွဲကိုလာမယ်လို့ ဆောင်း ပြောထားခဲ့တာ။ မလာတာလား။ တစ်နေရာရာမှာလား။

"ဂစ်တာရှိတ်"

"ဟင်"

"ရှင်. . . ကျွန်မကို ရှာနေတာလား"

ရှိတ် ပြုံးလိုက်မိ၏။ သူရှာနေတဲ့ဆောင်းက သူ့နောက်ကျောဘက်မှ ကပ်ပေါ်လာလို့လေ။

"ဟုတ်လား"

"ကိုယ့်မှာ ရှာစရာလူဆိုလို့ မင်းတစ်ယောက်ပဲရှိတာလေ"

"အဲဒါက အခုပါ"

"နောက်တော့ရော"

"နောက်တော့ ရှာစရာမလိုဘဲ ရှင့်ရှေ့ကို ရောက်လာချင်တဲ့သူတွေ အများကြီးဖြစ်လာတော့မှာ"

"ရောက်လာချင်သူတွေများတိုင်း ကိုယ်က ရှာမယ်ထင်လို့လား"

"သိနိုင်ဘူးလေ"





သူမက မျက်စောင်းလေး ဝင့်ဆိုသည်ကိုပဲ၊ ရှိတ် သဘောကျသွားလေ၏။ ပခုံးတွန့်ပြပြီး ရှိတ်က ရှေ့မှဦးဆောင်၍ ထွက်ခဲ့လေလျှင် ဆောင်းက နောက်မှလိုက်ပါလာ၏။ ရှိတ်က ကားတံခါးကိုဖွင့်ပေးလျှင်

"ဘယ်သွားမှာလဲ"

"တစ်နေရာရာပေါ့"

"တယ်လည်း တိကျပါလား"

ရှိတ်က ဘာမှမပြောတော့ဘဲ ကားပေါ်သို့ရောက်မှ. . .

"တစ်ခုခုစားရင်း စကားပြောကြတာပေါ့"

"ရှင့် DJ ကိုမစောင့်တော့ဘူးလား"

"ဘာစောင့်စရာလိုလဲ၊ ကိုယ့်အလှည့်ပြီးသွားပြီပဲဟာ"

"ပြောအားရှိသွားပြီပေါ့"

"အဲဒါ မင်းကျေးဇူးကြောင့်ပါ"

"အဲဒီကျေးဇူးဆိုတဲ့စကားကို ခဏခဏထည့်မပြောစမ်းပါနဲ့။ ကျွန်မက ကျေးဇူးတရားနဲ့ ရှင့်ကို ဘာတစ်ခုမှ ချည်နှောင်ထားမှာမဟုတ်ဘူး"

"ကိုယ်က အချည်နှောင်ခံချင်တာပါ"

သူ့စကားက ဘာအဓိပ္ပာယ်လဲ။ ဘာအဓိပ္ပာယ်ပဲ သက်ရောက်သက်ရောက်၊ ဆောင်းကတော့ မျှော်လင့်ချက်ရောင်ခြည်မသန်းချင်။

"A burnt child dreads fires. (မီးလောင်ခံရဖူးတဲ့ကလေးဟာ နောက်တစ်ခါ မီးလောင်ခံရမှာကို ကြောက်တယ်) တဲ့။

ဆောင်းလည်း. . .

ကြောက်နေပြီလေ။ ယခင်ကဆိုတဲ့အရွယ်မှာ သူ့ကို ထိတ်



www.burmeseclassic.com

www.burmeseclassic.com

တဆိတ် စွဲလန်းခဲ့ဖူးသည်။ အချစ်ကို မူကြိုစတက်လိုက်မိကတည်းက အရိုက်ခံလိုက်ရတာ၊ သူမနှလုံးသားမှာ ဒဏ်ရာဒဏ်ချက်တွေနှင့်။ ဒါတွေကို သူကတော့ လုံးဝမသိခဲ့ပေ။

မသိဆို၊ သူနဲ့ကိုယ်က ဘယ်လိုမှ စပ်ဟပ်ကြည့်လို့မရတဲ့အချိန်ကိုး။

"ဂစ်တာရှိတ်"

"မင်း ဘာလို့ ကိုယ့်ကို အဲဒီလိုခေါ်တာလဲ။ သူများတွေလို ပေါ့ပေါ့ပါးပါး ရှိတ်လို့ပဲခေါ်စမ်းပါ"

"ရှင့်နာမည်က ပြည့်စုံအောင်ခေါ်မှ အဓိပ္ပာယ်ရှိသလားလို့ပါ"

"ထွင်မနေနဲ့၊ ဘယ်သူကမှ ဆုမပေးဘူး"

ကားလေးက စားသောက်ဆိုင်ရှေ့မှာ ထိုးရပ်သွားပြီး၊ ရှိတ်က သူကိုယ်တိုင် တံခါးဖွင့်ပြီး ဆောင်းကို လက်ကမ်းပေးလေလျှင်. . .

ဆောင်းက ခေါင်းခါပြီး. . .

"နေပါ"

"ဘာဖြစ်လို့လဲ"

"ရှင့်လက်ထဲကို ကျွန်မလက်ထည့်ပေးလိုက်တာနဲ့ အဓိပ္ပာယ်က တစ်မျိုးသက်ရောက်သွားနိုင်တယ်လေ"

ကမ်းမိသည့်လက်ကို ပြန်ရုတ်ပြီး ရှိတ် ဘောင်းဘီအိတ်ထဲသို့ ထိုးသွင်းလိုက်သည်။

"ဆောရီး. . . မင်း မြန်မာထုံးတမ်းစဉ်လာကို မဖျက်ဆီးတတ်တာ ကိုယ်မေ့သွားလို့"

နှစ်ယောက်သား ပခုံးချင်းယှဉ်လျှောက်မိကြတော့ ဆောင်းက





ရှိတ်ရဲ့ယာဘက်မှာ။ ဆောင်းရဲ့အယူအဆတွေက တစ်မျိုးလေးပါပဲ။

ယောက်ျားတစ်ယောက်နှင့် ပခုံးချင်းယှဉ်၍ အတူလျှောက်ခဲ့လှသည်။ မတော်တဆလျှောက်ရမည်ဖြစ်လာလျှင် သူမက အမြဲတမ်း ယာဘက်မှာ။ မိန်းမတစ်ယောက် ယောက်ျားတစ်ယောက်နှင့်အတူ ယှဉ်ကာ လျှောက်လျှင် ဝဲဘက်မှာနေခြင်းသည် ထိုယောက်ျား၏ Wife or Lover ဖြစ်ပြီး ယာဘက်မှာနေသူသည် ထိုသူ၏ Man's sister or friend တဲ့။

ဒါ. . . မြန်မာလူမျိုးတို့၏အယူဝါဒပင်။ ဖေဖေ့ရဲ့ဆိုဆုံးမမှုအတိုင်း ဆောင်းက လိုက်နာသူပါ။

ဝတ်စားဆင်ယင်မှုက. . . မြန်မာမှုမြန်မာဟန်နှင့် နန်းဆန်မနေပေမယ့် ဒူးပေါ်ပေါင်ပေါ်တွေ ဝတ်တာမျိုးလည်းမဟုတ်။ လုံလုံခြုံခြုံနှင့် ခေတ်မီစွာ ဝတ်စားဆင်ယင်တတ်သူလေးပါ။

ခုလည်းကြည့်လေ. . .

ဘောင်းဘီရှည်အဖြူရောင်နှင့် ကိုယ်ကျပ်စပို့ရှပ်အနီရဲရဲလေးကို တွဲဝတ်ထားပြီး အပေါ်က ကုတ်ပုံစံ ခါးတိုအင်္ကျီအဖြူရောင်လေးကို ထပ်ဝတ်ထားသော ဆောင်းမျက်နှာလေးသည် ကြည်လင် ရှင်းသန့်လျက်။ တကယ့် ဆောင်းသခင်မနဲ့ မင်းသမီးလေးပါပဲ။

"ဆောင်း"

"ဟင်"

"ဘာစားမလဲ၊ မှာလေ"

"ဒင်းမ်ဆန်းနဲ့ ကော်ဖီပဲသောက်မယ်"

ရှိတ်က ခေါင်းညိတ်ပြီး ဝိတ်တာလေးကို မှာလိုက်သည်။ သူက



www.burmeseclassic.com

www.burmeseclassic.com



လည်း ဆောင်းလိုပဲမှာသည်။ ဆောင်းရဲ့အကြိုက်မှန်သမျှ ရှိတ် လိုက်ကြိုက်နေမိတာ ဘာကြောင့်လဲလို့ ကိုယ့်ကိုယ်ကိုယ် မမေးတော့ပေ။

အချိန်မှတန်သေးပါဘူး. . .

"ဆောင်း"

"ဘာလဲ ရှိတ်"

"လာမယ့် Wednesday မှာ ဆောင်းရဲ့မွေးနေ့နော်"

"ရှင် မှတ်မိသားပဲ"

"မှတ်မိတာပေါ့၊ ဆောင်း ဘာလက်ဆောင်လိုချင်လဲ"

"ဒီနှစ် ကျွန်မ Happy birthday မလုပ်ဘူး ဂစ်တာရှိတ်ရဲ့"

"ဘာဖြစ်လို့လဲ"

"ဖေဖေက နယ်မှာဆိုတော့ လုပ်ပေးမယ့်သူမရှိဘူးလေ"

"ကိုယ်လုပ်ပေးမှာပေါ့"

"ဟင်"

"မင်းနဲ့ကိုယ်နှစ်ယောက်တည်း တက်မယ့်ပွဲလေ"

"တကယ်လုပ်ပေးမှာလား"

"Yes!"

ဆောင်းရင်ထဲမှာ အပျော်စီးကြောင်းလေး ဖြတ်ဝင်သွားသည်။ သူ ဆောင်းကို ဒီလိုအမြဲဂရုစိုက်နေနိုင်မှာလား။ ဒီအချိန်လေးသည် အိပ်မက်ဖြစ်နေခဲ့လျှင် ဒီအိပ်မက်ကနေ လန့်မနိုးပါရစေနဲ့ဟု ဆုတောင်းလိုက်ချင်သည်။

"ပြောလေ၊ ဘာလက်ဆောင်လိုချင်လဲ"

"ဆောင်းလိုချင်တာကို တကယ်ပေးမှာလား"





"အင်း. . . ဆောင်းလိုချင်တာကို အရင်ပေးမယ်လေ။ ပြီးရင် ကိုယ့်သဘောနဲ့ကိုယ် ပေးချင်တာလည်းရှိတယ်"

"ဘာလဲဟင်"

"ကြိုမပြောဘူးကွာ၊ ပေးရင်သိရမှာပေါ့။ မွေးနေ့လက်ဆောင်ကို မွေးနေ့မှာ ပေးမှာတော့မဟုတ်ဘူးနော်။ ကိုယ့်ရည်ရွယ်ချက်တွေ အောင်မြင်မှ မင်းကိုပေးမှာ"

ဆောင်းမျက်ခုံးလေး တွန့်ကုတ်သွားလေ၏။

"ကိုယ်ဘာပေးမှာလဲ စိတ်ဝင်စားနေပြီမဟုတ်လား"

"ဒါပေါ့"

"အရွယ်အစားမတူညီ၊ အမျိုးအစားကွဲပြားပြီးမှ သုံးပွင့်တစ်ခိုင် စုစည်းလုပနေတဲ့ ရတနာသုံးမျိုးပါ"

"တန်ဖိုးအရမ်းကြီးရင် ဆောင်း မယူချင်ဘူး"

"တန်ဖိုးကတော့ ကြေးဖြတ်လို့ကိုမရတာ။ ဒါပေမဲ့ မင်းမယူချင်လည်း ကိုယ်က အတင်းပေးမှာ"

ဆောင်း ကော်ဖီကိုငုံသောက်နေရင်းမှ မျက်လွှာပင့်၍ ရှိတ်ကို ကြည့်လိုက်မိသည်။ ဒီယောက်ျားဟာ ဘာတွေကိုစားပြီး မွေးဖွားထားသလဲတော့ မသိပေ။ ညို့ငင်အား တကယ်ကောင်းလှ၏။ ဟိုအရင်တုန်းက အဆင်းရှုပကာ ဒီလောက်ချောမောခြင်းမရှိတုန်းကလည်း သူ့ရဲ့တည်ကြည်အေးဆေးခြင်းပုံရိပ်ကို တိတ်တခိုးမြတ်နိုးမိခဲ့၏။

အခုကျတော့. . .

သူဟာ အရင်ပုံစံမျိုးမဟုတ်တော့ဘဲ မင်းသားတစ်ပါးလို ရှင်းသန့်ချောမွေ့နေလျက်၊ သွက်လက်ချက်ချာနေပုံက ဆောင်းရဲ့နှလုံးသား



www.burmeseclassic.com

www.burmeseclassic.com



ကို ခွဲကိုင်လှုပ်ယမ်းနေပြန်၏။ နောက်တစ်ခါများ အသွင်ပြောင်းပြီး ရှ
ဆိုး အကျည်းတန်ကြီးဖြစ်နေခဲ့လျှင်လည်း ဆောင်း သူ့ကိုလေးစားခြင်း
စွဲလမ်းနေဦးမည်ထင်ပါရဲ့။

ဒါဆို ဆောင်း. . . သူ့ဆီက ဘယ်အရာကို မြတ်နိုးတွယ်တာ
နေသလဲ။ မျက်လုံး. . . ဟုတ်တယ်။ သူ့ရဲ့စူးရှတောက်ပနေတဲ့မျက်လုံး
လေးတွေက ဘယ်တော့မှ ပြောင်းလဲသွားမှာမဟုတ်ဘူး။

ပြီးတော့. . . ပြုပြင်ပြောင်းလဲလို့မရတဲ့ အပြုံးလေး။ ရယ်လိုက်
တိုင်း ညာဘက်ထောင့်မှာ ပေါ်လာတတ်သော သွားထပ်လေး။

"ဟိတ်!"

"ဟင်"

"ရှက်လာပြီနော်"

"အိုး. . ."

သူရိုးလူမိသွားသလို ဆောင်း ရှက်မျက်နှာလေးကိုငုံ့၍ ခံပင်
တွေနှင့် ဖုံးအုပ်ပစ်လိုက်လေလျှင် ရှိုတ်က အသံထွက်အောင် ရယ်လေ၏
သူ အရင်တုန်းက အဲဒီလိုအော်မရယ်တတ်ပါဘူး။

နူးညံ့သိမ်မွေ့စွာ ပြုံးရုံပဲ ပြုံးတတ်တဲ့. . . သူ။

"ဟား. . . ဟား. . . ဟား"

▣▣▣



## အခန်း (၃)

"ဘာ! ULTIMATUM...ဟုတ်လား"

"ဟုတ်တယ် နွေ။ ULTIMATUM...ဆိုတဲ့အတိုင်း ကုမ္ပဏီ
အဆောက်အဦးကြီးက ဟီးထနေတာ။ တကယ့်ကို စီးပွားရေးလောကကို
စိန်ခေါ်ပြီး ရာဇသံပေးနေသလိုပဲ"

"မန်နေဂျင်းဒါရိုက်တာက ဘယ်သူ"

"ကုမ္ပဏီနာမည်ပါပဲ။ ဦးရာဇသံတဲ့"

နွေထက်သာလွန်၏မျက်နှာက အေးစက်မာကျော စိမ်းတောက်
နေသည်။ ဘယ်နေရာမှာမဆို သူမက ထင်ပေါ်ကျော်ကြားချင်သူ။ စီးပွား
ရေးလောကမှာ သူမနာမည်လေး ထင်ပေါ်လာခါနီးမှ ရာဇသံဆိုတဲ့နာမည်
က သူမကို ကျော်အုပ်သွားပြန်ပြီ။

မခံချင်စိတ်တွေက မီးတောက်များလို ရင်ထဲမှာ တဖွားဖွား။
ရာဇသံဆိုတဲ့လူဟာ ဘယ်လိုလူမျိုးလဲ သူမစုံစမ်းရပေလိမ့်မည်။



www.burmeseclassic.com

www.burmeseclassic.com



အခု . . . ရာဇဝံဆိုတဲ့နာမည်က နေရောက်ကျယ်ပြန့်စွာ လွှမ်းမိုးလာနိုင်ပြီ။ သူနဲ့တွဲပြီး ထင်ပေါ်ရရင် သည်း မဆိုးပါဘူး။

"ရှင် သူ့အကြောင်းကို ဘယ်လောက်သိထားလဲ ကိုမိုး"

"အခု နွေ့ကိုပြောပြတာ ကိုယ်သိတာအကုန်ပဲ"

"ဒီ့ထက်ပိုသိအောင် ရှင်စုံစမ်းပါ"

"ဒီလူက လျှော့တွက်လို့မရဘူး။ ဦးနှောက်တအားပြေးတာ။ အဲဒါကြောင့် သူနဲ့လက်တွဲခွင့်ရဖို့ ကြိုးစားနေကြတဲ့သူတွေ အများကြီးပဲ နွေ"

"အဲဒီအထဲမှာ ကျွန်မတို့လည်း ပါရလိမ့်မယ်"

ဟန်မိုးသက် နွေ့ကို ခပ်တွေတွေစိုက်ကြည့်နေသည်။ သူမ ဘာတွေကြံစည်ဦးမလို့လဲ။ နွေကြံစည်လိုက်သမျှ မအောင်မြင်ဘူးဆိုတာ မရှိသလောက်ပါပဲ။ သူမက အောက်လမ်းနည်းပညာကို ကျွမ်းကျင်စွာ တတ်မြောက်သူ။

စားသောက်ဆိုင်က အဆိုတော်မလေးဘဝကနေ၊ သူဌေးမကြီးဒေါ်နွေထက်သာလွန်ဖြစ်လာအောင် ဦးပြည့်စုံလှုံကို အရုပ်လို ကစားပစ်လိုက်တာကိုပဲကြည့်။ ဦးပြည့်စုံလှုံမှာ သားလည်းသေရော၊ စိတ်ထိခိုက်ကာ အိပ်ရာထဲသို့ ဗုန်းဗုန်းလဲတော့၏။

မယားငယ်ငယ်လေးကိုယူပြီး ဥစ္စာခြောက်နေရှာတဲ့ အဘိုးကြီးနောက်ဆုံး နွေ့ရဲ့မာယာခံတွင်းထဲသို့ သက်ဆင်းကာ နွေခြယ်လှယ်သမျှခံနေရတော့၏။

နွေ သူ့ကိုချိုးကပ် မြူဆွယ်လာသည်။ သူကလည်း အောင်မြင်မှုလေးနှင့်ကိုး။ အစကတော့ အပျော်သဘောတွဲမိရာမှ ကြာလေလေ ခိုင်မြဲလေလေဆိုသလို နွေ့အလှအပတွေမှာ သူယစ်မူးခဲ့မိသည်။ ရှန်းထွက်





လို့မရနိုင်တော့လောက်အောင် စွဲလမ်းမိသွားတော့ ကိုယ်သာ ခွင်မှားရှုန်းတဲ့ နွားသိုးဖြစ်ခဲ့၏။

အခု . . . ရာဇဝံကို သွေးဆောင်ဖျားယောင်းဦးမလို့လား။ မကြည်ဖြူချင်ပေမယ့် ကိုယ်က သူ့ရဲ့ကွန်ရက်ထဲက သားကောင်။

"ကိုမိုး"

"ဟင်"

"ရာဇဝံဆိုတဲ့လူက ဘယ်အရွယ်လောက်ရှိလဲဟင်"

လေသံက ပျော့သွားပြီ။

"ငယ်ငယ်လေးလို့ ပြောကြတာပဲ. . . အသက်သုံးဆယ်တောင်မပြည့်သေးဘူးတဲ့"

"ဒါဆို နွေတို့ထက် ငယ်မှာပေါ့"

"ဟုတ်တယ် နွေ။ လက်နက်တွေ ထုတ်ဦးမလို့လား"

"ဒါပေါ့ ကိုမိုးရဲ့၊ ကြည့်ဖြူလိုက်စမ်းပါ။ ရရှိလာမယ့်အခွင့်အရေးက ကိုမိုးနဲ့နွေ နှစ်ယောက်အတူတူပဲမို့လား"

ဟန်မိုးသက် လွှန့်ခနဲပြုံးလိုက်မိ၏။ မချိလို့သွားဖြဲပြတာကို ရယ်တယ်လို့ မအောင်းမေ့ပါနဲ့ဆိုတဲ့အပြုံးမျိုး။

"ကိုမိုး"

"နွေ"

"နွေ့ကိုချစ်တယ်မဟုတ်လားဟင်"

"ချစ်လွန်းလို့ သဝန်တိုနေတာပေါ့"

"သဝန်မတိုစမ်းပါနဲ့၊ ဒါက ကိုယ့်အတွက် ငွေတွင်းတူးနေတာ။ တစ်နေ့ကျရင် ကိုမိုးနဲ့နွေ လက်ထပ်ပြီး ငြိမ့်ကြတာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"နွေ့ရဲ့အဘိုးကြီးကရော"

နွေက ဟန်မိုးသက်ရဲ့ သည်ပင်းကို သိုင်းဖက်လိုက်ရင်း. . .

"အဲဒါကြီးက အချိန်တန်ရင် သူ့အလိုလိုခေါက်သွားတော့မှာပါ ကိုမိုးရဲ့။ ပါးပါးလေးပဲရှိတော့တာ"

နွေ. . . ဟန်မိုးသက်ရဲ့ပါးပြင်ကို ရွှတ်ခနဲနမ်းလိုက်သည်။ ဒါတွေကြောင့်ပဲ အရှည်ပျော်ကျတာ။

ဒီတစ်ခါ. . . ရာဇသံဆိုတဲ့လူရဲ့အလှည့်။

တည်ကြည်ပါတယ်၊ စောင့်ထိန်းပါတယ်ဆိုတဲ့လူတွေတောင် နွေ့ရဲ့အလှ၊ နွေ့ရဲ့မာယာမြစ်ပြင်ကျယ်မှာ ရေခန်းနေသည့်တိုင် နှာခေါင်းမြှုပ်ပြီး သေချင်သူတွေ။ ရာဇသံဆိုတဲ့လူက လူငယ်တဲ့။ လူငယ်ဆိုမှတော့ သူ ဘယ်လောက်ရင့်ကျက်နိုင်မှာလဲ။ လူငယ်ဆိုတာ သာယာမှုနောက်ကို မြန်မြန်ဆန်ဆန်ပဲ လိုက်ပါတတ်ကြသူတွေ။

"နွေ"

"ဘာလဲ ကိုမိုး"

"ကိုယ်. . . နွေနဲ့အတူတူနေချင်လှပြီ"

"နေရမှာပေါ့ ကိုမိုးရယ်၊ နွေ့ကိုအချိန်ပေးဦးလေ။ အဘိုးကြီး သိပ်မကြာခင် ဂန့်တော့မှာပါ ကိုမိုးရဲ့။ အဲဒီတော့မှ သူပိုင်ဆိုင်သမျှ စည်းစိမ်ဥစ္စာတွေကို နွေ ရမှာ။ ကိုမိုးမှာရှိတဲ့စည်းစိမ်နဲ့ပေါင်းလိုက်ရင် နောင်လာနောက်သားတွေအတွက် ရွှေလင်ဗန်းနဲ့ အချင်းဆေးလို့ရပြီ"

မက်လုံးတွေ ပစ်သွင်းပေးလိုက်ခြင်းပင်။ နွေဆိုတဲ့မိန်းမပါးစပ်က ဒီစကားမျိုးထွက်တာ အံ့ဩစရာတော့ ကောင်းပေလိမ့်မည်။

"နွေက ကိုယ့်အတွက် တကယ်ပဲ သားသား မီးမီးလေးတွေ





မွေးပေးမှာလားဟင်"

"ကိုမိုးလိုချင်ရင် မွေးပေးမှာပေါ့"

"ဒါဆို မြန်မြန်မွေးပေးတော့ကွာ"

"အို! ကိုမိုးကလည်း အခုမွေးပေးရင် ဟိုအဘိုးကြီးနဲ့ ကျိုင်တက်ကုန်မှာပေါ့။ အခု အဘိုးကြီးက ကျန်းမာရေးမကောင်းလို့ နွေနဲ့အတူအိပ်တာမှမဟုတ်တာ"

"ဆောရီး. . . ဆောရီး. . . ကိုယ်စိတ်လောသွားလို့"

စိတ်ထဲမှာတော့. . . ကလေး. . . ဘာကလေးလဲ။ ရပါလိမ့်မယ် အားကြီးကြီးဟု ဆိုနေမိသည်။ နွေထက်သာလွန်ရဲ့ဘဝမှာ ဘာအနှောင်အဖွဲ့မှမရှိစေရပါဘူး။ ကိုယ့်ကိုယ်ကိုယ်နဲ့ စည်းစိမ်ချမ်းသာကလွဲရင် သူမ ဘာကိုမှမချစ်တတ်သူပါ။

"ကိုမိုး. . . နွေပြန်တော့မယ်"

"မြန်လှချည်လား နွေရဲ့"

"ခဏခဏတွေ့နေရတာပဲ ကိုမိုးရယ်၊ ကျေနပ်တော့နော်"

နွေက သူ့ရင်ခွင်ထဲမှရုန်းထွက်ပြီး လက်ကိုင်အိတ်ကလေးကို ကောက်ယူပြီး ထွက်လာခဲ့စဉ်. . .

"နွေ"

နွေ့နောက်မှလိုက်လာပြီး ခေါ်လိုက်သံကြောင့် လှည့်ကြည့်လိုက်ညို ဟန်မိုးသက်က နွေ့လည်တိုင်ကျော့လေးကို နမ်းရှိုက်လေ၏။

"ဘိုင့်"

နွေနှုတ်ဆက်ပြီး ထွက်လာခဲ့၏။ ဟန်မိုးသက်ဆိုတဲ့လူက နွေ့အတွက်ဆို အသက်ကိုတောင် ပုံပေးရလောက်အောင် ဖြစ်နေသူ။ နွေ့ဒီ



www.burmeseclassic.com

www.burmeseclassic.com



လောက်တော့ ပေးဆပ်ရမှာပေါ့။ သူ့ဆီက ကိုယ်ယူခဲ့တာ အများကြီး။

အကြိုညာဏ်. . .

လုပ်အား. . .

ငွေ. . .

ကိုယ်ပေးခဲ့ရတာက ပမွှားလေးပါပဲ။

"ဟာ!"

အလန့်တကြားအကျယ်ကြီးအော်လိုက်သံကြောင့် နွေ့ အတွေးနယ်ကျွံနေရာမှ လန့်ဖျတ်ကာ ကြည့်လည်းကြည့်၊ ဘရိတ်ကိုလည်း အချိန်မီ အုပ်လိုက်ပေမယ့်. . .

"အား. . ."

နွေ့ရင်ထဲမှာ လှပ်ခနဲ ဒိန်းခနဲဖြစ်သွားပြီး မျက်လုံးကိုစုံမှိတ်ပစ်လိုက်တော့၏။

ဘုရား. . . ဘုရား. . .

ခလုတ်ထိမှ အမိတဆိုသလို အရေးကြုံလာမှ ဘုရားကို တမိလိုက်၏။ သူမက အတွေးလွန်နေသူ။ တစ်ဖက်က လှစ်ခနဲ လမ်းဖြတ်ကူးလိုက်တာ။

ရင်ဘတ်ကို လက်နှင့်ဖိ၍ နွေ့ မျက်လုံးကိုဖြည်းဖြည်းချင်း ဖွင့်ကြည့်လိုက်၏။ သူဘာဖြစ်သွားပြီလဲ။ တိုက်မိလို့ သေသွားပြီလား။

နွေ့. . .

အသက်ကိုဝအောင်ရှူပြီး အောက်သို့ဆင်းလိုက်၏။ သူမ ဘယ်တုန်းက သတ္တိကြောင်ဖူးလို့လဲ။ ရင်ဆိုင်လိုက်စမ်း!

"အား. . . ကျွတ်! ကျွတ်!"



နွေ့ ခြေလှမ်းကို ရှေ့ဆက်မတိုးနိုင်အောင် ဖြစ်သွား၏။ ခြေကျင်းဝတ်ကို လက်နှင့်အုပ်ကိုင်၍ ရှုံ့မဲ့ကာ ညည်းတွားနေသောကောင်လေး။

"ဘာဖြစ်သွားတာလဲ၊ ခြေထောက်နာသွားတာလား။ တို့ကားနဲ့ တော့ တိုက်မိပါဘူးနော်"

"မတိုက်မိပါဘူး၊ အလောတကြီးရှောင်လိုက်လို့ ခြေခေါက်လဲသွားတာပါ"

သူမ လေသံကိုနည်းနည်းပျော့ထားခြင်းက ကိုယ့်အပြစ်မကင်းဘူးထင်လို့။

"ထနိုင်ရဲ့လား"

"မထနိုင်ဘူးထင်တယ်"

"ကြိုးစားပြီး ထကြည့်ပါဦး"

ခေါင်းညိတ်ပြီးမော့လာတဲ့မျက်နှာကို မြင်လိုက်ရတော့ နွေ့ပါးစပ်အဟောင်းသားဖြစ်သွားလေ၏။ ရက်စက်တတ်သူရဲ့နှလုံးသားထဲမှာလည်း ဒီတသံစဉ်တွေ တစ်ခါတစ်ခါစီးဆင်းတတ်သည်ဆိုတာမျှမကဘဲ။ ကိုယ်တိုင်ဒီတကဲ့ ချစ်မြတ်နိုးခဲ့သူမို့ ဒီမျက်နှာကို မြင်ဖူးလိုက်တယ်ဆိုတာ မဆန်းပေ။

နွေ့သိပ်ကြိုက်တဲ့ အဆိုတော်. . .

"မင်း. . . မင်း. . . ဂစ်တာရှိုတ် မဟုတ်လားဟင်"

"ဟုတ်ပါတယ်"

"ဟယ်! ဝမ်းသာလိုက်တာ။ မမက မင်းရဲ့ပရိတ်သတ်တစ်ယောက်ပါကွယ်"

"ဝမ်းသာတာ နောက်မှဝမ်းသာပါဗျာ။ လောလောဆယ် ကျွန်



www.burmeseclassic.com

www.burmeseclassic.com



ကော့်ကို ကူပါဦး"

"ဪ... အဟင်း... ဟုတ်သားပဲ"

နွေ သူ့ကိုတွဲထူလိုက်၏။

"အား... ကျွတ်! ကျွတ်!"

"ဖြည်းဖြည်းထလေ၊ မမကိုအားပြုထား"

နွေ့ကိုအားပြု၍ ထလိုက်သောရှိတ်၊ ယိုင်ခနဲဖြစ်သွားသောကြောင့် ဆွဲမိဆွဲရာဆွဲရင်း နွေက ရှိတ်ခါးကိုဖက်၊ ရှိတ်က နွေ့ပခုံးကိုဖက်နှင့် ပြီးမှ အပြန်အလှန်ကြည့်မိကြ၏။

"ဆော... ဆောရီးနော်"

ရှိတ်က နွေ့ပခုံးကို အလန့်လန့်အဖျတ်ဖျတ်ပုံစံနှင့် လွှတ်ပေးရင်း တောင်းပန်စကားဆိုသည်။

"ရရဲ့လား"

"ရပြီ... ရပြီ၊ Thank you ပါ မမ"

"မလိုပါဘူးကွယ်၊ မမရဲ့တာဝန်မှမကင်းတာ"

ရှိတ် တစ်ခုခုကိုသတိရသွားဟန်နှင့် ဘေးဘီကိုဝေ့ကြည့်လိုက်တော့...

"ဟာ! သွားပါပြီဗျာ"

"ဟင်... ဘာလဲ"

သူ့မျက်လုံး ရူးစိုက်ရာသို့ နွေလိုက်ကြည့်လိုက်တော့၊ ဂစ်တာလေးက ကားဘီးအောက်မှာ။ ဂစ်တာအိုးကိုမနင်းမိပေမယ့် ကျိုးသွားမှာကတော့ ကျိန်းသေ။

ရှိတ်... ခြေထောက်ထော့နင်းနဲ့ပဲ လျှောက်သွားလိုက်ပြီး ဂစ်တာ





လေးကို ငုံ့ကြည့်ကာ စိတ်မကောင်းဟန်ရှိနေ၏။

"မင်း... ဂစ်တာလေး"

"ဟုတ်တယ်၊ သွားပြီ"

"အိုကွယ်"

နွေလည်း စိတ်မကောင်းဟန်လေးနှင့် သူ့ကိုကြည့်လိုက်တော့၊ ကြည့်စမ်း! ဒီကောင်လေးဟာ DVD, VCD ခွေထဲက ဖန်သားနန်းတော်ထဲမှာထက် ပိုချောနေပါလား။

ခေါင်းငုံ့လိုက်တိုင်း မျက်နှာပေါ်ကို ဖြိုးဆင်းသွားတဲ့ အညိုရောင်ဆံနွယ်ပျော့လေးတွေက သူ့မျက်နှာလေးကို ပို၍နုပျိုစေသည်လားတော့ မသိပေ။

နွေ... ဘာဖြစ်တာလဲ၊ ဘယ်သူ့ကိုမှ မချီးမွမ်းတတ်ခဲ့ပေ။ ခုတော့ ဒီကောင်လေးကို ချီးမွမ်းချင်မိ၏။

"မမစိတ်မကောင်းပါဘူးကွယ်၊ ဟိုလေ... ဂစ်တာရှိတ်"

"ရှိတ်လို့ပဲခေါ်ပါ၊ ရပါတယ်"

"အင်း... ရှိတ်ကို မမ ဂစ်တာအစားပြန်ဝယ်ပေးပါ့မယ်"

"ရပါတယ်၊ ဒီဂစ်တာလေးက ကျွန်တော့်သူငယ်ချင်း ကျွန်တော့်ကို မွေးနေ့မှာတုန်းက လက်ဆောင်ပေးထားတာမို့လို့ နှမြောမိတာပါ"

"ဪ"

ရှိတ် ဂစ်တာလေးကို နောက်ဆုံးနှုတ်ဆက်ကြည့်နှင့် ကြည့်လိုက်ပြီး ထရပ်လိုက်သည်။ ပြီးမှ နွေ့ကိုတစ်ချက်ငဲ့ကြည့်လျက်...

"ကျွန်တော် သွားလိုက်ပါဦးမယ်"

"အို... နေပါဦး"



www.burmeseclassic.com

www.burmeseclassic.com



လှည့်ထွက်ဖို့ ခြေလှမ်းပြင်လိုက်တဲ့ ရှိတ်လက်မောင်းကို နွေ ဖျတ်ခနဲလှမ်းဆွဲထားလိုက်မိသည်။

"ဘာလဲဟင်"

"နောက်တစ်ခါတွေ့ရင် မမကို မင်းမှတ်မိပါ့မလား"

"မှတ်မိမယ်လို့ထင်ပါတယ်"

"မှတ်မိအောင် မှတ်ထားပါ၊ ပရိတ်သတ်တွေနဲ့တန်းတူမထားဘဲ မိတ်ဆွေတစ်ယောက်အနေနဲ့ပေါ့"

"ဟုတ်ကဲ့၊ ဆန္ဒရှိရင် နာမည်ပြောခဲ့လေ"

"'နွေ. . . ထက်. . . သာ. . . လွန်"

ရှိတ် ခေါင်းညိတ်ပြုံးပြကာ အသိအမှတ်ပြုပေးလိုက်၏။

"မမလိုက်ပို့ပေးရမလား"

"နေပါစေ၊ ကျွန်တော့်သူငယ်ချင်းကို ဖုန်းဆက်ပြီး လာခေါ်ခိုင်းမှာ။ အခုတော့ ပလက်ဖောင်းပေါ်မှာပဲ ထိုင်စောင့်လိုက်တော့မယ်"

"ဒါဆို မမသွားမယ်"

"ဟုတ်"

နွေ ကားပေါ်သို့တက်ပြီး မောင်းထွက်သွားသည်အထိ ရှိတ် ငေးမောကြည့်နေမိ၏။

ပြီးမှ. . .

ပခုံးကိုတွန့်၍ ဟွန့်ခနဲအသံထွက်အောင် ပြုံးလိုက်မိတော့သည်။

'နွေထက်သာလွန်'. . . တဲ့။

▣▣▣



## အခန်း(၄)

ရှေ့သို့ အနက်ရောင်ကားလေး ထိုးရပ်လာသည်နှင့် ရှိတ်မျက်နှာလေးမှာ အပြုံးတွေ ဖန်ဆင်းပေးတဲ့လမင်းလေးလိုပါပဲ။ ကားပေါ်က ဆင်းလာသူမှာ ဝေသီဆောင်းပင်။

ဆောင်းက ကားပေါ်မှဆင်းလာပြီး ဘာမှမပြောခင် သူ့ဘေးနားမှာပဲ ပလက်ဖောင်းပေါ်သို့ ထိုင်ချလိုက်၏။ ဒီမိန်းကလေးက ဒီလိုပါပဲ။ ရှိတ် ဘယ်လိုနေရာမျိုးမှာပဲထိုင်ထိုင် လိုက်ပြီးထိုင်ရဲခဲ့သူ။ သူ့မှာသာ နေချင်သလိုနေ စားချင်သလိုစားခွင့်မရတာ။

"မောသွားပြီလား"

ရှိတ်မေးတာကိုပဲ မဖြေ။ ဆောင်းက တစ်ဖက်သို့လှည့်နေ၏။

"ရော့! အမောပြေ ဒါလေးစားလိုက်"

ဆောင်းလှည့်ကြည့်လိုက်တော့ အခွံနွှာထားသည့် လိမ္မော်သီးစိတ်ကလေးတွေ။



www.burmeseclassic.com

www.burmeseclassic.com



"ကိုယ် ခုနမှဝယ်ထားတာ၊ မင်းလာရင် အမောပြေစားဖို့"

"မစားဘူး"

"ဟာ! စိတ်ကောက်နေတာလား"

"ဘာလို့စိတ်ကောက်ရမှာလဲ၊ ကျွန်မက ကလေးလား"

"ကိုယ့်မျက်စိထဲမှာတော့ မင်းက ကြက်ပေါက်စလေးလိုပဲ။ သိလား. . . နှုတ်သီးလေး ချွန်နေတာပဲ"

"ရှင်နော်"

နှုတ်ခမ်းလေးစူ၊ မျက်စောင်းလေးထိုးတာကိုပဲ ရှိတ်က သဘောကျနေသည်။ ဆောင်းက တကယ့်ကလေးလိုပါပဲ။ စိတ်ကောက်လျှင် နှုတ်ခမ်းစူတာလေးက ပိုပြီးချစ်ဖို့ကောင်း၏။

"ဟိတ်! လူကြီးစကားကို နားမထောင်ဘူးလား၊ ထိပ်ခေါက်မှာနော်။ ရော့. . . စားလိုက်၊ စားစေချင်လို့ ခြေထောက်ဒရွတ်ထိုးနဲ့ သွားဝယ်ထားတာကို"

"ဘယ်သူက ဝယ်ခိုင်းလို့လဲ"

နှလုံးသားကလို့ ပြောလိုက်ချင်ပေမယ့် ဒီအချိန်ဟာ ပြောသင့်တဲ့အချိန်မဟုတ်သေးပေ။

"ဟွန်း. . . သနားစရာရုပ်. . . တစ်ရုပ်မှမပေါက်ဘူး"

"တရုတ်က ဘယ်ပေါက်မှာလဲ၊ ကိုရီးယားက ပိုစွံနေတာလေ"

ဒုတိယမျက်စောင်းသည် 'မိုးမိုး'ရဲ့'ပြန်တွေးကြည့်'သီချင်းထဲကလို ရှိတ်နှလုံးသားကို ပစ်ခွင်းဆူးနစ်သွားလေ၏။ ဆောင်းနဲ့ရှိတ် တွေ့ခဲ့ကြတာ အရမ်းနောက်ကျသည်ဟု အချိန်ကိုသာ အပြစ်တင်လိုက်ချင်၏။

ဆောင်းနဲ့သာ စောစောစီးစီးတွေ့ခဲ့လျှင် ရှိတ်ဘဝ စာမျက်နှာ





ဆွ လုပခဲ့မှာ ကျိန်းသေပင်။

"ဆောင်း"

". . ."

"အဲဒီလိုကြီးမနေပါနဲ့ကွာ၊ ကိုယ့်ကို ဘာမကျေနပ်တာလဲပြော"

"ဘာကိုမကျေနပ်ရမှာလဲ၊ ရှင်လုပ်တဲ့ပုံဟုတ်ရဲ့လား၊ သေသေချာချာပြန်စဉ်းစားကြည့်"

"ကိုယ် ဘာလုပ်မိလို့လဲ"

"ရှင် ခုမှ အူကြောင်ကြောင်လုပ်မနေနဲ့။ ရှင် ဘာကြောင့် ဒီလိုလုပ်တယ်ဆိုတာကို ကျွန်မသိတယ်။ ရှင့်လိုလူက မိန်းမတစ်ယောက်ကို ချဉ်းကပ်ဖို့များ ဒီလောက်စွန့်စားစရာလိုလို့လား။ မတော်လို့ တကယ်တိုက်သွားရင် ကိုယ်ကျိုးနည်းရမှာက ဘယ်သူလဲ"

"ဘယ်သူလဲ. . . မင်းပြောလေ"

ခင်းသည့်စကားကို နင်းလိုက်လာသည်ဆိုတော့မှ ဆောင်း ကိုယ့်အားလေး ခြေကျွံဘောဖြစ်သွားမှန်းသိကာ၊ ပါးစပ်ကလေးကို လက်နှင့်ပိတ်၍ မျက်လုံးကလေး ဝိုင်းသွားသည်။

"ပြောလေကွာ"

"ရှင့်ကိုချစ်ခင်အားပေးနေကြတဲ့ ရှင့်ရဲ့ပရိတ်သတ်တွေပေါ့"

လူလည်ကြီးသမီးလေး။ လွှန်မိသည့်စကားကို ဘရိတ်အုပ်၍ စိတ်သတ်နှင့် ကွေ့ပတ်လှည့်ချသွား၏။

"ကဲ. . . ထ၊ ပြန်မယ်"

"ကိုယ် ဒီမှာထိုင်ချင်သေးတယ်၊ နေပါဦး"

"ဂစ်တာရှိတ်"



www.burmeseclassic.com

www.burmeseclassic.com



"ဘာတုန်း"

"ရှင်က သာမန်မဟုတ်ဘူးနော်၊ ဒီမှာထိုင်နေဖို့သင့်သလား"

"ကိုယ်က သာမန်မဟုတ်လို့ ကျိုးပဲ့နေလို့လား"

"အဲဒီလိုကျိုးပဲ့နေရင်တော့ ခွက်တစ်လုံးပေးပြီး ပုဂံဘုရားတွေဆီ ပို့လိုက်ပြီ၊ ခုဟာက ရှင် နာမည်ကြီးအဆိုတော်ဖြစ်နေလို့ ပြောရတာ"

"ကြည့်စမ်း! ရုပ်ကလေးချောတောမောတောနဲ့ စကားပြောတာကြမ်းလိုက်တာ"

စိတ်ဆိုးလို့ ပြောလိုက်သာမဟုတ်ပေ။ ရှိတ်ကိုက ဒီကောင်မလေးကို စနေချင်တာ။

"ရှင့်ကို ကျွန်မ စိတ်မရှည်ချင်တော့ဘူးနော် ဂစ်ဘာရှိတ်။ မေခရစ်စတယ်လ်ကို ပေးထားတဲ့ကတိမဖျက်ချင်လို့ ရှင့်ဆန္ဒတွေကို လိုက်လျောပေးနေရတာ၊ ရှင့်နောက်ကို ကလေးလိုလိုက်ပြီး ထိန်းကျောင်းနေတာ ကျွန်မပင်ပန်းတယ်"

"ဟိတ်!"

"အိ. . ."

အဘွားအိုလေးလို ဗျစ်တောက်ဗျစ်တောက်ပြောပြီး ထသွားဖို့ ဟန်ပြင်လိုက်တဲ့ဆောင်းရဲ့လက်ကို ရှိတ် ဖျတ်ခနဲဆွဲထားမ်၏

"ဖယ်စမ်းပါ"

"ဘာဖြစ်လို့လဲ"

"လူမြင်လို့မကောင်းဘူး"

'လူမြင်လို့မကောင်းရအောင် ကိုယ်က ဘာလုပ်လို့လဲ"

"လက်ကိုလွှတ်လေ"





"မင်းထွက်မသွားရင် ဆွဲထားစရာအကြောင်းမှမရှိတာ"

သူမလက်ကလေးကို အတင်းရုန်းနေသဖြင့် ရှိတ် လွှတ်ပေးလိုက်၏ သူ့ဘဝမှာ မလှပတဲ့သမိုင်းကြောင်းတွေသာ မရှိခဲ့ဘူးဆိုလျှင် ရှိတ် စိတ်တွေကို လွှတ်ပေးလိုက်ချင်သည်။

ဘာတွေဖြစ်ကုန်မလဲ. . .

အသည်းတယားယားနဲ့ စောင့်စည်းရသမျှတွေ ပေါက်ကွဲလွင့်စင်ကုန်လျှင် ဒီကောင်မလေးကို ပွေ့ဖက်နမ်းရှိုက်ပစ်မိမည်ထင်၏။

"ဆောင်း"

"ပြော"

"ကိုယ့်ခြေထောက်နာနေတယ်၊ ထောက်လို့မရဘူး။ အဲဒါ တွဲခေါ်ဦးလေ"

"ရှင် လူလည်မလုပ်နဲ့"

"လည်တာမဟုတ်ဘူး၊ တကယ်ပြောနေတာကွ။ ဒီမှာခြေကျင်းဝတ် မျက်သွားလို့"

ဆောင်း သူ့ကိုအကဲခတ်သလိုကြည့်လိုက်တော့၊ ခြေထောက်တကယ်နာနေတဲ့ပုံပါပဲ။ ခြေထောက်ကိုလက်နှင့်ဖိ၍ ထရပ်ဖို့ကြိုးစားနေသောရှိတ်ကို ဆောင်း ဖေးမ ကူတွဲလိုက်၏။

"အား. . . နာတယ်"

"ဟင်! တော်တော်နာနေလား"

"နာတာပေါ့"

ဒီလိုကျပြန်တော့ ဆောင်း စိုးရိမ်ဟန်လေးနှင့် သူ့ကိုဂရုတစိုက်တွဲထားပေး၏။ နာတာက နည်းနည်း၊ ညာဏ်များတာကိုသာ ဆောင်းသိ



www.burmeseclassic.com

www.burmeseclassic.com



ရင် သူ့ကိုတွန်းလွှတ်ပစ်မလားဘဲ။

ဆောင်းရဲ့ပခုံးလေးကိုဖက်၍ ကားပေါ်သို့တက်လိုက်စဉ် သူ့ဘက်သို့ ယိမ်းကျလာတဲ့ ဆောင်းရဲ့ဆံနွယ်စလေးကို ရှိုက် တစ်ချက်နမ်းလိုက်မိ၏။

"ရှင်နဲ့သူ တော်တော်အဆင်ပြေသွားလား"

"အင်း. . . ပြေတယ်"

"အစက ရိုးရိုး၊ နောက်မှတစ်မျိုးတိုးပြီး ရှုန်းထွက်လို့မရဖြစ်နေဦးမယ်နော်"

"ဘာလဲ၊ မင်းက Jealous (သဝန်တို)ဖြစ်နေတာလား"

"ဘာဆိုင်လို့လဲ"

မျက်နှာလွှဲပြီးပြောလိုက်တဲ့ ဆောင်းပုံစံလေးကြောင့် ရှိုက် မချင့်မရဲလေးဖြစ်သွား၏။ ဆောင်းက သူ့ရဲ့ကျေးဇူးရှင်မလေးပါ။ ဟိုးတစ်ချိန်တုန်းက ရှိုက်မျက်စိထဲမှာ သူမလေးက သာမန်သာ။ ခုတော့ သာမန်ထက်ကျော်လွန်နေသောအမြင်တွေနှင့်။

ကောင်းကင်ပြာကို ဘယ်သူက ဆေးခြယ်သလဲ. . .

ပန်းတွေကို ဘယ်သူက မွှေးစေသလဲ. . .

ငှက်တွေကိုလည်း ဘယ်သူက တေးဆိုသင်သလဲ. . .

အဲဒါမျိုး။ အချစ်ဆိုတာလည်း ဘယ်သူကမှ ဖန်ဆင်းပေးလို့မရဘဲ သူ့အလိုအလျောက် နှလုံးသား၏အလယ်ဗဟိုတည့်တည့်၌ သောင်ထွန်းလာခဲ့ခြင်းပင်။

အတိတ်ဆိုတာတွေကို ထားခဲ့ချင်ပါတယ်။ ဟိုး. . . အဝေးမှာ။ ဒါပေမဲ့ အချစ်ရဲ့ရှေ့မှာ လက်နက်ချ ကျဆုံးခဲ့ရတဲ့လူတစ်ယောက်၊ အချစ်





ကို တန်ဖိုးထား ကိုးကွယ်မိလို့ သိက္ခာတွေကျ၊ အသည်းတွေ ဟက်တက်ကွဲ၊ နောက်ဆုံး အသက်ကိုပါ ဆုံးရှုံးခဲ့လိုက်ရတဲ့ ဘုန်းလျှံမိုးဆိုတဲ့ လူတစ်ယောက်အတွက် ရှိုက်ရင်ထဲမှာ အမုန်းကြေးတွေ ရှိနေ၏။

နွေထက်သာလွန်. . .

နာမည်နဲ့လိုက်အောင် ပူပြင်းပြီး လောဘမီးတွေ တောက်လောင်နေတဲ့မိန်းမကြီး။ ဘုန်းလျှံမိုးအတွက် လက်စားချေပေးဖို့ ရှိုက် သစ္စာဆိုခဲ့ပါသည်။ ဒီမိန်းမကိုအလဲထိုးနိုင်မှ ဂစ်တာရှိုက်ရင်ထဲမှာ ကျေနပ်စွာနဲ့ အချစ်စစ်ကို မြေစာပျိုးနိုင်ပေလိမ့်မည်။

ကိုယ့်ကို မင်းနားလည်ပေးပါ ဆောင်းရယ်. . .

"ဂစ်တာရှိုက်"

"အင်. . . ဟင်"

"ရှင် သတိတော့ထားနော်"

"ဟင်! ဘာကိုလဲ"

"နွေဆိုတဲ့မိန်းမကိုပေါ့၊ သူ့အကြောင်းကို ကျွန်မထက် ရှင်က ပိုပြီးသိပါတယ်"

"မင်း တွေးပူမနေပါနဲ့၊ ပုစွန်ဆိတ်ကလေး ဘယ်လိုငယ် ပင်လယ်ကိုတော့ ကူးတတ်ပါသေးတယ်။ ဒီမိန်းမ မအူမလည်နဲ့ ဘုန်းလျှံမိုးအပေါ်မှာပဲ ဂလိမ်ကျလို့ရမယ်။ ဂစ်တာရှိုက်ဆိုတဲ့ကောင်ကိုတော့ ကြောလို့မရဘူး။ ဒီတစ်ခါ သူ့အလှည့်ပဲ။ ဘုန်းလျှံမိုးအတွက် လက်စားချေမပေးနိုင်ရင် ကိုယ် ဟောဒီလောကကြီးမှာ ဆက်ပြီး အသက်မရှင်ဘူး"

ဆောင်း သက်ပြင်းလေး ချမိ၏။ ဂစ်တာရှိုက်ရင်ထဲက အမုန်းကြေးတွေကိုစွက် မြန်မြန်ပြီးဆုံးစေချင်သည်။ ဂစ်တာရှိုက်ကိုယုံပေမယ့်



www.burmeseclassic.com

www.burmeseclassic.com



ကံကြမ္မာနဲ့ နွေထက်သာလွန်ဆိုတဲ့မိန်းမရဲ့မာယာတွေကို မယုံရဲပေ။

အို. . .

ဆောင်း ဘာတွေလျှောက်တွေးနေပါလိမ့်။ သူတို့ ဘာပဲဖြစ်ဖြစ် ဆောင်းနဲ့ဘာဆိုင်လဲ။ ဆောင်းရဲ့တာဝန်က သူ့ကို လမ်းမှားမရောက်အောင် ထိန်းမတ်ပေးရုံသာ။ ထိန်းလို့ရရင် လွှတ်ပေးလိုက်ရုံပဲရှိ၏။

‘‘ဆောင်းမွေးနေ့မှာ ဘာလိုချင်တာလဲ၊ ကိုယ့်ကိုမပြောသေးဘူး နော်’’

‘‘ရှင် ကျွန်မမွေးနေ့အကြောင်း ဘာလို့ ခဏခဏပြောနေတာလဲ’’

‘‘ကိုယ်က ဂရုစိုက် အလေးထားတာလေ။ ဘာလဲ. . . မကျေနပ်ဘူးလား’’

‘‘အဲဒီလိုတော့ မဟုတ်ပါဘူး’’

‘‘ဒါဆို ပြောလေ’’

ဆောင်းမျက်နှာလေးက ညှိုးလျှော့စွာနှင့် အသံက တိုးလျလျ။

‘‘ကျွန်မ ပုဂံကိုပြန်ချင်တယ်’’ တဲ့။

ဒါ သူမ တောင်းလိုက်တဲ့မွေးနေ့လက်ဆောင်လေ. . .။

◙◙◙



## အခန်း (၅)

‘‘တစ်ကောင်. . . နှစ်ကောင်. . . ကောင်. . . ပျံသွားပြီ. . . သဲ’’

‘‘ဟ. . . ဟ’’

‘‘လန့်လိုက်တာဟယ်’’

လက်ကိုတစ်ချောင်းချင်း ချိုးရေတွက်ကာ ဘီလူးအော် ‘သဲ’ခနဲ လာအော်လိုက်တဲ့ မိန်းမကြီးကိုကြည့်၍ ရယ်သူကရယ်၊ နှာခေါင်းရှုံ့သူက ရှုံ့သွားကြ၏။

‘‘လာသမျှလူ. . . မအူမလည်ကြည့်ကြ၊ စီသစရာ ခြေကြွကာ လာပါပေါ့ ဘုရား. . . ဘုရား. . . ဘုရားလေး. . . လေး. . . ဘုရားလေး လေး. . . ဘုရားကိုမြင်. . . စာပုလွေ ရင်မှာပိုက်ပါလို့. . . စာပလွေ. . . ရင် မှာပိုက်ပါလို့. . . ကျောင်းတော်ကိုတဲ့ လိုက်မယ်ပြင်. . . အီး. . . ဟီးဟီး’’

ခေါင်းမှာ ခေါင်ရမ်းပန်းပွင့်ကြီးလို စက္ကူပန်းပွင့်ကြီးကို ပန်လျက်၊ ဟန်တွေပန်တွေလုပ်ကာ သီချင်းတွေဆိုလိုက် ငိုလိုက်နှင့် မိန်းမကြီးသည်



www.burmeseclassic.com

www.burmeseclassic.com



သနပ်ခါးပါးကွက်ကျားကြီးနှင့်ဒို့ မျက်ရည်စီးကြောင်းတွေကြောင့် အမှုး သူငါတွေအတွက် ရှုံစရာဖြစ်နေပေလိမ့်မည်။

ထဘီက စုတ်စုတ်၊ အင်္ကျီက စုတ်စုတ်ဆိုတော့ ပိုဆိုး၏။

"သား. . . အို! ငါ့သား ဘယ်ရောက်နေပါလိမ့်။ သားရေ. . . သား ဘယ်မှာလဲ. . . သား"

အရူးမကြီးမှာ ဟိုပြေးလိုက်ဒီပြေးလိုက်နှင့် သားပျောက်ကိုရှာနေ၏။

"ဪ. . . တွေ့ပြီ တွေ့ပြီ၊ ငါ့သားကို ဒီအတိုင်းထားခဲ့တယ်။ ကလေးထိန်းတဲ့ကောင်မတွေ ဘယ်ရောက်ကုန်ပြီလဲ၊ သမီးရေ. . ."

အရူးမကြီးမှာ အဝတ်တွေနှင့် ထွေးထားသော အရုပ်ကလေးကို ကောက်ပွေ့လျက် ပါးစပ်ကလည်း ဟိုအော်ဒီခေါ်။

"သူ့မှာ သားတွေသမီးတွေ ရှိပုံရတယ်နော်"

"အင်း. . . သနားပါတယ်၊ သူ့သားသမီးတွေ ဘယ်ရောက်ကုန်လို့လဲမသိဘူး"

ထိုထိုသော အသံတွေကြားမှာ. . .

"သားရေ. . . သမီး. . . နင်တို့ ဘယ်မှာလဲ. . . အီး. . . ဟီးဟီး"

▣▣▣



## အခန်း (၆)

"အား. . ."

ကားပေါ်ကဆင်းပြီး ခေါင်း တမာပန်းရနံ့တွေကို တစ်ဝကြီး ရှူရှိုက်ပစ်လိုက်၏။ ခေါင်း ပုဂံမြေကို အနှစ်သက်ဆုံးက တမာပန်းရနံ့တွေကို ရှူရှိုက်ရခြင်းနှင့် စိမ်းလန်းစိုပြည်သော သစ်ပင်တွေကိုကြည့်ရခြင်းပင်။ ပြီးတော့ တစ်ချိန်တုန်းက ခေါင်း စပယ်ပန်းရောင်းခဲ့ဖူးတဲ့ ဘုရားတွေကို သတိရမိ၏။

ဒီပုဂံမြေက ခေါင်းရဲ့ချက်မြှုပ် မွေးရပ်ဇာတိမြေ။

"မွှေးလိုက်တာကွာ၊ တမာပန်းရနံ့တွေက ရင်ထဲကို အေးသွားတာပဲ"

"ဟုတ်တယ်၊ တမာပင်ရဲ့ Therory က ထူးဆန်းတယ်နော်"

"ဟင်! ဘာထူးဆန်းလို့လဲ ခေါင်းရဲ့"

"ထူးဆန်းတာပေါ့၊ တစ်ပင်တည်းမှာပေမယ့် သင်းကွဲနေကြတဲ့



www.burmeseclassic.com

www.burmeseclassic.com



သူတို့ရဲ့အရည်အချင်းတွေလေ။ ရှင် သေသေချာချာစဉ်းစားကြည့်။ တမာရွက်ရဲ့အရသာက ခါးလို့ လူတွေ သိပ်မနှစ်သက်ကြဘူး။ အဲ. . . အပွင့်ရဲ့ရနံ့လေးက မွှေးနေတော့ လူအများက နှစ်သက်ကြတယ်။ အဲဒါကိုပြောတာ''

''ဪ. . . ဪ''

ရှိတ် မျက်ခုံးနှစ်ဖက်မြင့်တက်သွားပြီး ဆောင်းရဲ့အပြောလေးကို သဘောကျသွားသည်။ ဒီကောင်မလေး တစ်ခါတစ်ခါကျတော့ သူများမတွေးမိတဲ့စကားလုံးကို ကောက်ကာငင်ကာ ထပြောတတ်၏။

ခုလည်း ကြည့်. . .

သူမပြောသည့်စကားလေးက နက်နဲစွာ တွေးကြည့်။ အလွန်မှအဓိပ္ပာယ်ရှိလှသည်။ တစ်ပင်တည်းမှာပေမယ့် သင်းကွဲနေတဲ့တမာရွက်နဲ့ တမာပွင့်လို လူတွေမှာလည်း တစ်မိတည်းကမွေးတဲ့ ညီအစ်ကို မောင်နှမတွေမှာ မိုက်သူနဲ့လိမ္မာသူ၊ စိတ်ဓာတ်ခိုင်မာသူနဲ့ ပျော့ညံ့သူ၊ ကောင်းသူနဲ့ မကောင်းသူဟူ၍ ကွဲပြားနေကြသည်ပဲ။

''မင်းက စကားပြောလိုက်ရင် တစ်ခါတစ်ခါ မထင်ရဘူး။ သိလား''

''ဘာကိုလဲ ဂစ်တာရှိတ်''

''တစ်ခါတစ်ခါ မင်းက ကဗျာဆန်တတ်လို့ပြောတာ''

''သူ့အလိုလို တွေးမိသွားတာပါ''

''ဟုတ်ပါတယ်၊ ကိုယ်ကလည်း မင်းကို အတင်းတွေးတယ်မပြောပါဘူး။ ဒါနဲ့ မင်း သီချင်းရေးပါလား။ ကိုယ့်အတွက်လေ''

ဆောင်းက ခစ်ခနဲရယ်လိုက်ကာ. . .





''ကျွန်မက အဲဒီလောက် အဖြစ်မကြီးဘူးရှင့်''

''အဲဒါ မင်း. . . ကိုယ့်ကိုယ်ကိုယ် နှိမ့်ချပစ်လိုက်တာ။ မင်းက တွေးခေါ်မြော်မြင်တတ်တာပဲ''

''တော်စမ်းပါရှင်''

ဆောင်းက ဘောင်းဘီအိတ်ထဲသို့ လက်နှိုက်ပြီး လျှောက်သွားလေလျှင် ရှိတ် တံခါးကို ကပျာကသီပိတ်၍ ဆောင်းနောက်သို့လိုက်ခဲ့၏။

''ရှင် ဘယ်ဘုရားကို အရင်ဖူးချင်လဲ''

''တန်ခိုးကြီးဘုရားချင်း အတူတူပဲကွာ၊ ဘယ်ဘုရားဖြစ်ဖြစ်ကိုယ်ဖူးမှာ''

''ဒါဆို ရွှေစည်းခုံဘုရားကို အရင်ဖူးရအောင်''

''မင်းရဲ့စိတ်တိုင်းကျ မင်းသဘောပါ''

''ရှင်နော်''

မင်းလေးစိတ်တိုင်းကျ မင်းသဘောပါ ချစ်လေးဆိုတာကို သတိရပြီး ဆောင်း နှုတ်ခမ်းလေးစူကာ မျက်စောင်းထိုးလိုက်၏။

''သမီးရေ. . . သား။ နင်တို့ဘယ်မှာလဲ။ အမေ့ဆီကိုပြန်လာခဲ့ကြပါ။ ငါ့ကလေးတွေ ဘယ်မှာလဲ. . . ခေါ်ပေးကြ။ အီး. . . ဟီးဟီး. . . ငါ့ဆီကို ပြန်လာကြပါ''

အော်လိုက်ငိုလိုက်နှင့်နေသောမိန်းမကြီးသည် အရူးမကြီးသာဖြစ်လိမ့်မည်ဟုတွေးတော့လျက် ဆောင်း တစ်ချက်ငဲ့ကြည့်ပြီး ရှေ့ဆက်လျှောက်လာခဲ့သည်။

''အို! ငါ့သမီးကိုခိုးသွားကြတာ၊ ဒါ ငါ့သမီး. . . ဒါ ငါ့သား. . . ငါ့ကလေးတွေ ပြန်ပေး. . . ပြန်ပေး. . . သူခိုးတွေ''



www.burmeseclassic.com

www.burmeseclassic.com



"အို! လုပ်ကြပါဦး"

"မေမေ ကြောက်တယ်"

"ဟာ. . . အဘွားကြီး ဘာလုပ်တာလဲ"

"နင်. . . သူခိုး. . . ငါ့ကလေးတွေကို ခိုးသွားတာ။ ပြန်ပေး"

"ဒုက္ခပဲကွာ. . . ဖယ်စမ်း"

ဆူဆူညံညံအသံတွေကြောင့် ဆောင်း နောက်သို့ပြန်လှည့်ရှုကြည့်လိုက်သည်။ ဘုရားဖူးလာကြသော မိသားစုလေးထင်ပါရဲ့။ အရူးမကြီးက ဆယ်နှစ်သမီးအရွယ်နှင့် သုံးနှစ်သားအရွယ် ကလေးငယ်နှစ်ယောက်ကို လုနေသဖြင့်၊ အမျိုးသမီးနှင့်အမျိုးသားမှာ အရူးမကြီးကို အတင်းတွန်းလှတ်နေ၏။

"အဘွားကြီး သွားစမ်း"

"ငါ့ကလေးတွေ ပြန်ပေးပါ။ ဟီးဟီး. . . ငါ့ကိုသနားကြပါဟယ် ငါ့ကလေးတွေပျောက်လို့ လိုက်ရှာနေတာ။ ငါ့သားသမီးတွေကို ပြန်ပေးကြပါ. . . ဟီးဟီး"

ဆောင်းရင်ထဲမှာ နင့်ခနဲဖြစ်သွားရ၏။ ဒီအရူးမကြီးက ကလေးပျောက်လို့ ရူးသွားတာများလား။ ဩော်. . . မိခင်မေတ္တာကြီးမားပုံများ ရူးနေတာတောင် သမီးကိုမမေ့နိုင်ရှာပါလား။

အမေရယ်. . .

အမေ တကယ်ပဲ သေသွားခဲ့တာလား။ မရေရာတဲ့အဖြေနဲ့သာ နှစ်သိမ့်ခဲ့ရတဲ့ သမီးရဲ့ဘဝထဲမှာ အမေဆိုတာ ထာဝရတည်မြဲနေဆဲပါ။ တကယ်သေတာ မသေတာတောင် သေသေချာချာသိခွင့်မရဘဲ ဘဝကြီးကြမ်းတမ်းစွာ ရင်ဆိုင်ခဲ့ရသူ။





"ပြန်ပေးပါ. . . ငါ့ကလေးတွေကို"

"အဘွားကြီး. . . ဖယ်လို့ပြောနေတယ်နော်"

"ကဲ! "

"အမယ်လေး. . ."

အမျိုးသားကလည်း သားသမီးဇောနှင့် ဆောင့်တွန်းလိုက်ရာ၊ အရူးမကြီးခမျာ နောက်သို့ဆုတ်ရင်း လဲကျလုမတတ်ဖြစ်ချိန်မှာ. . .

"အဒေါ်"

ဆောင်း ဘာမှမစဉ်းစားမနေတော့ဘဲ အဒေါ်ကြီးလဲမကျအောင် ပြေးထိန်းလိုက်၏။

"ဆောင်း"

'ဟာ! ဒီအဒေါ်ကြီး ဒီမှာလာရှုပ်နေပြန်ပြီထင်တယ်"

ရုတ်တက ဆောင်းအနားကိုရောက်လာသလို ကင်မရာလွယ်ထားသော လူတစ်ယောက်လည်း ရောက်လာပြီး အဒေါ်ကြီးကိုဆွဲခေါ်လေ၏။

"လာ. . . လာ. . . အဒေါ်ကြီး"

"မလိုက်ဘူး၊ ငါ့ကလေးတွေ ပြန်ပေး"

"ဒါ. . . ဒေါ်ကြီးရဲ့ကလေးတွေ မဟုတ်ဘူး။ ဒေါ်ကြီးရဲ့ကလေးတွေကို ကျွန်တော်ပြန်ရှာပေးမယ်. . . လာ"

"နင် တကယ်ပြောတာနော်၊ ငါ့ကလေးတွေကို နင်ခိုးထားတာလား"

"ခိုးထားတာ မဟုတ်ပါဘူး"

"ဒါဆို ဘာလဲ၊ နင် ငါ့ကိုလိမ်တော့မလိမ်နဲ့နော်"

ဓာတ်ပုံဆရာဖြစ်ဟန်တူသောလူ ခေါင်းကုတ်လေ၏။ ကလေး



www.burmeseclassic.com

www.burmeseclassic.com



တွေမိသားစုနှင့် ဆောင်းကိုလည်း အားနာသလိုကြည့်ကာ. . .

"ကျွန်တော်မလိမ်ပါဘူး ဒေါ်ကြီးရဲ့။ ဒေါ်ကြီးရဲ့ကလေးတွေ အိမ် ပျော်နေကြတယ်။ ဒေါ်ကြီးစကားမပြောဘဲ ကျွန်တော်နဲ့လိုက်ခဲ့နော်"

"ဩော်. . . သိပြီ သိပြီ၊ ကလေးတွေနိုးမှာစိုးလို့ နင်က ငါ့ကို စကားမပြောခိုင်းတာကိုး"

"ဟုတ်တယ်. . . ဟုတ်တယ်"

"ဒါဆို ငါ စကားမပြောတော့ဘူး"

ဒေါ်ကြီးက သူ့ပါးစပ်သူ လက်နှင့်ပိတ်ပြီးမှ ဓာတ်ပုံဆရာကိုမော့ ကြည့်လျှက်. . .

"ဟဲ့! နေဦး"

"ဗျာ. . . ဘာလဲ ဒေါ်ကြီး"

"နင်က ငါ့လက်ကိုဆွဲခေါ်နေတာ ငါ့ယောက်ျားလား"

"ဟာ! မဟုတ်. . . မဟုတ်ပါဘူး"

ဘေးကလူတွေ ခွီးခနဲရယ်ကြတော့ ဓာတ်ပုံဆရာ ရှက်သွားဟန် တူလေ၏။ ဒေါ်ကြီးကိုထားပြီး တစ်ချိုးတည်းလစ်ဖို့ပြင်လေလျှင်. . .

"ဟဲ့! ငါ့ကိုထားခဲ့ပြီ။ မရဘူး. . . လိုက်မယ်. . . လိုက်မယ်. . . ဟီးဟီး"

ဒေါ်ကြီးမှာ ရယ်ခြင်း၊ ဘေးလူတွေကို မျက်စောင်းထိုး၍မဲ့ခြင်း ခြေဆောင့်ခြင်းတို့ စုံအောင်လုပ်လျှက်၊ ဓာတ်ပုံဆရာနောက်သို့ ပြေးလိုက် သွားလေတော့သည်။

"ဟယ်!"

အလန့်တကြားအသံကြောင့် အတွေးစတို့ ပြတ်တောက်ကာ လှည့်





ကြည့်လိုက်လျှင်၊ ကလေးကို လက်ဆွဲထားသောအမျိုးသမီးက ဂစ်တာရိုက် ကို လက်ညှိုးတထိုးထိုးနှင့်. . .

"ဟို. . . ဟို. . . အဆိုတော် ဂစ်တာရိုက် မဟုတ်လားဟင်"

"ဟုတ်ကဲ့ခင်ဗျာ"

"ဟယ်! ခုလိုတွေ့လိုက်ရတာ ဝမ်းသာလိုက်တာ။ ကို. . . သူက တကယ်ပဲ ဂစ်တာရိုက်တဲ့"

"ခုလိုအပြင်မှာတွေ့ရတာ ဝမ်းသာတယ် ညီလေးရာ။ အစ်ကို တို့မိသားစုက ညီလေးသီချင်းတွေကို အရမ်းကြိုက်တာကွ။ သံစဉ်ချိုချို လေးနဲ့ အရမ်းနားထောင်လို့ကောင်းတာ"

"ဟုတ်ကဲ့၊ ကျွန်တော့်သီချင်းတွေကို အားပေးတဲ့အတွက် ကျေး ဇူးတင်ပါတယ် အစ်ကို"

ဖြတ်သွားဖြတ်လာတွေက ဂစ်တာရိုက်လို့ နားစွန်နားဖျား ကြား သည်နှင့် အနားသို့ကပ်လာကြပြီ။ ခုတလော ဂစ်တာရိုက်ရဲ့သီချင်းတွေ က နေရာတိုင်းမှာ ပျံ့လွင့်နေခဲ့သည်မဟုတ်လား။

ပရိတ်သတ်အတော်များများ၏ လက်ခံအားပေးမှုကို ရရှိထား သော အဆိုတော်ဂစ်တာရိုက်မှ. . .

"အပြင်မှာ ပိုချောတယ်နော်"

"သူ့သီချင်းတွေက အရမ်းနားထောင်လို့ကောင်းတာ။ အသံက လည်းကောင်း၊ ရုပ်ကလည်း ချောတော့ အရမ်းအားပေးကြတာ"

"ရှိတ်. . . မင်းသားလုပ်ပါလားဟင်၊ စိတ်ကူးမရှိဘူးလား"

"ကျွန်တော် ကြိုးစားကြည့်ပါဦးမယ်"

အသံတွေများလာသလို လူတွေလည်း ရုတ်စီရုတ်စီဖြစ်နေကြသည်။



www.burmeseclassic.com

www.burmeseclassic.com



ကိုယ်က ပရိတ်သတ်လက်ခုတ်သံကြားမှာ မွေ့ပျော်သူမို့ အားလုံးကို စိတ်ရှည်လက်ရှည်နှင့် ခေါင်းညိတ်၊ ပြုံးပြ၊ မေးသမျှဖြေနေရပေမယ့်. . .

ဆောင်း စိတ်အိုက်နေမလားလို့ ငဲ့ကြည့်ကာ အားနာမိ၏။

"သူက ဘယ်သူလေးလဲဟင်၊ ချစ်စရာလေး"

"ရှိတ်ရဲ့ညီမတော့ မဖြစ်နိုင်ဘူးထင်တယ်"

"မဟုတ်ပါဘူး"

"ဒါဆို ချစ်သူလားဟင်"

ရှိတ်က ခေါင်းမညိတ် ခေါင်းမခါနဲ့ ရယ်နေသည်။

"ဟုတ်တယ်မို့လား။ နှစ်ယောက်စလုံး ချစ်စရာလေးတွေ။ အရမ်းလိုက်ဖက်တယ်သိလား"

"ဘယ်တော့လက်ထပ်ကြမလဲဟင်"

"တစ်နေ့နေ့ပေါ့ဗျာ"

မဟုတ်ဘဲနဲ့ ဟုတ်သလိုလိုဖြေလိုက်သော ဂစ်တာရှိတ်ရဲ့အဖြေ စကားကြောင့် ဆောင်းမျက်နှာလေးမှာ ပန်းသွေးရောင်ပြေးလျက် အနေခက်သွားသည်။

လူတွေက အောင်မြင်တဲ့အနုပညာသမားတွေရဲ့ CV ကို စိတ်ဝင်စားကြသည်။ မဟုတ်သတင်း ဟုတ်သတင်း၊ ဘာမဆိုပြန့်ကား ကျယ်ဝန်းလွယ်၏။ ဒါကို သူသိသိကြီးနဲ့ အများကို ဘာလို့အမှန်လုပ်ပြီး ခေါင်းညိတ်နေတာလဲ။

ဆောင်း. . .

ချာခနဲလှည့်၍ လူအုပ်ကြားမှ တိုးထွက်သွားလေလျှင် ရှိတ်လည်း အားလုံးကိုတောင်းပန်ခဲ့ပြီး ဆောင်းနောက်သို့ ပြေးလိုက်ရလေ၏။





"ဆောင်း"

". . ."

"ဆောင်း. . . နေဦးလေ"

". . ."

"ဆောင်း"

ဆောင်းလက်ကို ဖျတ်ခနဲလှမ်းဆွဲထားလေမှ ဆောင်းရဲ့ခြေလှမ်းတွေ ရပ်တန့်သွားကာ. . .

"ကျွန်မ ရှင့်ကိုခေါ်လာမိတာ မှားပြီထင်တယ်"

"ဘာဖြစ်ရပြန်တာလဲ ဆောင်းရယ်"

"ရှင်မသိဘူးလား"

"ကိုယ်က ဘာကိုသိရမှာလဲ ဆောင်းရဲ့"

"ရှင်တို့လို အောင်မြင်သူတွေရဲ့သတင်းက အပ်ကျတာကအစ ကျယ်ပြန့်လွယ်တယ်လေ။ မဟုတ်တဲ့ကိစ္စကို ဟုတ်သလိုလိုနဲ့ ရှင် ဘာလို့ ခေါင်းညိတ်ခဲ့တာလဲ"

"မဟုတ်လာနိုင်ဘူးလို့ မင်းကို ဘယ်သူကပြောလဲ"

"ဘာ!"

"တစ်နေ့နေ့မှာ ဟုတ်ချင်ဟုတ်လာနိုင်တာပဲလေ"

ဆောင်း သူ့ကိုခပ်တည်တည်လေး မော့ကြည့်လိုက်၏။ ဟုတ်လာနိုင်သတဲ့လား။ မရေရာ မသေချာတဲ့အဖြေတစ်ခုနဲ့ ဆူးခင်းလမ်းရဲ့မျက်နှာပြင်မှာ ပန်းခင်းပြီး မျှော်လင့်ချက်တွေ မပေးပါနဲ့ ဂစ်တာရှိတ်ရယ်။ ရှင့်ရင်ထဲမှာ. . . ကျွန်မအတွက် တစ်နေရာစာ သိမ်းထားပေးခဲ့ရင်တောင် ကျွန်မ နေရာမယူရဲပါဘူး။



www.burmeseclassic.com

www.burmeseclassic.com



"ဆောင်း"

"ရှင်"

"ကိုယ့်ရင်ထဲမှာ ဆောင်းကိုပြောချင်တဲ့စကားတွေ ရှိနေတယ် ဒါပေမဲ့ အခုတော့မဟုတ်ဘူး။ တစ်နေ့နေ့မှာပေါ့ ဆောင်းရယ်။ အခုပြော လိုက်ရင် ကိုယ်လုပ်ရမယ့်ရည်ရွယ်ချက်တွေထဲမှာ ဆောင်းစိတ်အနှောင့် အယှက်ဖြစ်မှာစိုးလို့ပါ။ ကိုယ့်ကိုနားလည်ပေးပါ ဆောင်းရယ်၊ ကိုယ် မလု မဖြစ် လုပ်ရမယ့်တာဝန်တွေ ပြီးဆုံးသွားရင် ဆောင်းကို ကိုယ်. . ."

စကားလုံးတို့ ခေတ္တရပ်ဆိုင်းခြင်းနှင့် မျက်ဝန်းတွေက ဆောင်း မျက်နှာလေးကိုကျော်နိုင်းပြီး အဝေးဆီသို့သာ ဦးတည်ငေးမောလျက်. . .

"ထားလိုက်ပါတော့၊ ကိုယ်ဘာမှမပြောမိဘူးလို့ပဲ သတ်မှတ်ထား လိုက်ပါ"

ရှင်မပြောတာ အကောင်းဆုံးပါပဲ ဂစ်တာရှိတ်ရယ်။ ရှင့်ဘ တက်လမ်း လှေကားတစ်ထစ်ပိုမြင့်လေ၊ ရှင်နဲ့ကျွန်မ ပိုဝေးသွားလေ ပါပဲ။

▣▣▣



## အခန်း (၇)

ဦးပြည့်စုံလျှံ. . .

ရေဖန်ခွက်နှင့်ဆေးလုံးကိုင်ထားသော နွေ့ရဲ့လက်တွေကို စူးစိုက် ၍ ကြည့်နေသည်။ ဒီဆေးလုံးတွေကို သူအလွန်မုန်းတီးလာမိပြီ။ သူ့ကျန်း မာရေးအခြေအနေက တစ်နေ့တခြား ကောင်းမလာဘဲ ပိုဆိုးကာ အား အင်တွေ ချည့်နဲ့လာ၏။

နွေထက်သာလွန်. . .

ဒီမိန်းကလေး သူ့ကို အမွေတွေမက်ပြီး လက်ထပ်ခဲ့တာ။ ကျော မှ ဓားပြမှန်းသိရတဲ့သူ့အဖြစ်က ရင်နာစရာပါ။

"ဦးလျှံ. . . ဆေးသောက်လိုက်ဦးနော်"

"ထားခဲ့လေ၊ ပြီးမှ သောက်လိုက်မယ်"

"တစ်ခါတည်းသောက်လိုက်လေ ဦးလျှံရဲ့"

"အခုမသောက်ချင်သေးလို့ပါ၊ ဒီဆေးတွေ နေ့တိုင်းသောက်ပြ



www.burmeseclassic.com

www.burmeseclassic.com



ရတော့ မသောက်ချင်တော့ဘူး။ ဆေးလုံးတွေမြင်တိုင်း အန်ချင်လာတယ်၊ အဲဒါကြောင့် ဆေးသောက်ဖို့ ဦးလျှံ့ ခဏအားမွေးလိုက်ဦးမယ်ကွာ”

“ဦးလျှံ့”

နွေ့အသံက မာဆတ်ဆတ်။ သူ ဒီလိုပဲ ဆေးသောက်ဖို့ ဝေ့လည်ကြောင်ပတ်လုပ်ကြည့်တိုင်း နွေ့မျက်နှာက သိသိသာသာ တင်းမာ ခက်ထန်သွားတတ်တာ ဘာကြောင့်လဲ။

“နွေစိတ်မရှည်တတ်တာကို ဦးလျှံ့သိတယ်နော်၊ တစ်ခါတည်း နွေ့ရှေ့မှာ ဆေးသောက်။ ကွယ်ရာရောက်မှဆိုရင် ဦးလျှံ့ ဆေးတွေကို လွှင့်ပစ်မှာစိုးလို့၊ ဆေးမသောက်ရင် ဦးလျှံ့ရဲ့ကျန်းမာရေး ဘယ်လိုကောင်းလာနိုင်မှာလဲ။ အိမ်မှာ လူမမာရှိတာလောက် စိတ်ပျက်စရာကောင်းတာ မရှိတော့ဘူး။ ကလေးလိုချော့နေရလောက်အောင် နွေ အချိန်မရဘူး ဦးလျှံ့ ကိုယ့်အလုပ်နဲ့ ကိုယ်”

တကယ့်စေတနာအစစ်တွေလား။ ဒီမိန်းကလေးရဲ့စိတ်က နားလည်ရခက်လှသည်။ သူပဲ ခြောက်လိုက်၊ ချော့လိုက်။ ဦးပြည့်စုံလျှံ့ ဘာကို မသင်္ကာဖြစ်မှန်းမသိဖြစ်နေသည်။

သား. . .

သားလို ငယ်ငယ်ရွယ်ရွယ်ယောကျ်ားတစ်ယောက်ကို ထားပြီး သူ့ကိုလက်ထပ်ခဲ့တဲ့မိန်းမ။

“ငါ့ကိုပစ်ထားလိုက်တော့ နွေ။ မင်း ငါ့ကို ဆေးလုံးတိုက်ရတာ ပင်ပန်းပါတယ်။ ငါ့ဟာငါ သေချင်လည်းသေပါစေတော့။ ခုလို လူမမာဘဝနဲ့ ငါမနေချင်တော့ဘူး။ ထားခဲ့ပါ. . . မင်းသာ လုပ်စရာရှိတာလုပ်”

“ခွပ်!”





ဖန်ခွက်ကိုဆောင့်ချလိုက်တာကြောင့် ရေတွေက ခုန်ပျံ၍ထွက်လာပြီး စားပွဲပေါ်မှာ စိုရွှဲသွားလေ၏။

မြန်မြန်သေချင်ရင် မြန်မြန်ဆေးသောက်ပါလား။ ခုတော့ တုံဏှိဘာဝေပုံစံနဲ့။

“ပစ်ထားလိုက်ဆိုလို့ ပစ်ထားလိုက်ရင် နွေ့အပေါ် အပြစ်တွေ ပုံကျလာဦးမှာ။ နွေ့ကို ပတ်ဝန်းကျင်က လက်ညှိုးထိုးတာကို ခံရစေချင်သလား ဦးလျှံ့”

“မင်းဘက်က အနေမှန်ရင် အပြောခံရဖို့ မရှိပါဘူး”

“ဘာ!”

“သဘောပြောတာပါ၊ မင်း ငါ့လိုအဘိုးကြီးကိုပြုစုရဖို့ စိတ်မရှည်တာ သဘာဝကျပါတယ်။ ငါ မင်းကိုဘာမှမပြောချင်ဘူး နွေ။ အဲဒီတော့ မင်းလည်းလုပ်ချင်တာလုပ်၊ သွားချင်တာသွား. . . ငါ့ကိုပစ်ထားလို့ ငါ စိတ်မဆိုးပါဘူး။ အဲ. . . စေတနာပါရင်တော့ ငါ့အတွက် Nurse တစ်ယောက်ရှာပေး”

“ဦးလျှံ့”

ဒီတစ်ခါအသံက အံကြိတ်၍ခေါ်လိုက်သံ ခပ်တိုးတိုး။ ထိုခေါ်သံက ပေါက်ကွဲတတ်သည့် လက်ပစ်ဗုံးထက် ကြောက်စရာကောင်းလှသည်။ မျက်ဝန်းတွေက အေးစက်စက်နှင့် ရက်စက်မှုတွေ အစာသွပ်ထားသည်ဆိုတာ။

“ကောင်းပြီလေ၊ ရှင့်စိတ်တိုင်းကျဖြစ်စေရမယ်”

ဆေးလုံးကိုလည်း စားပွဲပေါ်သို့ ပစ်တင်လိုက်တာ လိမ့်ချင်ရာ လိမ့်၊ ကျချင်ရာကျ။ သူမသည် ရက်စက်တတ်သည့်သွေးသားနှင့် သန္တ



www.burmeseclassic.com

www.burmeseclassic.com



တည်ပြီး မကြင်နာတတ်သောရပ်ဝန်းမှာ မွေးဖွားလေရော့သလား။

ချစ်တယ်ဆိုတဲ့စကားငြုံးကို. . .

ငွေနှင့်ပတ်သက်လာလျှင် သကြားလုံးလို လွယ်လွယ်ပါးစပ်ထဲ ကောက်ထည့်ပြီး တံတွေးလို လွယ်လွယ်ပြန်ထွေးပစ်ပြီး လှည့်မကြည့်တတ် တာလည်း သူမအပြင် နှစ်ယောက်မရှိပေ။ ငါဆိုတဲ့အတ္တစွဲနဲ့ ယောကျ်ား တွေရဲ့အသည်းကို ဝေဟင်မှာ ပျံဝဲနေတဲ့စွန်တစ်လက်လို နိမ့်ချည်မြင့်ချည် နဲ့ ကြိုးတပ် ဆော့ကစားခဲ့တဲ့မိန်းကလေး။

အဲဒီလိုဆော့ကစားနိုင်လောက်အောင်လည်း သူမက လှပလွန်း သည်။ သူမရဲ့ ဒီအလှတွေကြောင့် ဦးပြည့်စုံလျှံတို့သားအဖနှစ်ယောက် စလုံး ဒူးထောက်ကျရှုံးခဲ့ကြတာ။

သိပ်ချစ်ကြတဲ့ သားအဖ စိတ်ဝမ်းကွဲရသည်အထိ။

"သား. . ."

ဖေဖေ့အဖြစ်ကို မြင်လှည့်ပါဦး သားရယ်. . .

◙◙◙



## အခန်း(၈)

ဦးပြည့်စုံလျှံ. . .

နာမည်နှင့်လိုက်အောင် အရာအားလုံး ပြီးပြည့်စုံနေသောသူ။ ဆောက်လုပ်ရေးကုမ္ပဏီပိုင်ရှင်တစ်ယောက်ဖြစ်ပြီး ကြင်နာတတ်သော မယားနှင့် လိမ္မာသောသားကို ပိုင်ဆိုင်ခွင့်ရထား၏။

ကံကြမ္မာသည် မမြင်နိုင်တဲ့အရိပ်ကနေ မနာလိုစွာ ချောင်းမြောင်း ၍ လက်နက်ဆန်းနှင့် ပစ်ခတ်လိုက်သည်မှာ ချစ်ဇနီးသည် Leukaemia လို့ခေါ်တဲ့ သွေးဖြူဥများသည့်ရောဂါနှင့် လောကကို နာကြည်းမုန်းတီးစွာ နဲ့ပဲ သေဆုံးသွားခဲ့သည်။

ချစ်ဇနီးဆုံးလို့ စိတ်လေနေတဲ့ဦးပြည့်စုံလျှံကို အပေါင်းအသင်း တွေက စိတ်ပြေလက်ပျောက်ဖြစ်အောင်ဆိုပြီး ဟိုဆွဲခေါ်ဒီဆွဲခေါ်။ တစ် နေ့ စားသောက်ဆိုင်တစ်ခုမှာ နွေထက်သာလွန်ဆိုတဲ့ မိန်းကလေးနဲ့ တွေ့ ဆုံရဖို့အကြောင်းက ဖန်လာသည်။



www.burmeseclassic.com

www.burmeseclassic.com



"ကိုပြည့်စုံ၊ ခုသီချင်းဆိုဖို့ထွက်လာတဲ့ ကောင်မလေးကို ကြည့်စမ်း! ဘယ်လောက်လှသလဲလို့။ တာဝတိံသာကနေ ဘုံကြိုးပြတ်ကျလာသလားပဲ။ ခင်ဗျား ခဏလောက် အာရုံကို သူ့ဆီမှာ နှစ်ထားလိုက်စမ်းပါ။ ခင်ဗျားစိတ်တွေ လန်းသွားလိမ့်မယ်"

"ခင်ဗျားက ညစ်နေတဲ့လူမို့လို့ ဦးစားပေးတာနော်။ အာရုံတွေဆေးကြောဖို့ ဒါလေးက အသင့်တော်ဆုံးပဲ"

"ကောင်မလေးက ဓာတ်ရှင်လူကို အကပ်ခံတာမဟုတ်ဘူးဗျ"

"ခင်ဗျားက မုဆိုးဖိုဆိုပေမယ့် အလတ်ကြီးပါဗျာ။ လူက ချောလည်းချောတာပဲ။ ခင်ဗျားရဲ့နုပျိုမှုက အလှပဂေးတွေ မျက်စိကျလောက်စရာပါ"

တစ်ယောက်တစ်ပေါက် ပြောနေကြပေမယ့် အစကတော့ ဦးပြည့်စုံလျှံ စိတ်မဝင်စားပေ။ နောက်တော့ သူမကိုခေါ်လာပြီး မိတ်ဆက်ပေးကြသည်။ နွေထက်သာလွန်က ရုပ်ကလေးချောသလို အပြောလေးကလည်း ချိုသည်။ အပြုံးလေးတွေက နူးညံ့သိမ်မွေ့လွန်းလှ၏။

အစက. . . အပေါင်းအသင်းတွေ တိုက်တွန်းလွန်းလို့ ရေလိုက်သင့် ငါးလိုက်သင့် သွားရင်းလာရင်း ဆက်ဆံခဲ့ပေမယ့် နောက်မှာ ကိုယ်တိုင်က သူမရှိရာအရပ်သို့ မသွားရမနေနိုင်ဖြစ်လာ၏။

"ဦးလျှံ. . . ခုတစ်လော အလာစိပ်တယ်နော်"

"စိပ်ဆို နွေလေးကိုမမြင်ရရင် မနေနိုင်တော့လို့ပေါ့"

"ဦးလျှံကတော့ ပိုပြီ"

"မပိုပါဘူး ကလေးရယ်၊ ဦးလျှံ တကယ်ပြောတာ။ နွေလေး ဒီအလုပ်ကို ဘဝအခြေအနေအရ လုပ်နေရတာမဟုတ်လားဟင်"





လို့မေးမိတော့ သူမက မျက်နှာလေးညှိုညှိုနှင့်ဖြေခဲ့သည်။

"မှန်တာပေါ့ ဦးလျှံ၊ နွေ ဒီအလုပ်ကို မလုပ်ချင်ပါဘူး။ နွေ့မှာ အားကိုးစရာမရှိလို့ ကိုယ့်ဘဝအတွက် ဖြစ်သလိုရုန်းကန်နေရတာ"

"နွေလေး"

"ရှင်"

"နွေလေးဘဝကို ကယ်တင်မယ့်သူရှိရင် နွေလေး ဝမ်းသာမှာပေါ့နော်"

"ဘယ်လိုပြောလိုက်တာလဲ ဦးလျှံရယ်၊ နွေ ဒီအလုပ်ကို လုပ်နေပေမယ့် နွေ့ဘဝကို ဘာအမည်းစက်မှ အစွန်းအထင်းမခံခဲ့ဘူး။ ဘာကြောင့်လဲဆိုရင် နွေ တကယ်အားကိုးချစ်မြတ်နိုးတဲ့သူနဲ့တွေ့တဲ့အခါ နွေ ဖြူစင်သန့်ရှင်းတဲ့ဘဝကိုပဲ ပေးချင်တယ်"

ဟုတ်မှာပါ. . .

ဦးပြည့်စုံလျှံ သိရသလောက်တော့ နွေထက်သာလွန်ကို လူတိုင်းကပ်လို့မရဘူးတဲ့။ ရတဲ့သူရှိခဲ့ရင်တောင် မြူစုပေးခြင်း၊ တွဲခြင်းတို့မှလွဲ၍ အခြားဘာအခွင့်အရေးမှ မရရှိခဲ့ဘူးတဲ့။

သူမလေးက. . . အပျိုစင်လေးသာ။ ကိုယ်က ကလေးအဖေ မုဆိုးဖို။

"နွေလေး"

". . ."

"ဦးလျှံ နွေလေးကိုပြောစရာရှိတယ်။ ဦးလျှံရဲ့စကားကို နွေလေး သေးလေးနက်နက်နဲ့ နားထောင်ပေးပါနော်"

"ပြောပါ ဦးလျှံ၊ နွေ နားထောင်ပါ့မယ်"



www.burmeseclassic.com

www.burmeseclassic.com



ဦးပြည့်စုံလျှံ. . . နွေ့မျက်နှာလေးကိုစိုက်ကြည့်ပြီး ဆုံးဖြတ်ချက်တစ်ခုကို ချလိုက်၏။

“ဦးလျှံ. . . နွေ့ကိုလက်ထပ်ချင်တယ်”

“ရှင်! ”

“ဟုတ်တယ် နွေ။ ဦးလျှံက လူငယ်တစ်ယောက်မဟုတ်တဲ့အတွက် ချစ်တဲ့စကားတွေပြောနေရင် ကလေးကလားဆန်လွန်းပါတယ်။ ဒါကြောင့် လက်ထပ်ခွင့်တောင်းတာပါ”

နွေ မျက်နှာလေးချသွားလေ၏။ သူမန္တတ်ဆိတ်၍ ငြိမ်သက်သွားခြင်းကို ဦးပြည့်စုံလျှံ အဓိပ္ပာယ်တစ်မျိုး ကောက်မိသွားသည်။

“ဟို. . . ဦးလျှံက အသက်လည်းကြီးတယ်။ ပြီးတော့ မုဆိုးဖိုဆိုတော့ သူမို့ပြောရက်လေခြင်းလို့ နွေလေး ထင်သွားတာလားဟင်။ တစ်မျိုးတော့ မတွေးပါနဲ့၊ နွေလေးမှာ ခေါင်းခါခွင့်ရှိပါတယ်။ ဦးလျှံက နွေလေးကို အတင်းအဓမ္မ ခေါင်းညိတ်ဖို့ မတောင်းဆိုပါဘူး”

“နွေ စဉ်းစားပါစေဦး. . . ဦးလျှံ”

သူကပဲ ပိရိတာလား၊ ကိုယ်ကပဲ ညံ့ခဲ့တာလားတော့မသိခဲ့ပေ။ အချိုကြီးခိုးဖို့ ရိုးသားဟန်ဆောင်ကာ လက်သည်းဝှက်ထားတဲ့ကြောင်ကို သူဟာ သနားစရာကြောင်သူတော်လေးပါလားလို့ ဦးပြည့်စုံလျှံရဲ့ရင်ထဲမှာ. . . ကရုဏာကို မုဒိတာတွေနှင့်ကြိုးခတ်ပြီး နွေ့ဘဝကို အကြင်နာဖောင်နှင့် ဆွဲယူကယ်တင်ဖို့ ကြိုးစားခဲ့သည်။

နောက်နေ့မှာ. . .

နွေ့ဆီက အဖြေတစ်ခု ရခဲ့သည်။

“ဦးလျှံကို နွေ ချစ်နိုင်ပါတယ်”တဲ့။





လက်ထပ်ဖို့ကို လက်ခံလိုက်တာနဲ့ အတူတူပဲပေါ့။ အိမ်ရောက်တို့ သားကိုတိုင်ပင်ကြည့်တော့. . .

“သားခွင့်ပြုပါတယ် ဖေဖေ။ ဖေဖေက အရွယ်ကောင်းပဲ ရှိသေးတာလေ။ သားကလည်း အတောင်အလက်စုံရင် ပျံသန်းမှာပဲ။ အဲဒီတော့ အဖေ့အနားမှာ ဆေးပေးမီးယူဇနီးကောင်းတစ်ယောက် ရှိသင့်ပါတယ်”

“သားဆီက ဒီစကားကြားရတာ ဝမ်းသာလိုက်တာ သားရယ်။ ဒါဆို ဖေဖေ သူနဲ့လက်ထပ်ဖို့ စီစဉ်လိုက်တော့မယ်နော်။ ကျေးဇူးတင်တယ် သားရာ”

ဝမ်းသာအားရ သားကိုဖက်ပြီး ကျေးဇူးတင်စကားတွေ အထပ်ထပ်ဆိုကာ၊ ဦးပြည့်စုံလျှံတစ်ယောက် မျောက်အုန်းသီးရသည့်ပမာဖြစ်နေတော့၏။

ဖခင်အပေါ်မှာ သိတတ်လိမ္မာသော သားနှင့် နွေတို့ ဆက်ဆံရေး အဆင်ပြေကြလိမ့်မည်ဟု ဦးပြည့်စုံလျှံ တစ်ထစ်ချ ယုံကြည်ထား၏။ ထို့ကြောင့်. . . နွေနှင့်ရုံးတက်လက်မှတ်ထိုးခဲ့ကြသည်။ အဲဒီနေ့ကမှ သားအမေရဲ့အစ်မအကြီးဆုံးက ဆုံးသွားလေသဖြင့် သားက တောင်ကြီးသို့ လိုက်ချင်းသွားရသည်။ သူ့ဒေါ်ကြီးရဲ့ရှာပနပြီးလို့ ရက်လည်ပြီးမှ ပြန်လာတော့. . .

“ဖေဖေရေ. . . ဖေဖေ”

သားအသံကြားလို့ ဇနီးအသစ်စက်စက်ကလေးကို လက်ဆွဲပြီး အပြင်သို့ထွက်လာခဲ့သည်။

“ဖေဖေ. . . သားပြန်လာပြီ”

“သား”



www.burmeseclassic.com

www.burmeseclassic.com



ဝမ်းသာအားရကြွေးဆိုလိုက်တဲ့ဖခင်ကိုသာ အရင်အာရုံစိုက်လိုက်သည့်မို့ မိထွေးတော်ကို မကြည့်ဖြစ်ပေ။ သတိမထားမိသေးခင်အချိန်တော့ မိုးကောင်ကင်ကြီးမှာ သာယာနေ၏။

'ဖေဖေ လက်ထပ်ဖြစ်ရဲ့လား''

''ဖြစ်တယ် သား၊ မိတ်ဆက်ပေးရဦးမယ်''

''ဟင်! ''

''မ. . .''

အသံတွေက တိုးပေမယ့် ဦးပြည့်စုံလျှံက အကင်းပါးသူပီပီ 'မ'ဆိုတာကို ကြားလိုက်၏။ နှစ်ယောက်စလုံး မျက်နှာပျက်သွားကြတာကိုလည်း သတိထားမိသည်။

''ဖေဖေ. . . ဖေဖေ့ဇနီးက သူလား''

''ဟုတ်တယ် သား၊ သူလေ. . . နွေထက်သာလွန်တဲ့''

''မထင်ရဘူးနော်''

''ဘာကိုလဲ သား''

''သူ့ကိုပြောတာပါ၊ သူ့ရုပ်သူ့ရည်နဲ့ ဖေဖေ့ကိုလက်ထပ်တယ်ဆိုတာ သာမန်လေးတော့ မဖြစ်နိုင်ပါဘူး''

''သား ဘာတွေပြောနေတာလဲကွာ။ နွေကိုအားနာစရာ။ ဖေဖေ့ထက် အများကြီးငယ်ပေမယ့် နွေ ဖေဖေ့ကိုတကယ်ချစ်လို့ လက်ထပ်တာပါ''

''ဩော်. . . ဟုတ်လား''

ဝမ်းသာအားရနှုတ်ဆက်ဆီးကြိုပါမည်ဟု ကတိပေးထားသော သား၏မျက်နှာပေါ်မှာ သူ့ရဲ့ပင်ကိုနူးညံ့မှုတွေ ပျောက်ဆုံး၍ တင်းမာ ခ





သန်နေတာ ဘာသဘောလဲ။

''ဖေဖေ့မိန်းမကို သေသေချာချာလည်း မေးကြည့်ပါဦးဖေဖေ။ အချစ်ဆိုတာကို တကယ်ရော ခံစားတတ်ရဲ့လားလို့။ လူတိုင်းမှာ နှလုံးသားရှိတာမှန်ပေမယ့် နှလုံးသားတိုင်း မချစ်တတ်ကြဘူးဖေဖေ။ ချစ်ထတ်ရင်တောင် မနူးညံ့တတ်သူတွေအတွက် အတ္တက အချစ်ကို ဝါးမျိုသွားတတ်ကြတယ်ဆိုရင် ဖေဖေ ယုံမလား''

''သား''

''မင်း. . . ငါ့ကို ခနဲ့လုံး ရွဲ့လုံးတွေနဲ့ ပစ်မနေနဲ့ ဘုန်းလျှံ။ သတ္တိရှိတယ်ဆိုရင် အမှန်တရားကို မင်းဖွင့်ပြောလိုက်လေ။ ငါ့ဘက်ကတော့ တုန်လှုပ်မှာမဟုတ်ဘူး။ ဘာဖြစ်လို့လဲ မမေးနဲ့။ အဖြေပြန်ပေးလိုက်မင်း' မင်းတို့သားအဖ အသည်းဟက်တက်ကွဲပြီး ဆားလူးခံရတာထက် ဆတ်ဆတ်ခါသွားလိမ့်မယ်''

''ဟင်! သား. . . သားနဲ့နွေက သိနေကြတာလား''

နွေက မဲ့ခနဲလုပ်၍. . .

''ဖြေလိုက်လေ ဘုန်းလျှံမိုး။ မင်းနဲ့ငါ သိခဲ့ရုံတင်မကခဲ့ပါဘူးလို့''

''ခင်ဗျားပါးစပ်ကို ပိတ်ထားစမ်း''

''ဟား. . . ဟား. . . ဟား''

ဘုန်းလျှံဒေါသဖြစ်နေသလောက် နွေကတော့ တဟားဟားနှင့် အောင်နိုင်သူကြီးလို ရယ်မောနေ၏။ ဦးပြည့်စုံလျှံ ဇနီးနှင့်သားကြားမှာ ရှုလည့်လည်း။

သူတို့နှစ်ယောက် ဘယ်လိုဘယ်လို ပတ်သက်ခဲ့ကြပါသနည်း။ ခဲ့ကြသည်ဆိုကတည်းက ပတ်သက်မှုကတော့ ရှိပြီ။



www.burmeseclassic.com

www.burmeseclassic.com



"မင်းသိပ်သနားစရာကောင်းတဲ့ကောင်လေးပဲ ဘုန်းလှုံမိုး။ မထူးပါဘူး. . . ငါကလည်း ဖုံးကွယ်လို့ရှက်ရတာကို ဝါသနာသိပ်မပါတော့ အမှန်ကို အမှန်အတိုင်း"

"တော်တော့. . . ခင်ဗျား"

"ငါ မင်းကို တကယ်"

"ခင်ဗျားနော်"

ဘုန်းလှုံမိုး ရှုံးရှုံးရှားရှားဖြစ်သွားတာကိုကြည့်ပြီး နွေက အရယ်မပျက်။

"တောက်!"

ဘုန်းလှုံမိုး တက်ခေါက်ပြီး ခြေသံပြင်းပြင်းနှင့် ထွက်သွားလေသည်။ ဦးပြည့်စုံလှုံ ဘာကိုမှရေရေရာရာမသိရသေးပေမယ့် ရင်ထဲမှာတော့ မတင်မကျကြီးဖြစ်နေ၏။

တစ်ခုခုတော့ဖြစ်ပြီဆိုတာကို သိသလိုရှိသော်လည်း သားကိုမေးတော့ မဖြေ။ ဇနီးကိုကျတော့လည်း မမေးရက်။ သည်လိုနှင့်. . .

တစ်နေ့မှာ ဦးပြည့်စုံလှုံ ကုမ္ပဏီကိုထွက်သွားပြီးမှ အရေးကြီးတဲ့ဖိုင်တွဲကျန်ခဲ့လို့ ပြန်လာပြီးအယူ. . .

"မ. . . တောင်းပန်ပါတယ် မောင်၊ မောင့်ဖေဖေကို 'မ' ဘာကြောင့် လက်ထပ်ခဲ့ရသလဲဆိုတာ ဂယနဏမသိဘဲနဲ့ စွပ်စွဲချက်တွေ ထ... သိတစ်တန်းနဲ့ 'မ'ကို ရန်လိုနေတာတော့ မကောင်းပါဘူး"

"တော်စမ်းပါ ဒေါ်နွေထက်သာလွန်၊ ခင်ဗျားက နာမည်နဲ့လိုက်အောင် ပူပြင်းပြီး လောဘမီးတောက်နေတဲ့မိန်းမ၊ ခင်ဗျား ကျွန်တော့်ကို ခုချိန်မှာ 'မောင်'လို့ခေါ်ရဲသေးတာ ကျွန်တော် တကယ်အံ့ဩတယ်"





"မောင်ရယ်. . . အရင်တုန်းက သည်းသည်းလှုပ်ချစ်ပြုပြီး ခုမှ ဘာဖြစ်တာလဲ။ အရင်လို ဆက်ချစ်လို့ရနေတာပဲကွယ်။ ခု 'မ'က မောင့်ရဲ့အနီးဆုံးကို ရောက်နေပြီပဲ။ မောင်ဝမ်းသာရမှာကို ဘာလို့ အမုန်းတွေ ...တာထည့်နေရတာလဲကွယ်"

"တော်! ခင်ဗျားပါးစပ်ကိုပိတ်ထား၊ အယုတ်တမာမ။ အရင် ...န်းကကိစ္စ ထည့်မပြောနဲ့။ အတိတ်နဲ့ပစ္စုပ္ပန်ကို ကွင်းဆက်ဖို့ ကျွန်တော် ...သနာမပါဘူး။ အခု ခင်ဗျားက ကျွန်တော့်ရဲ့မိထွေးပဲ၊ မိထွေးက မိထွေး ... ကျွန်တော် စိတ်နဲ့တောင် ခင်ဗျားကိုမပစ်မှားဘူး။ အဲဒါ ဘာဖြစ်လို့ ...ဲ သိလား"

ဦးပြည့်စုံလှုံ နံရံကိုကျောနှင့်ကပ်ထားမိတာ နံရံထဲကို သူ့ကိုယ် ...ကြီး တိုးဝင်လုမတတ်ပါပဲ။

"ဘာဖြစ်လို့လဲ၊ ပြောပါဦး"

"ဘာဖြစ်လို့လဲ ဟုတ်လား၊ မသိရင် မှတ်ထား။ ခင်ဗျား အမြဲ ...ပြီး ထအူတိုင်း ကျွန်တော် တော်သလင်းဇာတ် မခင်းနိုင်ဘူးဗျ"

"ဘာ. . . မင်း"

နွေ ထိုင်နေရာမှ ဝုန်းခနဲ ခုန်ထလေ၏။ ဒီလောက်ဆို ဦးပြည့်စုံ ...လှုံ သဘောပေါက်ပါပြီ။ သားရဲ့ချစ်သူကိုမှ လုယူခဲ့မိတဲ့သူ့အဖြစ်က သား ...အချင်းတောင် မျက်နှာချင်းဆိုင်ဖို့ ခက်လှ၏။

ဒါပေမဲ့. . . မယားထိ ဓားကြည့်ဆိုသလို သူ့စိတ်ထဲမှာ နွေနဲ့ ...သက်ခဲ့ဖူးတဲ့သားကိုပဲ အပြစ်မြင်နေမိ၏။ ၁၅၀၀ ဆိုတဲ့မီးက သူ့ရင် ...ကို လောင်မြိုက်နေသည်။ အပြစ်ရှိသူကို အချစ်နဲ့ဖုံးကွယ်ပြီး အပြစ်မဲ့သူ ...သာ အပြစ်ဖို့၍ သူခိုးကို ဓားရိုးကမ်းခဲ့မိတာ သူ။



www.burmeseclassic.com

www.burmeseclassic.com



"မင်း ငါ့ကို အဲဒီလောက်ထိ ပက်ပက်စက်စက်ပြောဖို့မလိုဘူး ဘုန်းလှံ့မိုး။ ငါ မင်းအပေါ် မရက်စက်ချင်လို့ အခွင့်အရေးတစ်ခုပေးတာ ကွ။ ပေးတဲ့အခွင့်အရေးကိုမယူတာတော့ မင်းထိုက်နဲ့မင်းကံပေါ့"

"တောက်!"

ဦးပြည့်စုံလှံ့ သားဖြစ်သူ ဒေါသကြီးတတ်တာကိုသိ၍ နွေ့ကို တစ်ခုခုလုပ်မည်စိုး၍ အိမ်ထဲသို့အလျှင်အမြန်ဝင်လိုက်၏။ ထင်တဲ့အတိုင်း ပဲ သားရဲ့မျက်ဝန်းတွေက စိမ်းသက်လွန်းရုံမက ကျားနာတစ်ကောင်လို ဒီကောင် တစ်ခုခုလုပ်တော့မှာ။

ကိုယ့်သားအကြောင်း ကိုယ်အသိဆုံးပဲ။ ဒီကောင်က စိတ်ပုန် သမား။ သနားတတ် ကြင်နာတတ်သလို နူးညံ့သိမ်မွေ့တတ်ပေမယ့် တစ် ခုခု မကျေနပ်ပြီဆို တန့်နန့်နဲ့ လက်စားပြန်ချေရမှ ကျေနပ်သူ။ ပြီးတော့ ဒေါသလည်း ကြီးတတ်၏။ ပေါက်ကွဲလွယ်သည်။ ထို့ကြောင့်. . .

"ဘုန်းလှံ့မိုး"

"ဟင်! ဖေဖေ"

"ဦး. . . ဦးလှံ့"

"မင်းကြောင့်. . . ငါ့သိက္ခာတွေ အဖတ်ဆည်လို့ရမှာမဟုတ်တော့ ဘူးကွ။ မင်းကွာ"

"ဖေဖေ. . . ကျွန်တော်ရှင်းပြ"

"တော်စမ်း! မင်းထွက်သွား။ ထွက်သွားစမ်း။ မင်းကို ငါမမြင် ချင်တော့ဘူး. . . သွားကွာ"

"ဖေဖေ"

"မင်း ငါ့ကို ဖေဖေလို့မခေါ်နဲ့။ မင်း ငါ့သားမဟုတ်ဘူး၊ သွား





သူ့အော်ဟစ်ပြောဆိုလိုက်မိတာ သားကို တကယ်မုန်းလို့မဟုတ်ပေ။ မိဘ တို့သည် အမှုမပါဘဲ ပြောမိသည့်တိုင် သားသမီးတို့ရင်ထဲမှာ သေလောက် အောင် မှတ်သွားတတ်ကြ၏ဆိုတဲ့စကား ဒီနေရာမှာ မှန်သွားပြီ။

လက်ရင်းထိမှ လက်ထိပ်နာဆိုသလို သားကိုသာ ဖိပြောလိုက် မိတဲ့စကားအဆုံးမှာ. . .

"ဖေဖေ သိပ်ရက်စက်တာပဲ"

တစ်ခွန်းချင်းပြောလိုက်တဲ့ အေးစက်စက်ထိုစကားသည် ထာဝရ အတွက် နှုတ်ဆက်ခြင်းလို့ သူမထင်ခဲ့။

"ဖေဖေ့အနားမှာ သားမလိုအပ်တော့ဘူးဆိုတော့ သားထွက် သွားပေးပါ့မယ်။ လိုအပ်လာရင်တော့ လာခဲ့ပေးပါ့မယ်"

ဟုပြောပြီး ထွက်သွားတဲ့သားရဲ့ကျောပြင်ကို ကြည့်လိုက်ရတာ သည် နောက်ဆုံးအကြိမ်ဖြစ်သွားခဲ့၏။

တောင်ကြီးကအမျိုးတွေဆီကို သွားတာပဲဟု စိတ်ချနေခဲ့သမျှ တစ်လပင်မကြာ ကြားလိုက်ရသည့်သတင်းဆိုးက. . .

သား. . . ကားမှောက်ပြီး ဆုံးသွားပြီတဲ့။

ဦးပြည့်စုံလှံ့. . . သားမျက်နှာလေးကို နောက်ဆုံးအကြိမ်ပင် မမြင် လိုက်ရ။ ယူကျုံးမရခြင်း. . .

မဖြေနိုင်ခြင်းတွေ. . . နှင့်

အိပ်ရာထဲလဲခဲ့တော့ နွေ့အတွက် အခွင့်အရေးတွေရသွားသည်။ အမွေဇာတိတစ်ခုလုံး သူမလက်ထဲသို့ ထိုးအပ်လိုက်ရသည်အထိ အချွဲအနွဲ့ ကောင်းလွန်းလှ၏။

သူမရဲ့ဇာတိရုပ်တွေ တစတစပေါ်လာမှန်းသိသိနဲ့ ကိုယ့်ကျွန်မော



www.burmeseclassic.com

www.burmeseclassic.com



ရေးက ဘယ်လိုမှကောင်းမလာတော့သည်မို့ သူမအလိုကိုပဲ လိုက်ခဲ့ရ ပဲ နစ်မှန်းမသိ နစ်သွားခဲ့ရတဲ့ကိုယ့်ဘဝ။

သူသိနေပါပြီ. . .

ကိုယ်က နွေ့လက်ထဲက ငှက်ကလေးတစ်ကော င်

လွှတ်လိုက ပျံ၊ သတ်လိုက ခံရတော့မည်သာ။

အဖြစ်က အပွေးမြင်အပင်သိ၊ လိမ်းမယ်လို့ကြည့်. . . မွှေးနံ့သ ပါး သီးခေါက်နဲ့ညားရခြင်းပင်။

▣▣▣



## အခန်း (၃)

ဦးပြည့်စုံလျှံ. . .

အတိတ်ကိုပြန်တွေးရင်း ရင်နာနာနဲ့ပဲ သက်ပြင်းအခါခါချမိ၏။ ဝဋ်ကြွေးတွေရှိရင် မြန်မြန်ကျေပါစေတော့။

"နီတွတ်. . . နီတွတ်"

"ဗျာ. . . လာပါပြီဆရာ"

နီတွတ်က သူ့အတွက်ဆိုလျှင် အမြဲတမ်းလျှင်မြန်ဖျတ်လတ်နေ သူမို့ ခဏနှင့်ရောက်လာသည်။

"ဆရာ. . . ဘာခိုင်းမလို့လဲ"

"ငါ ခြံထဲကိုဆင်းမလို့ နည်းနည်းလောက် တွဲပေးကွာ"

"ဟုတ်ကဲ့"

နီတွတ်က ဦးပြည့်စုံလျှံကို ခြံထဲသို့တွဲပို့ပေး၏။ တစ်နေ့တခြား ဆရာ့ကျန်းမာရေးက ပိုပိုဆိုးလာသဖြင့် နီတွတ်မှာ စိတ်မကောင်းရှာပေ။



www.burmeseclassic.com

www.burmeseclassic.com



"ဆရာ"

"ဟင်"

"ဆရာ ဘာလို့ ပန်းတွေကိုအရမ်းချစ်တာလဲဟင်။ မိန်းမလည်း မဟုတ်တဲ့နဲ့"

ဦးပြည့်စုံလှံ့ မချိုပြုံး ပြုံးလိုက်မိ၏။

"မိန်းမမှ ပန်းတွေကိုချစ်ရမယ်လို့ ဘယ်သူက သတ်မှတ်ထားလို့လဲ နီတွတ်ရာ။ ပန်းချစ်တတ်တဲ့ယောကျ်ားတွေရှိသလို ပန်းမချစ်တတ်တဲ့ မိန်းမတွေလည်း ရှိနေတာပဲကွာ"

ဆရာ ဘာကိုရည်ရွယ်သည်ဆိုတာ နီတွတ် သိနေ၏။ မမလေးက ပန်းမချစ်တတ်သည့်အပြင် ပန်းပင်ရေလောင်းပေးရတဲ့နီတွတ်ကိုပင် နှုတ်ခမ်းနေရမလားဆိုပြီး တစ်ခါက ပါးကိုရိုက်ခဲ့ဖူးသည်လေ။

နီတွတ်. . . ပါးပြင်ကိုလက်နှင့်စမ်းမိရင်း အတော်ရက်စက်တတ်သည့်မိန်းမဟု မှတ်ချက်ချမိ၏။

"မင်းစဉ်းစားကြည့်စမ်း နီတွတ်၊ ပန်းကလေးတွေက သနားစရာကောင်းပါတယ်။ သခင်မချိုးသရွေ့ သူတို့ ဘယ်တော့မှ မညည်းကြဘူး။ သခင်ခြွေမှ ကြွေရတဲ့ဘဝပါ။ မိန်းမတွေကို ပန်းကလေးတွေနဲ့တင်စားပြီး နှိုင်းကြတာ သူတို့ရဲ့အလှတရားကိုပါ၊ အတွင်းစိတ်ကိုမဟုတ်ဘူး။ တချို့တကယ် ပန်းနဲ့တူတဲ့မိန်းကလေးတွေရှိသလို ကြောင်လို လက်သည်းဖွက်ပြီး ကြွက်ခိုးတဲ့မိန်းမတွေလည်း ရှိနေတာပဲ"

"ဆရာ"

"ဟင်"

"ကျွန်တော် ဆရာ့ကိုပြောချင်တဲ့စကားတွေရှိတယ်။ မပြောရဲလို့"





"မင်းဘာပြောချင်တာလဲ၊ ပြောလေ"

နီတွတ် ဆရာ့မျက်နှာကို တွေတွေလေးစိုက်ကြည့်ပြီး. . .

"ဆရာ့ရောဂါက အစက ဘာမှပြောပလောက်တာ မဟုတ်ဘဲ အခု ပိုပိုဆိုးလာလို့ပါ။ စိတ်ထိခိုက်လို့ဖြစ်ခဲ့တာ မှန်ပေမယ့် အခု ပြီးခဲ့တာတွေက ကြာခဲ့ပြီပဲ။ လှံ့လေး ဆုံးခဲ့တာတောင် ငါးနှစ်ရှိပြီ။ မမလေး တိုက်နေတဲ့ဆေးတွေကို သောက်မယ့်အစား ပါရဂူတစ်ယောက်နဲ့ ပြကြည့်ပါလား ဆရာရယ်။ ဟို. . . ကျွန်တော် ဆရာ့ကို ဆရာလုပ်တာမဟုတ်ပါဘူးနော်။ စေတနာနဲ့အကြံပေးကြည့်တာပါ"

"မင်းရဲ့စေတနာကို ငါနားလည်ပါတယ် နီတွတ်ရယ်"

နားလည်ပေမယ့် ဘာမှမတတ်နိုင်ဘူးဆိုတဲ့သဘောနှင့် ဦးပြည့်စုံလှံ့ ငြိမ်သက်သွားလေသည်။

"ဆရာဆန္ဒရှိတယ်ဆိုရင် ကျွန်တော် ကူညီပါ့မယ်"

"မင်းက ဘယ်လိုကူညီမှာလဲ"

"ကျွန်တော့်နည်း ကျွန်တော့်ဟန်နဲ့ပေါ့ ဆရာရယ်"

ညှိုးမှိန်ဖျော့တော့နေတဲ့ ဦးပြည့်စုံလှံ့ရဲ့မျက်လုံးတွေ တောက်ပသွား၏။

"လုပ်စမ်းပါဦးကွ၊ မင်းကို ငါ ဆရာတင်ပါတယ်ကွာ"

"စိတ်ချ ဆရာ၊ တပည့်ကျော်ကြီး ဉာဏ်နီ ဉာဏ်နက်တွေ ထုတ်ပါရစေဦး"

နီတွတ် မတ်တပ်ရပ်နေရာမှ မေးစေ့ကိုလက်နှင့်ပွတ်၍ ဟိုဘက်လျှောက်လိုက် ဒီဘက်လျှောက်လိုက်။

"နီတွတ်"



www.burmeseclassic.com

www.burmeseclassic.com

"ဗျာ. . . ဆရာ"

"မင်းဟာကလည်း ဒီ ဒါတွေကြဲလို့ ဘယ်လိုလုပ်မှာလဲ။ အငြေ မထွက်ခင် ငါ မင်းကိုကြည့်ပြီး မှုးလဲသေလိမ့်မယ်"

"ဟာ! ဆရာကလည်း ဒီမှာ ဆင်ကြံ ကြံနေတာကို။ စိတ်ရှည် စမ်းပါ။ တပည့်ကျော်ကြီးကို စိတ်ချလက်ချအားကိုး"

"အေး. . . တပည့်က မကျော်ခင် ငါပဲ မသာပေါ်နေဦးမယ် ကြည့်လည်းလုပ်ဦး"

"ဟာ! ဆရာကလည်း မဦးမချွတ်နဲ့"

နို့တွတ် ငြိမ်သက်သွားပြီး အတန်ကြာတော့မှ လက်ဖျောက်တီး ချက်တီးကာ. . .

"ဟုတ်ပြီ"

"ဘာလဲကွ"

"ဒီလိုဆရာရဲ့"

◙◙◙



## အခန်း (၁၀)

"အို! လုပ်ကြပါဦး. . . ဒီမှာ လုနေပြီ"

"ဒေါ်ချော. . . ဒေါ်ချော မလုပ်နဲ့လေ၊ သူများဟာကို မလုရဘူး"

"ငါဗိုက်ဆာလို့ လုစားတာ ဘာဖြစ်လဲ။ စားလို့ကောင်းလိုက်တာ။ ဟီးဟီး. . ."

"ဒုက္ခပါပဲဟယ်"

ဘုရားပန်းဝယ်နေ့တဲ့ ခေတာင်း၊ ဆူဆူညံညံအသံတွေကြောင့် နောက်သို့လှည့်ကြည့်လိုက်သည်။ ပြော်. . . ဟိုနေ့ကတွေ့တဲ့ စိတ်မနှံ့ရှာ သော အဒေါ်ကြီး။

"စားလို့ကောင်းတယ်၊ ကောင်မလေး ငါ့ကိုနည်းနည်းထပ်ပေး ပါဦးဟယ်"

"ဘာလို့ပေးရမှာလဲ၊ ရှင်ကြီးလုပ်တာနဲ့ ဒီမှာ အရင်းတောင် ရှ မှာမဟုတ်တော့ဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ပေးပါဟယ်. . . ငါဗိုက်ဆာလို့ပါ"

"မပေးဘူး၊ ဖယ်စမ်းပ်"

"ဒေါ်ချော ဒီတစ်ခါလုရင် လုတဲ့လက်ကို ဓားနဲ့ခုတ်ဖြတ်ပစ်မှာနော်။ ဒီမှာတွေ့လား. . . ဓား"

အဒေါ်ကြီးက ကောက်ညှင်းပေါင်းကို လိုက်လုလေပြန်သဖြင့် မလိုလားစွာ လုတဲ့လက်ကိုပုတ်ချပြီး ခြိမ်းခြောက်နေကြသည်။ ပန်းသည်က ပန်းရိုးတွေဖြတ်တဲ့ဓားကို ထောင်ပြလေတော့. . .

"အမယ်လေးဟဲ့၊ တကယ့်ဓားကြီး။ အဲဒါ ဘာဓားကြီးတုန်း"

"ဓားပါဆိုမှ ခုတ်တဲ့ဓားပေါ့"

"မလုပ်ပါနဲ့ဟယ်၊ အဲဒီဓားကြီးက ကျွန်ကျောင်းဓားကြီးလား မသိဘူး။ ငါကြောက်ပါတယ်. . . ငါ့ကိုမခုတ်ပါနဲ့. . . အီး. . . ဟီးဟီး"

"ကြောက်ရင် သွား"

"ဒီမှာ"

"ရှင်"

"ကောက်ညှင်းပေါင်း ငါးရာဖိုးလောက် ပေးပါ"

"ဩော်. . . ဟုတ်. . . ဟုတ်ကဲ့"

ရှိတ် ထွက်သွားတော့မည့်အဒေါ်ကြီး၏လက်ကို ဆွဲထားလိုက်ကာ. . .

"အဒေါ်ကြီး. . . နေဦး"

"ဟယ်! နင် ငါ့လက်ကိုဆွဲတယ်၊ ငါ့လက်ကိုဆွဲတာ နင် ငါ့သားလား"

ရှိတ်က ခေါင်းခါပြလေတော့. . .





"ငါ့သားလည်းမဟုတ်ဘဲနဲ့ ဖယ်စမ်းပါ"

'ဒေါ်ကြီးရဲ့သားတော့ မဟုတ်ပါဘူး။ ဒါပေမဲ့ ဒေါ်ကြီးကို ကောက်ညှင်းပေါင်း ဝယ်ကျွေးမယ့်သူ"

"ဟင်! နင် တကယ်ဝယ်ကျွေးမှာလား"

"တကယ်ပေါ့၊ ဒီမှာလေ"

ရှိတ်လက်တစ်ဖက်က ငါးရာတန်ကို ကောက်ညှင်းပေါင်းသည်အား လှမ်းပေးပြီး၊ ကောက်ညှင်းပေါင်းထုပ်ကိုယူပြီး အဒေါ်ကြီးအား ပေးလိုက်သည်။

သူဒီလိုလုပ်တာ ဆောင်းကြောင့်ပါ။ ဆောင်းက စိတ်ထားဖြူစင်ပြီး သနားတတ်သူလေးပီပီ အဒေါ်ကြီးကိုကြည့်ကာ မျက်ရည်ဝဲနေသောကြောင့်ပင်။

သူဒီလိုလုပ်တော့ ဆောင်းမျက်နှာလေး ပြုံးသွားသည်။

"ကောက်ညှင်းပေါင်းတွေ အများကြီးပဲတော့၊ ဟီဟိ. . . ငါ့ကို ကောက်ညှင်းပေါင်းဝယ်ကျွေးတဲ့ကောင်လေး။ ကျန်းမာချမ်းသာပါစေတော်၊ ငါ့ကိုစေတနာမရှိတဲ့သူတွေကတော့ သူ့ထိုက်နဲ့သူ့ကံပဲ. . . ဟွန်း"

ရှိတ် ဘေးကလူတွေကို ငဲ့ကြည့်ပြီး၊ အားနာသလို ရယ်ပြလိုက်၏ စိတ်မကောင်းတဲ့သူနဲ့ ပြိုင်ပြီးရန်လုပ်ကြမှာစိုးလို့လေ။ ရှိတ်က အဆိုတော် ဂစ်တာရှိတ်ဆိုတာကို ဟိုနေ့ကတည်းက သိထားကြတော့ နှစ်လိုဖွယ် ပြန်ပြုံးပြကြသည်။

ဆောင်းက. . . ရှိတ်ဘေးနားမှာ လာရပ်ပြီး. . .

"ရှင့်ကိုကျေးဇူးတင်ပါတယ် ဂစ်တာရှိတ်"

"ဟင်! ဘာအတွက်လဲ"



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်မလုပ်ဖို့ စိတ်ကူးလိုက်တဲ့အလုပ်ကို ရှင်က အကောင်အထည်ဖော်လိုက်လို့ပါ"

"ကိုယ့်မှာလည်း လူသားချင်းစာနာတတ်တဲ့စိတ် ရှိပါတယ်"

အဒေါ်ကြီးက ကောက်ညှင်းပေါင်းတွေကို ပလုပ်ပလောင်းဝါး နေစဉ်...

"မိချော... ဟဲ့! မိချော"

ဒေါ်ကြီးတစ်ယောက် သုတ်သီးသုတ်ပျာနှင့်ရောက်လာပြီး စိတ်မနှံ့သည့်အဒေါ်ကြီးကို အတင်းဆွဲခေါ်ကာ...

"နင် သူများတွေကို ဒုက္ခပေးပြန်ပြီ မိချောရယ်။ ငါ့မှာဖြင့် ရှာရတာ နှံ့နေပြီ"

"သူ ကျွန်မရဲ့ကောက်ညှင်းပေါင်းတွေကို လုစားတာလေ။ အဲဒါတောင် မဝသေးဘူးဆိုပြီး ထပ်လုလို့ ဒီကဈေးသည်တွေက ဝယ်ကျွေးနေတာ"

"ဖြစ်ရမယ်၊ မိချောရယ်... ညည်းကတော့လေ"

ဆိုပြီး ရှိတ်ဘက်သို့လှည့်ကာ...

"ကျေးဇူးတင်ပါတယ် ငါ့တူရယ်"

"ဟင်!"

"ဟယ်!"

ရှိတ်ဆီမှအကြည့်ကိုရွှေ့ပြီး ဆောင်းဘက်သို့အလှည့်တွင် နှစ်ယောက်စလုံး၏မျက်နှာပေါ်မှာ အံ့သြရိပ်တွေနှင့်။

"ဒေါ်... ဒေါ်ကြီး"

"နင်... နင်... ဝိုင်း မဟုတ်လား"





"ဟုတ်... ဟုတ်ပါတယ် ဒေါ်ကြီးရယ်၊ ဝိုင်းပါ... ဝိုင်းလေ နေ့ပဲ ဒေါ်ကြီးတို့အိမ်ကို လာခဲ့မလို့။ ဒါနဲ့ သူက ဒေါ်ကြီးနဲ့ ဘယ်လို တ်သက်နေတာလဲဟင်"

မိချောကို လက်ညှိုးထိုးမေးတာကြောင့် ဒေါ်စောသု ချုံးပွဲချ ပါလေတော့၏။

"အို... ဒေါ်ကြီး ဘာလို့ငိုရတာလဲ"

"ငါ ညည်းကိုညာခဲ့မိလို့ပါအေ၊ ငါ့ကိုခွင့်လွှတ်ပါ ဝိုင်းရယ်။ ငါ ညည်းကိုညာခဲ့တာ ညည်းဘဝကောင်းစားဖို့အတွက်ပါအေ။ ငါ ဘယ်လို ညာခဲ့ ညာခဲ့... ခုတော့ သွေးက စကားပြောပြီ ထင်ပါရဲ့"

"ဟင်! ဒေါ်... ဒေါ်ကြီး ဘာပြောလိုက်တာလဲ၊ သွေးက စကားပြောတယ်ဟုတ်လား။ အဲဒါ ဘာအဓိပ္ပာယ်လဲဟင်။ သူ... သူက ကျွန်မ ဘယ်လို"

"ဟုတ်တယ်... သူက ညည်းကို ငါသေပြီလို့ ညာထားခဲ့တဲ့ ညည်းရဲ့အမေ ချောစုပေါ့"

"အို!"

မီးကိုရေနဲ့ဖျန်းလိုက်သလို ရုပ်ချည်းပင် ရင်ထဲမှာ အေးမြငြိမ်း သွားတာ 'အမေ'ဆိုတဲ့အသံကြောင့်။ အမေသည် ညှိုးဖျော့နေသော တ်တို့ကို ချက်ချင်းပြန်လည်ဦးမော့စေတဲ့ ထာဝရကျောက်စက်ရေပမာ သကားရှင်ပါလား။

✽

အရှုံးပဲဖြစ်ဖြစ်...

သူတောင်းစားပဲဖြစ်ဖြစ်...

အမေဟာ အမေပဲ။



www.burmeseclassic.com

www.burmeseclassic.com



ဆောင်း ဝမ်းသာလွန်းလို့ မျက်ခွံကြားမှာ မျက်ရည်စက်တွေ ရှေ့ပြေးတပ်သားအဖြစ် အရင်ရောက်ရှိခြင်းပြီးမှ၊ ခေါ်မထွက်နိုင်သေးသည့် ရင်ထဲက အတောင့်တဆုံးသော စွမ်းပကားရှင်ကို. . .

"အမေ"

အသံက တိုးပေမယ့် ခွန်အားတွေအပြည့်။

"အမေ"

ဆောင်း အမေ့ပခုံးလေးကို ဆုပ်ကိုင်၍ ခေါ်လေတော့၊ အမေက သူမကို ကြောင်စီစီပုံစံနှင့် မော့ကြည့်နေ၏။

"အမေ. . . သမီးလေ အမေရဲ့"

"နင် ငါ့ကိုဘယ်လိုခေါ်တယ်"

"အမေလို့ခေါ်တာလေ၊ သမီးက အမေ့သမီးလေ အမေရဲ့"

"ငါ့သမီး"

"ဟုတ်တယ်. . . သူက နင့်သမီး ဝိုင်းပဲ မိချော"

"ဝိုင်း"

"ဟုတ်ပါတယ်၊ အမေ့သမီးငယ် ဝိုင်းပါ"

"သမီး"

"အမေ"

သိလို့ခေါ်တာမဟုတ်တဲ့ သံယောင်လိုက်ရွတ်ခြင်းကိုပင် ဖော်မပြ နိုင်သော ဝမ်းသာပီတိများနှင့် ဆောင်း အမေ့ကိုပွေ့ဖက်ထားမိ၏။

"အမေရယ်"

ပေကျံညစ်ထေးနေသော အမေ့ပါးပြင်ကို ဆောင်း ဘယ်ညာ နမ်းရှိုက်ပစ်လိုက်သည်။ အမေ့ပါးက သနပ်ခါးရနံ့သည် ကမ္ဘာပေါ်မှာ အမွှေးကြိုင်ဆုံးသော ပန်းရနံ့။





"တော်ပါတော့အေ၊ ကျုပ်သနပ်ခါးတွေ ပျက်ကုန်ပြီ"

"သမီးပြန်လိမ်းပေးမှာပေါ့ အမေရဲ့"

ဟွန်း၊ အကောင်းငြိမ်ခံနေတယ် မထင်နဲ့၊ နင့်ယောက်ျား ဝယ် ကျွေးတဲ့ကောက်ညှင်းပေါင်းကို စားထားလို့"

"အို. . . အမေ"

ဆောင်း သူမအမေရဲ့ပါးစပ်ကို အတင်းလက်နှင့်ပိတ်တာကို မြင် တော့ ရှိတ် ပခုံးလှုပ်အောင် ရယ်မိသည်။ ဆောင်းမျက်နှာလေးမှာတော့ ယ်ရိတွေ အရောင်ရင့်ကုန်ပြီ။

"အမေပြောသလိုမဟုတ်ဘူး အမေရဲ့"

"ဟင်၊ မဟုတ်ဘူး"

"ဟုတ်တယ်"

"ဘာလဲအေ၊ ခု ဟုတ်တယ်. . . ခု မဟုတ်ဘူးနဲ့ ဘာတွေလဲ"

"ဟိုလေ. . . အမေပြောသလိုက မဟုတ်ဘူး၊ မဟုတ်ဘူးလား တာကို ဟုတ်တယ်လို့ပြောတာ"

"ဘာတွေမှန်းမသိဘူး၊ ရှုပ်နေတာပဲ"

ဆောင်းက ဖြေရှင်းရချက်သလို 'ကျွတ်' ခနဲလုပ်၍ မဲ့၊ သူမအမေ ခေါင်းကုတ်၊ အလုပ်ရှုပ်သွားတဲ့နှစ်ယောက်ကိုကြည့်ပြီး ရှိတ်က သဘော ကျရယ်နေခဲ့။

ခေါ်စောသူကတော့ ရှိတ်နှင့်ဆောင်းကို ဘယ်လိုပတ်သက်နေ လဲဟု တစ်လှည့်စီကြည့်သည်။

"ဝိုင်း"



www.burmeseclassic.com

www.burmeseclassic.com



"ရှင်. . . ဒေါ်ကြီး"

"မတ်တပ်ကြီးအေး၊ အိမ်ကိုသွားရအောင်"

"ဟုတ်ကဲ့"

အိမ်ပြန်မယ်ဆိုတော့ ဒေါ်ချောစုကို မနည်းချော့ခေါ်ရ၏။

"ဒေါ်ကြီး"

"ဟင်"

"မမရော ပုဂံကို ပြန်လာသေးလားဟင်"

"တစ်ခါတည်းပဲလာတယ်၊ ညည်းဘယ်မှာနေလဲ လာမေး လေ။ ညည်းတို့က ပြောင်းသွားကြပြီဆိုတော့ မသိလို့ ကျုပ်က မသိဘူး ပဲ ဖြေလိုက်ရတာပေါ့"

"ဪ"

"ညည်းအစ်မက ညည်းလိုမဟုတ်ဘူးအေ့၊ သူ့ရင်ထဲမှာ သံ ဇဉ်တွေ မေတ္တာတွေ မရှိဘူး။ သူခေါင်းထဲထည့်တာက ချမ်းသာဖို့ သူ နဲ့တန်းတူ သုံးနိုင်ဖြုန်းနိုင်ဖို့ပဲလေ။ မာနကလည်း ကြီးသေး. . . တစ် မာနပါ။ အဲဒီလောဘ မောဟစိတ်တွေကြောင့်ပဲ ဒုက္ခရောက်မှာ စိုးရိမ် သေးတယ်"

"ဆယ့်ငါးနှစ်ဆိုတဲ့အချိန်ကာလမှာ သူပြောင်းလဲသွားပြီပေါ့"

"အခုမှပြောင်းလဲတာလားအေး၊ အစကတည်းက မာထန် စိတ်က ရှိရင်းစွဲ"

ဒါလည်းဟုတ်သည်။ ငယ်ငယ်ကတည်းက သူလိုချင်တာကို သူဖြစ်ချင်တာကို ဖြစ်ရမှ ကျေနပ်တဲ့မမ။ ဆောင်း မှတ်မိပါသေးသည် သူများတွေ ကျောင်းသွားရင် ထမင်းချိုင့်ကို စတီးချိုင့်လေးတွေ လက်





ဆွဲလို့။

သူကတော့. . . ကွန်ပါပုံစံဘူးလေးနှင့် ထမင်းထုပ်ရလို့ဆိုပြီး ထို ဘူးပြားလေးကို အုတ်ခဲနှင့်ကောက်ထုပြီး စတီးချိုင့်ဝယ်မပေးရင် ကျောင်း ဆက်တော့ဘူးလို့ ဆိုခဲ့သူ။

အဲဒီအချိန်မှာ. . .

ဆောင်းက အမေနဲ့အတူ ဘုရားတွေမှာ ပန်းလိုက်ရောင်းရတုန်း အရွယ်။ သမီးငယ်ကိုလက်မှာဆွဲပြီး ကိုယ်ဝန်တကားကားနှင့် ပန်းရောင်း ခဲ့ရှာတဲ့အမေ။

အမေရယ်. . .

"ဒေါ်ကြီး"

"ဟင်"

"ဆောင်းပြန်ရင် အမေ့ကိုခေါ်သွားချင်တယ်"

"ဟော!"

"ဆောင်း. . . အမေ့ကို ဆေးကုကြည့်ချင်လို့"

"ကောင်းသားပဲ၊ ကျုပ်က ညည်းအမေကို ဆေးတော့ ကုပေး ချင်ပါတယ်အေ။ ဒါပေမဲ့ တူကြီးလည်း ဆင်းရဲ၊ အဘလည်း ကျောင်းကပ် နေရတဲ့အဖြစ်မျိုးမို့လို့"

"ဒေါ်ကြီးရဲ့စေတနာတွေကို ဆောင်း နားလည်ပါတယ်"

ဆောင်း အမေ့ကို ကရုဏာမျက်ဝန်းများနှင့် တစ်ချက်ကြည့်ပြီး မိတ်ဘက်သို့လှည့်လိုက်သည်။

"ဂစ်တာရှိတ်"

"ဟင်"



www.burmeseclassic.com

www.burmeseclassic.com



"ရှင်နဲ့ကျွန်မ လူခွဲပြီးပြန်မယ်"

"ဘာလို့ခွဲပြန်ရမှာလဲ ဆောင်းရဲ့၊ အတူတူလာတဲ့သူချင်းကို"

တွေတွေငေးငေးလေးနှင့် ဆောင်း သက်ပြင်းမှုင်းမှုင်းချ၏။

"ရှင်က လူတကာပါးစပ်ဖျားမှာ ရေပန်းစားနေတဲ့ နာမည်ကြီး အဆိုတော်တစ်ယောက်လေ။ ကျွန်မအမေနဲ့မဖြစ်ဘူးထင်လို့ပါ"

"ဆောင်းရယ်"

ရှိုတ်ရင်ထဲမှာ အောင့်သက်သက်နှင့် မချိတင်ကဲဖြစ်သွားရ၏။

"ကိုယ်က မိဘမေတ္တာငတ်နေတဲ့ ရေနည်းငါးတစ်ကောင်ပါ။ အထူးသဖြင့် အမေရဲ့မေတ္တာပါ၊ အဖေဆိုတာ အမေ့မျက်နှာမရှိတဲ့ကောင် အတွက် ခါကာဘိုရာဇီလောက်ပဲ မြင့်ပါတယ်။ အမေကမှ မြင်းမိုရ်တောင်"

သူကလည်း သူ့ခံစားချက်နှင့်သူ။

"အဆိုတော်ဖြစ်ဖြစ် ဘာပဲဖြစ်ဖြစ် အားလုံးက လူပါပဲ။ ကိုယ့် ကို မခွဲခြားပါနဲ့"

"ဆောရီးပါ. . . ဂစ်တာရှိုတ်"

ရှိုတ် ဆောင်းလက်ကလေးကို ဆုပ်ကိုင်ဖျစ်ညှစ်လျက် အားပေး သောအပြုံးနှင့်. . .

"ကိုယ့်ဘဝ လှေကားထစ်တွေကြားမှာ မင်းက လက်ရန်းတစ်ခု ပါ ဆောင်းရယ်"

▣▣▣



# အခန်း (၁၁)

"ထိုင်"

ကုမ္ပဏီရုံးခန်းထဲမှာ ဦးရာဇသံလို့ထင်ရတဲ့သူနဲ့ နွေ နှစ်ယောက် သည်။ ဒီလိုတွေ့ခွင့်ရဖို့ နွေ မနည်းကြိုးစားခဲ့ရသည်။ အောင်မြင်ကဲ့လုပ် ငန်းရှင်တစ်ယောက်ဆိုတော့ သူနဲ့တွေ့ဖို့လိုက်ရတာ လင်ဗန်းဖင်ကို ဆုပ် ကိုင်ဖို့ ကြိုးစားသလိုပါပဲ။

"ဦးရာဇသံဆိုတာ ရှင်လား"

သူက နွေ့ကို ပြုံးခနဲစိုက်ကြည့်လိုက်သည်။ ရုပ်ကတော့ ချော သာမျိုးမဟုတ်ဘဲ၊ ခန့်ခြင်းသာ။ အသက် သုံးဆယ်ကျော်လောက်ပဲ ရှိဦး မည်။ ကိုမိုးပြောတာ သုံးဆယ်တောင်မပြည့်သေးဘူးတဲ့။

ဟုတ်မှာပါ။ သန်မာထွားကျိုင်းသူမို့ နည်းနည်းရင့်သလိုဖြစ်နေ သပေါ့။

"ဟုတ်လားဟင်"



www.burmeseclassic.com

www.burmeseclassic.com



"ခင်ဗျားက ဦးရာဇသံနဲ့မှ တွေ့ချင်တာလား"

"အမှန်ကိုဝန်ခံရရင် ဒီအတိုင်းပဲ"

"ဒါဆို ခင်ဗျားပြန်တော့"

"ရှင်! "

"ကျွန်တော်က ဦးရာဇသံ မဟုတ်ဘူး"

"ဒါဆို ရှင်က"

"ကျွန်တော်က ဦးထက်မြက်သူ၊ ဦးရာဇသံရဲ့ Confidant ဖ Manager (လူယုံ သို့မဟုတ် မန်နေဂျာ)ပါ။ ဦးရာဇသံက ဒီကုမ္ပဏီရဲ့ မန်နေဂျင်းဒါရိုက်တာဆိုပေမယ့် ဒီကုမ္ပဏီမှာ အလုပ်လုပ်နေတဲ့ဝန်ထမ်း တွေတောင် သူ့ကိုမမြင်ဖူးကြဘူး"

နွေ့ မျက်ခုံးနှစ်ဖက် တွန့်ကုပ်သွား၏။ ဒီလူ ဘာတွေလာပြော နေတာလဲ နွေ နားမလည်။ ကုမ္ပဏီတစ်ခုရဲ့ မန်နေဂျင်းဒါရိုက်တာတ ယောက်ကို သူ့ကုမ္ပဏီက ဝန်ထမ်းတွေတောင် မမြင်ဖူးကြဘူးဆိုတော့ ဦးရာဇသံက ဘယ်လိုလူလဲ။

ဒီလူရဲ့ကျော်ကြားမှုက စိတ်ဝင်စားစရာကောင်းသလို အခု ပို၍ စိတ်ဝင်စားဖွယ်ရာတွေရှိလာပြီ။

"ရှင်ရော သူ့ကိုမြင်ဖူးလား"

ဦးထက်မြက်သူက ပြုံးကာ. . .

"မြင်ဖူးတယ်လို့ပြောရမှာပဲ"

အဖြေက မတင်မကျပါ။ ဒီလူ ဘာတွေကို လျှို့ဝှက်ထိန်းချန်ထား ချင်တာလဲ။

"ရှင့်စကားက မတင်မကျနဲ့ ဘာလဲ"





"ခင်ဗျား နားရှုပ်သွားပြီထင်တယ်"

"ရှင်းအောင် ရှင်ပြောပြလေ"

ဦးထက်မြက်သူက ကိုယ်ကို ဆိုဖာမှာ မှီချလိုက်ရင်း. . .

"သူနဲ့ကျွန်တော် တွေ့နေရပေမယ့် ကျွန်တော် သူ့ကိုမှတ်မိတာ အသံတစ်ခုပဲ။ သူက ပုံစံအမျိုးမျိုးနဲ့လှုပ်ရှားနေတာ။ ရုပ်ပြောင်းရုပ်လွှဲ ညာတော်တယ်။ သူ့ကို နာမည်ကြီးဟိုတယ်တွေမှာ တွေ့နိုင်သလို ဆိုက္ကား စိတ်တွေမှာလည်း ဆိုက္ကားနင်းနေတာ တွေ့နိုင်တယ်။ တစ်ခါတစ်ခါ Taxi မောင်းနေတာရှိသလို ဂျာနယ်ရောင်းနေတဲ့အခါလည်းရှိတယ်။ သူက လူ ခေါင်းစုံ အလွှာစုံကြားမှာ လျှောက်သွားပြီး အမြဲတမ်း မျက်စိဖွင့် နားကို ရှင်ထားတဲ့သူလေ"

". . ."

"အဲဒါကြောင့် စီးပွားရေးလောကမှာရော ကျန်တဲ့ကိစ္စတွေမှာပါ သူမသိတာ ခပ်ရှားရှားရယ်။ သူက အမြဲတမ်း သူများတွေထက် နာတစ် ဖျားပိုသာချင်တဲ့သူဗျ။ ကုမ္ပဏီကို အရေးကြီးတဲ့ကိစ္စရှိမှလာတာ။ မဟုတ် ရင် မလာဘူး။ ကျွန်တော့်ကိုပဲ ဖုန်းနဲ့လှမ်းပြီး ဘယ်အချိန် ဘယ်သူ့ဆီ ကိုသွား၊ ဘာသွားလုပ် ညွှန်ကြားတာ။ အလုပ်လုပ်ရင် ထောင့်စေ့တယ်။ အမှားအယွင်းမရှိသလောက်ပဲ။ သူက အဲလောက်တော်တာ၊ ကျွန်တော် က အစကတည်းက သူ့မမ ဒေါ်သလင်းဖြူရဲ့ Confidant (လူယုံ)ပါ။ ဒေါ်သလင်းဖြူက သူ့မောင်အိတ်ထဲကို ကျွန်တော့်ကိုထည့်ပေးလိုက်တာ။ သူ့မောင်ရဲ့အရည်အချင်းကို Confidence ဖြစ်တယ်လေ"

ဦးထက်မြက်သူ ရှင်းပြသမျှကို နွေ ခေါင်းတညိတ်ညိတ်နှင့် နား ထောင်နေရာမှ စကားအဆုံးမှာ နှုတ်ခမ်းက တင်းခနဲစေ့ပြီးသားဖြစ်သွား၏



www.burmeseclassic.com

www.burmeseclassic.com



၏။ ရာဇသံ ဒီလောက်တော်နေရင် သူမရဲ့အကြံအစည်တွေ အောင်မြင်

မလား။

ဘာပဲဖြစ်ဖြစ်. . . ရအောင်ချဉ်းကပ်မည်ဟု ဆုံးဖြတ်လိုက်

အလင်းမှာ ဓားကိုကိုင်ထားသူထက် အမှောင်က တုတ်ကိုင်ထားသူ

အသာစီးရတယ်ဆိုတာ ဒီလူမသိသေးလို့ပါ။ စီးပွားရေးလောကမှာ ဘ

လောက်ပဲ တော်တော်၊ သူ မာယာဝက်ပါကျော် နွေထက်သာလွန်ရဲ့

ရက်ထဲမှာ တစ်နေ့ မိကိုမိခံရလိမ့်မည်။ သူမက သူမ၏အလှတရား

အဲဒီလောက်အထိ ယုံကြည်ကိုးကားသည်။

"သူက ဘာဖြစ်လို့ အဲဒီလိုလုပ်ရတာလဲ။ သူ့ရုပ်က ဘာဖြစ်

လို့ ဒီလိုလူမြင်မခံဝံ့ဘဲ ရုပ်ပြောင်းရုပ်လွှဲနဲ့ လျှပ်ရှားရတာလဲ"

"သူ့မှာလည်း သူ့သမိုင်းကြောင်းနဲ့သူပေါ့ဗျာ"

"ဒါနဲ့ ရှင် သူ့ဟန်းဖုန်းနံပါတ်ကိုတော့ သိမှာပေါ့"

"သိတယ်လေ"

"ကျွန်မကို ပေးနိုင်မလား"

"ဒေါ်နွေထက်သာလွန် ဘာလို့ သူနဲ့တွေ့ဖို့ အသည်းအသ

ကြိုးစားနေရတာလဲ"

"အလုပ်ကိစ္စကြောင့်ပါ"

"ကျွန်တော်နဲ့ ပြောလို့လည်းရပါတယ်"

"ကျွန်မ သူနဲ့ပဲတွေ့ချင်ပါတယ်၊ ဘာမဆို သေချာတာ အကောင်း

ဆုံးပဲ"

"ခင်ဗျားက ရာဇသံကို မှီနိုချင်တာထင်တယ်"

"Right... ရှင်ခန့်မှန်းတာတော့လွယ်သားပဲ"





ဦးထက်မြက်သူ ထရပ်လိုက်ပြီး နှစ်လှမ်းသုံးလှမ်းလျှောက်ပြီးမှ နွေ့ဘက်သို့ ပြန်လှည့်ကြည့်ကာ. . .

"သိပ်တော့ မလွယ်ဘူးထင်တယ်"

"ကျွန်မက ခက်ခဲတာကို ပိုပြီးစိတ်ဝင်စားတယ်"

"ဒါဆို စီးပွားရေးကိစ္စတစ်ခုတည်းရော ဟုတ်ရဲ့လား"

"ရှင် ဘာကိုဆိုလိုတာလဲ"

"ဦးရာဇသံက စိတ်ဓာတ်ခိုင်မာတယ်၊ မိန်းမတွေကို မုန်းတယ်။ သူက ခဲမှန်ဖူးတဲ့စာသူငယ်မို့လို့ လက်လှုပ်တာနဲ့ မျက်စိကို နှုတ်သီးနဲ့ထိုးဆိတ်ပစ်မယ့်သူ"

မလွယ်ပါလား။ တပည့်ကတောင် ဒီလောက် သူ့ကဲခတ်တော်နေရင် ဆရာက ချက်ဆိုတာနှင့် နားခွက်က မီးထတောက်နေမည်လား။ နွေ့ ခါတိုင်း လူတွေကို လွယ်လွယ်နဲ့ရိုက်ပြီး ခါးပိုက်ထဲထည့်လို့မရနိုင်မှန်း သိလာ၏။

ထို့ကြောင့်. . . သတိတောင် သေးသေးနဲ့မလုံလောက်နိုင်၍ သတိကြီးကြီးထားမှဖြစ်မည်။

"ကျွန်မကို သူ့ဖုန်းနံပါတ်ပဲပေးပါ၊ လက်ခံစကားပြောတာ မပြောတာက သူ့အပိုင်း"

"သူကတော့ မသိဘူး၊ ကျွန်တော်ကတော့ ခင်ဗျားကို ဖွဲ့ဆုပေးချင်တယ်"

နွေ့ မသိမသာမဲ့ပစ်လိုက်၏။ သူပေးရင်တောင် နွေ့ မလိုချင်။ လိုချင်တာက သူမကို ရာဇသံဆိုတဲ့သူ လက်ခံနိုင်ဖို့။

"ကြိုးစားကြည့်ပေါ့ဗျာ"



www.burmeseclassic.com

www.burmeseclassic.com



ဟုဆိုကာ ဦးထက်မြက်သူက ဦးရာဇသံ၏ ဟန်းဖုန်းနံပါတ်ကို ပေးလိုက်တော့. . .

"Thank you...ပါ၊ ကျွန်မကို ခွင့်ပြုပါဦး"

"OK..."

နွေ သူမ၏လက်ကိုင်အိတ်ကို မွှေ့ယမ်းတော့မတတ်၊ လွှဲခတ်၍ ကြွကြွရွရွလေး လှည့်ပြန်ခဲ့သည်။ နှုတ်ခမ်းပါးဆီမှအပြုံးသည် အရာတစ်ခုကို စိန်ခေါ်နေခြင်းဆိုလျှင်. . .

ဦးထက်မြက်သူ ဒေါ်နွေထက်သာလွန်၏နောက်ကျောကိုကြည့်ပြီး ဖုန်းကိုကောက်ယူလိုက်၏။

ခံစစ်နဲ့ဇာတ်လမ်းစခဲ့ဖူးသူက တိုက်စစ်ရဲ့သဘောတရားကို နောကြေနေလောက်ပြီ။ တိုက်ပွဲတိုင်းမှာ အောင်နိုင်သူ၊ ကျရှုံးခဲ့ရင် ဘယ်လိုကုန်းထမလဲ။ ရှုံးခဲ့ဖူးသူက နိုင်ဖို့တော့ အလဲပြန်ထိုးဦးမှာ။

ကိုယ် ကျရှုံးရမယ့်အလှည့်မှာတော့ ဒူးဖက်ပြီး မတောင်းပန်နဲ့ နွေထက်သာလွန်။ ပေးဖြစ်တုန်းက ခံခဲ့ရသူက သူ့ တူဖြစ်အလှည့်မှာ အခွင့်အရေးပေါ်တာနဲ့ ထုမှာပဲ။ ခံနိုင်ရည်ရှိအောင် ပြင်ဆင်ထားပေတော့။

"ဟဲလို"

"..."

"ဟုတ်တယ် ကိုဇ"

"..."

"ထင်တဲ့အတိုင်းပဲ နွေထက်သာလွန် ရောက်လာတယ်။ ခုမှပြန်သွားတာ"

"..."





"ကိုဇအရိပ်အောက်ကို ထိုးဝင်ချင်တာလေ။ သူ့ကို လက်တွဲခေါ်စေချင်တာ"

"..."

"လွယ်မယ်မထင်ဘူးလို့တော့ ပြောလိုက်တယ်"

"..."

"ကျွန်တာတော့ ကိုဇ သင်ပေးထားတဲ့အတိုင်းပဲ ပြောလိုက်တာ။ သူ့ကိုလျှော့တွက်လို့မရဘူး။ ကိုဇ ဖုန်းနံပါတ်ကို မရမကတောင်းလို့ ပေးလိုက်တယ်"

"..."

"ဟား. . . ဟား. . . ဟား. . . စိတ်ချစမ်းပါ ကိုဇရာ။ ကျုပ်က အလှအပကို့ ကိုးကွယ်တတ်သူမှမဟုတ်တာ။ သူ့ရဲ့ညွှတ်ကွင်းကို သက်ဆင်းမိတဲ့သူတွေက ရာဂမီးတောက်နေတဲ့သူတွေမို့လို့"

"..."

"ဟာ! ဆောရီး. . . ဆောရီး. . . ကိုဇရဲ့သိက္ခာကို စော်ကားသလိုဖြစ်သွားပြီ၊ တောင်းပန်ပါတယ်။ လူတိုင်းကို သိမ်းကျုံးမဆိုလိုပါဘူး"

"..."

"ဒါပဲနော်၊ ကိုဇ နောက်တွန့်မသွားနဲ့။ ပစ်မှတ်ထဲဝင်လာရင် ဆောင်းသာဖြုတ်ချလိုက်"

"..."

"ကိုယ့်အတွက် မပူပါနဲ့၊ အိမ်က မဒီကဲညာလေးကလွဲရင် အားလုံး ဖွဲ ဆန်ကွဲပဲ. . . ဟဲဟဲ"

ဦးထက်မြက်သူ တဟဲဟဲရယ်နေပုံကြောင့် ခန့်မှန်းကြည့်ရလျှင်



www.burmeseclassic.com

www.burmeseclassic.com



ရာဇသံနှင့်သူသည် အရင်းနှီးဆုံးသူတွေ ဖြစ်နိုင်၏။ ခေါ်ပုံကိုက ကြည့်လေ
ဒါ ချစ်စနိုးခေါ်ပုံ။

နိုင်ငံခြားမှာနေခဲ့တုန်းက. . . သလင်းဖြူက သူ့ရဲ့ကျေးဇူးရှင်
အခုထိလည်း သူ့ရဲ့အရိပ်က မလွတ်ကင်းနိုင်သေးပါ။ သလင်းဖြူက အလှ
ထက်မြက်သည့်မိန်းကလေး။ ခက်တာက ရောဂါသည်လေးဖြစ်နေခြင်းပင်
အခု ရာဇသံက သူမရဲ့အမွေကို ဆက်ခံသည့်လူငယ်လေး။

ဦးထက်မြက်သူ. . .

ရာဇသံ့အတွက်ဆို အရိုးကြေကြေ အရေခန်းခန်း ဘာမဆို
ညီဖို့အဆင်သင့်။

"ဟင်. . . ဟေ"

တစ်ဖက်မှစိတ်မရှည်သလို ဆောင့်ခေါ်သံကြားမှ အတွေးလွင့်
နေသော ဦးထက်မြက်သူ၊ အယောင်ယောင်အမှားမှားနှင့်. . .

"ဩော်. . . အေး. . . ဒါပဲ. . . ဒါပဲ"

▣▣▣



## အခန်း(၁၂)

နွေ ပလာဇာထဲမှထွက်လာပြီး ကိုယ့်ကားဆီသို့ ဦးတည်လာစဉ်
န်မိုးသက်ဆီမှ ဖုန်းဆက်သဖြင့် ခြေလှမ်းကိုတုံ့၍ စကားပြောနေဆဲ. . .

"ဒုန်း!"

"ဟင်!"

နွေ့ကားနောက်မြီးကို ကားတစ်စီးက ဒုန်းခနဲ ပြေးဆောင့်လေ
ဖြင့် ဒေါသက ထောင်းခနဲထွက်သွား၏။ ပြောလက်စဖုန်းကို အစသတ်
း သွေးဆူစွာ လှမ်းလာသောခြေထောက်မှ ဒေါက်ဖိနပ်သံက စည်းချက်
ညီ။

နွေ တစ်ဖက်ကတိုက်လိုက်တဲ့ကားထဲမှ ဆင်းမလာသေးသော
ကို ရန်လိုစွာ ငုံ့ကြည့်လေမှ၊ ပါဝါဝင်းအိုးမှန်က တဖြည်းဖြည်းလျှောကျ
ပြီး မျက်နှာတစ်ခုကိုမြင်လိုက်ရစဉ်. . .

"ဟင်!"



www.burmeseclassic.com

www.burmeseclassic.com



"ဒီလောက် ဒေါသမာန်စွယ်တွေ ပေါ်ထွက်လာပုံထောက်တော့ ဒီကားအစ်မရဲ့ကားထင်ပါတယ်။ ဆောရီးဗျာ. . . ကျွန်တော် တမင်လုပ်တာ မဟုတ်ပါဘူး။ လွတ်မယ်ထင်လို့ ဝင်လိုက်မိတာ၊ ကျွန်တော့်အမှားအတွက် ကျွန်တော် တောင်းပန်ပါတယ်။ အစ်မပြောပါ၊ ကျွန်တော့်မှာ တာဝန်ရှိ တယ်။ ဒီကားကို အကောင်းပကတိပြန်ဖြစ်အောင် ပြင်ပေးပါ့မယ်"

"ရပါတယ်။ ဒီလောက်ကြီးမှမဟုတ်တာ။ ကားမီးသီးကွဲသွားရုံ ပါပဲ"

လေသံကိုလျှော့ချပြီး ပြောလိုက်ပုံက သူမကပဲ တကယ့် စပ်ကြယ် ပျော့ပျောင်းသော မဟာဆန်သူလိုလို။ တကယ်ဆို သူမကားမီးသီး ကွဲ သွားရုံတင်မဲ့ကပါ။ ခွက်ဝင်သွားတဲ့နေရာကို သူမမြင်ဘဲ နေပါ့မလား။ သူက မျက်မမြင်မှမဟုတ်တာ။ ကားပေါ်ကနေ ဆင်းလိုက်ပြီး သူမကား ကို သေသေချာချာကြည့်၍. . .

"မီးသီးကွဲရုံတင်မကဘူးဗျ။ အခြေအနေတော်တော်ဆိုးသွားတာ ပဲ။ ဒါပေမဲ့ စိတ်ချပါ၊ ကျွန်တော် ပင်ကိုလိုပြန်ဖြစ်အောင် လုပ်ပေးပါ့မယ်"

ဟုပြောပြီး ဖုန်းကိုထုတ်ယူသည်။ ဖုန်းကိုင်တဲ့ သူ့လက်ချောင်း လေးတွေကို နွေ ငေးနေမိ၏။ ပြီးတော့ စကားပြောနေတဲ့ သူ့ရဲ့နှုတ်ခမ်း စိုစိုရဲရဲလေး။

"ခဏကြာရင် အစ်မကားကို လာယူကြလိမ့်မယ်။ လိပ်စာပေး ခဲ့လေ၊ ဘယ်ကိုပြန်ပို့ပေးရမလဲ"

"ဟို. . ."

"အခုလောလောဆယ် အစ်မ သွားချင်တဲ့နေရာကို ပြောပေး ကျွန်တော်လိုက်ပို့ပေးပါ့မယ်။ ကျွန်တော့်ကြောင့် အစ်မ အခက်အခဲမဖြ





စေရပါဘူး"

စကားပြောသံလေးက ချိုသာနူးညံ့နေသည်။ ဒါကြောင့် ထင်ပါ ရဲ့၊ လူအတော်များများကို ဒီအသံက လွှမ်းမိုးထားနိုင်တာ။

"မင်း. . . မမကိုမမှတ်မိဘူးထင်တယ်"

"ဗျာ"

"ဟိုတစ်ခါ မင်းကို မမကားနဲ့တိုက်မိမလိုဖြစ်တာလေ။ မင်းရဲ့ ဝစ်တာတောင် ကျိုးသွားသေးတယ်။ မှတ်မိလား"

သူက မျက်လုံးကိုထောင့်ကပ်၍ စဉ်းစားဟန်ပြုလိုက်၏။ မမှတ် မိဘဲနေပါ့မလား ဒေါ်နွေထက်သာလွန်။ နောက်ဘဝဆိုတာ ရှိခဲ့ရင်တောင် ဆယ်ဘဝပြောင်းသည်အထိ မေ့လို့ရမှာမဟုတ်တဲ့ ဒီမျက်နှာ။ ရင်ထဲမှာ ဆစ်ခနဲနာကျင်သွားပေမယ့် အမုန်းကို အပြုံးနှင့်ဖုံးဖိကာ ကွယ်လိုက်ရင်း

"သြော်. . . မှတ်မိပြီ မှတ်မိပြီ နာမည်က ဒေါ်နွေထက်သာလွန် တတ်တယ်နော်"

"မင်းမှတ်မိသားပဲ၊ တော်သေးတာပေါ့။ မမက အစပြန်ဖော်ပေး လို့ သဘောရသွားတာ။ အဟွန်း. . . လက်စားချေတာတော့ မဟုတ်ပါဘူး နော်၊ ဂစ်တာလေးအတွက်"

"ဟာ! မဟုတ်ရပါဘူး မမရယ်၊ ကျွန်တော် တကယ်မတော် တဆပါ"

ရင်ထဲမှာတော့ သိလို့ကို တမင်တိုက်ပစ်လိုက်တာဟု ပြောမိ၏။

"မမက စတာပါကွယ်"

"ဟော! ဟိုမှာ ကျွန်တော့်သူငယ်ချင်းတွေ မမကားကိုလာယူပြီ"

"ရှိတ်"



www.burmeseclassic.com

www.burmeseclassic.com



"ဒီကားပဲ၊ ယူသွားပြီး ကိုမျိုးနိုင်တို့ဝပ်ရှော့မှာ ပြင်လိုက်ကွာ။ အကောင်းဆုံးဖြစ်ပါစေနော်"

"အေးပါ ရိုတ်ရာ၊ ဒါပေမဲ့ အလုပ်ရှုပ်ခ၊ အချိန်ကုန်ခတော့ မင်း မစရမှာနော်"

"စိတ်ချ! ပြီးရင် မင်းတို့ကြိုက်တဲ့ Reataurant ကိုရွေး"

"အိုကေ"

ရိုတ်သူငယ်ချင်းတွေ နွေ့ကားပေါ်တက်၍ မောင်းထွက်သွားကြ၏။ ရိုတ်က နွေ့ကိုကြည့်၍ပြုံးပြတော့ နွေကလည်း ပြန်ပြုံးပြလိုက်သည်။

"မမဘယ်သွားမှာလဲ ပြောလေ၊ ကျွန်တော်လိုက်ပို့ပေးမယ်"

"မမ အိမ်ကိုပြန်မှာပါ"

"ဒါဆို တက်လေ"

ရိုတ်က ကားတံခါးကိုဖွင့်ပေးလေတော့. . .

"အားနာလိုက်တာကွယ်"

"အားမနာပါနဲ့၊ မိတ်ဆွေတွေပဲဟာ"

"မမရှေ့ခန်းမှာပဲ မင်းနဲ့အတူထိုင်လိုက်မယ်လေ၊ စကားပြောရတာပေါ့"

"ဟုတ်ကဲ့. . . မမသဘောပါ"

ရိုတ် နောက်ခန်းတံခါးကိုပိတ်ပြီး ရှေ့ခန်းကိုဖွင့်ပေးလိုက်သည်။

သူနဲ့နွေဆိုတဲ့မိန်းမဟာ ကြောင်နဲ့ကြွက်လိုပါပဲ။ ကြောင်ရဲ့ဆရာက ကြွက်တဲ့။ အခု. . .

ရိုတ်ရဲ့ဆရာက နွေထက်သာလွန်။ သူမသင်ပေးတဲ့ပညာတွေနဲ့ သူမကိုပြန်ပြီး အမှည့်ခြွေ ခြွေပစ်ရမှာ။ စိတ်တော့ မကောင်းပါဘူး ဒေါ်





...ထက်သာလွန်။ အတုံ့အလှည့်ရဲ့သဘောတရားကို ခင်ဗျား သိဖို့လိုလာ... နည်းနည်းကနေစပြီး မြည်းစမ်းကြည့်လိုက်စမ်းပါ။

"ရိုတ်"

"ခင်ဗျာ"

"ရိုတ်ရဲ့သီချင်းလေးတွေက အရမ်းနားထောင်လို့ ကောင်းတာ...နော်။ ချိုချိုအေးအေးနဲ့ အချစ်သီချင်း၊ အလွမ်းသီချင်းလေးတွေ။ ရင်...တ်နဲ့ခံစားပြီး ဆိုထားတာလား။ အပြင်မှာ တကယ်အသည်းကွဲဖူးသလား...င်"

ရိုတ် မထီမဲ့မြင်ပြုံးလိုက်၏။

"အငှားခံစားတာပါ၊ ဂစ်တာရိုတ်ရဲ့ဘဝမှာ အသည်းမကွဲဖူးပေ...ယ့် အသည်းကွဲဖူးသူတစ်ယောက်ရဲ့နှလုံးသားက ကျွန်တော့်ရင်ဘတ်ထဲ...မှာ ရှိနေတယ်"

"အဆန်းပါလား။ ဘာကိုပြောတာလဲ"

"မမ နောက်တော့သိလာမှာပေါ့၊ ပါးစပ်က ရှင်းပြနေတာထက် ...စ်စချင်းပေါ်လာတတ်တဲ့အမှုအရာတွေကို ဆက်စပ်ကြည့်။ အဲဒါကမှ ...သိထိမိမိရှိတာ"

"ဟုတ်ပါပြီ၊ ပြောမပြချင်လည်းနေ၊ ရှေ့မှာ မမတို့အိမ်ကိုရောက်...ပြီ"

ရိုတ် ခြံဝန်းကျယ်ကြီးရှေ့မှာ ကားကိုရပ်ပေးလိုက်သည်။

"အိမ်ထဲကိုဝင်ဦးလေ ရိုတ်ရဲ့၊ ရိုတ်ကို မမပေးစရာရှိလို့"

"ဘာတွေလဲ၊ ကျွန်တော်မလိုချင်ဘူး။ မမနဲ့ကျွန်တော် ခုမှခင်...တာ"



www.burmeseclassic.com

www.burmeseclassic.com



"ခုမှဆိုပေမယ့် မိတ်ဆွေရင်းတွေလို သဘောထား။ မမပေးမ
လက်ဆောင်ကိုမြင်ရင် မင်းသဘောကျသွားမှာပါ။ လာပါကွာ"

နွေက ရှိတ်လက်မောင်းကိုဆုပ်ကိုင်၍ အတင်းဆွဲလိုက်ရာ ရှိ
က အဆင်း၊ အားလွန်၍ ပြေးဖက်လိုက်သလိုဖြစ်သွားသည်။ ပြီးတေ
နွေ့ပါးပြင်နှင့် ရှိတ်နှာခေါင်းချွန်ချွန်လေး မိတ်ဆက်သွားသလို. . .

"အို!"

"ဆောရီး"

ဒါ. . . တမင်တကာလား၊ တိုက်ဆိုင်တာလား ရှိတ်ပဲ သိမ
မည်။ ဖက်ထားမိတဲ့လက်တွေကို ဖြည်လွှတ်ပေးလိုက်ရင်း. . .

"ကျွန်တော် တောင်းပန်ပါတယ်"

"ရပါတယ်"

"ကားကို ဒီအတိုင်း လမ်းမှာထားခဲ့ရမှာလား"

"ဪ. . . ဟို. . . မဟုတ်ဘူး၊ ခြံထဲကိုမောင်းခဲ့လေ"

ရှိတ်ခေါင်းညိတ်ပြသဖြင့် နှစ်ယောက်စလုံး ကားပေါ်ပြန်တ
ကာ ခြံထဲသို့မောင်းဝင်ခဲ့၏။

"မမတို့ခြံက အကျယ်ကြီးပဲနော်၊ ပြီးတော့ ပန်းတွေနဲ့ အရ
လှတယ်"

ပန်းချစ်တဲ့ယောက်ျားတွေကို နုတယ်ရွတယ်ဆိုခဲ့သောပါးစ
အခုတော့ သူမကိုယ်တိုင် ပန်းတွေနဲ့အပြိုင်. . .

"လာ. . . ရှိတ်"

အိမ်ထဲသို့ဝင်လိုက်သည်တွင် ဧည့်ခန်းထဲမှာ ဦးလှုံကိုတွေ့လိုက
ရ၏။ နီတွတ်က ဦးလှုံပခုံးတွေကို နှိပ်ပေးနေသည်။ ဒီနီတွတ်တော့. . .





"ဪ. . . နွေလေး ပြန်လာပြီလား"

"ဟုတ်တယ် ဦးလှုံ"

ဦးလှုံကိုပြောပြီး ရှိတ်ဘက်သို့လှည့်၍ တစ်ဆက်တည်း. . .

"ထိုင်လေ ရှိတ်"

"ဟုတ်ကဲ့"

ထိုင်လိုက်ပေမယ့် ရှိတ်ရဲ့အာရုံက ဦးပြည့်စုံလှုံ့ဆီမှာ။ ဦးပြည့်စုံ
လှုံက မပြုံးပြပေမယ့် တည်တင်းနေတာလည်းမဟုတ်။

"ဦးလှုံ. . . သူက ဦးလှုံအရမ်းကြိုက်တဲ့ အဆိုတော်ဂစ်တာရှိတ်
လေ"

"ဟော! ဟုတ်လား။ ဒါကြောင့် တူပါတယ်လို့ကြည့်နေတာ။ ငါတို
က VCD ထဲမှာထက် အပြင်မှာ ပိုချောနေတာကိုး"

"ကျေးဇူးတင်ပါတယ်"

အဖျားသတ်မှာ ဘယ်လိုခေါ်ရမှန်းမသိတာကြောင့် နှုတ်ခမ်းချင်း
ပိတ်၍ မဲ့လိုက်တာလား ပြုံးလိုက်တာလားမသိ။

"အန်ကယ်က ငါတို့ရဲ့အမာခံပရိတ်သတ်ပါကွာ"

"အန်ကယ့်ဆီက ခုလိုစကားကြားရတာ ကျွန်တော် အရမ်းဝမ်း
သာပါတယ်"

"ရှိတ်"

"ဗျာ"

"ဦးလှုံ့ရဲ့နာမည်အပြည့်အစုံက ဦးပြည့်စုံလှုံ့တဲ့"

"ဟုတ်ကဲ့၊ ခုလိုတွေ့ရတာ ဝမ်းသာပါတယ် အန်ကယ်"

"အန်ကယ်ကလည်း ဝမ်းသာပါတယ်ကွယ်၊ အန်ကယ်က မြွား



www.burmeseclassic.com

www.burmeseclassic.com



ရေးသမားဆိုပေမယ့် သီချင်းတွေကိုကြိုက်တယ်"

ဒါကြောင့်နွေနဲ့တွေ့ခဲ့တာဆိုတဲ့စကားကို ထည့်မပြောဖြစ်တော့

"ဒါဆို အန်ကယ် Show ပွဲတွေဘာတွေ ကြည့်မှာပေါ့"

"အင်း. . . အရင်တုန်းက ကြည့်ပါတယ်၊ ခုက စိတ်ပဲရှိတော့တယ်။ ကျန်းမာရေးက မကောင်းဘူးလေ။ အားမသန်လို့ မာန်လျှော့လိုက်ရပြီကွ"

ဦးပြည့်စုံလျှံပုံစံက တကယ်ပဲ လောကကြီးကိုအရှုံးပေးတော့မည့်ပုံစံ။ အားလျှော့ညှိုးရော်နေတဲ့မျက်နှာကို ရှိုတ် ရီဝေဝေစိုက်ကြည့်နေမိ သူ ဘယ်လိုအားပေးရမလဲ။

"သားရှိတုန်းကဆိုရင် ဦးကို ခဏခဏဂစ်တာတီးပြီး သီချင်းဆိုပြတာ။ သားက ဂစ်တာတီးလည်းကျွမ်းတယ်၊ သီချင်းဆိုလည်း ပိုင်တယ် သူ ဂစ်တာတီးပြီး သီချင်းဆိုနေရင် စိတ်ညစ်စရာရှိတောင် ပျောက်သွားတာပဲ။ ခုတော့ သူမရှိတော့ဘူးလေ"

ရှိုတ် တစ်ဖက်ကိုငဲ့ကြည့်လိုက်တော့ နွေမရှိတော့ပေ။ အပေါ်ထပ်ကိုတက်သွားဟန်တာ လှမ်းမြင်လိုက်သား။

ဦးပြည့်စုံလျှံရဲ့မျက်ဝန်းမှာ မျက်ရည်တွေ ဝေ့သီလာ၏။

"သူသိပ်ဖြစ်ချင်တဲ့အဆိုတော်တောင် သူ့ခမျာ ဖြစ်မသွားရှာဘူး"

ရှိုတ်ရင်ဝကို လက်သီးပြင်းတစ်ချက် ပစ်သွင်းလိုက်သလို ရင်ဘတ်တစ်ခုလုံး အောင့်တက်လာ၏။ ဝေ့ချင်လာသည့်မျက်ရည်ကို မျက်တောင်ဖျားနှင့် ပုတ်ခတ်သိမ်းဆည်းထားလိုက်၏။

မြင်သာမြင် မကြင်ရသည့်ဘဝဆိုသလို. . .





ကိုယ့်အဖေတစ်ယောက်လုံး ကိုယ့်ရှေ့မှာရှိနေတာတောင် ဖေဖေလို့ ခေါ်ခွင့်မရတဲ့ဘဝပါလား ဖေဖေရယ်။ အခြေအနေအရပ်ရပ်ကြောင့်ပါ ဖေဖေ။

တစ်နေ့နေ့မှာ သား ဖေဖေ့ကို ဖေဖေလို့ပိုင်ပိုင်နိုင်နိုင်ခေါ်ခွင့်ရဖို့ကြိုးစားပါ့မယ်။ လောလောဆယ်တော့ ခွင့်လွှတ်ပါ ဖေဖေ။

"သူက ဘယ်ကိုရောက်သွားတာလဲ အန်ကယ်"

"ဆုံးသွားတာပါ"

"ဪ"

ရှိုတ်. . . ဦးပြည့်စုံလျှံ၏ဘေးသို့ ရွှေ့ထိုင်ပြီး လက်ကိုဆုပ်ကိုင်ကာ အားပေးစကားဆိုလိုက်၏။

"အန်ကယ်အရမ်းခံစားသွားရပြီထင်တယ်၊ ဘာမှအားမငယ်ပါနဲ့ အန်ကယ်။ ကျွန်တော်ကလည်း မိဘမဲ့တစ်ယောက်ပါ။ အန်ကယ်လက်ခံမယ်ဆိုရင် ကျွန်တော်အားရင် လာလည်ပြီး အန်ကယ့်ကို သီချင်းဆိုပြမယ်လေ"

"မင်း တကယ်ပြောတာလားဟင်"

"တကယ်ပြောတာပါ အန်ကယ်၊ ကျွန်တော်က မိဘမေတ္တာငတ်နေတဲ့သူ၊ အန်ကယ်က သားအတွက် ယူကျုံးမရဖြစ်နေတဲ့ အဆွေးသမား၊ တစ်ကိုယ်တစ်ပြန် အားပေးနှစ်သိမ့်ကြရင် မကောင်းဘူးလား။ ကျွန်တော့်ကို အန်ကယ့်ရဲ့တူလိုသားလို သဘောထားပါ။ အမြင်မတော် အကြားမတော်တာရှိရင်လည်း ဆုံးမပေါ့။ မဟုတ်ဘူးလား"

လေပြည်သယ်ဆောင်ရာ ပန်းရနံ့တွေ မွှေးပျံ့လိုက်ပါခြင်းသို့နှယ်။ ရင်ကိုတစ်ချက်ရဲ့အသံသြရှရှ ချိုသာသာလေးရဲ့နူးညံ့ခြင်းတွေ ဆောင်ရာအရပ်မှာ၊



www.burmeseclassic.com

www.burmeseclassic.com



ဦးပြည့်စုံလျှံ၏အပြုံးနှင့်ကြည်နူးခြင်းတို့ သန္တေတည်၏။

ဒီကောင်လေး သူ့ကိုကြည့်တဲ့အကြည့်တွေထဲမှာ ရင်းနှီးကျွမ်းဝင်မှုတွေ လွှမ်းမိုးနေသည်။ သူ့ရဲ့စကားသံလေးကိုကြားရပြီး ဦးပြည့်စုံလျှံ၏ရင်ထဲမှာ သားတစ်ယောက်ကဲ့သို့ ချစ်ခြင်းဖြစ်၏။

ပြီးတော့. . . ကောင်လေးရဲ့မျက်ဝန်းလေးတွေကို သူရင်းနှီးသလိုရှိ၏။ တစ်ယောက်ယောက်နဲ့ တူနေတာလား။ နီတွတ်ကတော့ ဘာစကားမှမဆိုဘဲ ငြိမ်သက်နေသည်။

"သားရဲ့စကားကိုကြားရတာ အန်ကယ်အားရှိလိုက်တာကွာ။ ဒီနေ့ကစပြီး အန်ကယ်တို့အိမ်ကို သား တံခါးမရှိဓားမရှိ ဝင်နိုင်ထွက်နိုင်ပါတယ်"

"ရှိတ်"

"ဟင်"

နွေ ခေါ်လိုက်တာက လှေကားပေါ်က။ ရှိတ် မော့ကြည့်လိုက်တော့ သူ့ကိုပြုံးပြလေသဖြင့် ရှိတ် ပြန်ပြုံးပြလိုက်၏။ လက်ထဲမှာကိုင်လာတာက သိန်းကျော်တန် ဂစ်တာအကောင်းစားတစ်လက်။ နွေ ရှိတ်အနားကိုရောက်လာပြီး. . .

"ရော့! ဒါ မမ. . . ရှိတ်ကို လက်ဆောင်ပေးတာ"

ရှိတ် ဂစ်တာကိုတစ်ချက်စိုက်ကြည့်ပြီး. . .

"ဂစ်တာက အကောင်းစားပဲ။ ဒီလောက်တန်ဖိုးကြီးတာကို ကျွန်တော် မယူပါရစေနဲ့"

"ယူလိုက်ပါ သားရယ်၊ အိမ်မှာ တီးမယ့်သူမှမရှိတာ။ နွေက အရင်လို ဂစ်တာတီး သီချင်းဆိုဖို့ သိပ်စိတ်မဝင်စားတော့ဘူး။ စီးပွားရေး





နောက်ကို လိုက်နေရလို့လေ။ ဒါ. . . အန်ကယ့်သားကို အန်ကယ် မွေးနေ့လက်ဆောင် ဝယ်ပေးထားတဲ့ဂစ်တာလေးပါ။ သူက ဂစ်တာတွေကို စုဆောင်းရတာ ဝါသနာပါတယ်။ သခင်မဲ့နေတဲ့ဂစ်တာလေးအတွက် သားက အထိုက်တန်ဆုံးသခင်ပါ။ ယူလိုက်နော်"

ဂစ်တာကို ဦးပြည့်စုံလျှံကိုယ်တိုင်ယူပြီး ပေးလေသဖြင့် ရှိတ် ငြင်းသာတော့ဘဲ ခေါင်းညိတ်၍ ယူလိုက်သည်။ ပိုင်ရှင်မဲ့နေတဲ့ဂစ်တာလေးတဲ့။ ဘုန်းလျှံမိုးကိုင်ခဲ့တဲ့ဂစ်တာလေးကို ရှိတ် မြတ်မြတ်နိုးနိုးနှင့် ငုံ့ကြည့်နေမိ၏။

နွေကတော့ ဦးလျှံ. . . ရှိတ်ကို လိုလိုလားလားနှင့် လက်ခံစကားပြော ဖော်ရွေနေသဖြင့် ကြိတ်ကာ ဝမ်းသာရသည်။

"နွေနဲ့ရှိတ်က ဘယ်လိုသိခဲ့ကြတာလဲ"

"ဩ. . . ဟို. . . ပထမတစ်ခါက ရှိတ်ကို နွေက ကားနဲ့တိုက်မိလို့ဖြစ်တာ။ ဒုတိယအကြိမ်ကတော့ နွေ့ကားနောက်မြီးကို ရှိတ်ကဝင်တိုက်တာ"

"တော်တော်တိုက်ဆိုင်တာပဲနော်၊ ရေစက်ရှိလို့ထင်တယ်"

"ဟုတ်မယ်ထင်တယ်"

ဦးပြည့်စုံလျှံ ရှိတ်မျက်ဝန်းတွေကိုကြည့်ရုံနှင့် ရိုးသားဖြူစင်သူတစ်ယောက်ဆိုတာ ခန့်မှန်းလို့ရသည်။ ခန့်မှန်းလို့မရတာက နွေ။

ဒီနေ့. . .

နူးညံ့သိမ်မွေ့နေသလိုပဲ။ ရှိတ်နဲ့သူ့ကို မိတ်ဆက်ပေးတာ၊ သူ့ကို နွေက နွေ့ခင်ပွန်းပါလို့ ထည့်ပြီးမိတ်ဆက်ပေးတာ မဟုတ်ပေ။ သူမ ဘာလုပ်ချင်ပြန်တာလဲ။ ရှိတ်ကို အသုံးချဦးမလို့လား။ မဖြစ်နိုင်ပါဘူး။



www.burmeseclassic.com

www.burmeseclassic.com



ရှိတ်က အဆိုတော်တစ်ယောက်ပဲဟာ။ နေ့အတွက် အသုံးဝင်မှာမဟုတ်
ပေ။

ကောင်လေးက ယောကျ်ားချင်းပင် ငေးယူရလောက်အောင် ချော
မောသူ။ အောင်မြင်ကျော်ကြားသူမို့ သူမ ထင်ပေါ်ချင်လို့လား။ ဒါမှမဟုတ်
တကယ်များ. . .

"အန်ကယ်"

"ဟင်"

"ကျွန်တော့်ကို ပြန်ခွင့်ပြုပါဦးနော်"

"ဪ. . . အင်း. . . ကောင်းပါပြီကွယ်"

"မမ. . . သွားမယ်နော်"

"အင်း. . . နောက်လည်း တွေ့ရင်ခေါ်နော်"

"ဟုတ်ကဲ့ မမ"

ရှိတ် ထွက်လာခဲ့ပြီး လမ်းကိုရောက်မှ ကားကို ဖြစ်သလိုဘေး
သို့ ဆွဲချထိုးရပ်လိုက်သည်။ ရှိတ်ရင်ထဲမှာ သပ်လျှိုထားသလို တင်းကျပ်
တောင့်တင်းနေ၏။ ယောကျ်ားမငိုရဘူးလို့ သတ်မှတ်ချက်ရှိလို့လား။ ခံစား
မှုတွေကို ထိန်းချုပ်ထားခဲ့ရသမျှ. . .

ဂစ်တာကို. . .

ဆွဲယူ၊ ရင်ခွင်မှာပိုက်လျက် ဟီးခနဲ အားရပါးရ ငိုချလိုက်တာ
ကလေးတစ်ယောက်လို။

ဒီအဖြစ်ကို. . .

ဘယ်သူသိမှာလဲ။

▣▣▣



## အခန်း(၁၃)

ဆောင်း. . . အမေ့ကိုခေါ်လာပြီးကတည်းက အပြင်သို့သိပ်မထွက်
ဖြစ်ပေ။ အမေက စိတ်မနှံ့ရှာဘူးမဟုတ်လား။ ပုဂံမှာလို ဟိုလျှောက်သွား
ဒီလျှောက်သွား. . . သွားရင် ဒုက္ခ။ ဒါကြောင့် အိမ်က ထမင်းချက် ဒေါ်
ကြီးနှင့် သူမ အမေ့ကိုအလွတ်မပေးဘဲ စောင့်ရှောက်နေရသည်။

ခုတလော ရောဂါအခြေအနေက ထူးခြားလာသလိုပဲ။ အတိတ်
ကိုသတိရလိုက်၊ မရလိုက်။ စိတ်ရောဂါအထူးကုဆရာဝန်ကြီးမှာ ဖေဖေ့
ချက်နှာနှင့် နေ့စဉ်ဝတ္တရားမပျက် လာကြည့်ပေးရှာပါ၏။

ဖေဖေကလည်း ဆရာဝန်တစ်ယောက်ပါ။ နယ်မှာ တာဝန်ကျ
နေသည်မို့ ဆောင်းကို ဒေါ်ဝကြီးနှင့်ထားခဲ့၏။ ဆောင်းက ဖေဖေနှင့်လိုက်
နေချင်ပေမယ့် ဖေဖေက မခေါ်တာ။ သမီးမိန်းကလေးကို သွားလေရာ
ခေါ်သွားခြင်းထက် လုံခြုံစိတ်ချရတဲ့နေရာမှာ အခြေတကျထားတာကသာ
အကောင်းဆုံးဟုဆို၏။



www.burmeseclassic.com

www.burmeseclassic.com



ဆောင်းကလည်း လိမ္မာလို့ ယုံကြည်စိတ်ချထားခဲ့တာ။ ပြီးတော့ ဂစ်တာရှိတ်နဲ့ ဝေသီဆောင်းဟာ ကိုင်းကျွန်းမှီ ကျွန်းကိုင်းမှီဖြစ်ရမည့်တဲ့ ဂစ်တာရှိတ်ကို ဆောင်းအား ကိုယ့်ညီမအရင်းလို စောင့်ရှောက်ရန် ကတိတွေ အထပ်ထပ်တောင်းသွားတာ။

အမေ့ကိုခေါ်လာပြီး အကျိုးအကြောင်းပြောပြ၊ ဖုန်းဆက်တော့ အမေ့ကိုဆေးကုဖို့ ဖေဖေပဲ စီစဉ်ပေးခဲ့သည်။ မွေးစားမိဘတွေဆိုပေမယ့် ဖေဖေက ဆောင်းကို အသက်လောက်ချစ်တာ။ မေမေကတော့ ကံဆိုးရှာပါသည်။ ဆောင်း ရှစ်တန်းနှစ်မှာပဲ ဆုံးသွားခဲ့၏။

"ဆောင်းလေး"

"ရှင်. . . ဒေါ်ကြီး"

"လာပါဦးကွယ်. . . ဟိုမှာ သမီးအမေ ဂျီတိုက်နေလို့"

"ဘာတဲ့လဲ"

"ဒေါ်ဝကြီးကျွေးတဲ့ထမင်းကို မစားချင်ဘူးတဲ့၊ ဆောင်းကျွေးမှ စားမယ်လို့ပြောနေတယ်၊ ဒေါ်ဝကြီးက သူ့ကို အဆိပ်ခတ်မှာကြောက်လို့ မစားရဲဘူးတဲ့။ ပြီးတော့ နင်နဲ့ငါသိတာမဟုတ်ဘူး. . . မယုံဘူးနဲ့ ထလုပ်နေတာ"

ဆောင်း ပြုံးလိုက်မိ၏။ အမေ ရောဂါသက်သာတယ်ဆိုပေမယ့် အကောင်းပကတိကြီးမဟုတ်သေးတော့ တစ်ခါတစ်ခါ အဲဒီလို စိတ်ပြန်ဖောက်တဲ့အခါလည်းရှိသည်။ ဆေးရုံကဆင်းလာတော့ ဒီလောက်တောင် အခြေအနေက ကောင်းသေးတာမဟုတ်။

"အမေ"

"သမီး"





"အမေ ထမင်းမစားဘူးဆို"

"အင်း. . . သူက လူစိမ်းလေ၊ ငါ့ကိုစေတနာရှိလို့မှ မဟုတ်တာ။ ညည်းက ငါ့သမီး ဝိုင်းဆို"

"ဟုတ်တယ်လေ အမေရဲ့"

"ငါ့သမီးပဲ ငါ့ကို စေတနာရှိမှာပေါ့"

"ဒေါ်ဝကြီးကလည်း အမေ့ကို စေတနာရှိပါတယ် အမေရဲ့"

"ရှိရှိ မရှိရှိ. . . သူကျွေးတာကို အမေမစားချင်ဘူး။ သမီးရဲ့ လက်ကလေးတွေက လှတယ်၊ လူကလည်း လှတယ်၊ သမီးကျွေးတာပဲ အမေစားချင်တယ်။ သူက လှမှမလှတာ။ လက်တွေကလည်း ညစ်ပတ်နေမှာပေါ့"

ဆောင်း အားနာစွာ ဒေါ်ဝကြီးကိုကြည့်မိတော့ အောင့်သက်သက် မျက်နှာနှင့် ဒေါ်ဝကြီးခမျာ ပြုံးရတော့မလို မဲ့ရတော့မလို။ စိတ်ထဲက အရူးက စစ်မှုးသာတယ်ဆိုတာ ဒါမျိုးလို့ ပြောနေမလား။

"အဲဒီလိုမပြောရဘူး အမေရဲ့။ ဒေါ်ဝကြီးကို အားနာစရာ"

"အားမနာပါနဲ့ ဆောင်းရယ်၊ ဒေါ်ဝကြီး နားလည်ပါတယ်"

ဆောင်း ခေါင်းညိတ်ပြုံးပြလျက် အမေ့ဘေးမှာဝင်ထိုင်ရင်း. . .

"အမေ့ကို သမီးကိုယ်တိုင် ငါးရိုးနွှင်ပြီးကျွေးမယ်။ ထမင်းများများစား။ အဲဒါမှ အမေ့ကျန်းမာရေးကောင်းမှာ"

"သမီးကျွေးရင် အမေက စားမှာပေါ့"

ဆောင်း ငါးရိုးလေးတွေနွှင်ပြီး အမေ့ကိုစိတ်ရှည်လက်ရှည်နှင့် ထမင်းကျွေး၏။ မိဘရှိနေသေးသောလူအချို့သည် မိဘမေတ္တာကို တန်ဖိုးထား ကိုးကွယ်ရကောင်းမှန်းမသိတတ်ကြပေမယ့်၊ မိဘရင်ခွင်နှင့် ဝေးကွာ



www.burmeseclassic.com

www.burmeseclassic.com



ခဲ့ဖူးကြသောသူများက မိဘရင်ခွင်ရိပ်ကို ခိုဝင်ဖို့ မျှော်လင့်တောင့်တကြသည်။

အမေသာရှိနေရင် ဆောင်းအတွက် ဘာမှမလိုအပ်ပါဘူးလေ။ နွေကာလမှာ အမေ့မေတ္တာသည် အအေးမြဆုံးသော ထနောင်းရိပ်။ ဆောင်းမှာတော့. . . မန်ကျည်းဆိုတာထက် အနွေးထွေးဆုံးသောမေတ္တာသည် အကောင်းဆုံးသော စောင်တစ်ထည်။

မိုးရာသီမှာတော့ အမေ့ရင်ခွင်သည် အလုံခြုံဆုံးသော ထီးတစ်လက်။ ရေနဲ့ဝေးခဲ့သည့်ရွှေကြာလေးသည် ယခုတော့ ကံကြမ္မာတစ်ဖန် သာယာသံပေးလို့ ရွှေကန်မှာ ဒီကြာလေး အေးချမ်း မွေးလန်းခွင့်ကြုံခဲ့ပါပြီ။

ကျေးဇူးတင်ပါတယ် ကံကြမ္မာ. . .

"ဆောင်းရေ"

အသံကိုကြားလိုက်တာနှင့် ဆောင်း လည်ပင်းလိမ်ကြည့်လိုက်၏။

"ဂစ်တာရှိတ်"

ရှိတ်က ပြုံးလျက် ထမင်းဝိုင်းဆီသို့ လျှောက်လာကာ ငုံ့ကြည့်လျက်. . .

"ဟား. . . ဟင်းတွေက စုံနေပါလား။ အနံ့ကတော့ အိမ်ထဲဝင်လာကတည်းက ရတာ။ ဗိုက်ဆာနေတာနဲ့ အတော်ပဲ"

"ဘယ်သူက ကျွေးမယ်ပြောလို့လဲ"

"မကျွေးဘူးလား"

"တျန်ကုန်ရင် အလဟဿဖြစ်မှာစိုးလို့ အပိုမချက်ဘူး"

"ကောင်းရော"





"လာမယ်ဆို ကြိုပြီးပြောထားပါလား"

"အရက်ပြေတော့ နည်းနည်းကျွေးကွာ"

"အောင်မာ! ဘာလို့ကျွေးရမှာလဲ"

"ဒီလောက်တွန့်တိုမှန်း ခုမှသိရတယ်"

"တွန့်တိုရမယ်လေ၊ ဒီက မိဘလုပ်စာထိုင်စားနေရတာရှင့်။ ရှင့်လို ကိုယ်ပိုင်ဝင်ငွေမရှိဘူး"

"ဒါဆို ကိုယ် ထမင်းလခပေးစားမယ်၊ ဘယ်နှယ်လဲ"

ဆောင်း သူ့ကိုမျက်စောင်းထိုးပြီး အမေ့ဘက်သို့လှည့်လိုက်တော့ အမေက ဆောင်းကိုတစ်လှည့်၊ သူ့ကိုတစ်လှည့်ကြည့်ကာ. . .

"ကျွေးလိုက်ပါ သမီးရယ်၊ သူလာရင် အမေ့ဖို့ မုန့်တွေအများကြီးဝယ်ဝယ်လာတာ။ လာ. . . လူလေး၊ အမေနဲ့အတူတူစား"

အမေက သူ့ပန်းကန်ကို ရှိတ်ဘက်သို့တိုးပေးရင်း ရှိတ်လက်ကိုဆွဲခေါ်သည်။

"တွေ့လား. . . မင်း စေတနာမရှိပေမယ့် အမေက ကိုယ့်ကို ပယ်မထားဘူး"

ဟုပြောပြီး အမေခွဲ့ကျွေးသည့်ထမင်းကို သူက မရှံ့မရှာနှင့် စားလေသည်။

"ငါ့ဖို့ မုန့်ပါသေးလား"

"ပါတာပေါ့ အမေရဲ့. . . အများကြီး။ ညှော်ခန်းထဲက စားပွဲပေါ်မှာ တင်ထားခဲ့တယ်"

"အဲဒါကြောင့် နင့်ကိုငါချစ်တာ သိလား"

သူက ရယ်လျက်. . .



www.burmeseclassic.com

www.burmeseclassic.com



"အမေ ကျွန်တော့်ကိုတကယ်ချစ်တာလား"

"တကယ်ပေါ့၊ နင့်ကိုရော သမီးကိုရော ချစ်တာ။ ဒါနဲ့ နင် ဘာလို့ ပြန်ပြန်သွားရတာလဲ။ ဒီမှာနေပါလား"

"ဒီမှာနေလို့မဖြစ်လို့ပေါ့ အမေရဲ့"

"ဟင်! မဖြစ်ဘူးလား"

"မဖြစ်ဘူး"

အမေက ရှိတ်ကို တွေတွေကလေးစိုက်ကြည့်ပြီး အတန်ကြာ

"ဒါဆို နင်မပြန်ရအောင် ဒီလိုလုပ်ပါလား"

"ပြောပါဦး"

"နင်တို့နှစ်ယောက် လင်မယားလုပ်လိုက်"

"အို! အမေ"

"အဟွန်း. . ."

ဆောင်းမျက်နှာလေး ရဲရဲနီလျက် ဘယ်မှာဝှက်ထားရမှန်း မ တော်သေးတာပေါ့၊ အနားမှာ ဒေါ်ဂျိုးကြီးမရှိတော့လို့။ မဟုတ်ရင် ဆော ထပြေးမိမလားပဲ။

ဒါကို သူက လှောင်သလိုကြည့်၍ ရယ်သည်။

"ရှင်က ဘာရယ်တာလဲ"

"မရယ်ပါဘူး"

ရှိတ် ခြောင်ညာလေသည်။ နှုတ်ခမ်းကို တင်းတင်းစေ့ပိတ် တစ်ဖက်သို့လှည့်ပြီးမှ အပြုံးကို ရှေ့ဆက်ခွင့်ပေး၏။ ဆောင်း အရှက်သ ပြီး ထပြေးသွားမှာစိုးလို့ ကိုယ့်ပါးစပ်ကိုယ် မနည်းကြီး သွန်သင်လိုက် လမ်းကြောင်းပြောင်း၍ ဦးတည်လျက်. . .





"အမေ"

"ဘာတုန်း"

"ထမင်းစားလို့ကောင်းရဲ့လား"

"ကောင်းတယ်၊ နင်လည်းစားလေ"

အမေ ထမင်းတွေ ထပ်ခွံ့ကျွေးပြန်၏။

"ဂစ်တာရှိတ်"

"အင်း"

ထမင်းလုတ်နဲ့မို့ မထူးဘဲ အသံဝေးတာ ဆောင်းသိသည်။

"ရှင် ကျွန်မအမေကို အမေလို့မခေါ်ပါနဲ့"

"မြို့မကျအောင် ပြောပြန်ပြီ"

"ကျွန်မပြောတာ ထမင်းနဲ့မဆိုင်ဘူး"

"သိတယ်"

"သိလျက်နဲ့ရှင်"

"ဟ! ကိုယ့်အဒေါ်အရွယ်မို့ လေးစားသမှုနဲ့ ချစ်လို့ခေါ်လို့ခေါ်တာ ဘာဖြစ်လဲ"

"မခေါ်နဲ့"

"ခေါ်မယ်"

"မခေါ်ပါနဲ့ဆို"

"ခေါ်မယ်ကွာ"

"ကဲ!"

"အား. . ."

ထပြီး ကျောပြင်ကိုထုလိုက်တဲ့အားက မသေးတာကြောင့် ရှိတ်



www.burmeseclassic.com

www.burmeseclassic.com



ကျောကော့၍ ရှုံ့မဲ့သွားလေသည်။

အမေက မျက်လုံးပြူးကလေးနှင့် ဆောင်းကိုတစ်ချက်ကြည့်ပြီး ထရပ်ကာ၊ ရှိတ်ကျောပြင်ကို သူမလက်ဝါးနှင့်ပွတ်သပ်ကာ၊ ဘာတွေမှန်း မသိ ပါးစပ်တလှုပ်လှုပ်နှင့် မန်းမှုတ်နေသည်။

အမေ ထမင်းဝသွားပြီမို့ ဆောင်းက ပန်းကန်တွေဆေးဖို့ ဘေဆင် သို့သယ်သွားစဉ် ဒေါ်ဝကြီးရောက်လာပြီး မေးလေ၏။

"နာသွားလားဟင်"

"နာတာပေါ့ အမေရဲ့၊ အဖေ့သမီး အရမ်းရက်စက်တယ်"

"အို! အဲဒါ ရက်စက်တာမဟုတ်ဘူး လူလေးရဲ့"

"ဟင်! ဒါဆိုဘာလဲ"

"ချစ်တာ၊ ချစ်လို့ ကျိုစားတယ်လို့မှတ်"

"ဗျာ"

"အမေ"

ဒီတစ်ခါ အနားမှာ ဒေါ်ဝကြီးနှင့်မို့ ဆောင်း အပြင်သို့ပြေးထွက် လာခဲ့သည်။ ရှက်လိုက်တာ။

"ဆောင်း"

"အို. . .ဘာလို့လိုက်လာတာလဲ"

"အမေပြောတာ တကယ်လား"

"ရှင်ဘာတွေလာမေးနေတာလဲ၊ မသိဘူး"

"ဟုတ်တယ်ဆိုရင် ကိုယ်က စဉ်းစားပေးမလို့"

"သေလိုက်"

ဆောင်း အပေါ်ထပ်သို့ ပြေးတက်သွားလေသဖြင့် ပြန်ဆင်းမ





တော့ဘူးဆိုတာ ရှိတ် သိပြီးသား။

ဒါကြောင့်. . .

ခြေလှမ်းတွေကို နောက်သို့ဆုတ်လိုက်ရသည်။

▣▣▣



www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၁၄)

ရာဇဿံ၏ဖုန်းနံပါတ်ကိုရကတည်းက နွေ နေ့တိုင်း ခဏခ ဆက်ကြည့်သည်။ မရ. . . လုံးဝမရ။ ဘာလို့ ဖုန်းပိတ်ထားတာလဲ။ ထက်မြက်သူ သူမကိုလှည့်စားလိုက်တာလား။ ဒါလည်းမဖြစ်နိုင်။ အထ ကြီးအကိုင်ကြီးလုပ်နေတဲ့သူက ဒီလိုကလေးကလားကိစ္စတွေ ဦးနှောက် ထည့်မှာမဟုတ်။

ဒါဆို. . . ရာဇဿံ ဖုန်းပိတ်ထားတာပေါ့။ လုံးဝဖွင့်မထားဘဲတော့ နေမှာမဟုတ်ဘူး။ သူ့မှာ အခြားဖုန်းတွေ ရှိနေဦးမှာပေါ့။

"တောက်!"

စိတ်ရှည်ရှည်နှင့်ဆက်နေသော်လည်း မရသည့်အဆုံး ဒေါသ ဖြစ်နှင့် သူမ ဖုန်းကိုပဲလွှင့်ပစ်မိသည်။

"နွေ"

"မခေါ်နဲ့. . . တကယ့်တကယ်မှာ ရှင်အသုံးမကျဘူး"





"အဲဒီလိုတော့ မပြောနဲ့နွေ၊ ရာဇဿံ တော်တာကိုလည်း ထည့်ပြောဦး"

"အရင်က ရှင်သိပ်မညံ့ပါဘူး"

"မန်နေဂျင်းဒါရိုက်တာဆိုပြီး အခန့်သား သူက မနေတော့"

"တော်တော့၊ နားငြီးတယ်"

လိုသလောက် ခရီးမပေါက်နိုင်ဖြစ်နေပြီမို့ နွေ အရာရာကို စိတ်တိုင်းမကျနိုင်။

ဟန်မိုးသက် နားလည်ထား၏။ သူ့အလိုမကျလျှင် နွေ ကိုယ့်ကို နှာထုတ်တော့မယ်ဆိုတာ။ အဲဒီလို သူအဖြစ်မခံနိုင်။ နွေ့ကို ကိုယ် ဘယ်လောက်စွဲလန်း ရူးသွပ်နေပြီဆိုတာ ကိုယ်သာအသိဆုံး။ သူ့မှာ မုဆိုးက သားကောင်ပြန်ဖြစ်သွားခဲ့တာ။

"ကိုယ် ထပ်ကြိုးစားပါ့မယ်"

"ကောင်းပြီ၊ နောက်ထပ် အခွင့်အရေးပေးမယ်၊ ရေဘူးပေါက်တာကို ကျွန်မမလိုချင်ဘူး၊ ရေပါတာပဲ လိုချင်တယ်။ ကျွန်မဆန္ဒကို ဖြည့်ဆည်းမပေးနိုင်ဘူးဆိုရင် အနားကပ်ဖို့ မကြိုးစားနဲ့"

"ကိုယ်သိပါတယ်"

နွေ့ဖုန်းဆီမှ အသံမြည်လာသဖြင့် လွှင့်ပစ်ထားသည့်နေရာမှ ဟန်မိုးသက် ပြန်ကောက်ပေးလိုက်၏။

"ဟဲလို"

နွေ အသံပေးလိုက်သည်နှင့်. . .

"မမ"

"ဟင်"



www.burmeseclassic.com

www.burmeseclassic.com



တစ်ဖက်ကထွက်လာသည့်အသံက ကြည်ကြည်လင်လင်။

“ရှိတ်”

“ဟုတ်”

“ပြောလေ၊ ဘာကိစ္စရှိလို့လဲ”

“ဘာကိစ္စမှမရှိဘူး၊ သတိရလို့ဆက်တာ”

နွေ့မျက်နှာ ချက်ချင်းပြုံးကျသွားသဖြင့် ဟန်မိုးသက် ကို… မြည်အောင် သွားချင်း ရန်တိုက်ပေး၏။ ရှိတ်ဆိုတာ အဆိုတော်ဂစ်… ရှိတ်ပဲဖြစ်မှာပေါ့။ ဒီနာမည်မျိုးက နှစ်ယောက်မှမရှိနိုင်တာ။ နွေ့စိတ်… သူ့အသိဆုံး။

ကောင်လေးက နွေ့ထက်ငယ်သလို ချောသည်။ သူတို့လို … သဘာရင့်ပုဂ္ဂိုလ်တောင် နွေ့အလှကွန်ရက်ထဲမှာ မြူးမိတဲ့ငါးကလေး… ဒီကောင်လေးက ဘာသားနဲ့ထုထားတာမှတ်လို့။ နွေ ဘာရည်ရွယ်ချက်… ဒီကောင်လေးကို ငါးစာချသလဲဆိုတာတော့ စဉ်းစားလို့မရနိုင်ပေ။

ကေန္တ. . .

ကောင်လေးကို သူမ တကယ်ကြွေနေတာလား။ စဉ်းစားကြ… လေ။ အဖြေက ဖြစ်နိုင်သလို မဖြစ်နိုင်ခြင်းအကြောင်းတရားတွေကလည်း အများကြီး။

“သတိရလို့. . . ဟုတ်လား”

“အင်း. . . ဘာဖြစ်တာလဲမသိဘူး၊ မမကို အိပ်မက်တောင်… တယ်၊ အချိန်တိုင်းလိုလို သတိရနေလို့ DJ ကတောင် စနေတာ။ သိရ… တိုက်လို့မရလို့လေ”

“အဲဒါတော့ ပိုပြီထင်တယ်”





“မပိုပါဘူး မမရယ်၊ မယုံရင် DJ ကိုမေးကြည့်ပါလား၊ အနား…ရှိတယ်”

“အို. . . မင်း ဘာလို့ သူများရှေ့မှာ လျှောက်ပြောနေတာလဲ”

“လျှောက်မပြောပါဘူး၊ နံရံကိုကျောကပ်ပြီး ပြောနေတာ”

“မင်းကတော့လေ”

ရှိတ်၏ရယ်သံသဲ့သဲ့သည် နွေ့နားထဲမှာ ပျားရည်မြစ်တစ်စင်း …င်သွားသည့်အလား။

“မမ”

“ဟင်”

“အခု မမဘယ်မှာလဲ”

“ဘာလုပ်မလို့လဲ”

“လာခဲ့မလို့”

“မမ. . . ကုမ္ပဏီမှာကွ၊ မလာနဲ့နော်၊ နောက်နေ့မှ တွေ့ကြတာ…”

“OK!...Promise (ကတိ)နော်”

“အင်းပါ”

နွေ ဖုန်းကိုပိတ်လိုက်ပြီး ဟန်မိုးသက်ဘက်သို့လှည့်လိုက်စဉ်. . .

အလို! နွေ့ကိုကြည့်နေတဲ့မျက်လုံးတွေက မကျေနပ်ခြင်းတွေ ပြည့်…လျှက် စူးစူးရဲရဲ၊ နွေက ဂရုစိုက်မှာတဲ့လား။ မကျေနပ်ရင် သွားပေါ့။ …ာ အရေးစိုက်မယ့်သူမှမဟုတ်တာ။ တွဲသောလက်ကိုဖြုတ်ချဖို့ အချိန် …န်နေပြီပဲဟာ။

“နွေ”



www.burmeseclassic.com

www.burmeseclassic.com



"ပြော"

"မင်း ဘာအချိုးချိုးတာလဲ"

"နွေ့အတွက် ဆန်းသလား ကိုမိုး"

"ဒီကောင်လေးက မင်းအတွက် ဘာအကျိုးကျေးဇူးပြုနိုင်လို့လဲ"

နွေ ခေါင်းကိုမော့၍ ခပ်လျောင်လျောင့်ရယ်ပစ်လိုက်သည်။

"Every little helps. (သေးငယ်စေကာမူ စွမ်းဆောင်နိုင်ခြေ)တဲ့ ကိုမိုးရဲ့။ ပုစွန်ဆိတ်ကလေးက ပင်လယ်ကို လက်ပစ်ကူးတတ်သလို ခရုလေးကလည်း တိုင်ထိပ်ရောက်အောင်တော့ တက်နိုင်တာပဲလား"

"ကိုယ် မင်းကိုနားမလည်နိုင်တော့ဘူး နွေ"

"ရှင်. . . တစ်နေ့နားလည်လာလိမ့်မယ်၊ လောလောဆယ်တော့ ရာဇသံကို တွေ့နိုင်ဖို့ပဲကြိုးစား။ မဟုတ်ရင်တော့ ရှင့်လက်ကိုဖြုတ်ချထားခဲ့မှာ"

ဟန်မိုးသက် သက်ပြင်းရှည်ကြီးချမိ၏။ ခုမှ သူ့မှာ ပဒိုင်းသီးကိုင်ထားမိသလိုပါပဲ။ ဆုပ်လည်းစူး၊ စားလည်းရူး။ နွေက ပြောရင် ပြောသလို လုပ်တတ်သူ။ သင်ခုန်းစက်ကို ကြာပန်းထင်ပြီး တောင်းယူခဲ့သူက ကိုယ်မို့။

ဝဋ်ကြွေးရှိသမျှ ခံရပေဦးတော့မည်။ မချစ်တတ်သူကိုမှ အချစ်ဝတ်နေပါသည့် အသနားခံမိတာ ကိုယ့်အမှား။

"မင်းရဲ့စိတ်တိုင်းကျ အမြဲဖြစ်စေချင်တဲ့ကိုယ်ပါ နွေ။ ကိုယ့်လက်ကိုတော့ ဖြတ်မချခဲ့ပါနဲ့"

"ရှင့်အရည်အချင်းပေါ်မှာ မူတည်ပါတယ်"

"ကိုယ် ထိပ်ဆုံးရောက်အောင် ကြိုးစားမယ်။ ပြီးရင် နွေနဲ့လက်ထပ်မယ်"





"လက်ထပ်ဖို့ ရှင့်အတွက်နဲ့ သိပ်အရေးကြီးနေသလား"

"နွေ့ကို ကိုယ်တစ်ယောက်တည်းပဲ ပိုင်ဆိုင်ချင်တယ်"

သိပ်အတ္တ ကြီးတဲ့လူလို့ မပြောဖြစ်တာ ကိုယ်က သူ့အတ္တထက်ပိုကြီးမားနေလို့ပါ။ သူက အချစ်ကိုဆုပ်ကိုင်ပြီး ဘဝကိုဝါးမြိုချင်သယ့် နွေက ခပ်ညှံ့ညှံ့မိန်းမမဟုတ်။

နှလုံးသားမရှိဘူးလို့ပြောပြော. . .

အစိမ်းရောင်အသည်းပိုင်ရှင်ပဲဆိုဆို. . .

အချစ်သည် သူမနှင့်အစပ်အဟပ်မတည့်ခဲ့ဘူးလေ။

"နွေ့ကိုပိုင်ဆိုင်ရဖို့အတွက် ကိုယ် ဘာမဆိုလုပ်နိုင်တယ်"

ပခုံးကိုတွန့်၍ ပြုံးလိုက်တဲ့အထဲမှာ စိမ်းသက်ခြင်းတွေ တစ်စွန်းတစ်စပါနေမှန်းသိရင်. . .

ဟန်မိုးသက်. . .

မိုးကို ဒူးနဲ့တိုက်မလား။ နံရံကို ခေါင်းနဲ့ပြေးဆောင့်မလား။

▣▣▣



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၄)

"မင်းဟာက မဟုတ်သေးပါဘူး ရှိတ်ရာ"

"ဘာကိုလဲ ကိုစိုးဝေ"

"ဆောင်းကိုထားပြီး ဘာလို့ တခြားတစ်ယောက်ကို အီစီကလီ လုပ်နေတာလဲ။ တို့ကတော့ မင်းကို ဆောင်းနဲ့ပဲ သဘောတူတာနော်"

ပြတင်းပေါက်ကနေ အပြင်ဘက်သို့ လှမ်းကြည့်နေသော ရှိတ် တံခါးဘောင်ကိုလက်ထောက်လျက်မှ ကိုစိုးဝေကို သမင်လည်ပြန်ကြည့် လိုက်သည်။

နွေထက်သာလွန်ဆိုတဲ့မိန်းမ. . .

သူမရွှေ့တော်မှောက်ကို အခစားရောက်တုန်းခဏ၊ ရှိတ် နူးညံ့ သိမ်မွေ့ခြင်းတွေကို အငှားသယ်ဆောင်ပြီး၊ ကွယ်ရာရောက်မှ အံကြိတ် ကာ နောက်ကျောကိုဓားနဲ့ထိုးဖို့ ကြိုးစားနေတာ ဘယ်သူသိသလဲ။ ချက် ကောင်းကိုချိန်ပြီးမှ တစ်ချက်တည်း ပုံလျက်လဲအောင် ရိုက်ချချင်တာ





"ဘာတွေကိုစိတ်ကူးလွဲနေတာလဲ ရှိတ်၊ ဝေသီဆောင်းကမှ မင်း အတွက် အသင့်တော်ဆုံး အလိုက်ဖက်ဆုံးမိန်းကလေးကွ"

ရှိတ် ဖြစ်နိုင်လျှင် ဘယ်ဘက်ရင်အုံကို ဓားနဲ့ထိုးခွဲပြီး နှလုံးသား က ကာရံမမီနိုင်သောကဗျာကိုထုတ်ပြီး ရွတ်ပြလိုက်ချင်ပါသည်။

ဆောင်းသည်သာ ကျွန်တော့်တဝ. . .

ဆိုတဲ့ခေါင်းစဉ်နဲ့ပေါ့။

"ရှိတ်"

ကိုရန်နိုင်က ရှိတ်နောက်မှာ လာရပ်ပြီးခေါ်၏။

"စောစောက မင်း. . . ဖုန်းဆက်တဲ့မမဆိုတာ နာမည်က ဘယ် သူလဲ"

"နွေ. . . ထက်. . . သာ. . . လွန်"

"ဟ! "

နာမည်တစ်လုံးချင်းစီရဲ့အထဲမှာ အမုန်းတွေ၊ နာကြည်းချက်တွေ၊ ကျေနပ်မှု၊ ဒေါသတို့ကို ရောသမမွှေပြီး အစာသွပ်ပစ်လိုက်တာကို ကို ရန်နိုင်ကတော့ မသိရှာပေ။

"နွေထက်သာလွန်ဆိုမှတော့ ပူလောင်ပြီပေါ့ ရှိတ်ရာ"

"မင်းတော့ လူပြုစားခံရပြီထင်တယ်"

"ဆောင်းက ဘာဖြစ်လို့လဲ"

"ဘာမှမဖြစ်ပါဘူး ဖြစ်နေတာက ကျွန်တော်"

"မင်းနှလုံးသားရဲ့လက်တံက မီးပြတိုက်ကို ညွှန်နေတာ"

ကိုစိုးဝေနှင့်ကိုရန်နိုင်၊ ရှိတ်ကို တစ်မျိုးပြီးတစ်မျိုး ဝေဖန်နေကြ သည်။ ရှိတ်ကတော့ ငြိမ်သက်စွာ ပြောသမျှကို နာခံနေသလိုနှင့် ဆန့်ကျင်



www.burmeseclassic.com

www.burmeseclassic.com

နေတာ။ နှလုံးသားချင်း စီးချင်းထိုးလို့ အလဲထိုးခံ၊ ကျရှုံးခဲ့ရတဲ့နှလုံးသား တစ်ခုအတွက် နှလုံးသားချင်းပဲ ပြန်လည်စိန်ခေါ်တိုက်ပွဲဝင်ရမည်။

ဘုန်းလျှံမိုးအတွက်. . .

ရှိုတ်ရင်ထဲမှာ အမုန်းကြွေးတွေ ခြေရာထပ်နေ၏။ ဂစ်တာရှိုတ်ဆိုတာ ကြင်နာတတ်တဲ့နှလုံးသားပိုင်ရှင်။ ဒါပေမဲ့ နွေထက်သာလွှန်အတွက်တော့ လုံးဝမဟုတ်။

"ရှိုတ်"

". . ."

"မင်းခြေလှမ်းတွေကို နောက်ဆုတ်တာ ကောင်းလိမ့်မယ်။ ငါက တော့ ဆောင်းဘက်က ရပ်တည်မှာ"

"အေးလေ. . . ဆောင်းကမှ မင်းအတွက် ပါရမီဖြည့်ဘက်ဖြစ်မှာ"

"ကျွတ်!"

"နားပူတယ်ဗျာ၊ ဖအေကြီးတွေကျနေတာပဲ၊ တကယ်ကျပ်တယ်"

"တကယ်ဖြစ်ရင် အကောင်းသား။ အဲဒါမှ အဖေဆိုတဲ့ပါဝါ အာဏာတွေနဲ့ မင်းကို နားရင်းအုပ်လို့ရမှာ"

ကိုဝိုးဝေက မကျေမချမ်းနှင့်ဆိုသည်။ ရှိုတ်ကတော့ အပြုံးမပျက် ပြတင်းပေါက်ကိုစွန့်ခွာခဲ့ပြီး ဂစ်တာကိုကောက်ထမ်းလေလျှင်. . .

"ဒါက ဘယ်ကိုလဲ"

"မမတို့အိမ်"

"တော်တော်ပြောစကားနားထောင်တာပဲ"

"တုတ်အောက်က ခုန်ထတယ်ဆိုတာ ဒါမျိုး"





"နောက်ကနေလိုက်ပြီး နားရင်းအုပ်ချင်လိုက်တာ"

ရှိုတ် ဂရုမစိုက်သလို နောက်ပြန်လက်ပြ၍ ထွက်လာခဲ့သည်။ နွေထက်သာလွှန်နဲ့ ဘုန်းလျှံမိုးတို့သားအဖရဲ့ မလှပတဲ့သမိုင်းကြောင်းတွေကို တစ်နေ့တော့ သူတို့သိအောင်၊ ရှိုတ် နောက်ကြောင်းပြန်လှန်ပြပါဦးမည်။

အဲဒါမှ. . . ရှိုတ်ကို သူတို့နားလည်ကြမှာ။ လောလောဆယ်တော့ မျောက်ပြပြီး ဆန်တောင်းသလိုမျိုး၊ နွေထက်သာလွှန်ကို အကြောင်းပြ၍ ရှိုတ် နှစ်ပေါင်းများစွာ ဝေးကွာနေခဲ့ရသောဖေဖေ့အနားမှာ ရှိနေချင်သည်။

"ဟာ! ဂစ်တာရှိုတ် လာတယ်"

"အန်ကယ်ရှိလား ကိုတွတ်"

နီတွတ် ကြောင်စီစီဖြစ်သွားလေ၏။

"မင်း. . . ငါ့နာမည်ကို သိနေတယ်"

"သိတာပေါ့၊ အန်ကယ်ခေါ်တာ ခဏခဏကြားနေရတာကိုး"

"ဟုတ်သားပဲ"

သူမရှိတုန်း ဒီကောင်လေး အိမ်ကိုရောက်လာသေးတယ်ပေါ့။

"ခဏထိုင်ဦးနော်၊ ဆရာ့ကိုသွားခေါ်ပေးမယ်"

နီတွတ် သုတ်ခနဲထွက်သွားသည်နှင့် ရှိုတ်မျက်လုံးတွေ နေရာအနှံ့စီသို့ လိုက်ကြည့်နေသည်။

နွေတံခါးစံအိမ်. . . တဲ့။

နေရာတကာမှာ နွေဆိုတဲ့နာမည်က အုပ်စိုးမင်းမူနေသည်ပဲ။ ဒါ ဘယ်သူ့ကြောင့်လဲ၊ ဘုန်းလျှံမိုး အသုံးမကျခဲ့လို့လား။ ရင်ထဲမှာ မျက်ခနဲ နာကျင်သွားပေမယ့် ကိုယ်နဲ့ဘာဆိုင်လို့လဲဟု စိတ်ကိုဖြေလိုက်သည်။


www.burmeseclassic.com

www.burmeseclassic.com



"ရှိတ်"

"အန်ကယ်"

"နေ့ မရှိဘူးကွယ့်"

ရှိတ် မျက်နှာပျက်မလိုဖြစ်ပြီးမှ. . .

"ကျွန်တော် အန်ကယ့်ဆီကိုလာတာပါ"

"ဟော! "

ဦးပြည့်စုံလျှံ ပြုံးခနဲဖြစ်သွား၏။

"ကျွန်တော် ဂစ်တာပါ ယူလာတယ်၊ အန်ကယ့်ကိုသီချင်းဆိုပြမလို့လေ"

"ဟာ! ကျေးဇူးပဲ သားရာ၊ အန်ကယ် ပျင်းနေတာကွ"

"ခု ကျွန်တော် ရောက်လာပြီလေ၊ အန်ကယ့် မပျင်းစေရဘူး"

"လာကွာ. . . ခြံထဲကိုဆင်းရအောင်၊ မျက်လုံးက ပန်းတွေကိုကြည့်၊ နားက သီချင်းနားထောင်။ အဲဒီအရသာကို အန်ကယ်အကြိုက်ဆုံးပဲ"

ရှိတ် ခေါင်းညိတ်ပြလျက် ဂစ်တာကိုကောက်ကိုင်လိုက်သည်။ ပြီးတော့ ဦးပြည့်စုံလျှံအနားသို့ကပ်ကာ. . .

"အန်ကယ့်ကို ကျွန်တော်တွဲခေါ်မယ်၊ ကိုတွတ်က ဂစ်တာယူခဲ့ပေးနော်"

သုံးယောက်သား ခြံထဲသို့ဆင်းခဲ့ကြ၏။ ဖေဖေ့ကို ခုလိုတွဲခေါ်ခွင့်ရတာလေးကိုပဲ ရှိတ်ရင်ထဲမှာ ကြည်နူးလို့မဆုံးနိုင်။ ပန်းရနံ့တွေ ဆွတ်ပျံ့နေသော ဟောဒီစံအိမ်ကြီးထဲမှာ နေ့ဆိုတဲ့နာမည်သာ ပျောက်ကွယ်သွားခဲ့လျှင်. . .





နံနက်ခင်း၏ဆောင်းအလှကို ရှုမြင်ခံစားခွင့် ရသလိုဖြစ်လိမ့်မည်။ ဒါကြောင့် နေ့ကိုတိုက်ဖျက်၍ နှင်းသိုက်ကို တည်ဆောက်ပေးဖို့က ရှိတ်ရဲ့တာဝန်။

"ကဲ! အန်ကယ်"

"ဟင်"

"ဘာသီချင်း နားထောင်ချင်လဲ"

"ဘာသီချင်းပဲဖြစ်ဖြစ် သားအသံက နားထောင်လို့ကောင်းပါတယ်ကွ"

"ဒါတော့ မြှောက်ပြီ"

"တကယ်ပြောတာ"

ရှိတ်လက်ချောင်းလေးတွေ ဂစ်တာကြိုးလေးတွေပေါ်မှာ စတင်လှုပ်ရှားလေပြီ။ စဆိုလိုက်ပြီဆိုကတည်းက သီချင်းထဲမှာ နစ်မျောသွားကြ၏။ ရှိတ်ဆိုတာ ဝိုင်ဝိုင်းရဲ့သီချင်း။ ဦးပြည့်စုံလျှံ၏စိတ်တွေ အတိတ်ဆီသို့ ပြန်လည်သွား၏။

သား. . .

ဝိုင်ဝိုင်းရဲ့သီချင်းတွေကို သိပ်ကြိုက်သူ။ သူဆိုလိုက်သမျှ ဝိုင်ဝိုင်းရဲ့သီချင်းတွေပါပဲ။ သူ့အသံနှင့်လည်း နားထောင်လို့ကောင်း၏။ သား၏ဆံပင်တွေက မျက်ဝန်းထဲမှာ အနွေးပြကွက်များနှင့် ကျင်လည်ကျက်စားသွက်။ သီချင်းထဲမှာ နစ်မျောရင်း ပါးပြင်ဆီသို့ ပူနွေးသော စိုစွတ်မှုတွေ ဆိုတွေ့သွားတာ မသိလိုက်။

ရှိတ်. . . ဝိုင်ဝိုင်းသီချင်းချည်းပဲ သုံးပုဒ်ဆက်တိုက်ဆိုပြီး လက်တွေကို ဂစ်တာကြိုးနှင့် အဆက်အသွယ်ဖြတ်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"အန်ကယ်"

". . ."

"အန်ကယ်"

"အင်. . . ဟင်"

"ဆရာ သီချင်းထဲမှာ နစ်သွားတာထင်တယ်"

"ဩော်. . . အင်း. . . ဟုတ်တယ် ဟုတ်တယ်"

"ဟင်"

"ဘာလဲ. . . ရှိုတ်"

ရှိုတ် မျက်မှောင်လေးကြုတ်လျက်. . .

"အန်ကယ် ငိုနေတာလား"

ဦးပြည့်စုံလျှံ ပါးပြင်ကို လက်ဝါးနှင့်ပွတ်လိုက်ပြီး. . .

"အန်ကယ် မသိလိုက်ဘူးကွာ"

"ဆရာ. . . လျှံလေးကိုသတိရသွားတာထင်တယ်၊ လျှံလေး ဝိုင်ဝိုင်းသီချင်းတွေကို သိပ်ကြိုက်တာလေ"

"ဩော်"

"ဟုတ်တယ်၊ အန်ကယ်. . . သားကိုသတိရသွားလို့ ဆော နော်. . . ရှိုတ်"

ဖေဖေရယ်. . . ဂစ်တာရှိုတ်ကလည်း ဖေဖေ့သားပါ။

"ဒါနဲ့ ရှိုတ်က ကိုယ့်သီချင်းတွေကို ကိုယ်မဆိုတဲ ဘာလို့ ဝိုင် ရဲ့သီချင်းတွေကို ဆိုရတာလဲ။ အသံကတော့ အန်ကယ့်သားအသံလို"

"ကျွန်တော်က ဝိုင်ဝိုင်း Crazy သမားလေ"

"ဒါလည်း တူတယ်"





"ဘာတူတာလဲ အန်ကယ်"

"သားနဲ့"

"ဩော်"

ရှိုတ် ဖေဖေ့မျက်နှာကို ငေးငေးမောမောလေး စိုက်ကြည့်နေမိ၏။ မိသားစုတစ်စု ပြိုကွဲသွားရခြင်းရဲ့အကြောင်းရင်းက ဘာလဲ။ ကိုယ့်အမေးကို ကိုယ်တိုင်ပဲ ပြန်ဖြေကြည့်လိုက်သည်။

ဖေဖေရယ်. . .

ဘုန်းလျှံမိုးရယ်. . .

ဂစ်တာရှိုတ်ရယ်. . .

ဘယ်လိုပတ်သက်နေကြမလဲဆိုတာကို ရှိုတ်သာအသိဆုံး။ ပြီးတော့. . . ဆောင်း။

"ဩော်. . . ရှိုတ်"

"ဗျာ"

"ထမင်းစားပြီးမှ ပြန်နော်"

ရှိုတ် ခေါင်းညိတ်လိုက်၏။

ဖေဖေနဲ့ ထမင်းလက်ဆုံစားချင်လို့ပါ။

◙◙◙



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၆)

"အမေ့ကျန်းမာရေးအခြေအနေ တော်တော်တိုးတက်လာပြ

"ရှေ့ဆက် ကောင်းသထက်ကောင်းဖို့ပဲ ရှိတော့တယ်လေ။ ...

ထားတဲ့ဆေးကိုသာ မှန်မှန်တိုက်"

"ဟုတ်ကဲ့ပါ ဒေါက်တာ"

ဒေါ်ဝကြီးက ဆေးအိတ်ကိုဆွဲယူစဉ်. . .

"ရပါတယ်ကွယ်"

ဟုဆိုကာ ဒေါက်တာက သူ့ဆေးအိတ်ကိုသူဆွဲပြီး နှုတ်ဆက်

ပြန်သွားလေ၏။ ဆောင်း. . . အမေ့ဘေးမှာ ဝင်ထိုင်လေတော့ အမေ

အပြုံးနုနုလေးနှင့် ဆောင်း၏ဆံစလေးများကို ကိုင်ကြည့်နေသည်။

အမေ့အပြုံးသည်. . . အထိန်လင်းဆုံးလမင်းပါပဲ။

"သမီးလည်း အမေ့ကိုပြုစုရတာ ပင်ပန်းနေပြီ"

"မပင်ပန်းပါဘူး အမေရဲ့၊ သမီးက ခုလို အမေ့အနားမှာ ...





ပြုစုခွင့်ရတာကိုပဲ ဝမ်းသာနေတာ။ မိဘကျေးဇူးကို မဆပ်နိုင်ပေမယ့် အမေ့ကိုစိတ်ချမ်းသာအောင်တော့ ထားချင်တယ်"

"သိတတ်လိမ္မာတာလည်း ကျေးဇူးဆပ်တာပဲပေါ့ သမီးရယ်"

"ဟုတ်တော့ဟုတ်ပါတယ်၊ နို့တစ်စက်ဖိုးမပြောနဲ့ နှမ်းစေ့လောက်ပင် ...ိုးတောင် မနည်းကျေရတာလေ အမေရဲ့"

ဒေါ်ချောစု သမီးနဖူးလေးကို ဖွဖွနမ်းလေတော့။ ဆောင်းက အမေ့ခါးလေးကို ပြန်ဖက်ထားသည်။

'အမေနေကောင်းလာတာ သမီးအတွက် ကံကောင်းခြင်းလက်ဆောင်ပဲ။ အမေ့ရင်ခွင်ထဲကို ခေါင်းတိုးဝင်လိုက်ရတဲ့ပီတိကို ဘယ်အရာ...နဲ့မှ မလဲနိုင်ဘူး"

"သမီးရယ်"

သမီးရယ်. . . ဆိုတဲ့ 'ရယ်'အဖျားသတ်ဟာ တိုးတိတ် လှုပ်ခါ...သွက်။ ဒေါ်ချောစု သမီးကြီးလှိုင်းကို သတိရသွားသည်။ ဘယ်ဆီကိုများ...ရောက်နေပါလိမ့်။ ဆေးကုနိုင်တဲ့အင်အားမရှိလို့ ရှုးသွပ်နေခဲ့ရတဲ့ကာလ...ရွာထဲမှာ ကလေးတွေ ဘယ်ဘဝ ဘယ်အခြေအနေမှာ ဘယ်လိုလှုပ်...ရှား ရှုန်းကန်နေကြသည်လည်း သူမ မသိပေ။

သိလာတဲ့အချိန်မှာ. . .

အနားမှာရှိနေတာက သမီးငယ်။ သမီးငယ်လေးရဲ့ဘဝ သာယာ...အေးချမ်းနေတာ မြင်ရတော့ စိတ်ချမ်းသာ၏။ သမီးကြီးအတွက်ကတော့ ...ဆက်မအေးနိုင်ရှာပေ။ မိဘတွေများ ဆိုးတဲ့သားသမီးတွေကို ပိုဂရုစိုက်...ပြီး ပိုချစ်တတ်ကြသည်တဲ့။ အဲဒီစကားဟာ အမှန်လား။

ငယ်ငယ်လေးကတည်းက. . .



www.burmeseclassic.com

www.burmeseclassic.com



သမီးငယ်က သိတတ်လိမ္မာသည်။ အမေ့ကို မုန့်ဝယ်ကျွေးပါ
မပူဆာ။ ဝယ်ကျွေးမှစားသည်။ အကြီးမကတော့ လိုချင်တာကိုရမှ
လျှင် တစ်လ ကိုးသီတင်း ဆန္ဒပြနေတတ်သူ။ ဆင်းရဲတွင်းနက်နက်ထဲ
လူဖြစ်ရတာ ကံမကောင်းဘူးတဲ့။

"ကြည့်နေ. . . သမီးကြီးလာရင် ချမ်းသာအောင် လုပ်ပြမယ်"

"ဟဲ့! ညည်းက ချမ်းသာအောင် ဘယ်လိုလုပ်မှာတုန်း။ မိလို
နော်. . . ညည်း ခုလိုငယ်ငယ်လေးကတည်းက အလှအပခုံမင်ပြီး
လောက်ချမ်းသာချင်နေတာ ညည်း ဒုက္ခတွေ့မယ်သိလား"

"ဘာမှတွေ့စရာအကြောင်းမရှိဘူး။ သမီး စာအုပ်တစ်အုပ်
မှာ ဖတ်ဖူးတယ်။ မိန်းမတစ်ယောက်ရဲ့ တန်ဖိုးက အလှအပတဲ့။ သမီး
ချင်တယ်၊ လှမှ ကြီးလာရင် သူဌေးကိုရမှာ"

လို့ ကလေးနဲ့မလိုက်သည့်စကားကို ဆိုခဲ့သူ။ အဲဒီတုန်းက လို
ငါးတန်းသာရှိသေး၏။ သူမမှာ လင်လည်းဆုံး၊ သားလည်းဆုံးဖြစ်
စိတ်ဖောက်ပြန်သွားတဲ့ကာလမှာ လှိုင်းရော ဝိုင်းပါ ဘယ်ကိုပျောက်သွ
ကြမှန်းမသိ။

အခု. . . သမီးငယ်ကိုတော့တွေ့ရပြီ။ သမီးကြီးက ဘယ်မှာ

"အမေ"

". . ."

"အမေ"

"ဟင်! ဘာလဲ သမီး"

"ဘာတွေ တွေးနေတာလဲ"

"ဘာမှမဟုတ်ပါဘူးကွယ်"





"မညာပါနဲ့ အမေ၊ အမေ မမကိုသတိရနေတာမဟုတ်လား"

သမီးက လူကဲခတ်တယ်တော်ပါလားဆိုတဲ့အကြည့်မျိုးနဲ့ ဒေါ်
ချာစု ပြုံးလိုက်၏။

"ဟုတ်တယ်၊ အမေ သမီးကြီးအကြောင်းကို တွေးနေတာ"

"သမီးလည်း စုံစမ်းနေပါတယ်အမေ၊ ကံမကုန်ရင်တော့ ပြန်
ကြမှာပေါ့"

"ဒီလိုပဲ ဆုတောင်းရတော့မှာပေါ့ကွယ်"

အမေ့မျက်နှာက ညှိုးဖျော့ဖျော့နှင့်မို့ ဆောင်း စိတ်မကောင်းဖြစ်
သွားရ၏။

အင်းလေ. . . သားသမီးအတွက် ရတက်မအေးရရှာသောအမေ့
ကို ဆောင်း သနားသည်။ သူ့ခမျာ ပူမှုတစ်ရာ၊ သောကတွေ ဖျာလိပ်ခင်း
နှင်းလျှောက်ခဲ့ရတဲ့ဘဝ။

အမေ့ကို စိတ်ချမ်းသာစေချင်တယ် အမေရယ်. . .

▣▣▣



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၇)

အတိတ်က ပုံရိပ်တွေကို ပြန်တွေးရင်း 'ဆောင်း' မျက်လုံး…
ကို စုံမှိတ်၍ ဒန်းလေးပေါ်မှာ လဲလျောင်းမိသည်။ မိုးဦးကျအခါကာလ…
ဆီးကြိုပွေ့ဖက်သော မိုးရနံ့တို့က ခပ်သင်းသင်း။ မနေ့ကရွာထားတဲ့…
အရှိန်ကြောင့်ပါ။

ဒီကနေ့တော့. . . မိုးသည် မနေ့က သူ့ ဘာမှမဟိန်းဟော…
မခြိမ်းခြောက်ခဲ့သလို မှန်းမာန်စွယ်အဖျားအနားပင် မမြင်ရတော့။ ကော…
ကင်မှာ သာယာကြည်စင်လျက်၊ နေအပျင်းက အိပ်ရာမှနိုးထလာသည်…
နေခြည်ပုရစ်ဖူးလေးက ဆောင်း၏မျက်ခွံများကို ချစ်စနိုးကျီစယ်၍ အ…
စက်ခြင်းကို ဖြစ်တည်စေကာ တေးဆိုချေသိပ်သည်က ငှက်ကလေးများ…

"ရှပ်. . . ရှပ်. . . ရှပ်"

ဆောင်းရှိရာသို့ ဦးတည်လာသောခြေလှမ်းများသည် မနီးမဝေး…
အရပ်မှာ ရပ်တန့်သွားပြီးမှ ဆက်လှမ်းလာသောခြေသံက ရှပ်ရှပ်သံ ထုံ…





…ငြိမ်သည်တော့တဲ တိုးဖွသွားလေ၏။

ဂစ်တာရှိတ်. . .

ဆောင်းရဲ့မျက်နှာလေးကို အတန်ကြာအောင် စိုက်ကြည့်နေပြီး… ဆောင်း တကယ်အိပ်ပျော်နေတာ ဟုတ်မဟုတ်သိရအောင် ပါးစပ်မှ…သင့္ငွေ့လေးနှင့် ဆောင်းမျက်ခွံလေးကို မှုတ်လိုက်သည်။

မျက်ခွံလေးတွေ လှုပ်ခတ်ခြင်းမပြုတာ. . . ဆောင်း တကယ်…အိပ်ပျော်နေတာပေါ့။ စင်းကျနေသော မျက်တောင်ရှည်များကိုကြည့်ပြီး…တ်ရင်တွေ ခုန်လာတာ ဆိုးမလို့မရ။ နောက်တော့ ထိုမျက်ခွံလေးကို…မွှေးနမ်းလိုက်သည်။

ဆောင်းသည် သူ့ရင်ကို တကယ်အေးမြစေသော လမင်းလေး။…တ် ဆောင်းကိုယ်လေးကိုပွေ့ချီပြီး တိုက်ကလေးဆီသို့ လှမ်းခဲ့စဉ်. . .

"ဟင်!"

လွန့်ခနဲလှုပ်ပြီး ဆောင်းမျက်ခွံလေးတွေ ဖွင့်ကြည့်လာ၏။

"ဂစ်တာရှိတ်"

"အင်း"

"ရှင်ဘာလုပ်တာလဲ"

"မင်းအိပ်ပျော်နေလို့လေ"

"ကျွန်မကို အောက်ချပေးပါ"

"ဟင့်အင်း"

"ရှင်"

ရှိတ်က ခေါင်းခါပြပြီး ဆက်လျှောက်လေ၏။

"ဂစ်တာရှုတ်"



www.burmeseclassic.com

www.burmeseclassic.com



"ဘာလဲ. . . ငြိမ်ငြိမ်နေကွာ"

"အောင်မာ! ဘာလို့နေရမှာလဲ၊ ကျွန်မကို ခုအောက်ချပေးနော်"

"ကိုယ်စိတ်မရှည်ရင် ကိုင်ပေါက်ပစ်လိုက်မှာနော်"

"ပေါက်ကြည့်ပါလား"

"မလုပ်ရက်လို့ပေါ့"

"မေမေနဲ့ဒေါ်ဝကြီး မြင်နေမယ်"

"မြင်တော့ ဘာဖြစ်လဲ"

"တစ်မျိုးထင်မှာပေါ့"

"ထင်ပစေ"

"ရှင် တော်တော်အပြောရခက်တဲ့လူ"

ရိုက်ကရယ်ပြီး မျက်စိတစ်ဖက်မှိတ်ပြပြီးမှ ဆောင်းကို ဆိုဖာပေ
သို့ ချပေးလိုက်၏။ အရိပ်ပြပြီး အကောင်မပြရဲသေးသည့်ရိုက်ချင်ထက
အချစ်နတ်ဆိုးလေးသည် သခင်တော်ရိုက်ကို သူ့အား ဖက်ကွယ်ထား
မလားလို့ စိတ်ငြိုငြင်နေရော့မည်။

ဆောင်း. . . ကိုယ်ကိုမတ်မတ်ထိုင်လိုက်ပြီး. . .

"ဘယ်လိုလဲ၊ တော်တော်ခရီးပေါက်နေပြီလား"

"ဘာကိုလဲ"

"နေ့ထက်သာလွန်ဆိုတဲ့မိန်းမနဲ့လေ"

"ဆိုပါတော့"

"ဒါကြောင့်ကိုး"

"ဘာဒါကြောင့်လဲ"

"ရှင် ဒီကိုအလာကျဲသွားလို့လေ။ ရည်းစားရပြီဆိုတော့ သူ့စိ





အတွက် ဘယ်အချိန်ဖွဲ့ပေးချင်တော့မှာလဲ"

ရိုက် ဆောင်းနှုတ်ခမ်းရှူရှူလေးကိုကြည့်ပြီး အသည်းတယားယား။
ဆောင်း သဝန်တိုနေတာများလား။ မင်းထင်သလိုမဟုတ်ရပါဘူး ဆောင်း
ရယ်လို့ မဖြေရှင်းမိ။

ဖြေရှင်းဖို့မလိုရလောက်အောင်ကိုပဲ ရိုက် ဆုံးဖြတ်ချက်တစ်ခုက
ိုင်မာပြီးသား။ အဲဒါက ဘယ်လိုအခက်အခဲမျိုးပဲရှိရှိ၊ ဘာတွေပဲတားတား၊
ရင်ဆိုင်ကျော်လွှားပြီး တစ်နေ့မှာ သူ ဆောင်းကိုလက်ထပ်ဖို့။

"မင်း အမျိုးမျိုးတွတ်နိုင်တာပဲ"

"ဘာ! "

"ဟုတ်တယ်လေ၊ ခဏခဏလာလို့ မလာပါနဲ့လို့ပြောတာ ဘယ်
သူလဲ၊ ဦးနှောက်ကောင်းရင် ပြန်စဉ်းစားကြည့်"

"အဲဒါ"

"ဆင်ခြေပေးဖို့ အပြေးအလွှားစဉ်းစားမနေနဲ့၊ သူ့စိမ်းဆိုတဲ့စကား
ကိုလည်း နောက်ထပ်ပြောမှာ ကိုယ်မကြိုက်ဘူးနော်။ မကြိုက်တာကို ပြော
ထားတာ။ ရည်းစား ချစ်သူဆိုတာတွေထက် မင်းက ကိုယ့်ဘဝမှာ ပိုပြီး
လေးနက်တယ်၊ အရေးပါတယ်။ အဲဒါကို မှတ်ထားပေး"

"အောင်မယ်"

ဆောင်းကိုယ်လေး ကြွသွားပြီးမှ ဘာပြောရမှန်းမသိလို့ ပြန်ထိုင်
ချရသည့်အဖြစ်မျိုး။

"ဟွန်း. . . အရာရာ ရှင့်ရဲ့တိုင်ပင်ဖော် တိုင်ပင်ဖက်လုပ်ပါ့မယ်
လို့ ကတိပေးမိတာ မှားတာပဲ။ ဒီတစ်ခါ မမ Crystal ဖုန်းဆက်ရင်
တော့ အဲဒီကတိကို ပြန်ရုတ်သိမ်းရမယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဒါတော့ မင်းသဘောပဲလေ၊ လောလောဆယ်တော့ ကိုယ် မင်းကိုတိုင်ပင်ရဦးမှာပဲ"

စကားပြောရင် ခပ်ပေါ့ပေါ့လေးနှင့် လွယ်လိုက်တာဟု ဆောင်းတွေးမိ၏။

"ဘာတိုင်ပင်မှာလဲ၊ ဆောင်းမှာလည်း ရှင့်ကိုတိုင်ပင်စရာရှိတယ်"

ဆောင်းလည်း တကယ် သူ့ကိုတိုင်ပင်စရာရှိ၏။ ဆောင်းနဲ့သူငယ်ချင်းတွေဆို ဘွဲ့ရပြီးတာနှင့် အလုပ်ရှာလုပ်ကြ၏။ ဆောင်းမှာသာ ဖေဖေက မလုပ်ပါနဲ့ဦးဆိုလို့ အလုပ်မရှာခဲ့တာ။

အခု. . . ဆောင်း အလုပ်တစ်ခု လုပ်ချင်၏။

"မင်း အရင်ပြော"

"ရှင် အရင်ပြောပါ"

"မင်းက ငယ်တဲ့သူမို့ ဦးစားပေးတာ"

"ရှင်က အရင်ပြောတဲ့သူလေ"

ကြွက်များ ခွပ်ခါနီး ရင်းနေသလို၊ တစ်ယောက်နဲ့တစ်ယောက် ပေစောင်းစောင်းကြည့်နေကြပြီးမှ ရှိတ်က အရင်. . .

"ကိုယ့်ကို ရှိုးပွဲလိုက်ဖို့ လာငှားတယ်၊ အဲဒါ လိုက်ရမလား"

"ဘယ်မှာလဲ"

"နယ်မှာ"

"အဲဒါ ရှင့်ရဲ့ကိုယ်ရေးကိုယ်တာကိစ္စပဲ၊ ရှင်ကိုယ်တိုင်ဆုံးဖြတ်ရမှာ။ ကျွန်မမှာ ဆုံးဖြတ်ပိုင်ခွင့်မရှိဘူး"

"ရှိတာပေါ့"

"ဟင်"





ဆောင်း ပါးစပ်ပိတ်သွား၏။ ဘာဆိုင်လဲ သူနဲ့ကိုယ်။ သူ့ကိစ္စတွေကို အဲ့တွင်းကျကျလိုက်ပြီး စီမံခန့်ခွဲနေရအောင် ဆောင်းက သူ့ရဲ့ဘာလဲ။ ပတ်ဝန်းကျင်က ဘာလိုလိုထင်နေကြတာကိုတောင် ဆောင်းက စိတ်မလုံဖြစ်နေတာ။

"မမက ကိုယ့်ကို မင်းလက်ထဲမှာ အပ်ခဲ့တာလေ"

"အဲဒါက ရှင်မဟုတ်တာလုပ်ရင် သူ့ကိုပြန်တိုင်ဖို့၊ အခုက ရှင့်ပရိတ်သတ်ကျွေးတဲ့ထမင်းကို စားနေတာလေ"

"ဒါဆို လိုက်ရမယ်ပေါ့"

"ရှင့်သဘောပဲ"

"မင်းပါ ကိုယ်နဲ့လိုက်ခဲ့ပေး"

"ဖြစ်မလား"

"ဘာလို့မဖြစ်ရမှာလဲ"

"ရှင်ရူးနေလား၊ ရှင်သွားရာတကောက်ကောက် လျှောက်လိုက်နေရအောင် ကျွန်မက ရှင့်ရဲ့ဘာလဲ"

ဖွတ်မိုက်ပြောချလိုက်ပြီးမှ ဆောင်း သူ့မျက်နှာကိုမကြည့်ရဲ၊ ရှိတ်တွေခနဲကြည့်ပြီးမှ ပြုံးလေ၏။ ဟုတ်သားပဲ. . . ကိုယ်ကဖြစ်ချင်တဲ့ဆန္ဒကို ရှေ့တန်းတင်လိုက်ပေမယ့် မသင့်တော်ခြင်းအကြောင်းတရားတွေက တန့်လန့်ကာတစ်ချပ်။

သူ့ကို ကိုယ့်အနားမှာ အမြဲရှိစေချင်တာ။ ရှိနေဖို့ကျတော့ မဖြစ်နိုင်။ ကိုယ်လုပ်ရမယ့်သမိုင်းပေးတာဝန်တွေကို မြန်မြန် ပခုံးပေါ်က ဖြုတ်ချနိုင်အောင် ကြိုးစားမှ။ တာဝန်တွေပြီးဆုံးတာနှင့် ဆောင်းကိုလက်ထပ်မည်။



www.burmeseclassic.com

www.burmeseclassic.com



"ဆောရီး. . . ဆောင်း"

"ရပါတယ်"

"ဆောင်း. . . ကိုယ့်ကိုတိုင်ပင်မယ်ဆိုတာ ဘာလဲ၊ ပြောလေ"

ဆောင်း မေးစေ့လေးကိုပွတ်ရင်း. . .

"ကျွန်မ အလုပ်တစ်ခုခုလုပ်ချင်တယ်"

"ဘယ်လို"

"ကျွန်မ ဒီအတိုင်း ထိုင်မနေချင်တော့ဘူး"

"ငွေလိုလို့လား ဆောင်း"

ဆောင်း သက်ပြင်းလေးချလျက်. . .

"ကျွန်မ ဖေဖေ့ကိုဒုက္ခမပေးချင်တော့လို့ပါ။ ပြီးတော့ ကျွန်မ အိမ်ထဲမှာ ဒီလိုပဲ စားလိုက် သွားလိုက် လုပ်မနေချင်တော့ဘူး။ ဘွဲ့ရပြီး ပြီပဲ၊ ကိုယ့်အားကိုယ်ကိုးချင်တယ်။ အဲဒါကြောင့်ပါ"

ရှိတ် ဆောင်းကိုမျက်မှောင်ကြုတ်၍ ကြည့်မိသည်။ ဆောင်းကို သူကူညီဖို့က အဆင်သင့်ပါပဲ။ အလုပ်က သူများတွေအတွက်သာ ရှား ချင်ရှားမယ်။ ဆောင်းအတွက်က ရှားမှာမဟုတ်ပေ။

"မင်းလုပ်ချင်သပ့်ဆို လုပ်လေ၊ ဒါပေမဲ့"

"ဒါပေမဲ့ ဘာဖြစ်လဲ"

"ဆောင်းကို အန်ကယ်က ကိုယ့်ကိုစောင့်ရှောက်ဖို့ အပ်ထားခဲ့ တာ။ အဲဒီတော့ ကိုယ့်မှာ တာဝန်ရှိတယ်၊ မင်းအလုပ်ထွက်ရှာစရာ မလို ဘူး။ ကိုယ်ရှာပေးတဲ့အလုပ်ကိုပဲ လုပ်ရမယ်"

"ကြပ်လှချည်လား"

"ဝက်အူရစ်တင်းမှ ပစ္စည်းဆိုတာ နိုင်တာ"





"ဘာရှင့်"

"သဘောပြောတာ"

မျက်စောင်းက ဒိုင်းခနဲ။ မတွေ့ရတော့ မျှော်။ တွေ့တော့ ရန် မြစ်။ ဒီအဖြစ်စနစ်တွေထဲမှာ အချစ်က သိုသိပ်ဝှက်တွယ်လျက်။ အသံကြား ပြီး ရုပ်ပုံလွှာများ မမြင်ရသည့် Radio တစ်လုံးလို။

ချစ်သူဆိုတဲ့တဝကို မဆိုင်သူတွေလိုနေကြပြီး မခြားနားဘဲ နှလုံး သားချင်း နားလည်နေကြသည့်. . . ရှိတ်နှင့် ဆောင်း။

တစ်ယောက်က တစ်ယောက်ကို အရိပ်လိုကြည့်ပြီး တစ်ယောက် ၏ လိုအင်ဆန္ဒကို တစ်ယောက်က ဖြည့်ဆည်းပေးခြင်းများနှင့် သံယောဇဉ် ကြီးသည် တစ်စထက် တစ်စ ခိုင်မာနေကြပြီ။

"ဘာဟင်းချက်လဲ၊ ကိုယ် ဗိုက်ဆာနေပြီ"

အံမယ်! ပြောပုံက ဆောင်းကပဲ သူ့ရဲ့ဘာလိုလိုအတိုင်း။

"ရှင် ဒီအိမ်ကိုလာတိုင်း ဗိုက်ဟောင်းလောင်းနဲ့လား"

"ဟုတ်တယ်၊ ဒီအိမ်ကိုလာတော့မယ်ဆိုရင် ကိုယ် ဘယ်နေရာ ရာမှ ဘာမှမစားဘူး"

"တော်တော်ဝဠ်ကြီးတာပဲ"

"ဟုတ်တယ်၊ အဲဒီဝဋ်ကနေ ကျွတ်ချင်နေပြီ"

"ဒါဆို မလာနဲ့ပေါ့"

"ပြောပြန်ပြီ ဒီစကား။ ပြီးတော့ ခင်ဗျားပဲ ခနဲ့လုံး ရွဲ့လုံးတွေနဲ့ ထိုက်ခိုက်နေတာနော်"

ဆောင်း ဘာမှပြန်မပြောတော့ဘဲ သူ့ကိုကျောခိုင်းထားခဲ့ကာ ဆိုချောင်ဘက်သို့ ဝင်လာခဲ့၏။ ဆောင်း သူ့ကိုသဝန်တိုနေတာလား။

www.burmeseclassic.com



ကိုယ့်ရင်ထဲမှာ မြတ်နိုးစွာ သိမ်းဆည်းထားခဲ့ရတဲ့ ယောကျ်ားတစ်ယောက်။

ဘာအကြောင်းကြောင့်ပဲဖြစ်ဖြစ်. . .

ကိုယ်ချစ်ရတဲ့သူက အခြားမိန်းမတစ်ယောက်နဲ့တွဲဖို့ ကြိုးစားနေတာကို မလွှဲသာလို့ ကြည့်ဖြူနေရပေမယ့် ဘယ်သူက ကျေနပ်ချင်မှာလဲ။ ပြီးတော့. . . သူက ကိုယ့်ကို Propose လုပ်တာလည်း မဟုတ်ဘူးလေ။

"ဘာချက်ထားလဲဟင်"

သူဝင်လိုက်လာတာမို့ ဆောင်း လှည့်မကြည့်ဘဲ ဖြေသည်။

"ငါးသလောက်နှပ်နဲ့ ငါးခူစဉ်းကော လုပ်ထားတယ်။ အမဲနှပ်လည်းတွေ့တယ်၊ ပြီးတော့"

စကားကိုဖြတ်ထားပြီး နောက်ထပ်အိုးတစ်လုံးကို ဖွင့်ကြည့်ဖို့ပြင်လေလျှင် ရှိတ်က သူမလက်ကိုထပ်ဆုပ်လျက်. . .

"ဒီနေ့ဟင်းတွေစုံတယ်၊ ရပြီ. . . စားမယ်"

"အို! ဘယ်လိုဖြစ်နေတာလဲ၊ အမေနဲ့ဒေါ်ကြီးကိုစောင့်ဦးမှပေါ့"

"ဟုတ်သားပဲ၊ ဘယ်သွားကြတာလဲ"

"တစ်ခြံကျော်မှာ လူသစ်တွေပြောင်းလာလို့ အဲဒီအိမ်က အန်တီကြီးက အလည်ခေါ်တာနဲ့ လိုက်သွားကြတာ"

ရှိတ် ပြုံးသွားလေ၏။ အိမ်မှာဘယ်သူမှမရှိဘူးဆိုလို့လေ။ ဒါမှသူ ဆောင်းနဲ့လွတ်လွတ်လပ်လပ်စကားပြောရမှာ။ လူကြီးတွေရှိနေတော့ ရှိန်တာပေါ့။

"ဒါဆို ဗိုက်ဆာတာမေ့သွားအောင် စကားပြောမယ်ကွာ၊ လာ"

သူက ဆောင်းလက်ကိုဆွဲခေါ်လေသဖြင့်. . .

"ခုပြောနေတာလည်း စကားတွေမဟုတ်ဘူးလား"





"မတူညီတဲ့စကားပြောမယ်၊ နားထောင်မလား"

"ဟင့်အင်း"

ခေါင်းခါပေမယ့် ခြေထောက်တွေက သူ့နောက်ကို ခေါင်းညိတ်၍ လိုက်နေသည်။ လက်ကိုဆွဲခေါ်တာကိုး။

"ထိုင်. . . ဒီမှာ"

"မထိုင်ဘူး၊ လူကြီးတွေမရှိဘူးဆိုပြီး ရှင် ကလီကမာတွေပြောမယ်မကြံနဲ့"

"မပြောပါဘူး၊ ကိုယ်က အာဒံနဲ့ဧဝတို့အကြောင်းပြောမလို့"

"ကျွန်မ အဲဒါတွေ နားထောင်ဖို့ စိတ်မဝင်စားဘူး"

"တကယ်"

"အင်း"

"ဟောဗျာ"

ဆောင်း 'အင်း'ခတ်လို့ 'ဟောဗျာ'လိုက်ခြင်းမဟုတ်ပေ။ သူ့ကိုတောင်လှည့်မကြည့်ဘဲ မျက်နှာလွှဲထားသောကြောင့်. . .

"မင်းရဲ့ပါးမှာ အိုးမည်းတွေ"

"ဟင်! ဟုတ်လား"

ဆောင်း ရုတ်တရက် သူ့ဘက်သို့လှည့်အလာမှာတော့၊ မတော်တဆပုံစံနှင့် ခေါင်းကိုင်ငုံ့ပြီး တိုးကပ်ကာ. . .

"ကဲ!"

"အို. . ."

▣▣▣



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၀)

ဝိုင်ဝိုင်းရဲ့ 'အိမ်လွမ်းသူ' သီချင်းသံလေးကြောင့် ရှိတ် ဂစ်တာကို ညှိနေရင်းမှ ဖုန်းကိုဖွင့်၍နားထောင်လိုက်သည်။ သူတကယ်ကြိုက်လို့ သွင်းထားခဲ့သည့်သီချင်းလေး။

"ဟဲလို"

"ရှိတ်လား"

"ဟုတ်ပါတယ်၊ ကျွန်တော် ဂစ်တာရှိတ်ပါ"

"ရှိတ်. . . . မမပါကွ"

"ဩော်. . . မမလား"

"ဟုတ်တယ်"

"ပြော. . . မမ"

"ဟိုနေ့က ရှိတ်. . . မမကိုတွေ့ချင်လို့ဆို၊ အခုတွေ့ရအောင် လုပ်မလို့ပါတော"

ရှိတ် အောင်နိုင်သူ၏အပြုံးမျိုးကို ပြုံးလိုက်၏။ သူကပဲ မာယာတွေ များနိုင်မလား၊ ကိုယ်ကပဲ လှည့်ဖျားသွေးဆောင်နိုင်မလား။ ဒီတစ်





ပွဲကတော့ စိတ်လှုပ်ရှားစရာပေါ့။

"ကျွန်တော် ဘယ်ကိုလာခဲ့ရမလဲ"

"မမခေါ်တဲ့နေရာကို ရှိတ် လာနိုင်ပါ့မလား၊ ရှိတ်က Popular (ပေါ်ပြူလာ)တစ်ယောက်ဆိုတော့လေ"

"ဘယ်နေရာမို့လို့လဲ မမရဲ့"

"ဌာန်းကုလပ်ကိုလေ"

ရှိတ် သူမကြားအောင်ဘဲ ရယ်ပစ်လိုက်၏။ သူက ယောကျ်ားလေးပဲ ဘာမသွားရဲစရာရှိလဲ။

"ဘာရယ်တာလဲ ရှိတ်ရဲ့"

"သဘောကျလို့ပါ"

"ဘာကိုလဲ"

"မမကိုလေ"

"မမကို"

"အင်း"

"ဘာလဲ၊ ဌာန်းကလပ်ကိုခေါ်လို့ အထင်သေးတာလား"

"မဟုတ်ပါဘူး၊ ကျွန်တော်က မမနဲ့ပတ်သက်လာရင် ၁၀th (ဆယ်မီးဖလဲ)တစ်ကောင်ပါ"

"မမကို မီးလို့ပြောတာလား"

"မမတော့ မဟုတ်ဘူးပေါ့၊ ဒါပေမဲ့ ဟုတ်နိုင်တာတွေရှိနေတယ်လေ"

"ထားပါတော့၊ လာမှာလား"

"ဟာ! "



www.burmeseclassic.com

www.burmeseclassic.com



"မလာနိုင်ဘူးမို့လား"

"လာမှာ"

နွေ ဝမ်းသာသွားတာ ဖုံးလို့ဖိလို့မရ။ ဒီကောင်လေးနဲ့ကျမှ နွေ ဘာတွေဖြစ်မှန်းမသိပါဘူး။ ဟိုတစ်ခါ မတော်တဆ ရှိတ် သူမပါးကိုနမ်းလိုက်သလိုဖြစ်သွားတာကို နွေ မေ့လို့မရ။ ပါးပြင်ကိုပွတ်၍ ထိုအနမ်းပန်းလေးကို ခဏခဏသတိရနေမိသည်။ ရှက်တာတွေ ကြောက်တာတွေမျိုခဲ့သော နွေ့ဘဝမှာ ထိုနေ့က ရှက်ဖူးခဲ့၏။

နှလုံးမဲ့စက်ရုပ်လို့ လက်ညှိုးထိုးဝေဖန်ခံခဲ့ရသမျှ ဒီကောင်လေးရန်စမှုပဲ ရင်ဘတ်တွေ လှုပ်ရှားလာခဲ့တာ ဘာကြောင့်လဲ။

"မမ"

"ဟင်"

"ကျွန်တော် ဖုန်းပိတ်လိုက်တော့မယ်နော်"

"အင်း. . . မမစောင့်နေမယ်"

"အိုကေ. . . အိုကေ"

နွေ ဖုန်းကိုပိတ်ပြီး ကလပ်ထဲသို့ဝင်လာခဲ့သည်။ နွေနှင့်ခင်မင်ရင်းနှီးနေသောရိုစီက ဆီးကြိုလေ၏။

"ဒီတစ်ခါ တစ်ယောက်တည်းလား"

"မဟုတ်ဘူး. . . လာမှာ"

"ဟန်မိုးသက်လား"

"မဟုတ်ဘူး"

"ဒါဆို ဘယ်သူလဲ"

"ဂစ်တာရှိတ်"





"ဂစ်တာရှိတ်"

ရိုစီမျက်လုံးဝိုင်းလေးနှင့် နွေ့ကိုကြည့်၍ သံယောင်လိုက်ရွတ်လေသည်။ နွေက ဂုဏ်ယူသလိုအပြုံးမျိုးနှင့်ရယ်ပါ။

"ဂစ်တာရှိတ်. . . အဆိုတော် ဂစ်တာရှိတ်လား"

"ဒါပေါ့၊ ဒီနာမည်မျိုး နှစ်ယောက်ရှိနိုင်လို့လား။ ရှိလာရင်တောင် ရွှေယ်မရောက်သေးတဲ့ချာတိတ်တွေပဲဖြစ်မယ်"

"ပိုင်တယ်. . . တို့ နွေ့ကိုအားကျတယ်ကွာ၊ ရှိတ်လိုလူမျိုးကို ...ဘာင် အနားရောက်အောင် ဆွဲခေါ်နိုင်တယ်။ နွေ့ကို ဆရာတင်ချင်လာ

"ရှိတ်ကလည်း ယောကျ်ားပဲလေ ရိုစီရဲ့"

အဲဒီလို နွေက ကိုယ့်ကိုယ်ကို အထင်ကရဖြစ်နေသူ။ ယောကျ်ား ...င်းကို သူမ၏အလှတရားများနှင့် မြှူဆွယ်လို့ရမည်လို့ ထင်နေ၏။ အလှ ...မမက်တဲ့ယောကျ်ားတွေ ရှိနေသေးတာကို သူမ မေ့နေသည်။

တကယ်တမ်းမှာ. . .

အချို့က စိတ်လှလျှင် လူလှသည်ဟူသော အယူဝါဒနှင့် ရိုးသား ...င်ခြင်း၊ စိတ်ထားမွန်မြတ်ခြင်း၊ ယဉ်ကျေးလိမ္မာခြင်း စသောအမြင် ...ရှုံများနှင့် သံယောဇဉ်တွယ်အချစ်ကို ရိုးရှင်းစွာပဲ နှလုံးသားနဲ့ရင်းပြီး ...ယူနေကြတာကို သူမ မသိ။

"ဟာ! ရှိတ်"

"အယ်. . . အဆိုတော် ဂစ်တာရှိတ် လာတယ်"

ရှိတ် ဝင်လာသည်နှင့် တိုးတိုးကျယ်ကျယ် ထွက်လာခဲ့သော ...သံများ။



www.burmeseclassic.com

www.burmeseclassic.com



"မြန်လိုက်တာ ရှိတ်ရယ်"

"မမမျက်နှာကို မြင်ချင်လို့ မြန်မြန်လာခဲ့တာ၊ မိုင်ကုန်ပဲ"

"ပိုလိုက်တာ"

"နွေ့ . . . တို့သွားလိုက်ဦးမယ်"

ရှိစီက နွေ့ကိုနှုတ်ဆက်၍ ထွက်သွားသည်။ Club ကိုလာ
တဲ့သူတိုင်း အသောက်အစားမကောင်းကြပေ။ ရှိတ် သိပ်မူးလို့မဖြစ်
သတိဆိုတာ ပိုသည်မရှိတဲ့။ ဒီမိန်းမက သိပ်လည်တာ၊ သူ့ထောင်ချော
ထဲမှာ ရှိတ် အမိမခံနိုင်ပါဘူး။ ဘာဖဲလုပ်လုပ် လိုအပ်ရင် ဆင်ခြေ
စကားလုံးတွေ စီလာပြီးသား။

"ရှိတ်"

"ဗျာ"

"သောက်လေ"

"ကျွန်တော် များများသောက်လို့မရဘူး မမရဲ့"

"ဟင်! ဘာဖြစ်လို့လဲ"

"အဟွန်း! ကျွန်တော်က တစ်ခွက်သောက်ရင် နှစ်ခွက်စာ
တတ်တာ။ ပြီးတော့ မူးလာရင် သွေးဆိုးတတ်လို့"

"ဟုတ်လား။ မူးတာက ကိစ္စမရှိပါဘူး။ သွေးဆိုးပြီး ရစ်
တာတော့ မမထိန်းနိုင်မှာမဟုတ်ဘူးကွ"

ရှိတ် အသက်ရှူတော့ ချောင်သွားပြီ။ Club ကို ကိုယ်ရော
လာပြီဆိုကတည်းက ကိုယ့်သတင်းဘာများထွက်မလဲတွေးပြီး စိတ်
အပူမိသား။ ဒါလည်း လိုချင်တာရှိလို့ ပေးလိုက်ရသည်ဟု သဘော
ရမှာပေါ့။





နွေက တွဲကဖို့ခေါ်တော့လည်း ရှိတ် အလိုက်သင့် ကပေးသည်။

"မမနဲ့တွေ့ချင်လို့သာ လာခဲ့ရတာ၊ ကျွန်တော် ဒီနေရာမျိုးတွေ
မလာဖူးဘူး"

"ခုတွေ့နေရပြီလေ၊ ပျော်လား"

"ပျော်တော့ပျော်ပါတယ်၊ နောက်ကျောတော့ သိပ်မလုံဘူး"

"ဘာကိုလဲ"

"မမနဲ့ကျွန်တော့်ရဲ့သတင်းတွေ ပျံ့ကုန်မှာစိုးလို့"

"ကြောက်နေပြီလား"

"ကျွန်တော်က ယောကျ်ားပါ၊ မမဘက်ကိုငဲ့လို့"

နွေ တွေခနဲဖြစ်သွားလေ၏။ သူမ ရှိတ်နဲ့ခုလိုတွဲကနေတာကို
ဘန်မိုးသက်နဲ့ ဦးလျှံ သိသွားရင် ဘာတွေဖြစ်လာနိုင်မလဲ။

"ဒါဆို ပြန်ကြမယ်လေ"

"ကောင်းသားပဲ"

"ဒါဆို ပြန်မယ်၊ ရှိတ် ခဏခေါင်းငုံ့ပေးပါလား"

"ဟင်"

"ငုံ့ပါ"

ရှိတ်ခေါင်းငုံ့လိုက်တော့ နွေက သူ့ပါးကို ဖိကပ်နမ်းလေသည်။
ရှိတ်ပြန်ပေးလိုက်မိတဲ့အနမ်းက အမုန်းတွေ အမ်းထားသောငရဲပန်းဆို
တာ. . .။

▣▣▣



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၉)

"မင်းလုပ်ပုံတွေ မဟုတ်တော့ဘူးထင်တယ် ရှိတ်"

"ဘာကိုလဲ"

"မင်း. . . Club ကိုသွားတယ်ဆို"

သတင်းက မြန်ပါလား။

"ငြင်းမယ်မကြံနဲ့၊ ငါ့သူငယ်ချင်းကိုယ်တိုင်ပြောတာ။ ဒီကောင်က စပ်စပ်စုစုသိပ်ဝါသနာပါတာ။ မင်းတို့ကိုဓာတ်ပုံရိုက်ယူလာတာကိုပြလို့ လည်းယုံတာ။ စာနယ်ဇင်းတွေကိုများ ဒီကောင် သွားပေးလိုက်ရင် မင်း သိက္ခာတွေ သွားပြီ။ တို့ကတော့ ဝင်ထိန်းတဲ့အနေနဲ့ ဒီကောင့်ပါးစပ် ပိတ်ခဲ့ရတာ။ မနည်းကြီးကုန်လိုက်ရတယ်။ ဓာတ်ပုံကိုလည်း တစ်ခါတည်း ဖျက်ပစ်ခဲ့ရတာပေါ့"

"ကျွန်တော် မငြင်းပါဘူး။ ဒါနဲ့ အဲဒီလူရဲ့ပါးစပ်ကို ဘယ်လိုပိတ် ခဲ့တာလဲ"





"လျှောက်မပြောဖို့ Reataurarnt တစ်ခုမှာခေါ်ပြီး ငါနဲ့ ရန်နိုင် ဆောင်းပန်ရတာ ပါးစပ်အမြှုပ်ထွက်လုမတတ်ဘဲ"

ကိုစိုးဝေနှင့် ကိုရန်နိုင် ကိုယ့်အပေါ် သံယောဇဉ်မသေးလှတာကို ရှိတ် သိပါသည်။ ကိုယ့်ရဲ့ညီလိုသားလို ခင်နေရတဲ့သူ့ကို သူတို့ တစ်ချိန်မှာ ဘယ်လိုလားပါ့မလဲ။ ရှိတ် ခုလိုအောင်မြင်တဲ့အဆိုတော်တစ်ယောက်ဖြစ်ခဲ့တာ သူတို့နှစ်ယောက်ရဲ့ကျေးဇူးတွေကြောင့်ပါ။

ပြီးတော့ ဆောင်း. . .

ကိုစိုးဝေရဲ့ညီမနဲ့ ဆောင်းက သူငယ်ချင်းတွေ။ ရှိတ်ရဲ့ဝါသနာကြောင့် ကိုစိုးဝေနဲ့ ရှိတ်ကို ဆောင်းက ဆက်သွယ်ပေးခဲ့တာ။ မမက ၁၄ နှစ်ပေး၏။ အရုပ်ကောင်းလို့ အလောင်းလှဆိုသလို ဒီလူတွေအားလုံး ညီကြလို့ ရှိတ်ဘဝလေး လှပခဲ့တာ။

"နွေထက်သာလွန်မှာ ယောက်ျားနဲ့တဲ့"

"သိပါတယ်"

"သိရဲ့နဲ့ကွာ. . . မင်းမှာ ကြိုက်စရာမိန်းမ ဒီလောက်တောင်ရှားသလားကွ"

ပြောလိုက်တာ အံကြိတ်သံနှင့်။ ရှိတ် ဒီလူတွေကို အသိပေးဖို့ ရောက်လာပြီထင်၏။

"ကျွန်တော် အဲဒီမိန်းမကို တကယ်ကြွေနေတာလို့ ခင်ဗျားတို့ ထင်နေသလား"

"မဟုတ်ဘူးလား"

"ကျွန်တော့်ရင်ထဲမှာ တကယ်ချစ်နေတာက ဆောင်းကို"

"အဲဒါက အဖြစ်သင့်ဆုံးပဲလေ။ ဒါဆို နွေထက်သာလွန်ကို မင်း



www.burmeseclassic.com

www.burmeseclassic.com



တကယ်မကြေွတဲ ဘာလို့ သူ့အနားမှာ သွားဝေနေတာလဲ"

"အဲဒါအကြောင်းရှိလို့"

"ဘာအကြောင်းလဲ၊ တို့ကိုပြောပြနိုင်မလား"

"သူ့မှာ ကျွန်တော် အကြွေးရစရာရှိလို့ပေါ့ ကိုရန်နိုင်"

"ဟ! ဘာအကြွေးကြီးတုန်း"

"အမုန်းကြွေး"

"ဟေ!"

"ဟ!"

အံ့သြသံတွေက ပြိုင်တူ။ ကိုစိုးဝေနှင့်ကိုရန်နိုင် တစ်ယောက်မျက်နှာတစ်ယောက်ကြည့်၏။ အမုန်းကြွေးတဲ့၊

"အချစ်ကို စိန်ပြေးတမ်းကစားပြီး ကိုယ့်ကိုသိပ်ချစ်နေတဲ့သူကို ရက်ရက်စက်စက်လုပ်ကြံသတ်ဖြတ်ခဲ့တာ အဲဒီမိန်းမပဲပေါ့"

"ဘယ်သူ့ကိုသတ်ခဲ့တာလဲ"

"ဘုန်းလျှံမိုး"

"ဘုန်းလျှံမိုးဆိုတာ ဘယ်သူလဲ"

"ကျွန်တော်နဲ့အရင်းနှီးဆုံး ပတ်သက်နေတဲ့သူပေါ့"

အရင်းနှီးဆုံးပတ်သက်နေတဲ့သူတဲ့။ သူငယ်ချင်းလား၊ ညီအစ်ကိုလား။ တော်ရုံပတ်သက်မှုမျိုးနှင့်တော့ ရှိတ်ရင်ထဲမှာ ဒီလောက်နာကြည်းမုန်းတီးနေမှာမဟုတ်ပေ။

ရှိတ်ရဲ့မှုရင်းစိတ်ကလေးက နူးညံ့သိမ်မွေ့၍ တစ်ဖက်သားအပေါ် အလွန်မှ သနားညှာတာတတ်သူ။ ကူညီဖေးမတတ်သူ။ အခု ဒီလောက် တောင် ဟိုမိန်းမအပေါ် အငြိုးသန်သန်နဲ့ မုန်းမာန်တွေဖွဲ့နေပုံထောက်





တော့ ဒီအရေးဟာ တော်တော်နက်နဲပေလိမ့်မည်။

"မင်းရဲ့အစ်ကိုလား ရှိတ်"

"တစ်နေ့တော့ ခင်ဗျားတို့သိရမှာပါ"

"ဒါနဲ့ သူ့ကို တရားဥပဒေက အရေးမယူဘူးလားကွ"

ရှိတ် မဲ့ခနဲဖြစ်သွားပြီး. . .

"လုပ်ကြံတယ်ဆိုမှတော့ ဘာသက်သေမှ မရှိဘူးလေဗျာ။ ဒီ ...အက သိပ်လည်တာ။ လောဘမီးတွေ တောက်လောင်နေတဲ့မိန်းမ၊ ...ကို ချစ်သူအဖြစ်သိမ်းသွင်းပြီး ပထမ ချူစားတယ်၊ နောက် သူလို ...တာက သူဌေးသားမဟုတ်ဘူး. . . သူဌေးလေ။ ဖအေလုပ်သူကို ...ာက်လဏ်ထပ်ပစ်တာ။ ပြီးတော့မှ ဖအေပိုင်ဆိုင်သမျှ စည်းစိမ်အား ... သူတစ်ယောက်တည်း အပိုင်စီးချင်လို့ သွေးအေးအေးနဲ့ သားကိုသတ် ...တာ"

"ဟာ! တော်တော်ရက်စက်တတ်တဲ့မိန်းမပါလား"

"မင်းပြောပြတာတွေက တဖြည်းဖြည်းနဲ့ ပဟေဠိဆန်ပြီး နား ...ာင်လို့ ကောင်းလာတယ်ကွ။ ဆက်ပြောပါဦး"

"ဘယ်သူ့အကြောင်းလဲ"

"ဘုန်းလျှံမိုးနဲ့ နွေထက်သာလွန်ရဲ့အကြောင်း"

"ဟာ. . . သူတို့နှစ်ယောက်တည်းဆိုရင် နားထောင်လို့မကောင်း ...ဘူးကွ။ ဇာတ်ပို့ဇာတ်ရံတွေ ပါဦးမှဖြစ်မှာ။ အခုပဲ ရှိတ်က ဒီဇာတ် ...မ်းမှာ မင်းသားနေရာကိုယူပြီ"

မှန်သည်. . .။ ဒီဇာတ်လမ်းမှာ ရှိတ်က မင်းသားပဲ။ ဒါပေမဲ့ ...ထက်သာလွန်ကတော့ ဇာတ်လမ်းတွေထဲကလို မင်းသားက လက်ရွေး



www.burmeseclassic.com

www.burmeseclassic.com



ချေဖို့ ကြိုးစားလိုက်တဲ့မိန်းကလေးမှာ အတိတ်က သနားစရာကောင်းတဲ့ အကြောင်းလေးတွေရှိနေလို့ သနားပြီး မင်းသားက လက်စားချေဖို့ကိုရှ ကို. . .

သင်ပုန်းချေပြီး. . .

ပြန်ချစ်မိသွားတဲ့ဇာတ်လမ်းမျိုးထဲက မင်းသမီးတော့မဟုတ်ပေ ရှိတ်နှလုံးသားရဲ့ဘုရင်မ၊ ရှိတ်ဘဝရဲ့အချစ်နတ်သမီးဟာ ဝေသီဆောင်း ပါပဲ။

"ရှိတ်"

"ပြောလေကွာ"

"ပြောမှာပါ"

ဆိုပြီး ရှိတ် အံတစ်ချက်ကြိတ်လိုက်သေး၏။ ဆုပ်ထားတဲ့လက် က ပို၍တင်းကျပ်သွားသည်။

"ဘုန်းလျှံမိုးဆိုတဲ့ကောင်က အရမ်းဖြူစင်ရိုးသားတာ။ သူ့အ က ဦးပြည့်စုံလျှံတဲ့။ အမေမရှိတဲ့သားကို ဦးပြည့်စုံလျှံက ဖအေလိုရော မအေလိုရော နှစ်ယောက်စာပေါင်းပြီး ချစ်ခဲ့ရှာတာ။ သူ့သား တက္ကသိုလ် ကျောင်းသားဖြစ်လာတော့ သားက ဒီကားမစီးချင်ဘူးဆိုရင် လိုချင်တဲ့ ကားကို ချက်ချင်းပြောင်းဝယ်ပေးတာ။ သားကလည်း လိမ္မာတာကိုး။ ဖအေ ကို မျက်နှာအညိုးမခံဘူး။ အဲဒီလိုသိပ်ချစ်ကြတဲ့ သားအဖနှစ်ယောက်ရဲ့ ကြားမှာ နာကစ်လိုဝင်မွှေလိုက်တာက ဒွေထက်သာလွန်ပေါ့"

ပြောရင်းက ရှိတ် မျက်ရည်တွေဝေ့ကာ၊ အသံက တုန်ခါသွား သလို။ နိဒါန်းမှာကတည်းက ဒီလောက် ရှိတ် ကြေကွဲနေရင်၊ စာကိုယ် နိဂုံးမှာ ရှိတ် ဘယ်လောက်တောင် ခံစားရမလဲ။





ရန်နိုင်နှင့်စိုးဝေတို့ ရှိတ်ကိုကြည့်ပြီး ဘုန်းလျှံမိုးရဲ့ဘဝလေး ဘယ်လောက်သနားစရာကောင်းနေမလဲဆိုတာကို ခန့်မှန်းမိသလိုလိုပါပဲ။

"ဘုန်းလျှံမိုးက အသားဖြူတာကလွဲရင် ရုပ်ရည်က သာမန်သာ သာပါပဲ။ သူတစ်ပါးအပေါ် သနားညှာတာပြီး ကူညီတတ်တဲ့ ရိုးသားဖြူစင်သူတစ်ယောက်အဖြစ်၊ သုံးနိုင်ဖြုန်းနိုင်တဲ့သူဌေးသားတစ်ယောက်အဖြစ် တော့ အချို့က တော်တော်များများ သတိထားမိကြတယ်။ ထူးခြားတာက ဘုန်းလျှံမိုးရဲ့မျက်လုံးလေးတွေ. . . ညို့အားပြင်းတယ်လို့ ပြောကြတာပဲ။ တကယ်တော့ သူက သာမန်လေးပဲကြည့်တာကို မိန်းကလေးတွေ သူ့ရဲ့ အကြည့်အောက်မှာ ကမောက်ကမဖြစ်ကုန်ကြတယ်လို့ ပြောကြတာပဲ"

"သြော်"

"စူးလက်နေတဲ့ သူ့မျက်လုံးလေးတွေကို စွဲလမ်းဖူးကြတဲ့အထဲ မှာ ဝေသီဆောင်းလည်း ပါတယ်"

"ဟေ"

"ဟုတ်လား"

ရန်နိုင်နှင့်စိုးဝေ မျက်စိလည်သွားကြလေ၏။ ဒါဆို ဆောင်းက အစ်ကို့အချစ်ကိုမရလိုက်လို့ ညီဖြစ်တဲ့ ရှိတ်အနားမှာ ရှိနေချင်တာလား။ ဒါမှမဟုတ် ရှိတ်ကပဲ ဆောင်းကိုသနားပြီး၊ ညှိုးရော်နေတဲ့ဆောင်းနှလုံး သားလေးကို သူ့ရဲ့အချစ်တွေနဲ့ ပြန်လည်ရှင်သန် နိုးထ လန်းဆန်းစေ ချင်တာလား။ ဟုတ်မှာပါ. . . သနားခြင်းကစတဲ့အချစ်က ပိုပြီးခိုင်မြဲတယ် လို့ ပြောကြတာပဲ။

"ဆောင်း. . . ကျွန်တော့်အနားမှာ အမြဲတမ်းရှိနေခဲ့တာလည်း အဲဒီမျက်လုံးကြောင့်ပါပဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဘာဆိုင်လို့လဲကွာ"

"ဆိုင်တာပေါ့ ကိုစိုးဝေ"

"ဆိုပါဦး"

"ကျွန်တော့်မျက်လုံးလေးတွေက ဘုန်းလျှံမိုးရဲ့မျက်လုံးနဲ့ တစ်ထပ်တည်းတူနေလို့ပေါ့"

ဒီမျက်လုံးက စကားပြောတတ်တာကျလို့လို့ အပြစ်မြင်ပြီးကာမှ L လွန်းဝါရဲ့ မျက်လုံးချင်းစကားပြောနေပြီဆိုတဲ့သီချင်းစာသားကို သတိရပြီး မပြောဖြစ်တော့။

"ဘုန်းလျှံမိုး အရေးမစိုက် သတိမထားခဲ့တဲ့မိန်းကလေးက၊ ဂစ်တာရှိတ်ရဲ့ဘဝမှာတော့ မရှိမဖြစ် လိုအပ်နေတဲ့ အချစ်ဦး အချစ်ဆုံးမိန်းကလေးဖြစ်လာခဲ့တယ်။ ထူးဆန်းတယ်နော်"

"ဘာလဲ"

"အချစ်ဆိုတာ"

ရှိတ်၏နှလုံးသားကို ဖောက်ထွင်း၍မြင်နိုင်သူက ကိုစိုးဝေနှင့် ကိုရန်နိုင်။ သူလည်း ဆောင်းကို အသည်းပေါက်မတတ် ချစ်နေတာတောင် ဖွင့်ဟဝန်မခံတာ အကြောင်းတစ်ခုခုရှိနေမည်လို့ ထင်တော့ထင်သား။

အခု သိပြီ။ နွေထက်သာလွန်ကို လက်စားချေဖို့အတွက် သူ့နှလုံးသားကို လောလောဆယ် အရင်းမြှုပ်ထားတာ။ ဆောင်းကို စိတ်ကသိကအောက်ဖြစ်မှာစိုးလို့ ထင်ပါရဲ့။ တကယ်ချစ်တတ်သူတိုင်း ချစ်တဲ့သူကို စိတ်မဆင်းရဲစေချင်ကြတာ သဘာဝ။

"မင်းပြောတဲ့စကားတွေထဲမှာ မင်းနဲ့ဘုန်းလျှံမိုးရဲ့ပတ်သက်မှု မပါသေးဘူးနော်"





"လာမှာပေါ့ဗျာ၊ ဘုန်းလျှံမိုးရဲ့အကြောင်းက ပထမပိုင်း၊ ဒုတိယပိုင်းမှာတော့ ဂစ်တာရှိတ်ရဲ့သမိုင်းကြောင်းပေ့ါကို မျှော်ပေါ့"

မျှော်ဟုဆိုသောကြောင့် ဆဲသံက ခပ်ကြိတ်ကြိတ်ထွက်လာသည်။ စိတ်က မွဲခြင်းမည်သောအပြုးနှင့်သာ ဆက်၏။

"ဘုန်းလျှံမိုးက ငယ်ငယ်ကတည်းက ဂစ်တာနဲ့သီချင်းတွေကို ...သွပ်ခဲ့သူလေ။ ကျွန်တော့်လိုပဲပေါ့။ သူငယ်ချင်းတွေနဲ့စုပြီး အုတ်ခုံတွေ ...မ်းဘေးတွေမှာ ဂစ်တာတီးပြီး သီချင်းဆိုနေရရင် ပျော်နေတတ်တဲ့ ...ဘောင်။ နွေထက်သာလွန်နဲ့ စတွေ့ခဲ့တာလည်း အဲဒီဂစ်တာနဲ့ သီချင်း ...ကြောင့်"

ကိုစိုးဝေ ဇာတ်ရှိန်တက်လာပြီဟု ကိုရန်နိုင်းကို မျက်စပစ်ပြသည်။

"အဲဒီနေ့က. . ."

◙◙◙



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၀)

"လျှံလေးရေ. . . လျှံလေး"

တစ်နေကုန်သွားရလာရနှင့် ပင်ပန်းနေသောဖေဖေ့ကို လျှံလေး နှိပ်နယ်ပေးနေရာမှ အသံတွေကို နားစွင့်လိုက်သည်။ ဖေဖေက ဆိုဖာပေါ်မှာထိုင်ပြီး လျှံလေးက ကြမ်းပြင်ပေါ်မှာထိုင်၍ ဖေဖေ့ခြေသလုံးကို နှိပ်ပေးနေသောအချိန်။

"လျှံလေး. . . လျှံလေးရေ"

"သားသူငယ်ချင်းတွေထင်တယ်"

လျှံလေး ဖေဖေ့ကိုကြည့်ပြီး ခေါင်းညိတ်လိုက်၏။

"သွားခေါ်လိုက်လေ"

"ရတယ် ဖေဖေ၊ သွားမခေါ်လည်း ဒီကောင်တွေ ဝင်လာကြမှာ"

ပြောတဲ့အတိုင်းပါပဲ၊ နောင်ချို၊ ဝင်းလတ်အောင်နှင့် ကျော်မောင်မောင်မြင့်တို့ ဝင်လာကြ၏။ ဖေဖေက. . .





"သားတို့ လာကြလေ"

"ဟုတ်ကဲ့"

သုံးယောက်သား ဖေဖေ့ရှေ့မှာ တရိုတသေ ဝင်ထိုင်ကြ၏။ ဖေဖေကလည်း လူငယ်တွေနှင့် လိုက်လျောညီထွေ ဆက်ဆံတတ်သူမို့. . .

"ဦး"

"ဟေ"

"ကျွန်တော်တို့ လျှံလေးကိုလာခေါ်တာ"

"သိတယ်၊ ထုံးစံအတိုင်းပဲမဟုတ်လား။ စောစောလေးတော့ ပြန်ခဲ့ကြပေါ့ကွာ"

"ဟုတ်ကဲ့ပါ ဦး၊ ဒီကောင်ကြီး သူ့ကောင်မလေးဆီက အဖြေရမချင်း ကျွန်တော်တို့လည်း ဝိုင်းပြီးဝင့်ခံနေရတာ"

မောင်မောင်က နောင်ချို့ကိုမေးဆတ်ပြ၍ဆိုသည်။ နောင်ချိုက ဇပ်ဖြဲဖြဲမျက်နှာပေးနှင့် အရက်ပြေ လက်ဝါးချင်းပွတ်နေ၏။

"လက်သည်ကိုချည်းပဲ အားမကိုးနဲ့လေကွာ၊ ကိုယ်ကလည်း ညှစ်အားပေးဦးမှပေါ့ကွာ"

"ဟာ. . . ဖေဖေကလည်း မနိုပ်လိုက်တာ"

ထိုဥပမာလေး ပေးမိတာကိုပဲ အရှက်ကြီးသော ဘုန်းလျှံမိုးမှာ နားမထောင်ရဲသလို မျက်နှာတစ်ပြင်လုံးရဲပြီး ခေါင်းငုံ့သွားလေ၏။

"ငါ့သားကတော့ မိန်းကလေးတွေထက်တောင် ရှက်တတ်နေသေးတယ်။ ဒီပုံစံနဲ့တော့ စွံပါ့မလားမသိဘူး"

"အဲဒီအတွက်တော့ မပူနဲ့ ဦး၊ ကျွန်တော်တို့ရှိတယ်။ အချိန်တန်ရင် နွားပိန်ကန်လာအောင် ကျွန်တော်တို့ပဲ ဝိုင်းလှော်ပေးပါ့မယ်"



www.burmeseclassic.com

www.burmeseclassic.com



"အလျော်ကောင်းရင် တော်ပါရဲ့ကွာ၊ တော်ကြာ အလျော်လွ[...]
ပြီး မဲဘော်တာရော်တွေနဲ့လည်း တွေ့နေပါဦးမယ်"

"ဒီမျက်လုံးတွေ ကြည့်တတ်ပါတယ် ဦးရဲ"

"အေးပါ. . . အေးပါ"

မောင်မောင့်စကားကြောင့် အားလုံးရယ်မိကြသည်။ သူတို့ သူငယ်ချင်းလေးယောက်ထဲမှာ နောင်ချိုက ထင်ပေါ်၏။ မှုန်နေအောင် ချော[...] မျိုးမဟုတ်ဘဲ အဝတ်အစားကို သူနှင့်အစပ်အဟပ်တည့်အောင် စတိုင်[...] မိမိ ဝတ်တတ်သည်။

ရုပ်ရည်နှင့်ဘော်ဒီကလည်း ခပ်ဖြောင့်ဖြောင့်ပါပဲ။ ဒါတောင် မိန်း[...] ကလေးတွေက နောင်ချို့ထက် ဘုန်းလျှံမိုးကို ပိုပြီးစိတ်ဝင်စားကြ[...] ဘာကြောင့်လဲစဉ်းစားလို့မရ။ ဂစ်တာတီးပြီး သီချင်းဆိုကောင်းလို့လား[...] ချမ်းသာလို့လား။ လူမှုဝန်ထမ်းစိတ်ရှိလို့လား။ ထိုလားပေါင်းများစွာထဲမှ[...]

တစ်နေ့. . . အဖြေထွက်လာသည်က ရူးရူးတောက်ပနေတဲ့ ဘုန်းလျှံမိုးရဲ့မျက်လုံးလေးတွေက ညှို့အားကောင်းသည်တဲ့။

ဒါကို. . . သူငယ်ချင်းတွေက စကြသည်။

"မင်းမျက်လုံးထဲက ညှို့နိုင်တဲ့ပါဝါစွမ်းအားတွေ ငါတို့ကို မျှဝေ[...] စမ်း"

ဒါ ဘုန်းလျှံမိုး ဒီလိုဖြစ်စေတော့လို့ ဖန်တီးခဲ့တာ ဘာမှမရှိပေ[...]

"ကဲ! လျှံလေး. . . ထ. . . ဂစ်တာထမ်းခဲ့"

"ဖေဖေ"

"ပြော. . . သား"

"သား လိုက်သွားဦးမယ်နော်"





"အေး. . . စောစောပြန်ခဲ့နော် သား"

"ဟုတ်ကဲ့ပါ ဖေဖေ"

လေးယောက်သား နောင်ချိုကောင်မလေးရှိတဲ့ အဆောင်ရှေ့သို့ ရောက်လာခဲ့ကြသည်။ ထုံးစံအတိုင်း သီချင်းဆိုပေးရသူက ဘုန်းလျှံမိုးပါ။ ဘုန်းလျှံမိုးက ဂစ်တာတီးပြီး သီချင်းဆိုပြီးတာနှင့် စိတ်ကို သီချင်းထဲမှာ ရွက်လွှင့်ထားသူ။

အချို့. . . အဆောင်ပြတင်းဝမှထွက်၍ သီချင်းနားထောင်နေကြသူတွေလည်း ရှိ၏။ နောင်ချိုက ဆင်ဖြူတော်မှီ၍ ကြံစုပ်ရတာ။ သီချင်းဆိုတတ်ပေမယ့် ဂစ်တာကိုဖြစ်ဖြစ်မြောက်မြောက် မတီးတတ်။ လျှံလေးတီးပြီး သူဆိုဖို့ကျတော့ ကိုယ့်သူငယ်ချင်းတွေက စပြောသည်။

"မင်းမဆိုနဲ့၊ လျှံလေးလောက် နားမတိုးဘူး"တဲ့။

ဒါကြောင့် ဒီနေရာမျိုးမှာ လျှံလေးကို ဆရာတင်ရတာ။

"ဒေါက်!"

ဂစ်တာကို လာရောက်ထိမှန်သွားသောအရာတစ်ခုကြောင့် လျှံလေး ဂစ်တာသံ တိခနဲရပ်သွား၏။

"ဘာလဲ"

"တစ်ခုခုတော့ တစ်ခုခုပဲ"

လေးယောက်သား မျက်လုံးနှင့် ဟိုရှာဒီရှာ။ ဝင်းလတ်ကပဲ အရာတစ်ခုကို ငုံ့ကောက်၍. . .

"ဒါထင်တယ်"

"ဘာကြီးတုန်း"

"စက္ကူနဲ့လိပ်ပတ်ထားတဲ့ကျောက်ခဲ"



www.burmeseclassic.com

www.burmeseclassic.com



"စာထင်တယ်"

"ဖြည့်လိုက်လေ၊ သိရအောင် ဖွင့်ကြည့်မှပေါ့"

"မသိဘူးလေ၊ ကြော်စားဖို့များ ယူသွားမလားလို့"

"မင်းပဲယူသွား"

ဝင်းလတ်က စာခေါက်ကလေးကိုဖြန့်လိုက်တော့ စာတစ်ရွက်ဝန်းကျင်မှာ ခေါင်းလေးလုံး ဆိုင်သွား၏။

***နောင်ချို...***

***ငါက နှင့်ရဲ့ခင်စာလင်းဝါ...***

"အလဲ့. . . နှင့်ရဲ့ခင်ဇာလင်းဆိုပါလား။ မင်းမျှော်လင့်ချက်တော့ရှိပြီ နောင်ချို"

"ထားပါ. . . ဆက်ဖတ်"

စာကိုဆက်ဖတ်လိုက်ကြ၏။

***ငါတို့အဆောင်ကို မနေ့ကမှ ပြောင်းလာတဲ့ မမဘစ်ယောက်ဘုန်းလျှံမိုးနဲ့မိတ်ဆက်ချင်တယ်တဲ့။ အဲဒါ ငါခေါ်လာခဲ့ရမလား။ လာခဲ့မယ်ဆိုရင် လက်ပြလိုက်...***

***ဒါပဲ***

***နှင့်ရဲ့***

***ခင်စာလင်း***

အကြည့်တွေက ဘုန်းလျှံမိုးမျက်နှာပေါ်သို့ ရောက်သွားကြသည်။ မောင်မောင်က လျှံလေးကို မေးဆတ်ပြလျက်. . .

"ဘယ်လိုလဲ လျှံလေး"

"ဟာကွာ. . . မိတ်ဆက်ရအောင် ငါက အဆိုတော်မှမဟုတ်တာတော့ လာမှာ မိန်းကလေးတွေ၊ ရှက်စရာကြီး"

"ရှက်ကြော ဖြတ်ပေးမယ်"

"မင်းကလည်း မိန်းကလေးကျနေတာပဲ။ အဲဒီလောက် အရှက်ကြီးနေရင် မင်း ဘာမှအစွမ်းအစမရှိလာမှမဟုတ်ဘူး။ ဥပမာကွာ. . . မင်းချင်တဲ့အဆိုတော်ဖြစ်လာရင် ဘယ်လိုလုပ်မလဲ"

"အဲဒါကတော့ တစ်မျိုးပေါ့"

"လုပ်မနေနဲ့၊ ခုပဲ သတ္တိမွေးလိုက်တော့"

ဆိုပြီး နောင်ချိုက လာခဲ့ဖို့ လက်ပြလိုက်သည်။

"ဟာ! ဟော့ကောင်"

တားချိန်မရလိုက်။

"လက်ခံတွေ့ဆုံပေးလိုက်စမ်းပါ။ အကဲခတ်ကြည့်ရတာပေါ့ကွ။ သပတလေးဆိုရင် မင်းမစွံချင် ငါတို့စွံပေါ့. . . ဟဲဟဲ"

"နှာခေါင်းကြည့်ပြီး ဆလံတိုက်ချင်စရာ"

"ဟော. . . ဟော"

"လာပြီကွ"

ကြားနေရပေမယ့် လျှံလေးကတော့ လှည့်မကြည့်မိပေ။ ဂစ်တာကို အာရုံစိုက်၍ ငုံ့ကြည့်နေ၏။

"အားပါးပါး. . . လှလိုက်တာ"

"ဘုံကြီးပြတ်တဲ့ နတ်မိမယ်လေးကွ"

"လျှံလေးတို့တော့ ဇာတာမြင့်လာပြီထင်တယ်"

"ဒီကောင်က စန်းထပြီး မျက်နှာပွင့်ပြီးသားပါကွ"

"ရှူး. . ."







www.burmeseclassic.com

www.burmeseclassic.com



"တိတ်တော့"

အားလုံး ဟန်မပျက်နှင့် ငြိမ်သက်စွာထိုင်နေကြ၏။ လျှံလေးက ငုံ့ထားသည့်ခေါင်းကို လုံးဝမမော့တော့ချေ။ သူငယ်ချင်းတွေက မော့ကြည့်ဖို့ လက်ကုတ်ပြီး အချက်ပြပေမယ့်၊ လျှံလေး မသိသလို လုပ်နေ၏။

ရှေ့တည့်တည့်မှာ လာရပ်သော ခန္ဓာကိုယ်အချိုးအဆစ်ကိုမြင်လိုက်ရသည်တွင် တံတွေးတစ်ချက်တော့ မျိုချလိုက်မိ၏။ စွင့်စွင့်ကားကားတင်သားနှင့် ခါးကျစ်ကျစ်ကလေးက အမြင်အာရုံမှာ ထင်းနေ၏။

ဘောင်းဘီအနက်၊ စပို့ရှပ်ကိုယ်ကျပ်အနက်တို့က ဖြူဝင်းသောအသားအရေပေါ်မှာ သူမ၏ခန္ဓာအလှကို သိသာထင်ရှားစေလိုခြင်းမှာ အနားကွပ်၍ ပုံဖော်ပေးသည့်အလား။ ခါးမှာပတ်ထားသော ခါးပတ်ကြိုးဆီမှ ချိန်းကြိုးလေးတွေက လှုပ်လီလှုပ်လဲ့။

"ဘုန်းလျှံမိုးဆိုတာ မင်းလား"

"ဗျာ"

ရုတ်တရက်မော့ကြည့်လိုက်မိစဉ် အသက်ရှူတောင် မှားသွားတော့ မတတ်ပါပဲ။ လှလိုက်တာ. . .။ ပြုံးနေတဲ့နှုတ်ခမ်းပါးရဲရဲက နှလုံးသားကို အားပြင်းပြင်းနဲ့ ထုနှက်လိုက်တဲ့ရင်မှုန်သံစက်ယန္တရားလို။

မျက်နှာက သွယ်မယောင်နှင့် မေးရိုးကားပြီး၊ မေးစေ့ကျမှ ပြန်လည်၍ သွယ်စင်းသွားတော့ လုံးသလိုလေးဖြစ်နေ၏။ ပါးမို့လေးတွေ နေပြီး ကော့ညွတ်နေသော မျက်တောင်ရှည်များက အစစ်တော့ မဟုတ်တန်ရာ။ အပြားသေးသေးလုံးလုံးသဏ္ဍာန်လေးနှင့် လေးကိုင်းဟန် မျက်ခုံးညီညီလေးများနှင့် သူမဟာ မျက်တောင်ခတ်ဖို့ မေ့ရလောက်အောင်ကို လှ၏။





ပခုံးပေါ်မှာ ကျနေသောဆံပင်အဖျားတို့က ဖြောင့်စင်းနေတာ ...တ်။ အခွေအလိပ်ကလေးများနှင့်မို့. . .

"ဟုတ်လားဟင်"

"ဟုတ်. . . ဟုတ်ပါတယ်"

"မင်းက အတီးရောအဆိုရော တကယ်ပိုင်တာပဲ"

"ဒီလောက်မဟုတ်ပါဘူးဗျာ"

"မမက မြှောက်တာမဟုတ်ပါဘူးကွယ်။ တကယ်ကောင်းလို့ ချီး...တာပါ"

"ဟော့ကောင်"

"ဟင်. . ."

ခေါင်းပြန်ငုံ့သွားတဲ့လျှံလေးကို မောင်မောင်က တံတောင်နှင့် ...တ်၏။

"ကျေးဇူးတင်ပါတယ်လို့ ပြောလိုက်လေကွာ"

"ပြောရမှာ"

"အေးလေ. . . ကြောင်တောင်တောင်နဲ့ ဘာကောင်မှန်းမသိဘူး"

"ကျေး. . . ကျေးဇူးတင်ပါတယ် အစ်မ"

"အို. . . ဘယ်လိုကြီးခေါ်တာလဲ"

ဝင်းလတ်က ဟဲကနဲရယ်ကာ. . .

"ဒီကောင်က နှစ်လုံးဆင့်ခေါ်ရတာမျိုး မခေါ်တတ်ဘူး မမရဲ့။ ...ာ. . . လင်းလင်းတို့ ဝင်းဝင်းတို့ ကိုကို မမဆိုတာမျိုးလေ"

"ဒါဆိုလည်း 'မ'လို့ပဲ ခေါ်လေ။ ရပါတယ်"

"ဟော့ကောင်"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်. . . ဟုတ်ကဲ့"

ဘေးကလူတွေ မနည်းလျှော်နေရသည့် ဘုန်းလျှံမိုးပါ။ နောင်ရ
နှင့်ခင်ဇာလင်းကတော့ နောက်မှာ ဘာတွေတွတ်ထိုးနေသည်မသိ။

"မ. . . မောင်လေးနဲ့ ခင်ခင်မင်မင် မိတ်ဆွေတွေဖြစ်ချင်တယ်
ရမလား"

ခင်ချင်ပါတယ်ဆိုသူကို ဘယ်သူက မခင်ပါနဲ့လို့ပြောမှာလဲ။

"ဟုတ်ကဲ့၊ ခင်နိုင်ပါတယ်"

" 'မ'ကလည်း ဂစ်တာနဲ့သီချင်းကို ချစ်တဲ့သူပါကွယ်။ ဂစ်တ
တော့ မတီးတတ်ဘူး၊ သီချင်းပဲဆိုတတ်တယ်။ စားသောက်ဆိုင်တစ်ခုရ
အဆိုတော်ပေါ့။ 'မ'နာမည်ကို မှတ်ထားနော်. . . နွေထက်သာလွန်တဲ့"

"နွေထက်သာလွန်"

သံယောင်လိုက်ရွတ်ရင်း ဒီနာမည်က အာရုံထဲမှာ စွဲမြဲသွား
လျှံလေး ခေါင်းညိတ်ပြလိုက်တော့ သူမက ရယ်လေသည်။

"ဟို. . . ခင်မင်ခွင့်ပေးလိုက်တာနဲ့ အခွင့်အရေးယူတယ်လ
မထင်နဲ့နော် မမ။ မင်းဆီက အကူအညီတစ်ခုလောက် တောင်းချင်လို့"

"ပြောပါ၊ ကျွန်တော် ကူညီနိုင်တာရှိရင် ကူညီပါ့မယ်"

" 'မ'ကို ဂစ်တာတီးသင်ပေးပါလားဟင်"

"ဗျာ!"

လျှံလေး သူငယ်ချင်းတွေကို ကြည့်လိုက်သည်။ မိန်းကလေးတ
ယောက်ကို ဂစ်တာတီးသင်ပေးရလောက်အောင်တော့၊ လျှံလေး ဘ
မိန်းကလေးနဲ့မှ ပူးပူးကပ်ကပ်မနေဖူးပါ။

"အပန်းကြီးတာမှ မဟုတ်တာ၊ သင်ပေးလိုက်ပါကွာ"





"အေးလေ၊ ဟိုက တကယ်ဝါသနာပါလို့ အရဲစွန့်ပြီး တောင်းဆို
နေတာကို"

"ဟုတ်ပါတယ်ကွယ်၊ သင်ပေးမှာလားဟင်"

တစ်ဖက်က တောင်းပန်တိုးလျှိုးသံနှင့်မို့ လျှံလေး ဒွိဟနာပါးနာ
နှင့် ခေါင်းညိတ်လိုက်ရ၏။

"ရင်းရင်းနှီးနှီး လျှံလေးလို့ပဲခေါ်မယ်နော်"

"ရပါတယ်၊ ကြိုက်သလိုခေါ်ပါ"

"ငါကတော့ နှင့်အကြောင်းကိုမေးလို့ မမကို အားလုံးပြောပြထား
ပြီးပြီ လျှံလေးရေ့။ လိုတာရ သူဌေးသားဆိုတာကအစပေါ့"

"ဟာ! ခင်ဇာလင်းကလည်း"

"ဟဲ့! မှန်တာတွေပြောတာလေ"

လျှံလေး 'မ'ကို မရဲတရဲလိုလို ဖျတ်ခနဲမော့ကြည့်ပြီး မျက်လွှာ
ပြန်ချသွားလေ၏။

"နောက်နေ့တွေ ဒီကိုလာဦးမှာလား"

"လာမှာ. . . မမ၊ စိတ်ချ။ ဒီကောင်က ကတိတည်တယ် မမရဲ့။
မမကို ဂစ်တာတီးသင်ပေးဖို့ သူခေါင်းညိတ်ပြီးပြီလေ"

"ဒါဆို ကျေးဇူးတင်တယ်၊ 'မ' သွားမယ်နော်"

"ဟုတ်ကဲ့"

သူမက ထွက်သွားပြီးမှ နောက်ကြောင်းပြန်လှည့်၍ လက်ပြလေ
တော့၊ ကျောက်ရုပ်မင်းသားလျှံလေး လက်ကို ဝင်းလတ်က နောက်ကနေ
ဆွဲယူပြီး လက်ပြန်ပြနိုင်း၏။

◘◘◘



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၁)

"ဟုတ်ပြီ. . . လက်ခလယ်ကို နည်းနည်းရွှေ့လိုက်၊ ဟုတ်ပြီ

လက်ကွက်မှားသွားရင် ပြန်ထိန်းပေးလိုက်၊ လက်တွေကို ကိုင်

တိုင်ကိုင်ပြီး ရွှေ့ပေးရတာတွေလည်းရှိ၏။ ခင်မင်ခွင့်ပါမစ်နှင့် အတူသူ

အတူလာရှိခဲ့ကြတာ တစ်ပတ်ကျော်ပြီ။ ဂစ်တာတီးသင်ပေးဖြစ်တာက အ

မှ။ ခင်တဲ့ကာလလေး ကြာညောင်းသည်မဟုတ်သော်လည်း ရင်းနှီးသ

ရှိနေပြီမို့ ရှက်သည့်စိတ်တွေကတော့ ပပျောက်လုပြီ။

သူမက. . .

တစ်ခါတစ်ခါ ကိုယ့်ရင်ဘတ်နှင့်ထိကပ်လုမတတ် တိုးရွှေ့ပြီး

မလည်တာကို ပြန်မေးသည့်အခါမှာတော့ ရင်တွေက ခုန်ချင်ချင်။

"ဒီလိုဆွဲချလေ၊ ကြိုးတွေကို ရှပ်ရုံလေး ဆွဲရတယ်"

နောက်ကျောဘက်ကနေ သူမ၏လက်ချောင်းလေးတွေကို ဖိ

ကိုင်ပြီး နေရာရွှေ့ပေးလိုက်၏။





"လက်ချောင်းထိပ်နဲ့ ကြိုးတွေကို မိအောင်ဖိထားရတာ။ 'မ'က ဒီအတိုင်းကြီးကပ်ထားတော့ တခြားကြိုးတွေပါ ငြိကုန်တာပေါ့"

"ဒီလိုလား"

"အင်း. . . ဟုတ်ပြီ"

'မ'တီးခတ်၍ လှုပ်ရှားနေသောလက်ချောင်းကလေးများနှင့် ဂစ်တာကြိုးလေးများကို တူပြိုင်ကာ လှျံရင်ဘတ်တွေ ဂယက်မငြိမ်ဘဲ လှုပ်ရှားနေသည်။ သူဒီလိုတစ်ခါမှ မဖြစ်ဖူးပါဘူး။ ရင်ခုန်သံဆိုတာ ဒါလား။ ဟုတ်နေရင်တော့ ရင်ခုန်ခြင်းသည် အချစ်ကို အစပျိုးခြင်းဟု လှျံလေး ကြားဖူးသည်။

သူ. . . 'မ'ကိုချစ်မိနေပြီထင်ပါရဲ့။

"လှျံလေး"

"ဟင်"

"ဒီနေ့တော့ ဒီလောက်နဲ့တော်ပြီကွာ၊ စကားပြောရအောင်နော်"

"အင်း. . . 'မ'သဘောပဲလေ"

လှျံလေးရဲ့သူငယ်ချင်းတွေက လူစုံအောင်မပါတော့ချေ။ လှျံလေးနဲ့ နောင်ချိုနှစ်ယောက်တည်း လာခဲ့တာ။ နောင်ချိုက သူ့ကောင်မလေးနှင့် အဆင်ပြေနေပြီမို့ လှျံလေးဘက်သို့ မျက်စောင်းပင် ထိုးမကြည့်တော့ပေ။

'လှျံလေး 'မ'သီချင်းဆိုတဲ့စားသောက်ဆိုင်ကို တစ်ခါလောက်ရောက်ဖူးအောင် လာခဲ့ပါလား"

"ဘာလုပ်ရအောင်လဲ 'မ'ရဲ့"

" မ သီချင်းဆိုတာ ကောင်းမကောင်းနားထောင်ပြီး ဝေဖန်ပေး



www.burmeseclassic.com

www.burmeseclassic.com



ပေါ့လို့''

''ဟို. . .''

လျှံလေးဆံပင်တွေကို ထိုးသိပ်လှန်တင်ရင်း ရယ်လေသည်။ 
ဆံပင်တွေက ခပ်သန်သန်မို့ ကရင်မ်လိမ်းထားပေမယ့် အချောင်းလို
ပြန်ကျတာတွေက ကျ။

''မလာချင်ဘူးလား''

''မလာချင်တာတော့ မဟုတ်ပါဘူး၊ ကျွန်တော်က အဲဒီလို
တွေကို သွားလေ့သွားထမရှိဘူး 'မ'ရဲ့။ သူငယ်ချင်းတွေစုမိလို့ သွား
တောင် တော်ရုံဆိုင်တွေမှာပဲ ထိုင်ဖြစ်ကြတာ''

''လျှံလေးက တစ်မျိုးပဲနော်၊ တခြားသူဌေးသားတွေလိုမဟုတ်
ဘူး။ သိလား''

''ဟုတ်တယ်၊ ကျွန်တော်က လူတစ်မျိုးလေ။ ငါ သူဌေးသား
ပြီး နေရာတကာ မော်ကြွားမနေချင်ဘူး။ အေးအေးချမ်းချမ်း ရိုးရိုး
ရှင်းလေးပဲ နေချင်တာ။ Common life (သာမန်ဘဝ)မျိုးကိုပဲ 
သက်တယ်''

''ဒါဆို လျှံလေးက လူထူးဆန်းလေးပေါ့''

''ထူးဆန်းချင်လို့မဟုတ်ပေမယ့် ထူးဆန်းသွားတာလေ''

'မ'ရယ်ပြီး သူ့ကိုစိုက်ကြည့်လိုက်တာကို လျှံလေး သိ၏။ မ
ချင်ယောင်ဆောင်ပြီး ကိုယ့်ဖိနပ်ဦးကိုပဲ အထူးအဆန်းလို ကြည့်နေလိုက်
ပေမယ့်. . .

''လျှံလေး''

''ဗျာ''





''ဟာ. . . လျှံလေးကလည်း ခေါ်တာကို ပါးစပ်ကထူးပြီး မျက်
လုံးက ဘာလို့မကြည့်တာလဲ။ ကြည့်ကွာ. . . 'မ'မျက်နှာကိုကြည့်ပြီး စကား
ပြောစမ်းပါ။ လျှံ့ကိုကြည့်ရတာ တကယ်အားမရဘူး သိလား''

'မ'က လျှံလေးပခုံးကိုကိုင်ပြီး သူမဘက်သို့ အတင်းဆွဲလှည့်နေ
သဖြင့် လျှံလေး 'မ'ကိုကြည့်လိုက်၏။ 'မ'ရဲ့အပြုံး၊ 'မ'ရဲ့အကြည့်တွေ
အောက်မှာ နူးညံ့တဲ့လျှံလေးရဲ့နှလုံးသားဟာ အရည်ပျော်ကျလုမတတ်ပါ
ဘဲ။ ချက်နှာကိုပြန်လွှဲလိုက်တော့. . .

''မင်း ဘာလို့ 'မ'ကိုမကြည့်ရဲတာလဲဟင်''

''ကျွန်တော်. . .''

'' 'မ'သိနေသလိုပဲ''

'' 'မ'. . . တကယ်သိနေတာလားဟင်''

''သိနေပေမယ့် မမျှော်လင့်ရဲပါဘူးကွာ၊ မင်းနဲ့ 'မ'ရဲ့ဘဝက''

''တော်ပါတော့ 'မ'ရယ်၊ အဲဒီမတူညီတာတွေ ကွာခြားတာတွေ
ထည့်မပြောပါနဲ့။ ကုသိုလ်ကံချင်းမတူညီကြလို့ လူမှုနေထိုင်စနစ် ကွာခြား
ကြပေမယ့် လူချင်းအတူတူပဲမဟုတ်လား''

'' 'မ'က စားသောက်ဆိုင်က အဆိုတော်တစ်ယောက်လေ။ ပတ်
ဝန်းကျင်ရဲ့အမြင်မှာ မတင့်တယ် မဝင့်ထယ်ဘူးပေါ့''

''ဒါလည်း ဘဝအတွက် ရုန်းကန်လှုပ်ရှားရတဲ့ တိုက်ပွဲတစ်ခုပဲ
'မ'ရယ်။ ဒါကို အထင်သေးအမြင်သေးမျက်လုံးတွေနဲ့ ကြည့်မယ့်အစား
သတ္တိရှိလိုက်တာလို့ ပြောရမှာ''

''လျှံလေးက 'မ'ကို အဲဒီလိုမြင်ပေးမှာလား''

''ဟုတ်တယ်၊ ကျွန်တော့်အမြင်က ဒီအတိုင်းပဲ''



www.burmeseclassic.com

www.burmeseclassic.com



“လျှံလေးရယ်”

ရေသည်ပြဖာဂ်ထဲက စကားလို၊ ရေလာမြောင်းပေး စကား ကြွယ်လှတဲ့ သူမရဲ့စကားလုံးအနုအလှလေးတွေကြားမှာ လျှံလေး လျှ စားခံလိုက်ရတဲ့ ကဝေအပ်ထောက်စက် အမိခံ လူတစ်ယောက်လို။

သူ့ဝေဒနာကို. . .

ဘယ်ပယောဂဆရာ. . . ,

ဘယ်သမားတော်. . .

ဘယ်ဇီဝကမှ. . .

ကုစားနိုင်မည်မဟုတ်တော့။ သူမဘက်ကစပြီး ကိုယ့်ကိုဖ တွယ်ကာ ရင်ခွင်ထဲ တိုးလာတော့၊ အစကတည်းက အညှာမခိုင်ချင်သေ လျှံလေးရဲ့နှလုံးသားတွေ သူမ၏ခြေတော်ရင်းမှာ ဘုတ်ခနဲကြွေကျ ထ ဆင်း ခယတော့မည်မှာ မလွဲမသွေ။

လျှံလေး သူမကိုအလိုက်သင့်ပြန်ဖက်လိုက်မိတဲ့အချိန်မှာ သူမ စပ်ဖျားက ပြောထွက်လာသည့်စကားက. . .

“ ‘မ’လေ. . . လျှံလေးရဲ့သီချင်းသံကိုကြားရတဲ့အချိန်မှာ တေ လိုက်တာလို့ လေးစားမိတယ်။ လူကိုမြင်လိုက်ရတော့ ခင်တယ်။ ဖြူ မြင့်မြတ်တဲ့စိတ်ဓာတ်ကလေးရှိတာကို သိလိုက်ရတော့ ချစ်မိသွားတယ် ‘မ’ပြောတာကို ယုံရဲ့လားဟင်”

“ဟင်. . . ‘မ’တကယ်ပြောတာလား”

“ဘာကိုလဲ လျှံလေး”

“ကျွန်တော့်ကို ချစ်မိသွားတယ်ဆိုတာ”

“ဟင်! ‘မ’ပြောမိသွားပြီလား”





“အင်းလေ”

“အို!”

မထင်မှတ်ဘဲ လွှတ်ခနဲပြောလိုက်မိသလိုနှင့် မျက်နှာကလေးရဲ့ ရှက်ဝဲဝဲပုံစံမျိုးလေးနှင့်ဖြစ်သွားပုံက အသည်းယားစရာ။ လူတွေကို သင်ပေးစရာမလိုဘဲ သူ့အလိုလိုတတ်မြောက်လာတာ ချစ်တတ်ကြခြင်း ဆိုတဲ့ပညာ။

ဆရာတင်စရာမလိုဘဲ လျှံလေး ‘မ’ကိုချစ်တတ်ခဲ့သည်။

“ရင်ထဲကစကားကို ဘာလို့ ပါးစပ်က ထုတ်ပြောလိုက်မိပါလိမ့် နော်။ ဆောရီးပါ လျှံလေး”

“ဟာ. . . အဲဒီလိုမရဘူးလေ ‘မ’ရဲ့၊ ပြောပြီးမှ ဆောရီးလုပ်လို့ ဘယ်ရမလဲ။ ဒီစကား အတည်ပဲ”

“အို. . . သူကဖြင့် ဘာမှမပြောဘဲနဲ့ သူများပြောတာကို အကျ လိုက်ကောက်တယ်”

“သိနေရဲ့နဲ့ ‘မ’ရယ်”

“ဘာကိုသိရမှာလဲ”

“ကျွန်တော်လည်း ‘မ’ကိုချစ်နေတာလေ”

“သေချာလို့လား”

“ကျိန်ဆိုဝံ့ပါတယ်”

“လူလည်လေး”

ကိုယ့်ရင်ဘတ်ကို ဖွဖွထုလာတဲ့လက်ကလေးကိုဆုပ်ကိုင်ပြီး ပျော် လိုက်ရတဲ့ကြည်နူးမှုလေးကို ဘယ်လိုစည်းစိမ်မျိုးနဲ့မှ လျှံလေး လဲမယူနိုင် ပေ။



www.burmeseclassic.com

www.burmeseclassic.com



အချစ်ကို စစ်မစစ် ဘယ်ဓာတ်ခွဲခန်းမှာဝင်ပြီး စမ်းသပ်ရမယ် လျှံလေး မသိပေ။

ခွေးမ. . . ခွေးမ အမဲရရင်ပြီးရောဆိုတဲ့အဖြစ်မျိုးနဲ့ လျှံလေးကြ နေရပြီဆိုရင်၊ ဘယ်လိုဖြေရှင်းမလဲ။ ဒါတွေ သူဦးနှောက်ထဲမှာ လုံးဝမ ပေ။ ချစ်လာကြပြီဆို အဆိုးအကောင်း အကျိုးအကြောင်းကို ဝေဖန်အကြ ပေးသူသည်၊ လမ်းခွဲကြဖို့ဆိုလျှင် ထိုသူသည် မိတပင်ဖြစ်လင့်ကစား ရန်သူ ဟု သတ်မှတ်သွားတတ်ကြ၏။

“ ‘မ’နဲ့ကျွန်တော် ခုပဲ ချစ်သူတွေဖြစ်သွားကြပြီနော်”

“အင်း”

“ပျော်လိုက်တာ ‘မ’ရယ်”

“ ‘မ’လည်း မောင့်လိုပေါ့”

“ဘယ်လိုခေါ်တယ်”

“မောင်လို့ခေါ်တာလေ”

“အား. . . အရမ်းချစ်တယ် ‘မ’ရယ်”

ရှေးလူကြီးများ လူပျိုနဲ့အပျို ရည်းစားဖြစ်ကြဖို့အရေး သုံးနှစ် သုံးမိုးတောင် စောင့်ရသတဲ့။ နွေထက်သာလွန်နှင့်ဘုန်းလျှံမိုးတို့ကတော့ တစ်ပတ်ကျော်ဆိုတဲ့အချိန်တိုလေးအတွင်းမှာ ချစ်သူဘဝကို ကူးပြောင်း သွားကြပြီ။

“ ‘မ’က မယ်ကံကောင်းလေး ထင်တယ်နော်”

“ဟင်. . . ဘာကိုပြောတာလဲ”

“ ‘မ’က လျှံလေးရဲ့အချစ်ဦးမဟုတ်လား”

“အစစ်ပေါ့၊ ကျွန်တော် ခုမှချစ်တတ်တာ”





ကလူ၏သို့ မြူ၏သို့ တီတီတာတာစကားအလှတို့ကြားမှာ လျှံ လေး ဘဝင်ခွေ့ကာဖြင့် ပိုင်ဆိုင်တာအားလုံးကို ပုံပေးချင်လောက်အောင် ‘မ’ကိုချစ်မိခဲ့သည်။

သူ့မေးဖျားလေးကို ခေါင်းလေးမော့လှန်ပြီး နမ်းလိုက်တဲ့အချိန် မှ ဘလာကဲကြီး ဟက်တက်ကွဲနေပါပြီလို့ အော်ပြောတောင်၊ လျှံလေးက သက်ကာပြီး ထိုအက်ကြောင်းထဲမှာပဲ ဘဝကိုနစ်မြုပ်ခံလိုက်တော့မည့်ပုံ။

“မောင်”

“မ”

“ ‘မ’ကို ဘယ်တော့မှ မထားခဲ့ရဘူးနော်”

“စိတ်ချပါ ‘မ’ရယ်၊ ‘မ’သာ. . .”

“ ‘မ’ဘက်ကတော့ ကတိပေးပြီးသား”

“လိမ္မာတယ်၊ ပိုချစ်သွားပြီ”

“ဟွန်း. . . အပိုတွေ”

“မယုံဘူးလား”

“ဟင့်အင်း”

“ဒါဆို သက်သေပြမယ်”

“အို. . . မောင်”

လူရိုး သချိုင်းမှာပဲ ရှိသတဲ့။ အချစ်နဲ့ပတ်သက်လာရင် ဘယ် သောင်ကများ ကျောက်ရုပ်လိုနေမှာလဲ။ အနည်းဆုံးတော့ အနမ်းဝတ်မှုန် လေးတွေကို လွှတ်ထုတ်တတ်သည်သာ။

“တော်ပြီ မောင်ရယ်၊ ဟိုမှာ ဇာဇာတို့ ရှိနေတယ်လေ”

“သူတို့လည်း သူတို့အာရုံနဲ့သူတို့ပါ”



www.burmeseclassic.com

www.burmeseclassic.com



"ဒီမှာ ရှက်နေပြီ"

"မရှက်ပါနဲ့၊ ဘယ်သူမှမမြင်အောင် ဟောဒီလိုလေး ကွယ်ပြီး တော့"

လှုံ့လေးက ဂစ်တာကိုကောက်ကိုင်ပြီး မျက်နှာနှစ်ခုရှေ့မှာ ကွယ်လျက်၊ ဒုတိယပွဲ အနမ်းပန်းကလေးကို. . .။

◙◙◙



## အခန်း(၂၂)

"ချမ်းလိုက်တာ"

"ဘာ"

"မင်း နားမကြားဘူးလား၊ ချမ်းတယ်. . .ဟီးဟီး"

ဝင်းလတ်က တကယ်ချမ်းလို့ တုန်နေသည့်ပုံစံမျိုးနှင့်၊ လက်ကို က်၍ ပခုံးကိုပြန်ကိုင်ကာ၊ ပါးစပ်ကလည်း ရှူးရှူးရှဲရှဲလုပ်သေး၏။ နောင် ကြ သိသလိုစပ်ဖြဲဖြဲပုံစံနှင့် သူပါချမ်းသည့်ဟန်နှင့် ဝင်းလတ်ဘက်သို့ းကာ ဝင်းလတ်ကို လှမ်းဖက်သည်။

လှုံ့လေးက မျက်မှောင်ကြုတ်၍ မအူမလည်။ မောင်မောင်က ာ်နှာကိုစောင်းငဲ့၍ တစ်ဖက်သို့ကြည့်သည်။

"မင်းတို့နှစ်ယောက် ဖျားနေကြတာလား"

"ကြကြီးစည်ရာကွာ၊ ဖွဟဲ့! လွဲပါစေ. . .ဖယ်ပါစေ"

"ဒါဆို ဘာလို့ အဲဒီလောက် ချမ်းနေရတာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဆောင်းဝင်လာပြီ၊ မင်းမသိဘူးလား"

လျှံလေး ခုထိ နားမလည်နိုင်သေးပါ။ ဒီကောင်တွေ ဘာကြောင်တာလဲဟုပဲ တွေးမိ၏။

"ဆောင်းဝင်လာတာတော့ မှန်ပါတယ်၊ ဒါပေမဲ့ ဒီလောက်ချွေးပြန်အောင် ပူနေတဲ့ နွေခင်းကြောင်တောင်ကြီးကို ဘာအရူးထတာလဲ"

"ဝေ့ုး. . . အရူးထတာ ငါတို့ထားပါတော့၊ မင်းက ကမ်းမမြင်လမ်းမမြင်နဲ့ ဝေါက်နေတာ"

"ဘာ!"

"တို့ပြောတာက ရာသီဥတုမဟုတ်ဘူး။ လူဆောင်းကွ. . . လူဆောင်း"

"လူဆောင်း"

"ဟုတ်တယ်၊ နှလုံးသားတစ်ခုလုံးကို ကိုက်ခဲ ထုံကျင်သွားအောင် အေးချမ်းနိုင်စွမ်းရှိတဲ့ အလှဘုရင်မလေး၊ ယောက်ျားလေးအတော်များများကို Heart ထိစေတဲ့ Winter (ဆောင်းဥတု)လေးကွ"

"ဟိုမှာ. . . ကြည့်"

ဝင်းလတ် မသိမသာ မျက်လုံးဝေ့ကြည့်သည့်နေရာသို့ လျှံလေး လိုက်ကြည့်လိုက်သည်။ ကျောလယ်ရောက်နေသော ဆံပင်ညိုလေးတွေက ဖြောင့်စင်းနေ၏။ မျက်ခုံးထူထူတန်းတန်းလေးက အထင်းသားဖြစ်နေသည့် အပြင် မျက်တောင်ကော့ကော့လေးက အတုတပ်ထားခြင်းမဖြစ်နိုင်ဟု လျှံလေး မှတ်ချက်ချ၏။

ဘာဖြစ်လို့လဲဆို. . .

အိုင်းရှဲ့ုးတွေ၊ လိုင်နာတွေ တို့ထိခံထားရသလို မည်းနက်နေခြင်း





သည်းမရှိ၊ စိုစွတ်နေခြင်းလည်းမရှိ၊ ကော့ခြင်းပွခြင်းကင်းသောနှာတံလုံးလုံးလေးဟာ ကြည့်လို့ကောင်းသလို၊ ထူပြည့်ပြည့်နှုတ်ခမ်းအစုံဟာလည်း နှင်းဆီဖူးလေး ပွင့်အာလာသလိုပါပဲ။ မတည်မပြုံးမျက်နှာသည် တည်ငြိမ်အေးချမ်းခြင်းကို ဖော်ညွှန်းနေ၏။

တင်းပြည့်နေသော ခန္ဓာကိုယ်အချိုးအဆစ်က ထင်းနေအောင် လှတာမျိုးတော့မဟုတ်။ ခါးသိမ်လို့ ရင်ချီဆိုတဲ့အခေါ်အဝေါ်နှင့် ကိုက်ညီသလိုရှိပေမယ့် ချို့ယွင်းချက်က အရပ်နည်းနည်းပုနေခြင်းကြောင့် ဖြစ်သိမ့်မည်။

"ဘယ်လိုလဲ၊ လှရဲ့လား"

"မလှပါဘူး"

"အကန်း"

"အရပ်နည်းနည်းပုနေသလားလို့"

"လူချင်းတူပေမယ့် အသက်ရှူတာချင်း ကွာတယ်ဆိုတာ အဲဒါကိုပြောတာ။ ဒီနေရာမှာတော့ မင်းနဲ့တို့ အမြင်ချင်းကွာသွားပြီ လျှံလေး။ နီးကလေးပဲကွာ. . . ယောက်ျားနဲ့တန်းတူ အရပ်ကြီးမြင့်နေတော့ ဘာလှပ်မှာလဲ။ ငါကတော့ ချစ်သူ့မျက်နှာလေးကို တစိမ့်စိမ့်နဲ့ ငုံ့ကြည့်ရတဲ့ အရသာကိုပဲ နှစ်သက်တယ်။ ငုံ့ကြည့်ရုံနဲ့ မြင်နေရရင် ဗီလင်မလာဘူး"

ဝင်းလတ်က လျှံ့ကိုဖွဲ့သည်။ နွေက အရပ်မြင့်သည်ကို။ ပြီးတော့ ထင်ခြားဆန်ဆန်မျက်နှာအနေအထားနှင့် လှသူ။ ဒါကိုပဲ သူတို့ မနှစ်မြို့ မင်ဖြစ်နေ၏။

"မြန်မာဖြစ်ပြီး မြန်မာရုပ်မပေါက်ဘူး။ ဘိုဆန်ဆန်လေးနဲ့ ရှုမငြီးဘယ်ရာ လှတာတော့ မှန်ပါတယ်။ ဒါပေမဲ့ မင်းရုပ်က မြန်မာရုပ်ဆိုတော့



www.burmeseclassic.com

www.burmeseclassic.com



မလိုက်ဘူး”

လို့ သူငယ်ချင်းတွေက ပေါ်တင်ကြီး ဝေဖန်ကြ၏။ ဒါကိုပဲ

လေးက . . .

“သူများချစ်သူလုပ်နေတာကို မနာလိုကြတာ”

ဟုဆို၍ နှာခေါင်းရှုံ့ခဲ့ဖူးသည်။

“မင်း သူ့ကိုကြွေနေတာလား ဝင်းလတ်”

“ကြွေချင်ပေမယ့် မကြွင်ဝံ့တယ်ဖြစ်နေလို့၊ မောင်ကြီးလက်

နေလေတော့ လုပ်နေရတာ”

“လိုက်ပေါ့ကွ”

“မလွယ်ဘူးကွ၊ မာနခဲလေး”

“နာမည်က ဆောင်းလား”

“ဝေသီဆောင်းတဲ့၊ စီးပွားရေးဒုတိယနှစ်တက်နေတာ”

“အင်း”

“ဘာအင်းလဲ”

“နီးစပ်လို့”

“အဲဒါဘာဖြစ်လဲ၊ လာချင်ရင် အနီးလေးလေ”

“မင်းပဲ ပြောတော့၊ မောင်ကြီးလက်လျှော့နေလေတော့ဆို”

“အဟဲ. . . ရသလောက် အခွင့်အရေးလေးတော့ လိုချင်တာ

“ရဖယ်ရော ထင်လား”

“မထင်ဘူး”

“မင်းဟာကြီးကလည်း”

“ဘယ်ဟာကြီးတုန်းကွ”





ဝင်းလတ် အူနှစ်လုံးကိုစု၍ ကိုယ်လေး ကျုံ့သွားလေသဖြင့် နောင်ချိုနှင့်မောင်မောင်က ရယ်လေသည်။ နောင်ချိုက ဝင်းလတ်ပခုံးကိုပုတ်သျက်. . .

“မလန့်ပါနဲ့ကွာ၊ အဖြစ်သနစ်ကိုပြောတာပါ”

“တော်သေးတာပေါ့၊ အဖြစ်သနစ်ကယ်လို့”

မောင်မောင်က ကောင်မလေးဘက်သို့ တစ်ချက်ပြန်ငဲ့ကြည့်ကာ

“ငါကတော့ ဝင်းလတ်ပြောသမျှ လက်ခံတယ်”

“ဘာကိုလဲ”

“ဝေသီဆောင်းက မယဉ်မရိုင်းလေးနဲ့ ကြည့်ကောင်းတာ။ ငါက ရှုရတဲ့အလှအပတွေကို မခံစားတတ်ဘူး။ အဲဒီလိုမျိုးလေး အေးချမ်းတာကို ထိုင်ကြည့်နေချင်တာ”

“ဟေ့ကောင်! မင်းနဲ့ငါ နောင်ကျိန်ပွဲ မစချင်ဘူးနော်”

“အံမယ်! မင်း ပိုင်ထားလို့လား”

“ပိုင်ပိုင်. . . မပိုင်ပိုင်”

“တော်ကြစမ်းပါကွာ၊ မင်းတို့နှစ်ကောင်ကိုက်ရင် ဒီအနားမှာ ရေမရှိဘူး”

“ရေသန့်တွေရှိပါ”

နောင်ချိုက ရေသန့်ဘူးကိုမြှောက်ပြီး မောင်မောင့်မျက်နှာဘက်ဆီသို့ ပက်ဟန်ပြုလေသဖြင့် ဆဲသံက တိုးတိုးထွက်လာသည်။ သူတို့က Physics နှင့်ကျောင်းပြီးကုန်ပြီ။

အခုက. . .

နောင်ချိုကောင်မလေးဆီလာကြရင်း ဆိုင်ထိုင်ဖြစ်ကြတာ။ အတူ



www.burmeseclassic.com

www.burmeseclassic.com



တူလူချင်း ဆောင်းဆိုတဲ့ကောင်မလေးကို ကျန်တဲ့သူတွေသိပြီး လျှံ
တစ်ယောက်သာ မသိဖြစ်နေတော့ ညံ့ရာကျမနေဘူးလား။

"နေစမ်းပါဦး။ အတူတူလူချင်း ဒီကောင်မလေးကို ငါဘာဖြစ်
မသိရတာလဲ"

ဝင်းလတ်က မဲ့ခနဲလုပ်ပြီး. . .

"သူများတွေက သွားလေရာအရပ်မှာ မျက်စိဖွင့်နားစွင့်ထား
မင်းက ကိုယ့်ဖိနပ်ဦး ကိုယ်ကြည့်ပြီး ကိုယ့်အီးထွက်သံပဲ ကိုယ်နား
တဲ့ကောင်ကိုးကွ"

"ဟေ့ကောင်. . . မညစ်နဲ့"

"မှန်တာပြောတော့ မခံနိုင်ဘူး"

"ဘာမှမခံနိုင်စရာအကြောင်းမရှိဘူး။ လျှံလေးမျက်လုံးက
စပ်ခါးမှ အရသာခံတတ်တာ"

"ဘာကွ"

နောင်ချိုစကားကြောင့် လျှံလေးအသံ ကျယ်သွားသည်။ တစ်
ဝိုင်းမှ ကောင်မလေးတွေ လှည့်ကြည့်လေသဖြင့် လျှံလေးကိုယ်ရှိန်သ
လိုက်တာ။ နောင်ချို ဘာအဓိပ္ပာယ်နှင့်ပြောသည်ဆိုတာကို လျှံလေး သိ

ဒါ. . . 'မ'ကို ပွလောင်တယ်၊ ခါးတယ်လို့ပြောလိုက်တာ။
လေးမျက်နှာ တည်သွားပေမယ့် ရှေ့ဆက်ရန်စကားတော့ မရှိ။ ကျ
ငွေကိုရှင်းပေးပြီး ဆိုင်ထဲမှထွက်လာတော့ ကျန်တဲ့လူတွေပါ ထလိုက်ရ
သည်။

"လျှံလေး. . . ငါပြောတာကို မင်းစိတ်ဆိုးတာလား"

"မင်း ငါ့နေရာကို ခဏလောက် ဝင်ကြည့်လိုက်"





"ဆောရီး. . . လျှံလေး၊ မင်းကို ငါတောင်းပန်တယ်"

"ရတယ်"

ပြောပြီး၊ လျှံလေး ကားတံခါးကိုဖွင့်လိုက်စဉ်. . .

"ဒီမှာ"

". . ."

"ဒီမှာ. . . ဒီမှာ"

ခေါ်သံကြောင့် ငြိုင်တူလှည့်ကြည့်လိုက်ကြသည်။ ပျာပျာသလဲဖြစ်
သူကတော့ ဝင်းလတ်။

"ဆောင်း"

သူတို့ကိုလှမ်းခေါ်ပြီး လျှောက်လာတာ ဆောင်း။

"ဟိုတစ်ယောက် ဖုန်းကျန်ခဲ့တာမြင်လို့ လိုက်ခေါ်ပေးတာ"

"ဟင်!"

ဟုတ်သားပဲ။ လျှံလေး စားပွဲပေါ်မှာ တင်ထားမိသည့်ဖုန်းကို
ကောက်ယူခဲ့ဖို့ မေ့နေတာ။ မျက်နှာတည်လေးနှင့် သူမလှမ်းပေးသောဖုန်း
လျှံလေး ယူလိုက်ပြီး. . .

". Thank you ပါ. . . ဆောင်း"

"ရှင်"

နာမည်ကို အမှတ်မထင်ထည့်ခေါ်လိုက်မိတာကိုပဲ သူမက အံ့သြ
ဟို လျှံလေးကို မျက်လုံးဝိုင်းလေးနှင့်ကြည့်၏။

"ရှင်. . . ရှင် ကျွန်မနာမည်ကိုသိနေတယ်"

"ဒီကောင် တစ်ဆောင်းတည်း ဆောင်းနေလို့ သိတာပါ"

ဝင်းလတ်ကိုတည့်တည့်ကြည့်ပြီး ပြောလိုက်တာကြောင့် ဝင်းလတ်



www.burmeseclassic.com

www.burmeseclassic.com



ခမျာ မျက်နှာကို ဟိုလှည့်ဒီလှည့်၊ ဇီးကွက်ကို ဆောင်းနှင့်အုပ်ထားသလို

မောင်မောင်က ဝင်ထိန်းပေးသလိုနှင့်. . .

“ဒီက မခေါင်း”

“ကျွန်မနာမည် ဝေသီခေါင်းပါ”

မနဲ့ခေါင်းကို မခေါင်းလို့တွဲခေါ်လိုက်တာ။ ကန့်လန့်ကြီးဖြ

နေသဖြင့် နာမည်အပြည့်အစုံကို မပြောချင်ဘဲ ပြောလိုက်ပုံရသည်။

“ဟုတ်ပါပြီ၊ ဒီက ဝေသီခေါင်းက ကျွန်တော်တို့ကို မသိဖေ

မယ့် ကျွန်တော်တို့က ဝေသီခေါင်းကိုသိနေပါတယ်”

“ဩော်. . . ဩော်”

နှစ်လုံးဆင့်လိုက်တဲ့ ‘ဩော်’က ဘာအဓိပ္ပာယ်နှင့် ပြောလိုက်

မှန်းတော့ မသိပေ။ ပြီးမှ. . .

“ဖုန်းတစ်လုံးရဲ့တန်ဖိုးက သေးတာမဟုတ်ဘူး။ သူများကောင်

သွားမှာစိုးလို့ လိုက်ပေးတာ။ ဘာကျေးဇူးဆပ်စရာမှ မလိုဘူး။ နောက်

သတိထားပေါ့ရှင်”

ပြောပြီးတာနှင့် ချာခနဲလှည့်ထွက်သွားသော သူမ၏စကားသည်

ကိုယ့်ဘက်က ဆက်ဆံရေးကျဲလို့ ငေါ့သွားတာလား။

“သွားပါပြီကွာ. . . ဖောရှောတောင် မလုပ်လိုက်ရဘူး”

ဝင်းလတ်၏မကျေနပ်သံကြီး နားမချမ်းသာစရာအဖြစ်နဲ့ ထွ

လာ၏။

◙◙◙



## အခန်း (၂၃)

“မောင်”

“ဟင်”

“မောင့်ကို ‘မ’ပြောစရာရှိတယ်”

“ပြောလေ”

“အင်း. . . ပြောစရာဆိုတာထက် ပူဆာစရာရှိတာ”

“ဘာလဲ၊ ချောကလက်စားချင်လို့လား”

“မနောက်နဲ့ မောင်ရယ်၊ ဒီက အကောင်းပြောမလို့ဟာကို”

“ကဲ! ပြောစေဗျား”

လျှံလေး. . . ရင်ခွင်ထဲမှာ ပိုက်ထားတဲ့ခါးတာကို သေးမှာချထား

ထိုက်ပြီး နွေ့ဘက်သို့တိုးကပ်၍ လှည့်ထိုင်လိုက်သည်။

“ပြောလေ”

ကမ္ဘာပေါ်မှာ အလှပဆုံးအပြုံးလေးဟု ထင်ရလောက်သော ‘မ’



www.burmeseclassic.com

www.burmeseclassic.com

နှုတ်ခမ်းပါးလေးတွေကို လျှံလေး စိုက်ကြည့်မိသည်။ 'မ'က လျှံလေးခါး ကို တင်းကျပ်စွာဖက်လိုက်ရင်း. . .

"'မ'. . . အဆောင်မှာ မနေချင်တော့ဘူး မောင်ရယ်"

"ဟင်! ဘာဖြစ်လို့လဲ 'မ'ရဲ့"

"မောင်ကလည်း သိရဲ့သားနဲ့ စားသောက်ဆိုင်က အဆိုတော် ဆိုရင် ဘယ်သူက အထင်ကြီးလို့လဲ။ အမြဲတမ်း အထင်သေး အမြင်သေး မျက်လုံးတွေနဲ့ပဲ ကြည့်နေကြတာ။ 'မ'ကိုက ဘဝအကျိုးပေး မကောင်း တာပါ။ ဖြစ်နိုင်ရင် တကယ်နာမည်ကြီးတဲ့ စတူဒီယိုအဆိုတော်ဖြစ်ချင် တာ"

"ဒါကလည်း 'မ'ရယ်၊ ကိုယ်ဖြစ်ချင်ပေမယ့် ပါရမီပါမှဖြစ်တာ။ မောင်လည်း ရူးသွပ်နေတာပဲ"

"'မ'. . . စားသောက်ဆိုင်မှာ မဆိုချင်တော့ဘူးမောင်ရယ်"

"မဆိုချင်ရင် မဆိုနဲ့ပေါ့ 'မ'ရဲ့"

"မောင်ပြောတာ လွယ်လိုက်တာ"

သက်ပြင်းလေးချ ငြူစူဟန်ပြလေတော့၊ နွံ့ချာလွန်းတဲ့ဘဝပိုင် ရှင် ချစ်သူကို လျှံလေး သနားမိသည်။

"သီချင်းဆိုမှ ပိုက်ဆံရမှာလေ မောင်ရဲ့။ ပိုက်ဆံရှိမှ ထမင်းစား လို့ရမှာ။ အဲဒါကိုထည့်တွက်ဦး"

လျှံလေးရင်ထဲမှာ နင့်ခနဲဖြစ်သွားရ၏။ 'မ'က တစ်ကောင်ကြွက် မလေး။ ဆွေမရှိမျိုးမရှိနဲ့ လောကစံကိုကြံ့ကြံ့ခံပြီး ဘဝတက္ကသိုလ်တက် နေရသူလေးဟုသာ ရင်မှာ သနားကရုဏာများစွာနှင့်။

ချစ်ရသူအတွက်. . .





သူဘာလုပ်ပေးနိုင်သလဲ။ ဘာတွေလုပ်ပေးသင့်သလဲ။ 'မ'ကို သူလက်ထပ်မှဖြစ်တော့မည်ထင်ပါရဲ့။

"မ"

"မောင်"

"မောင်တို့လက်ထပ်ကြရအောင်"

"ဟင်!"

လက်ထပ်ကြရအောင်လို့ ပြောလိုက်ချိန်မှာ 'တကယ်လား မောင်' လို့ ဝမ်းသာအားရမေးရမယ့်အစား၊ သိသိသာသာ မျက်နှာပျက်သွားတဲ့ 'မ'ရဲ့ရင်တွင်းဆုကို လျှံလေး ဆွတ်ခူးဖို့မဖြစ်နိုင်။ ဘာကြောင့် ဒီလိုဖြစ် ရတာလဲ။

"နော်. . . မ"

ပျက်ယွင်းသွားတဲ့မျက်နှာကိုပြုပြင်ရင်း. . .

"လက်ထပ်ဖို့က စောပါသေးတယ် မောင်ရယ်။ 'မ' လွတ်လွတ် လပ်လပ်နေချင်သေးတယ်"

"မောင်က 'မ'အတွက် ပြောတာပါ။ 'မ'ရဲ့အခက်အခဲတွေကို ဖြေရှင်းဖို့က ဒီတစ်နည်းပဲရှိတယ်။ မောင်နဲ့လက်ထပ်ပြီးရင် 'မ'ဘာမှလုပ် ရမလိုတော့ဘူး။ မောင့်အနားမှာ အေးဆေးနေလို့ရတယ်"

"ခုလည်း ဖြေရှင်းလို့ရပါတယ် မောင်ရဲ့"

"ဘယ်လိုဖြေရှင်းပေးရမလဲ"

"'မ'အတွက် မောင် တိုက်ခန်းတစ်ခန်းလောက် ဝယ်ပေးစေ"

"ဟင်!"

"မောင်က သူဌေးသားပဲဟာ၊ ဒီတိုက်ခန်းလောက်တော့ ဝယ်ပေး



www.burmeseclassic.com

www.burmeseclassic.com



နိုင်တယ်။ ဝယ်ပေးမယ်မဟုတ်လား မောင်''

လှျံလေး သက်ပြင်းချမိ၏။ ချစ်သူကို ရွှေနန်းထက်မှာ ထားချင်ပေမယ့် ကိုယ်က သူဌေးသားအဆင့်ပဲရှိသေးတာ၊ သူဌေးမဟုတ်ဘူးလေ။ ကိုယ်ပိုင်ဝင်ငွေမရှိဘဲ ဖေဖေရှာတာကို လက်ဖြန့်တောင်းနေတဲ့ကောင်။ တောင်းရင်တော့ ပေးမှာပဲ။

ဒါပေမဲ့. . .

''ဒီလောက် ငွေအများကြီး ဘာလုပ်ဖို့လဲ သားရဲ့''ဆိုတဲ့မေးခွန်းကတော့ ထွက်လာမှာ ကျိန်းသေ။ သူ ဆင်ခြေမပေးတတ်။ မလိမ်တတ်မညာတတ်တာက ခက်၏။ ဘယ်လိုအကြောင်းပြချက်နဲ့ ဖေဖေ့ဆီမှာ ပိုက်ဆံတောင်းရမလဲ။

ချစ်သူကို မျက်နှာမငယ်စေချင်ပေမယ့် ကိုယ့်အစွမ်းအစနှင့်ရှာထားသည့်ငွေက တစ်ပြားတစ်ချပ်မှ မရှိလေတော့။

''တိုက်ခန်းတစ်ခန်း ပူဆာတာကို ဒီလောက်အထိ စဉ်းစားနေရသလား မောင်ရဲ့''

''ဝယ်ပေးဖို့အထိတော့ မောင်မတတ်နိုင်ဘူး 'မ'ရဲ့။ ငှားပေးမယ်ဆိုရင် ရမလား''

''မောင်ကလည်း''

''မောင်က မိဘလုပ်စာ ထိုင်စားနေတဲ့ကောင် 'မ'ရဲ့။ ဒီလိုလုပ်လေ၊ လောလောဆယ်တော့ မောင်ငှားပေးမယ်။ မောင် အလုပ်တစ်ခုခုလုပ်ပြီး ကိုယ်ပိုင်ဝင်ငွေရှိမှ ဝယ်ပေးမယ်။ ဟုတ်ပြီလား''

''ဟင်း. . . သူဌေးသားကို အထင်ကြီးမိတာ မှားပြီထင်တယ်''

''အဲဒီလိုတော့ မပြောပါနဲ့ 'မ'ရယ်၊ မောင့်မှာလည်း မောင့်အခက်အခဲနဲ့ မောင်''

ချစ်လှပါချည်ရဲ့လို့ပြောခဲ့တဲ့ပါးစပ်က ခုတော့လည်း ငြူငြူစူစူ။ သူလိုရာဖန်ဆင်းပေးချင်ပေမယ့် ကိုယ်က ဘဝကိုအခြေစိုက်ထားတဲ့ ပင်စည်ကြီးမဟုတ်သေး။

ပင်စည်ကိုအားပြုပြီး ရှင်သန်နေရတဲ့အခက်အလက်တဝသာ ရှိသေးသည်မို့ သူ့မစိတ်တိုင်းကျတော့ ဖြစ်မလာနိုင်ပေ။

''မောင်က သူဌေးသားဆိုပေမယ့် သူဌေးမဟုတ်ဘူးလေ 'မ'ရဲ့။ ဝယ်ပေးဖို့လောက်ထိ မောင်မတတ်နိုင်လို့ပါ''

''ကောင်းပြီလေ. . . ငှားပေးမယ်ဆိုတော့လည်း မဆိုးပါဘူး။ အဆောင်မှာနေရတာထက်တော့ သာသေးတာပေါ့''

''အဲဒီလို လိမ္မာစမ်းပါ''

ပခုံးလေးကိုဖက်၍ နှစ်သိမ့်ကျီစယ်ခြင်းမှာ၊ သူမ၏အပြုံးတွေက အားပျော့ညှိုးလျော့သွားတာကို လှျံလေး သတိမထားမိခဲ့။ အချစ်ကြောင့် သူ့မျက်လုံးတွေ ကန်းသွားခဲ့သည်ကို။

မိန်းမနှင့်ပတ်သက်ပြီး မိခင်အိုကြီးကို ခိုးသားဟန်ဆောင်ပြီး ရိုက်နှက်ခဲ့တဲ့ ရှင်မောဂ္ဂလန်ကိုယ်တော်ကြီးရဲ့နိပါတ်ဟာ ပါးစပ်ရာဇဝင်လေးတစ်ခု မဟုတ်ခဲ့ပေ။ အချစ်ဆိုသည့်အရာသည် ဆိုးသွမ်းနေသောလူတစ်ယောက်ကို လူတော်လူကောင်းလေး ဖြစ်လာအောင် ပြုပြင်ပြောင်းလဲပေးနိုင်သလို လိမ္မာယဉ်ကျေးသော လူသူတော်ကောင်းလေးများ၏ဘဝကိုလည်း ညစ်ထေးဆိုးသွမ်းသွားစေနိုင်သောစွမ်းအားရှိ၏။

အဆိုးကြီးမဟုတ်ပေမယ့်. . .

လှျံလေး၏ ရိုးသားဖြောင့်မှန်မှုလေးတွေ ခြေလှမ်းစပျက်လာပြီ







www.burmeseclassic.com

www.burmeseclassic.com



ပေါ့။ 'မ' ကိုတိုက်ခန်းငှားပေးဖို့အတွက် ဖေဖေ့ဆီမှပိုက်ဆံတွေကို အကြောင်းအမျိုးမျိုးပြ၍ ညာဝေါင်းသည်။ လိုက်လျောခြင်းနှင့်အစပျိုးခဲ့မိတော့ အချစ်ကိုခုတုံးလုပ်၍ 'မ' ရဲ့တောင်းဆိုပူဆာမှုတွေက တစ်ဆင့်ပြီးတစ်ဆင့် ကက်လာသည်။

ချစ်မိပြီဆိုတော့. . .

အပြစ်ရှိတာကိုပင် သိသိနှင့် အချစ်ဖုံး၍ ကွယ်ဝှက်ထားခဲ့မိ၏။ သူမပူဆာတာမရလျှင် စိတ်ကောက်၍အတွေ့မခံတော့သဖြင့် မတွေ့ရ မနေနိုင်ဖြစ်ရတဲ့လူ့လေးကပဲ၊ သူမကိုချော့ဖို့ ကြံမိကြံရာကြံ လုပ်မိလုပ်ရာလုပ် လက်စွပ်ရောင်း ဆွဲကြိုးပေါင်ဖြစ်လာတော့. . .

"သား"

"ဗျာ"

'သားလက်စွပ် မမြင်ပါလား"

"ဟို. . ."

"ဘာလဲ၊ ငွေလိုလို့ ရောင်းပစ်လိုက်ပြန်ပြီလား"

"အဟဲ"

အဖြေရခက်လို့ ခေါင်းကုတ်မိတာကိုပဲ ဘာဆိုတာသိလိုက်ပြီးဖြစ်တဲ့ဖေဖေ့ကိုပဲ တော်လိုက်တာဟု အကြည့်မျိုးနှင့်။ ဦးပြည့်စုံလျှံဆိုတာ စီးပွားရေးအမြင်ရှိသလို လူ့ကဲခတ်လည်း တော်၏။

ကိုယ်မွေးထားတဲ့သားမို့. . . ပိုသိတယ်ဆိုရင် မလွန်။

"ဒါနဲ့ဆို သား လက်စွပ်ရောင်းပစ်တာ သုံးကွင်းရှိပြီ။ ဆွဲကြိုးဆိုရင်လည်း အပေါင်ဆိုင်မှာ ခဏခဏလိုက်ရွေးရတယ်။ နှမြောလို့မဟုတ်ပေမယ့် ညာတာကိုတော့ ဖေဖေမကြိုက်ဘူး သား"





". . ."

"ဖေဖေစီးပွားရှာနေတာ သားအတွက်ပဲ။ သားကြိုက်သလောက် သုံးခွင့်ဖြုန်းခွင့်ရှိတယ်။ ဒါပေမဲ့ ကိုယ့်သား လမ်းမှားရောက်မှာကိုတော့ ဖေဖေစိုးရိမ်တယ်ကွာ။ သား ခုဘာတွေလုပ်နေသလဲ၊ ဘာဖြစ်နေသလဲ၊ ဖေဖေ့ကိုပြော။ ဖေဖေ ကိုယ့်အစွမ်းအစနဲ့ စုံစမ်းလို့ရတယ်နော်။ အခုမေးတာက သားကိုယ်တိုင်ဖြေတာကို ကြားချင်လို့။ ဖေဖေစုံစမ်းမှ သိရမယ်ဆိုရင် သားအပြစ်မကင်း ဖြစ်သွားလိမ့်မယ်"

"ဖေဖေ. . . သား"

ပြောမလို့ ပါးစပ်ပြင်ပြီးမှ 'မ' ကိုချူစား မြှူစားတယ်လို့ထင်ပြီး ဖေဖေ အထင်သေးသွားမှာကိုလည်း ကြောက်မိ၏။

ထို့ကြောင့်. . .

"သားရဲ့စိတ်ကို ဖေဖေသိပါတယ်၊ သူများဒုက္ခရောက်နေတာမြင်ရင် သား မကူညီဘဲမနေနိုင်ဘူး"

"အဲဒါကို ဖေဖေသိတယ်၊ ဒီထက်ပိုသိချင်လို့မေးတာ"

"သား မဟုတ်တာ ဘာတစ်ခုမှမလုပ်ပါဘူးဖေဖေ၊ ခုဟာက သားရဲ့သူငယ်ချင်းတစ်ယောက် ဆေးရုံတက်နေရလို့ ကူညီတာပါ။ သူက အရမ်းဆင်းရဲတယ်ဖေဖေ၊ သားမကူညီရင် သူဆေးရုံတက်နိုင်မှာ မဟုတ်ဘူး။ အိမ်မှာပဲ အသေခံရမှာ"

"ဩော်. . . ဘာရောဂါလဲ"

"အူအတက်ပေါက်တာပါ။ ခွဲတဲ့စိတ်တဲ့အထိဖြစ်လာတော့ ပိုက်ဆံက ကုန်တာပေါ့"

ပါးစပ်ထဲ တွေ့ရာပြောချလိုက်တာကပဲ အဆင်ပြေသွားသည်။



www.burmeseclassic.com

www.burmeseclassic.com



ဦးပြည့်စုံလှျှကတော့ မယုံတစ်ဝက် ယုံတစ်ဝက်ပါပဲ။ သား မညာတတ်တာ ကို သိပေမယ့် ကျွန်ယုံတစ်ဖက်ကန်။ သားသမီးကိုယုံရင် စုံလုံးကန် ဆိုတဲ့စကားက ရှိနေသည်။

ပထမ. . .

ဘာဝယ်ချင်လို့၊ ကားဘာဖြစ်လို့ဆိုတာတွေနဲ့ ပိုက်ဆံတောင်း သည်။ နောက်ဆက်တွဲက ဘယ် DJ နဲ့တွေ့ခဲ့တာ ဘယ်လို၊ ဘယ်သီချင်း ရေးဆရာက ဘယ်လို၊ ဘယ်မှာ ညှိခံချင်လို့ဆိုတာမျိုးတွေနဲ့ အခု အဆိုတော်ဖြစ်တော့မလိုလို။ ပြီး. . . အဖျားရှူးသွားပြန်ရော။

သူ အဆိုတော်ဖြစ်ချင်တာကို သိသည်။ လုပ်ပေးလို့လည်းဖြစ် ၏။ သူ့အစွမ်းအစကိုသိချင်လို့ စောင့်ကြည့်နေတာ။ အခု Reason က တစ်မျိုးပြောင်းသွားပြန်ပြီ။ သူငယ်ချင်း ဆေးရုံတက်နေရလို့တဲ့။

"အေးလေ. . . သားရဲ့သူငယ်ချင်းဆိုတော့ ကူညီရမှာပေါ့။ ငွေ အသက်တစ်ချောင်း ကယ်ကောင်းပါတယ်။ ဒါနဲ့ ဘယ်ဆေးရုံမှာလဲ" တစ် နေ့ ဖေဖေသွားကြည့်ပါဦးမယ်။ လိုအပ်ရင် ထပ်ကူညီရတာပေါ့"

"ဟာ! မလိုတော့ဘူး ဖေဖေ၊ အခု သူကောင်းလို့ ဆေးရုံက ဆင်းသွားပြီ"

"ဪ"

ဘယ်တုန်းကမှ ဖေဖေ့ကိုမညာတတ်ခဲ့သော လှျှလေး၊ အချစ် ကြောင့် လူလိမ်လူညာလေးဖြစ်သွားခဲ့တာကိုသာ ဖေဖေသိရင် တော်တော် လေး စိတ်မကောင်းဖြစ်ရှာပေလိမ့်မည်။

သူ့ခကို ချစ်ခဲ့မိတာသည်. . .

ဒုက္ခကို သမုဒ္ဒယ်ဂီလို ရွှေကြုတ်ထဲထည့်ပြီး အခံတွင်းထဲ





ငုံထားမိသည့်အဖြစ်ဆိုတာ လှျှလေး မသိခဲ့။ အချစ်နဲ့ပတ်သက်ပြီး စုံလုံး ကန်းနေတဲ့မျက်စိတွေကို ဘယ်ပါရဂူကမှ ခွဲစိတ်မကုသနိုင်။

နောက်ပိုင်း ဘာအကြောင်းပြချက်မှမခိုင်လုံဘဲနှင့် 'မ' သူ့ကို ရှောင်နေတတ်သည်။ မရတာကိုမှ ပိုလိုချင်ကြတဲ့လူတို့၏သဘာဝအတိုင်း လှျှလေး ဘယ်လိုမှနေလို့မရခဲ့။ 'မ'ကိုတွေ့ဖို့ကြိုးစားပေမယ့် မတွေ့ရတော့ စိတ်ညစ်ပြီး အရက်တွေသောက်မိသည်။

အဲဒီနေ့က သူငယ်ချင်းတွေလည်းမပါဘဲ လှျှလေးတစ်ယောက် တည်း။

"ဒီမှာ"

"ဟင်"

"ရှင်တစ်ယောက်တည်းမဟုတ်လား"

ကြည့်လိုက်တော့ ဝေသီဆောင်းဆိုတဲ့ကောင်မလေး။

"ဟုတ်တယ်၊ ငါတစ်ယောက်တည်း"

"ရှင့်ပုံစံကြည့်ရတာ အတော်မူးနေပြီ"

"အဲဒါ မင်းနဲ့ဘာဆိုင်လဲ"

"ဆိုင်တော့မဆိုင်ပါဘူး မူးမူးနဲ့ကားမောင်းပြန်ရင် နာရေးကြော် ငြာတစ်စောင် တိုးလာမှာစိုးလို့"

"ငါ့ါဟာငါ သေသေရှင်ရှင်. . . မင်း အနေသာကြီးပါ"

"ရှင် တော်တော်သေချင်နေသလား"

"သေချင်တယ်၊ ဘာဖြစ်လဲ"

"ဟုတ်ပြီ၊ ရှင့်ကားက အကောင်းစားကြီးဆိုတော့ နှမျောစရာ ကြီး။ တန်ကြေးက နည်းမှာမဟုတ်ဘူး။ အဲဒီတော့ ရှင် အင်းလျားကန်



www.burmeseclassic.com

www.burmeseclassic.com



ထဲမှာ သွားနှန်ချပြီး သေလိုက်ပါလား။ တန်ဖိုးရှိတဲ့ကားကြီးကို ထားခဲ့လေ"

"အောင်မယ်! ကားကိုထားခဲ့တော့ ငါက ဘာနဲ့သွားရမှာလဲ"

"မပူပါနဲ့၊ ကျွန်မမှာ ကားပါတယ်။ ရှင့်ကားလောက် မကောင်းပေမယ့် လိုက်ပို့ပေးမယ်"

"ကဲ! ဒီလောက်ရှိတာ လိုက်ပို့ကွာ"

လျှံလေး ရှုံ့ပြီးပို့နိုင်းတာကို သူမက တကယ်ပို့ပေးသည်။ သူ့ကားပေါ်တက်ခဲ့တုန်းကတော့ မူးတယ်ဆိုပေမယ့် ကိုယ့်ဟာကိုယ်တော့ လမ်းလျှောက်နိုင်သေး၏။ တဖြည်းဖြည်းနဲ့ အရက်ရှိန်က ပို၍ပို၍မူးလာပြီး အင်းလျားကန်ကိုရောက်တော့ ချောင်းကိုကြည့်ပြီး ခေါင်းက ထူလို့မရတော့

"အား. . ."

"ဘာဖြစ်တာလဲ၊ သေချင်လို့ဆို။ အဲဒီမှာ သွားခုန်ချ"

"ဟ! ဒီမှာ ဘာမှကိုမမြင်တော့တာ။ ဒီလောက်သေစေချင်ရင် မင်းဆွဲခေါ်ပြီး တွန်းချလိုက်ပါလား"

မူးနေပေမယ့် သတိကတော့ ကောင်းသည်။ ကောင်မလေးကို စကားတော့ ပြန်ပြောနိုင်သေး၏။

"အောင်မယ်! နေရင်းထိုင်ရင်း ဒီကပဲ လူသတ်တရားခံဖြစ်ဦးမယ်"

ဆိုတဲ့အသံကို နောက်ဆုံးကြားပြီး လျှံလေး ခေါင်းငိုက်စိုက်ကျသွားခဲ့တာ ဘာမှမသိတော့ပေ။

▣▣▣

## အခန်း (၂၄)

"ဘယ်လိုဖြစ်ရတာလဲ လျှံလေးရာ"

"မေးမနေနဲ့၊ မြင်တဲ့အတိုင်းပဲ"

လျှံလေး ဘာကိုစိတ်တိုနေမှန်းမသိဘဲ စကားပြောတာ ဘောက်ဆတ်ဆတ်။ ဒါကိုပဲ သူငယ်ချင်းတွေက ကြည့်၍ရယ်သည်။

"ဇနကမင်းသားကို မဏိမေခလာ ကယ်တဲ့ကိန်းပဲ"

နောင်ချိုက စပြီ။

"ဘာကယ်တာလဲ၊ ခုန်ချဖို့ လိုက်ပို့တဲ့သူကိုများ။ ငါကိုတော်တော် ချောင်းကတ်နေသလားမသိဘူး"

"သေစမ်းဟ"

"သေချင်နေတာ"

"အဲဒီလိုမှန်းသိရင် တို့ မင်းကို ကန်ထဲပစ်ချခဲ့ပါတယ်။ အိမ်ကို သယ်ရှုပ်ခံပြီး ခေါ်မလာဘူး"

"ဘာ! ငါ့ကို မင်းတို့လာခေါ်တာ"



www.burmeseclassic.com

www.burmeseclassic.com



"အေးလေ"

ဟုတ်သားပဲ၊ လျှံလေး အင်းလျားကန်ကနေ မောင်မောင်တို့အိ
ကို ဘယ်လိုရောက်လာသလဲ မမေးဖြစ်။

"ဟုတ်တယ်၊ ဆောင်းက ဝင်းလတ်ကိုဖုန်းဆက်ပြီးပြောတာ
မင်းကိုလာခေါ်ဖို့"

"ငါ့ဖုန်းနံပါတ်ကို ဆောင်း ဘယ်လိုသိလဲမသိဘူးနော်"

"မင်းကိုစိတ်ဝင်စားလို့ စုံစမ်းထားသလားမှမသိတာ"

"ဟော့ကောင်! ချွန်တွန်းမလုပ်နဲ့၊ ဆောင်းစိတ်ဝင်စားတာ ဘ
သူလဲ တို့သိပြီးသားကို"

ဝင်းလတ်စကားကြောင့် လျှံ့ဆီသို့ မျက်လုံးတွေ ဦးတည်လာ
ဆောင်းရဲ့သူငယ်ချင်း မေသူလင်း သူတို့ကို ဆောင်းမသိအောင် ကပ်
သွားတာ။ ဆောင်းက လျှံလေးကိုစိတ်ဝင်စားနေတာတဲ့၊ လျှံလေး ကံကော
လိုက်တာလို့တောင် အားကျမိကြ၏။

ဒီကောင် အချောစားကြီးမဟုတ်ဘဲ မျက်နှာပွင့်တာ။ ဆောင်
တော့ သူဘာမှမဟုတ်သလို မျက်နှာတည်တည်နှင့်သာ။

"ရှင်တို့သူငယ်ချင်း အသည်းကွဲနာကျနေတာလားမသိဘူး။ 
ချင်လို့တဲ့၊ ကြည့်ထိန်းကြဦး။ တော်ကြာ ကျော်မကောင်းကြားမကော
ဖြစ်နေဦးမယ်"

လို့ပြောပြီး လှေရောကားပါ သူတို့လက်ထဲသို့ အပ်သွားတာ။ 
လေးကားကိုမောင်းလာတဲ့သူက မေသူလင်း။

"ငါ့ကားရော"

"ခုမှဥစ္စာခြောက်မနေနဲ့. . . ရှိတယ်။ ဆောင်းက လှေရော





ရော အပ်သွားတာ"

"မင်းက ဘာဖြစ်တာလဲ လျှံလေး။ အရက်တွေဘာတွေသောက်
လို့"

"စိတ်ညစ်လို့သောက်တာ"

"နွေထက်သာလွန်ကြောင့်လား"

"ဟုတ်တယ်"

"ဖြစ်နိုင်ရင် မင်း သူ့ကိုမေ့ပစ်လိုက် လျှံလေး"

"ဘာကွ"

လျှံလေး ဝင်းလတ်ကို မျက်ထောင့်နီနှင့်ကြည့်၏။ နောင်ချိုက

"တို့လည်း မင်းကိုပြောမလို့ မပြောရက်လို့ မပြောဖြစ်သေးတာ"

"ဘာကိုလဲ"

"တို့ကြားရသလောက်တော့ နွေထက်သာလွန်ရဲ့သတင်းက အနံ့
အသက်မကောင်းဘူး"

"ဟော့ကောင်တွေ၊ မင်းတို့ မဟုတ်တာတွေ မပြောနဲ့နော်"

"မဟုတ်တာ ဘာမှမပြောဘူး၊ ဟုတ်တာတွေ ပြောမှာ။ မင်း
အားထောင်နိုင်စွမ်းရှိအောင် အားတော့မွေးလိုက်"

"ဘာတွေလဲကွာ"

ဝင်းလတ်က မောင်မောင့်ကို 'မင်းပြောလိုက်'ဟူသောအကြည့်
နှင့် မျက်စပစ်သည်။ မောင်မောင်က. . .

"နွေထက်သာလွန်က မင်းကိုတကယ်ချစ်တာမဟုတ်ဘူးလျှံလေး။
င်းကို သုံးနိုင်ဖြုန်းနိုင်တဲ့သူဌေးသားမို့လို့ သူ့ခွင်ထဲ ရိုက်သွင်းတာ။ သူ
ချင်းဆိုတဲ့စားသောက်ဆိုင်ကို တို့ရောက်ပြီးပြီ။ လက်တွေ့လည်း မြင်ခဲ့



www.burmeseclassic.com

www.burmeseclassic.com



ရတာပဲ။ သူက တကယ့်ဟိုက်ဘောစ်တွေကိုမှ အချဉ်ဖမ်းတာကွ။ မင်းကို သူအတွေ့မခံတော့တာ မင်းဆီက ကျလာမယ့်ရေနည်းလို့"

"ဟာ! မဖြစ်နိုင်တာကွာ၊ 'မ' . . . ငါ့ကိုတော့ တကယ်ချစ်တာပါ"

"မင်း ဘာကိုကြည့်ပြီး ယုံလိုက်တာလဲ"

နောင်ချိုမေးတော့ လျှံလေး မဖြေနိုင်။ အချစ်ဆိုတာကို အရင်နဲ့အမြည်းလို အရက်စစ်မစစ် လျှာနဲ့တို့ကြည့်လို့မရသလို အမြည်းလိုလည်း အပေါ်အင် မြည်းကြည့်လို့မရ။

"ငါ 'မ'ကိုအရမ်းချစ်တယ်"

"အခု မချစ်သင့်တော့လို့ တားနေတာ"

"ရင်ထဲက သူ့အလိုလိုဖြစ်ပေါ်လာတာ တားလို့ရမလားကွ"

"တို့ကတော့ ရအောင်တားရမှာပဲ။ သမိုင်းကြောင်းမလှတဲ့မြစ်ထဲမှာ မင်းဘဝကို ငါတို့အနှစ်မြှုပ်မခံနိုင်ဘူး။ သူငယ်ချင်းကောင်းပီသစွာနဲ့ အမုန်းခံပြီး ရိုက်တားမှာ"

နောင်ချိုက အပြတ်ပြောသည်။ မောင်မောင်ကထပ်၍. . .

"အသည်းကွဲလို့ခံစားရမှာ ခဏပဲ လျှံလေး၊ မင်းရဲ့ဝေဒနာဟာ အချိန်ဆိုတဲ့သမားတော်က ကုစားသွားလိမ့်မယ်။ ဘဝကွဲရင် တစ်သက်လုံးအရှုံးစွဲပြီး မင်းဒုက္ခရောက်သွားလိမ့်မယ်။ ဦးကလည်း မင်းကို သူ့ရဲ့မိန်းကလေးနဲ့သဘောတူမှာမဟုတ်ဘူး။ နိုးပြေးမယ်ဆိုရင်လည်း မင်းနောက်ကို သူမလိုက်ဘူး။ ဘာဖြစ်လို့လဲလို့မမေးနဲ့၊ သူလိုချင်တာက သူဌေးသားမဟုတ်ဘူးကွ"

"ငါမယုံဘူးကွာ"

"တို့ပြောတာမယုံရင် မင်းကိုယ်တိုင် သူ့အကြောင်းကို စုံစမ်းကြည့်လေ"

လျှံလေး 'မ'အကြောင်းတွေကို တကယ်စုံစမ်းသည်။ သူငယ်ချင်းတွေပြောတဲ့အတိုင်းပါပဲ။ ဒါကြောင့် ငွေမက်တဲ့သူမအတွက် လျှံလေး ငွေရှာနိုင်ဖို့ကြိုးစားသည်။ ဖေဖေ့အလုပ်တွေမှာ ဝင်လုပ်၏။ နောက် လုပ်ငန်းကျွမ်းကျင်လာတော့ ကိုယ့်လုပ်ငန်းနှင့်ကိုယ် ခွဲထွက်ပြီး လုပ်သည်။ အောင်မြင်မှုလေး ရလာ၏။

'မ'ကိုသွားမတွေ့ဖြစ်ဘဲ အလုပ်ကိုဖိပြီးကြိုးစားခဲ့တာ 'မ'ကို တစ်နေ့မှာ ပိုင်ဆိုင်ခွင့်ရဖို့။ သွားရင်းလာရင်း လမ်းတွေမှာ ဆောင်းဆိုတဲ့ ကောင်မလေးကိုတွေ့တတ်ပေမယ့် မခေါ်ဖြစ် မပြောဖြစ်။

တစ်နေ့မှာတော့. . .

"သားကို ဖေဖေပြောစရာရှိတယ်"

"ပြောပါ ဖေဖေ"

"သားကို ဖေဖေ ဘယ်လောက်ချစ်တယ်ဆိုတာ သားသိတယ်နော်"

"ဟုတ်ကဲ့. . . သိပါတယ်"

"ကုမ္ပဏီတစ်ခုကလွဲပြီး ကျန်တဲ့ဖေဖေ့ရဲ့ပိုင်ဆိုင်မှုအားလုံး သားကို ဖေဖေလွှဲပေးချင်တယ်"

"ဟာ! ဖေဖေကလည်း ဘာလို့လွှဲပေးရမှာလဲ။ ဒီအဖေနဲ့ဒီသား ယောက်တည်းရှိတာကို ခွဲခြားခွဲခြား"

"မဟုတ်သေးဘူး သား"

"ဘာကိုမဟုတ်တာလဲ ဖေဖေ"

ဦးပြည့်စုံလျှံ ထိုင်ရာမှထရပ်လိုက်ပြီး ဆိုဖာတွေနဲ့ကင်းလွတ်ရာ







www.burmeseclassic.com

www.burmeseclassic.com



သို့ လျှောက်သွားသည်။ စကားပြောခြင်းကိုရပ်ဆိုင်း၍ ခေါက်တုံ့ခေါက်ပြန် လျှောက်နေသည်မှာ တစ်ခုခုကိုအပြောရခက်နေသည့်ပုံ။ ဖေဖေ ဘာတွေ ပြောချင်နေသလဲ။

လှုံ့လေး ဖေဖေကိုမော့ကြည့်လိုက်၊ ကိုယ့်တာသာ စဉ်းစားကြည့် လိုက်နှင့် အဖြေက ဘာမှမရေရာ။

"ဖေဖေ သားကိုအပြောရခက်နေတဲ့စကား ရှိနေတာလား"

လို့မေးတော့ လှုံ့လေးကိုတစ်ချက်ငုံ့ကြည့်ပြီး ပြန်လှည့်သွားသည်။ ဆိတ်ဆိတ်နေခြင်းသည် ဝန်ခံခြင်းတဲ့။

"ပြောပါဖေဖေ၊ ဖေဖေနဲ့သားကြားမှာ ဘာမှအပြောရခက်စရာ အကြောင်းမရှိပါဘူး"

"ဖေဖေ"

လှုံ့လေး မော့ကြည့်တာနှင့် စကားက ရပ်သွား၏။ ပြီးမှ စကား လုံးကို အားတင်းကာ ဆွဲထုတ်လိုက်ရသလိုမျိုးအသံနှင့်. . .

"ဖေဖေ. . . ဖေဖေ အိမ်ထောင်ပြုမလို့ သား"

"ဗျာ! "

ရုတ်တရက်မို့ အံ့သြမိတာ မဆန်းပေ။ သေသေချာချာပြန်တွေး ကြည့်တော့ ဖေဖေပြောတာ ခွင့်လွှတ်ထိုက်သည့်စကားပါ။ အသက်ငါး ဆယ်ပင်မပြည့်သေးသော ဖေဖေက အခုထိ နုပျိုချောမောနေဆဲပါပဲ။

သူငယ်ချင်းတွေကတောင်. . .

"မင်းအဖေက ချောတော့ မင်းနဲ့သားအဖလို့ မထင်ရဘူး။ ညီ အစ်ကိုအတိုင်းပဲ" တဲ့။ လှုံ့လေးက ဖေဖေ့လောက်မှ မချောတာ။ ဖေဖေ အသက်အရွယ်နဲ့ နောက်အိမ်ထောင်ပြုမယ်ဆိုတာ ဘားဆီးပိတ်ပင်စရာ





အကြောင်းမှ မရှိတာ။ ပြုပါစေပေါ့။

"သား. . . ဖေဖေ့ကို"

"သားခွင့်ပြုပါတယ် ဖေဖေ၊ ဖေဖေက အရွယ်ကောင်းပဲ ရှိသေး တာလေ။ သားကလည်း အတောင်အလက်စုံရင် ပျံသန်းမှာပဲ။ အဲဒီတော့ ဖေဖေ့အနားမှာ ဆေးပေးမီးယူ ဖနီးကောင်းတစ်ယောက် ရှိသင့်ပါတယ်"

"သားဆီက ဒီစကားကြားရတာ ဝမ်းသာလိုက်တာ သားရယ်။ ဒါဆို ဖေဖေ သူနဲ့လက်ထပ်ဖို့စီစဉ်လိုက်တော့မယ်နော်။ ကျေးဇူးတင်တယ် သားရာ"

ဝမ်းသာအားရ ဆုပ်ကိုင်လိုက်တဲ့ဖေဖေ့ရဲ့လက်ဟာ စစ်အောင် သာတဲ့စစ်သူကြီးရဲ့လက်လို အားအင်တွေအပြည့်နှင့်။ သားက နားလည် ခွင့်လွှတ်နိုင်စွမ်းရှိသည်ကို။

"သား"

"ဗျာ"

"ဖေဖေ့ကြောင့် သားစိတ်မဆင်းရဲစေရပါဘူးကွာ။ သားရသင့် ထိုက်တာကို"

"အဲဒါတွေ မပြောပါနဲ့ဖေဖေ၊ ပစ္စည်းဥစ္စာဆိုတာ လူရှာရင်ရတယ်။ သားအတွက် အရေးမကြီးပါဘူး။ အရေးကြီးတာက ဖေဖေစိတ်ချမ်းသာ ဖို့၊ ဖေဖေနဲ့သား အမြဲတမ်းချစ်နေကြဖို့ပါ။ သား အေးချမ်းတဲ့မိသားစု ဘဝလေးကိုပဲ လိုချင်တာ။ ပစ္စည်းတွေ မခွဲပါနဲ့ဖေဖေ။ ပစ္စည်းကြောင့် စိတ်ဝမ်းကွဲတာမျိုး သားအဖြစ်မခံနိုင်ဘူး။ စိမ်းသူဆိုတာ တစ်ခါမဟုတ် တစ်ခါ ငြိုငြင်မှာပဲ။ အဲဒါကိုမလိုချင်ဘူး။ ဖေဖေစိတ်ချမ်းသာတာကိုပဲ သားမြင်ချင်ပါတယ် ဖေဖေ"



www.burmeseclassic.com

www.burmeseclassic.com



"သားရယ်"

သူ့အပေါ်မှာ ဖေဖေ ရက်စက်မှာမဟုတ်ဘူးလို့ လျှံလေး ယုံကြည်ထား၏။ ထို့ကြောင့် ဖေဖေလက်ထပ်မယ့်မိန်းမဟာ ဘယ်လိုမိန်းမမျိုးလဲ သူ မစုံစမ်း မလေ့လာခဲ့ပါ။ အဲဒါ ဖေဖေ့ကိုယုံကြည်လို့။

အမြင့်စူးရှတဲ့ဖေဖေ လူရွေးမမှားဘူးလို့လည်း အပိုင်တွက်ထားသည်။ ဖေဖေ့ကိုယုံကြည်ခြင်းနှင့် အရာအားလုံးကို လျစ်လျူရှုထားလိုက်ခြင်းသာ။

"ပြဿနာပဲ သားရေ တကယ့်ရက်ကျမှကွာ။ အရေးထဲက အရေးပေါ်နေတယ်"

"ဘာဖြစ်လို့လဲ ဖေဖေ"

"တောင်ကြီးက ဖုန်းဆက်တယ်၊ သားရဲ့ဒေါ်ကြီး ဆုံးလို့တဲ့"

"ဗျာ!"

"ဒီမှာလည်း ရုံးကိုသွားတော့မယ့်ဆဲဆဲ သားရာ"

"ဘာမှစိတ်ပူမနေနဲ့ ဖေဖေ၊ ဖေဖေ့ကိစ္စကိုသာ အဆင်ပြေအောင် စီစဉ်ပါ။ ဖေဖေ သွားစရာရှိတာသွား။ နောက်ဆံမတင်းနဲ့။ တောင်ကြီးကို သားသွားလိုက်မယ်"

"တောက်! မင်္ဂလာယူခါနီးမှ ဘာသတင်းဆိုးက ကန့်လန့်ခံနေမှန်းမသိဘူး"

"အယူမသည်းစမ်းပါနဲ့ ဖေဖေရာ၊ ဒါမျိုးကြုံတတ်ကြတာပဲ"

သူပဲ ဖေဖေ့ကိုနှစ်သိမ့်ပြီး အဝတ်အစားတွေထည့်၍ တောင်ကြီးသို့ လွှန်းချင်းထွက်ခဲ့ရတော့၏။

◙◙◙



## အခန်း (၂၅)

ဒေါ်ကြီးရဲ့ဈာပနမှာ လျှံလေး ရက်လည်အောင် နေပေးရသည်။ ဖေဖေ့ကိုဖုန်းဆက်တော့ လက်ထပ်ပြီးပြီတဲ့။ လျှံလေး စိတ်အေးချမ်းသာစွာနဲ့ ပြန်လာခဲ့သည်။ အိမ်ကိုရောက်ရောက်ချင်းပဲ ကိုယ့်အမေနေရာကို အစားထိုးဝင်လာမယ့်အမျိုးသမီးဟာ ဘယ်လိုပုံစံရှိသလဲ သိချင်စိတ်က ခုန်ဆွခုန်ဆွ။

ထို့ကြောင့်. . .

ကားပေါ်ကဆင်းလာသည်နှင့် အသံပေးကာ အိမ်ထဲသို့ ပြေးဝင်လာသည်။ အမေမရှိတော့တဲ့သူ့ဘဝမှာ မိထွေးကို အမေလိုသဘောမထားနိုင်ရင်တောင် ရင်းနှီးနွေးထွေးစွာ ကြိုဆိုဖို့ သူဆုံးဖြတ်ထားပြီးသား။

"ဖေဖေရေ. . . ဖေဖေ"

လျှံလေး တကြော်ကြော်ခေါ်လေသဖြင့် ဇနီးအသစ်စက်စက်လေးကို လက်ဆွဲပြီး ထွက်လာတဲ့ဖေဖေ့မျက်နှာက ပျားရည်ဆမ်းထားသည့်



www.burmeseclassic.com

www.burmeseclassic.com



ပန်းတစ်ပွင့်ပမာ။ ဖေဖေနှင့်ကွယ်နေသဖြင့် သူမမျက်နှာကိုမမြင်ရသေး။ သူ့အာရုံက ဖေဖေ့မျက်နှာဆီမှာသာ။

"မိတ်ဆက်ပေးရဦးမယ်"ဆိုပြီး လှည့်ကြည့်လိုက်တဲ့ဖေဖေ့ရဲ့ဇနီးကို မြင်လိုက်ရတော့. . .

"ဟင်!"

"မ"

လှုံလေး ကိုယ့်မျက်လုံးပင် ကိုယ်မယုံချင်။ လောကကြီး ပတ်ချာလည်သွားသည့်နှယ်။ ဖေဖေလက်ထပ်လိုက်တဲ့မိန်းမဟာ တစ်ချိန်လုံး သူ့နှလုံးသားကို ချုပ်ကိုင်ထားနိုင်တဲ့၊ သူသိပ်ချစ်ခဲ့ရတဲ့'မ'ဖြစ်နေလိမ့်မယ်လို့ ဘယ်တုန်းကမှ မတွေးမိခဲ့။

အညာခံလိုက်ရတဲ့ ကိုယ့်နှလုံးသားအတွက် ယူကျုံးမရဖြစ်ခြင်းနှင့်အတူ၊ ဒေါသတွေက မုန်တိုင်းကြားက လှိုင်းလုံးတွေလို တစ်လုံးပြီး တစ်လုံး လိပ်တက်လာ၏။

"ဖေဖေ. . . ဖေဖေ့ရဲ့ဇနီးက သူလား"

"ဟုတ်တယ် သား၊ သူလေ. . . နွေထက်သာလွန်တဲ့"

"မထင်ရဘူးနော်"

တကယ်မထင်ရက်လောက်အောင်ပါဘဲ။ အသည်းစားဘီလူးမ အချစ်ဆိုတာကို ငွေပုံအောက်မှာ ဖိထားပြီး တက်ထိုင်ချင်တဲ့ ပိုင်းလုံးမ အချစ်မျက်စိနှင့်ကြည့်ပြီး လုပမွေးပျံ့ခဲ့သော ပန်းတစ်ပွင့်သည် ယခု. . .

အမုန်းနွေရာသီထဲ ပစ်ချကြည့်တော့၊ လက်ခုပ်ပွင့်လောက်တောင် လှည့်ကြည့်ချင်စရာမကောင်းလောက်အောင် ရွံရှာဖွယ်ရာအတိနှင့် အရုပ်ဆိုးအကျည်းတန်လျက်။





"ဘာကိုလဲ သား"

"သူ့ကိုပြောတာပါ၊ သူ့ရုပ်သူ့ရည်နဲ့ ဖေဖေ့ကိုလက်ထပ်တယ်ဆိုတာ သာမန်လေးတော့ မဖြစ်နိုင်ပါဘူး"

"သား ဘာတွေပြောနေတာလဲကွာ၊ နွေ့ကိုအားနာစရာ။ ဖေဖေ့ထက် အများကြီးငယ်ပေမယ့် နွေ. . . ဖေဖေ့ကို တကယ်ချစ်လို့ လက်ထပ်ခဲ့တာပါ"

"ဩော်. . . ဟုတ်လား"

လှုံလေး မဲ့ပစ်လိုက်၏။ တကယ်ချစ်လို့တဲ့လား။ သားကိုလည်း အဲဒီလိုပြောခဲ့ပါတယ် ဖေဖေလို့ အော်ပြောလိုက်ချင်သည်။

"ဖေဖေ့မိန်းမကို သေသေချာချာလည်း မေးကြည့်ပါဦး ဖေဖေ။ အချစ်ဆိုတာကို တကယ်ရော ခံစားတတ်ရဲ့လားလို့။ လူတိုင်းမှာ နှလုံးသားရှိတာမှန်ပေမယ့် နှလုံးသားတိုင်းက မချစ်တတ်ကြဘူးဖေဖေ။ ချစ်တတ်ရင်တောင် မနူးညံ့တတ်သူတွေအတွက် အတ္တက အချစ်ကို ဝါးမျိုသွားတတ်ကြတယ်ဆိုရင် ဖေဖေ ယုံမလား"

"သား"

ဖေဖေလက်ထပ်မယ့်မိန်းမသာ သူမမှန်းသိရင် လှုံလေး တားခဲ့ပါတယ်။ ကိုယ့်ရင်ထဲက ခံစားချက်ကြောင့် အချစ်စေရာ ခြေလှမ်းပါဖို့ မဟုတ်ဘူး။

မစူးစမ်းမဆင်ခြင်ဘဲ ချစ်ခဲ့မိတဲ့ နောင်တတွေနှင့်ပေါ့။ သူမက သိမ်ငယ်နေရမယ့်အစား ဝင့်ကြွားစွာနှင့် လှုံ့ကိုတည့်တည့်ကြည့်၍ ပြောထွက်ရဲခဲ့သေးသည်။

"မင်း ငါ့ကို ခနဲ့လုံး ရွဲ့လုံးတွေနဲ့ ပစ်မနေနဲ့ ဘုန်းလှုံ။ သတ္တိ



www.burmeseclassic.com

www.burmeseclassic.com



ရှိတယ်ဆိုရင် အမှန်တရားကို မင်းဖွင့်ပြောလိုက်လေ။ ငါ့ဘက်ကတော့ တုန်လှုပ်နေမှာမဟုတ်ဘူး။ ဘာဖြစ်လို့လဲလို့မမေးနဲ့၊ အဖြေပြန်ပေးလိုက်ရင် မင်းတို့သားအဖ အသည်းဟက်တက်ကွဲပြီး ဆားလူးခံရတာထက် ဆတ်ဆတ်ခါသွားလိမ့်မယ်''

လို့ ရဲရဲကြီးပြောလိုက်တဲ့ သူမရဲ့သတ္တိက မခေ။ ဒါ ဇာတိရုပ်ပေါ်လာတာပဲပေါ့။ လျှံလေး ကိုယ့်ကိုယ်ကိုယ် ခုမှညံ့မှန်းသိ၏။ ခွေးရိုးကို ပန်းပုထု၍ မှော်ဆရာ အသက်သွင်း ဆက်သလိုက်တဲ့ မိန်းမယုတ်ကိုမှ လှလှချည်ရဲ့လို့ မိဖုရားကောက်မိတဲ့ ရှင်ဘုရင်ထက် သူ့အဖြစ်က ပို၍ ရင်နာစရာကောင်းလှသည်။ အဲ. . .

သူ့ထက်အဖြစ်ဆိုးတာက ဖေဖေ။ သူမပုံစံက ဝါးကွဲရင် ဝင်ဖို့စောင့်နေတဲ့ ရေအလျှင်။ သူမရဲ့အကြံအစည်တွေကို သိလိုက်ပြီမို့ သားအဖနှစ်ယောက်ကြား ဝါးမကွဲစေဖို့ နှုတ်ကိုစောင့်စည်းကာ သည်းခံခြင်းကြိုးဖြင့် တုပ်နှောင်ထားခဲ့ပေမယ့်. . .

ဖေဖေ လစ်ရင်လစ်သလို. . .

သူ့ကိုချဉ်းကပ် မြှူဆွယ်လာသည်။ တစ်ချိန်က ဘယ်လိုပဲချစ်ခဲ့ချစ်ခဲ့၊ ဖြစ်ပျက်ခဲ့သမျှကိုမေ့ပြီး အမုန်းတံခွန်ထူထားတဲ့ လျှံလေးမျက်ဝန်းထဲမှာ သူမရဲ့အသွင်ဟာ ဘီလူးခေါင်းဆောင်းထားတဲ့ မင်းသမီး။

ရှောင်းရင်းရှားရင်း ပြဿနာက ရင်ဆိုင်တိုးလာပြီ၊ ဖေဖေနှင့်စကားများကာ၊ လျှံလေး အိမ်မှထွက်လာပြီး တောင်ကြီးကအဒေါ်ဆီမှာ သွားနေခဲ့၏။

ဒေါ်ကြီးဆုံးသွားလို့ ကျန်ခဲ့တဲ့အဒေါ်အပျိုကြီးနဲ့ပေါ့။ လျှံလေး တောင်ကြီးကိုရောက်ပြီး ဆယ်ရက်လောက်အကြာမှာ. . .





''ဘုန်းလျှံမိုးဆိုတာ မင်းလား''

''ဟုတ်ပါတယ်''

လျှံလေးနဲ့တွေ့ချင်လို့ဆိုပြီး လူစိမ်းနှစ်ယောက် ရောက်လာသည်။

''ခင်ဗျားတို့ ဘယ်သူတွေလဲ''

''ရန်ကုန်ကပါ၊ မင်းအဖေ ဦးပြည့်စုံလျှံရဲ့မိတ်ဆွေတွေပေါ့။ ဦးပြည့်စုံလျှံ ကားအက်ဆီးဒင့်ဖြစ်လို့ ဆေးရုံကိုတင်ထားရတယ်''

''ဗျာ!''

အဖေဖေနှင့် လျှံလေး ဘာမှမစဉ်းစားဖြစ်။

''ဖေဖေ အခု ဘယ်လိုနေသေးလဲဗျာ'

''ဆရာဝန်တွေ ကြိုးစားပြီးကုနေကြတယ်။ အခြေအနေကတော့ သိပ်မကောင်းဘူး။ အဲဒါကြောင့် ညီ့ကို အစ်ကိုတို့လာခေါ်တာ''

''ဖေဖေရယ်''

လျှံလေးရင်ထဲမှာ ကမ္ဘာမီးလောင်သွားသလိုပါပဲ။ ဖေဖေ ဘာမှဖြစ်ပါစေနဲ့လို့ အထပ်ထပ်ဆုတောင်းရင်း သူလိုက်လာခဲ့သည်တွင် လာခေါ်တဲ့သူတွေက ကားတစ်စီး၊ သူက သပ်သပ်တစ်စီး။

ရွေ့ကကားက လေဟုန်ကိုခွင်းသည့်မြားတစ်စင်းနှယ်။ လျှံလေး လမ်းခရီးမှာ မီအောင်လိုက်ဖို့ မကြိုးစားတာက ဖေဖေ့ကိုမချစ်လို့မဟုတ်။ အန္တရာယ်များသည့်လမ်းခရီးမို့ ကားကိုသတိထားမောင်းနေရင်းပဲ ဖုန်းက အမြည်လာသည်။

''ဟဲလို''

''ဟင်း. . . ဟင်း. . . ဟင်း''

တစ်ဖက်မှ ရယ်သံသွဲ့သွဲ့ကို ကြားလိုက်ရ၏။



www.burmeseclassic.com

www.burmeseclassic.com



"ဟဲလို. . . ဘယ်သူလဲ"

"ငါပါ ဘုန်းလှျံမိုး"

"ဟင်! ခင်ဗျား"

"သိပ်ပြီးစိတ်မလှုပ်ရှားနဲ့ ဘုန်းလှျံမိုး။ ကားမောင်းရင်း ဖုန်းပြောနေတာ အန္တရာယ်ကွ။ အခု မင်း ဘယ်နေရာကို ရောက်နေတယ်ဆိုတာ ငါသိတယ်။ အဲဒါကြောင့် တမင်ဆက်လိုက်တာ"

နွေထက်သာလွန်ရယ်သံက တစ္ဆေခြောက်ခံရသည့် စိတ္တဇဪ ဆန်ဆန်။ လှျံလေး ရိပ်မိလိုက်ပါပြီ။

"ခင်ဗျား. . . မိန်းမယုတ်"

"ငါယုတ်မာတာကို မင်းသိတာ နောက်ကျသွားပြီ ဘုန်းလှျံမိုး။ မင်းအဖေအတွက် စိတ်ချပါ၊ လောလောဆယ်အဖို့တော့ နှာစေးခေါင်းကိုက်တောင်မဖြစ်ဘူး။ လောလောဆယ် ငါ့အတွက် အမိုက်ဖြစ်နေတာက မင်းပဲ။ အဲဒါကြောင့် မင်းကိုရှင်းဖို့ မီးစတွေ ပစ်လိုက်တာ"

"တောက်!"

"သိပ်ပြီးဒေါသတွေ ဖြစ်မနေပါနဲ့၊ ဘဝကူးမကောင်းဘဲ ဖြစ်နေမယ်။ သေမင်းက မင်းကိုလက်ယပ်ခေါ်နေပြီ။ စိတ်ဖြောင့်ဖြောင့်နဲ့လိုက်သွား။ နောက်ဆုံးနှုတ်ဆက်ပါတယ်. . . ဘိုင့်ဘိုင်"

"ဟင်း. . . ဟင်း"

"ဟား. . . ဟား. . . ဟား"

လှျံလေး သတိကြီးစွာမောင်းနှင်နေသောကားက တောင်အဆင်းမှာ ဘရိတ်က ဖမ်းလို့မမိ။ ဒါ ကြိုတင်လုပ်ကြံမှုတစ်ခုပါလား။ ရင်ထဲမှာ ထိတ်ခနဲဖြစ်သွား၏။





သူ. . .

အညာခံလိုက်ရပြီ။ ဘုရား. . . ဘုရား. . . မျက်လုံးကို စုံမှိတ်ချ ပစ်ချင်လောက်အောင် လှျံလေး သွေးပျက်နေပြီ။

"ဟာ!"

ရှေ့ကထွက်သွားတဲ့ကား အကြံပက်စက်ခဲ့တာဖြစ်မည်။ အစ ကတည်းက ကြိုတင်ကြံစည်မှုနှင့် တင်လာသည့်ကျောက်တုံးပဲ ဖြစ်လို့ တွန်းချခဲ့တာဖြစ်မှာပေါ့။ ကျောက်တုံးက လူနှစ်ယောက်မလို့ တစ်နိုင်အရွယ်။

ရှောင်ဖို့ကြိုးစားရင်းပဲ ထိုကျောက်တုံးကို ပစ်တိုက်မိပြီး လှျံလေး မောင်းသည့်ကားလေးမှာ ခါယမ်းသွားလေ၏။

"အား. . ."

"ဝုန်း!"

ကြောက်လန့်တကြား အော်လိုက်သံနှင့်အတူ. . .။

▣▣▣



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၆)

နောက်ဆုံးစကားတစ်ခွန်းမှာ ရှိတ်အသံတွေ တုန်ယင်အက်ကွဲစွာနှင့် မျက်ဝန်း၏အနီးတစ်ဝိုက်တွင် ရှာရန်ရာနှုန်း ၈၀။

"ဒါဆို ဘုန်းလှုံမိုးက အဲဒီမှာတင် ဘဝဇာတ်သိမ်းသွားတာပေါ့"

ကိုစိုးဝေ၏အမေးကို ခေါင်းညိတ်ဖြေလိုက်တော့ မျက်ရည်က ပါးပြင်ပေးသို့ စီးဆင်းသွားသည်။

"ဘုန်းလှုံမိုး သနားပါတယ်ကွာ"

"အေးကွာ. . . တော်တော်ရက်စက်တဲ့မိန်းမပဲ"

"ရက်စက်မှုအပေါင်း သရဖူဆောင်းတယ်ဆိုတာ နွေထက်သာလွန်လိုမိန်းမမျိုးကို ပြောတာပဲဖြစ်မယ်"

"သူက ယုတ်မာတာ တစ်ခုတောင် ပိုပါသေးတယ်ကွာ"

ရှိတ် မျက်ရည်တွေကို လက်ခုံနှင့်ဖိသုတ်ပြီး ကိုစိုးဝေတို့ဘက်သို့ လှည့်လိုက်သည်။





"အခုလည်း အဲဒီမိန်းမ ယုတ်မာနေတုန်းပဲ။ ခင်ဗျားတို့သိလား"

"တို့က ဘာကိုသိရမှာလဲကွ"

"သူ ဖေဖေ့ကို သွေးအေးအေးနဲ့သတ်နေတာ"

"ဖေဖေ. . . ဟုတ်လား"

"ဟုတ်တယ်၊ ဦးပြည့်စုံလှုံဟာ ကျွန်တော့်အဖေပဲ"

"ဟော!"

"ဒါကြောင့် မင်း ဒီလောက်နာကြည်းမုန်းတီးနေတာကိုး။ မင်း ဒီထက်ပိုပြီး ကြေကွဲသင့်ပါတယ်"

"မင်းနဲ့ဘုန်းလှုံမိုးက အဖေရော အမေရော အတူတူပဲလား"

"အတူတူပါပဲ"

ကိုစိုးဝေနှင့်ကိုရန်နိုင် ခေါင်းတညိတ်ညိတ်နှင့် နားထောင်ရင်း သူတို့ပါ စိတ်မကောင်းဖြစ်ကြရ၏။ ပုံပြင်ပဲဖြစ်ဖြစ် ပါးစပ်ရာဇဝင်ပဲဖြစ်ဖြစ် အကယ့်ဖြစ်ရပ်မှန်ပဲဖြစ်ဖြစ် ဇာတ်လမ်းတစ်ပုဒ်ကို ဖောက်သည်ချပြီဆိုတာနဲ့. . .

ပရိတ်သတ်ရင်ထဲမှာ နစ်နာသူအတွက် စုတ်သပ်လို့၊ ယုတ်မာသူကိုတော့ ကျိန်ဆဲ မေတ္တာပို့ကြမည်သာ။

"ငါ တစ်ခုတော့ စိုးရိမ်တယ် ရှိတ်"

"ဘာကိုလဲ ကိုရန်နိုင်"

"မင်းလည်း သူ့ကိုလက်စားချေလိုခြင်းကနေ သူ့မာယာမြစ်ကြောင်းထဲမှာ စီးမျောသွားမှာစိုးလို့"

ရှိတ် လွန့်ခနဲပြုံးလိုက်ရင်း. . .

"ကျွန်တော်က ဘုန်းလှုံမိုးလို ခပ်ညံ့ညံ့ကောင်မှမဟုတ်တာ"



www.burmeseclassic.com

www.burmeseclassic.com



"မုဆိုးလည်း မျက်စိလည် လမ်းမှားတဲ့အခါရှိတယ် ရှိတ်။ ေ
သတိတော့ ထားပါ"

"မင်းသားတစ်ယောက်တည်း ကောင်းနေရုံနဲ့တော ဇာတ်ဆ
က ဘယ်လုပ်မှာမလဲ ကိုစိုးဝေရာ။ ဇာတ်ပို့ဇာတ်ရံတွေကလည်း ပံ့ပိုး
ပေါ့။ ကျွန်တော့်ကို ခင်ဗျားတို့ကူညီဖို့တွေ ရှိတယ်"

"ဟေ"

"တို့က ဘာကူညီရမှာလဲ"

"လိုအပ်ရင် ပြောမယ်လေ"

ကိုစိုးဝေနှင့်ကိုရန်နိုင် တစ်ယောက်မျက်နှာတစ်ယောက်ကြည့်
ပြိုင်တူ သက်ပြင်းချလိုက်သည်။ ပြီးမှ. . .

"နွေထက်သာလွန်ကို သူ့လို လူငှားသတ်ခိုင်းဖို့ တို့ကို လူသ
လက်နက်ကြီးတော့ မလုပ်နိုင်းပါနဲ့ကွာ။ တို့မှာက သားနဲ့မယားနဲ့ကွ"

"ကျွန်တော်က ရက်စက်ရုံပါ၊ မယုတ်မာဘူး။ ကျွန်တော် 
အသက်ကို အသက်အစားပြန်လိုချင်တာမဟုတ်ဘူး။ နှလုံးသားအ
နှလုံးသားပြန်လိုချင်တာ။ အဲဒါတောင် အကောင်းပကတိမဟုတ်ဘူး"

ပါးစပ်ကပြောပြီး လက်က အသည်းကွဲဟန်၊ ရင်ဘတ်ကို ေ
လိုက် လက်နှင့်ခွဲချုပုံ လုပ်ပြ၏။ ဒါကိုပဲ စိုးဝေက ညည်းတွားဟန်. . .

"မျက်ခုံးကတော့ ခပ်လှုပ်လှုပ်"

ပဲတဲ့။

◙◙◙



## အခန်း (၂၅)

"ဟင်!"

ကားပေါ်ကဆင်းပြီးမှ ရှိတ်ခြေလှမ်းတွေ တွန့်ဆုတ်သွားလေ၏။ အိမ်ထဲကနေထွက်လာတာ ဆောင်းနဲ့ ရှိတ်မသိတဲ့လူတစ်ယောက်။ ရှိတ်တို့နဲ့ ရွယ်တူလောက်ပါပဲ။ ရှပ်လက်ရှည်အဖြူရောင်နှင့် ဘောင်းဘီအနက်ကို တွဲဝတ်ထားသည်မှာ အချောကြီးမဟုတ်ဘဲ ကြည့်လို့ကောင်းနေသလို။

ဆောင်းနဲ့ဒီလူ ဘယ်လိုပတ်သက်နေသလဲ။ ရယ်လို့မောလို့။

"ဆောင်း"

ရှိတ်. . . ဆောင်းအနားသို့ မပြေးရုံတမယ် ရောက်သွား၏။

"ဂစ်တာရှိတ်"

ထိုလူက ရှိတ်ကိုကြည့်လျက်. . .

"အဆိုတော် ဂစ်တာရှိတ်ထင်တယ်"

"ဟုတ်တယ် ကိုဦးရဲ၊ ဂစ်တာရှိတ်က ဆောင်းရဲ့သူငယ်ချင်းလေ"

"ဪ"

ကြည့်စမ်း! ပြောပုံက သူ့ကိုသူငယ်ချင်းတဲ့။ အေးလေ၊ ချစ်သူတွေ



www.burmeseclassic.com

www.burmeseclassic.com



မဟုတ်ကြသေးတော့။

"ဂစ်တာရှိတ်. . . သူက ဟိုဘက်ခြံကလေ၊ ကျော်စွာဦးတဲ့"

ဟိုဘက်ခြံကဆိုပါလား။ ဒါဆို ရှိတ် မလာဖြစ်တဲ့ရက်တွေ သူတို့နှစ်ယောက် အတော်ရင်းနှီးနေကြတာပဲဖြစ်မည်။ စောစောက လိုက်တာ ကိုဦးတဲ့။ ရှိတ်ရင်ဘတ်ကို မီးစနှင့်အထိုးခံလိုက်ရသလို။

ကျော်စွာဦး ပြုံးပြပေမယ့် သူ့မှာ ဟန်ဆောင်ပန်ဆောင် ပြုံးမပြနိုင်။

"ခုလို လူကိုယ်တိုင်ကို တွေ့ခွင့်ရတာ အရမ်းဝမ်းသာပါတယ် ဂစ်တာရှိတ်"

"ကျွန်တော်လည်း ဝမ်းသာပါတယ်"

မည်င်သာတဲ့ ရှိတ်အသံကြောင့် ဆောင်းမျက်ခုံးလေးနှစ်ဖက် တွန့်ကုတ်သွားသည်။

"ဆောင်း"

"ရှင်"

"မင်းကို ကိုယ် အရေးကြီးစကား ပြောစရာရှိလို့"

"ဘာများလဲ ဂစ်တာရှိတ်ရဲ့"

"အိမ်ထဲရောက်မှပြောမယ်လေ၊ ဘာလဲ. . . ကိုယ် အိမ်ထဲ ဝင်ခွင့်မရှိတော့ဘူးလား"

"မဟုတ်ပါဘူး"

ဆောင်းက ကျော်စွာဦးကို အားနာသလိုမော့ကြည့်သည်။ ကျော် စွာဦးက ပြုံးပြရင်း. . .

"ကိုယ်သွားမယ်. . . ဆောင်း"





"ဟုတ်ကဲ့ ကိုဦး"

"ဪ. . . ဟို"

"ဘာလဲဟင် ကိုဦး"

"ဆောင်းလိုချင်တဲ့ သစ်ခွပန်းအိုး ညနေကျ လာယူလေ။ ကိုယ် ခွဲပေးမယ်"

"ကျေးဇူးတင်ပါတယ် ကိုဦး"

"ကျေးဇူးမလိုပါဘူး။ တခြားလိုချင်တာရှိတယ်"

"ဘာများလဲ"

"နောက်မှတောင်းမယ်လေ၊ ကိုယ်သွားပြီ"

ဒါ ဘာစကားလဲ။ သူက ဘာကိုလိုချင်တာလဲ။ ကျော်စွာဦးထွက် သွားသည်နှင့် ရှိတ် ဆောင်းရဲ့လက်ကိုဆောင့်ဆွဲပြီး အိမ်ထဲသို့ခေါ်လာခဲ့ သည်။

"အလွမ်းသယ်မနေနဲ့"

"အို! ရှင်ဘယ်လိုဖြစ်"

"လာစမ်းပါ"

"အမေ့!"

ခြေထောက်တွေ ကသောကမျောနိုင်လွန်းလှသဖြင့် ဆောင်း ကိုယ့် ခြေထောက်ကိုယ် ပြန်ခလုတ်တိုက်မိသည့်အဖြစ်။ ဒါကိုညာတာရကောင်း မှန်းမသိ. . . ဆောင်းကိုယ်လေးကို ဆိုဖာပေါ်သို့ တွန်းချသေးသည်။

"အင့်!"

"တောက်!"

သူပဲ ဒေါသဖြစ်၊ သူပဲ ရန်လို။ ဘာဖြစ်လာမှန်းမသိ။



www.burmeseclassic.com

www.burmeseclassic.com



"ရှင် ဘာဖြစ်လာတာလဲ"

"ဒေါသဖြစ်တာလေ"

"အဲဒါ ကျွန်မနဲ့ဘာဆိုင်လို့ ခုလိုလုပ်တာလဲ"

"ဟ! ဆိုင်တာပေါ့၊ ငါဒေါသဖြစ်နေတာ မင်းကြောင့်၊ သိရဲ့လား"

"ကျွန်မကြောင့်"

ဆောင်းက မအူမလည်နှင့်မေးလေလျှင်. . .

"ဟုတ်တယ်၊ မင်းကြောင့်ပဲ"

"ကျွန်မကြောင့် ရှင် ဘာဒေါသဖြစ်စရာရှိလဲ"

"ရှိတာပေါ့၊ စောစောကကောင် မင်းနဲ့ဘယ်လောက်ထိ ရင်းနှီးနေပြီလဲ။ အိမ်နီးချင်းဆိုပြီး အကြောင်းပြချက်အမျိုးမျိုးနဲ့ လာနေတာ မဟုတ်လား။ မင်းကို ကိုယ်ပြောထားမယ်၊ နောက်တစ်ခါ အဲဒီကောင်နဲ့ မင်းကို ငါအတူတူမမြင်ချင်ဘူး။ မြင်ရဖို့တွေ့ရှိလာရင် ကိုယ့်အခိုးမဆိုနဲ့"

"အောင်မယ်"

"မင်းလည်း သူတို့အိမ်ကို သွားတယ်မဟုတ်လား။ ကိုယ်မသိဘဲ သွားမိတာ ထားတော့။ နောက်ထပ် မင်းသွားစရာအကြောင်းမရှိဘူး။ သွားရဲသွားကြည့်၊ ခြေထောက်ကိုဖြတ်ပစ်မယ်။ မယုံမရှိနဲ့. . . တကယ်လုပ်မှာ"

သူ့ကိုကြည့်ပြီး ဆောင်း ရယ်လည်းရယ်ချင်၊ စိတ်လည်းတိုမိ၏။ ဆောင်းကို အမိန့်တွေ တန်းစီပေးပြီး ကြိမ်းမောင်းနေရအောင် ဆောင်းနဲ့သူက ဘာလဲ။ ခွေးမတော် မျိုးမစပ်။

သူကတော့ လုပ်ချင်တာလုပ်ပြီး သူများကျတော့ စည်းတွေဘောင်တွေ ခတ်ထားချင်တဲ့သူ။ မတရားတာ။ ဆောင်းကလည်း သူမကြိုက်တာ





ကိုမှ ဖွတ်လုပ်ပြဦးမှာ။ ပြောပုံကလည်း ကြည့်ဦး။ ပိုင်စိုးပိုင်နင်းနဲ့။ မသိရင် ဆောင်းကပဲ သူ့ရဲ့ဘာလိုလိုညာလိုလို။

အသားလွတ် အသားယူနေတာ။

ဆောင်းက သူ့ဩဇာကို နာခံနေရမှာလား. . . ဝေးသေးတယ်။ ကိုယ့်ကို ဖုတ်လေသည့်ငါးပိ ရှိသည်လို့ပင် မအောင်းမေ့တာလည်း သူပဲ။ သူ့အလှည့်ကျတော့ သိတတ်လိုက်တာ။ တွေ့ကြရောပေါ့။

"ကိုယ်ပြောတာ ကြားရဲ့လား"

"ကြားသားပဲ၊ ဒါပေမဲ့ ရှင် ကျွန်မကို အဲဒီလောက်ထိ ချုပ်ကိုင်နိုင်မှာလို့လား"

"ဘာ!"

"ရှင်နဲ့ကျွန်မက ဘာဆိုင်လို့လဲ"

"ဆောင်း"

"ရှင်က ဆောင်းရဲ့အဖေလည်းမဟုတ်ဘူး၊ ဆောင်းရဲ့အစ်ကိုလည်းမဟုတ်ဘူး"

"တစ်ခုကျန်သေးတယ်၊ ထည့်ပြောလေ။ ဆောင်းရဲ့ယောကျ်ားလည်းမဟုတ်ဘူးလို့"

"ရှင်!"

ဆောင့်ခနဲ ထရပ်လိုက်တဲ့ဆောင်းကို သူက ပေစောင်းစောင်းနဲ့ ကြည့်၏။

ဒီလောက်စကားအသွားအလာတွေ ရှိခဲ့တာတောင် မသိဘူးလား။ ဆောင်း သူ့ကို တမင်ရွဲ့နေတာမှန်း ရိပ်သိသည်။ ဖွင့်ပြောမှ သိမှာတဲ့လား. . . ဆောင်း။ ကိုယ်ဖွင့်ပြောမိတော့မလား ဆောင်းရယ်။ မင်း ကိုယ့်



www.burmeseclassic.com

www.burmeseclassic.com



ကို ဘာလို့နားမလည်ပေးနိုင်တာလဲ။ ရှိတ်ဆိုတဲ့ကောင် မင်းကို ရူးလောက်အောင် ချစ်နေခဲ့တာပါ။

"ရှင် စကားပြောရင် ဆင်ခြင်ပါ ဂစ်တာရှိတ်။ အသားယူတာတွေ များလာရင် ကျွန်မ သည်းမခံဘူး"

"မင်း ကိုယ့်စကားကို နားထောင်လေ"

"မထောင်နိုင်ဘူး။ ညနေပဲ သွားရဦးမှာ"

"ဘာလုပ်ရအောင်လဲ"

"ပန်းအိုးယူ"

"မယူရဘူး"

"ယူမယ်"

"ကိုယ့်ကို"

"ဟုတ်တယ်"

"တကယ်"

"ဟင်"

ဆောင်း. . . ပါးစပ်ကို ဘရိတ်အုပ်လိုက်ရ၏။ မုန်းဖို့ကောင်းတယ်လို့ပြောမလို့ဟာ။ ယူမယ်နောက်မှာ ကိုယ့်ကိုဆက်သွားတော့ မုန်းတယ်ပြောမိတယ်ထင်ပြီး ဟုတ်တယ်လို့ဖြေလိုက်တာ။

ရှိတ် စကားလုံးကို အငိုက်ဖမ်းလိုက်နိုင်သဖြင့် ဒေါသမျက်နှာကနေ ကျေနပ်စွာပြုံးလိုက်မိ၏။ ပြီးမှ စကားကို ဖြေဆေးလိုက်၍. . .

"မင်း ဒီလောက်တောင် လိုချင်နေတာ ဘာပန်းအိုးမို့လို့လဲ"

"သစ်ခွ"

"ဒါများ ကိုယ်ရှာဝယ်ပေးမယ်"





"ဝယ်လို့မရဘူး။ နိုင်ငံခြားသစ်ခွ. . . ရှားတယ်"

"ဒါဆိုလည်း မင်းမသွားနဲ့၊ ကိုယ်သွားယူပေးမယ်"

"မယူနဲ့၊ မလိုချင်တော့ဘူး"

"ဆောင်း"

ဆောင်း မျက်လွှာချ၍ ပြန်ထိုင်လိုက်သည်။

"မင်း ကိုယ့်ကိုရွံနေတာလား"

"ဘာရွံ့စရာရှိလို့လဲ၊ ရှင်မယူစေချင်ဘူးမဟုတ်လား. . . အဲဒါကြောင့်"

ဆောင်းစိတ်ကောက်တာလားဟု ရှိတ် စိုးရိမ်စိတ်ကလေးနှင့်ခေါင်းငဲ့အကြည့်၊ ဒီဘက်ကို မျက်နှာပြန်လှည့်ဖို့ မေ့သွားသည်။ မျက်ဝန်းထောင့်မှာ အရိပ်ထင်လျက်ရှိသော မျက်တောင်ဖျားလေးတွေက တဖျတ်ဖျတ်။

နဖူးစပ်၊ နားသယ်စပ်တို့မှ မွေးညင်းနုစိမ်းစိမ်းလေးတွေက ဖြူဝင်းသော အသားအရေပေါ်မှာ၊ ကဗျာတစ်ပုဒ်ကို အလှသွေးကြွစေတဲ့ ကာရန်တွေလိုပါပဲ။ တစိမ့်စိမ့်ကြည့်လေ ချစ်မဝနိုင်လေပါပဲ။ အိမ်မှာမို့ လုံချည်နှင့်အသားပျော့ပျော့အင်္ကျီလက်ပြတ်ကလေးကို ဝတ်ထားလေသဖြင့် ပြည့်တင်းသော လက်မောင်းသားလေးတွေက ဒီအတိုင်း။

ဆောင်း. . .

သူမကို ရှိတ်စိုက်ကြည့်နေတာကို မြင်နေရသဖြင့် မနေတတ်မထိုင်တတ်ဖြစ်ကာ လက်ဝါးချင်းပွတ်လိုက်၊ လက်မောင်းသားလေးတွေကို လက်နှင့်ပြန်ဆုပ်ထားလိုက်။

"ဂစ်တာရှိတ်"



www.burmeseclassic.com

www.burmeseclassic.com



"ဟင်"

"ရှင်ဘယ်လိုဖြစ်နေတာလဲ"

"ကြည့်နေတာလေ"

"အဲဒါသိသားပဲ၊ ဒီမှာလာမကြည့်နဲ့၊ တခြားသွားကြည့်"

"တခြားက သွားကြည့်လို့ မြင်ရမလား"

"နွေထက်သာလွန်ကို သွားကြည့်ဖို့ပြောတာ"

"ဟိတ်!"

ဆောင်း သူ့ရှေ့မှထွက်သွားဖို့ ထလိုက်စဉ်၊ သူက လက်ကိုပြန်ဆွဲချလေသဖြင့်...

"အို!"

ဆောင်း ဆိုဖာပေါ်သို့ ပြန်ကျသွားသည်။

"ခဏထိုင်ဦး၊ ပြောစရာရှိလို့"

"ပြောပါလား"

ဆောင်း နောက်ထပ် ထပြေးမည်စိုး၍ ရှိတ်က လက်ကလေးကို ဖိဆုပ်ထားသည်။ ရင်ခုန်သံတွေကိုလည်း ပျောက်ရှသွားမှာစိုးသေး၏။

"ကိုယ့်ကိုစိတ်ရှည်ပေးပါ ဆောင်းရယ်"

"ဟင်...ဘာကိုလဲ"

"ကိုယ့်ရည်ရွယ်ချက်တွေ မပြီးမြောက်သေးလို့ ကိုယ် ဆောင်းကို ဘာမှမပြောသေးတာ။ ကိုယ့်နှလုံးသားက ဆေးရောင်ခြယ်ပန်းချီကားကို ဆောင်းမြင်နေတယ် မဟုတ်လား"

"ဟင့်အင်း"

"ကိုယ့်ကိုအသည်းယားအောင် မလုပ်နဲ့ ဆောင်းရယ်။ ကိုယ်





စိတ်မထိန်းနိုင်ရင်"

"ရှင်နော်"

"ဘာလဲ၊ သီချင်းအော်ဆိုပစ်လိုက်မှာလို့ ပြောမလို့"

"ကဲ!"

"အား..."

ဆောင်း သူ့လက်မောင်းကို လိမ်ဆွဲပစ်လိုက်၏။ သူက အားခနဲ အော်ပြီး ဆောင်းဘက်သို့ မျက်နှာယိုင်ကျလာလေလျှင်...

"ဟော! သားရောက်နေတာကိုး"

"အယ်..."

"အမေ"

ဒေါ်ချောစု ပြုံးစိစိနှင့် ဝင်လာလေလျှင်၊ ရှိတ် စပ်ဖြဲဖြဲမျက်နှာနှင့် နားရွက်ကုတ်၊ နာခေါင်းပွတ်ဖြစ်သွား၏။ ဆောင်းမှာလည်း ရှက်မျက်နှာလေး ရဲရဲနီလို့။

"ရှင် အအေးသောက်မလား"

"အင်း"

"ဟဲ့...ဒီကလေးတွေ"

"ဘာလဲဟင် မေမေ"

"ဒီလောက်မိုးအေးနေတာကို အအေးသောက်ရမလား"

"အဲ..."

"ဟို...ကော်ဖီကို ပြောင်းပြန်ပြောတာ အမေရဲ့"

"သြော်...မသိပါဘူးကွယ်၊ အမေက ဒဲ့မှတ်လို့"

စကားတွေ အယောင်ယောင်အမှားမှားနှင့် ကလေးနှစ်ယောက်



www.burmeseclassic.com

www.burmeseclassic.com



ရှက်သွားပုံကိုကြည့်၍ ဘာဆိုတာ ဒေါ်ချောစု သိပြီးသား။ ငယ်ရာကနေ ကြီးလာကြတဲ့သူတွေပဲလေ။

ရှိုက်နဲ့ သမီးလေးကို‥ သူမ သဘောတူပါသည်။ ရှိုက်က လူတော်လူကောင်းလေးပဲလေ။

"အမေ"

"ဟင်"

"အမေ နေလို့ကောင်းရဲ့လား"

"ကောင်းပါတယ် သားရဲ့၊ စိတ်ရောလူရော ချမ်းသာနေတာပဲ"

"နေမကောင်းရင်ပြောနော် အမေ၊ အားနာပြီး ကြိတ်မခံစားနဲ့ အမေနေကောင်းမှ ဆောင်းစိတ်ချမ်းသာမှာ"

"အံမယ်! လက်စသတ်တော့ မင်းက ဆောင်းကိုစိတ်ချမ်းသာစေချင်လို့ကိုး"

"ဟာ. . . အမေ၊ အဲလိုလည်းမဟုတ်ဘူးလေ"

"ထားပါတော့"

ဒေါ်ချောစုက 'မသိရင်ခက်မယ်'ဆိုသောအကြည့်မျိုးနှင့် ရယ်လေတော့။ ရှိုက်လည်း ရောယောင်၍ လိုက်ရယ်မိတော့သည်။

▣▣▣



## အခန်း (၂၈)

ဦးပြည့်စုံလျှံ. . .

နွေခေါ်လာပေးသည့် နာ့စ်မလေးကို တစ်ချက်သာကြည့်ပြီး မျက်နှာပြန်လွှဲလိုက်သည်။ လက်တစ်လုံးလောက်ကြီးနှင့် တစ်ထောက်တည်းအင်္ကျီဖားဖားပေါ်မှာ၊ စတော်ကင်အသားရောင်ကို ဝတ်ထားလေသဖြင့် ရုတ်တရက်ကြည့်လျှင် ဒီအတိုင်းလို အမြင်ရှိုင်းနေပေ၏။ ရင်ဘတ်တွေ ကျောတွေကို ဒီအတိုင်းမြင်နေရသည့်မြင်ကွင်း။

ပြီးတော့ အသက်က ငယ်ငယ်။ နွေဘာဖြစ်ချင်တယ်ဆိုတာကို ဦးပြည့်စုံလျှံ သိလိုက်၏။ ဒီအလှအပတွေနဲ့ သူ့ကိုမြှူဆွယ်ဦးမလို့ထင်ပါရဲ့။ ဒီတစ်ခါမြှူဆွယ်ပြီး ယူမှာက သူ့ရဲ့အသက်ပဲဖြစ်လိမ့်မည်။

"ဒါဘာသဘောလဲ နွေ"

"ဦးလျှံပဲ နာ့စ်တစ်ယောက် ငှားပေးဆို။ အဲဒါကြောင့်"

"ငါလိုချင်တဲ့နာ့စ်က ဒီပုံစံမျိုးမဟုတ်ဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ဦးလှိုက ဘယ်လိုပုံစံမျိုးကိုလိုချင်တာလဲ"

"မင်းသမီးတောင် သူ့ဇာတ်ဝင်ခန်းရောက်လာရင် သင့်တော်ရာ အဝတ်အစားကို ရွေးဝတ်ရသေးတာပဲ။ မင်းလူကိုလည်းမေးကြည့်ဦး၊ ဂျ... ပြုစုမှာလား. . . မော်ဒယ်လ်ရှိုးလျှောက်မှာလားလို့"

"အန်ကယ်ကရော ကိုယ်မတတ်နိုင်လို့ အပြုစုခံမှာလား၊ မျက်... ကို အစာကျွေးမှာလား"

"ဟင်! "

မေးချလိုက်တာ ဒက်ခနဲ။ ဒါ ကိုယ်မကြည့်ရင် မသိနိုင်ဘူးဆို... တဲ့သဘော။ နွေခေါ်လာတဲ့သူမို့ နွေ့လို ပြောရဲဆိုရဲရှိနေတာလား။

"ငါ့ကို ဒီလိုမေးရဲတယ်ဆိုတော့ မင်းလည်း သိပ်တော့ခေ... မဟုတ်ဘူး"

"လူတစ်ယောက်ကို အပေါ်ယံကြည့်ပြီး အကဲခတ်လို့မရဘူး အန်... ကယ်။ ဥညလေး အသံသာလို့ ဖြူမယ်မထင်နဲ့ ဖျိုင်းတွေလည်း နှလုံးသား... မည်းတတ်ပါတယ်"

"သိပ်ဗီဇကြောင်မနေနဲ့ ဦးလှို့ နွေစီစဉ်ပေးတာကိုမှ လက်မ... ချင်ဘူးဆိုရင် ရိပ်သာဝင်ဖို့ပဲ စဉ်းစားတော့"

ဦးပြည့်စုံလှို့ နွေ့ကို မျက်လုံးထောင့်ကပ် ကြည့်လိုက်၏။ ဒီမိန်း... ဘာတွေကြံစည်နေပြန်တယ်မသိဘူး။

"မမလေး"

နီတွတ် ဝင်လာသည်။

"ဘာလဲ နီတွတ်"

"ဂစ်တာရှိုတ် လာတယ်"





"ဒီကိုလွှတ်လိုက်"

ဟုတ်ကဲ့"

နီတွတ် ပြန်ထွက်သွားလေ၏။ ဂစ်တာရှိုတ် လာတယ်တဲ့။ ဦးပြည့်စုံလှို့ တစ်ယောက် အားတော့တက်သွားသည်။ သူ ဒီကောင်လေးကို ဘာကြောင့် ခင်တွယ်နေမှန်းမသိပါဘူး။ ကောင်လေးရဲ့အားပေးနှစ်သိမ့်တတ်တဲ့စိတ်ဓာတ်ကလေးကြောင့်လား။

တစ်ခုစိုးရိမ်တာတော့ ရှိ၏။

ဒီကောင်လေးနဲ့နွေ ပတ်သက်နေခြင်းပါပဲ။ ထိကုန် ငြိကုန်မှာစိုးလို့ပါ။ နွေက ကိုယ့်မိန်းမမို့ သဝန်တို မနာလိုဖြစ်ခြင်းတော့ မဟုတ်တာ ကျိန်းသေ၏။ နွေ့အကြောင်းတွေကို သူသိထားသည်မို့ ကောင်လေး ထိခိုက်နစ်နာမှာ စိုးတာ။

ရှိုတ်နေရာမှာ အခြားကောင်ဆိုလို့ကတော့. . .

ဖောက်ပြန်စမ်းပါစေ ကြိုက်သလောက်။ အခွင့်အရေးကိုစောင့်ပြီး သူ နွေနှင့်အပြတ်ရှင်းလိုက်ရုံသာ။

"မမ"

"လာ. . . ရှိုတ်"

ဘောင်းဘီအိတ်ထဲသို့ လက်နှိုက်ပြီး လှမ်းလာနေသော ရှိုတ်ပုံစံက ကိုရီးယားမင်းသားလေးလို။ နွေ့ဘေးမှာ လာရပ်ပြီး ငုံ့ကြည့်ကာ

"မမမျက်နှာမကောင်းပါလား၊ ဘာဖြစ်လို့လဲ"

"ဒီမှာလေ၊ ဦးလှို့ ဂျီကျနေလို့"

"ဟင်! အန်ကယ်က ဘာဂျီကျနေလို့လဲ"

"ရှိုတ် ရှာပေးထားတဲ့ Nurse ကိုလက်မခံချင်ဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ဩော်. . . ဒါလား"

ရှိတ်ရှာပေးတဲ့ Nurse ဆိုပါလား။ ဦးပြည့်စုံလှိုင် ရှိတ်ကိုမော့ကြည့်လိုက်တော့ နူးညံ့ပျော့ပျောင်းသောအပြုံးလေးနှင့် သူ့ကိုပြန်ကြည့်နေသည်။ မျက်ဝန်းလေးတွေမှာ အဓိပ္ပာယ်တစ်ခုကို ဖော်ဆောင်နေသလိုပါပဲ။

ဘာလဲမသိပေမယ့်. . .

တစ်ခုခုပြောနေသည်ဟု ဦးပြည့်စုံလှိုင်ထင်သည်။ သူ့မျက်ဝန်းထဲကစကားတို့သည် ကိုယ့်အတွက် အဆိပ်ဖြစ်ဟန်မတူ။

"လက်ခံလိုက်ပါ အန်ကယ်၊ ကျွန်တော်ကိုယ်တိုင် တကူးတကရှာပေးထားတာပါ"

"ကောင်းပြီလေ၊ သူ့ကို မနက်ဖြန်ကစပြီး အလုပ်ဆင်းခိုင်းပါ"

ရှိတ်က နာ့စ်မလေးဘက်သို့လှည့်၍. . .

"မင်းရဲ့ဝတ်စားဆင်ယင်မှုကို ဆင်ခြင်ပေးနိုင်မလား"

"ရပါတယ်၊ ဘယ်အလုပ်မှာမဆို ယူနီဖောင်းဆိုတာ ရှိတတ်ကြတာပဲ"

ရှိတ်က ခေါင်းညိတ်ပြလိုက်ပြီး. . .

"အန်ကယ်"

"ဟင်"

"သူ့နာမည်လည်းမှတ်ထားဦး. . . သက်တန့်ခင်တဲ့"

"မှတ်ထားပါ့မယ်"

"ကျွန်တော့်ကိုသွားခွင့်ပြုပါဦး"

"ကောင်းပါပြီ"





ရှိတ်ထွက်သွားသည်နှင့် နွေရော သက်တန့်ခင်ပါ ထပ်ကြပ်မကွာ။ ဦးပြည့်စုံလှိုင် ဒီကောင်လေးကို နားမလည်နိုင်တော့။

"ဟင်!"

ဦးပြည့်စုံလှိုင် အောက်သို့ငုံ့လိုက်စဉ် ကြမ်းပြင်ပေါ်မှာ စာရွက်ခေါက်ကလေးကို တွေ့လိုက်ရ၏။ ကောက်ယူပြီးဖြန့်ကြည့်လိုက်တော့ သီချင်းတစ်ပုဒ်ဖြစ်ဟန်တူသော စာသားတွေ။

စာသားလေးရဲ့အဓိပ္ပာယ်က. . .

အချစ်ကိုကိုးကွယ်ယုံကြည်မိလို့ ဘဝခုံးခဲ့ရတဲ့လူငယ်တစ်ယောက်အကြောင်း။ လကမ္ဘာဆိုတာ ကမ္ဘာမြေကြီးပေါ်ကကြွလွင့်စင်ရာမှ ဖြစ်ပေါ်လာသလို အဖေဖြစ်သူရဲ့ဘဝထဲမှ လွင့်စင်ပြေးထွက်ပြီး ဘဝတစ်ခုကိုထူထောင်ခဲ့ရတဲ့ သူ့ဘဝသည် လမင်းရယ်လို့ အေးချမ်းခြင်းနိမိတ်ပုံဆောင်တာ လူအများရဲ့ရင်ကို လှပတင့်တယ် တောင့်တစေခြင်းနှင့် ရပ်တည်နိုင်ပေမယ့်. . .

နီးလျက်နဲ့ ဝေးကွာခြင်း. . .

မြင်လျက်နဲ့ ခေါ်ခွင့်မသာခြင်း. . . လက်ခုပ်နှစ်ဖက်ကြားမှာ မျက်ရည်ကိုတိတ်တိတ်သုတ်လို့ ဖခင်ကိုလွမ်းနေရခြင်းတွေကို ရေးဖွဲ့ထားခြင်းပင်။

ဒါ. . . ဒါ ဘယ်သူ့ဘဝလဲ. . .

ဂစ်တာရှိတ်ရဲ့ဘဝလား။ ဒါမှမဟုတ် သူနဲ့သားရဲ့ဘဝလား။ သားက သေသွားပြီလား။ မဖြစ်နိုင်ပါဘူး။

"နီတွတ်"

"ဗျာ. . . ဆရာ"

"ခဏလာပါဦးကွ"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်"

နီတွတ် သူ့အနားသို့ရောက်လာတော့. . .

"ဒီမှာ ဂစ်တာရှိတ်ကျန်ခဲ့တာ၊ လိုက်ပေးလိုက်ပါ"

"သူပြန်လာပြီး ယူမှာပါဆရာ၊ တမင်ထားခဲ့တာပါ"

"ဟော!"

"သူ. . . ဆရာ့ကို တစ်ခုခုပြောစရာကျန်သေးတယ်ထင်တယ်"

"မင်း. . . မင်း သူ့အကြောင်း ဘာတွေသိထားလို့လဲ နီတွတ်"

"သူက စိတ်ကောင်းရှိပါတယ်၊ ဆရာ့ကို သူကယ်နိုင်လိမ့်မယ်လို့ ကျွန်တော်ထင်တယ်"

ဦးပြည့်စုံလျှံ အစဉ်းစားရခက်သွား၏။ လူတိုင်းမှာ ပဟေဠိတွေနဲ့ပါလား။ သူကျန်းမာရေးမကောင်းတဲ့ကာလမှာ ဒီစံအိမ်မှာ လူဝင်လူထွက်တွေ ရှုပ်နေ၏။ သူ့လူလား ကိုယ့်လူလား ဝေခွဲမရနိုင်သလို၊ ဘယ်သူ့ကို ယုံရမှန်းလည်း မသိတော့ပေ။

အိမ်မှာ. . . ဗလကြီးက နွေရဲ့လူ။ နွေက သေဆိုသေ၊ ရှင်ဆိုရှင်၊ နီတွတ်ကလည်း နွေ့ကိုတုန်နေအောင် ကြောက်သူ။ နွေ့ရှေ့မှာဆို နွေ့ရဲ့ညြဖာခံ။ နွေကွယ်သွားရင် နွေလှုပ်ရှားသမျှ သူသိသလောက် ပြောပြတာတွေဟာ ကိုယ့်အပေါ် တကယ့်စေတနာတွေလား။

ဒါမှမဟုတ်. . .

နွေလှည့်ကွက်နဲ့ ကိုယ့်ဆီက စကားကို နှိုက်ထုတ်နေတာလား။ အခု ဂစ်တာရှိတ်. . .

သူက နွေနဲ့ပတ်သက်ဆက်နွယ်ပြီးမှ ကိုယ်နဲ့သိရတာ။ ကိုယ့်အပေါ်မှာ အချိန်တိုတိုလေးနဲ့ ဘာလို့ ဒီလောက်ကောင်းပြနေတာလဲ





သူ့စိမ်းတစ်ယောက်က ကိုယ့်အပေါ် ဂရုစိုက်ပြနေတာကို ယုံရမှာလား။ နွေနဲ့နေပုံထိုင်ပုံတွေက သာမန်ထက်ပိုရင်းနှီးနေတာ၊ တစ်ဖက်လှည့်နဲ့ ကိုယ့်ကိုလုပ်ကြံဖို့ ကြိုးစားနေသလား ဘာကိုမှဝေခွဲမရနိုင်။

နာစ့်မပုံစံကလည်း. . .

မျက်လုံးတွေက မတည်ငြိမ်။ ဘယ်သူ့ကိုမှ ယုံလို့မဖြစ်ပါဘူး။ ရှိတ်ကိုတော့ ယုံကြည်အားကိုးစိတ်နဲ့ အကောင်းမြင်လိုက်၊ နွေ့လူဆိုတဲ့အသိနဲ့ မယုံလိုက်။ စိတ်က လွန်ဆွဲနေသည်။

"ဟော. . . ရှိတ် ပြန်လာပြီ ဆရာ"

ရှိတ်က ဝင်လာပြီး၊ သူ့ရှေ့မှာ ဒူးထောက်ကာ ထိုင်ချ၏။

"ဒီမှာ မင်းကျန်ခဲ့တာ သီချင်းလား"

"ဟုတ်ပါတယ်၊ ကျွန်တော် စပ်ထားတာ"

"လူတစ်ယောက်ရဲ့ဘဝထင်တယ်"

"ကျွန်တော့်ဘဝပါ"

"ဪ"

ဦးပြည့်စုံလျှံ စာရွက်ကလေးကို လှမ်းပေးလိုက်၏။

"အန်ကယ်"

"ဟင်"

"ကျွန်တော့်ကိုယုံပါနော်"

"ဘာကိုလဲ ရှိတ်"

"အရာအားလုံးအတွက်ပါ၊ ကျွန်တော်က အန်ကယ့်ကို ဒုက္ခပေးမယ့်သူမဟုတ်ပါဘူး။ အန်ကယ့်အပေါ် ကျရောက်လာမယ့် အန္တရာယ်မှန်သမျှကို အသက်နဲ့လဲပြီး ကာကွယ်မယ့်သူပါ"



www.burmeseclassic.com

www.burmeseclassic.com



"မင်း ဘာတွေကိုသိထားလို့ ဒီလိုပြောတာလဲ"

ရှိုတ် သက်ပြင်းတစ်ချက်ချလိုက်မိ၏။ ပြီးမှ. . .

"အန်ကယ်သိထားတာတွေထက် ပိုသိထားတဲ့သူပေါ့ အန်ကယ်"

"ဒါနဲ့ ရှိုတ်က အန်ကယ့်ကို ဘာလို့ ဒီလောက် ဂရုစိုက်နေရတာလဲ"

ရှိုတ် ဖေဖေ့မျက်နှာကို ငေးကြည့်ဖြစ်၏။ သားက ဖေဖေ့ရဲ့သားတစ်ယောက်ပါလို့ ပြောလိုက်ချင်သည်။

ဖေဖေရယ်. . .

ဖခင်တစ်ယောက် ဒုက္ခရောက်မှာကို ဘယ်သားက လက်ပိုက်ပြီးကြည့်နေနိုင်မှာလဲ။

"အန်ကယ်က ကျွန်တော့်ဘဝအတွက် မရှိမဖြစ် လိုအပ်နေတဲ့ အရေးကြီးဆုံးလူတစ်ယောက် ဖြစ်နေလို့ပေါ့ အန်ကယ်"

"ဘယ်လို"

"အချိန်မတန်သေးပါဘူး အန်ကယ်၊ တစ်နေ့နေ့မှာ အန်ကယ် သိလာမှာပါ"

စာရွက်ခေါက်ကလေးကိုကိုင်လျက် ရှေ့မှ တစ်လှမ်းချင်း ထွက်သွားတဲ့ရှိုတ်ရဲ့အသွင်က ဦးပြည့်စုံလှိုင်၏မျက်ဝန်းထဲ၌ အနေးပြကွက်များလို ကျန်ခဲ့၏။

▣▣▣





## အခန်း (၂၉)

"ဂစ်တာရှိုတ်က ဆောင်းရဲ့ချစ်သူလား"

"မဟုတ်ပါဘူး ကိုဦးရဲ့"

"ဟုတ်ဖို့တော့ အလားအလာရှိနေတယ်ထင်တယ်"

"ကိုဦးကလည်း"

ဆောင်း ရှက်ရယ်ရယ်လိုက်၏။ အခုမှ လူသစ်တွေမို့ အပေါင်းအသင်းမရှိသေးတဲ့ ကျော်စွာဦးအတွက်၊ ဆောင်းက သူငယ်ချင်းကောင်းတစ်ယောက်ပါပဲ။

ဆောင်းကလည်း ကိုဦးကို ကိုယ့်အစ်ကိုတစ်ယောက်လို ခင်သည်။ တစ်အိမ်နဲ့တစ်အိမ်ကိုမျှင်းတိုင်း ကူးနေကြသည်ဆိုလျှင်လည်း မမှားပေ။

"ယောက်ျားချင်းပဲကွာ၊ ကိုယ်သိတာပေါ့။ ကိုယ်နဲ့ဆောင်းကို အခုတွေ့သွားပြီး ဖြစ်သွားတဲ့ ဂစ်တာရှိုတ်ပုံစံကိုကြည့်ပြီး ကိုယ် တအားရယ်ချင်သွားတာ"



www.burmeseclassic.com

www.burmeseclassic.com



"ရယ်လိုက်ပါလား"

"ရယ်လိုက်ရင် ဟိုကောင်က ဆွဲထိုးမှာပေါ့။ သူ့ပုံစံကြည့်ရတာ စိတ်ဆတ်မယ့်ပုံပဲ။ အလကား. . . အချောင် အသားနာမခံနိုင်ပါဘူး"

"အရင်တုန်းက သူ အဲဒီလိုပုံစံမျိုးမဟုတ်ဘူး ကိုဦးရဲ့။ အခု အေးတာ"

"ဒါဆို အခုမှ အချစ်ကြောင့် ဒေါသဖြစ်တတ်တာပေါ့ဟုတ်လား"

"အဲဒီလိုလည်း မဟုတ်ပါဘူး"

"ဘယ်လိုလဲ"

"မသိချင်ပါနဲ့ ကိုဦးရယ်"

ဆောင်းက နှင်းဆီပန်းအိုးလေး ပျိုးနေသဖြင့် ကျော်စွာဦး လက်ပိုက်၍ ရပ်ကြည့်နေသည်။ ကူလုပ်ပေးချင်ပေမယ့် နှစ်ယောက်အ ဆိုတဲ့ကာလမှာ နေရာတိုင်းမသင့်တော်။

ကိုယ့်စိတ်က ရိုးသားပေမယ့်. . .

အမြင်မှားနဲ့ကြည့်တတ်တဲ့မျက်လုံးတွေကို ကြောက်တာ။

"အဲဒီနေ့က ကိုယ်ပြောခဲ့တာကို ဆောင်း မှတ်မိလား"

"ဘာလဲ ကိုဦး"

"ကျေးဇူးမလိုဘူး။ အခြားလိုချင်တာရှိတယ်ဆိုတာလေ"

"အင်း. . . ကိုဦး ဘာလိုချင်တာလဲ"

"ဘာမှမလိုချင်ဘူး။ ဂစ်တာရှိတ်ကို တမင်ကလိပေးလိုက် သူဒေါသဖြစ်တဲ့ပုံက ကြည့်ကောင်းလို့"

ဆောင်း ပြုံးမိသွားသည်။ ကိုယ်ချစ်ရတဲ့လူတစ်ယောက်ကို အ လူတစ်ယောက်က ကြည့်ကောင်းတယ်ပြောတာကို ဆောင်း မကျေနပ်





ရှိပါ့မလား။

"ကိုဦးက ဘာလို့ သူ့ကိုစိတ်ဝင်စားတာလဲ"

ကျော်စွာဦးက ရယ်ကာ. . .

"ဆောင်းက ကိုယ့်ညီမလို့ ကိုယ်က သတ်မှတ်ထားတာလေ။ အဲဒီတော့ ကိုယ့်ယောက်ဖလောင်း ကောင်းမကောင်း. . . တော်မတော် သိထားသင့်တာပေါ့"

"ကိုဦးနော်. . . ဘာယောက်ဖလဲ"

"မဟုတ်ဘူးလား"

"မသိဘူး"

"ကောင်မလေး ရှက်သွားပြီ"

ကျော်စွာဦးက စလေ ဆောင်းက ရှက်လေမို့ သူ့ရှေ့ကနေ ဆောင်း ထလာခဲ့၏။ ဒီလိုကျတော့ နောက်မှလိုက်လာကာ. . .

"ဓဆောင်း"

"ဟင်"

"နေ့တိုင်း ခြံထဲမှာပဲ နေရတာ မပျင်းဘူးလား"

"မပျင်းအားပါဘူး ကိုဦးရယ်၊ ဘာအလုပ်မှမရှိလည်း စာဖတ် နေလို့ရတယ်။ အင်း. . . အလုပ်တစ်ခုခုလုပ်ဖို့ ရှာတော့ရှာနေတာပဲ"

"ဘာအလုပ်လဲ"

"ကုမ္ပဏီတစ်ခုခုမှာပေါ့"

"သမီးရေ"

"ရှင်. . . အမေ"

အမေ ဆောင်းတို့ဆီသို့ ခပ်သုတ်သုတ်လျှောက်သည်။ လက်ထဲ



www.burmeseclassic.com

www.burmeseclassic.com



မှာ ဆောင်းရဲ့ဟန်းဖုန်းလေးကို ကိုင်လာ၏။ ဖုန်းလာလို့ဖြစ်မှာပေါ့။

"ဖုန်းလာတယ်"

"ဘယ်သူ့ဆီကလဲ အမေ"

"ရှိတ်ဆီက"

"အဟွန်း"

ကိုဦးက ဘယ်လိုလဲဆိုတဲ့သဘောနဲ့ ရယ်လေသဖြင့် ဆောင်း လှည့်၍ မျက်စောင်းထိုးလိုက်၏။ ဆောင်း အမေ့လက်ထဲက ဖုန်းကိုယူပြီး

"ဟဲလို"

"ဆောင်း"

"ဆောင်း အခု ဘာလုပ်နေတာလဲ"

"ခြံထဲမှာ နှင်းဆီပင်တွေ ပျိုးနေတာ"

"တစ်ယောက်တည်းလား"

"ကိုယ်နဲ့လို့ပြောလိုက်လေ"

"ဟင်!"

ကိုဦးက တမင်အနားကပ်ပြောလိုက်သဖြင့် တစ်ဖက်မှ ရှိတ် အသံက 'ဟင်' ခနဲ။

"ဆောင်း. . . မင်းအနားမှာ ကျော်စွာဦး ရှိနေတာမဟုတ်လား"

"အင်း. . . ဟုတ်တယ်"

"ကျွတ်!"

"ရှင်ဘာပြောမလို့လဲ၊ ပြောလေ"

"ပြောချင်စိတ်တောင် မရှိတော့ဘူး"

"မရှိရင် မပြောနဲ့လို့"





"ကိုဦး ဘယ်လိုဖြစ်နေတာလဲ"

ကိုဦးသက်သက် ရှိတ်ကို စနေတာ။ ဆောင်းက-လှည့်ပြီး တိုး တိုးကြိတ်ကြိတ် တောင်းပန်လိုက်၏။ အကျိုးစီးသန်က ရန်မျှား၏တဲ့။ ကို ဦးနဲ့ရှိတ်ကို ဆောင်း ပြဿနာမဖြစ်စေချင်ပါ။

"မနက်ဖြန်ကစပြီး မင်းအလုပ်ဆင်းရမယ် ဆောင်း"

"ဟင်! မြန်းစားကြီးပါလား"

"ဟုတ်တယ်၊ ဖြစ်နိုင်ရင် အခုတောင် ဆင်းစေချင်တာ"

"အင်တာဗျူးတွေဘာတွေ မဖြေရဘူးလား"

"မလိုလို့ မပြောတာပေါ့ကွ"

လေသံက မုန်တိုင်းထက် ပြင်းနေသည်။ ဒါကိုပဲ နားစွင့်ပြီး ကျော်စွာဦး ပခုံးတွန့်လိုက် နှာခေါင်းရှုံ့လိုက်။

"ဘယ်မှာဆင်းရမှာလဲဟင်"

"ULTIMATUM...ကုမ္ပဏီမှာ"

"ရှင်!"

"မနက်ဖြန် ကိုယ်လာခေါ်မယ်၊ စောင့်နေ"

"ကျွန်မ အဲဒီကုမ္ပဏီမှာ မလုပ်ချင်ဘူး"

"မလုပ်လို့မရဘူး။ ကိုယ့်အမိန့်ကိုနာခံ. . . ဒါပဲ"

"ဂစ်တာရှိတ်"

ခေါ်လို့မရတော့ပေ။ သူပြောချင်တာပြောပြီး ဂစ်တာရှိတ် ဖုန်း ပိတ်သွားတာ။ တကယ်တမ်းမှာ ဆောင်း သူ့ကိုမလွန်ဆန်ပါဘူး။

"ကိုယ့်အမိန့်ကိုနာခံ. . . ဒါပဲတဲ့၊ ဟား. . . ဟား. . . ဟား"

"ကိုဦးနော်၊ ဘယ်လိုဖြစ်နေတာလဲ။ ဒီမှာ စိတ်ညစ်ရတဲ့အထဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဒါလား စိတ်ညစ်တဲ့ရုပ်၊ အချိန်တန်ရင် နင် ပုတ်သင်ညိုပဲဖြစ်မှာ"

"သိပ်မစနဲ့ သားရေး မင်းညီမက ဂစ်တာရိုက် အထင်လွဲမှာကို ကြောက်နေတဲ့ပုံပဲ။ တော်ကြာ ထိုင်ငိုနေဦးမယ်"

"အဲဒီတော့လည်း အန့်တီနဲ့ကျွန်တော် မျက်ရည်မြစ်၌ စီးမျော ခြင်းဆိုတဲ့ခေါင်းစဉ်နဲ့ ဂျာနယ်ထဲမှာ နေရာယူခွင့်ရသွားတာပေါ့။ ဟုတ်ဘူးလား"

ခေါ်ချောစုပါ ပြုံးမိ၏။ ကိုယ့်သမီးစိတ်ကိုလည်း ကိုယ်သိနေသည်။ ရိုက်နဲ့ပတ်သက်လာလျှင် အရာရာကို အလေးထားတတ်သူ။ သူမအနားမှာရှိနေတာကို မသိတဲ့ရိုက်။ အထင်လွဲပြီး သဝန်တိုသံကိုလည်း ကြားနေရတော့၊ ဟင်း. . . သူမ ဖြေရှင်းပြရမှာပေါ့။

ကျော်စွာဦးကလည်း စဖြစ်အောင် ထပ်စသေးသည်။

"ကိုကိုရိုက်ရေ. . . လာပါတော့၊ ဆောင်းလေး တမော့မော့"

"ကိုဦးနော်"

"ဟား. . . ဟား. . . ဟား"

▣▣▣



## အခန်း (၃၀)

"ဦးကျော်မောင်မောင်မြင့်တို့အိမ်မှာ ညစ်ခံပွဲဟုတ်လား"

"ဟုတ်တယ် နွေး၊ အဲဒီညစ်ခံပွဲကို ဦးရာဇသံ မဖြစ်မနေလာမှာ"

နွေခိုင်းတဲ့အတိုင်း ဟန်မိုးသက်ခမျာ ရာဇသံ၏အကြောင်းကို စုံစမ်းရတာ အသည်းအသန်။ ခြေသပွတ်တိုင် လည်လုမတတ်ပါပဲ။ အခု သတင်းရပြီ။

ပါတီပွဲတစ်ခုကို ရာဇသံ လာမယ့်တဲ့။

"အဲဒီပွဲက ဘယ်တော့လဲ ကိုမိုး"

"မနက်ဖြန်ည"

"အိုကေ. . . ကျွန်မတို့သွားကြတာပေါ့။ ဒါနဲ့ ကိုယ့်ကိုဖိတ်ထားတာမျိုးမရှိတော့ ဘယ်လိုအကြောင်းပြချက်နဲ့ သွားမလဲ"

"ဖိတ်ပါတယ်၊ ဦးကျော်မောင်မောင်မြင့်ကိုယ်တိုင် ကိုယ့်ကိုဖိတ်ထားတာ။ သူနဲ့ကိုယ် သိပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ပြော"

ကျားငစဉ်းလဲ၏အပြုံးက နွေ့နှုတ်ခမ်းပေါ်မှာ မိတ္တူကူးလျက်။ ရာဇဝင်... ရှင်ဘယ်လိုလူမျိုးပဲဖြစ်ဖြစ် ရှင့်ကို ကျွန်မရအောင် ထောင်ဖမ်းမှာ။ နွေထက်သာလွန်တဲ့၊ နွေထက်ပိုပြီး ပူပြင်းတဲ့မိန်းမတစ်ယောက်အကြောင်းကို ရှင်ကောင်းကောင်းသိစေရမယ်။

ရာဇဝင်... တဲ့။

စီးပွားရေးလောကမှာ ဟိုးလေးတကျော်ကျော်နဲ့ သတင်းကြီးနေတဲ့ယောက်ျား။ ဒီယောက်ျားက ဘာသားနဲ့ထုဆစ်ထားတာမို့လို့လဲဆိုတဲ့ ကိုယ့်ကိုယ်ကိုယ် အထင်ကြီးစိတ်က ပပျောက်မသွားခဲ့။

"နွေ..."

"ကိုမိုး ဘာပြောစရာရှိသေးလို့လဲ"

ဟန်မိုးသက်က နွေ့ခါးလေးကို နောက်ကနေ သိမ်းဖက်ရင်း...

"ကိုယ်တို့ ဒီလိုနဲ့ပဲ စခန်းသွားကြတော့မှာလားဟင်"

"ဘာကိုလဲ ကိုမိုးရဲ့"

"ကိုယ် နွေနဲ့အတူတူနေချင်လှပြီ"

"ကိုမိုးကလည်း မတွေ့လိုက်နဲ့၊ တွေ့လိုက်တာနဲ့ ဒီစကားပဲ"

"ကိုမိုးက ချစ်တာကိုး"

"ချစ်နေကြရုံနဲ့ ပြီးတာမှမဟုတ်ဘဲရှင်၊ အခုရော အတူတူမနေတာကလွဲရင် ရှင် ကျွန်မဆီကလိုချင်တာကို ရအောင်ယူနေခဲ့တာပဲ မဟုတ်လား"

"ဟုတ်တော့ ဟုတ်ပါတယ်"

"မပြောနဲ့တော့"





ဟန်မိုးသက် သက်ပြင်းချမိ၏။ သူ့မှာ နွေမသိတဲ့လျှို့ဝှက်ချက်တစ်ခု ရှိနေပြီ။ အဲဒါက ရောဂါတစ်ခုဖြစ်၏။ ခုတလော ကျန်းမာရေးမကောင်းလို့ သွေးစစ်တာ မသင်္ကာဖြစ်မိတဲ့အတိုင်းပါပဲ။

သူ့မှာ...

HIV ပိုးရှိနေပြီတဲ့။ နွေနဲ့မပတ်သက်ခင်က သူရှုပ်ခဲ့တဲ့အကျိုးကျေးဇူးတွေ။ နွေ့ကိုကျမှ သူအရှုံးအမှုးဖြစ်ခဲ့တာ။ သိလိုက်ရမှ နောက်ဆုတ်ဖို့ဆိုတာ ဘာထူးတော့မှာလဲ။ တစ်တက်စားလည်း ကြက်သွန်၊ နှစ်တက်စားလည်း ကြက်သွန်ပဲလေ။

"နွေ"

"မပြောနဲ့တော့ ကိုမိုးရယ်၊ အခုချိန်မှာ နွေ ချစ်တာတွေ မေတ္တာတွေ စိတ်မဝင်စားဘူး။ ရာဇဝင်ကို ဘယ်လိုချဉ်းကပ်နိုင်မလဲဆိုတာပဲ နွေ့ခေါင်းထဲမှာရှိတယ်"

"ကိုယ်လည်း ကြံနေတာပဲ နွေရယ်"

"ရှင်လုပ်သမျှက ပက်သာပက်တယ်၊ ရေမပါဘူး"

"နွေ ဘာလို့ ဒီလောက်လောဘကြီးနေတာလဲ"

နွေ... ဟန်မိုးသက်လက်ကိုဖယ်ချပြီး မျက်နှာချင်းဆိုင်လိုက်ခဲ့၏။ မျက်ဝန်းတွေက စူးရဲနေသည်။

"လောဘကြီးရမယ် ကိုမိုး။ နွေ ဆင်းရဲတဲ့ဘဝကိုမုန်းတယ်။ ဖြစ်နိုင်ရင် တစ်လောကလုံးကို အုပ်စိုးပြီး မင်းမူလိုက်ချင်တာ။ အဲဒီအတ္တစိတ်ကြောင့်ပဲ ကျွန်မမိသားစုကို ကျွန်မ အပြီးကျောခိုင်းခဲ့တာ။ ဆင်းရဲခဲ့တဲ့ဘဝမှာ နွေ အရှမ်းမျက်နှာငယ်ခဲ့ရတယ်။ သူများအနှိမ်ခံခဲ့ရတယ်။ အဲဒါတွေကို စိတ်နာလို့"



www.burmeseclassic.com

www.burmeseclassic.com



"အခု နွေက သူဌေးမကြီးဖြစ်နေပြီပဲကွာ"

"ကျွန်မ ဒီလောက်နဲ့ မရောင့်ရဲနိုင်ဘူး"

"နွေ့စည်းစိမ်နဲ့ ကိုယ့်စည်းစိမ်ပေါင်းလိုက်ရင် နည်းတာမှမဟုတ်ဘဲ နွေရယ်"

နွေ မဲ့ခနဲဖြစ်သွား၏။ လောဘဆိုတာ ဘယ်တော့မှ အဆုံးသတ်လို့ရမှာမဟုတ်ဘူး။ နွေပိုင်ဆိုင်တဲ့စည်းစိမ်ဆိုတာ ဦးပြည့်စုံလှ၍ မသေသေးသရွေ့ မပိုင်ဝက်မွေးပဲ။ ဟန်မိုးသက်ရဲ့စည်းစိမ်ကရော ဘယ်လောက်တောင်ကြီးကျယ်ခမ်းနားနေလို့လဲ။

နှစ်ယောက်ပေါင်းမှ. . . ရာဇသံရဲ့အဖျားအနားလောက်ပဲ ရှိတာကို။ ရာဇသံသာ ကိုယ့်ထောင်ချောက်ထဲဝင်လာရင် ပွဲကပြီးပြီ။

"ကိုယ်. . . နွေ့ကို ကိုယ့်စည်းစိမ်တွေအားလုံး ပုံပေးမယ်"

"အပိုတွေမပြောနဲ့၊ ကျွန်မအနားမှာရှိနေချင်သေးတယ်ဆိုရင် ကျွန်မခိုင်းတာကိုလုပ်"

အမိန့်တော်မြွက်အတိုင်းပါပဲ။ ဟန်မိုးသက် ခေါင်းခါခွင့်မရခဲ့ပေ။ နွေခိုင်းသမျှ လုပ်ပေးနေခြင်းနှင့်ပင် သူ့ဘဝ အဆုံးသတ်ရတော့မှာလား။

▣▣▣



## အခန်း(၃၁)

ရောင်စုံဆလိုက်မီးများကြားမှာ စိန်ရောင်တွေက ဖျတ်ဖျတ်လက်နေသည်။ အရောင်အသွေးစုံလင်လှသော လူအများကြားမှာ နွေထက်သာလွန်၏အလှက ထင်းထင်းလင်းလင်း။ သူများတွေလို စိန်စီထားတာမဟုတ်ဘဲ. . .

ပတ္တမြားရောင်တောက်နေသည့်မှာ တစ်ကိုယ်လုံး ရဲရဲငြိုးနေ၏။ အနီရောင်ကြောင့် ထင်းနေတာလည်းဖြစ်နိုင်သည်။

"ကိုဟန်မိုးသက်၊ လာဗျာ. . . ဒီဘက်ကို"

"ဟင်"

အသံရှင်ကိုအကြည့်၊ သူကလည်း ကိုယ့်ကိုအကြည့်နှင့်ဆုံသွားကြ၏၊ သူကလည်း ပါးစပ်အဟောင်းသား၊ ကိုယ်ကလည်း အံ့သြခြင်းမျက်ခုံးများနှင့်သာ။

"ခင်. . . ခင်ဗျား"



www.burmeseclassic.com

www.burmeseclassic.com



"မင်း. . ."

တစ်ကိုယ်တစ်ပြန် ထိုးမိလိုက်တဲ့လက်ညှိုးနှစ်ချောင်းဟာ လေထုထဲ၌ ကြက်ခြေခတ်သွားမည်ထင်၏။

"မောင်မောင်မဟုတ်လား"

"ဟုတ်ပါတယ်"

"ဩော်. . . မင်းတောင် ဦးကျော်မောင်မောင်မြင့်ဆိုတာ ဖြစ်လာခဲ့ပြီကိုး"

"ဟုတ်ပါတယ်၊ ကျွန်တော်က ဘူးပင်လို စင်ကောင်းလို့ တက်လာခဲ့တာမဟုတ်ပါဘူး။ မြင်းခွာရွက်လို မြေပြင်တွယ်ကပ်ပြီး ကိုယ့်ဘဝကိုယ် ထူထောင်ခဲ့တဲ့ ဆေးဘက်ဝင်အပင်မျိုးပါ"

ဒီစကားရဲ့အဓိပ္ပာယ်ကို နွေ မသိဘဲနေပါ့မလား။ အကြည့်ချင်းဆုံတွေမှာ နဂါးငွေ့များပါခဲ့လျှင် နှစ်ယောက်စလုံးရဲ့မျက်လုံးများက ပေါက်ကွဲလွင့်စင်ကုန်လိမ့်မည်။

ဟန်မိုးသက်၊ ကြက်များခွပ်ခါနီး ရင်းနေသလို လည်ဆံထောင်ကာ ချက်ကောင်းဆိတ်ဖို့ ရွေးနေကြသော နှစ်ယောက်ကို မအူမလည်နှင့် ကြည့်နေ၏။

"နွေနဲ့ ကိုမောင်မောင်က သိနေကြတာကိုး"

ဟန်မိုးသက်စကားကို မကြားကြသည့်အလား။

"ကမ္ဘာကြီးက ကျဉ်းကျဉ်းလေးဆိုတာ အရမ်းမှန်တယ်နော် ဒေါ်နွေထက်သာလွန်"

"ကမ္ဘာကြီးကျဉ်းတာ ကျယ်တာကိုပြောနေရအောင် ငါက ရွှေပြေးနေတာမှမဟုတ်ဘဲ မောင်မောင်"





"ဟုတ်ပါတယ်၊ ယိုသူမရှက်ပေမယ့် မြင်သူကရှက်ပြီး မျက်စိမှိတ်ရှောင်ပြေးရင်း အသက်ဆုံးရှုံးခဲ့ရတာပဲမဟုတ်လား"

"ဒါက သူကြမ္မာသူဖန်တာ၊ ငါနဲ့မဆိုင်ဘူး"

မောင်မောင်က မဲ့လိုက်ရင်း. . .

"အစွယ်ကိုတောင်း၊ ငှာတောင်း ပန်လိုလူက မိဖုရား ရှုဥသုဘဒ္ဒါ၊ စေခိုင်းသူက မင်းဇကရာဇ်၊ မြားပစ်သူက ကျွန်တော်မျိုး မုဆိုးသောနုတ္တိုလို့ လျှောက်လွှဲချက်ပေးဖို့မရှိအောင် သုံးနေရာစလုံးမှာ ခင်ဗျားပဲ ဝင်ကခဲ့တာလေ"

နှစ်နှစ်ခိုးပြီး မျိုသိပ်ခဲ့ရတဲ့သူငယ်ချင်းအတွက် ယူကျုံးမရဖြစ်ခဲ့ခြင်းတွေ၊ ခုမှ အိတ်သွန်ဖာမှောက်ပြောခွင့်ရပြီမို့ မောင်မောင် လျှာဖျားကို ဖျားရည်သုတ်လိမ်းမထားနိုင်။

သားကိုချစ်ဟန်ဆောင်ပြီး ဖအေကို အပိုင်သိမ်းသွင်းလိုက်တဲ့ မိန်းမ။ ရက်စက်မှုအပေါင်း သရုပ်ဆောင်ခဲ့တာထက်၊ မာယာကို ဖိနပ်လုပ်စီးပြီး လူတစ်ယောက်ရဲ့ဘဝကို နင်းခြေခဲ့တဲ့သူ။

"မင်းက ညှော်သည်ကို ဒီနည်းနဲ့ကြိုဆိုတာလား မောင်မောင်"

"ခင်ဗျားကို ကျွန်တော်မဖိတ်ခဲ့မိဘူးထင်တယ်"

"ငါကလည်း လာချင်လွန်းလို့ လာတယ်မထင်နဲ့၊ ငါ့အတွက် သိပ်အရေးကြီးတဲ့လူတစ်ယောက်ကို တွေ့ချင်လို့လာခဲ့တာ"

"ဘယ်သူလဲ"

"ရာဇသံ"

မောင်မောင် ပြုံးမယောင်သမ်းသော လျှောင်ရိပ်များနှင့်၊ နွေ့ကို ကြည့်ပုံက ခပ်ထေ့ထေ့။ နွေထက်သာလွန်ဆိုတဲ့မိန်းမကလည်း ဦးတည်



www.burmeseclassic.com

www.burmeseclassic.com



ရာအရပ်မှာ မိုးကြိုးလက်နက်တပ်ဆင်ထားရင်တောင် ကျည်ကာအင်္ကျီ
ဝတ်ပြီး ဝင်တိုးမယ့်သူ။

မောင်မောင့်လောက် အရှည်အချင်းလေးကို ပါးစပ်ထဲငုံပြီး ဖ
ခနဲထွေးထုတ်လိုက်တဲ့ ကွမ်းတစ်ယာမျှပင် အရောင်တကျသည်လို့မထင်

"ဦးရာဇသံ လာပြီ"

ဦးရာဇသံဆိုတာနှင့် ပရိတ်သတ်အားလုံး လှုပ်လှုပ်ရှားရှားဖြ
သွားကြလေ၏။ လူတွေ စီးပွားရေးသမားတွေ စိတ်ဝင်စားနေကြသော
ဦးရာဇသံ။

နွေ. . . လည်ပင်းကိုလိမ်ပြီး ပြန်လှည့်အကြည့်။

"ဟင်!"

တန်ဖိုးကြီးလှသော အနောက်တိုင်းဝတ်စုံ Arrow excel len
အဖြူရောင်ကို နက်ခ်တိုင်နက်ပြာရင့်ရောင်နှင့် သူ့ပုံစံက ရှင်းသန့် တည်
ကြည်နေသည်။

ဝေ့ကြည့်လိုက်သောမျက်ဝန်းအစုံသည် ဟိုးအရင်တုန်းကလို
နူးညံ့တောက်ပနေတာမျိုးမဟုတ်ဘဲ စူးရှသလိုနှင့် ရီဝေနေသည်မှာ ရ
သရုပ်ကို ဖော်ထုတ်နေသည့် နေတစ်စင်းအလား။

အရင်တုန်းက. . .

ခပ်ပါးပါးဟန်ရှိသော ခန္ဓာကိုယ်သည် အခုတော့ တောင့်တင်း
ကြံ့ခိုင်လျက် သူ့အရပ်မြင့်မြင့်နှင့် အလွန်မှကြည့်လို့ကောင်းနေ၏။

"သူ. . . ဘုန်းလျှံမိုး"

လွှတ်ခနဲထွက်သွားသော ဒီနာမည်။

"မဟုတ်ဘူး. . . သူက ရာဇသံ၊ ဘုန်းလျှံမိုးက သေသွားပြီ"





မောင်မောင့်ဖြေသံက တိုပြတ်ပြတ်။ ဟုတ်တာပေါ့။ လောကမှာ
လူတူမရှား၊ နာမည်တူမရှားဘဲ။ ဘုန်းလျှံမိုးက သေသွားခဲ့တာကြာပြီ။
အသက်ရှင်လျက်ရှိသေးရင်တောင် ဒီလိုအကောင်းပကတိကျန်ခဲ့မှာမဟုတ်
ပေ။

ရာဇသံကိုစူးစိုက်ကြည့်နေရင်းမှ သူ့ဘေးမှာ အပြုံးလေးမပွင့်
တပွင့်နှင့် ကပ်ပါလာသောမိန်းကလေးကိုမြင်တော့ ကိုယ့်ကိုယ်ကိုယ် အထင်
ကြီးခဲ့သောနွေ၊ သိမ်ငယ်ချင်သလိုဖြစ်သွား၏။

ဆံပင်အားလုံးကို အပြောင်သိမ်းပြီး ဖဲပြားလှလှလေးများနှင့်
မြင့်မြင့်ထုံးဖွဲ့ထားပြီး မဟာဆန်သောနဖူးပြေပြေလေးနှင့် ဖူးရှု ကြည်
င်နေသောမျက်နှာလေးက ချစ်စရာကောင်းသည်ဟုဆိုနိုင်သည်။

ပန်းဆီရောင်နှုတ်ခမ်းဖူးဖူးလေးက နှင်းဆီဖူးလေး ပွင့်အာလာ
တော့မည့်နှယ်။ သူမသည်လည်း အဖြူရောင်ကိုသာ ဝတ်စားထားလျက်။
ဝမ်းဆက်ပုံဆန်းဆန်းလေးနှင့်သာ။

အခုမှ. . .

နှစ်ယောက်စလုံး တိမ်ပေါ်က ခုန်ဆင်းလာသည့် တိမ်မင်းသား
နှင့် တိမ်မင်းသမီးလေးလို။ သူတယ်သူလဲ. . . ရာဇသံနဲ့ဘယ်လိုပတ်သက်
နေသလဲ။ ရင်ထဲမှာ မေးခွန်းတို့နှင့်အတူ မနာလိုဝန်တိုခြင်းစိတ်က ဓာတ်
ဆီလောင်းပြီး မီးတို့လိုက်သလိုပါပဲ။ ဟုန်းခနဲထပြီး တောက်လောင်ခြင်း
နှင့်

အနီရောင်လွှမ်း၍ ရဲရင့်နေသော နွေ့အလှသည် အဖြူစစ်စစ်
နှင့်ရစ်၍ သွန်းဆစ်ထားသောသူမအလှကို ကျော်လွှားနိုင်ပါ့မလား။

ဘာပဲဖြစ်ဖြစ်. . .



www.burmeseclassic.com

www.burmeseclassic.com



အရောင်ပျော့သွားချင်သည့်စိတ်ကို ရဲဆေးတင်ပေးလိုက်၏။ ထု
ဆိုတာ ကိုယ်ဖြစ်ချင်တဲ့ဦးတည်ချက်ပန်းတိုင်ကို လှမ်းနိုင်စွမ်းရှိရမည်။

နွေ. . .

နှုတ်ခမ်းကို တင်းတင်းစေ့ပိတ်ထားရာမှ အံကြိတ်သံနှောလျက်

"သူက ဘယ်သူလဲ မောင်မောင်"

မောင်မောင်က ကောင်မလေးကိုငဲ့ကြည့်လျက်. . .

"ဝေသီဆောင်း"

"ရာဇသံနဲ့ ဘယ်လိုပတ်သက်လဲ"

"လောလောဆယ်တော့ ရာဇသံရဲ့ စက္ကူထရီ"

"လောလောဆယ်ဆိုတဲ့စကားကို နိဒါန်းပျိုးထားပုံထောက်တော့ နောက်ဘာဖြစ်လာဖို့ရှိသလဲ"

"ရှိတယ်လေ၊ ရာဇသံက ဝေသီဆောင်းကို အရေးပေးတယ်ဆိုတော့"

"ရပြီ"

နွေ လက်ကာပြလျက် မျက်လုံးက စူးရဲပြင်းထန်စွာ. . .

"ငါ့ကို ရာဇသံနဲ့ မိတ်ဆက်ပေးပါ မောင်မောင်"

"ကောင်းပြီလေ၊ လိုက်ခဲ့"

နွေနဲ့ဟန်မိုးသက်၊ မောင်မောင့်နောက်မှ လိုက်ခဲ့၏။ ဒီပွဲမှာ ဟန်မိုးသက်အတွက် ပြောစရာစကားမရှိသလို ကိုယ်က ဘေးလူကြီးသက်သက်လိုဖြစ်နေ၏။

ရာဇသံတို့ဝိုင်းနားကိုရောက်တော့ နွေ ရာဇသံနှင့်မျက်နှာချင်းဆိုင်မှာ ရပ်လိုက်၏။





သတိမထားမိသည့် မရှိရအောင် အနီရောင်ရဲရဲကိုဝတ်လာတဲ့အထဲ၊ ရှေ့တည့်တည့်မှာရပ်လိုက်တော့ ထင်းနေမည်သာ။

"ဦးရာဇသံ"

"ဩော်. . . ဦးမောင်မောင်၊ ကျွန်တော် နည်းနည်းနောက်ကျသွားတယ်ဗျာ။ ဆောရီးနော်"

"ရပါတယ်ဗျာ၊ ခင်ဗျားလိုလူက နောက်ဆုံးမှရောက်လာလည်း သီးသန့်ခွဲပြီး ရှယ်ဧည့်ခံရမှာ"

ရာဇသံက ပြုံးနေသည်။ မောင်မောင်က နွေ့ဘက်သို့လှည့်ကြည့်ပြီးမှ ရာဇသံဘက်သို့ပတ်သွားကာ. . .

"ဦးရာဇသံနဲ့ မိတ်ဆက်ပေးရဦးမယ်"

"ဟင်"

ပါးစပ်မဖွင့်သောအပြုံးနှင့် ရာဇသံက မောင်မောင့်ကိုကြည့်သည်။

"သူက ဒေါ်နွေထက်သာလွန်တဲ့ 'နွေ'ဆောက်လုပ်ရေးကုမ္ပဏီက ဘော့စ်ပါ"

"ခုလိုတွေ့ရတာ အတိုင်းထက်အလွန် ဝမ်းသာပါတယ် ဒေါ်နွေထက်သာလွန်"

"ဟုတ်ကဲ့. . . ကျွန်မကလည်း ထို့နည်းတူပါ"

"ဦးရာဇသံကိုတော့ ဒေါ်နွေထက်သာလွန်က သိပြီးသားဆိုတော့ အထူးမိတ်ဆက်ပေးနေစရာမလိုတော့ပါဘူး"

"ထိုင်လေ"

ရာဇသံက ထိုင်ခုံလွတ်တွေကို မေးငေါ့ပြရင်းဆိုသည်။ သူထိုင်ခိုင်းမှထိုင်မိသည့် ကိုယ့်အဖြစ်ပါလား။



www.burmeseclassic.com

www.burmeseclassic.com



ရာဇသံ၏အကြည့်က ဟန်မိုးသက်ဆီသို့ ရွေ့ပြောင်းလျက်. . .

"ဒေါ်နွေထက်သာလွန်ရဲ့ အမျိုးသားလား"

နွေ ကွက်ခနဲမျက်နှာပျက်သွား၏။

"မိတ်ဆွေပါ"

"ကြော်. . . ဆောရီးဗျာ"

ရာဇသံနှင့်တစ်ဝိုင်းတည်း ထိုင်ခွင့်ရတာကိုပဲ ကိုယ့်အချိန်အခါ တွေပါ တောက်ပသွားသလို။ ရာဇသံကိုလာပြီးမိတ်ဆက်ကြသူတွေက များ မှများ။

ဒီလိုတွေ့ရဖို့ အခွင့်အရေးကို ချောင်းနေကြတာလေ။

နွေ. . . ရာဇသံနှင့် ရင်းနှီးစွာ ပြောဆိုဆက်ဆံခွင့်လေးရသည်နှင့် ကိုယ့်ကိုလက်တွဲခေါ်ဖို့ ပြောကြည့်သည်။ ရာဇသံဆီက ထွက်လာတဲ့အဖြေ က. . .

"ပူးပေါင်းလက်တွဲဖို့ပြောလာတဲ့သူတိုင်းကိုသာ လက်ပြန်ကမ်း ပေးရရင် အဂ္ဂလိမာလဖြတ်ခဲ့တဲ့လက်တွေကို ကျွန်တော် ဈေးကြီးကြီးပေး ဝယ်ပြီး တပ်ထားမှဖြစ်မှာ။ ဆောရီးပါ. . . ဒေါ်နွေထက်သာလွန်၊ လူဆိုတာ ကိုယ့်လမ်းကိုယ်ဖောက်ပြီး လျှောက်တတ်မှ၊ လူတော်လူကောင်းဆိုတာ ဖြစ်လာတာပါ။ ကိုယ့်အစွမ်းအစကိုပြချင်သူတိုင်းဟာ ဗေဒါလို ရေပြာကို အားကိုးပြီး မရှင်သန်ဘူး၊ နေကြာလို နေကိုမျက်နှာချင်းဆိုင်ပြီး ခေါင်း မော့ ရင်ကော့၊ ကိုယ့်ဘဝကို ကိုယ်မတ်မတ်ထူနိုင်ရမယ်တဲ့"

ပြောလိုက်တဲ့စကားလုံးက လှကိုပေါက်လျှင် သေနိုင်သည်။ နွေ ဆိုတာလည်း ရှားမီးခဲပမ္မိ အရှုံးမပေး ိုသောမာနကို စိန်စီရွှေချပြီး ချေ ပစ်လိုက်သည်။

ရွှေပဒေသာစာပေ



"မခေါ်ရင်နေခဲ့ရုံပေါ့ ဦးရာဇသံ၊ ကျွန်မကလည်း ဝမ်းမနည်း ပါဘူး။ ရှင့်ရှေ့ကို ခုန်ကျော်တက်ဖို့အတွက် ခြေတစ်လှမ်း နောက်ဆုတ် ရတယ်လို့ သဘောထားရတာပေါ့"

ပရိတ်သတ်များက ထာဝရလေးစားလျက်. . .

မိုးစက်ပွင့်

(ဒုတိယစာတ်သိမ်းပိုင်းကို ဆက်လက်ဖတ်ရှုပါရန်၊ ဒုတိယပိုင်း ဇာတ်သိမ်းကို ဆယ်ရက်အတွင်း ထွက်ပါမည်။)

www.burmeseclassic.com

www.burmeseclassic.com

**ပုံနှိပ်မှတ်တမ်း**

ပုံနှိပ်ထုတ်ဝေခြင်း - ပထမအကြိမ်၊
၂၀၁၄၊ အောက်တိုဘာ။

ထုတ်ဝေသူ - ဦးအေးလွင် (၀၄၁၅၂)
ရွှေဥစာပေတိုက်
အမှတ် (၃၃)၊ ကျိုက်တော်လမ်း၊
မင်္ဂလာတောင်ညွန့်မြို့နယ်၊
ရန်ကုန်မြို့။

မျက်နှာဖုံးနှင့် အတွင်းပုံနှိပ်သူ - ဦးအေးလွင် (၀၈၂၁၀)
ရွှေဝဒေသာအော့ဖ်ဆက်
အမှတ် (၃၃)၊ ကျိုက်တော်လမ်း၊
မင်္ဂလာတောင်ညွန့်မြို့နယ်၊
ရန်ကုန်မြို့။

ဖြန့်ဈေး - ၁၄၀၀ ကျပ်

အုပ်ရေ - ၅၀၀ အုပ်

မိုးစက်ပွင့် ၈၉၅.၈၃

သမိုင်းကြောင်းမလှတဲ့မြစ်(ဇာတ်သိမ်းပိုင်း) / မိုးစက်ပွင့်။ ရန်ကုန်
ရွှေဥစာပေ ၊ ၂၀၁၄ ။
၂၄၂ - စာ ၊ ၁၂.၃ × ၁၈ စင်တီ ။
(၁) သမိုင်းကြောင်းမလှတဲ့မြစ်(ဇာတ်သိမ်းပိုင်း)

# မိုးစက်ပွင့်

# သမိုင်းကြောင်းမလှတဲ့ မြစ်

## (ဇာတ်သိမ်းပိုင်း)

www.burmeseclassic.com

www.burmeseclassic.com

**Love cannot be created nor destroyed, It creates itself.**

**အချစ်ကို ဖန်တီး၍လည်းမရ၊ ဖျက်ဆီး၍လည်း မရပေ။ ၎င်းဘာသာ၎င်း ဖန်တီးလာခြင်းဖြစ်သည်။**

## အခန်း(၁)

"တောက်! ရာဇဝင်ရိုင်းလိုက်တာ"

ကြိတ်မနိုင်ခဲမရအသံက ဒေါသမျက်မာန်ကြောင့် တုန်ယင် အက်ကွဲလျက်။ ရာဇသံ. . . သူက ဘာကောင်မို့ ဒီလောက် မာန်တွေ တက်နေရတာလဲ။ ပြောလိုက်တာ နွေက ဘာမှအသုံးမကျတဲ့အတိုင်း။

တွေ့မယ်ဟ. . .

ကြိမ်းဝါးရင်း ခေါင်းကိုမော့ကာ အသက်ကိုဝအောင် ရှူပစ်လိုက်၏။ ပြိုင်ကြပြီဆိုရင် နိုင်ရမှကျေနပ်သည့် နွေ့ဉာဉ်အတိုင်း ကိုယ်နိုင်ဖို့အတွက် ဘယ်လိုလက်နက်ပုန်းကိုပဲ သုံးရသုံးရ၊ အောက်လမ်းပညာတွေနဲ့ တိုက်ခိုက်ဖို့ ကြံစည်နေသမျှ တင်ပါးနှင့်ဆိုဖာက၊ ဓမ္မသောက အင်းဝ ရာဇာဖြစ်နေပြီ။

ကိုယ့်အပေါ် ကျောသွားတာကိုခံရတာ ဒါ ပထမဆုံးအကြိမ်ပဲ။ ကိုယ်ခံလိုက်ရပြီဆိုတာနှင့် မခံချင်သည့်စိတ်တွေက ခေါင်းလေးတခဲထောင်



www.burmeseclassic.com

www.burmeseclassic.com



ထောင်နှင့် ချိုးမရနိုင်မရ။ အိပ်စက်သော်လည်း မပျော်။ စားလို့လည်း မျိုမကျ။ သွားတော့လည်း စိတ်နဲ့ကိုယ်က မကပ်။

"မနွေ"

"ဟင်! ဩော်. . . သက်တန့်ခင်"

"မနွေရဲ့ဖုန်း"

နွေ. . . ဖုန်းကို ထားမိထားရာထားခဲ့တာ ပိတ်ထားဖို့မေ့နေခဲ့၏။ သက်တန့်ခင်က ဖုန်းကိုထောင်ပြပြီး ဝင်လာပုံထောက်တော့ ဘယ်သူဆက်သလဲ။

"ဘယ်သူတဲ့လဲ သက်တန့်ခင်"

"ဟန်မိုးသက်တဲ့"

"သူ့ကို မနွေ မတွေ့ချင်ဘူး။ မရှိဘူးလို့ပြောလိုက်"

သက်တန့်ခင်ကလည်း ချက်ဆိုတာနှင့် နားခွက်က မီးတောက်ပြီးသား။ ဖုန်းကိုပိတ်ပစ်လိုက်ပြီး. . .

"ထင်လို့ မနွေ ခရီးထွက်သွားတယ်လို့ ပြောလိုက်တယ်။ ဖုန်းက မေ့ကျန်ခဲ့တာလို့ တစ်ခါတည်းလိမ်ပြီးသား"

နွေ ပိရိစွာပြုံးလိုက်၏။

သက်တန့်ခင်. . .

ဒီကောင်မလေး. . . နွေ့ထက် အသက်ငယ်ပေမယ့် သွက်လက်ချက်ချာ၏။ ရဲရင့်ခြင်းကို မျက်ဝန်းမှာ ကဗ္ဗလာခြုံထားသူ။ နွေငယ်ငယ်က အတိုင်းပါပဲ။ သူမ မပြောရဲတာ၊ မလုပ်ရဲတာမရှိ။ ထက်မြက်မှုရှိပြီး ဘဝအတွက် ပင်လယ်ကိုပင် လက်ပစ်ကူးရဲသည်ဆိုတဲ့ကောင်မလေးပါ။

နွေ. . .





သက်တန့်ခင်လို တစည့်တစ်ယောက်တော့ မွေးထားသင့်သည်။ ဒီကောင်မလေးမှာ နွေ့ထက်သာတဲ့အချက်ရှိ၏။ အဲဒါဘာလဲဆိုရင် တိုက်ရည်ခိုက်ရည်ကျွမ်းကျင်ခြင်းပင်။

သူမလေးနဲ့ စတွေ့တဲ့နေ့က. . .

ဗလကြီးနဲ့နွေ ကုမ္ပဏီကအပြန် လမ်းမှာ ကားပျက်နေ၏။ လူရှင်းသည့်နေရာမှာ ရဲမိုက်တို့ညီအစ်ကိုနှင့် ဆုံကြ၏။ ငွေပြတ်နေလို့ နည်းနည်းလောက် မစပါတဲ့။ နွေ သူတို့ကို ထိုက်သင့်သလောက် ပေးထားတဲ့ကြားက ရောင့်တက်လာကြသူတွေ။ နွေ့မှာ ငွေတွင်းရှိတယ်များ မှတ်နေသလားမသိဘူး။

ဘုန်းလှိုင်မိုးကို လုပ်ကြံပေးခဲ့ရတာတစ်ခုနဲ့ တောင်းလိုက်တဲ့အခွင့်အရေးတွေက ပြောမဆုံးပေါင် တောသုံးတောင်။ နွေက နောက်ထပ်မပေးနိုင်ဘူးဆိုတော့ သူတို့က အကြမ်းဖက်လာသည်။ ဒါကို သက်တန့်ခင်က ဝင်ကူညီခဲ့တာ။

နောက်တစ်ခါ ထပ်တွေ့ခွင့်ရတော့. . . ရိုတ် ရှာလာပေးတဲ့ နာစ့်အဖြစ်။ ငွေလိုနေလို့ အလုပ်လုပ်ချင်လို့ပါတဲ့လေ။ ဒီကောင်မလေး ငွေကိုမက်မောတဲ့ပုံပဲ။ ငွေစက္ကူအုပ်ကိုထောင်ပြပြီး ရဲမိုက်တို့ညီအစ်ကိုကို ဆုံမနိုင်းကြည့်သည်။ လွယ်လွယ်လေးပဲ ခေါင်းညိတ်ပြီး ပိပိရိရိလှုပ်ရှားသွားတာ ဘာသံမှမထွက်။

သက်တန့်ခင်လို မိန်းကလေးမျိုး. . . နွေ့အနားမှာ ရှိကိုရှိနေသင့်သည်။

"သက်တန့်ခင်"

"ပြောပါ မနွေ"



www.burmeseclassic.com

www.burmeseclassic.com



"မင်း ဘာကြောင့် ငွေကိုမက်မောတာလဲ"

"ဆင်းရဲတွင်းထဲမှာ နစ်မြုပ်ခဲ့သူတစ်ယောက်က ငွေမက်တာ [illegible] မနွေး လူတွေက မရှိဆင်းရဲသားဆိုရင် သိမ်နှိမ်ချင်ကြတာ။ [illegible]၊ ရေနစ်သူဝါးကူထိုးချင်ကြတာ။ ငွေရှိတဲ့လူတန်းစားတွေ ကျတော့ ဘုရားတစ်ဆူ၊ ရုတစ်လုံးလို ကိုးကွယ်ကြတာ။ အဲဒါတွေကို နာကြည်းမုန်းတီးလွန်းလို့ သက်တန့်. . . ငွေဆိုတာ ဒုတိယဘုရားသခင်လို့ သတ်မှတ်လိုက်တာ မနွေ"

"ကြိုက်တယ်"

"ရှင်"

"မင်းနဲ့ငါ ခံယူချက်ချင်းတူတယ်၊ ငါ့ဘဝမှာလည်း ငွေဆိုတာကို ဘယ်လောက်ရရ ငါရောင့်ရဲမှာမဟုတ်ဘူး"

ဆုံစည်းသွားကြတဲ့မျက်ဝန်းနှစ်စုံက အတွေ့တွေ လွန်ဆွဲပြိုင်ဆိုင်လိုက်သည့်နှယ်။ အသွင်မတူရင် အိမ်သူမဖြစ်၊ အသွင်တူမှ အိမ်သူဖြစ်တာတဲ့။

နွေထက်သာလွန်နဲ့ သက်တန့်ခင်တို့နှစ်ယောက်က အသွင်တူနေကြပြီ။

"မင်းကို သတ္တိရှိပြီး စူးရှထက်မြက်တဲ့ မိန်းကလေးတစ်ယောက်လို့ ငါယုံကြည်တယ် သက်တန့်ခင်။ အဲဒါကြောင့် မင်းနဲ့ငါ အပေးအယူတစ်ခုလုပ်ချင်တယ်။ မင်းလုပ်နိုင်မယ်ဆိုရင် မင်းတောင်းသလောက် ငါ ဈေးမဆစ်ဘူး"

"ဘာအလုပ်လဲ မနွေ"

"မင်း လူသတ်ရဲလား"





သက်တန့်ခင်က ပခုံးတစ်ချက်တွန့်ပြီး ရယ်၏။

"ရဲမိုက်တို့ညီအစ်ကိုကို ဘယ်လို ဇာတ်သိမ်းပေးခဲ့ရသလဲ။ ဒီလောက်နဲ့ မယုံကြည်နိုင်သေးဘူးလား"

နွေ့ ကျောခိုင်းထားရာမှ သက်တန့်ခင်ဘက်သို့ လှည့်လာသည်။ ရက်စက်တတ်သောအပြုံးတွေက အေးစက်စက်။

"လူမိုက်ဆယ်ယောက်ကိုသတ်တဲ့လက်က လူကောင်းတစ်ယောက်ကိုသတ်ဖို့ကျရင် တွန့်နေတတ်ကြလို့လေ"

"ကောင်းကောင်းဆိုးဆိုး ငွေကိုသာ ဝမ်းပိုးခွင့်ရရင် ကြမ်းပိုးတစ်ကောင်လိုပဲ လူ့အသက်ကိုတန်ဖိုးထားတတ်တာ သက်တန့်ခင်ပါ မနွေ။ သက်တန့်ဘဝမှာ အရေးအကြီးဆုံးက ငွေပဲ၊ ဘယ်သူ့ကိုသတ်ပေးရမလဲ"

"ဦးပြည့်စုံလွင်"

သက်တန့်ခင်က ခေါင်းကိုမော့လှန် ခြောက်ကပ်ကပ်ရယ်ရင်း ပြတင်းပေါက်မှာ လက်ထောက်ရပ်လိုက်၏။ ပြီးမှ လည်ပင်းလိမ်၍ နွေ့ကိုပြန်လှည့်ကြည့်ကာ. . .

"ဒီအဘိုးကြီးလောက်ကိုများ မနွေရယ်၊ စာမဖွဲ့လောက်တာ"

"အဘိုးကြီး စာမဖွဲ့လောက်တာကိုသိတယ်၊ သတိထားနေရတာက နီတွတ်ဆိုတဲ့ကောင်။ ဗလကြီးက စည်းရုံးလို့ရတယ်။ နီတွတ်က မလွယ်ဘူး။ ဒီကောင်က သခင်အပေါ် သစ္စာကြီးတဲ့ခွေးလေ"

"ဒါများ မနွေရယ်. . . လွယ်လွယ်လေးပါ"

သက်တန့်ခင်က ခပ်ပေါ့ပေါ့ပဲပြောလေသည်။ နီတွတ်လောက်ကို အရေးတယူစဉ်းစားနေစရာ လိုလို့လား။

"မင်းမှာ ဘာအကြံတွေရှိလဲ သက်တန့်ခင်"



www.burmeseclassic.com

www.burmeseclassic.com



"သက်တန့်ကိုကြည့်လေ"

သက်တန့်ခင် မျက်လုံးကိုမှေးစင်းပြီးမှ လက်ကိုဆန့်တန်းကာ နွေ့ရှေ့၌ နှစ်ပတ်သုံးပတ် လှည့်ပြ၏။

"သက်တန့်က မနွေ့ရဲ့အလှကိုမမီပေမယ့် တော်ရုံရွှက်ကြမ်းရေကြို့လည်း မဟုတ်ဘူးလေ။ နီတွတ်က အသည်းရိုင်းလေးထင်တယ်။ မနွေ့စောင့်ကြည့်. . . နီတွတ် သက်တန့်ပြောသမျှကို ပုတ်သင်ညိုလို ခေါင်းညိတ်နေစေရမယ်"

နွေ့ သဘောကျစွာ ခေါင်းတညိတ်ညိတ်ဖြစ်သွားလေ၏။ သက်တန့်ခင်က နွေ့အတိုင်းပါပဲ။

"သက်တန့် သွားမယ် မနွေ့၊ မနွေ့ရဲ့အဘိုးကြီးကို ဆေးတိုက်ရဦးမယ်"

"ကောင်းပြီ"

နွေ့. . . သက်တန့်ခင်၏နောက်ကျောကိုကြည့်၍ သက်ပြင်းမှျင်းမှျင်းလေး ချမိသည်။ သက်တန့်ခင်လို ကိုယ်နဲ့စိတ်တူကိုယ်တူ ညီမတစ်ယောက်ရှိရင် ဘယ်လောက်ကောင်းမလဲ။ နှစ်ယောက်လက်တွဲပြီး အရာအားလုံးကို ကျော်ဖြတ်ချင်သည်။

ခုတော့. . .

ညီမလေးတစ်ယောက်တော့ ရှိပါရဲ့၊ ကိုယ့်စိတ်နှင့် အရာအားလုံး ဆန့်ကျင်နေသဖြင့်၊ နွေ့ သူမကိုကျောခိုင်းပြီး ဘာအဆက်အသွယ်မှ မလုပ်ခဲ့။

ဟူး. . . သတိရသလိုလိုပါပဲ။

◙◙◙



## အခန်း(၂)

"ဒေါက်! ဒေါက်! "

တံခါးခေါက်သံကြောင့် အိပ်ရာပေါ်မှာ ဇိမ်ယူနေတဲ့ရှိတ်၊ မျက်လုံးကို ဖျတ်ခနဲဖွင့်လိုက်သည်။

"ဒေါက်! ဒေါက်! "

အစကတည်းက နိုးနေတာကြာပြီ။ အရှိန်နဲ့ မျက်လုံးမဖွင့်ဘဲ နှပ်နေတာမို့. . .

"ဘယ်သူလဲ၊ ကိုကိုးဝေလား။ ဝင်လာခဲ့. . . တံခါးပိတ်မထားဘူး"

အပြင်က ဘာသံမှမကြားရတော့ဘဲ ငြိမ်သက်သွားလေသဖြင့် ရှိတ် အိပ်ရာပေါ်မှ ထလိုက်သည်။

ကိုကိုးဝေ. . . သူ့ကိုနောက်မလို့ ငြိမ်သွားတာပဲဖြစ်ရမည်ဟု တံခါးကို ဖွင့်ထွက်လိုက်စဉ်. . .

"အို! "



www.burmeseclassic.com

www.burmeseclassic.com



"ဟာ. . ."

ဆောင်း၊ သူ့ကိုချက်ချင်းကျောခိုင်းပစ်လိုက်၏။ မျက်နှာတစ်ပြင်လုံး ရေနွေးနှင့်အပက်ခံလိုက်ရသလိုပါပဲ။ ဒီလိုမှန်းသိရင် ဆောင်း မလာပါဘူး။

မနက်ရှစ်နာရီပဲ ထိုးနေပြီ။ အခုမှ အိပ်ရာက ထတယ်။ ထလာတော့ ကြည့်ပါဦး. . . ကိုယ်ကြီးက ဗလာကျင်းနဲ့။

"ဆောင်း"

"ရှင့်ကိုယ်ကြီး ကျွန်မရှေ့ လာမရပ်နဲ့"

"ဘာဖြစ်လို့လဲ"

ဆောင်းက ခေါင်းကိုသာ တွင်တွင်ငုံ့လျက်. . .

"ရှင့်မှာ အင်္ကျီမှမပါတာ"

"အင်္ကျီမပါတာ ဘာဖြစ်လဲကွာ၊ ပုဆိုးမပါတာမှမဟုတ်တာ"

"ရှင်နော်. . . တော်ပြီ၊ ကျွန်မ ညေ့ခန်းထဲကစောင့်မယ်"

ဆောင်း ဘောက်ဆတ်ဆတ်ကလေး ထွက်ခဲ့၏။ အိမ်မှာ အုန်းနို့ခေါက်ဆွဲလုပ်စားလို့ လာပို့တာ၊ သူတစ်ယောက်တည်း အခန်းအောင်းပြီး သီချင်းတွေဘာတွေ ရေးနေသလားလို့ လာခဲ့မိတာ။

ဟွန်း. . .

ခုမှ အိပ်ရာကထတယ်။ ကာလနဂါးကြီး။ တစ်ကိုယ်ရေသန့်ရှင်းရေးလုပ်ရင် ကြာဦးမလားမသိဘူး။

ရှိတ်. . . လွယ်လွယ်ကူကူပဲ စပို့ရှပ်တစ်ထည်ကို ကောက်ဝတ်ပြီး၊ သွားတိုက်၊ ပလုတ်ကျင်း၊ မျက်နှာသစ်ပြီး ညေ့ခန်းထဲသို့ ထွက်လာခဲ့၏။ စဝီးချိုင့်ကို စားပွဲပေါ်မှာတင်ထားတာ မြင်လိုက်ရတော့ တစ်ခုခု





စားစရာလာပို့တာဟု သိလိုက်၏။

"ချိုင့်ထဲက ဘာတွေလဲ"

"အိမ်မှာ အုန်းနို့ခေါက်ဆွဲ ချက်စားလို့ လာပို့တာ"

"မျိုမကျဘူးမို့လား"

"အံမယ်! အမေလာပို့ခိုင်းလို့ပါနော်"

"ဟုတ်လား. . . ဒါဆို အမေက သူ့သားကို မျိုမကျလို့ပေါ့"

မျက်စောင်းလှလှကလေးက ချေပြင်ကို ပန်းနဲ့ပေါက်သလိုပါပဲ။ အချစ်၏မျက်စိဖြင့်ကြည့်လို့ အရာရာတိုင်း လှပမိန်းမူးဖွယ်ဖြစ်နေသည်ထင်၏။

"လှယ်ယူလေ"

"ဟင့်အင်း"

ဆောင်းမျက်လုံးလေးနှစ်ဖက် စုကျုံ့သွားတာကိုကြည့်၍ ရှိတ်ရယ်လိုက်ကာ. . .

"တစ်ယောက်တည်းထိုင်စားရရင် ပျင်းစရာကြီး၊ စားလို့ဝင်မှာမဟုတ်ဘူး။ မင်းတစ်ခါတည်း ကိုယ့်ကိုပြင်ကျွေးလေ"

"ရှင့်မှာ လက်ပါတယ်လေ"

"ပါတော့ပါတာပေါ့၊ ဒါပေမဲ့ လက်ချင်းမတူဘူးလေ။ မင်းလက်နဲ့ ပြင်ကျွေးတာကိုမှ ကိုယ့်လျှာက လက်ခံမယ်ထင်တယ်။ ဒီလျှာက"

ရှိတ် စကားကိုဖြတ်ပြီး လျှာကိုတစ်လစ်ထုတ်ပြကာ. . .

"တမာ၊ ငွေးတောက်၊ ကြက်ဟင်းခါးကိုတောင် မင်းကျွေးရင် ချိုတယ်တဲ့"

"ရှင်. . . လျှာအရိုးမရှိတိုင်း လျှောက်ပြောမနေနဲ့"



www.burmeseclassic.com

www.burmeseclassic.com



"တကယ်ပြောတာ ဆောင်းရဲ့၊ ကျွေးနော်"

"ဟွန်း!"

ဆောင်း စတီးချိုင့်ကိုဆွဲလျက် ခြေဆောင့်ကာ၊ မီးဖိုချောင်ဘက်သို့ ဝင်သွားလေ၏။ အမုန်းဗလာနဲ့ ချစ်ခြင်းတွေသိကုံးရင်း ဆောင့်ထွက်သွားတဲ့ခြေချောင်းလေးတွေကြားမှာ၊ နူးညံ့သော ချစ်ကြောမျှင်လေးများက စေတနာတွေနဲ့ဆိုတာ ကိုယ်သိပါတယ် ဆောင်းရယ်။

အချစ်ဆိုတာ. . .

ပါးစပ်ကဖွင့်ပြောမှ တရားဝင်တာမဟုတ်ပါဘူး။ နှလုံးသားချင်း နီးစပ် နားလည်နေတာလည်း အချစ်ပါ။ နှလုံးသားထဲက အချစ်ကို မျက်လုံးနဲ့ကြည့်တာထက် နှလုံးသားချင်း နားလည်ကြသည်က ပိုပြီးနက်ရှိုင်းပါတယ် ဆောင်း။

ကိုယ့်နှလုံးသားကို. . .

မင်း. . . တစ်နေ့ နားလည်လာမှာပါ။

"တီ! တီ!"

"ဟင်! . . ."

ကားဟွန်းတီးသံကြားလို့ ရှိတ်ကြည့်လိုက်တော့ ခြံဝင်းထဲကို ဝင်လာတာ၊ နွေထက်သာလွန်ရဲ့ကား။ ဒီမိန်းမ ရှိတ်အိမ်ကို ဘယ်လိုသိသွားပါလိမ့်။

ရှိတ်. . . မီးဖိုချောင်ထဲသို့ ပြေးရတော့သည်။ ဆောင်းကိုတွေ့သွားလို့မဖြစ်ပါဘူး။

"ဆောင်း"

"ဟင်. . . ဘာလဲ ရှိတ်"





"ပုန်း. . . ပုန်းနေ"

"ဘာလဲ. . . ဘယ်သူလာလို့လဲ"

"ကိုယ့်အိမ်ကို ဘယ်လိုသိသွားလဲမသိဘူး။ နွေထက်သာလွန် လာတာ"

"ဟင်! ဟုတ်လား"

"ဟုတ်တယ်၊ ခုချိန်မှာ သူ ဆောင်းကိုတွေ့သွားလို့ မဖြစ်သေးဘူး"

"အင်း"

ဆောင်း ပုန်းဖို့နေရာရှာတုန်း၊ ရှိတ် ကိုယ်ရှိန်သတ်၍ အပြင်သို့ ပြန်ထွက်လာခဲ့၏။

"ရှိတ်ရေ. . . ရှိတ်ရေ"

"ကျွန်တော် ဒီမှာ မမ"

နွေ့မျက်နှာပေါ်မှာ အရောင်ရင့်သော မာန်မျက်ထန်ပန်းတွေ ပွင့်မနေပေ။ အချိုသာဆုံးအပြုံး၊ အနူးညံ့ဆုံးခြေလှမ်းများနှင့်၊ အချစ်သည် အတ္တစွဲတွေကိုချုပ်၍ မာနကိုအရည်ကျိုနိုင်သတဲ့လား။ နွေထက်သာလွန်ရဲ့သမိုင်းကြောင်းတစ်လျှောက် ဘယ်ယောကျ်ားနောက်ကိုမှ သူမက စလိုက်ခဲ့ဖူးတာမရှိပေ။

ခုမှ. . .

ဂစ်တာရှိတ်ဆိုတဲ့ကောင်လေးကို မတွေ့ရမနေနိုင်ဖြစ်နေတာ၊ အိမ်ဝမှာ မိန်းမစီးဖိနပ်တစ်ရံတွေ့ခဲ့တာကို စိတ်ထဲမှာ ထင့်နေ၏။ တစ်ချက်ပြန်ငဲ့ကြည့်ပြီး. . .

"ရှိတ်. . . တစ်ယောက်တည်းလား"



www.burmeseclassic.com

www.burmeseclassic.com



"အင်းလေ၊ တစ်ယောက်တည်း။ ဘာဖြစ်လို့လဲ မမ"

"ယုံရခက်သားပဲ"

"မမက ဘာကိုကြည့်ပြီး မယုံသင်္ကာဖြစ်နေတာကဲ"

"မိန်းမစီးဖိနပ်တစ်ရံ ရတွေ့လို့"

"ဩော်. . . ဒါလား"

ဟက်ခနဲရယ်၊ တစ်ဖက်သို့လှည့်. . . ပြီးမှ ပြန့်ကြည့်တာ၊ ဆင်ခြေကို ဘယ်တံခါးပေါက်ကနေ ဘယ်လိုခေါ်သွင်းရမလဲ စဉ်းစားလိုက်တာ။

"ပြောလေ"

"အဲဒါ အိမ်က ခွေးလင်မယားပေါ့ မမရယ်"

"ဟင်! ခွေးလင်မယားဟုတ်လား"

"ဟုတ်တယ် မမရဲ့၊ အိမ်မှာ ခွေးထီးတစ်ကောင် ခွေးမတစ်ကောင်ရှိတယ်။ အဲဒီခွေးလင်မယားပေါ့။ ဟိုတက်ခြီက ကောင်မလေးဖိနပ်ကို လင်ကတစ်ဖက် မယားကတစ်ဖက် ကိုက်ချီလာလို့ ကျွန်တော် ပြန်ပေးမလို့ ကောက်လာတာ"

"ရှိတ်ခွေးတွေက တော်တော်ဆိုးတာပဲ၊ ကိုက်လားဟင်"

"အင်း. . . သူတို့မမြင်ဖူးတဲ့လူစိမ်းဆိုရင် အရမ်းကိုက်ချင်တယ်"

"ဟယ်! ကြောက်စရာကြီး။ မမကလေ ခွေးဆို သိပ်ကြောက်တာ"

အကဲတွေ ပိုပြရခြင်းပါ။ နွေထက်သာလွန် ဘာကိုကြောက်တတ်ခဲ့လို့လဲ။ လမ်းသွားရင်းပင် ခွေးဟောင်ခံရလျှင် ထိုခွေးကို မရမကာဝယ်၊ တန်ဖိုးအဆမတန်ပေးပြီး၊ သတ်စေ တစ်ချက်လွှတ်အမိန့်ထုတ်တတ်တဲ့သူ။

ခုမှ. . . တကယ်ပဲ ကြောက်သလို မိန်းမမာယာနှင့် ရှိတ်ရင်ခွင်





ငွေ့ကို ခိုလှုံဖို့ကြိုးစားကြည့်တာ။ ရှိတ်ကို သူမ တကယ့်တကယ်ချစ်မိနေပြီဆိုတာ သိလိုက်ရကတည်းက သူမ၏အတ္တလမ်းကြောင်းအတိုင်း ပိုင်ဆိုင်ခွင့်ရချင်နေသည်။

ချည်မိပြီဆိုရင်. . .

တစ်နေ့နေ့မှာ ကိုယ့်အိတ်ထဲရောက်လာဖို့ ကြိုးစကို သာသာလေး ဆွဲယူလိုက်ရန်သာ။

"ရှိတ်"

"ဗျာ"

"အခု ခွေးတွေရောဟင်"

တကယ်မှမရှိတာလို့ စိတ်ထဲမှသာ ပြောမိ၏။

"ဩော်. . . ဟို. . . နောက်ဖေးဘက်မှာထင်တယ်၊ မမလာတာကို သူတို့မြင်မသွားတာ ကံကောင်းပဲ။ မဟုတ်ရင် ပြေးပေါက်မှားမှာ"

"ဟယ်!"

ပါးစပ်က အံ့သြဟန်လေးရှိပေမယ့်၊ စိတ်ထဲမှာတော့ ကိုက်ကြည့်ပါလား၊ အသေသတ်ပစ်မှာဟု ကြိမ်းဝါးမိ၏။

"ရှိတ်"

"ဟင်"

နွေ. . . သူ့ရှေ့မှာ လာရပ်ပြီး ရှုတ်တရက် လည်ပင်းကိုသိုင်းဖက်လိုက်သဖြင့် ရှိတ် တွန့်ခနဲဖြစ်သွားသည်။ မျက်ချင်းချင်းမျက်နှာကို မနည်းဆုံးမနေရ၏။ နောက်ကျောမလုံဘူးလေ။

ဒီနေ့မှ တိုက်တိုက်ဆိုင်ဆိုင်။

ဆောင်းကလည်း ရောက်နေသည်။ ဆောင်းရှေ့မှာ ရှိတ် အခြား



www.burmeseclassic.com

www.burmeseclassic.com



မိန်းမတစ်ယောက်ယောက်နဲ့ အရမ်းကာရော ရင်းနှီးမပြချင်သေး။ ချစ်ရသူလေး စိတ်အနှောက်အယှက်ဖြစ်စေမယ့်အပြုအမူမျိုး ရှောင်ကြဉ်ပါ၏။

နွေ. . . ရှိတ်မေးဖျားလေးကို နမ်းဖို့ကြံရွယ်ကာ ခေါင်းမော့လိုက်စဉ်. . .

"ဟာ! မမ၊ ကျွန်တော် မေ့နေလိုက်တာ"

"ဟင်. . . ဘာလဲ ရှိတ်"

"ကျွန်တော် ဒီနေ့ သီချင်းသွားတိုက်ရမှာ။ ဆောရီး. . . မမပြန်တော့နော်"

"အခုသွားတော့မှာလား"

"ဟုတ်တယ်၊ အိပ်ရာထ နောက်ကျနေလို့။ ကိုးနာရီချိန်းထားတာ"

လက်ကနာရီကို ငုံ့တကြည့်ကြည့်။

"သီချင်းတိုက်တာက ရှိုးပွဲသွားဖို့လား။ အခွေသွင်းဖို့လား"

လျှာရှည်လိုက်တာ။

"အခွေသွင်းဖို့ပါ"

နွေ့ကိုဖယ်ရှားရင်း ဆိုလိုက်သည်။

"တစ်ကိုယ်တော်လား"

"မဟုတ်ဘူး. . . အတွဲခွေ။ ကျွန်တော်က နှစ်ပုဒ်ပဲပါတာ"

ရှိတ်က ဒီအတိုင်းထွက်သွားဖို့ ဟန်ပြင်လိုက်စဉ်. . .

"ဒီအတိုင်းကြီး သွားတော့မှာလား ရှိတ်ရဲ့၊ အဝတ်မလဲတော့ဘူးလား"

"အချိန်မရတော့လို့ပါ၊ သွားမယ်နော်"





အိမ်ရှင်မရှိရင် ဧည့်သည်က ဘာလုပ်နေရဦးမှာလဲ။ ရှိတ်ရင်ထဲမှာ အပျော်စီးကြောင်းလေး ပျောက်ဆုံးသွားရသဖြင့်၊ ဒေါသက ဖြစ်ချင်ချင်။ ဒီမိန်းမနဲ့မပတ်သက်ချင်ဘဲ ပတ်သက်နေရတာ. . . ဘုန်းလျှံမိုးကြောင့်၊ ဘုန်းလျှံမိုးအတွက် သွေးကြွေးဆပ်ဖို့၊ နှလုံးသားကို ရင်းနှီးမြှုပ်နှံထားရတာ။ လူပင်ပန်း စိတ်ပင်ပန်းပါလား။

"ရှိတ်"

". . ."

"မမ. . . ရှိတ်ကို အရမ်းချစ်တယ်၊ မတွေ့ရတဲ့ရက်တွေမှာ နေလို့မဖြစ်ဘူး။ ရှိတ်အားတဲ့အချိန် မမဆီလာခဲ့ဦးနော်"

"ဟုတ်ကဲ့. . . ကျွန်တော် လာခဲ့မှာပါ။ ကျွန်တော်ကလည်း မမနဲ့ထပ်တူပါ။ အခုက တကယ်အရေးကြီးနေလို့"

"မမ နားလည်ပါတယ်"

"သွားမယ်နော်. . . ဘိုင့်ဘိုင်"

ရှိတ်က နှုတ်ဆက်ပြီး ကားပေါ်တက်ကာ မောင်းထွက်သွားလေလျှင် နွေလည်း ကိုယ့်ကားကိုယ်မောင်းထွက်လာခဲ့တော့၏။

▣▣▣



www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၃)

ဆောင်း. . .

ကြိတ်မှိတ်မျိုသိပ်ထားရသမျှ သူတို့ထွက်သွားကြသည်နှင့် တစ်နေ့လုံး ခံစားမှုတွေကို ရင်ဘတ်ထဲစုထည့်ပြီး မိုးဦးကျမှ ဝုန်းခနဲရွာချတဲ့မိုးလို. . .

မျက်ရည်တွေက. . . တားမနိုင်ဆီးမရ။

နွေထက်သာလွန် အိမ်အထိတောင် လိုက်လာပြီ။ သူတို့ ဘယ်အခြေအနေ ဘယ်အဆင့်ထိအောင် ရောက်နေကြပြီလဲ။ ဒီလိုပဲ လာနေကျလား။ ဆောင်းရှိနေတာသိသိနဲ့တောင် ဟိုတစ်ယောက်ကလည်း နေပြတာပလူးပလဲ။ မျက်စိရှက်စရာကောင်းလိုက်တာ။

မိန်းမတစ်ယောက်က လည်ပင်းကိုဖက်ပြီး မေးဖျားကိုနမ်းလိုက်တာနဲ့ သူ့စိတ်တွေ ပျော်ဝင်သွားတာ။ ဟုတ်မှာပါ. . . ဟုတ်လို့ ဟိုကခေါ်တာကို ကောက်ကောက်ပါအောင် လိုက်သွားတာ။

အုန်းနို့ခေါက်ဆွဲစားဖို့တောင် သတိမရတော့ဘူး။ လာပို့တဲ့သူကို





မှ အားမနာ။

ဆောင်း. . . မျက်ရည်တွေကို လက်ခုံနုလေးနှင့် ပွတ်တိုက်ပစ်လိုက်၏။

"စေတနာနဲ့မတန်တဲ့လူ၊ အကုန်မြေစာကျွေးပစ်မယ်"

စိတ်တိုတိုနှင့် တစ်ယောက်တည်းရေရွတ်ကာ၊ သွန်ပစ်မည်ဟု ချိုင့်ကိုဆွဲလျက် ထွက်လာခဲ့သည်။ အိမ်ရှေ့ ပန်းအိုးတွေအနားကိုရောက်တော့. . .

"မြင်မယ့်နေရာမှာကို သွန်ပစ်ခဲ့မယ်၊ အဲဒါမှ ပုရွက်ဆိတ်တွေ ပုဂ်ဝမှာ။ ပုရွက်ဆိတ်တွေရေ. . . လာကြ လာကြ၊ ငါအလှူပေးမလို့။ ကြိုက်သလောက် လာစား။ ပြီးမှ ငါ့ကိုဆုတောင်းပေး။ ဒီလူနဲ့ ဘဝဆက်တိုင်း မဆုံစည်းပါစေနဲ့လို့"

ပြောပြီး ချိုင့်ဆင့်တွေကို ဆွဲဖြုတ်လိုက်စဉ်. . .

"အဲဒါ ဘာလုပ်မလို့လဲ"

"ဟင်!"

ဆောင်းကို မျက်နှာတည်နှင့် စိုက်ကြည့်နေသော ဂစ်တာရိုက်။

"ရှင်"

"မေးနေတာဖြေလေ၊ ဘာလုပ်မလို့လဲ"

"သွန်ပစ်မလို့"

"ဘာ!"

"စားမယ့်သူမရှိလို့ ပုရွက်ဆိတ်တွေကို အလှူပေးနေတာ"

"ကိုယ်မစားဘူးလို့ ပြောမိလို့လား၊ အခုစားမလို့ပြန်လာတာ"

"ရှင်စားချင်ရင် ဆိုင်မှာပဲသွားစားတော့။ ကျွန်မယူလာတဲ့ အုန်း



www.burmeseclassic.com

www.burmeseclassic.com



နို့ခေါက်ဆွဲကိုတော့ မကျွေးနိုင်တော့ဘူး"

"ကိုယ့်ကိုလာပို့တာဆို"

"ဟုတ်တယ်၊ အဲဒါ စောစောက"

"အခုရော"

"အခု စေတနာမရှိတော့လို့"

"ဟာ. . ဟော့"

ပြောပြောဆိုဆို ဆောင်းက သွန်ပစ်မည်လုပ်သဖြင့်၊ ရှိတ်က ဆောင်းရဲ့လက်ကို ဖိဆုပ်ထားလိုက်သည်။

"မင်း. . . ကိုယ့်ကိုဘယ်လိုထင်နေသလဲ ဆောင်း"

"ဘယ်လိုမှမထင်ဘူး။ ရှင်ဘာလုပ်လုပ် ကျွန်မနဲ့လည်း မဆိုင်ဘူး"

"ဘာလို့မဆိုင်ရမှာလဲ"

အကြည့်ချင်းဆုံသွားကြခိုက် ရှိတ်မျက်ဝန်းတွေက အချစ်ရည် ရွှန်းလဲ့ကာ တောက်ပနေ၏။ ဆောင်းကတော့ မျက်ရည်လေး ဝဲ့ဝဲ့။

"လာ. . . ကိုယ့်ကိုပဲ ကျွေးရမယ်၊ အဲဒီအုန်းနို့ခေါက်ဆွဲတွေ။ မင်းရဲ့စေတနာတွေကို ပုရွက်ဆိတ်နဲ့ပြိုင်လုနေရတာ ကိုယ်ဘယ်လောက် အောက်နေပြီလဲ"

ဆောင်း၊ သူဆွဲခေါ်ရာသို့ ပါသွားလေတော့၏။ မီးဖိုချောင်ထဲကို ရောက်တော့၊ နှုတ်ခမ်းလေးစူကာ ခေါက်ဆွဲတွေ ပန်းကန်ထဲထည့်နေသော ဆောင်းကို. . .

ရှိတ်. . . လက်ပိုက်၍ ကြည့်နေသည်။

"စားလို့ရပြီ"





"အင်း. . . လာ၊ မင်းလည်းစား"

"ကျွန်မက အိမ်ရောက်မှစားမှာ"

"မရဘူးကွာ၊ လာ. . . စားဆိုရင်စား။ ကိုယ်က မင်းနဲ့အတူတူ စားချင်လို့"

ဆောင်း မငြင်းသာ၍ ဝင်ထိုင်လိုက်ပြီး၊ မှောက်ထားတဲ့ပန်းကန် ကို ကိုင်လိုက်လေလျှင် ရှိတ်က ဆောင်းလက်ကလေးကိုဆွဲထား၏။

"နေပစေ. . . ဒီပန်းကန်ထဲမှာ နှစ်ယောက်အတူစားမယ်"

ဆောင်း သူ့ကိုမော့ကြည့်လိုက်ပြီး. . .

"ရှင် မရွံဘူးလား"

"ဘာလို့ ရွံရမှာလဲ၊ ဆောင်းက နူနေ ဝဲနေတာမှမဟုတ်တာ။ ပါးစပ်ဟ. . . ကိုယ်ခွံ့ကျွေးမယ်"

"ကျွန်မဘာသာ စားမယ်"

"ဒါဆို ကိုယ့်ကိုခွံ့ကျွေးလေ"

"ရှင့်မှာ လက်တွေအကောင်းကြီးကို၊ ကိုယ့်လက်နဲ့ကိုယ်စားပေါ့"

သူခွံ့ငါခွံ့နှင့် အခုထိ ခေါက်ဆွဲတွေကို မစားဖြစ်ကြသေးပေ။ ရှိတ် သူထိုင်တဲ့ခုံကို ဆောင်းထိုင်ခုံနှင့်ကပ်နေအောင် ရွှေ့လိုက်၏။

ပြောမှသိမယ့်ကောင်မလေးကို ပြောမှသိတော့မည်။

သိုသိပ်တာတွေ. . .

မျိုသိပ်တာတွေက. . .

ကြားခံနယ်မြေကြီးလိုပါပဲ။ နွေထက်သာလွန်နဲ့ကိစ္စကို နောင်ခါ လာ နောင်ခါစေ့းနဲ့ပဲ ဖြေရှင်းတော့မည်။ လောလောဆယ်မှာ ဆောင်းကို ချစ်တဲ့အချစ်တွေက ရင်ဘတ်ကြီးနှင့်မဆန့်တော့ပြီ။



www.burmeseclassic.com

www.burmeseclassic.com



"ဆောင်း"

"ရှင်"

"ကိုယ့်ရင်ထဲက နှလုံးသားရဲ့အရင်းအမြစ်ကို ဘာလို့မခန့်မှန်းနိုင်တာလဲ။ တူးဖော်ပြီးပြမှ အတိမ်အနက်ကို မင်းသိမှာလားဟင်"

"ဘာကိုလဲ"

"မေးပြန်ပြီ၊ သိရဲ့သားနဲ့"

"ကျွန်မက ဘာကိုသိရမှာလဲ ဂစ်တာရှိုတ်ရဲ့။ ရှင့်ရင်ထဲက နှလုံးသားအရင်းအမြစ်၊ အတိမ်အနက်တယ်လောက်ရှိသလဲ ခန့်မှန်းနေရအောင် ကျွန်မက စိုက်ပျိုးရေးသုတေသနပညာရှင်တစ်ဦးမှ မဟုတ်တာ"

"ဒါဆို တကယ်မသိဘူးပေါ့"

"မသိဘူး"

"ဒါဆို သိအောင် အပီအပြင်ပြမယ်"

"ကဲ!"

"အို. . ."

"ဘယ်လိုလဲ. . . သိပြီလား"

ဆောင်း. . . ပါးပြင်လေးကို ယောင်ရမ်းစမ်းမိကာ၊ ရှက်မျက်နှာလေး ဖြစ်တည်လျက်၊ ဆောင်း ထပြေးဖို့ရုပ်လိုက်ပေမယ့်. . .

ရှိုတ်က. . . လက်ကိုပြန်ဆွဲချလေ၏။

"ဟော့!"

". . ."

"ချစ်နေတာကို ချစ်မှန်းမသိတဲ့ကောင်မလေး၊ အရိပ်ပြလို့မှ အကောင်မမြင်တတ်မှတော့ အကောင်လိုက်ပဲ မြင်အောင်ပြတော့မယ်။





ချစ်ပြမယ်. . . မိုင်ကုန်အောင်"

"အို. . . ရှင်. . . လွှတ်"

"ချစ်တယ်"

"မယုံဘူး. . . လွှတ်နော်"

"မယုံလေ၊ မလွှတ်လေဘဲ။ ယုံသည်အထိ ချစ်ပြမှာ။ အရမ်းချစ်တယ်. . . မင်းကို"

ဆောင်း၏ ရုန်းပေမယ့် ရုန်းလေလေ သူ့ရင်ခွင်ထဲမှာ နစ်မြုပ်လေလေပါပဲ။

"ဂစ်တာရှိုတ်. . . လွှတ်စမ်းပါ၊ ဒီမှာပြောစရာရှိလို့"

"ပြောစရာရှိတာ ပါးစပ်က၊ လက်နဲ့မဆိုင်ဘူး။ မင်းဆီက ချစ်တယ်ဆိုတဲ့စကား အရင်၊ တခြားဘာစကားမှ ခရီးဦးမကြိုဆိုနဲ့။ ကိုယ်မကြားချင်ဘူး။ ကိုယ့်ကိုချစ်တယ်လို့ပဲ အရင်ဖြေ"

"မဖြေခင် အရင်ပြောစရာရှိတာကို ပြောမှဖြစ်မှာ"

"ကဲ! ပြောစေဗျာ၊ ပြောပြီးရင်တော့ ဖြေ"

ရင်ခွင်ထဲမှာ ဆွဲပွေ့ထားတာကို ဖြေလွှတ်ပေးခြင်းမရှိဘဲ ပါးချင်းပင် ဖိကပ်ထားသေးသည်။

"Old loves and old emberss soon catch a light. ပြာဖုံးနေတဲ့မီးခဲရယ်၊ အချစ်ဟောင်းရယ်ဟာ မကြာခင်မှာ မီးပြန်တောက်တတ်တယ်. . . တဲ့ ဂစ်တာရှိုတ်ရဲ့"

"ဟင်"

ဖိကပ်ထားသော ပါးပြင်လေးများ စောင်ခြား တောင်ခြားသွားလေ၏။ ရှိုတ်. . . ဆောင်းရဲ့မျက်တောင်ဖျားလေးတွေကို စိုက်ကြည့်လိုက်



www.burmeseclassic.com

www.burmeseclassic.com



သည်။ ပြီးတော့ နှုတ်ခမ်းလေ။

ဒီနှုတ်ခမ်းလေးက. . . ပြောထွက်ရက်လိုက်တာ။

"အဲဒါက ချစ်သူကောင်းတွေအတွက် စကားလက်ဆောင်ပါ ဆောင်းရယ်။ ကိုယ်က အဲဒီအချစ်သတ်လို့ ဘဝတစ်ခုသေခဲ့ပြီးတဲ့ လူတစ်ယောက်ပါ။ ဆောင်းကြောင့်သာ မဟုတ်ရင် ဆောင်းသာ ကိုယ့်ဘဝကို မကယ်တင်ခဲ့ရင် ကိုယ့်ဘဝကြီးတစ်ခုလုံး စုတ်ပြတ်သတ်နေမှာ။ ဒီနေ့ နာမည်ကြီးအဆိုတော် ဂစ်တာရှိုက်ဆိုတာ ရှိလာမှာမဟုတ်ဘူး။ မင်းက ကိုယ့်ဘဝကို မြေစာပျိုးပေးခဲ့တဲ့ ဥယျာဉ်မှူး။ ကိုယ့်ဘဝရဲ့အရှင်သခင်မလေးပါ။ ကိုယ့်အတွက် အရေးအကြီးဆုံးကလည်း မင်းပဲ ဆောင်း။ မင်းမရှိရင် ကိုယ့်ဘဝက ကန္တာရဟင်းလင်းပြင်ကြီးပဲဖြစ်မှာ"

"နားဝင်ချိုအောင်တော့ ပြောတတ်တယ်နော်"

"ရင်ထဲက စစ်မှန်သောစကားတွေပါ၊ ကိုယ် ဆောင်းကိုချစ်တာ ဘယ်အချစ်နဲ့မှ နှိုင်းယှဉ်ကြည့်လို့မရဘူး။ အဲဒါ. . . တကယ်။ ပိုပြီးတော့ မပြောတတ်ဘူးကွာ"

ဆောင်း သူ့အချစ်ကိုယုံချင်ပေမယ့် နွေထက်သာလွန်ကို မယုံရဲပေ။ သူမက သိပ်လည်တော့ ဂစ်တာရှိုက်ကို စိတ်မချနိုင်ဖြစ်နေတာက အမှန်။

ရင်ထဲမှာ. . . စိုးထိတ်မှုများစွာနှင့် စိုးထိတ်၊ တိုးတိတ်စွာ ရှိုက်ကိုချစ်နေခဲ့တာ အခုမှမဟုတ်။ ဟိုးတုန်းကတည်းကပါ။

"ဆောင်း"

"ဟင်"

"ကိုယ့်ကိုချစ်တယ်လို့ ဖြေဦးလေ"





"ဖြေဖို့လိုသေးလို့လား ဂစ်တာရှိုက်ရယ်၊ မျက်ဝန်းဆိုတာ နှလုံးသားရဲ့တံခါးပေါက်တဲ့။ ကျွန်မရဲ့မျက်ဝန်းထဲမှာ အဖြေရှိပြီးသားပါ"

ရှိုက်. . . ဆောင်းရဲ့မျက်ဝန်းမှ အဖြေလွှာကို မျက်ဝန်းချင်း စမ်းစစ်နေ၏။ သူ မသိလို့မေးတာမှမဟုတ်ဘဲ။ ချစ်သူရဲ့နှုတ်ဖျားက ချစ်စကားသည် ကမ္ဘာပေါ်မှာ အချိုမြိန်ဆုံးသော ပျားရည်စက်တွေ။

ချစ်ခဲ့ဖူးပါသည်. . .

သို့ပေမယ့်. . .

လိမ်ညာသော ချစ်ခြင်းတရားသည်

မေတ္တာစစ်၏ ချစ်ခံတွင်း၌

သက်ဆင်း နှင်းဆက်. . .

အခြေပျက်၍

တစ်လုံးတစ်ဖွဲ့မျှ မကျန်အောင်

အရည်ပျော် ပျက်စီးကုန်ကြ၏။

အတုအယောင်ဟူသည် အစစ်အမှန်နှင့်ထိတွေ့သောအခါ ပေါက်ကွဲလွင့်စင် ကျိုးကြေပျက်စီးကုန်ကြစမြဲ မဟုတ်လား။

"အုန်းနို့ခေါက်ဆွဲ စားရအောင်"

"အုန်းနို့ခေါက်ဆွဲက ဘယ်အချိန်စားစား ရပါတယ်ကွာ။ ကိုယ့်ရင်ခွင်ထဲမှာ ချစ်သူကိုပွေ့ဖက်ထားရတဲ့အရသာဟာ ဘာနဲ့မှ မယှဉ်နိုင်ပါဘူး။ ဆောင်း. . . ခဏလေး ငြိမ်ငြိမ်နေပေးပါ။ ကိုယ် ဒီအချိန်လေးကို ခဏခဏသတိရပြီး မက်မောနေချင်လို့ပါ. . . နော်"

"ဂစ်တာရှိုက်"

"အဲဒီလိုခေါ်ခွင့်မပြုတော့ဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ဟင်"

"ကိုကိုလို့ခေါ်ရမယ်"

"ဟာ. . .မခေါ်ချင်ပါဘူး ရှက်စရာကြီး"

"မခေါ်လို့မရဘူး ဆောင်း။ နာမ်စားတစ်ခု ပြောင်းလဲခြင်းနဲ့ ဆောင်း ကိုယ့်ကိုဘယ်လောက်ချစ်လဲ သက်သေပြ။ ကိုယ်က ဆောင်းကို ဒီရင်ဘတ်ထဲမှာ ဘယ်လောက်ထိ စူးစူးနစ်နစ်ချစ်နေကြောင်းနဲ့ ကိုယ့်ဘဝရဲ့မူပိုင်ချစ်သူအဖြစ် တံဆိပ်တစ်ခုရိုက်နှိပ်ပြီး အချစ်ရဲ့သင်္ကေတတစ်ခု လက်ဆောင်ပေးမယ်"

ဆောင်း ရှက်စနိုးပြုံးလျက် ခေါင်းလေးငုံ့သွားသည်ကို ရှိတ်က မေးဖျားလေးမှ ဆွဲယူမော့စေလျက်. . .

"ခေါ်လေ"

"ကို. . .အာ. . .လျှာယားလိုက်တာ"

"လျှာယားရင် ဖြေဆေးပေးမယ်"

"ဟင်!"

မော့ကြည့်လာတဲ့မျက်တောင်ဖျားလေးကို ဖျတ်ခနဲ ငုံနမ်းလေတော့. . .

"အာ. . .ကိုကိုနော်"

ရင်ခုန်သံတို့သည် ယခင်ကထက် ဆန်းသစ်ခြင်းနှင့် လေဟုန်ကိုစီး ခရီးမြင်းနှင်ကာ အပျော်ကျူးနေကြပြီထင်၏။

"ချစ်လေး"

ဒီတစ်ခါ နားယားလိုက်တာသို့ ဆောင်း မပြောရဲတော့။ ပြောရင် ဖြေဆေး ထပ်ပေးမှာစိုးလို့။





"ကိုကို"

"ဟင်"

"အချစ်ရဲ့သင်္ကေတတစ်ခု လက်ဆောင်ပေးမယ်ဆို"

"ပေးမှာပေါ့"

"ဘာလဲဟင်"

"မျက်စိမှိတ်"

"ဘာဆိုင်လို့လဲ"

"ဆိုင်တယ်"

ဆောင်း သဘောပေါက်သွားပြီမို့. . .

"တော်ပြီ၊ မပေးနဲ့. . .မလိုချင်တော့ဘူး"

"မလိုချင်လည်း ပေးချင်နေတော့ မဖြစ်မနေပေးမှာ"

"မယူပါဘူးဆို"

"ယူလိုက်ပါ၊ ပြီးရင် သိမ်းထား"

မချိုမချဉ်အပြုံးနှင့် အချစ်၏သင်္ကေတအဖြစ် သူပေးကမ်းရိုက်နှိပ်လိုက်သော၊ ဒီဇိုင်းဆန်းဆန်းတံဆိပ်ပုံစံလေးက ဆောင်းရဲ့နှုတ်ခမ်းလေးပေါ်မှာ။

"လူလည်ကြီး. . .ဘာပဲပြောပြော မလွှတ်ဘူး"

လို့ ဆောင်းက မျက်စောင်းလေးဝင့်ကာ ဆိုတော့. . .

သူက. . .

"ချစ်သူကို ထာဝရသိမ်းပိုက်ထားနိုင်ဖို့ အစွမ်းအထက်ဆုံးလက်နက်က. . .အနမ်း" တဲ့။

◘◘◘



www.burmeseclassic.com

www.burmeseclassic.com

မြစ်ဓါးမာယာ
ကောက်တွေ့ကာလှည့်
မငွဲမျက်နှာ...
သူ့အာသာမှာ
ကိုယ်ဟာ... ရေငတ်ဝန်းတစ်ပွင့်။
　　မရင့်ဘဲ ကြွေ
　　သူ့ ခဲလေမှု
　　ယောင်အအနှင့် ...
　　ဓားခုတ် လက်ထိုး
　　လှည်းထမ်းမိုး၌
　　ငါသည်... ခွင်မှား ရှုန်းမိ၏။
အပျက်... အပျက်...
သွေးစက်စက်နှင့်
မှူးယစ်ဝေ့ဝါး ...
သူ့အနားမှာ
ငါသည် ဖလံ
မီးကိုဝန်၍
မိုက်တွင်းနက်ထဲ တိုးဝင်ခဲ့။ ■

# အခန်း(၄)

ခုတစ်လော. . .

ဦးပြည့်စုံလျှံ၏ကျန်းမာရေးမှာ အတော်လေးပင် ကောင်းလာ၏။ တစ်ကိုယ်လုံး လန်းဆန်းနေသည်။

ဒါ. . . သက်တန့်ခင် ဆေးပြောင်းတိုက်လို့လား။ ဒီကောင်မလေး ဗိုစံက ခန့်မှန်းရခက်နေ၏။ တစ်ခါ တစ်ခါ သူမရဲ့အပြုအမူတွေက ရက်စက်ကြမ်းကြုတ်သလိုရှိလိုက်၊ တစ်ခါတစ်ခါကျတော့ နူးညံ့ပြလိုက်။

သူမ ဘာဖြစ်ချင်တာလဲ။ စေတနာကိုတောင် စစ်မစစ် အရောင်ခွဲလို့မရတဲ့ သူမရဲ့အမူအရာတွေဟာ ဦးပြည့်စုံလျှံအတွက် ပဟေဠိနှန်းတော်။

"ဦးလျှံ. . . နွေ့ကိုပြောစရာရှိတယ်ဆို ဘာပြောမှာလဲ ပြောလေ"

နီတွတ်ကို နွေ့အား သွားခေါ်ခိုင်းတာ ရောက်လာပါပြီ။

"ကုမ္ပဏီအခြေအနေ ဘယ်လိုရှိလဲ နွေ့"



www.burmeseclassic.com

www.burmeseclassic.com



နွေ လေပူတစ်ချက်မှုတ်ထုတ်လိုက်၏။ ပြီးမှ. . .

"ခုတစ်လော ဘာလုပ်လုပ် အဆင်မပြေဘူး ဦးလျှံ။ မြတ်မယ်လို့ထင်တာတွေက အရှုံးပေါ်နေတယ်။ မြိုင်ဘက်က ကိုယ့်ကက် [illegible]နေတော့ ခက်တယ်"

"မြိုင်ဘက်"

"ဟုတ်တယ်၊ အခုစီးပွားရေးလောကမှာ ရာဇသံက ဦးဆောင်နေတယ်။ သူနဲ့နွေက ရန်ဘက်မဟုတ်ပေမယ့် နွေ့ခွင်မှန်သမျှ သူကဖြတ်ပြီး ကွက်ကျော်လုပ်လုပ်သွားတာ"

"အဲဒီလောက်တောင် တော်သလား"

"တော်တယ်. . . သူနဲ့လက်တွဲချင်လို့ နွေ ကမ်းလှမ်းဖူးတယ်။ သူက လက်မခံဘူး။ တော်တော်မာနကြီးတဲ့လူ"

ဦးပြည့်စုံလျှံ နွေ့ကိုစိုက်ကြည့်ပြီး အကဲခတ်ကြည့်လိုက်၏။ နေရာတကာ သူမှတတ် သူမှတော်နေသလို၊ အမြဲတမ်း ထောင်လွှားမောက်မာနေတဲ့ နွေ့ထက်သာလွန်၏ပါးစပ်မှ ခုလိုညည်းတွားသံကြားရတာ ထူးဆန်းနေ၏။

ရာဇသံ. . . တဲ့။ ဘယ်လောက်တောင် တော်နေသလဲ၊ နာမည်ကိုက ရာဇသံတဲ့။ ဘယ်လို ရာဇသံတွေ ပေးနေသလဲ။

"အဲဒီလူက ထူးဆန်းတယ် ဦးလျှံ"

"ဘာထူးဆန်းတာလဲ"

"ရုပ်ကိုပြောတာ၊ ဦးလျှံ့သား ဘုန်းလျှံမိုးနဲ့ တစ်ထေရာတည်းပဲ"

"ဟင်!"





ဦးပြည့်စုံလျှံရင်ထဲမှာ လှိုက်ခနဲနွေးထွေးခြင်းတို့ ဖြစ်တည်၏။ တွေ့ချင်လိုက်တာ။ သားနဲ့တူတယ်ဆိုမှတော့ အလွမ်းပြေလေး မြင်ခွင့်ရချင်၏။

"နွေ"

"ပြောပါ"

"ကုမ္ပဏီမှာ ဦးလျှံ ပြန်ထိုင်မယ်"

"ဟင်!"

နွေ မျက်မှောင်ကြုတ်၍ နှုတ်ခမ်းသားတွေ တင်းတင်းစေ့သွား၏။

"ဦးလျှံက ကျန်းမာရေးမှမကောင်းသေးတာ"

"သွားရင်းလာရင်း လှုပ်ရှားရင်းနဲ့ ကျန်းမာလာပါလိမ့်မယ်ကွာ။ ကုမ္ပဏီအခြေယိုနေတာကို ဦးလျှံ ဒီအတိုင်းထိုင်ကြည့်နေလို့မဖြစ်ဘူးလေ။ ရာဇသံဆိုတဲ့လူနဲ့ ဦးလျှံတွေ့ချင်တယ်။ ယောက်ျားချင်းဆိုတော့ အဆင်ပြေမလားလို့"

သူပြန်ထိုင်မှဖြစ်မည်ဆိုတော့ နွေကပဲ အသုံးမကျရာရောက်နေ၏။ သူက ဘယ်လောက်များ အစွမ်းအစရှိနေလို့လဲ။

ဒါပေမဲ့. . . နွေ တစ်ခုတော့ စဉ်းစားမိသည်။ သူပြန်လုပ်မယ်ဆိုတော့ အဆင်ပြေသွားပဲ။ အဲဒါမှ နွေ ရှိတ်သွားလေရာကို တကောက်ကောက်လိုက်နေလို့ရမှာ။ စီးပွားရေးကိစ္စကတော့ မြွေသူတော်လို အချိန်ဆန်ရင် သူများရှာဖွေစုဆောင်းထားသမျှ ပါးစပ်ဟာပြီး မျိုပစ်လိုက်ရုံသာ။

ဒီလူကြီးကို. . .

အပြတ်ရှင်းဖို့ သက်တန့်ခင်ကို ငွေနှင့်အတူ တာဝန်တွေ ပုံအာ



www.burmeseclassic.com

www.burmeseclassic.com



ပေးပြီးသား။

"ကောင်းပြီလေ၊ ဦးလျှံပြန်လုပ်မယ်ဆိုတော့ နေ့ သက်သာတာ ပေါ့"

ပြောပြီး သုတ်ခနဲထလာခဲ့၏။ ခြံထဲသို့ လမ်းလျှောက်ဆင်းလာ စဉ် ပန်းပင်တွေကြားသို့ အကြည့်ရောက်သွားခိုက်. . .

"ဟင်!"

မြင်လိုက်ရသောမြင်ကွင်းကြောင့် ကျေနပ်ပီတိဖြစ်စွာ ပြုံးလိုက် သည်။ သက်တန့်ခင်နဲ့ နီတွတ်. . . ရယ်ကာမောကာနှင့် ပန်းသီးစိ ကလေးများကို အပြန်အလှန်ခွံ့ကျွေးနေကြသည်။

သက်တန့်ခင်. . .

ပြောရင်ပြောသလိုဖြစ်အောင်လုပ်ပြီး အားကိုးထိုက်တဲ့ကောင် လေးပါလား။

◙◙◙



## အခန်း(၅)

မှန်ခြားပြီး လှမ်းမြင်နေရသောမျက်နှာသည် ဘယ်ရှုထောင့်ကပဲ ကြည့်ကြည့် သားမှသား။

ဒါပေမဲ့. . . သားက သေသွားပြီဆိုတဲ့အသိက နှလုံးသားကို ထုံ ကျင်ကိုက်ခဲစေသောကျင်စက်အလား။ ရင်ထဲမှာ ငိုချင်မိသလိုလို။ ငါ လူ ကြီးပဲဆိုတဲ့အတွေးက မျက်ရည်ကို အတင်းဖိချုပ်နှိမ်နင်းနေ၏။

"ဦးပြည့်စုံလှိုု"

"ဟင်"

"ဦးရာဇသံဆိုတာ အဲဒါပဲ"

"ငယ်ငယ်လေး ရှိသေးတာပဲ"

"အသက်ကသာ ငယ်တာ၊ ဦးနှောက်က မငယ်ဘူးဗျ"

"ကျွန်တော် သူနဲ့တွေ့ချင်တယ်ဗျာ"

"ဒါဆို သွားမယ်လေ၊ ကျွန်တော် မိတ်ဆက်ပေးမယ်"



www.burmeseclassic.com

www.burmeseclassic.com



"ခင်ဗျားနဲ့ရင်းနှီးလား"

"သိတော့သိတယ်၊ အရမ်းကြီးရင်းနှီးတာမျိုးတော့ မဟုတ်ပါဘူး"

"သွားရအောင်"

ဦးပြည့်စုံလှျံနှင့် ဦးဝေထူးတို့ ရာဇသံရှိရာဘက်သို့ ကူးလာခဲ့ကြ၏။ ရာဇသံကို ဒီလိုတိုက်တိုက်ဆိုင်ဆိုင်တွေ့ရဖို့က သိပ်လွယ်တာမဟုတ်ပေ။

"ဦးရာဇသံ"

"ဟင်. . . ဗျာ"

ဦးဝေထူးက ပြုံးပြလျက်. . .

"ဦးရာဇသံ. . . ကျွန်တော့်ကိုမှတ်မိပါတယ်နော်"

ရာဇသံက ခေါင်းညိတ်လျက်. . .

"မှတ်မိပါတယ် ဦးဝေထူး၊ ထိုင်ပါ"

ဦးပြည့်စုံလှျံနှင့်ဦးဝေထူး ဝင်ထိုင်လိုက်၏။ ဦးဝေထူးက ဦးပြည့်စုံလှျံကို တစ်ချက်ကြည့်၍. . .

"ဒီကမိတ်ဆွေက ဦးရာဇသံနဲ့မိတ်ဆက်ပေးပါဆိုလို့"

ရာဇသံ၏အကြည့်က ဦးပြည့်စုံလှျံ၏မျက်နှာပေါ်က အတန်ကြာနားခိုလျက်။ ဒီမျက်လုံးလေးတွေ ရင်းနှီးခဲ့ဖူးသော အရိပ်အယောင်များ စွက်ဖက်လျက်။ သားလား. . . သား မသေဘူးလား။

မဖြစ်နိုင်ပါဘူး။ သားဆိုရင် သူ့ကိုဖက်ပြီး ခေါ်မှာ၊ ဖအေကို သိပ်ချစ်တဲ့သား။ ဒီလိုသူစိမ်းဆန်ဆန်နေနိုင်ပါ့မလား။ ကိုယ်ကပဲ မျှော်လင့်ချက်နဲ့ ရူးမိတာပါ။

"ကျွန်တော် ရာဇသံပါ အန်ကယ်"





သူများမိတ်ဆက်ပေးတာကိုမစောင့်ဘဲ သူ့ကိုယ်သူ မိတ်ဆက်လိုက်ပုံထောက်တော့၊ စိတ်မြန်လက်မြန်ရှိသူတစ်ဦးပဲ ဖြစ်လိမ့်မည်။

"တွေ့ရတာ ဝမ်းသာပါတယ်ကွယ်၊ အန်ကယ်က ဦးပြည့်စုံလှျံပါ"

"ကျွန်တော် သိပါတယ်"

"ဟင်!"

"အန်ကယ့်ကို ကျွန်တော်သိနေပါတယ်ဆိုလို့ အံ့ဩသွားသလား အန်ကယ်။ မအံ့ဩပါနဲ့. . . ကျွန်တော့်လိုလူတစ်ယောက်က စီးပွားရေး--ဘက်သားအတွေအကြောင်းကို သိနေတာ မဆန်းပါဘူး"

"ဦးရာဇသံက အမျှော်အမြင်ကြီးတဲ့ပုဂ္ဂိုလ်ဆိုတော့ ဟုတ်ပါတယ်"

"ကျွန်တော့်ကို အန်ကယ့်အနေနဲ့ ဦးတပ်ခေါ်စရာမလိုပါဘူး။ ရာဇသံလို့ပဲခေါ်နိုင်ပါတယ်"

"မဟုတ်တာဗျာ၊ အဲဒီလိုခေါ်ရင် ကျွန်တော့်ဘက်က ဦးရာဇသံကို မလေးစားရာ ကျသွားမှာပေါ့"

"ကိစ္စမရှိပါဘူး။ အန်ကယ်က ကျွန်တော့်အဖေအရွယ်ပဲဟာ"

ဒီစကားသံမျိုး ဦးပြည့်စုံလှျံ ကြားဖူးပါသည်။ ဘယ်မှာကြားဖူးခဲ့လိမ့်။ သားရဲ့အသံနဲ့တူသလို အခြားတစ်ယောက်၏အသံနှင့်လည်း တူနေသေး၏။

လူသုံးယောက်နှင့် အသံတစ်သံ။

ဟန်းဖုန်းမြည်သံကြောင့် အတွေးစတို့ပြတ်ကာ၊ ဦးပြည့်စုံလှျံသူ့ဟန်းဖုန်းကိုထုတ်လိုက်စဉ်. . .

"ကျွန်တော့်ဆီက"



www.burmeseclassic.com

www.burmeseclassic.com



ဦးဝေထူးက ပြောပြီးထသွားသည်။ ခဏကြာတော့ ပြန်လာပြီး

"ဦးပြည့်စုံလျှံ. . . ဆောရီးဗျာ၊ ကျွန်တော် အရေးကြီးကိစ္စပေါ်လာလို့ သွားလိုက်ဦးမယ်ဗျာ။ ခွင့်ပြုဦးနော်"

"ရပါတယ် ဦးဝေထူး. . . သွားပါ"

"ဦးရာဇသံ. . . ကျွန်တော့်ကိုသွားခွင့်ပြုပါဦး"

စကားသံများ ခေတ္တငြိမ်သက်နေကြစဉ်၊ ဦးပြည့်စုံလျှံ စကားတစ်ခွန်းမှဝင်မဆိုသော ရာဇသံ၏ဘေးမှ ကောင်မလေးဆီသို့ အကြည့်ရောက်မိ၏။

"သူလေးက ဘယ်သူလဲဟင်"

ရာဇသံက သူမလေးကိုငဲ့ကြည့်လျက် ပြုံးကာ. . .

"လောလောဆယ်တော့ ကျွန်တော့် စက္ကတရီပါ။ ဒီထက်အဆင့်မြင့်မြင့်ပြောရရင်တော့ ကျွန်တော့်ရဲ့ဇနီးလောင်း"

"အို!"

ဇနီးလောင်းလို့ပြောတာကိုပင် ရှက်မျက်နှာလေးဖြစ်တည်သွားပုံက လက်နှင့်တို့ထိခံလိုက်ရတဲ့ ထိကရုန်းလေးလို၊ ချက်ချင်း ခေါင်းငုံ့ကျသွားလေ၏။

"ဖေဖေ"

"ဟင်!"

တီးတိုးခေါ်လိုက်သံက နားထဲမှာ ကျယ်လောင်စွာ အကြိမ်ကြိမ်ရိုက်ခတ်သွား၏။

"အံ့ဩသွားလား ဖေဖေ"

"မင်း. . . မင်း. . . ငါ့ကိုဘယ်လိုခေါ်လိုက်တယ်"





"ဖေဖေ့ကို ဖေဖေလို့ခေါ်လိုက်တာပါ ဖေဖေ။ သားက ဖေဖေ့သားပါ"

"ဒါ. . . ဒါဆို"

"ဖေဖေ၊ သားကို တကယ်သေသွားပြီလို့ ထင်နေတာလား။ သား မသေပါဘူး ဖေဖေ"

"သား"

"ဖေဖေ"

"သား မသေဘူး၊ ငါ့သား မသေဘူး။ ဖေဖေ ဝမ်းသာလိုက်တာ ဗျာ"

"ဖေဖေရယ်"

သားအဖနှစ်ယောက် တစ်ဦး၏လက်ကို တစ်ဦးက တင်းတင်းဆုပ်ကိုင်လျက်။ မျက်ရည်သည်ကြရသည်သာ။ သေဆုံးသွားပြီဆိုသောအသိနှင့် ကြေကွဲခဲ့ရသမျှ. . . အခု. . . ဦးပြည့်စုံလျှံ၏ရင်ထဲမှာ ကန္တာရ၌ အိုအေစစ်ကို ရှာဖွေတွေ့ရှိသွားသလိုပါပဲ။

"ဖေဖေမသိပေမယ့် ဖေဖေ့အနားကို သား မကြာခဏရောက်လာခဲ့ပါတယ်ဖေဖေ။ ဖေဖေ့ကိုမြင်တိုင်း သားစိတ်တွေ အရမ်းလှုပ်ရှားခဲ့ရပါတယ်။ ဖေဖေ့ကို ဖေဖေလို့ခေါ်ချင်တဲ့စိတ်ကိုမျိုချပြီး လှည့်ပြန်ခဲ့ရပေါင်းလည်း မနည်းပါဘူး"

"သားရယ်"

"သား. . . ဖေဖေ့ကို 'အိမ်လွမ်းသူ'သီချင်း ခဏခဏဆိုပြခဲ့တာ တကယ် အိမ်ကိုလွမ်းနေခဲ့တာပါ ဖေဖေ"

"ဟင်!"



www.burmeseclassic.com

www.burmeseclassic.com



"ဖေဖေ ဘယ်လိုမှမထင်ခဲ့ဘူးမဟုတ်လား။ ဂစ်တာရှိုက်ဆိုတာ ဖေဖေ့ရဲ့သား ဘုန်းလျှံမိုးပါပဲ"

"ဂစ်တာရှိုက်"

"ဟုတ်ပါတယ် ဖေဖေ၊ အခု ဖေဖေမြင်နေရတဲ့ ရာဇသံဆိုတာ ဘုန်းလျှံမိုးမျက်နှာဖုံးစွပ်ထားတဲ့ ဂစ်တာရှိုက်ပါ"

ပြောရင်း ရာဇသံ(သို့)ဂစ်တာရှိုက်သည် အယောင်ဆောင်မျက်နှာဖုံးနှင့် ဆံပင်တုတွေကို ဆွဲချွတ်လိုက်၏။

ဒီအခန်းက သီးသန့်ခန်းမို့ ဘယ်သူမှ မမြင်နိုင်မသိနိုင်ပေ။

ဦးပြည့်စုံလျှံ. . .

အံ့ဩလွန်းလို့ ဆွံ့အသူလိုဖြစ်နေ၏။ ဂစ်တာရှိုက်ဆိုတာ သူ့သား ဘုန်းလျှံမိုးတဲ့။ ဘာတွေ ဘယ်လိုဖြစ်ကုန်တာလဲ နားမလည်နိုင်။ သား ရဲ့မျက်နှာမဟုတ်တဲ့သူက သားတဲ့။

"ဘယ်လိုတွေဖြစ်ကုန်တာလဲ သားရယ်"

ရှိုက် နာကျင်ကြေကွဲစွာ ပြုံးလိုက်မိ၏။

"ဘုန်းလျှံမိုးဆိုတာ အသက်မသေပေမယ့် လူကတော့ သေဆုံး သွားခဲ့ပါပြီဖေဖေ။ နေ့ထက်သာလွန် ရက်စက်ယုတ်မာခဲ့ယို့ သေဆုံးခဲ့ တဲ့ ဘုန်းလျှံမိုးဟာ ဟောဒီက ဝေသီဆောင်းရဲ့ကျေးဇူးကြောင့် ဂစ်တာ ရှိုက်အဖြစ်နဲ့ ပြန်လည်ရှင်သန်ခွင့်ရလာခဲ့တယ်"

"ဖေဖေ့အမှားတွေပါ သားရယ်"

"ဖေဖေတစ်ယောက်တည်း မှားခဲ့တာမဟုတ်ဘူး ဖေဖေ။ သား လည်း မှားခဲ့ပါတယ်။ နုလုံးသားလေး မန္တမနပ်နဲ့ အချစ်ကို လောင် ဖြည့်ခဲ့မိတာက အတ္တလောဘသမား နေ့ထက်သာလွန်အတွက် ဆုခ





လမ်းကို နံ့သာဖြန်းပြီး ခုတ်တွင်ရှင်းလင်းပေးခဲ့သလိုဖြစ်သွားတယ်။ အဲဒီ မိန်းမ သိပ်ယုတ်မာတာ၊ သားကိုလုပ်ကြံသတ်ဖြတ်ခဲ့သလို ဖေဖေ့ကိုလည်း သွေးအေးအေးနဲ့သတ်ဖို့ ကြိုးစားနေတာ။ သား သူ့ကိုဘယ်တော့မှ ခွင့် မလွှတ်ဘူး"

အံ့ကြိတ်သံနှင့်ပြောနေသည်က တစ်ခွန်းခြင်း။ အပြင်ဒဏ်ရာ ထက် အတွင်းဒဏ်ရာက ကုသရန်ဆေးမရှိ။ အတိတ်ကို အတိတ်မှာထား ရစ်ခဲ့ရအောင် ရှိုက်ရခဲ့တဲ့ဒဏ်ရာက. . .

ဆူးစူးတာလည်းမဟုတ်. . .

ခါချဉ်ကိုက်တာလည်း မဟုတ်. . .

မားနှင့်ထိုးတာဆိုလျှင်တောင် ဒဏ်ရာကိုလက်ဝါးနှင့်အုပ်ပြီး ခွင့် လွှတ်စကားပြောချင်ပြောမိမည်။ အခုက. . . အသက်ထက် ဘဝကိုသတ် ခဲ့တာ အခံရခက်ဆုံး။

"သားဆီကို လူနှစ်ယောက် ရောက်လာတယ်၊ ဖေဖေ ကားအက် ဆီးဒင့်ဖြစ်လို့ ဆေးရုံကိုတင်ထားရတယ်တဲ့။ သား ဖေဖေ့ကိုအရမ်းစိုးရိမ် ခဲ့တာပေါ့"

"သားရယ်"

"သားထွက်သွားပေမယ့် ဖေဖေ့ကိုစိတ်မချဘူး။ ဖေဖေ့ကို သား ဘယ်လောက်ချစ်တယ်ဆိုတာ ဖေဖေသိပါတယ်"

"သိပါတယ် သားရယ်"

ဦးပြည့်စုံလျှံ၏အသံက တုန်ယင်လိုက်ခါနေ၏။

"သား အဲဒီအချိန်မှာ ဟုတ်နိုင်မဟုတ်နိုင်စဉ်းစားမနေနိုင်ခဲ့ဘူး။ ဖေဖေ့ကိုစိုးရိမ်တာတစ်ခုပဲ သိတယ်။ အဲဒါကြောင့် ချက်ချင်းပဲ လိုက်ခဲ့



www.burmeseclassic.com

www.burmeseclassic.com



တာ။ လမ်းရောက်မှ ကားဘရိတ်ဖောက်ခံထားရတာကိုသိတယ်''

''အကြံပက်စက်လိုက်တာ''

''အားလုံးက နွေထက်သာလွန်ရဲ့အကြံအစည်တွေဆိုတာ သူ ကိုယ်တိုင် ဖုန်းဆက်ပြောတာ။ သားကို မသေခင်သိသွားရအောင်လို့တဲ့''

ရှိုတ်. . . ဖြစ်ခဲ့ရပုံအလုံးစုံကို အံကြိတ်၍ ရှင်းပြလိုက်၏။

''နောက်ဆုံး. . . သားရဲ့ကား ချောက်ထဲကို ထိုးကျသွားခဲ့တယ် ဖေဖေ''

''သားရယ်''

▣▣▣



## အခန်း (၆)

ကမ္ဘာမြေပြင်၊ ရေပြင်၊ လေထုတို့သည် အာရုံထဲမှာ ဝိုးတဝါး။ စကားသံသဲ့သဲ့တို့သည် လျှံလေးနားထဲမှာ နီးလာလိုက် ဝေးသွားလိုက်။ အမှောင်ထဲမှာ သူတစ်ယောက်တည်း ပြေးလွှားနေမိသည်။ ဘယ်နေရာကို ရောက်နေမှန်းလည်းမသိ။ သူတစ်ခါမှမရောက်ဖူးတဲ့ တောဝတောင်လျှိုမြောင်ကြားမှာ။

လျှံလေး. . . လျှောက်သွားနေရင်း တစ်ကိုယ်လုံး နာကျင်ကိုက်ခဲမှုဝေဒနာကို ခံစားလာရတော့ ညည်းတွားမိသည်။ အာခေါင်တွေခြောက်ပြီး ရေက ဆာလာသည်။

''အား. . . ကျွတ်! ကျွတ်!''

''ရေဆာလိုက်တာ''

''ဟင်! သူ. . . သူသတိရလာပြီထင်တယ် ဖေဖေ''

မိန်းကလေးတစ်ယောက်၏အသံကို ကြားရသဖြင့် လျှံလေး အား တက်သွားသည်။



www.burmeseclassic.com

www.burmeseclassic.com



"ရေ. . . ရေဆာတယ်။ ရေပေးပါ"

လှျံလေး ရေကိုသာ အမိအရတောင်းမိ၏။

"ရေတဲ့. . . ရေတောင်းနေတယ်"

"သမီး. . . ရေတစ်ခွက်သွားခပ်ခဲ့"

"ဟုတ်ကဲ့ ဖေဖေ"

လှျံလေးကို သူတို့ရေတိုက်ကြသည်။ မျက်ခွံတွေ လေးလံနေသည်ကို လှျံလေး ဖွင့်ကြည့်ဖို့ကြိုးစား၏။ တဖြည်းဖြည်းနဲ့ သူသတိရလာကာ မျက်လုံးတွေကို အားယူဖွင့်ကြည့်လိုက်တော့. . .

လှျံလေး မမြင်ဖူးတဲ့မျက်နှာတွေ။

"သူကောင်းကောင်းသတိရပါပြီ"

"ဘုရားမတာပဲ၊ လူနာက ကိုယ့်ဘက်ပါလာတာ"

"ဟုး. . . တော်ပါသေးရဲ့"

"ချွေးပြန်ရကျိုးနပ်သွားပါပြီ"

"ကွန်ကရက်ကျူလေးရှင်းပါ ဒေါက်တာ၊ ဒေါက်တာအရမ်းတော်တယ်၊ လူသေကို အသက်ပြန်သွင်းပေးသလိုပဲ။ သလင်းကတော့ လုံးဝကို မျှော်လင့်မထားတော့တာ"

"တစ်ယောက်တည်းကောင်းလို့ မဟုတ်ပါဘူး သမီးရယ်"

လှျံလေး မျက်နှာတွေကို တစ်ဦးချင်းစီ လိုက်ကြည့်နေမိ၏။ သူ ဘယ်သူ့ကိုမှမသိ။ နောက်မှ လူနှစ်ယောက်ကြားကနေ တိုးထွက်လာတဲ့ မျက်နှာလေး။

အပြုံးနုနုလေးနှင့် သူ့ကိုကြည့်လာတာ သူ ရင်းရင်းနှီးနှီးသိခဲ့ဖူးတဲ့မျက်နှာလေးပါ။





"ဘုန်းလှျံမိုး ရှင်သတိရလာပြီနော်။ ဝမ်းသာလိုက်တာ"

"ဝေ. . . ဝေသီခေါင်း"

"ဟုတ်ပါတယ်၊ ကျွန်မ ဝေသီခေါင်းပါ။ ရှင် ကျွန်မတို့နဲ့တွေ့တာ အရမ်းကံကောင်းတယ်သိလား"

"သူနေသာသလို နေပါစေသမီးရယ်၊ လူနာကို စကားတွေ များများပြောမနေနဲ့။ ခေါင်းနောက်နေမယ်။ ခုမှ သတိရခါစဆိုတော့ သိပ်ပြီး ကြည်လင်ဦးမှာမဟုတ်ဘူး"

"ဟုတ်ကဲ့ပါ ဖေဖေ"

ဝေသီခေါင်း နောက်သို့ယို့သွားသည်နှင့် လှျံလေးမျက်လုံးတွေကို ပြန်မှိတ်ပစ်လိုက်သည်။ မျက်နှာတစ်ပြင်လုံး နာကျင်မှုဝေဒနာနှင့် တင်းကျပ်နေ၏။ လက်နှင့်စမ်းကြည့်မိလိုက်တော့ မျက်နှာတစ်ပြင်လုံးမှာ ပတ်တီးတွေနှင့်။

သူ. . . အရာအားလုံးကို နားလည်သဘောပေါက်လိုက်ပြီလေ။ ဖြစ်ပျက်ခဲ့သမျှအားလုံး မျက်ဝန်းထဲမှာ တရေးရေးပေါ်လာတော့ အံကို ကြိတ်၍ တံတွေးကိုသာ အနိုင်နိုင်မျိုချနေမိ၏။ မျက်ဝန်းထောင့်မှ စီးကျလာသောမျက်ရည်တွေက အတောမသတ်။

ကိုယ်ပေါ်က ဒဏ်ရာတွေထက် ရင်ထဲက ဒဏ်ရာက ပို၍နာကျင်သည်။ ဝမ်းနည်းလို့ကျတဲ့မျက်ရည်တွေ မဟုတ်ဘူး။ ခံပြင်းလို့ကျတဲ့မျက်ရည်တွေ။

နွေထက်သာလွန်. . .

ဘယ်တဝရောက်နေနေ၊ လှျံလေး လိုက်ပြီး လက်စားချေရိုးဆုံးဖြတ်လိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



ဒဏ်ရာတွေ သက်သာလာတော့ လျှံလေး သူ့အကြောင်းတွေကို ခေါင်းတို့သားအဖနှင့် သလင်းဖြူကို ပြောပြခဲ့၏။

"တော်တော်အကြံပက်စက်တာပဲနော်၊ လူတစ်ယောက်ရဲ့အသက်ကို ပုရွက်ဆိတ်တစ်ကောင်၊ ခြင်တစ်ကောင်လို့များ သတ်မှတ်နေသလား မသိဘူး"

"လောဘမီးတွေ တောက်လောင်တာပေါ့ကွယ်"

"ကြောက်စရာကောင်းလိုက်တာကွယ်"

"ဘုန်းလျှံမိုး. . . ရှင်ဘာမှအားမငယ်နဲ့နော်၊ ခေါင်းတို့ရှိတယ် သိလား"

ခေါင်းက အားပေးစကားဆိုလေ၏။ လျှံလေးရင်ထဲမှာ ခေါင်းကို အထပ်ထပ်ကျေးဇူးတင်မိ၏။

"ကျေးဇူးတင်ပါတယ် ခေါင်းရယ်"

အဲဒီတုန်းက ခေါင်းရဲ့ဖေဖေက ပုဂံမှာ တာဝန်ကျနေခဲ့တာ။ ခေါင်းက ပုဂံကိုလာလည်တာတဲ့။ မမသလင်းဖြူကလည်း ထို့နည်းတူပါပဲ။

မမသလင်းဖြူရယ်. . .

ခေါင်းရယ်. . .

သူရယ်. . .

ပုဂံမြေမှာ ဆုံစည်းကာ ပျော်ရွှင်ကြည်နူးခဲ့တဲ့အချိန်ကလေးတွေမှာ လျှံလေး ဝမ်းနည်းအားငယ်မှုတွေအပြည့်နှင့်။ မျက်နှာတစ်ပြင်လုံးမှာ ဒဏ်ရာတွေ ဗလပွနှင့် လျှံလေးပေါ့။

"လျှံလေးရေ"





"ဗျာ"

"ဘုရားသွားရအောင်ပေါ့"

"ခေါင်းနဲ့မမပဲ သွားပါ၊ ကျွန်တော်မလိုက်ချင်ဘူး"

"ဘာဖြစ်လို့လဲကွ"

"ကျွန်တော့်ရဲ့ဒီမျက်နှာကြီးနဲ့ လူတောထဲ ဘယ်လိုတိုးဝင်မလဲ မမရယ်"

"အိုကွယ်"

မမသလင်း စိတ်မကောင်းဖြစ်သွားပုံရ၏။ ခေါင်းက ရှေ့သို့ တိုးလာကာ. . .

"လူတောထဲမတိုးရဲဘူးဆိုပြီး ရှင် ဒီလိုပဲ အိမ်တွင်းပုန်းကုလား လုပ်နေမှာလား ဘုန်းလျှံမိုး။ ကြောင်မနေနဲ့ လူဖြစ်ပြီး လူတွေနဲ့ကင်းအောင် နေလို့ရမလား။ ရှင် တစ်နေ့တစ်နေ့ မှန်ထောင်ကြည့်ပြီး အားငယ်နေလို့ ကတော့ စိတ်ထောင်းကိုယ်ကျေဖြစ်ပြီး လုံးပါး ပါးမှာ။ ရှင်ပဲပြောတော့ နေ့ထက်သာလွန်ကို လက်စားချေချင်တယ်ဆို။ ဒီအတိုင်း ဆက်သွားနေ လို့ကတော့ ရှင်လက်စားချေဖို့ ဘာအကြံကောင်း ဉာဏ်ကောင်းတွေ ရ လာမှာလဲ။ တွေးခေါ်ကြံဆမှုဆိုတာ လူ့ပတ်ဝန်းကျင်ကို ထိတွေ့ဆက်ဆံ နေမှ အဆင့်အတန်းမြင့်လာမှာ။ ရှင် သတ္တိကြောင်နေသလို ဖြစ်မနေဘူး လား"

ဘုန်းလျှံမိုး ခေါင်းကိုစိုက်ကြည့်နေမိသည်။ လဲနေသူ ထူပေးပါ။ အားငယ်သူ အားပေးပါဆိုတဲ့စကားအတိုင်း ခေါင်းဟာ သူ့ရဲ့ ယိုင်နဲ့နေတဲ့အတွင်းစိတ်တွေကို ထူပေးနေပြီ။

သူ. . . တကယ်ပဲ ဘဝကို အရှုံးပေးလိုက်ရမှာလား။ မပေးဘူး။



www.burmeseclassic.com

www.burmeseclassic.com



အတူသဖြင့် နွေထက်သာလွန်ရဲ့ဘဝကို ပြန်ပြီးအလဲထိုးချင်သည်။

"လျှံလေး"

"ဗျာ"

"ဆောင်းပြောတာတွေက အမှန်တွေပဲ လျှံလေး။ မင်း ယောက်ျား မဟုတ်ဘူးလား။ ဘာလို့ ကိုယ့်ဘဝကိုယ် စိတ်ပျက်အားငယ်နေရမှာလဲ။ မိုးပေါ်က လမင်းကို ဖက်သြောင်းခံပြီး မော့ကြည့်အားငယ်နေမယ့်အစား ကိုယ့်ခြေဖဝါးအောက်က မြေသားကိုငုံ့ကြည့်ပြီး ဂုဏ်ယူလိုက်စမ်းပါ လျှံလေးရယ်"

မမသလင်းက လျှံလေးလက်မောင်းကိုဆုပ်ကိုင်ပြီး ဆိုသည်။ မိန်းကလေးနှစ်ယောက်ရဲ့စကားသွားတွေကြားမှာ လျှံလေး စိတ်တင်းပစ်လိုက်၏။

ယောက်ျားပဲ. . . ဘာကိုဂရုစိုက်နေရမှာလဲ။

"မမဆိုရင် မိန်းကလေးပေမယ့် တစ်ကောင်ကြွက်ဘဝနဲ့ ရပ်တည်လာခဲ့တာ၊ ရုပ်ဆိုတာ အပေါ်ယံအလွှာပါးလေးပါ လျှံလေးရယ်။ အချို့ဆိုရင် ကြက်သွန်ဥလိုလူမျိုးတွေ အများကြီးပဲ။ တစ်ဖတ်ချင်း တစ်လွှာချင်း ခွာကြည့်၊ တကယ့်အချစ်ဆိုတာ မရှိကြဘူး။ လျှံလေးက အနှစ်ရှိတဲ့ကြက်ဥလေးပါ။ မမသိတယ်. . . မင်း သဘောမနောလေး လှတယ်ဆိုတာ။ စိတ်လှရင် လူလည်းလှတယ် လျှံလေးရဲ့"

လျှံလေး ပြုံးလိုက်မိသည်။ နွေထက်သာလွန်လို ကောက်ကျစ်ယုတ်မာတဲ့မိန်းမယုတ်တွေကြောင့် လောကကြီးဟာ အကျည်းတန်သလို ရှိသွားခဲ့ပေမယ့် မမသလင်းနဲ့ ဆောင်းလို စိတ်သဘောထား ဖြူစင်နူးညံ့သူလေးတွေနဲ့ တွေ့ရပြန်တော့. . .





လောကကြီးသည် ရနံ့မပြယ်သောပန်းရနံ့တို့နှင့် သာယာနှောမျှော် ဖွယ်ရာအတိနှင့်ပါလား။ အလှပဆုံးသောပန်းချီကားတစ်ချပ်ကိုပြပါဆိုလျှင် ပုဂံမြေမှာ ဆုံခွင့်ရခဲ့သည့် ထိုမိန်းကလေးနှစ်ယောက်၏ နှလုံးသားကိုသာ လက်ညှိုးထိုးပြချင်ပါသည်။

"ကဲ! သွားရအောင်၊ လိုက်ခဲ့နော် လျှံလေး။ ဘုရားရိပ်တရားရိပ် ဆိုတာ အေးချမ်းပါတယ်ကွာ။ ဘုရားကိုရောက်ရင် မင်းရင်ထဲက ပူလောင်မှုတွေ အလိုလိုငြိမ်းသတ်ပြီးသား ဖြစ်သွားပါလိမ့်မယ်။ လိုက်ခဲ့နော်"

လျှံလေး သက်ပြင်းဖွဖွချလျက်. . .

"ကောင်းပြီလေ၊ ကျွန်တော်လိုက်ခဲ့ပါ့မယ်"

"ဒီလိုမှပေါ့၊ မောင်လေးက လိမ္မာပါတယ်"

ဆောင်းမျက်နှာလေး ပြုံးသွားပြီး အိမ်ထဲသို့ လှစ်ခနဲပြန်ပြေးဝင်သွားလေသည်။

"သွားမယ်ဆိုကာမှ ဘာသွားလုပ်ပြန်တာလဲ"

"မသိဘူးလေ၊ ပြန်လာမှမေးကြည့်ပေါ့"

"ဘယ်လိုကောင်မလေးမှန်း မသိဘူး"

"မင်းအပေါ်ကို အရမ်းဂရုစိုက်တဲ့ကောင်မလေးပါ"

မမသလင်းရဲ့အပြုံးက တစ်ခုခုကိုသိနေသလိုပဲ။ လျှံလေး မျက်ခုံးလေးနှစ်ဖက် မြင့်တက်သွားတော့. . .

"တကယ်ပြောတာ လျှံလေး။ ဆောင်းက မင်းကိုသိပ်ဂရုစိုက်တာ။ မင်းကို ဆေးရုံတင်ထားရတုန်းကဆိုရင် သူ့မှာ ပျာယာခတ်နေတာ ပဲ"

"အဲဒါ တကယ်လား မမ"



www.burmeseclassic.com

www.burmeseclassic.com



"အင်း. . . တကယ်ပေါ့"

လှိုင်လေး လွန်ခဲ့တဲ့အချိန်ကာလလေးဆီမှာ သူငယ်ချင်းတွေပြော တာကို အမှတ်ရမိလိုက်၏။ ဝေသီဆောင်းက လှိုင်လေးကိုစိတ်ဝင်စားနေ တာတဲ့။ အဲဒါ ဟိုအရင်တုန်းက ဟုတ်ခဲ့လိမ့်မည်။

အခု. . . လှိုင်လေးက ရုပ်ပျက်ဆင်းပျက်ဖြစ်နေတဲ့လူတစ်ယောက် ဆောင်း သူ့ကိုချစ်နေနိုင်ပါဦးမလား။ တစ်ခါက သူ့ကို ကိုယ်က ဥပေက္ခာ ပြုထားခဲ့သူပါ။

ကြောက်ပါပြီ. . . အချစ်ဆိုတာကို။

"ဘုန်းလှိုင်မိုး"

"ဟင်"

ဆောင်းပြန်ထွက်လာတော့ လက်ထဲမှာ ဂစ်တာတစ်လက်နှင့်

"ရော့! ရှင့်အတွက် ကျွန်မဝယ်ထားတာ"

"ကိုယ် ဂစ်တာမတီးချင်ဘူး ဆောင်း"

"ဘာဖြစ်လို့လဲ"

"နွေထက်သာလွန်နဲ့ စတွေ့ခဲ့တာ အဲဒီဂစ်တာကြောင့်"

"ဪ. . . အပြစ်မရှိတဲ့ဂစ်တာကို ကိုယ့်မိုက်ပြစ်ထဲ ဆွဲထည့် နေပြန်ပြီ။ ဘာဆိုင်လဲ. . . လူတွင်ပါလို့ နွားကျားကိုက်တာ။ ရှင်ဂါသ ပါတာ ကျွန်မသိတယ်။ ဝါသနာဆိုတာ ကိုယ့်အတွက် အသက်မွေးဝ ကြောင်းလည်း ဖြစ်နိုင်တယ်လေ"

"ယူလိုက်ပါ လှိုင်လေးရဲ့၊ ဂီတဆိုတာ အရာအားလုံးရဲ့စိတ်ကြ ဆေးပါ။ ပန်းတွေတောင် တေးသွားကိုချစ်တတ်ကြတယ်ကွ"

လှိုင်လေး ဂစ်တာကို လေးတွဲ့စွာ လှမ်းယူလိုက်၏။ ဂစ်တာ





မမုန်းသင့်မှန်းသိပေမယ့် မုန်းချင်နေမိသည်။

"ကိုယ် ဂစ်တာကိုလက်မခံချင်ပေမယ့် ဆောင်းရဲ့စေတနာကို တော့ လက်ခံပေးပါ့မယ်"

"ဒါဆို ဂစ်တာယူခဲ့နော်. . . ဓမ္မရာဇကစေတီပေါ်ကိုရောက်ရင် ဘုရားပေါ်ကမြင်ရတဲ့ရှုခင်းတွေက သိပ်သာယာတာ။ မြင်ကွင်းလှလှနဲ့ တေး သွားချိုချိုလေးကိုနားထောင်ရရင် ဘယ်လောက်ကြည်နူးစရာကောင်းမလဲ။ ရှင်တွေးကြည့်လိုက်၊ စိတ်ညစ်တာတွေ ပျောက်သွားမယ်"

"ဒါဆို ဆောင်းက ဂစ်တာတီးပြီး သီချင်းဆိုပြမှာလား"

"ဟင့်အင်း. . . ရှင်ဆိုပြပေါ့"

"ကောင်းရော"

ကလေးဆန်သော ဆောင်းရဲ့အပြုအမူလေးကြောင့် လှိုင်လေးနှင့် သလင်းတို့ ရယ်မိကြသည်။ သလင်းက ဆောင်းကို မျက်လုံးထောင့်ကပ် ကြည့်၍ စသည်။

"မမကတော့ ရွှေစည်းခုံကိုသွားမှာနော်"

"သွားပေါ့ မမရဲ့၊ တစ်နေကုန်လျှောက်လည်မှာပဲဟာ။ ရွှေစည်း ခုံရော၊ တုရင်တောင်၊ လောကနန္ဒာ၊ အာနန္ဒာ၊ တန့်ကြည်တောင် တန်ခိုး ကြီးဘုရားတွေမှန်သမျှ ဆောင်း လိုက်ပို့ပေးမှာ"

"ဒါဆို တစ်နေကုန် ကိုယ်က ဂစ်တာထမ်းလိုက်ရမှာလား။ ဒီ နေတော့ ထားခဲ့မယ်ကွာ၊ နောက်နေ့မှ ဓမ္မရာဇကစေတီပေါ်မှာ ဂစ်တာ တီးသက်သက် သွားကြတာပေါ့"

"အင်း. . . အဲဒါကောင်းတယ်၊ နောက်နေ့ကျ မင်းတို့နှစ်ယောက် တည်း သွားပေါ့။ သိပ်လှတဲ့ဖူးတွေရယ်၊ အချစ်သီချင်းချိုချိုလေးရယ်၊



www.burmeseclassic.com

www.burmeseclassic.com



မင်းတို့နှစ်ယောက်ရယ်''

''အာ. . . မမနော်''

ဆောင်းရှက်သွားပုံလေးက ချစ်စရာ။

''ချစ်စရာလေးကောင်းနေမှာလို့ ပြောမလို့ပါ''

ဆောင်း ရှက်ဝဲဝဲမျက်နှာလေးနှင့် ထွက်သွားလေတော့. . .

''မင်းယုံပြီလား လျှံလေး''

''ဘာကိုလဲ မမရဲ့''

အချစ်စစ်ဆိုတာ ဖြူဖြူမည်းမည်း. . . ရင်ထဲမှာ စွဲစွဲငြိငြိဖြစ်နေတာလေ။ မင်း. . . ဆောင်းကိုလက်ခံနိုင်အောင် ကြိုးစားပါ''

◙◙◙



## အခန်း(၇)

''ဒီရွှေစည်းခုံစေတီက အနော်ရထာမင်းနဲ့ ကျန်စစ်သားမင်းတို့ရဲ့ကောင်းမှုတော်လေ မမ''

''အင်း. . . စေတီတော်တည်ခဲ့ပုံကို သိရင်ရှင်းပြပါဦး ဆောင်းရဲ့''

ဆောင်းက ခေါင်းညိတ်ပြပြီး လက်အုပ်ကလေးချီ၊ ဘုရားရှိခိုးပြီးမှ ဆက်၍. . .

''အနော်ရထာမင်းက သရေခေတ္တရာမှာရှိတဲ့စေတီကို ဖျက်ပြီး နဖူးသင်းကျစ်တော်ဓာတ်ကို ပုဂံနေပြည်တော်အရောက် ပင့်ဆောင်လာခဲ့တာလေ။ နေပြည်တော်ကိုရောက်တော့ နဖူးသင်းကျစ်တော်ဓာတ်ကို ဆင်ဖြူထက်မှာတင်ပြီး ဓာတ်တော်မွေတော် ကိန်းဝပ်တော်မူလိုသောအရပ်တွင် ဆင်ဖြူဝပ်စေသော်လို့ အဓိဋ္ဌာန်ပြီး လွှတ်လိုက်တာ''

''ဪ''

''ဆင်ဖြူဝပ်ရာ သဲစည်းခုံမှာ စေတီတည်ပြီး နဖူးသင်းကျစ်တော်ကို ဌာပနာတာလေ''



www.burmeseclassic.com

www.burmeseclassic.com



"ပြီးတော့ရော"

"ပြီးတော့ သီဟိုဠ်မှ ပင့်ဆောင်လာတဲ့ စွယ်တော်ပွားကိုလည်း ဌာပနာထားသေးတယ်"

သလင်းက ဆောင်းရှင်းပြတာတွေကို စိတ်ဝင်စားစွာ နားထောင်နေသည်။ ဘုရားတည်ထားကိုးကွယ်ပုံသမိုင်းကြောင်းတွေကို ဆောင်း ခုလို စိတ်ရှည်လက်ရှည်ရှင်းပြနိုင်တာ ပုဂံသူလေးမို့ပါ။

ငယ်ငယ်ကတည်းက မှတ်ဉာဏ်ကောင်းသော ဆောင်း။ လူကြီးတွေပြောပြလို့ ကြားဖူးနားဝရှိသမျှကို မှတ်သားထားသည်။ ဘုရားသမိုင်းကြောင်းစာအုပ်တွေကိုလည်း ရှာဖတ်၏။

"ဒါဆို ဒီရွှေစည်းခုံဘုရားကို အနော်ရထာမင်း တည်ထား ကိုးကွယ်ခဲ့တာပေါ့နော်"

"အနော်ရထာမင်းလက်ထက်မှာ ပစ္စယာသုံးဆင့်အထိပဲ ပြီးတာမမရဲ့။ မပြီးသေးတာကို ကျန်စစ်သားမင်းက ဆက်တည်ခဲ့တာလေ။ တည်ဆောက်ခဲ့တဲ့အချိန်က ကျောက်၊ အုတ်တွေကို ပုဂံရဲ့အရှေ့ဘက် ခြောက်မိုင်အကွာမှာရှိတဲ့ တုရင်တောင်ကနေ ဒီစေတီအရောက် လူအများ စီတန်းပြီး လက်ဆင့်ကမ်းသယ်ယူခဲ့တာ။ အနော်ရထာမင်းလက်ထက် (၁၀၄၄)ခုနှစ်နဲ့ ကျန်စစ်သားမင်းလက်ထက် (၁၁၁၃)ခုနှစ်မှာ ဒီရွှေစည်းခုံစေတီကို တည်ဆောက်ပြီးစီးခဲ့တာ"

"ဆောင်းက ပုဂံက ဘုရားအကြောင်းတွေကို တော်တော်သိတာပဲနော်"

"သိတာပေါ့ ဘုန်းလျှံမိုးရဲ့၊ ဆောင်းက ပုဂံသူလေ"

"ဟုတ်လား။ ကိုယ်က ဆောင်းကို ရန်ကုန်သူလို့ပဲထင်ထားတာ။





လက်စသတ်တော့ အညာသူလေးကိုး"

သလင်းကရယ်လျက် လျှံလေးပခုံးကိုဖက်ကာ. . .

"မမညီမ အညာသူလေးရဲ့အသည်းနှလုံးကိုတော့ ခါးပိုက်မနှိုက်နဲ့နော်။ သူက ရန်ကုန်နဲ့ဖက်စပ်ဆိုတော့ ထန်းခေါက်ဖာဖွင့်ပြဖို့ ခက်တယ်"

"မမနော်. . . စကားအကောင်းပြောနေရင်းက၊ ဆောင်း နောက်ထပ်ဘုရားတွေကျ ရှင်းမပြဘဲ ထားလိုက်မှာ။ ဘာမှတ်လဲ"

"အဲဒီလိုတော့ မလုပ်ပါနဲ့ကွယ်၊ မမပြန်ရင် ပုဂံက ဘုရားတွေအကြောင်း ဟိုနိုင်ငံကလူတွေကို ဖောက်သည်ချချင်လို့ပါ"

လျှံလေးမှာ မယောင်လင်း ခဏခဏစနေသဖြင့် ဆောင်းကိုအားနာနေသည်။ ဆောင်းက အလှထိပ်ခေါင်တင်။ ကိုယ်က ဘီလူးလား သရဲသားရဲ့နဲ့။ အမဲရိုးက မာင်းအိုးကို အားနာရသည်ပေါ့လေ။ ကိုယ့်အဖြစ်က ကံကိုပုံချလို့မရ။

အရာအားလုံး ကိုယ်ဖန်တီးရာမှ ဖြစ်ပေါ်လာသောကြမ္မာတွေ။ နှလုံးတစ်လှည့် ငါးပျံတစ်လှည့်ပေါ့ နွှေထက်သာလွန်ရယ်။

"နတ်သမီးလေးနှစ်ပါးကြားမှာ ဘီလူးညှပ်ပါလာတာ ကြည့်လို့မကောင်းဘူးကွာ။ သူ့ကိုဆွဲထုတ်ပြီး ကိုယ်ဝင်လိုက်ရရင် ကြည့်ကောင်းမှာ"

"ရှူးမနေနဲ့၊ တန်ရာတန်ရာပြော"

"ဟိုကောင့်ထက်စာရင် တို့က တန်ပါတယ်ကွာ"

"အို!"

"ဟယ်!"

ဆောင်းနှင့်သလင်းတို့ မျက်ဝန်းနှစ်စုံသည် လျှံလေးမျက်နှာပေါ်



www.burmeseclassic.com

www.burmeseclassic.com



မှာ လက်ခမောင်းခတ်သွား၏။ လျှံလေး သိသိသာသာမျက်နှာပျက်ပြီးလျှင် ခေါင်းငုံ့သွားလေသည်။ သူ့ပုံစံက သူများပြောစရာဖြစ်နေသည်ကို။

သလင်းရောဆောင်းပါ. . . ရင်ထဲမှာ စိတ်မကောင်းခြင်းကိုယ်စီနှင့်. . .

"လျှံလေး"

"..."

"စိတ်မကောင်းမဖြစ်ပါနဲ့ကွာ၊ ပတ်ဝန်းကျင်ဆိုတာ ဒီလိုပါပဲ။ သူများကို လက်ညှိုးထိုးမေးငေါ့ဖို့ မျက်လုံးကို အမြဲတမ်းဒေါက်ထောက်ထားကြတာ။ ဂရုစိုက်မနေနဲ့"

"သူတို့ပြောတာ မှန်နေသားပဲ မမရယ်"

"အမှန်တရားတိုင်းကို လူတိုင်းက ရင်မဆိုင်ရဲကြဘူး လျှံလေးရဲ့။ အဲဒီအထဲမှာ မင်းလည်းပါနေပြီ"

လျှံလေး လေပူတစ်ချက် မှုတ်ထုတ်ပစ်လိုက်၏။

"ကျွန်တော် ဒီပုံစံနဲ့တော့ နွေထက်သာလွှန်ကို ဘယ်လိုလက်စားချေနိုင်မှာလဲ။ စီးပွားရေးနဲ့တိုက်လို့လည်းမရဘူး၊ ရုပ်ရည်နဲ့မြူဆွယ်ဖို့ဆိုတာ ဝေးရော။ မဖြစ်သာရင်တော့ မထူးစိတ်ကိုပဲ ပိုက်ရတော့မယ်"

"ဘာ!"

"ဘယ်လို"

"ဟုတ်တယ်၊ ကျွန်တော်က ဘာမှသုံးလို့မရတော့တဲ့ကောင်"

"ဘယ်သူက ပြောတာလဲ"

"ဒါ ပြောမှသိရမယ့်အရာ မဟုတ်ဘူး။ ကျွန်တော့်ဘဝ သေခဲ့ရသလို နွေထက်သာလွှန်ကို ကျွန်တော်ပြန်ပြီးသတ်ရမှ ကျေနပ်မယ်"





လျှံလေး အံကြိတ်ရလွန်းလို့ သွားတွေပင် နာနေပြီ။ မေးကြောကြီးတွေ ထောင်ထလာပုံက သူ့ဒေါသကို ခန့်မှန်းရစေသလို၊ ဝမ်းနည်းခြင်းကြောင့်မဟုတ်ဘဲ ဒေါသကြောင့် ရစ်သိုင်းဖွဲ့လာသော မျက်ရည်တွေကို. . . ပါးပြင်ပေါ်သို့ သက်ဆင်းခွင့်ပြုလိုက်၏။

"စိတ်မကောင်းစရာတွေကို တွေးမနေစမ်းပါနဲ့ ဘုန်းလျှံမိုးရယ်။ ရှင့်အနားမှာ ကျွန်မတို့တွေ အမြဲရှိနေမယ်။ ဘာအားငယ်စရာရှိလဲ။ အတုအယောင်များစွာထက် အစစ်အမှန်တစ်ခုဟာ ရှင့်ဘဝကို အပျော်တွေ သယ်ဆောင်လာပေးတဲ့လေပြည်ဆိုရင် ရှင်ကျေနပ်လိုက်စမ်းပါ"

လျှံလေး မျက်ရည်တွေကြားမှ ဆောင်းမျက်နှာလေးကို ကြည့်မိသည်။ တောက်ပနေသောမျက်ဝန်းလေးတွေထဲမှာ စေတနာမေတ္တာအစစ်အမှန်တွေ အကြွင်းနာအရိပ်အယောင်တွေက တူးဖော်ကြည့်စရာမလို။

ဟိုတုန်းက. . . ကိုယ်က အမြင့်ကလူ၊ အခု ကိုယ်က မော့ကြည့်နေရတာ။ သူ ဒီမျက်ဝန်းလေးတွေကို ဘာကြောင့် ဥပေက္ခာပြုခဲ့ပါသနည်း။ ရှိသားခြင်းကို သရော်တိုက်ပြီး မာယာနောက်ကိုမှ ကောက်ကောက်လိုက်မိတဲ့ကိုယ်။

"မျက်ရည်တွေ သုတ်လိုက်ပါ လျှံလေး၊ မင်းကြောင့် လူတစ်ယောက် မင်းနဲ့ထပ်တူခံစားနေရတာကို မင်းကြည့်ရက်သလား"

မမသလင်း ဘာကိုရည်ရွယ်နေသလဲ လျှံလေးသိ၏။ ဒီလောက်ဆိုးဝါးနေတဲ့ပုံပန်းသဏ္ဍာန်နဲ့ သူ့ကို ဆောင်း ဘာလို့စိတ်မပျက်ပါလိမ့်။

အံချစ်စစ်အချစ်မှန်ဆိုတာလား ဆောင်းရယ်။ ကိုယ်ဟာ မင်းနဲ့မထိုက်တန်တဲ့လူပါ။ သူ့ခိုးကိုမှ စားရိုးကမ်းမိတဲ့ ကိုယ့်မိုက်ပြစ်တွေအတွက် ကိုယ့်နှလုံးသားကို ဒဏ်ခတ်လိုက်ပါရစေ ဆောင်းရယ်။



www.burmeseclassic.com

www.burmeseclassic.com



"တဲ. . .ဆောင်းရေ"

"ရှင်. . .မမ"

"ဒီလောက်တောင် မျက်ရည်လွယ်တဲ့မင်းသား။ ကလိထိုးပြီး လူရွှင်တော်လုပ်နိုင်းစမ်း။ နားရွက်ဆွဲပြီး ခေါ်လာခဲ့"

ပြောပြီး မမသလင်းက ရှေ့မှထွက်သွားလေသည်။ ဆောင်းက သူ့ကိုမော့ကြည့်ပြီးပြုံးလျက်. . .

"စိတ်မရှိနဲ့နော်၊ မမခိုင်းလို့"

ဟုဆိုကာ သူ့ခါးကို လက်ညှိုးလေးနှင့် လိုက်ထိုးလေ၏။

"ဟာ! ဆောင်း၊ မလုပ်နဲ့. . .ယားတယ်"

"ယားပစေ"

"ဆောင်းမလုပ်နဲ့. . .ဟား. . .ဟား. . .ဟား"

လျှံလေး ငိုကြွေးခြင်းတို့ရုပ်ဆိုင်းကာ ရယ်မောခြင်းနယ်မြေသို့ ပြေးလွှားခုန်ပေါက်သွားလေတော့၏။

◙◙◙



## အခန်း(၀)

ဘုန်းလျှံမိုး ကြေကွဲအားငယ်နေတာကိုကြည့်ပြီး ဆောင်းမှာလည်း စိတ်မချမ်းသာနိုင်။ ကိုယ် ဘာလုပ်ပေးနိုင်မလဲ။ ဘာလုပ်ပေးရမလဲ စဉ်းစားနေမိ၏။ တစ်နေ့မှာ. . .

"ဖေဖေ"

"ဟင်. . .ဘာလဲ သမီး"

"ဟို. . .ဘုန်းလျှံမိုးရဲ့မျက်နှာက ပြန်မကောင်းနိုင်တော့ဘူးလား ဟင်"

"သမီး ဘာဖြစ်လို့မေးတာလဲ"

"သူ့ကိုကြည့်ပြီး သမီးသနားလို့ပါ"

ဦးသုတအောင် လှစ်ခနဲပြုံးလိုက်၏။ လက်ထဲက သတင်းစာကို စားပွဲပေါ်သို့ချရင်း သမီးကိုစိုက်ကြည့်မိသည်။ ဒီကလေးကို ငယ်ငယ်လေးကတည်းက သူမွေးစားခဲ့တာ၊ ပါးစပ်ဟာလိုက်တာနဲ့ အူဘယ်နှခွေဆိုတာ သိပြီးသား။



www.burmeseclassic.com

www.burmeseclassic.com



ကျောင်းမှာ သိခဲ့ဖူးသည့်တဲ့။ သံယောဇဉ်ရှိခဲ့တာလည်း ဖြစ်နိုင်သည်။ နှင်းဆီစိတ်ရင်းခံလေး ဖြူစင်ကြင်နာတတ်သည်ဆိုတာထက် . . .

"သနားတာတင် ကရုဏာလား သမီးရယ်"

"ဟာ. . . ဖေဖေကလည်း သနားတာပါဆို"

"ဟွန်း! မပြောချင်လို့ ကြည့်နေတာ၊ သိနေတယ်နော်၊ သိနေတယ်။ ဖေဖေ့ကို ခပ်ထူထူအဘိုးကြီးများ မှတ်နေသလား"

"ဖေဖေ"

"ဟား. . . ဟား. . . ဟား"

ခေဘင်း. . . ဖေဖေ့ခါးကိုဖက်ပြီး ခေါင်းနှင့်ဝှေ့တော့ ဖေဖေက တဟားဟားနှင့် ရယ်လေသည်။

"ဘူခိုး လူမိသွားလို့ရှက်နေပုံက ကြောင်ကျနေတာပဲ"

"မဟုတ်ပါဘူးဆို"

"ကဲ! ပြောပြမယ်၊ နားထောင်"

နားထောင်ဆိုတော့ ခေါင်းလေး မော့လာသည်။

"ဖေဖေနဲ့သလင်း တိုင်ပင်ထားပြီးပြီ"

"ဘာလဲဟင် ဖေဖေ"

"လျှံလေးမျက်နှာကို ဆေးကုဖို့ သလင်းက သူ နိုင်ငံခြားကိုပြန်ရင် လျှံလေးကိုခေါ်သွားမှာ"

"ဟင်! ခေဘင်းကိုတော့ ဘာမှမပြောဘူး"

"ပြောခွင့်မရသေးလို့ပါ။ မနေ့ကမှ တိုင်ပင်ဖြစ်တဲ့ကိစ္စကို။ သလင်းကလည်း လျှံလေးကို သနားနေတာလေ။ သူကလည်း တစ်ကိုယ်ရေတစ်ကာယသမားဆိုတော့ လျှံလေးကို သူ့မောင်အဖြစ် မွေးစားမယ်တဲ့"





"တကယ်"

"တကယ်ပေါ့၊ ဟိုမှာ လျှံလေးကိုဆေးကုပေးမယ်၊ လိုအပ်ရင် ပလပ်စတစ်ဆာဂျရီ လုပ်မယ်ပေါ့ကွာ။ ပြီးရင်တော့ မြန်မာပြည်ကိုပြန်လွှတ်မှာ။ လျှံလေးရဲ့ဆန္ဒတွေကို ဖြည့်ဆည်းပေးတဲ့အနေနဲ့ လုပ်ငန်းတွေ ထူထောင်မှာ။ နိုင်ငံခြားကလုပ်ငန်းတွေကို လျှော့ချပစ်မယ်ထင်တယ်။ ဒီမှာ ထူထောင်မယ့်လုပ်ငန်းတွေဆိုတာလည်း လျှံလေးကို အမွေအဖြစ် လွှဲပေးမှာ"

"ဟင်! မမသလင်း အိမ်ထောင်ပြုရင် ရှုပ်ကုန်မှာပေါ့"

ခေဘင်းက ကလေးဆန်ဆန် ကလေးအတွေးနှင့်ဆို၏။ ဦးသုတအောင်က သမီး၏ဆံပင်လေးတွေကို သပ်တင်ပေးရင်း. . .

"အစကတည်းက အမွေဆက်ခံမယ့်သူမရှိလို့ ပေးမှာ သမီးရဲ့။ သလင်းက အိမ်ထောင်ပြုလို့မရဘူး။ သားသမီးမရနိုင်ဘူးဆိုတော့ ပြုခဲ့ရင်လည်း မတည်မြဲမှာစိုးလို့လေ"

"ဪ"

ခေဘင်း ငြိမ်သက်သွားလေ၏။ ရင်ထဲမှာ ဝမ်းသာ ဝမ်းနည်းဖြစ်မိသောကြောင့်ပါ။

မမခရစ်စတယ်လ်က ဘယ်တော့ပြန်မှာလဲ။ နောက်နေ့မှာ ဘုန်းလျှံမိုးသိတော့ ဝမ်းသာနေသည်။ ခေဘင်းလည်း ပျော်တာပါပဲ။ ခေဘင်းနှင့်သူ မြင်းလှည်းလျှောက်စီးကြတော့ သူကပြောသည်။

"ကိုယ်ပြန်လာရင် ခေဘင်း ခုလိုပဲ ကိုယ့်အနားမှာ ရှိနေပေးမှာလား"

"ဘာဆိုင်လို့လဲ၊ အခုက ရှင်က ဖေဖေ့လူနာမို့လို့ ကျွန်မက



www.burmeseclassic.com

www.burmeseclassic.com



ဝိုင်းဝန်းပြုစုစောင့်ရှောက်တာ။ နိုင်ငံခြားကပြန်လာရင် ရှင်က ပုံစံပြောင်းသွားမှာလေ။ ဖေဖေ့လူနာမှ မဟုတ်တော့တာ"

"အဲဒါဆို ကိုယ် နိုင်ငံခြားကို ဆေးကုမလိုက်တော့ဘူး"

"ဟင်"

"ဆောင်းဖေဖေရဲ့လူနာပဲ တစ်သက်လုံးလုပ်တော့မယ်"

"အဲဒီလိုနေလို့ ရှင့်မျက်နှာက ကောင်းလာမှာလား"

"ကောင်းကောင်း. . . မကောင်းကောင်း"

"ရှင် တော်တော်ကပ်သီးကပ်သပ်နိုင်တာပဲ"

မြင်းလှည်းက ဆောင့်ခုန်သွားလေသဖြင့် မြောက်တက်သွားသော ခန္ဓာကိုယ်နှစ်ခုသည် ပြန်ကျလာတော့ နဖူးနှင့်မေးစေ့ နောင်ဂျိန်ချသွားကြ၏။

"ခွပ်!"

"အား. . ."

"ဟာ. . . ကွာ"

ဆောင်း မော့ကြည့်လိုက်တော့ လျှံလေးမျက်နှာ ရှုံ့မဲ့သွားသည်။ ကိုယ့်မေးစေ့နာသွားတာကို ပွတ်ပြီးမှ၊ သူ့နဖူးလေးလည်း နာသွားမှာပဲ ဟုတွေးလျက်. . .

လျှံလေးလက်က. . . သူမနဖူးလေးပေါ်သို့ ရောက်သွားသည်။

"နာသွားလား။ ဉှူး! ဉှူး!"

"အံမယ်. . . နဖူးက မေးစေ့ထက် အရိုးမာတယ်ရှင့်"

"ကိုယ်က စေတနာနဲ့ပါ"

ဆောင်းက လျှံလေးလက်ကို ဖယ်ချသည်။ စကားသံတွေ တိတ်





ကျသွားပြီး ကြာတော့၊ ဆောင်းငိုက်နေတာကို မြင်လိုက်ရ၏။ လျှံလေး အလိုက်သိစွာ သူမဘက်သို့တိုးကပ်၍ ပခုံးနှင့်ခံထားလိုက်သည်။ အိပ်ပျော်သွားလိုက်တာ နှစ်နှစ်ခြိုက်ခြိုက်။

ကလေးလေးအတိုင်းပါလား ဆောင်းရယ်။ ပခုံးကနေ လျှောကျလာတဲ့မျက်နှာလေးကို ဖေးမပြီး၊ သူမလေး မနိုးအောင် အသာလေးပွေ့ဖက်ထားမိတဲ့အချိန်လေးမှာပဲ၊ လျှံလေးရင်ထဲမှာ. . .

အချစ်စစ်ကို မွှေးဖွားသန့်စင်လိုက်မိသည်။ မိုက်ရူးရဲဆန်ခဲ့သော အချစ်မှာ ပူလောင်ခြင်းတွေနှင့်ပေမယ့် အခု ရင်ထဲမှာ လတစ်စင်းသာနေသည့်နှယ်။ အရင်က မာယာကောင်းလို့ ဖောင်းကြွခဲ့သည့်ရင်ခုန်သံသည် လုပ်ခနဲ လှစ်ခနဲ ပျောက်သွားတတ်ခဲ့သည်။

ဖြူစင်ရိုးရှင်းသော သူမလေးနှင့်ကျမှ ရင်ခုန်သံတို့က ယဉ်ကျေးသိမ်မွေ့စွာ၊ တသိမ့်သိမ့် တငြိမ့်ငြိမ့်နှင့် နှလုံးသားထဲသို့ တစိမ့်စိမ့် စီးဝင်နေ၏။

ဪ. . . အချစ်စစ်တို့၏ ကွန်ခိုရာဘုံဗိမာန်သည် ပန်းတွေလို မွှေး၍ စမ်းရေလို အေးမြနေခဲ့သည်မဟုတ်ပါလား။

"ဟင်!"

ဆောင်း မျက်တောင်ကော့လေးတွေ ဖျတ်ခနဲပွင့်လာပြီး. . .

"အယ်. . . ကျွန်မ အိပ်ပျော်သွားတယ်"

"အင်း. . . မင်းခေါင်းနဲ့ နောက်ကလက်ကိုင် ဆောင့်မိမှာစိုးလို့"

"ကျေးဇူးပဲ"

"အိပ်ရေးဝရဲ့လား"

လို့မေးတော့ မျက်စောင်းအထိုးခံရသည်။



www.burmeseclassic.com

www.burmeseclassic.com



"ရော့! အိပ်ချင်ပြေအောင် စားလိုက်"

"ဘာလဲ"

"သီးစုံထင်တယ်၊ ကိုယ်စားကြည့်တာတော့ မရုန်၊ ဆီး သရက် အဲဒါတွေပါတယ်။ ကျန်တာတွေတော့ ဘာတွေလဲမသိဘူး"

"ဘယ်အချိန် ဝယ်လိုက်တာလဲ"

"ကွမ်းယာဝယ်တုန်းကလေ၊ အကြွေမရှိလို့ ယူလိုက်တာ"

"ဪ"

ဆောင်းက ဘာမှမပြောတော့ဘဲ ဖောက်စားလေ၏။ မြင်းလှည်းဆရာက သူတို့ကို လှည့်ကြည့် လှည့်ကြည့်။ ကုသမင်းနဲ့ ပပဝတီလို့များ တွေးနေရော့သလား။ ဆောင်းကိုတော့ အားနာမိပါသည်။

ဒါပေမဲ့ ဆောင်းရယ်. . .

ချစ်မိနေပြီဆိုတာကတော့ သေချာသွားပါပြီ။

◙◙◙



## အခန်း(၉)

သလင်းဖြူနှင့်ဘုန်းလျှံမိုးတို့ နိုင်ငံခြားကိုပြန်တော့မည်ဆိုတော့ ပျော်ခဲ့ရတဲ့ရက်ကလေးများကို နှမျော တမ်းတနေမိသည်။

ဘုန်းလျှံမိုးနဲ့ ဆောင်း. . .

ဓမ္မရာဇက စေတီပေါ်မှာ တိတ်ဆိတ်ငြိမ်သက်စွာ ထိုင်နေကြ၏။ နေ့က်ခင်း၏အလှသည် စုတ်ချက်ညီသောပန်းချီကားတစ်ချပ်လို သာယာလှပနေ၏။

မလှပတာက. . . ရင်ထဲက ခံစားမှုတွေ။

လျှံလေးက ဂစ်တာကြိုးညှိနေပြီး ဆောင်းက ရှုခင်းတွေကို ငေးမောကြည့်နေသည်။

"ဆောင်း"

"ဟင်"

"ဘာသီချင်း နားထောင်မလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ရှင်စိတ်ရှိတဲ့သီချင်းကို ဆိုပေါ့"

"ဆောင်းနှားထောင်ချင်တဲ့သီချင်းကို ဆိုပြချင်တာ"

"တကယ်. . . ကျွန်မနားထောင်ချင်တဲ့သီချင်းကို ဆိုပြချင်တာလား"

"အင်း"

"ဒါဆို အောင်ခြင်းရှစ်ပါးဆိုပြ"

"ဟာ. . . ကွာ"

ဆောင်း ရွဲ့ပြီဆိုတာကိုသိ၍ လျှံလေး ရယ်လိုက်သည်။

"တကယ်ဆိုပြရမှာလား"

"ဆိုလေ"

လျှံလေး ညွှတ်နေသောခါးကိုမတ်၍ ခေါင်းမော့ကာ မျက်စိမှိတ်ပြီး၊ အသက်ဝအောင်ရှူပြန် လုပ်၏။ ပြီးတော့. . .

"အဟမ်း"

လည်ချောင်းတစ်ချက်ရှင်းလိုက်ပြီး အသံကိုမြှင့်၍. . .

"အောင်ခြင်းရှစ်ပါး အသံကြားတဲ့အခါ"

"အို. . . ရှင်"

ဆောင်း ပျာပျာသလဲနှင့် လျှံလေးပါးစပ်ကို လှမ်းပိတ်လေ၏ လျှံလေးက ဆောင်းလက်ကိုဖယ်ချပြီး ရယ်လေသည်။

"တကယ်ကြီးပါလား"

"မင်းပဲ ဆိုခိုင်းတာလေ"

"အသံပြကြီးနဲ့ မရှက်ဘူးလား"

"ကိုယ်က မင်းကိုပျော်စေချင်လို့ပါ"





"ပျင်းနေပါတယ်လို့ ပြောမိလို့လား"

"မသိဘူးလေ"

"လူရှုပ်"

နှုတ်ခမ်းလေးစူသွားတဲ့ ဆောင်းမျက်နှာလေးကို သူ လိုက်ငေးနေမိသည်။ အစကတည်းက ဒီအလှတရားတွေကိုသာ ခံစားတတ်ခဲ့လျှင်။

"ရှင့်အသံက ဝိုင်ဝိုင်းသီချင်းတွေနဲ့ လိုက်တယ်ဆို"

"ဘယ်သူပြောလဲ"

"ရှင့်သူငယ်ချင်းတွေပေါ့"

"ပြောကြတာပဲ"

"ဝိုင်ဝိုင်းသီချင်းထဲက ရှင်ကြိုက်တာ ဆိုပြ"

လျှံလေး ခေါင်းညိတ်ပြပြီး ဝိုင်ဝိုင်းရဲ့ 'အိမ်လွမ်းသူ'သီချင်းကို ဆိုပြခဲ့သည်။ သူ တကယ်ပဲ အိမ်ကိုလွမ်းနေ၏။ ဖေဖေနေကောင်းရဲ့လား၊ သူ့လိုပဲ ဖေဖေ့ကိုလုပ်ကြံလိုက်ရင်ဆိုတဲ့အတွေးတွေ ဝင်လာတိုင်း၊ ရင်တွေပူရ၏။

ဖေဖေရယ်. . . လို့ ညည်းတွားရင်း သက်ပြင်းချရတာလည်း အခါခါ။

"ဘုန်းလျှံမိုး"

လျှံလေး လှည့်ကြည့်တော့. . .

"ရှင် အိမ်ကို တကယ်လွမ်းနေမှာပေါ့နော်"

"ဖေဖေ့ကိုပါ"

"အင်းလေ၊ ဆောင်းမေးတာလည်း အဲဒါပဲဟာ"

"ဖေဖေ့ကို ကိုယ်စိတ်မချဘူး ဆောင်းရယ်"



www.burmeseclassic.com

www.burmeseclassic.com



"စိတ်မချတော့ရော ရှင်ဘာတတ်နိုင်မှာလဲ။ ရှင့်ကို ကျွန်မအကြံ တစ်ခုပေးမယ်။ ရှင်လက်ခံမလား"

"ပြောကြည့်လေ"

"ရှင် ဘုန်းလှိုင်မိုးဆိုတဲ့ဘဝနဲ့ ဘယ်လိုမှ ရပ်တည်ဖို့မသင့်တော့ဘူး။ အားလုံးပြုပြင်ပြောင်းလဲပစ်ရမယ်။ နာမည်ကအစပေါ့။ ရှင် နိုင်ငံခြားကနေ ပြန်လာတဲ့အခါ လူသစ်စိတ်သစ်နဲ့ ဘဝသစ်ကိုထူထောင်နိုင်မှ နွေထက်သာလွှန်ကို လက်စားချေခွင့်ရမယ်။ သူက သိပ်လည်တာဆို။ သူ့အတွေးထဲမှာ ဘုန်းလှိုင်မိုးသေသွားပြီလို့ပဲ ထင်နေမှာ"

"ဟုတ်တယ်"

လှိုင်လေးလည်း ထိုအချက်ကိုတွေးမိပါသည်။ အခြားလူစိမ်းတစ်ယောက်အနေနဲ့ နွေထက်သာလွှန်အနားကို ပြန်ကပ်ရမည်။

"ဆောင်းအကြံပေးတာကို ကိုယ်လက်ခံပါတယ်။ နောက်ထပ် အစီအစဉ်ရှိရင် ပြောပါဦး"

"ရှိတယ်"

ဆောင်းက တစောင်းအနေအထားမှ သူ့ဘက်သို့လှည့်လာသည်။

"ရှင်ပြန်လာတဲ့အခါ ပထမအဆင့်အနေနဲ့ အနုပညာလောကထဲကို တိုးဝင်လိုက်။ ကျွန်မ အဆက်အသွယ်ရှာထားလိုက်မယ်။ ရှင်ပြောပုံအရဆိုရင် နွေထက်သာလွှန်က သီချင်းဆိုတာကို ဝါသနာပါတယ်ဆို။ ရှင်သာ အဆိုတော်တစ်ယောက်ဆိုရင် သူသတိထားမိမှာပါ။ ရှင့်အသံက ကောင်းတာပဲ၊ ပရိတ်သတ်ကို စွဲဆောင်နိုင်လိမ့်မယ်လို့ ကျွန်မယုံကြည်တယ်။ ဘယ်အလုပ်မဆို ယုံကြည်မှုရှိရင် အောင်မြင်မှာပါ"

"ဟုတ်ပါပြီ၊ ဆောင်းပြောသမျှကို ကိုယ်နာခံမယ်။ ဆောင်းက





ကိုယ့်ဘဝအတွက် တွယ်ကပ်ရာ မြက်တစ်ပင်ပါ။ နာမည်ပြောင်းဖို့ ဆောင်းပဲ ပြောင်းပေးလေ"

"ဟင်"

ဆောင်းသည် နာမည်ပြောင်းဖို့အရေးကို အတော်စဉ်းစားနေပုံရ၏။ မျက်မှောင်လေးကြုတ်သွားလိုက်၊ မျက်ခုံးလေးကို လက်နှင့်ကုတ်ခြစ်လိုက်။ နောက်တော့. . . လှိုင်လေးရင်ခွင်ထဲမှာ ပိုက်ထားသောဂစ်တာကို အတန်ကြာ စူးစိုက်ကြည့်နေသည်။

ပြီးတော့. . .

နှုတ်ခမ်းလေးတွေ ပြုံးလာပြီး လှိုင်လေးကို ဆတ်ခနဲမော့ကြည့်၏။ မျက်ဝန်းလေးတွေ တလက်လက်တောက်ပနေသည်က လှိုင်လေးဘဝကို အလင်းရောင်ပေးမည့် အတောက်ပဆုံးကြယ်တစ်ပွင့်လို။ လမ်းပြကြယ်လေးတစ်ပွင့်ပေါ့။

"ကျွန်မစဉ်းစားလို့ရပြီ"

"ဘာလဲဟင် ဆောင်း"

"ရှင်က ဂစ်တာကို ချစ်မြတ်နိုးတဲ့သူဆိုတော့ ဂစ်တာရှိတ်လို့ ပြောင်းရင် မကောင်းဘူးလား"

လှလိုက်တဲ့နာမည်။ ထိုနာမည်လေးကို လှိုင်လေး သဘောကျ၏။

"ကောင်းတယ်၊ ကိုယ်ကြိုက်တယ်"

"အစမ်းခေါ်ကြည့်မယ်လေ"

"အင်း. . . ခေါ်ကြည့်"

"ဂစ်တာရှိတ်"

"ဗျာ"



www.burmeseclassic.com

www.burmeseclassic.com



"ဂစ်တာရှိတယ်"

"ဗျာ"

ရယ်သံလေးများသည် လေပြည်သည်းတေတေးသွားကြားမှာ အချို မြိန်ဆုံးသောဂီတသံ၊ စန္ဒရားသံ၊ တယောသံလို၊ နာမည်ပြောင်းခြင်းအထိမ်း အမှတ်အဖြစ် လက်ဝါးချင်း ရိုက်လိုက်ကြသေး၏။

အားငယ်တတ်သောစိတ်တို့သည်. . .

ရဲရင့်ခြင်းသို့ရောက်လျက်၊ သမုဒ္ဒရာကိုလက်ပစ်ကူးပြီး ပန်းတိုင် ဆီသို့အရောက်သွားဖို့ရာ လှျံလေးမှာ အင်အားတွေ အပြည့်ရှိနေပြီ။

သူ့ဘဝရဲ့မျှော်လင့်ချက်ပန်းတိုင်က ဆောင်း။ ဓမ္မရာဇကစေတီ တော်မှာ လှျံလေး သစ္စာပြုပါသည်။ ဝေသီဆောင်းဆိုတဲ့မိန်းကလေးအပေါ် မှာ ထာဝရချစ်မြတ်နိုးသွားပါမည်လို့။

ထိုသစ္စာစကားသည်. . .

နှလုံးသားဌာ နိုင်မာစွာ စိုက်ထူလို့။

"ဆောင်း"

"ရှင်"

"ကိုယ် နိုင်ငံခြားသွားနေတုန်းမှာ ကိုယ့်ကိုမမေ့ရဘူးနော်"

"အင်း"

"ရည်းစားလည်းမထားရဘူး"

"ဘာဆိုင်လို့လဲ"

"အခုတော့ မဆိုင်သေးဘူးပေါ့၊ နောက်တော့ ဆိုင်မလားလို့"

"ဟင်းနော်. . . လူကို ရီစရာမကောင်းအောင်မလုပ်နဲ့ တော်ကြာမှ နိုင်ငံ ခြားသူလှလှလေးတွေပြီး မြန်မာပြည်ကိုပြန်မလာတော့ဘူးဗျို့ ဖြစ်နေမယ်"





"ဖြစ်စရာလား. . . ကိုယ်က မြန်မာမလေးကိုပဲယူမှာ"

ဆောင်းက မသိဟန်ဆောင်ပြီး မျက်နှာလွှဲသွားသည်။ ပြီးနောက် ဘုရားပေါ်မှာ လျှောက်သွားတော့ လှျံလေးကလည်း ဂစ်တာကိုထမ်းပြီး လိုက်၏။ ဆောင်းနဲ့ ပခုံးချင်းယှဉ်လျှောက်ရတဲ့အချိန်လေးတွေကို. . .

သူ. . . ဘယ်လောက်ကြာအောင် လွမ်းမောတမ်းတနေရဦးမှာ လဲ။ မလွဲသာလို့ ခွဲကြရဦးမယ် ဆောင်းရယ်။

"ဆောင်း"

". . ."

"ကိုယ့်ကို ကတိတစ်ခုပေးပါလားဟင်"

"ဘာကတိလဲ"

"နိုင်ငံခြားက ပြန်လာတဲ့အခါ ပထမဆုံးမြင်ချင်တာ ဆောင်းရဲ့ မျက်နှာပဲ"

ဆောင်းက နှုတ်ဆိတ်စွာ ရှေ့ဆက်သွားလေလျှင်. . .

"ဆောင်း"

လှျံလေး ဆောင်းလက်ကလေးကို ဆွဲထားလိုက်၏။ ဆောင်းက လက်ကိုငုံ့ကြည့်ပြီး ရှန်းလေသဖြင့်. . .

"ဆောရီး"

လှျံလေး နှမြောစွာ လွှတ်ပေးလိုက်၏။

"ကိုယ့်ကို အဲဒီကတိတော့ပေးပါ ဆောင်းရယ်"

"အရာရာကို ပုံသေတော့ တွက်မထားနဲ့ပေါ့ရှင်။ လူ့စိတ်ဆိုတာ အရာဝတ္ထုတစ်ခုလို ဒါ ငါ့ပစ္စည်း၊ ငါ့အပိုင်လို့ ကြိုးချည်မှတ်ထားလို့ မရဘူး။ အချိန်မရွေး ပြောင်းလဲသွားနိုင်ပါတယ်။ ကတိပေးပြီးမှ ဘွာခင်ကြ



www.burmeseclassic.com

www.burmeseclassic.com



မယ်ဆိုရင် နှစ်ဦးစလုံးအတွက် ထိခိုက်နာကျင်စရာတွေ ဖြစ်လာနိုင်တယ်"

ဒီစကားဟာ. . . သူ့ကိုယ်သူ မယုံတာလား၊ လျှံလေးကို မယုံလို့ဆိုတာလားတော့ မသိပေ။

"ကိုယ့်စိတ်ကတော့ ဘယ်တော့မှ ပြောင်းလဲမှာမဟုတ်ပါဘူး ခေါင်း"

"အာမခံ မရဲပါနဲ့ ဘုန်းလျှံမိုးရယ်၊ အချိန်က အဖြေပေးပါလိမ့်မယ်"

"ခေါင်းရယ်"

ခေါင်းဟာ ကလေးဆန်ပေမယ့် အတွေးအခေါ်က လူကြီးတစ်ယောက်လို ရင့်ကျက်နေပါလား။

◘◘◘



## အခန်း (၁၀)

ဘုန်းလျှံမိုး. . .

မမသလင်းနှင့် နိုင်ငံခြားသို့ လိုက်ပါလာခဲ့သည်။ အဆိုးထဲက အကောင်းလို့ ပြောရမလား။ ပလပ်စတစ်ဆာဂျရီလုပ်ခြင်းဖြင့် အလွန်ချောမောသော မျက်နှာတစ်ခုကို ပိုင်ဆိုင်ခွင့်ရလိုက်၏။

သန်မာ၍ အချောင်းလိုက် စင်းကျနေသောဆံပင်တွေကို ပျော့ဆေးနှင့် ပေါင်းတင်ပစ်၏။ ဘုန်းလျှံမိုးနှင့်ဆန့်ကျင်သောအရာများကိုသာ ပြုလုပ်သုံးစွဲသည်။

ဘုန်းလျှံမိုးဆိုတာ. . . သေသွားခဲ့ပြီပေါ့။

မမသလင်းရဲ့ တစ်ဦးတည်းသောအမွေဆက်ခံသူ မောင်အဖြစ် မွေးစားခံလိုက်ရပြီး ချက်ချင်း မြန်မာပြည်သို့ ပြန်မလာဖြစ်ပေ။ နိုင်ငံခြားမှာပဲ ပညာတွေသင်၊ စီးပွားရေးလောကတွင်လည်း မမသလင်း၏သင်ကြားပေးမှုတွေနှင့် ထုံးလေမွှေ ရေလိုနှောက်နိုင်အောင် ကြိုးစားသည်။ အမည်

ရွှေပဒေသာစာပေ

www.burmeseclassic.com

www.burmeseclassic.com



ကိုလည်း ဘုန်းလျှံမိုးမှ ရာဇဝင်ဟု မမသလင်းက ပြောင်းပေး၏။

"ဒီနာမည်ကို မမ အစိပ္ပာယ်ရှိရှိနဲ့ပေးတာ။ နွေထက်သာလွန်ကို မင်း စိန်ခေါ်ပြီး ရာဇဝင်ပေးလိုက်စမ်း"

"မမရဲ့ကျေးဇူးတွေကို ကျွန်တော် ဘယ်တော့မှမမေ့ပါဘူး မမ"

"မင်းနဲ့ငါက မောင်နှမပဲ၊ ကျေးဇူးဆိုတာ မလိုဘူး"

မမက သူ့ကိုတကယ့်မောင်ရင်းလေးလို ချစ်သည်။ ကလေးလို အလိုလိုက်၏။ ကိုယ့်အတွက် ကံကောင်းခြင်းလက်ဆောင်တွေပါပဲ။ ဆောင်းကို သတိရသည်။ လွမ်းနေပေမယ့် ရင်ထဲမှာပဲ သိမ်းထားခဲ့ရ၏။ တစ်ခါ တစ်ခါ မမက စသည်။

"ဇ"

"ဗျာ. . . မမ"

"ဆောင်းကို မလွမ်းဘူးလား"

"လွမ်းတော့လွမ်းပါတယ်၊ ဒါပေမဲ့"

"ဒါပေမဲ့ ဘာဖြစ်လဲ"

"မလွမ်းရဲသေးဘူး မေရယ် ဖြစ်နေတာလေ။ ဘဝအခြေအနေ အရပေါ့"

"လွမ်းတာပဲကွာ. . . ဗိုဇာယူရတာမှတ်လို့၊ လွတ်လွတ်လပ်လပ် လွမ်းပေါ့။ ဒါနဲ့ မင်း. . . ဆောင်းကို တကယ်ရောချစ်ရဲ့လား"

သူ ရယ်လိုက်ကာ. . .

" True love is like the apparition of spirts, every one speaks of it but few have seen it.

'မေတ္တာစစ်မေတ္တာမှန်ဆိုတာ တစ္ဆေနှင့်တူလှပါသည်။ လူတိုင်း





သူ့အကြောင်း ပြောကြပေမယ့် မည်သူမျှ မတွေ့ဖူးကြချေ'တဲ့ မမရဲ့"

"ဟွန်း. . . ဒါမျိုးတော့ တတ်တယ်"

"မမကိုမြင်အောင် မပြတတ်ဘူးလေ၊ ဆောင်းကို ကျွန်တော် ဘယ်လောက်ချစ်မိသွားတယ်ဆိုတာ ကျွန်တော်ပဲအသိဆုံး"

"နွေထက်သာလွန်ကိုလည်း မင်းချစ်ခဲ့ဖူးတယ်မဟုတ်လား"

'ဇ'နှုတ်ခမ်းလေး မဲ့ချသွားသည်။ နွေဆိုလျှင် သစ်ခြောက်ကိုင်းလေးတွေတောင် တက်မနင်းမိအောင် ကြိုးစားမည်။ ချစ်ခဲ့ဖူးတယ်ဆိုတဲ့ အချိန်ကို ကိုယ့်ဗိုက်ထဲက အူတစ်ခွေဆိုရင်တောင် အဲဒီအူကို ဖြတ်ထုတ်ပြီး. . . ပုစဉ်းရင်ကွဲတစ်ကောင်လို ရင်ဘတ်ဟောင်းလောင်းနှင့် အသက်ရှင်လိုက်မည်။

"ချစ်ခဲ့ဖူးတာ မှန်ပါတယ်မမ၊ အဲဒီအချစ်ဆိုတာကို အနုစ်နဲ့ အကာ ခွဲခြားလိုက်မယ်ဆိုရင် နွေထက်သာလွန်ဆိုတာ လှွင့်ပစ်လိုက်တဲ့ အခွံမှာ ကပ်ပါသွားတဲ့အမှေးပါးလေးပဲ။ ဆောင်းကမှ ကျွန်တော့်ရင်ထဲက တကယ့်အနှစ်"

"ဟိုက်ရှားပါး! . . , ပြောချက်ကတော့ တောကြက်ခွပ်သံထက် ပြောင်မြောက်တယ်"

"မမနဲ့ မောင်နှမပဲလေ"

"ဟေ့! ငါက မင်းလောက်မတတ်ဘူး။ မဆီမဆိုင် ခွဲမထည့်နဲ့။ အချစ်ဆိုတာ ငါနဲ့အဝေးကြီး"

'ဇ' မမပခုံးတုန် လက်ခါဖြစ်သွားတာကိုပဲကြည့်၍ ရယ်သည်။ အပြင်ထွက်သွားရင်တော့ လူကြီးလူကောင်းဆန်စွာ မစ္စ ဒေါ်သလင်းဖြူ ရယ်လို့ ခန့်ခန့်ထည်ထည်နေသလောက် အိမ်မှာ မောင်နှမနှစ်ယောက်

www.burmeseclassic.com

www.burmeseclassic.com



တည်းဆိုလျှင် ကလေးတွေလို စနောက်နေတတ်ကြသူတွေ။

"အခု မင်း ပညာစုံပြီ 'ဇ'၊ ကြင်ယာစုံဖို့ပဲ လိုတော့တယ်။ အဲဒီတော့ ကြင်ယာစုံဖို့အတွက် မြန်မာပြည်ကိုပြန်ကြွပေတော့"

"ပြန်မှာပါ၊ နွေထက်သာလွန်ဆီကိုလေ"

"အောင်မယ်! ခေါင်းခေါက်လိုက်ရ၊ ဦးနှောက်ထွက်သွားတော့မယ်"

"မမလက်ဆ. . . အဲဒီလောက် ပြင်းသလား"

"လက်မနိုင်ရင် တူနဲ့ထုမှာ"

"လက်စားချေဖို့ပြန်မှာလေ မမရဲ့၊ ကြင်ယာက အဲဒီကိစ္စပြီးမှ"

"အေး. . . အချိန်ဆွဲလွန်းလို့ သူများနောက်လည်း ပါသွားဦးမယ်။ ဝေသီဆောင်းကလွဲရင် မင်းကို ငါဘယ်သူနဲ့မှ သဘောမတူဘူး။ လက်ထပ်တော့မယ်ဆိုရင် ငါ့ကိုကြိုပြီးတော့ အကြောင်းကြား။ မင်းတို့နှစ်ယောက်ရဲ့ မင်္ဂလာပွဲကို ငါကိုယ်တိုင် ကြီးကြီးကျယ်ကျယ် ခမ်းခမ်းနားနား လုပ်ပေးမယ်။ ငါလည်း မြန်မာပြည်မှာပဲ အခြေချတော့မယ်"

"တကယ်"

"အင်း"

"ဟဲဟဲ. . ."

"ဘာ. . . ဟဲဟဲလဲ"

ဆိုတော့ 'ဇ' ဇက်ကလေးပုကာ. . .

"မြန်မာပြည်မှာ အခြေချပြီး ကလေးထိန်းမလို့လားလို့"

"အံမယ်! ထိန်းပါလိမ့်မယ်. . . အားကြီးကြီး"

အဲဒီလိုကြင်နာခဲ့ကြသည့် မောင်နှမတွေ။ 'ဇ' မြန်မာပြည်ပြန်





ခါနီး ခွဲကြရမယ်ဆိုတော့ တစ်ယောက်ကိုတစ်ယောက်က စိတ်မချ။ မှာတမ်းတွေ ခြွေကြသည်မှာ မပြီးနိုင်မစီးနိုင်။

သံယောဇဉ်ဆိုတာ. . . မမြင်နိုင်တဲ့ကြိုးပဲလေ။ တစ်ဦးက မေတ္တာ၊ တစ်ဦးက စေတနာဆိုတာ အမှန်။

"ဖုန်း မကြာခဏဆက်နော် မမ"

"အေးပါ"

"ကျန်းမာရေးလည်း ဂရုစိုက်၊ လိုအပ်ရင် ကျွန်တော့်ကိုမှာ။ အားမနာနဲ့။ ဘာဖြစ်နေနေ ကျွန်တော်ရောက်အောင် လာမှာ"

"နင်လည်း ဘာလုပ်လုပ် သတိဝီရိယရှိပစေနော်။ နင်အောင်မြင်တယ်ဆိုတာပဲ ငါကြားချင်တယ်"

"အဲဒီအတွက် စိတ်ချပါမမ၊ ဟိုမှာ ဆောင်းလည်းရှိနေတာပဲ"

"ဆောင်းကို ငါ့စာထဲမှာလည်း မှာစရာရှိတာတွေ မှာထားတယ်၊ သတိရတယ်လို့ ပြောလိုက်ဦး"

"ဟုတ်ကဲ့"

လေယာဉ်ကွင်းမှာ နှစ်ယောက်သား မျက်ရည်လေး ထဝဲဝဲ။ ဖြူစင်သော ချစ်ခြင်းမေတ္တာသည် ပုလောင်ခြင်းကင်း၍ ထာဝရခိုင်မြဲခြင်းသာ။ အမှန်းမရှိသောကမ္ဘာဆိုလျှင် မမှားပေ။

"ဇ"

လက်ပြနှုတ်ဆက်ရင်းသာ လေယာဉ်ပေါ်သို့ တက်ခဲ့သည်။ အမိနှင့်မခြားသော ကျေးဇူးရှင်ကို ရင်ထဲမှာ ထာဝရဂါရဝပြုလျက်။ မြန်မာပြည်ကို ပြန်ရသည်ဆိုကတည်းက ကိုယ့်တိုင်း၊ ကိုယ့်ပြည်၊ ကိုယ့်မြေမှာပဲ မြေမို့ ရင်ထဲမှာ ကြည်နူးခြင်းတွေက၊ ကာရန်မဲ့ကဗျာတစ်ပုဒ်လို။



www.burmeseclassic.com

www.burmeseclassic.com



ရင်ခုန်ခြင်းတွေ ကသောင်းကနင်းနှင့် မျက်ဝန်းထဲမှာ ချစ်သူ့ပုံရိပ်လွှာ။

ပြီးတော့. . .

အမုန်းပလွေ ရင်မှာပိုက်၍ နွေထက်သာလွန်ကို လက်စားချေဖို့ အရေးနောက်၊ လိုက်ရပေဦးမည်။

◙◙◙



## အခန်း (၁၁)

မြန်မာပြည်သို့ ခြေချခွင့်ရသည်နှင့် 'ဇ' မြန်မာပြည်၏လတ်ဆတ်အေးမြသောလေထုကို တစ်ဝကြီး မျက်လုံးကိုမှိတ်၍ ရှူရှိုက်လိုက်သည်။ ခွဲခွာခဲ့တာကြာပြီဖြစ်တဲ့ အမိမြန်မာပြည်။

ကြိုဆိုပွဲ့ဖက်လိုက်ပုံက. . .

ရင်တစ်ခုလုံးကို ရှိန်းမြ နွေးထွေးသွားစေ၏။ လူအများကြားမှာ ရှူင်းသန့်ချောမွေ့နေသော 'ဇ'ကို လူ့အတော်များများက သမင်လည်ပြန် ငေးမောသွားကြသည်သာ။

ဒါကိုပဲ. . .

'ဇ'အကျေနပ်ကြီး ကျေနပ်နေသည်။ သူ့ပုံစံက ထင်းနေမည်ဆိုတာ သိနေ၏။ ကိုရီးယားမင်းသားလေးလို ချောမောနေတဲ့ 'ဇ'ပါ။

'ဇ'မျက်လုံးတွေက အငြိမ်မနေ၊ နေရာအနှံ့အပြားဆီသို့လှမ်းကြည့်ပြီး ချစ်ရသူလေးကို ရှာနေမိသည်။ လာကြိုဖို့ ဖုန်းဆက်ထားပြီးသား။



www.burmeseclassic.com

www.burmeseclassic.com



ဒါပေမဲ့. . . ရာဇသံဆိုတာကို ဆောင်း သိမှာမဟုတ်ပေ။ ပလပ်တော်ဆောကျရိုလုပ်ပြီး ဓာတ်ပုံမှိပေးပါဆိုတာကို ‘ဖ’မှိမပေးခဲ့။ မြန်မာပြည်ပြန်ရောက်တဲ့အခါ ဆောင်းကို Surprised (အံ့အားသင့်)ပေးပ်မျှင်လို့ပါ။

ပြီးတော့. . .

ဆောင်းနဲ့တွေ့တဲ့အခါ သူဟာ ‘ရာဇသံ’မဟုတ်။ ဂစ်တာရှိတ်ပဲဖြစ်ရမည်။ ဆောင်းပေးတဲ့နာမည်လေးမို့ နှစ်သက်တာ။

“ဟော!”

တွေ့ပါပြီ ဆောင်းကို။ ဘောင်းဘီအနက်၊ ရယ်ဒီမိတ်ပွပွ အပွင့်လှလှအနီခက်များနှင့်။ သူဟာ အခုချိန်မှစ၍ ဂစ်တာရှိတ်။

သူ. . . ဆောင်းအနားဆီသို့ လျှောက်သွားပြီး ခပ်တည်တည်နှင့် ဆောင်းရဲ့ဘေးမှာ ကပ်ရပ်လိုက်သည်။ ဆောင်းမှာ လည်ပင်းလေးရှည်၍ ဟိုမျှော်ကြည့်ဒီမျှော်ကြည့်။

သူပြုံးလိုက်ရင်း မတော်တဆပုံစံနှင့် ဆောင်းရဲ့ပခုံးကို နောက်ကနေ တိုက်ချပစ်လိုက်၏။

“အို!”

“ဟာ”

“အား. . .”

“ဆောရီး”

ဆောင်းက သူမပခုံးလေးကိုဆုပ်ကိုင်လျက် သူ့ကိုခပ်စူးစူးပြန်ကြည့်ကာ. . .

“ဘာဆောရီးလဲ၊ ရှင် တမင်တိုက်ချတာမဟုတ်လား”

“ဟာ. . . မဟုတ်ပါဘူး။ တကယ် မတော်တဆပါ”





“ရှင် ကြောင်လိမ်ကြောင်စားမလုပ်နဲ့၊ စောစောက ရှင် ကျွန်မနောက်မှာရပ်နေတာ ကျွန်မသိတယ်။ ခုမှ တမင်တကာတိုက်ချပြီး မတော်တဆတဲ့”

“ကျွန်တော် တောင်းပန်ပါတယ်၊ ဟို. . . ကျွန်တော့်ကိုလာကြိုတဲ့သူများလားလို့ မေးချင်လို့ပါ။ အဲဒါ မမေးရဲလို့. . . ဟဲဟဲ. . . ခုလိုလုပ်မိတာ”

“အဲဒါကောင်းကောင်းမေးလည်း ရသားပဲ၊ ဟွန်း! ရုပ်ကိုက ကျောက်ကျောကို ရေပက်ထားတဲ့အတိုင်း”

“နိုင်ငံခြားပြန်ပါဗျာ”

“ရှင့်ဟာရှင်. . . ဘယ်ကပြန်ပြန် ဂရုမစိုက်ဘူး”

“စွာလိုက်တာ”

မျက်စောင်းထိုးပြီး တစ်ဖက်သို့လှည့်သွားသော ဆောင်းကိုကြည့်ပြီး သူ့ရင်ထဲမှာ ဘာပိုးတွေ နောင်ကျိန်ချနေသည်မသိ။

ကျလိကျလိနှင့် ယားကျိကျိဖြစ်နေသည်။

“ဒီမှာ”

“ဘာလဲ”

“ဟာ!”

“. . .”

“ကိုယ့်ကိုလာကြိုတဲ့သူလားလို့ မေးမလို့”

“မဟုတ်ဘူး”

သူ မျက်ခုံးနှစ်ဖက်မြင့်တက်သွားပြီး ရယ်လေသည်။ ဆောင်းကာ သူ့ရှေ့မှ ဘောက်ဆတ်ဆတ်ထွက်သွားပြီး နေရာရွှေ့စောင့်၏။ သက်ဝါး



www.burmeseclassic.com

www.burmeseclassic.com



လေးပွတ်လိုက်၊ သံကဲပြင်းလေးချလိုက်နှင့် ဆောင်းကို ကြည့်ကောင်းကောင်းနှင့် ကြည့်နေမိသည်။ ပြီးမှ. . . ဆောင်းအနားကို လျှောက်သွားပြီး. . .

"အမိ"

"လာပြန်ပြီ၊ ရှင် ဒီမှာလာပြီး အမိတွေအဖတွေ 'တ'မနေနဲ့။ လူမှားရအောင်လည်း ကျွန်မက ရှင့်အမေအရွယ်မဟုတ်သေးဘူး။ ကျွန်မမှာ ဘာသားသမီးမှမရှိဘူး"

"သိပါတယ်၊ မင်းပုံစံက အပျိုစစ်စစ် ရေမရောဘူးဆိုတာ"

"ဘာ! "

"မင်းစောင့်နေတာကြာပြီ၊ ဘယ်သူ့ကိုလာကြိုတာလဲ"

"ဘယ်သူဖြစ်ဖြစ် ရှင်နဲ့ဘာဆိုင်လဲ"

"ကိုယ်လည်း လာကြိုတဲ့သူကိုစောင့်နေရတာ ကြာပြီလေ။ တိုက်ဆိုင်နေလို့မေးတာ၊ မင်း ဘယ်သူ့ကိုလာကြိုတာလဲ ပြောကြည့်လေ။ ကိုယ်သိချင်သိနေနိုင်တာပဲ"

ဆောင်း သူ့ကို မျက်လုံးစွေကြည့်၏။ ကိုယ့်မျက်လုံးတွေကို မင်းဘာလို့မကြည့်တာလဲ ဆောင်းရယ်။ ဘာတွေပဲ ပြောင်းလဲပြောင်းလဲ၊ ကိုယ့်မျက်လုံးတွေက မပြောင်းလဲပါဘူး။ ပြီးတော့. . .

မပြောင်းလဲနိုင်တာ မင်းကိုချစ်မိတဲ့အချစ်တွေ။ ဝေးတော့မှ ပိုလို့ချစ်ခဲ့ရတဲ့ ကိုယ့်ရင်ထဲက နှလုံးသား။

"ဘုန်းလျှံမိုးဆိုတဲ့လူကို ရှင်သိလား"

"ဟင့်အင်း"

"အဲလေ. . . ဟို. . . ရာဇသံလို့ခေါ်တယ်"





"ရာဇသံ"

"အင်း. . . သိတော့သိသလိုပဲ"

"သိတယ်. . . သူ. . . သူဘယ်မှာလဲဟင်"

"ရာဇသံက မင်းရဲ့ချစ်သူလား"

"ရှင်တော်တော်စပ်စုပါလား"

"စိတ်မရှိပါနဲ့၊ ဝါသနာပါလို့မေးကြည့်တာ"

ဆောင်းကတော့ သူ့ကိုဘယ်လိုလူပါလိမ့်ဟု တွေးနေရှာမည်။ သူကလည်း နှုတ်ခမ်းစူတာလေးကိုမှ ခရီးဦးကြိုဆိုခြင်းမှာ တစိမ့်စိမ့်ကြည့်နေချင်သေးလို့။

"ရာဇသံက. . . ဟို"

သူ့လက်ညှိုးက ဟိုထိုးပြမလို ဒီထိုးပြမလို။ ဆောင်းက မျက်လုံးလေးလည်ကာ လိုက်ကြည့်တော့ အဲဒီလက်ညှိုးကပဲ ပါးကုတ် နားရွက်ကုတ်ဖြစ်သွားပြန်၏။

"ဘယ်မှာလဲ ရာဇသံ"

"မင်း ကိုယ်နဲ့လိုက်ခဲ့လေ"

"ဘာရှင့်"

"ရာဇသံဆီကို လိုက်ပို့ပေးမလို့"

"ရှင် အူကြောင်ကြောင်မလုပ်နဲ့နော်"

"မလုပ်ရဲပါဘူး"

ဆောင်းက ခါးထောက်ပြီး သူ့ကိုမိုက်ကြည့်ကြည့်ကာ. . .

"ရှင် ဘယ်သူလဲ"

"ကိုယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ်၊ ရှင်ဘယ်သူဘယ်ဝါမသိဘဲနဲ့ ရှင့်နောက်ကို ကျွန်
က ရမ်းလိုက်လို့ဖြစ်မလား"

သူ မျက်နှာပေါ်ကိုပြုဆင်းလာတဲ့ဆံပင်တွေကို ဆတ်ခနဲခါထုတ်
ပြီး ခေါင်းကိုမော့လိုက်ကာ. . .

"ကိုယ့်နာမည်က ဂစ်တာရှိတ်"

"ဟင်! "

ခေါင်းပါးစပ်လေး ပွင့်ဟာလျက်၊ သူ့မျက်နှာကို တအံ့တဩလေး
မော့ကြည့်နေသည်။ သူရယ်လိုက်တော့ သွားထပ်ကလေးက မဖြစ်မနေ
ပေါ်သွားမည်သာ။

ဒါကိုတော့ ခေါင်းမှတ်မိမှာပါ။ နောက်တော့ ခေါင်းမျက်နှာ
လေး ပြုံးလာပြီး. . .

"အဲဒါ စောစောက ပြောပါလား"

"ပြောမလို့ပဲလေ၊ ပြောချင်လွန်းလို့ စပ်မေးတာတောင် မင်းက
လက်ခံလို့လား"

"ရှင်က ကြောင်ဂိုက် ဖမ်းတာကိုး"

"အဲဒါ မင်းကို Surprised လုပ်ချင်လို့ပါ"

"သိပ်မုန်းဖို့ကောင်းတာပဲ"

အမုန်းရဲ့နောက်ကွယ်မှာ အချစ်ရှိသလို၊ ခေါင်းရဲ့နောက်မှာ
သူကပ်လျက် လိုက်ခဲ့၏။

◙◙◙



## အခန်း(၁၂)

"အစ်ကိုစိုး. . . သူက ခေါင်းပြောပြောနေတဲ့ ဂစ်တာရှိုက်ဆို
...လေ။ အဆိုရော အတီးရော တကယ့်ဆရာကြီး"

"ဟာ. . . ခေါင်းကလည်း ကိုယ့်ငါးချဉ်ကိုယ်ချဉ်နေပြန်ပါပြီ"

ခေါင်းက ကိုစိုးဝေဆိုသူနှင့် မိတ်ဆက်ပေးသည်။ ကိုစိုးဝေက
... တစ်ယောက်။

"ခေါင်းပြောပြလို့ ဂစ်တာရှိတ်ဆိုတဲ့နာမည်ကို ကိုယ်တို့ရင်းနှီး
...သားပါ။ နာမည်ကိုက ဆန်းနေတော့ စွဲဆောင်မှုရှိသလိုပဲ။ ဂစ်တာရှိတ်
... ဝါသနာကြီးတဲ့သူဆိုတော့ ကိုယ်တို့ကူညီရမှာပေါ့"

"ကျွန်တော့်ကို ရင်းရင်းနှီးနှီး ရှိတ်လို့ပဲခေါ်ပါ။ ရပါတယ်"

"အေး. . . ကောင်းသားပဲ၊ ခေါင်းညွှန်းထားလို့ တို့က မင်းကို
...ဝင်စားနေကြတာ။ အဲဒီတော့ တို့သီချင်းဝယ်ပြီး အခွေကြမ်းအရင်
...ကြည့်ကြတာပေါ့"

"ကောင်းပါတယ်၊ ငွေရေးကြေးရေးအတွက်လည်း ကိုစိုးဝေကို



www.burmeseclassic.com

www.burmeseclassic.com



စိတ်မပူပါနဲ့။ ကျွန်တော် ကိုယ့်အရင်းအနှီးနဲ့ ကိုယ်လုပ်နိုင်ပါတယ်''

အဲဒီကနေစလို့ ကိုစိုးဝေအကူအညီနှင့် ရှိတ် အနုပညာလော ထဲမှာ ခြေချခွင့်ရခဲ့သည်။ မထင်မှတ်ဘဲ သူ့သီချင်းတွေက ပေါက်ခဲ့ အဆိုတော်ဂစ်တာရှိတ်ဆိုတာ ဖြစ်လာပေမယ့် တစ်ဖက်ကလည်း စီးပွ ရေးလုပ်ငန်းတွေကို နောက်ကွယ်ကနေ စုံစမ်းလှုပ်ရှား၏။

တစ်နေ့ တစ်နေ့. . .

ပြေးလွှားလှုပ်ရှားနေသမျှ နှစ်ဖက်စလုံးက အောင်မြင်မှုတွေန သူဒီလိုလုပ်နေသမျှဟာ နွေထက်သာလွန်ကို ပြန်ပြီးတိုက်ခိုက်ဖို့။

တစ်ဖက်က စီးပွားရေးနှင့်တိုက်၍ တစ်ဖက်က နှလုံးသား နှင့် တိုက်ခိုက်အလဲထိုးဖို့။

▣▣▣



## အခန်း (၁၃)

''အဖြစ်အပျက်တွေက အဲဒါပါပဲဖေဖေ။ သားရဲ့မျက်နှာတစ်ခု လုံး ပျက်စီးသွားပြီးမှ ဒီပုံစံဖြစ်လာခဲ့တာပါ''

''သားရယ်''

ဦးပြည့်စုံလျှို မချိတင်ကဲလေသံကြီးနှင့်။ ရှိတ်၏မျက်နှာကို သူ လက်နှင့်ကိုင်ကြည့်လျက်. . .

''ငါ့သား အရမ်းနာကျင်ခံစားခဲ့ရမှာပဲနော်''

ရှိတ်. . . ဖေဖေ့လက်ကို တင်းတင်းပြန်ဆုပ်ထားလိုက်၏။

''နဖူးက အမာရွတ်ကိုမြင်တိုင်း မပျော်သမာကို သတိရနေတဲ့ ကောဝင့်ပုလ္လားလိုပေါ့ ဖေဖေ''

''ဖေဖေ နားလည်သွားပြီ သား။ လူတစ်ယောက်ဟာ အဆင်းလှ ဖို့ထက် အချင်းလှဖို့က ပိုပြီးအရေးကြီးပါတယ်။ အလှအပကို ခုံမင်ခြင်း ဟာ လူတစ်ယောက်အတွက် အဆိပ်အတောက်ဖြစ်တဲ့အခါလည်း ရှိတယ် ဆိုတာ ဖေဖေသိပြီ''



www.burmeseclassic.com

www.burmeseclassic.com



"ဖေဖေလည်း သတိဝီရိယနဲ့နေပါ ဖေဖေ"

"ဖေဖေသိပါပြီ သားရယ်"

ဦးပြည့်စုံလျှံရင်ထဲမှာ သားအတွက် ခံစားမှုတွေ သိပ်သည်းနေ၏။ သေမင်းလက်မခံလို့ သေရွာက ပြန်လာခဲ့တဲ့သား။

"သားလည်း ခုတော့ တကယ့်အချစ်စစ်အချစ်မှန်ကို တွေ့သွားပြီလေ။ ဆောင်းက သားဘဝမှာ တော်ငါးဝဝင်တဲ့မိန်းကလေးပဲ"

"ဟော! တစ်ဝက ဘယ်ကတိုးလာတာတုန်း သားရဲ့"

"ဟဲဟဲ. . .ချစ်လွန်းလို့ တစ်ဝကို သား ဆုချထားတာ"

"ဘာတွေလျှောက်ပြောနေတာလဲ လူကြီးရှေ့မှာ"

"အား. . ."

ဆောင်းက ရှိုတ်လက်မောင်းကို လိမ်ဆွဲလေသဖြင့် ရှိုတ်က လိုသည်ထက် ပိုအော်ပြလေသည်။

"တွေ့လား ဖေဖေ၊ ဖေဖေ့ချွေးမလောင်း အဲဒီလိုနေရာမျိုးမှာလည်း တော်ဝင်တာ။ ရက်စက်ပြီးမှ ချစ်ပြတဲ့ ရှားပါးအချစ်"

ဆောင်းက ရှက်စနိုးနှင့် ခေါင်းငုံ့သွားလေသည်။ ဦးပြည့်စုံလျှံက ပြုံးပြုံးကြီးနှင့် သားနဲ့သမီးကိုကြည့်လို့။

"သမီးက နာမည်နဲ့လိုက်အောင် အေးချမ်းပါတယ်ကွယ်"

"ဖေဖေ သဘောတူတယ်မဟုတ်လား"

"တူပါတယ် သားရယ်"

ခုတော့လည်း စက္ကန့်လေးများသည် စိန်ပွင့်လေးများ စီခြယ်ထားသလို လင်းလက်တောက်ပနေ၏။

◙◙◙



## အခန်း (၁၄)

ဒေါ်ချောစုနှင့်ဒေါ်ဝကြီး ဈေးဝယ်ထွက်ခဲ့ကြသည်။ အိမ်မှာ သူ့အလုပ်ကိုယ့်အလုပ် မခွဲခြားဘဲ အတူတူပဲလုပ်ကြသည်လေ။ ဒေါ်ချောရှာ ရန်ကုန်မြေကို မသွားတတ်မလာတတ်နှင့်မို့ ဒေါ်ဝကြီး ခေါ်သွားတတ်သည်။ ဒါမှ အရေးကြုံရင် တစ်ယောက်တည်း သွားတတ်မှာ။

"မချော. . .ကျွန်မလက်ကို ကိုင်ထားနော်"

"အင်းပါ မဝရဲ့။ ဟင်း. . .ရန်ကုန်က ကားတွေ အတော်ပေါတာပဲနော်။ ပုရွက်ဆိတ်တွင်းထဲက ပုရွက်ဆိတ်တွေ ထွက်နေသလားမှတ်ရတယ်"

ဒေါ်ချောစုက အညာသူပီပီ ပြောချလိုက်တာ၊ မကွယ်မဝှက် ဘန်တွေပန်တွေမပါ။ ဒါကိုပဲ ဒေါ်ဝကြီးက သဘောကျစွာ ရယ်လေသည်။

"မချော"

"ဟင်"



www.burmeseclassic.com

www.burmeseclassic.com



"လာ"

ဒေါ်ချောစုလက်ကိုဆွဲပြီး ဒေါ်ဝကြီးက လမ်းဖြတ်ကူးလေသည်။ ဒေါ်ချောစုက ဟောသူမို့ ကြောက်လန့်ကာ မကူးရဲဘဲ လက်ကိုဆောင့်ရုန်း၏။ ရုတ်တရက်မို့ ဒေါ်ဝကြီး ဖိဆုပ်မထားမိဘဲ လက်ကလွတ်ထွက်သွား လေလျှင်. . .

"ဟောတော့"

"ဟာ!"

"အမယ်လေး"

ဒေါ်ချောစုမျက်နှာကို လက်ဝါးနှင့်အုပ်၍ ရပ်နေဆဲ။ ဒေါ်ဝကြီး လျင်မြန်စွာ ပြေးဆွဲလိုက်၏။ ရပ်သွားသောကားက ဘီးလိမ့်ရုံမောင်းပြီး ဘေးချ၍ ကပ်ရပ်သွားကာ၊ ကားပေါ်မှ မိန်းမလှလေးတစ်ဦး ဆင်းလာ လေ၏။

"ဘာလဲ ငွေလိုနေလို့လား။ လိုရင်လည်း အေးအေးဆေးဆေး အကူအညီတောင်း။ ပြဿနာတော့ မရှာနဲ့"

"အို. . . မဟုတ်ပါဘူးကွယ်၊ သူက လမ်းမကူးရဲလို့ပါ"

"မကူးတတ်ရင် မလာနဲ့လေ၊ ကားတိုက်ရင် သေတတ်တာ မယ် ဘူးလား"

"သိ. . . သိပါတယ်ကွယ်"

ဒေါ်ချောစုမှာ ရင်ဘတ်ကို လက်ကလေးနှင့်ဖိ၍ မချောလေးကို ငေးမောကြည့်နေသည်။ ဒီမျက်နှာလေး မြင်ဖူးပါတယ်။ ဘယ်မှာမြင်ဖူး လိမ့်။

"အဒေါ် တောင်းပန်ပါတယ်ကွယ်၊ မချောက ပုဂံသူဆိုတော့





ရန်ကုန်ကို သိပ်မကျွမ်းသေးလို့ပါ"

"ဟင်!"

နွေ. . . ဒေါ်ချောဆိုတဲ့အဒေါ်ကြီးကို စူးစိုက်ကြည့်လိုက်၏။ ပုဂံ သူတဲ့၊ ဟုတ်တယ်. . . တူတာပေါ့။ ငယ်ရုပ်၏နုပျိုခြင်းတွေ ကင်းမဲ့ကာ ပါးရေတွန့်နေပေမယ့် တူတာက တူတာပဲ။

အမေ. . . အမေများဖြစ်နေမလား။ နာမည်ကလည်း မချောဆို လား၊ အမေ့နာမည်က ဒေါ်ချောစုလေ။ နွေ လွန်ခဲ့တဲ့ဆယ်နှစ်လောက်က ပုဂံကို တစ်ခေါက်ရောက်ခဲ့သည်။ အဲဒီတုန်းက အမေ့ကို နွေ ဘုရားပျက် တွေကြားမှာ လိုက်ရှာပြီး တွေ့ခဲ့ရ၏။

အမေက စိတ်ဝေဒနာရှင်တစ်ဦး. . .

ချမ်းသာချင်စိတ် ကြီးစိုးနေသော နွေ။ ဂုဏ်ပကာသနတွေကို မက်မောလွန်းသော နွေ။ အရူးမကြီးကို အမေလို့ပြောရမှာ ရှက်၏။ အဲဒါ ကြောင့် သတိရပေမယ့် လူကွယ်ရာမှာပဲ တွေ့ခဲ့သည်။ အဲဒီကတည်းက ပုဂံကိုခြေဦးမလှည့်တော့တာ ယခုထက်ထိ။

ဒေါ်ကြီးကတော့ ပြောသည်။

"ညည်းအဆင်ပြေရင် ညည်းအမေကိုခေါ်သွားပြီး ဆေးလေး ဘာလေး ကုကြည့်ပါလား" တဲ့။

အဲဒီအချိန်က နွေ့မှာ အဆင်မှမပြေသေးတာ။

နွေ. . . ဒေါ်ချောဆိုတဲ့အမျိုးသမီးကို နောက်တစ်ကြိမ်ပြန်ကြည့် ပြီး. . .

"ဒေါ်ကြီးနာမည်က ဒေါ်ချောလား"

"ဒေါ်ချောစုပါကွယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဩော်"

ဩော်တစ်လုံးနှင့်ပင် အဆုံးသတ်၍ နွေ့ ခြေလှမ်းလေးတွဲ့မျှား နှင့် ကားပေါ်သို့ပြန်တက်ခဲ့သည်။ ကားကိုမောင်း၍ ထွက်လာသည့်တိုင် မျက်ဝန်းထဲမှာ အမေ့ပုံရိပ်က စွဲထင်နေဆဲ။

ကံမကုန်ရင်တော့ ပြန်ဆုံကြရဦးမှာပါ အမေ။

အခုပဲ မထင်မှတ်စွာ တွေ့ဆုံခဲ့ကြသည်မဟုတ်လား။ ပူလောင်နေတဲ့နွေ့ဘဝနဲ့ ရိုးသားအေးချမ်းတဲ့ အမေ့မူဝါဒ ဘယ်လိုမှ မကိုက်ညီပါဘူး အမေ။

နွေ့သားကျနေတဲ့ဘဝမှာပဲ ကိုယ့်အယူအဆ၊ ကိုယ့်မူဝါဒနဲ့ နေကြပါစို့။

"မနွေ့ ပြန်လာပြီ"

အိမ်ရောက်တော့ သက်တန့်ခင်က ဆီးကြိုသည်။

"ဦးလှိုု ပြန်ရောက်ပြီလား"

"မရောက်သေးဘူး မနွေ့။ မနွေ့ကို အန်ကယ့်အကြောင်းပြောရဦးမယ်"

"ဟင်! ဘာလဲ"

"အန်ကယ်က သူ့ကျန်းမာရေးကောင်းနေပြီ. . . သက်တန့်ကို အလုပ်ထွက်တော့တဲ့"

"ဘာ! "

နွေ့အသံ ကျယ်လောင်သွားသည်ထင်၏။ သက်တန့်ခင်ကတော့ ထိုအသံကြောင့် ဇက်ပု ကြောက်ရွံ့သွားမည့်သူမဟုတ်ပေ။ တည်ငြိမ်အေး စက်နေလျှင်. . .





"မင်းဘာပြန်ပြောလိုက်လဲ သက်တန့်ခင်"

"မနွေ့ခန့်ထားတဲ့အလုပ်သမားမို့ မနွေ့ အလုပ်မခိုင်းနဲ့ဆိုမှ ထွက်မယ်လို့ ပြောလိုက်တယ်"

နွေ့ ကားသော့ကိုပစ်ချလိုက်ပြီး ဆိုဖာပေါ်မှာ ထိုင်ချ၊ သက်ပြင်း တွေလည်း အခါခါချမိသည်။

"တို့ သိပ်ပြီးအချိန်ဆွဲနေလို့မဖြစ်တော့ဘူး သက်တန့်ခင်"

"အဲဒီတော့ မနွေ့ ဘာဖြစ်ချင်လဲ"

"အဘိုးကြီးကို အမြန်ဆုံးရှင်းပစ်ရမှာပဲ။ လက်နှေးလို့မရတော့ဘူး သက်တန့်ခင်"

"စိတ်ချပါ မနွေ့။ သက်တန့် တာဝန်ကျေစေရပါ့မယ်"

"ပိပိရိရိတော့ ရှိပစေ သက်တန့်ခင်၊ အစထွက်လာလို့မဖြစ်ဘူး။ တစ်ယောက်ယောက်ရိပ်မိလို့ မသင်္ကာဖြစ်လာရင်တော့ ငါ မင်းကိုနှုတ်ပိတ်ရလိမ့်မယ်"

"သက်တန့်ကိုယုံပါ မနွေ့၊ ဘာအစမှ မထွက်စေရဘူး။ ပတ်ဝန်းကျင်ကိုသာ မနွေ့ ဖြေရှင်း"

ဒါလည်းဟုတ်သည်။ အဘိုးကြီးပျောက်သွားပြီဆိုရင် ပတ်ဝန်းကျင်က သို့လောသို့လောတွေ မေးကြမှာ။ အဲဒီအတွက် ကြိုတင်စီစဉ်ရဦးမည်။

လှုကြံရင် ထင်ရှုဖြစ်သတဲ့။

ဦးနှောက်ကို သွေးမှလှေ့ကျင့်ခန်း လုပ်ပေးမှ။

"နီတွတ်နဲ့မင်း အခြေအနေဘယ်လိုလဲ သက်တန့်ခင်"

"အိုကေပါတယ်၊ သက်တန့်ခင်ပါ မနွေ့ရဲ့၊ နီတွတ်ဆိုတဲ့သူ ဘာ



www.burmeseclassic.com

www.burmeseclassic.com



သားနဲ့ထုထားတာ မှတ်လို့။ သူလိုချင်တာကို ကိုယ်က ပေးလိုက်ပြီဆို ကတည်းက သက်တန့်ရှေ့မှာ ပစ်ကျပြီပေါ့။ အခု သက်တန့်က သေဆို ရင်တောင် ကိုယ့်နှာခေါင်း ကိုယ်ပိတ်ပြီး သေပြမယ့်ပုံ''

သက်တန့်ခင်ပုံစံက ဘာကိုမှ အလေးအနက်ထားပုံမရပေ။ ပေး ကမ်းတာ ရက်ရောလှချည်လားဟု တွေးမိသည်။ နွေ့တုန်းက ကိုယ့်ကိုယ် ကိုယ် တန်ဖိုးကြီးလှချည်ရဲ့ဟု သတ်မှတ်သူ။ သိန်းဂဏန်းလောက်ဆို ဆယ်အောက်ရှိလျှင် ဘယ်တော့မှ ကိုယ့်ကိုယ်ကိုယ် ထိုးမကျွေးပါ။ ကြ လိုက်ရင် အချိုကြီးမှ။

ကိုယ့်အတွက် ရေတွင်းတူးပေးနိုင်သူကိုမှသာ ပေးကမ်းစွန့်ကြ သူ။

အခု. . . သက်တန့်ခင်က ပမွှားလေးနှင့်ပင် သူမဘဝကို ဝကွက် အပ်လိုက်တာ။

''ပိုင်တယ်ဆိုပြီး မွေ့ပါလည်းဆုံ၊ သားလည်းဆုံးဖြစ်နေဦးမယ်''

''အဲဒီလိုဖြစ်လာရင်တော့ ဒုတိယသင့်လာမယ့်ဓားက သူ့အတွက် ပေါ့ မနွေ့''

''ပိုင်ရင်လည်း မြန်မြန်လှုပ်ရှားပေတော့ သက်တန့်ခင်။ အဲဒီ အဘိုးကြီးကို တစ်နေ့မြင်နေရရင် တစ်နေ့ ပူလောင်လွန်းလို့''

သူမရင်ကို အေးမြစေခြင်းငှာ စွမ်းဆောင်နိုင်သူက ရှိတ်တစ် ယောက်တည်းသာ။

အဘိုးကြီးမရှိမှ. . . အချစ်ဆိုတဲ့လေဟာပြင်ထဲမှာ သူမ လွတ် လပ်စွာ ပျံသန်းခွင့်ရမှာ။

◙◙◙



## အခန်း (၁၅)

''ဟင်!''

မြင်လိုက်ရသောမြင်ကွင်းက မျက်နှာကိုဖြတ်အရိုက်ခံလိုက်ရသလို ပါပဲ။ မီးဝင်းဝင်းတောက်လျက် မျက်နှာတစ်ပြင်လုံး ကျိန်းစပ် နာကျင် သွားသလို ခံစားရသည်။

ကြည့်စမ်း!

နွေ့သိပ်ချစ်လှပါသော ရှိတ်။ ပလာဇာထဲမှထွက်လာတာ လက် ချင်းချိတ်လို့။ ပြုံးပျော်နေလိုက်တာ မိုးမမြင်လေမမြင်ပါပဲလား။ ရှိတ်ဘေး ကကောင်မလေးကို နွေ့မြင်ဖူးသလိုလိုရှိနေသည်။ ဘယ်မှာမြင်ဖူးပါလိမ့်။

ဟုတ်ပြီ. . .

နွေ့သတိရပါပြီ။ ဒီကောင်မလေး ရာဇသံရဲ့အတွင်းရေးမှူးမလေး ။ တစ်ခါမြင်ဖူးရုံနဲ့ မှတ်မိလွယ်သော မျက်နှာပိုင်ရှင်လေး။ သူ ဘာဖြစ် လို့များ နွေ့ရဲ့ပြိုင်ဘက်ဖြစ်လာတာလဲ။ ရာဇသံကိုလည်း သူမကြောင့် ဘယ်လို့မရ။ ဂစ်တာရှိတ်ကိုလည်း လုယူဖို့ ခြေလှမ်းကျဲနေပြီ။



www.burmeseclassic.com

www.burmeseclassic.com



နွေ ဘာလုပ်ရမလဲ. . .

သူတို့နောက်သို့ နောက်ယောက်ခံပြီး လိုက်ခဲ့၏။

"ဖယ်စမ်းပါ ကိုကိုရယ်၊ ဒီမှာ စိတ်ကျဉ်းကျပ်လှန်းလို့ သေမြင်နေပြီ"

"ကိုယ့်ချစ်သူကို ချစ်လို့ ပခုံးလေးဖက်တာကို"

"ဒီမှာ လွတ်လွတ်လပ်လပ် သွားလို့မရဘူးရှင့်"

ကားအနားကိုရောက်တော့ ရှိတ်က ဆောင်းမျက်နှာပေါ်မှ ချွေးဥလေးများကို တစ်ရှူးစလေးဖြင့် တယုတယသုတ်ပေးသည်။

ဒီလောက်တောင် ချစ်သတဲ့လား ရှိတ်. . .

နွေ သူတို့သွားရာ လျှောက်လိုက်နေမိတာ ကန်တော်ကြီးထဲသို့ ရောက်သည်အထိ။

"ကိုကို"

"ဟင်"

"ဘယ်အထိအောင် သွားမလို့လဲ၊ ဒီမှာထိုင်ကြမယ်လေ"

"ဒီမှာထိုင်လို့ ဘယ်ဖြစ်မှာလဲ ဆောင်းရဲ့"

"ဘာဖြစ်လို့လဲ"

"ဒီဘက်က ဖြတ်သွားဖြတ်လာတွေရှိတယ်လေ။ ကိုကို့ကို အဆိုတော် ဂစ်တာရှိတ်မှန်းသိရင် ဟိုမေးဒီမေး လာမေးကြမှာစိုးလို့။ ချစ်သူနဲ့ ကြည်နူးနေတဲ့အချိန်မှာ လေကြမ်းကြမ်းတိုးရင်တောင် စိတ်တိုတယ် အချစ်ရဲ့"

"ဗိုပြီ"

"တကယ်ပါ အချစ်ရယ်၊ မယုံရင် ရင်ဘတ်ကို ကပ်ပြီး နား





ထောင်ကြည့်။ နှလုံးသားရဲ့စကားသံတွေကို ကြားရလိမ့်မယ်"

ဆောင်းက ရှိတ်ရင်ဘတ်ကို ဖွဖွထုလေလျှင် ရှိတ်ရယ်လေ၏။ ငါးကန်တွေရှိတဲ့နေရာကိုရောက်မှ နေရာရှာပြီး ထိုင်ဖြစ်ကြသည်။ နွေ သူတို့နှင့်မနီးမဝေး ချုံကွယ်လေးမှာ ဝင်နေလိုက်၏။

ရည်းစားလူလု အနှုကျွဲခတ်တဲ့. . .

နွေ့မှာတော့ ဦးခေါင်းကို ဆင်နှင်းခံနေရသလိုပါပဲ။ ရင်ထဲမှာ တဆစ်ဆစ်နာကျင်နေသည်။ အချစ်ကို ဥပေက္ခာပြုပြီး ဘောလုံးလို ဟိုလိမ့်ဒီလိမ့် ကစားခဲ့သောနွေ. . .

ဒီပွဲမှာတော့. . .

ကိုယ်က ကျရှုံးသူ၊ ဝဋ်လည်တာ ထင်ပါရဲ့။

"ကိုကိုက တကယ့်လူထူးဆန်းပဲ"

"ဘာဖြစ်လို့"

"သူများတွေက ကန်ရေပြင်ရဲ့အလှကိုကြည့်ပြီး ချစ်စကားတွေ ကြည်နူးကြတာ။ ကိုကိုက ငါးတွေကိုကြည့်ပြီး ဘယ်လိုကြည်နူးမှာလဲ"

"ဆောင်းရယ်. . . လောကမှာ ကိုယ့်ချစ်သူမျက်နှာကို တစိမ့်စိမ့်ထိုင်ကြည့်ပြီး ချစ်တဲ့အကြောင်းတွေ ပြောရတာလောက် ဘယ်ရှုခင်း ဘယ်မြင်ကွင်းက သာယာကြည်နူးစရာကောင်းမှာလဲ ပြောပါဦး။ ဆောင်းရဲ့မျက်နှာလေးကိုမြင်နေရရင် ကိုကို လကမ္ဘာကိုရောက်သွားသလိုပဲ"

ဒါ. . . ရှိတ်ရင်ထဲက အမှန်ကန်ဆုံးသစ္စာစကားတွေပါ။ ဘယ်သောက်ချစ်သလဲလို့မေးရင် မဖြေတတ်ဘူးလို့ပြောရမည်။ နှိုင်းယှဉ်ပြစရာမရှိလောက်အောင်ကိုပဲ ဆောင်းကိုချစ်တာ။

"ဆောင်း"



www.burmeseclassic.com

www.burmeseclassic.com



"ဟင်"

"ကိုကိုတို့ လက်ထပ်ကြရအောင်နော်"

"စောပါသေးတယ်"

"စောမလား ဆောင်းရဲ့၊ ပညာတွေစုံပြီ၊ ကြင်ယာစုံဖို့ပဲ ကျန်တော့တယ်။ ကိုကို. . . မမကို ဒီတစ်ခါဖုန်းဆက်ပြီး ခေါ်လိုက်တော့မယ်"

"ဘာလုပ်ဖို့လဲ"

"မိန်းမတောင်းပေးဖို့လေ"

ရှိတ်က ဆောင်းလက်ကလေးကိုဆွဲယူပြီး လက်ခုံလေးနှင့် သူ့နှုတ်ခမ်းကို ဖိကပ်ထားသည်။ အဲဒီလိုကြင်နာယုယမှုတွေ နေ့ကို တစ်ဝက်လောက် ခွဲပေးရင်တောင် နွေကျေနပ်မိမှာပါ။ မငိုတတ်တဲ့မျက်ရည်တွေက ပါးပြင်ပေါ်သို့ တစ်လိမ့်ချင်း ဆင်းလာသည်။

အချစ်ကြောင့် ကျတဲ့မျက်ရည်တွေ. . .

"ကိုယ်သိပ်ချစ်တဲ့မိန်းကလေးကို ရိုးရှင်းဖြူစင်စွာနဲ့ပဲ ချစ်ချင်လို့ စောင့်စည်းရတာ စိတ်မောတယ်ကွာ။ ကြာရင် ကိုကိုရူးသွားလိမ့်မယ် မြန်မြန်လက်ထပ်ကြရအောင်နော်။ မြန်မြန်လက်ထပ်မှ မြန်မြန် သားသမီးမီးလေးတွေရ၊ ဘယ်လောက်ပျော်စရာကောင်းမလဲ၊ တွေးကြည့်စမ်း"

"ကိုကိုနော်. . . နားရှက်စရာတွေ လာမပြောနဲ့"

"ဒါရှက်စရာလား ဆောင်းရဲ့၊ ကမ္ဘာ့နိယာမတရားကို"

"မသိဘူး"

ဆောင်းမျက်နှာလေး နီရဲလျက် တစ်ဖက်သို့ရွေ့သွားလေလျှင် ရှိတ်က တိုးလိုက်၏။ ဆောင်း ထပ်ရွေ့မည်လုပ်တော့ ရှိတ် ဆောင်းခေါင်းလေးကိုသိုင်းဖက်ပြီး ရင်ခွင်ထဲမှာ ပွေ့ထားလိုက်၏။





"ဘာပဲဖြစ်ဖြစ်ကွာ. . . ကိုကိုကတော့ မမကိုခေါ်လိုက်တော့မယ်"

"ဆောင်းက လက်မခံဘူးဆိုရင်ရော"

"အခမ့်သိမ်းပိုက်ပစ်လိုက်ရုံပေါ့"

"အို!"

ဆောင်း. . . ရှိတ်မျက်နှာကို အလန့်တကြားမော့ကြည့်တော့၊ ရှိတ်က ရယ်နေသည်။

"ကိုကို ဆောင်းကိုအဆုံးရှုံးမခံနိုင်ဘူး။ ဝေးရမှာလည်းကြောက်တယ်။ ကိုကို ဆောင်းကို ရင်နဲ့မဆန့်အောင် ချစ်တာပါကွာ"

"ဒီကရော မချစ်လို့လား။ မသိတာလည်း မဟုတ်ဘဲနဲ့"

"တကယ်"

"ဘယ်သူက အလကားပြောမှာလဲ"

"ဒါဆို ဆောင်းရဲ့အချစ် စစ်မစစ်ကို ကိုကိုစမ်းကြည့်ရမလား"

"ကိုကိုနော်"

ရယ်သံလေးများက တိုးတိတ်ညင်သာစွာ။ ဒီအချိန်မှာ မိုးပြိုကျလာမည်ဆိုရင်တောင် ချစ်သူ့မျက်နှာကိုကြည့်ရင်း၊ အသေခံပါမည်ဟု လှုပ်လမ်းကိုရှာကြံပြီး ထွက်ပြေးမိမှာမဟုတ်ပေ။

အချစ်သည်. . . မျက်စိလည်း ကန်း၊ နားလည်း ပင်း၏။

"သနပ်ခါးနဲ့ချစ်သူက အတူတူပဲ ဆောင်းရဲ့။ သနပ်ခါးကို စစ်မစစ်သိရအောင် သွေးပြီးမွှေးကြည့်ရတယ်။ အချစ်ကိုလည်း စစ်မစစ်သိရအောင် ပါးပြင်လေးကို နမ်းကြည့်မှပေါ့"

"လူလည်မလုပ်နဲ့"

"ခွင့်ပြုမှာလား"



www.burmeseclassic.com

www.burmeseclassic.com



"ခွင့်မပြုဘဲ အတင်းနမ်းတာ ဘယ်နှခါရှိပြီလဲ"

"ဒါဆို ခုလည်းပဲ"

"အာ. . . ကိုကို"

ဆောင်း လက်ကာလိုက်ပေမယ့် ထိုလက်ကလေးက နောက်ကျ

လို့။ ရှိတ်နှာခေါင်းချွန်ချွန်က ပန်းဝင်သွားသည်။

"ကိုကို့ကို ဘယ်လောက်ချစ်"

"ချစ်ပြီးသားအချစ်တွေတောင် ပြန်ရုတ်သိမ်းလိုက်ချင်ပြီ"

"ဘာဖြစ်လို့"

"ကိုကိုက အချစ်ကြမ်းလို့"

"မကြမ်းပါဘူး အချစ်ရယ်၊ အဲဒါ အနူးညံ့ဆုံး။ ကိုယ်မပိုင်သေ

လို့ လျှော့လျှော့ပေါ့ပေါ့ချစ်နေရတာ။ ပိုင်ဆိုင်ခွင့်ရပြီဆိုမှ"

"ဟင်းနော်"

"အချစ်တံခါးကြီးဖွင့်ပစ်မယ်လို့ ပြောမလို့"

ဆောင်းက အပြုံးနုနုလေးများနှင့် ရှိတ်ကိုမော့ကြည့်သည်။ ချ

သူနဲ့မနီးချင်တဲ့သူ ဘယ်သူရှိပါ့မလဲနော်။ ချစ်သူရဲ့ရင်ခွင်ဟာ ချစ်သူအတွ

အပူအအေး သမမျှတရှိနေသည်မဟုတ်လား။

ချစ်စကားတွေ တတွတ်တွတ်ပြောရင်း. . .

ရင်ခုန်သံတွေကို စိန်စီပြီး ရွှေနှင့်အနားကွပ်နေသော ချစ်သူ

ဦးခေါ်ပတ်ဝန်းကျင်မှာ သိုးချေခြုံထားသော ဝံပုလွေတစ်ကောင်ရှိနေတာ

ဘယ်သူမှ မသိကြ။

ကိုယ်ရက်စက်ခဲ့တုန်းကတော့ အပြုံးတွေ ဗရပွနှင့်။ ကိုယ်ခံ

ဆိုမှ မျက်ရည်တွေ ကသီကနင်ကျပြီး နောင်တရနေလို့ ပြီးမလား။ ကို





တာ အိမ်ထောင်ရှိပြီးသား မိန်းမတစ်ယောက်ဆိုတာကို နွေ မေ့နေသည်။

နှလုံးသားတွေ ဆတ်ဆတ်တုန်လျက်. . .

ပေါက်ကွဲလွင့်စင်ကုန်ပြီ ထင်ပါရဲ့။

နွေ. . . ဘယ်လိုမှသည်းခံနိုင်စွမ်း မရှိတော့ပြီမို့ ရင်ဆိုင်ဖြေရှင်း

စ်ဖို့ ဆုံးဖြတ်လိုက်သည်။

"မင်းသိပ်ပျော်နေသလား ရှိတ်"

"ဟင်!"

ပြိုင်တူမော့ကြည့်လိုက်တော့ နွေထက်သာလွန်. . .။ နှုတ်ခမ်း

ာင့်တွေ ကွေးညွှတ်နေသောမဲ့ပြုံးနှင့်။ စူးရှနီရဲနေသော မျက်လုံးတို့က

ာကိုအလုခံရလို့ မာန်ဖီနေသော ကျားတစ်ကောင်လို။

ဆောင်းက. . .

ကြောက်ရွံ့စွာ ရှိတ်လက်မောင်းကို ဖက်တွယ်ထားပြီး၊ ရှိတ်က

ဆောင်းလက်ကလေးကို ပြန်လည်ဆုပ်ကိုင်ထားလျက် အေးဆေးစွာပဲ ထ

ပ်လိုက်သည်။

ဂစ်တာရှိတ်က ပျော့ညံ့တဲ့ကောင်မှမဟုတ်တာ။ ပြောင်းလဲပြီဆို

ဘည်းက စိတ်ဓာတ်ကအစ မီးပြင်းတိုး၍ အနီရင့်ရောင်တင်ပြီးသား။

တ်ဝန်းနှစ်ခုံဟာ မြားနှစ်စင်းဆိုလျှင် ဘယ်မြားက ပိုပြီးအဆိပ်ပြင်းမလဲ။

"ဒါက ဘယ်လိုဖြစ်တာလဲ ရှိတ်"

"ခင်ဗျားမြင်လည်းမြင်ပြီးပြီ ကြားလည်းကြားပြီးပြီမဟုတ်လား"

"သေချာအောင် ထပ်မေးတာပါ"

"ဒီထက်ပိုပြီးသေချာချင်ရင် မင်္ဂလာဖိတ်စာကို စောင့်ဖတ်လိုက်

ဗ"



www.burmeseclassic.com

www.burmeseclassic.com



"မင်းတော်တော်ယုတ်မာပါလား"

"ဘယ်လို"

ရှိတ် . . . ဟွန့်ခနဲ အသံပေး ပြုံးလိုက်ရင်း . . .

"ခင်ဗျားနဲ့ယှဉ်လိုက်ရင် ကျွန်တော်က ယုတ်မာတယ်ဆိုတဲ့စကား လုံးကို မော့ကြည့်ရဦးမှာ"

"မင်း ငါ့ကိုဘာလို့လှည့်စားခဲ့တာလဲ"

"လှည့်စားတယ် . . . ဟုတ်လား။ ပြန်တွေးကြည့်ပါဦး"

ရှိတ်ပုံစံက မချိုမချဉ်၊ မခိုးမခန့်။

"မင်းနဲ့ငါချစ်သူတွေ ဖြစ်ခဲ့ကြတာကို ဒီအတိုင်းပဲ အသားလွှတ် ကြီး ရပ်စဲလို့ရမယ်ထင်လား ရှိတ်"

"ဟား . . . ဟား . . . ဟား"

ရှိတ် ခေါင်းကိုမော့လှန်ပြီး အားရပါးရရယ်ပစ်လိုက်သည်။ အား ရအောင် ရယ်ပြီးမှ . . .

"ခင်ဗျား ရူးနေသလား ဒေါ်နွေထက်သာလွန်၊ ခင်ဗျားက ငွေ ကြေးပစ္စည်းဥစ္စာတွေအတွက် လောဘကြီးရုံမကဘူး။ အချစ်ကိုလည်း လောဘတကြီးလိုချင်တာကိုး။ အိမ်ထောင်ရှိတဲ့မိန်းမတစ်ယောက်ကို ချစ် ပါတယ်လို့ ပြောရလောက်အောင် ကျုပ်က ငပေါကြီးမှမဟုတ်တာ။ ခင် ဗျားခေါင်းကို ရေခဲသေတ္တာထဲထိုးဝင်ပြီး ပြန်စဉ်းစားကြည့်လိုက်။ ခင်ဗျား ကို ကျွန်တော်ချစ်တယ်လို့ ပြောမိခဲ့လား"

"မင်း . . ."

နွေ အသားတွေ တဆတ်ဆတ်တုန်ပြီး နှုတ်ခမ်းကိုဖိကိုက်ထား မိတာ ပြတ်ထွက်လုမတတ်။ မျက်ရည်တွေက တာတမံများ ကျိုးပေါ





ကျသလို ဒရဟောစီးဆင်းလို့နေ၏။ ကိုယ့်အလှ ကိုယ့်ဒေဝီမှတစ်ပါး အခြား မရှိတော့ပြီလို့ အထင်ကြီးခဲ့သမျှ ကိုယ့်တဝကိုယ် ကြက်ခြေခတ်လိုက်သလို ပါပဲ။

အပွဲပွဲနွဲလာခဲ့သမျှ . . . ဒီပွဲမှာတော့ ကိုယ်ကပဲ လက်နက်ချရ တော့မလို။ အရှုံးတော့ မခံဘူး . . . ကိုယ်ပါ အသေခံပြီး ဗုံးတစ်လုံးကိုကိုင် ပြီး ဖောက်ခွဲပစ်လိုက်မည်ဆိုသောစိတ်ကို ရင်ဝယ် ပိုက်ထားလိုက်၏။

"မင်း ငါ့နှလုံးသားကို ဘာလို့ အငိုလာစတာလဲ ရှိတ်"

"မုန်းလို့"

"ဟင်"

"ရှင်းတယ်နော်၊ နားမလည်ရင် ထပ်မေး။ အခါတစ်ရာမေးလည်း ဖြေဖို့ ဝန်မလေးဘူး"

"မင်းနဲ့ငါ့ကြားမှာ ဘာအငြိုးအတေးတွေ ရှိခဲ့လို့လဲ"

"ချေးခြောက်ကို ရေနှူးဖို့တော့ ဝါသနာမပါဘူး။ ဒါပေမဲ့ သိသင့် တာတော့ ပြောလိုက်မယ်၊ မှတ်သွား . . . ခင်ဗျားရဲ့ ရက်စက်ယုတ်မာမှု ကြောင့် သေသွားခဲ့တဲ့ ဘုန်းလျှံမိုးရဲ့နှလုံးသားအတွက် ခင်ဗျားဆီက နှလုံး သားအကြွေး ပြန်တောင်းတာ"

"ဟင်!"

ရှိတ်၏အံကြိတ်ပြီး ခပ်ဖိဖိဆိုသံက နွေ့နားထဲမှာ မိုးကြိုးပစ်ချ လိုက်သံလိုပါပဲ။ အထပ်ထပ်တုန်ခါမြည်ဟီးလျက်။ နားနှစ်ဖက်ကို လက် နှင့်ပိတ်ပြီး နောက်ဆုတ်သွားတဲ့ခြေလှမ်းတွေက ဒယီးဒယိုင်။

ဘုန်းလျှံမိုးအကြောင်းတွေကို ရှိတ် သိနေပါလား။ ဘယ်လိုသိ သလဲ။ ရှိတ်နဲ့ဘုန်းလျှံမိုးက ဘယ်လိုပတ်သက်နေကြသလဲ။ အခုလို အချိန်



www.burmeseclassic.com

www.burmeseclassic.com



စစ်ကို ရှာဖွေတွေ့ရှိလာမယ်မှန်းသိခဲ့ရင် အစကတည်းက နွေ ဘာကိုမှ လောဘကြီးခဲ့မှာ မဟုတ်ပါဘူး။

အေးအေးချမ်းချမ်းလေးပဲ ဘဝကိုရပ်တည်ခဲ့မှာပါ။ လွန်ကုန်ပါပြီ။ တကယ်ချစ်မိပြီဆိုတော့ နွေ့ဘဝမှာ အချစ်ကလွဲပြီး ဘာမှမလိုအပ်တော့ပါဘူး။

ဘာကိုမှလည်း မမက်မောတော့ဘူး။ အချိန်တိုလေးအတွင်းမှာ ရှုံးလောက်အောင် စေစားနိုင်တဲ့အချစ်သည် အဆိပ်အပြင်းဆုံးလက်နက် ဆန်းကြီးပါလား။ နှောင်းလေပြီပေါ့။

ရေထဲကို ကျခါမှ. . .

နှမြောတသနဲ့ ဆုပ်ဖမ်းလိုက်မိတဲ့ ဆားတစ်ပွင့်ဟာ နောင်တတွေပါလား။

"ကိုကို. . . ဆောင်းတို့ပြန်ကြရအောင်နော်"

ရှိတ် ခေါင်းညိတ်ပြလိုက်ပြီး နွေထက်သာလွန်နှင့်နီးအောင် ရွေ့သို့ခြေလှမ်းတိုးလိုက်၏။

"ဒေါ်နွေထက်သာလွန်"

မော့ကြည့်လိုက်ပုံက တုန်လှုပ်ချောက်ခြားခြင်းတို့ကင်းမဲ့၍ စိတ္တ ဆန်ဆန်။

"ကဲ. . . ကံဇာအကျိုးဆိုတဲ့စကားကို ဗုဒ္ဓဘာသာကိုးကွယ်တာ မှန်ရင် ခင်ဗျားနားလည်မှာပါ။ ကိုယ့်အလှည့်ကျမှ ကြောက်မနေနဲ့။ ခင်ဗျား သွေးမကြောင်တတ်ဘူးဆိုတာ ကျွန်တော်သိတယ်။ ခင်ဗျားမှာ ထုတ်သုံးဖို့ လက်နက်ပုန်းတွေ ကျန်နေသေးရင် ကျွန်တော်စောင့်နေမယ်။ အဆိပ်တော့ ပြင်းပစေပေါ့ဗျာ။ မဟုတ်ရင် ကျွန်တော့်မှာရှိတဲ့ ဖြေဆေးတွေ





လည်း လူသေကိုတောင် အသက်ပြန်သွင်းနိုင်တယ်ဗျ"

နွေ ခေါင်းကို ဆတ်ခနဲမော့လိုက်သည်။ နွေထက်သာလွန်စွာ ပွပြင်းတဲ့မိန်းမဆိုတာ မသိဘူးလား။ အချစ်အတွက်နဲ့ ဒူးထောက်အညံ့ခံမယ်မထင်နဲ့။ လိုချင်တာကိုရမှ ဖြစ်ချင်တာကိုဖြစ်ရမှ ကျေနပ်သူ။

"မင်း. . . ငါပစ်မယ့်လက်နက်တွေကို လွတ်အောင်ရှောင်နိုင်ပါ့မလား"

"ကိုယ့်သမိုင်းကိုယ်ရေးကြကြေးလေ။ အဆိပ်ပြင်းတဲ့မြွေပွေး မြွေဟောက်တွေလည်း တစ်ခါတလေတော့ ပင့်ကူရေ့ကို မျက်စိမှောက်ရောက်သွားလို့ ဦးနှောက်ကို အဖောက်ခံရသေးတာပဲ"

နွေ. . . ရှိတ်ကို ပျော့တွက်လို့တော့ မရပေ။

"မင်း. . . မင်းရဲ့ဖနီးလောင်းကို မယ်သီတာလို သံကွန်ခြာ ခုနစ်လယ်နဲ့ အုပ်ထားနိုင်အောင် ကြိုးစား. . . ရှိတ်"

"ဟင်!"

"ကိုကို"

ဆောင်းက ရှိတ်ကိုမော့ကြည့်၏။ ရှိတ်က ဆောင်းပခုံးလေးကို တင်းတင်းဖက်၍ အားပေးလိုက်သည်။ မကြောက်နဲ့ဆိုတဲ့သဘော။

"ဒီစိန်ခေါ်ပွဲက ဆောင်းနဲ့မဆိုင်ဘူးထင်တယ်"

"တစ်နွယ်ငင် တစ်စင်ပါပေါ့ကွာ"

"တောက်!"

"ဟင်းဟင်း. . ."

ရှိတ် ချစ်သူ့လက်ကလေးကိုဆွဲလျက် နွေထက်သာလွန်ထံရှေ့မှ ထွက်ခဲ့လေလျှင်. . .



www.burmeseclassic.com

www.burmeseclassic.com



"နေဦး"

ရှိတ် ခြေလှမ်းကိုရပ်၍ လှည့်မကြည့်။

"မင်းတို့နှစ်ယောက် ပေါင်းရလိမ့်မယ်မထင်နဲ့"

ရှိတ် ချာခနဲပြန်လှည့်လာပြီး. . .

"အချစ်စစ်အချစ်မှန်ဆိုတာ လူချင်းဝေးတောင် နှလုံးသားချင်းက အမြဲနီးနေမှာပဲ။ ဒါတွေကို ခင်ဗျားခံစားတတ်မှာမှ မဟုတ်တာ။ ပြောနေလည်း အပိုပဲ။ စေတနာကောင်းနဲ့ စိတ်ကောင်းလေးဝင်လာတုန်း စကားလက်ဆောင်လေးတော့ ပါးခဲ့ပါရစေ"

နွေက မျက်လုံးကိုမှေးစင်း၍ လက်ပိုက်ကာ ကြည့်နေသည်။

"အမှောင်ကလူတွေကို တရားဥပဒေက လိုက်ပိုက်ကြည့်မနေဘူး။ အမြဲလိုက်ချောင်းနေတယ်ဆိုတာ ခင်ဗျားမမေ့နဲ့"

"ဟား. . . ဟား. . . ဟား"

◙◙◙



## အခန်း (၁၆)

"ဆောင်း. . . ကြောက်လိုက်တာ ကိုကိုရယ်၊ သူ ဘာတွေများ မကောင်းကြံဦးမလဲ မသိဘူးနော်"

"ကိုကိုရှိနေတာပဲ ဆောင်းရယ်၊ ဘာကြောက်စရာရှိလဲ။ ဆောင်းကို ထိကြည့်၊ ကိုကို အသက်ချင်းလဲပစ်လိုက်မယ်"

ဆောင်း သက်ပြင်းလေးချမိ၏။ ရှိတ်ကတော့ ဘာကိုမှမမှုသည့်ပုံနှင့် တည်ငြိမ်နေသည်။

"ဟော. . . သမီးပြန်ရောက်နေပြီ"

"ဟုတ်ကဲ့အမေ"

"သမီးရဲ့ဒေါ်ကြီး ဖုန်းဆက်တယ်သမီးရဲ့။ အမေ့ကျန်းမာရေးကောင်းသွားပြီဆိုတော့ ဝမ်းသာလွန်းလို့ ငိုသံပါကြီးနဲ့"

"ဒေါ်ကြီးရော နေကောင်းရဲ့လား အမေ"

"ကောင်းတယ်သမီး။ သမီးရဲ့မမတောင် ဖုန်းဆက်တယ်တဲ့"



www.burmeseclassic.com

www.burmeseclassic.com



"ဟင်! မမ"

မမဆိုသောကြောင့် ဆောင်းကိုယ်လေး တောင့်ခနဲဖြစ်သွားချေ၏။ ငယ်ငယ်လေးကတည်းက ကွဲကွာသွားခဲ့သောမမ။ မမ ဘယ်မှာလဲ။ ဘာ တွေလုပ်နေလဲ. . . သိချင်စိတ်က ပြင်းပြလာချေ၏။

"မမ. . . မမက ဘယ်မှာတဲ့လဲဟင် အမေ"

"သမီးကြီးက သူ့နေတဲ့နေရာကို မပြောဘူးတဲ့။ ရှေ့လ သူ့မွေး နေ့မှာ ပုဂံကိုပြန်လာခဲ့မယ်လို့ ပြောတာတဲ့ သမီးရဲ့။ အဲဒါ အမေတို့ကို တွေ့ချင်ရင်လာခဲ့ဖို့ပြောတာ"

"အို. . . သွားရမှာပေါ့ အမေရယ်။ သွားမယ်နော်"

"အမေလည်း သမီးကြီးကိုတွေ့ချင်တာပေါ့ကွယ်"

အမေကပြောရင်း မျက်ရည်ကျသည်။ သားဆိုတာ ကျားနဲ့တူ သလို သမီးဆိုတာ မီးနဲ့တူသတဲ့။ သမီးကြီးအတွက် ဒေါ်ချောစုရင်ထဲမှာ မီးလိုပူနေသည်။

ငယ်ငယ်ကတည်းက လှချင်ပချင် ချမ်းသာချင်လွန်းတဲ့ သမီး ကြီး။ ဘယ်ဘ၀ ဘယ်အခြေအနေကိုများ ရောက်နေပြီလဲ။

"ဟာ. . . အမေ ဘာလို့ငိုတာလဲ၊ အမေငိုတော့ ဆောင်းလည်း ငိုတော့မယ်"

ရှိတ်က ထိတ်ထိတ်ပျာပျာပြောလေတော့၊ ဒေါ်ချောစု မျက်ရည် တွေကို ကပျာကသီသုတ်ပြီး ပြုံးသည်။

ဟုတ်တာပေါ့. . . ဝမ်းသာရမယ့်အချိန်မှာ ဝမ်းနည်းမျက်ရည် တွေက ကျသင့်သလား။ ကိုယ်ဖော်ကဲ့ဆေးကို ကိုယ်ပြန်မျိုချပစ်မှ။

"ခွေးကောင်လေး နှင့်အကြောင်း ငါမသိဘူးမှတ်လို့လား"





"ဗျာ! ဘာလဲ အမေ"

"အမေငိုတာကို မမြင်ရက်လို့ မင်းပြောတာမှမဟုတ်ဘဲ၊ သမီး ငိုတာကို မမြင်ရက်လို့ပြောတာမဟုတ်လား"

"အမေကလည်း. . . ဟဲဟဲ"

ရှိတ်က ဆောင်းကိုငဲ့ကြည့်ပြီး ရယ်လေသည်။ ဆောင်းက မျက် စောင်းထိုး၍ ထောပနာပြုချေ၏။

"အမေ. . . အမေ့သမီးကို နည်းနည်းပါးပါးလည်း ကြည့်ပြော ထားဦး"

"သမီးက ဘာဖြစ်လို့လဲ သားရဲ့"

"ခဏခဏ မျက်စောင်းထိုးလို့၊ သူသာ နဂါးမဆိုရင် ကျွန်တော် ခြာကျတာ ကြာပြီ"

"အို! အမေ့ရှေ့မှာ"

"ရှက်မနေပါနဲ့သမီးရယ်၊ အမေလည်း ငယ်ရာက ကြီးလာတာ သိပါတယ်ကွယ်"

"ဟာ. . . အမေသိတယ်လား"

"ဟဲ့! သိတာပေါ့။ မင်း နေရာတကာအဖြစ်သည်းပြနေတာ၊ မမြင် ချင်လည်း မြောင်လို့ကိုမလွတ်ဘူး"

"သိရင်လည်း တစ်ခါတည်းပဲ တောင်းလိုက်တော့မယ်အမေရယ် ကျွန်တော် ဆောင်းကိုလက်ထပ်ပါရစေ"

"ဟယ်"

ဒေါ်ချောစု ရယ်ချင်သည့်ကြားမှ သက်ပြင်းချပစ်လို[illegible] ရ ယ်တွေ ခုလိုပွင့်လင်းကြတာ ကောင်းပါတယ်လေ။



www.burmeseclassic.com

www.burmeseclassic.com



"မင်းတစ်ယောက်တည်း တောင်းတာနဲ့ ပြီးသွားရောလား ရှိတ်၊ ငါက ငါ့သမီးကို ဟင်းရွက်ကန်စွန်းလို ပေါ်ပေါ်လောလောနဲ့ မင်းလက်ထဲ ထည့်ပေးလိုက်ရမှာလား"

"မဟုတ်ဘူးလေး အမေရဲ့၊ ဟို. . . ခုက အကြိုတောင်းထား တာ၊ အသိပေးတဲ့သဘောပေါ့။ နောက်တော့ လူကြီးစုံရာနဲ့ လာတောင်း မှာပါ။ ကျွန်တော်က လက်ထပ်ချင်နေပြီ၊ အမေ့သမီးက ခေါင်းမညိတ် လို့"

ဒေါ်ချောစု သမီးမျက်နှာလေးကိုကြည့်ကာ. . .

"ဟုတ်လား သမီး"

"ဟုတ်. . . သမီး လွတ်လွတ်လပ်လပ်နေချင်သေးလို့ပါ အမေ"

တွေ့လားဆိုတဲ့သဘောနဲ့ ရှိတ်က ဆောင်းကို မျက်စပစ်ပြသည်။ ဒေါ်ချောစု မိဘတို့ဝတ္တရားရှိသည့်အတိုင်း လူကောင်းသူကောင်းလေးနဲ့ တွေ့တုန်း သမီးကညာ အခါမလင့်စေဖို့အတွက်. . .

"သမီးအရွယ်က မငယ်တော့ဘူးလေ သမီးရဲ့၊ အသက်နှစ်ဆယ် ကျော်လို့ အစိတ်ပဲဖြစ်နေပြီ။ ဟိုစကားပုံတောင် ရှိသေးတာပဲကွယ်"

"ဘာလဲ. . . အသက်အစိတ်မှ ပုခက်မချိတ်ရရင် မနိုင်တော့ဘူး ဆိုတဲ့စကားပုံလား မချော"

"ဟာ. . . ဒေါ်ဝကြီးကလည်း ဘာတွေလျှောက်ပြောနေတာလဲ"

ဒေါ်ဝကြီးက ပန်းသီးစိတ်တွေ လာပို့ရင်း ပြောလိုက်တဲ့စကား ပုံကြောင့် ဆောင်း မျက်နှာကို ဘယ်မှာဝှက်ထားရမှန်းမသိ။ ရှိတ်ကတော့ အမြင်ကတ်စရာကောင်းလောက်အောင် ရယ်နေ၏။

"မဝ ပြောတာ မှန်တယ်သမီးရဲ့"





"အမေ"

"အမေတွေဘာတွေ လုပ်မနေနဲ့တော့ ဆောင်း။ ကိုကို့အုပ်ထိန်း သူတွေကို ခေါ်လိုက်တော့မယ်"

"မသိဘူး"

"မသိဘူးဆိုတာ လက်ခံတာပဲ"

စကားကောင်းနေကြခဲ၊ ဟန်းဖုန်းသံမြည်လာသဖြင့် ရှိတ် မျက် ခုံးနှစ်ဖက် မြင့်တက်သွားသည်။ နားထောင်လိုက်တော့ ဦးထက်မြက်သူ ဆီက။

"ဦးထက်မြက်. . . ပြော"

". . ."

"ဗျာ"

". . ."

"ဟုတ်ရဲ့လားဗျာ"

". . ."

"သေသေချာချာစုံစမ်းကြည့်ပါဦးလား"

". . ."

"နိုင်ငံခြားကိုထွက်သွားတယ်၊ ဟုတ်လား"

". . ."

"ဟာ! သူ့မိန်းမစကားက သိပ်ယုံရတာမဟုတ်ဘူး"

". . ."

"ကောင်းပြီလေ၊ ကျွန်တော် ခုပဲလာခဲ့မယ်"

ရှိတ် ဖုန်းကိုပိတ်ပြီး သက်ပြင်းချလေတော့. . .



www.burmeseclassic.com

www.burmeseclassic.com



"ဘာလဲ ကိုကို"

"အလုပ်ကိစ္စပါ၊ ဆောင်း. . . ကိုကိုနဲ့လိုက်ခဲ့ရမယ်"

"ဒါဆို ဆောင်း အဝတ်လဲလိုက်ဦးမယ်"

"ဒီအတိုင်းပဲ လိုက်ခဲ့ပါ ဆောင်းရယ်၊ အချိန်မရဘူး။ အရေးကြီးတယ်"

ပြောရင်း ရှိတ်က ရှေ့မှထွက်သွားလေသဖြင့် ဆောင်း လိုက်ခဲ့ရလေတော့သည်။ ဘာအရေးကြီးကိစ္စ ပေါ်လာပါလိမ့်။

"ဖြည်းဖြည်းလာလေ၊ ဘာလို့ပြေးလာတာလဲ။ မှောက်လဲနေမှဖြင့်"

"ကိုကိုပဲ အရေးကြီးတယ်ဆို"

"ကိုကို့ဘဝမှာ ဆောင်းက အရေးအကြီးဆုံးပဲ"

"အရေးထဲမှာနော်"

သူများတွေကြားရင် အကဲပိုလိုက်တာလို့ ပြောကြဦးမည်။ ကားပေါ်ကိုရောက်တော့. . .

"ခု. . . ကိုကို ဘယ်ကိုသွားမှာလဲ"

"နွေထက်သာလွန်ဆီကို"

"ဟင်!"

ကားက ဝူးခနဲမောင်းထွက်လေသဖြင့် ဆောင်း ဘာမှဆက်မမေးဖြစ်တော့ပါ။

◙◙◙



## အခန်း (၁၅)

စီးကရက်ဖွာရှိုက်နေသော နွေထက်သာလွန်ကို သက်တန့်ခင်ငေးစိုက်ကြည့်နေ၏။ ခြေချင်းချိတ်၍ ထိုင်နေသဖြင့် ခြေသလုံးသားဖွေးဖွေးလေးတွေကို မြင်နေရသည်။ ဝတ်ထားတာက စတော်ကင်အနက်။ ဒူးအောက်ကျရုံမို့ ခြေသလုံးကို မြင်နေရတာ။

အခုထိ ဘာစကားတစ်ခွန်းမှ မဆိုဖြစ်ကြသေးပေ။ သက်တန့်ခင်လည်း အားကျမခံ။ စီးကရက်တစ်လိပ်ကို လှမ်းယူပြီး မီးညှိလိုက်၏။ သည်တော့မှ. . . နွေက သက်တန့်ကိုငဲ့ကြည့်ပြီး. . .

"ငါနိုင်းတဲ့ကိစ္စကို မင်းက အောင်မြင်အောင် ဆောင်ရွက်ပေးနိုင်တယ်ဆိုတော့ ဘယ်လောက်ထပ်လိုချင်လဲ. . . ပြော"

သက်တန့်ခင်က လက်ငါးချောင်းကို ဟန်ပါပါထောင်ပြရင်း. . .

"ငါးသိန်း"

"များလှချည်လား"



www.burmeseclassic.com

www.burmeseclassic.com



"မနွေပိုင်ဆိုင်ရမှာက ထောင်ချိုနေတာလေ"

"ငါက ဘဝတစ်ခုလုံး ရင်းခဲ့ရတာကိုးကွ"

"သက်တန့်လုပ်ခဲ့ရတာရော လွယ်လို့လား။ အဆင်မသင့်ရ ကျောင်းမှာ။ လူတစ်ယောက်ကိုသတ်ခဲ့တာ ပုရွက်ဆိတ်တို့ ကြမ်းပိုးလို လက် နဲ့ဖျစ်သတ်ပြီး ပစ်ထားခဲ့လို့ ရတာမဟုတ်ဘူး"

နွေ ထိုင်နေရာမှ ထသွားပြီး နံရံမှာချိတ်ထားသည့် ဦးပြည့်စုံလျှ ၏ကျက်သရေဆောင် ဓာတ်ပုံကြီးကိုမော့ကြည့်ပြီး လှောင်ခနဲပြုံးလိုက်သည် ခုတော့ ရှင် ဘာတတ်နိုင်သေးလဲ ဦးပြည့်စုံလျှံ။

ပန်းတွေရဲ့အလှမှာ ယစ်မူးတတ်ကြတဲ့ ပျားပိတုန်းမှန်သမျှ အဆီ ရည်ဝနေတဲ့ပန်းနဲ့တွေ့ရင် ခုလိုပဲ ဘဝဆုံးကြရမှာ။

"နီတွတ်ကို မင်း ဘယ်လိုရှင်းမလဲ သက်တန့်ခင်"

"အဲဒါက ပါးပါးလေးပါ၊ နီတွတ်က သက်တန့်ဆီက သူလိုချင် တာရနေသရွေ့ ပုတ်သင်ညိုလေးတစ်ကောင်ပဲ။ သူ့ကိုခွေမျိုးမပြတ် ရွေ တစ်မတ်လုပ်ထားရင် ရပြီ။ မရနိုင်တော့တဲ့နေ့ သစ္စာဖောက်တို့ သွားရ လမ်းပေါ့"

သူကလည်း ကိုယ့်လိုရက်စက်တတ်သူမို့ ယုံကြည်ချင်ပါသည် သို့ပေမယ့် လူဆိုတာ အခက်သားလား။ တစ်ခုကတော့ လူသတ်မှုကျ လွန်သူက ကိုယ်ကိုယ်တိုင်မဟုတ်ခြင်းပင်။ သတ်တဲ့သူကတော့ သူ့လည် ပင်းသူ ဘယ်မှာကြိုးကွင်းစွပ်မှာလဲ။

"ကောင်းပြီလေ၊ မင်းတောင်းတဲ့ငါးဆယ်ကို ငါပေးမယ်"

"အဲဒီလိုလုပ်စမ်းပါ၊ တန်ပါတယ် မနွေရဲ့"

"အပိုတွေမပြောနဲ့၊ တစ်ခုတော့ ကြိုပြီးသတိပေးမယ်။ မင်းရ





လှမ်းမှားလို့ ဖိကုတ်ခံရရင် ကိုယ့်ထိုက်နဲ့ကိုယ့်ကံပဲရှိပစေနော်။ ငါးလုံးရှည် နဲ့တော့ ပတ်ရမ်းဖို့ မကြိုးစားနဲ့"

"အဲဒီအတွက် စိတ်ချ၊ လူမိုက်ပဲဖြစ်ဖြစ် လူယုတ်မာပဲဖြစ်ဖြစ် သူနဲ့တန်ရာ သစ္စာကတိရှိရမယ်။ ကိုယ်ဖြစ်ကိုယ်ခံပဲ"

"မင်းရဲ့စိတ်ဓာတ်ကိုကြိုက်တယ်"

နွေ . . . ဦးပြည့်စုံလျှံ၏အခန်းထဲမှာမို့ ဦးပြည့်စုံလျှံ၏ စာကြည့် စားပွဲပေါ်မှာ တင်ထားလေ့ရှိသည့် လောကနတ်ပန်းပုကို ကောက်ကိုင်ပြီး လက်ထဲမှာ ချိန်ဆနေသည်။

"ဒီကနေ အလုပ်ထွက်သွားတာနဲ့ မင်းနဲ့ငါ ဘာမှမပတ်သက် ခဲ့ဘူးလို့ သတ်မှတ်လိုက်တော့ သက်တန့်ခင်"

"သက်တန့်ကလည်း ဖက်ဘောင်းခံပြီး သမင်လည်ပြန်ကြည့်ရ တာကို ဝါသနာမပါဘူး"

"အဲဒါကောင်းတယ်"

နွေ . . . အရှပ်နှင့်ချိန်ဆနေသောလက်ကို လှုပ်ရှားလိုက်သည်။ ဦးပြည့်စုံလျှံ၏ဓာတ်ပုံကြီးကို ချိန်ရွယ် ပစ်ပေါက်လိုက်ခြင်းပါ။ ဒါ သူများ လုံနဲ့တိုးသတ်ပြီးသား ကျားကို . . . နင်လားဟဲ့လို့ . . . ဖနောင့်နဲ့ပြေးပေါက် သူလို။

"ချွမ်း! "

မှန်စတွေက အစိတ်စိတ်အမွှာမွှာနှင့် ကွဲကြေသွားသည်။

"ဓာတ်ပုံကအစ မထားတော့ပါလား"

သက်တန့်ခင်က ပြုံး၍ဆိုသည်။

"ဒီအိမ်မှာ ငါ အရှင်သခင်ဖြစ်သွားပြီ။ အရာရာတိုင်းမှာ ငါပဲ



www.burmeseclassic.com

www.burmeseclassic.com



အုပ်စိုးမယ်"

"မှန်ပါတယ်"

နွေ မေ့ဖို့ကြိုးစားရင်း ဖျတ်ခနဲ သတိရမိသွားတာက အချစ်

သူ့မဘဝမှာ အရာအားလုံးပြည့်စုံသွားပေမယ့် အချစ်မရှိတော့ အဓိပ္ပာယ်

မဲ့နေသလိုလို။

နှုတ်ခမ်းကို ဖိကိုက်ရင်းပဲ. . .

မှန်းလို့ဆိုတဲ့ ရိုက်စကားတွေကို အထပ်ထပ်ကြားယောင်မိသည်

မုန်းစမ်း! နင်မုန်းလေ ငါကချစ်လေပဲ ဂစ်တာရိုက်။ လူဆိုတာ မရနိုင်တာ

ကိုမှ ပိုလိုချင်ကြတဲ့အမျိုး။

"အရာအားလုံးမှာ ငါအနိုင်ရခဲ့တယ်။ အရှုံးမရှိခဲ့ဘူးတဲ့ငါ့ဘဝ

မှာ ဒီအရှုံးက ပထမဆုံးပဲ"

သက်တန့်ခင်ကိုပြောပြနေတာလား။ သူ့ကိုယ်သူ ပြောနေတာ

လားတော့ မသိပေ။

"ဘယ်အရှုံးလဲ မနွေ"

"ငါ အချစ်ရှုံးခဲ့တာ"

"ဘယ်လို"

"ငါ ဒီတစ်ခါတော့ ရှုံးသွားပြီထင်တယ်"

"မနွေ အချစ်ဆိုတာကို တကယ်ရော ခံစားတတ်လို့လား"

ရိုဝေသောမျက်ဝန်းအစုံနှင့် နွေ သက်တန့်ခင်ဘက်သို့ လှည့်လာ

သည်။

"မုဆိုးတစ်ပိုင်း မိန်းမရှိုင်းကြီးမှာလည်း ချစ်တတ်တဲ့နှလုံးသား

နဲ့ပါ သက်တန့်ခင်ရယ်"





"ဟား. . . နားရှိလို့သာ ကြားရတယ်၊ ယုံကိုမယုံဘူး"

"မင်းလည်းမချစ်တတ်သေးလို့ပါ သက်တန့်ခင်၊ ချစ်တတ်လာ

တဲ့တစ်နေ့မှာ အချစ်ကြောင့် သံမဏိတွေ အရည်ပျော်ကျသွားတယ်"

"မနွေ ဘယ်သူ့ကိုချစ်ခဲ့တာလဲ"

"ဂစ်တာရိုက်ပဲပေါ့"

သက်တန့်ခင် ဘာတွေတွေးနေလဲတော့ မသိပေ။ နွေကတော့

အချစ်သင့်တဲ့ငှက်တစ်ကောင်လို တောင်ပံကျိုးငှက် အပုံရခက်နေ၏။

"မမလေး"

နီတွတ် ဝင်လာပြီး ခေါ်တော့. . .

"ဘာလဲ နီတွတ်"

"ဧည့်သည်"

"ဘယ်သူလဲ"

"ရာဇသံ"

"ဘာ!"

"သူက ဆရာနဲ့တွေ့ချင်လို့တဲ့"

"အခု ဘယ်မှာလဲ"

"ဧည့်ခန်းထဲမှာ စောင့်နေတယ်"

"ငါလာခဲ့မယ်၊ သွားနှင့်"

"ဟုတ်ကဲ့"

နွေ တွေခနဲဖြစ်သွား၏။ သက်တန့်ခင်က သုတ်ခနဲထသွားသည်။

အလိုက်သိခြင်းလို့ခေါ်မလား။

ရာဇသံ. . .



www.burmeseclassic.com

www.burmeseclassic.com



ဒီကိုဘာလာလုပ်တာလဲ။ ဦးလှုံ့နဲ့ အဆက်အသွယ်ရှိနေပြီထင်ပါ့။ သူမချည်းကပ်ခဲ့တုန်းကတော့ လက်မခံဘဲ ဦးလှုံ့နဲ့ကျမှ ဘယ်လိုအဆင်ပြေသွားပါလိမ့်။

နွေ့ . . . ရာဇသံနှင့်တွေ့ဖို့ ဆင်းလာတော့၊ ရာဇသံရဲ့ဘေးမှာ ကိုယ့်ပြိုင်ဘက်ကိုတွေ့လိုက်ရသဖြင့် ဒေါသက ထောင်းခနဲထွက်သွားသည်။

"ဩော် . . . မင်းပါ ပါလာတာကိုး"

"သူက ကျွန်တော့် စက္ကထရီပဲလေ၊ ကျွန်တော်သွားရာ သူလိုက်ရမှာက သူ့ကတာဝန်ပဲ"

"မင်း . . . သူ့အကြောင်းကို ဘယ်လောက်သိလို့လဲ ရာဇသံ"

"ခင်ဗျား ကျွန်တော့်ကို အဲဒီလိုခေါ်ခွင့်မရှိဘူး"

"ဒါ ငါ့အိမ်၊ ငါ့ပိုင်နက်လေ၊ ငါခေါ်ချင်သလိုခေါ်မှာပေါ့။ မင်းကို ဦးတပ်ပြီး တလေးတစားခေါ်ရအောင် ငါက မင်းကုမ္ပဏီကဝန်ထမ်းမဟုတ်ဘူး။ လာရင်းကိစ္စကိုပြော. . . ပြီးရင်ပြန်တော့"

"ကျွန်တော် ခင်ဗျားနဲ့တွေ့ဖို့လာတာမဟုတ်ဘူး၊ ဦးပြည့်စုံလှုံ့နဲ့တွေ့ဖို့ လာခဲ့တာ"

"သူမရှိဘူး"

"ဘယ်သွားတာလဲ"

"နိုင်ငံခြား"

"ဘယ်နိုင်ငံကိုသွားတာလဲ"

နွေ့ မျက်မှောင်ကြုတ်သွားလေ၏။ သူ အဲဒီလောက်ထိ လိုက်မေးစရာ လိုလို့လား။

"မင်း အလုပ်ကိစ္စဆွေးနွေးဖို့လာတာလား။ ဦးပြည့်စုံလှုံ့ရဲ့ကိုယ်





ရေးရာဇဝင်ကို လာစုံစမ်းတာလား ရာဇသံ"

"ကျွန်တော်ကလည်း လိုအပ်လို့မေးတာပါ"

"လိုအပ်တဲ့အကြောင်းရင်းက"

"ကျွန်တော့်ကုမ္ပဏီမှာ သူ့ကိုရှယ်ယာဝင်ဖို့ လက်ခံထားတယ်"

"သူ့လုပ်ငန်းကို ငါဆက်လုပ်မှာ"

"အဲဒါဆိုရင်တော့ ဆောရီးပဲ၊ ကျွန်တော်က အမျိုးသမီးရှယ်ယာရှင်တွေကို လက်မခံဘူး"

"ဘာ"

ရာဇသံ ထိုင်နေရာမှ ထရပ်လိုက်၏။ ဦးပြည့်စုံလှုံ့ နိုင်ငံခြားသွားမယ်ဆို သူတို့ကိုပြောသွားဖို့ကောင်းသည်။ ခုတော့ တိုးတိုးတိတ်တိတ်ထွက်သွားတာ ဘာသဘောလဲ။

"ဦးပြည့်စုံလှုံ့ မရှိဘူးဆိုတော့ ကျွန်တော့်မှာလည်း ပြောစရာကောင်းမရှိတဲ့အတွက် ပြန်ခွင့်ပြုပါဦး၊ ဒေါ်နွေ့ထက်သာလွင်"

"ကောင်းပြီ. . . ဦးပြည့်စုံလှုံ့မရှိလို့ အလုပ်ကိစ္စမပြောချင်တော့ဘူးဆိုရင် မပြောနဲ့ပေါ့။ ဒါပေမဲ့ မင်းရဲ့အတွင်းရေးမှူးကိစ္စတော့ ဆွေးနွေးချင်တယ်"

"ဘာလဲ"

"မင်း သူ့အကြောင်းကို ဘယ်လောက်သိလဲ"

"သိဖို့မလိုဘာ၊ ကုမ္ပဏီတစ်ခုမှာ စက္ကထရီတစ်ယောက်ကို လွယ်လွယ်နဲ့ကောက်ခန့်မယ်လို့ ခင်ဗျားထင်နေလား။ ဝေသီဆောင်းက အရည်အချင်းရှိတဲ့မိန်းမတစ်ယောက်"

"မင်း သူ့ကိုကြွေနေတာလား"



www.burmeseclassic.com

www.burmeseclassic.com



"အဲဒါက ကျွန်တော့်ကိစ္စပါ။ နှလုံးသားရေးကို နှလုံးသားချင်း ဖြေရှင်းမယ်"

နွေက ခပ်ဟဟရယ်လေသည်။ ရာဇသံရဲ့ပုံစံက ဝေသီခေါင်းကို စိတ်ဝင်စားနေတဲ့ပုံပဲ။ ဒါ နွေ့အတွက် အခွင့်အရေးတစ်ခုပင်။

"ဝေသီခေါင်းမှာ ချစ်သူရှိတယ်၊ အဲဒါကို မင်းသိလား"

"သိပါတယ်၊ ဘာဖြစ်လို့လဲ"

ရာဇသံက ဘာမှမဖြစ်သလို မတုန်မလှုပ်။ နွေ နည်းနည်းတော့ အံ့ဩသွားသလိုရှိသည်။

"မင်းကို စေတနာနဲ့သတိပေးတာပါ"

ရာဇသံ ပခုံးကိုလှုပ်ခါ၍ ပြုံးသည်။ ပြီး ဘောင်းဘီအိတ်ထဲသို့ လက်နှိုက်၍ စတိုင်လ်ကျကျနှင့် ကားဆီသို့ လျှောက်သွားလေ၏။

▣▣▣



## အခန်း (၁၈)

"ဟဲလို"

"..."

"ဟာ...မမ"

"..."

"ကောင်းတယ်၊ မမရော"

"..."

"အဆင်ပြေတယ် မမ။ ကျွန်တော် လက်ထပ်ရင်ပြီ။ အဲဒါကြောင့် မပြန်လာခဲ့တော့"

"..."

"ဟာ! မမကလည်း မြန်လေကောင်းလေပဲ"

"..."

"နှစ်လအတွင်း သေချာတယ်နော်"



www.burmeseclassic.com

www.burmeseclassic.com



"..."

"အိုကေ! ဘိုင့်ဘိုင်"

ဖုန်းကိုချပြီး ရှိတ် ဟေးခနဲအော်ကာ ထခုန်ပစ်လိုက်သည်။ တစ်ယောက်တည်းဆိုတော့ အရှူးလိုပဲပေ့ါ။ နှစ်လအတွင်းမှာ မပြန်လာမယ်တဲ့။ ပျော်လိုက်တာ။ ခေါင်းနှင့်လက်ထပ်ရတော့မည့်အရေးကိုတွေးလျက် ရင်ခုန်သံတွေက မြန်ဆန် လူးလွန့်လို့နေသည်။

"ခွင့်မတောင်းဘဲ ဝင်လာမိတဲ့အတွက် တောင်းပန်ပါတယ်နော်"

"ဟင်!"

အသံရှင်ကိုမြင်လိုက်ရသည်နှင့် ရင်ခုန်သံနှင့် အပျော်လေးများတို့ ချက်ချင်းပျောက်ဆုံးသွား၏။

"ခင်ဗျား... ခင်ဗျား ဘာလာလုပ်တာလဲ"

"မင်းက ရက်စက်ပေမယ့် မမကမှ မေ့လို့မရဘဲ ရှိတ်ရယ်"

"ကျွတ်..."

ရှိတ် စိတ်ပျက်စွာ ဆံပင်တွေကို ထိုးဖွပစ်လိုက်၏။

"ရှိတ်"

"..."

"မင်း... မမကိုမမုန်းပါနဲ့နော်၊ မင်းမုန်းတာကို မမမခံစားနိုင်လို့ပါ"

"တော်စမ်းပါဗျာ"

"မမ တကယ်ပြောနေတာပါ ရှိတ်ရယ်"

"ခင်ဗျား ပြန်ပါ ဒေါ်နွေယက်သာလွန်"

"ဟင့်အင်း"





"ခင်ဗျား"

"မမရင်ထဲက စကားတွေကို ခဏလောက် နားထောင်ပေးပါ ရှိတ်ရယ်။ ပြောပြီးရင် မမပြန်ပါ့မယ်"

"ဒါဆိုလည်း မြန်မြန်ပြော၊ ပြီးရင်ပြန်တော့"

"ဒီလောက်တောင်ပဲလားကွယ်"

အခုချိန်မှာ ရှိတ် ရေခိုးရေငွေ့လေးအဖြစ်နဲ့ သူမရှေ့မှာ ပျောက်ကွယ်သွားချင်သည်။ ဒီမျက်နှာကိုမြင်နေရတာ ပူလောင်လို့။

"ရှိတ်"

"ခင်ဗျား ကျွန်တော့်အနားကိုမကပ်နဲ့နော်၊ ဝေးဝေးကနေပဲပြော"

"ရှိတ်ရယ်"

ရှိတ်မျက်နှာက တင်းနေသည်။ ဒီမိန်းမကို သူမယုံ။ ဘာအကြံအစည်တွေ သယ်ဆောင်လာသလဲမှမသိတာ။

"မမလေ... ဘယ်သူ့ကိုမှမချစ်ဖူးသေးတဲ့ အချစ်မျိုးနဲ့ မင်းကို ချစ်ခဲ့မိတာပါ"

"ကျွန်တော်ကတော့ ခင်ဗျားကို သတ်တောင်ပစ်ချင်တာ"

"သတ်ချင်ရင်သတ်လိုက်ပါ ရှိတ်၊ မင်းရဲ့လက်ထဲမှာ မမအသက်ကို ပေးဆပ်ရဲပါတယ်"

"တော်စမ်းပါ၊ အဲဒီစကားလုံးတွေကို ကြောက်လွန်းလို့၊ ခင်ဗျား အလီကာမာ လာလုပ်မနေနဲ့၊ ပြန်တော့ဗျာ"

"ရှိတ်"

"ဟာ!"

နွေ... ရှိတ်ခါးကိုအတင်းပြေးဖက်ပြီး ရင်ခွင်ထဲသို့ တိုးဝင်လေ



www.burmeseclassic.com

www.burmeseclassic.com



သည်။ ပထမတော့ ရှိတ်ကြောင်နေပြီး နောက်မှသတိရကာ နွေ့ကိုတွန်းထုတ်၏။ နွေ့က အတင်းဖက်တွယ်ထားလေသဖြင့် ရှိတ် အခက်ကြီးကြုံရလေပြီ။

"ခင်ဗျား ဖယ်စမ်းပါ"

"ခဏလေးပါ ရှိတ်ရယ်၊ မမ မင်းကိုဖက်ထားပါရစေနော်"

'ကိုကိုရေ"

"ဟင်! "

လူကိုမမြင်ရသေးပေမယ့် ဒါ ဆောင်းရဲ့အသံ။ ရှိတ် တစ်ချက်ပြန်ငဲ့ကြည့်မိတာ နွေ့အတွက် မဟာအခွင့်အရေးကြီး ရသွားလေသည်။ အားပျော့သွားတဲ့ရှိတ်ရဲ့ရုန်းကန်မှုကို အသုံးချပြီး. . .

နွေ့. . . ရှိတ်ကို ဒရင်းဘက်ဒ်ပေါ်သို့ ဆွဲချပစ်လိုက်၏။ လျှင်မြန်သော လှုပ်ရှားမှုကြောင့် ရှိတ် ဘယ်လိုမှမရှောင်တိမ်းလိုက်နိုင်။ လုံးထွေးပစ်ကျသွားပုံက ဒရင်းဘက်ဒ်ပေါ်မှာ။ နွေ့ရင်ဘတ်ပေါ်မှာ ရှိတ်က ဖိကပ်ထားသလိုဖြစ်ပြီး အမြင်က မတင့်တယ်လှ။

"ဟာ! "

နွေ့က ရှိတ်လည်ပင်းကို သိုင်းဖက်လိုက်တော့ ပိုဆိုးသွားသည်။

"အမယ်လေး. . ."

အိမ်ထဲသို့ ခြေချလိုက်သော ဆောင်း. . .။ မဖွယ်မရာမြင်ကွင်းကြီးက ဆီးကြိုနေသဖြင့် ရှက်ရွံ့စွာ မျက်နှာကို လက်ဝါးနှင့်အုပ်ထားလိုက်သည်။

"ဆောင်း"

ရှိတ်၊ဆောင်းကိုမြင်တာနှင့် အခြေအနေကိုနားလည်ပြီး ကုန်း





ဖို့ကြိုးစားပေမယ့် နွေ့က သူ့လည်ပင်းကို ခိုင်ခိုင်ဖက်ကာ ပြန်ဆွဲချ၏။

တစ်ဖက်မှလည်း ရုန်းရ. . . တစ်ဖက်ကိုလည်း ဖြေရှင်းချင်။ ရှိတ် ဒုက္ခရောက်သွား၏။

"ဆောင်း. . . မဟုတ်ဘူးနော်၊ ကိုကို မဟုတ်ဘူး"

"ဖြန်း! "

"အား. . ."

နွေ့လက်တွေ လွတ်ထွက်သွားသည်နှင့် ရှိတ် ဒေါသကိုမထိန်းနိုင်တော့ဘဲ နွေ့ပါးပြင်ကို အရှိန်ပြင်းပြင်းနှင့် ရိုက်ချပစ်လိုက်၏။

"အယုတ်တမာမ"

ယိုင်ထွက်သွားသော နွေ့. . . ချက်ချင်းပြန်လှည့်လာပြီး. . .

"ဆောင်း သူပြောတာကိုမယုံနဲ့ စောစောကတော့ သာယာညှင်းပျောင်းနေ။ ဆောင်းကိုမြင်မှ ခုလိုထဖြစ်တာ"

"ခင်ဗျား"

"အဟင့်. . . ဟင့်"

"ဆောင်း. . . မဟုတ်ဘူး"

"မပြောနဲ့ ရှင်ကိုမုန်းတယ်"

"ဆောင်း. . . ကိုကိုရှင်းပြမ"

"မကြားချင်ဘူး။ သစ္စာမရှိ ကတိမတည်တဲ့လူ"

"ဟာ"

"အဟင့်. . . ဟင့်"

"ဆောင်း"

ဆောင်း ပြေးထွက်သွားလေသဖြင့် ရှိတ် ပြေးလိုက်ဖို့ပြင်စဉ်၊



www.burmeseclassic.com

www.burmeseclassic.com



နွေက ရှိတ်လက်ကိုဆွဲထားလေသဖြင့်. . .

"မလိုက်နဲ့"

"ဟာကွာ. . ."

"တောက်!"

"ကဲဟာ. . ."

"ဖြန်း!"

"အား"

ရှိတ်ဒေါသက လက်ဝါးမှာ စုစည်းသွား၏။ နွေခနဲကျသွားတဲ့နွေကို လှည့်ကြည့်ရကောင်းမှန်းမသိ။ ဆောင်း၏နောက်သို့သာ အပြေးအလွှား လိုက်သွားလေတော့သည်။

"ဆောင်း"

". . ."

"ဆောင်း. . . ခဏနေဦး၊ ကိုကိုရှင်းပြပါရစေ"

". . ."

"ကိုကို့ကို အထင်မလွဲပါနဲ့ ဆောင်းရယ်၊ ဆောင်းထင်သလိုမျိုး မဟုတ်ပါဘူး"

ဆောင်းက လှည့်မကြည့်ဘဲ ပြေးနေဆဲ။ ရှိတ် မီအောင်လိုက်၍ ဆောင်းရဲ့လက်ကို ဆွဲထားလိုက်သည်။

"ဆောင်း"

"ဖယ်. . . လွှတ်"

"ကိုကိုရှင်းပြပါရစေ. . . ဆောင်းရယ်"

"ဘာကိုရှင်းပြမှာလဲ၊ မျက်စိနဲ့ တပ်အပ်မြင်တာတောင် ဖြောင်





လိမ်ချင်သေးလို့လား ဂစ်တာရှိတ်။ ရှင့်ကို ကျွန်မပြောခဲ့ဖူးပါတယ်။ ပြာဖုံးနေတဲ့ မီးခဲရယ်၊ အချစ်ဟောင်းရယ်က မီးပြန်တောက်တတ်တယ်လို့"

"မဟုတ်ပါဘူး ဆောင်းရယ်"

"ဖယ်စမ်းပါ. . . လွှတ်"

ဆောင်းက သူ့မလက်ကလေးကို ဆောင့်ရုန်း၏။ ပြီး. . . ရှိတ်ကို စူးစူးရဲရဲကြည့်လျက်. . .

"ဒီနေ့ကစပြီး ရှင်နဲ့ကျွန်မ ပတ်သက်စရာအကြောင်း မရှိတော့ဘူး"

"ဆောင်း"

လက်ကိုလှမ်းဆွဲလိုက်ပေမယ့် မမိ။ ဆောင်းပြေးထွက်သွားလေသဖြင့် ရှိတ်လိုက်ရပြန်သည်။ ပြဿနာကို ချက်ချင်းဖြေရှင်းမှ။ မဟုတ်ရင် သံသယတွေ တိုးပွားလာနိုင်သည်။

သံသယဆူးက အန္တရာယ်ရက်သည်လေ။

"ဆောင်း"

"အမေ့!"

ရှိတ်. . . ဆောင်းကိုလှမ်းဆွဲပြီး ပွေ့ဖက်ထားလိုက်သည်။

"အို! လွှတ်. . . လွှတ်"

"မလွှတ်ဘူး ဆောင်း၊ ကိုယ်ရှင်းပြတာကို နားထောင်ပြီးမှ မင်းကိုသွားခွင့်ပြုနိုင်မယ်"

"မလိုတော့ဘူး၊ ရှင့်ကို ကျွန်မ ကြောက်သွားပြီ။ မုန်းတယ်"

"ဆောင်း"

ရှိတ် လမ်းလယ်ခေါင်မှာဆိုတာကို မေ့နေသည်။ လူကလည်း



www.burmeseclassic.com

www.burmeseclassic.com



ရှင်းနေသည့်လမ်း။ ခေါင်းကိုလွတ်ထွက်သွားမှာစိုးသည့်အလား တင်းကျပ်စွာ ပွေ့ဖက်ထားလျက်။ ပါးစပ်က တတွတ်တွတ်တောင်းနပ်နေသည်။

မျက်ဝန်းထဲမှာလည်း. . .

မျက်ရည်စတွေနှင့်။ ရှိတ် ဘယ်မိန်းမအတွက်မှ ခုလို မျက်ရည်မကျခဲ့ဖူးပါ။ ပြေရှင်းလို့မရလေ၊ ခံစားမှုတွေက နင့်သည်းလေလေမို့ နှလုံးသားက ယိုစိမ့်လာတဲ့သွေးစက်တွေဟာ မျက်ရည်အဖြစ်သို့ ပြောင်းလဲသွားကြခြင်းသာ။

"ကိုကိုကိုယုံပါ ခေါင်းရယ်။ ကိုကိုက သွေးသားသောင်းကျန်းတတ်တဲ့ကောင်မဟုတ်ပါဘူး. . . ခုက"

"အဟင့်"

ခေါင်းထံမှ ရှိုက်သံကိုကြားလိုက်ရပြီး သူ့ရင်ဘတ်ကိုတွန်းကာ ပြေးထွက်သွားပြန်၏။ ဒီတစ်ခါတော့. . .

"ခေါင်းရယ်"

◙◙◙

# အခန်း (၁၉)

ရှိတ်စိတ်တွေ ရှုပ်ထွေးနေသည်။ ခေါင်းက သူနဲ့အတွေ့မခံတော့ဘူးလေ။ သူ့ကိုရွံနေတာလားမသိ။ ကျော်စွာဦးဆိုတဲ့ကောင်နဲ့ တတွဲတွဲ။ အလုပ်ကထွက်လိုက်ပြီဆိုတော့ အချိန်ရှိတိုင်း အပြင်ထွက်နေသည်တဲ့။ အမေကိုယ်တိုင် ဖုန်းဆက်ပြီးပြောတာ။

"သားနဲ့သမီး စိတ်ကောက်နေကြတာလား"တဲ့။

"မင်းညီမကို ကြည့်ပြောပါဦးကွယ်၊ ခုတလော အိမ်မကပ်ဘူး" ဆိုတာက တစ်မျိုး။

ရှိတ် ဘာလုပ်ရမလဲ။

အကောင်းဆုံးက ခေါင်း သွားလေရာသို့ တကောက်ကောက်လျှောက်လိုက်ပြီး တစေ့တစောင့် ကြည့်နေရုံသာရှိသည်။ ဒါကြောင့် ခေါင်းမသိအောင် ကားကိုထုတ်မသုံးရဲ တစ်နေ့တစ်မျိုး မရိုးရအောင် အသိတွေကားကို ခွဲသုံးနေရသည်။





www.burmeseclassic.com

www.burmeseclassic.com



ဆောင်းမှာလည်း . . .

စိတ်ညစ်ညစ်နှင့် တစ်နေ့တစ်နေ့ လျှောက်သွားနေမိတာ ဘယ်တွေသွားပြီး ဘာတွေလုပ်မိမှန်းမသိ။

ကိုဦးကတော့ အားရင်အားသလို ဆောင်းအနားမှာ အားပေးနှစ်သိမ့်ရင်း ဆောင်းသွားချင်တဲ့နေရာတွေကို လိုက်ပို့ပေးနေတတ်၏။

"ဆောင်း"

"ဟင် . . . ကိုဦး"

"ကိုယ် ပါတီတစ်ခုသွားမလို့ လိုက်မလား"

"ဘယ်မှာလဲ"

"ကိုယ့်ကောင်မလေးအိမ်မှာ"

"လိုက်တော့ လိုက်ချင်တယ်"

"လိုက်ချင် လိုက်ခဲ့လေ"

"ဆောင်းက ညဘက် အပြင်ထွက်လေ့မရှိဘူး ကိုဦးရဲ့"

"ကိုယ်ပါနေတာပဲ ဆောင်းရဲ့"

"အင်း . . . လိုက်မယ် ကိုဦးရယ်"

"ဒါဆို အဝတ်သွားလဲ၊ ကိုယ်စောင့်နေမယ်"

ဆောင်း အိမ်ထဲအဝတ်ပြေးလဲသည်။ ပြန်ထွက်လာတော့ အမေနှင့်တိုးပြီး . . .

"သမီး"

"ရှင်"

"ဒီအချိန်ကြီး ဘယ်သွားမလို့လဲ"

"ဟို . . . ဧည့်ခံပွဲတစ်ခုပါ အမေ၊ ကိုဦးနဲ့ပါ"





"သွားတော့သွားပေါ့အေ၊ ကိုယ်က မိန်းမပျိုလေးတစ်ယောက်ဆိုတာကိုလည်း မမေ့နဲ့။ ကိုဦးပါတယ်ဆိုပေမယ့် ယောကျ်ားဆိုတာ ဘယ်ယောကျ်ားမှ ယုံကြည်လို့ရတာ မဟုတ်ဘူး"

"သမီး ကိုယ့်ကိုယ်ကိုယ် ကာကွယ်တတ်ပါတယ် အမေ။ ခုသွားမှာလည်း ခဏလေးပါ"

"ကားမရတော့လည်း သွားပေါ့အေ၊ သတိတော့ ရှိပစေပေါ့"

"ဟုတ်ကဲ့ပါ အမေ"

ဆောင်း အမေ့ရှေ့မှ ခပ်ယို့ယို့လေး ထွက်လာခဲ့၏။ ကိုဦးက ကားပေါ်မှာ အဆင်သင့်စောင့်နေသည်။ ကားကလေး လျှောခနဲ ခြံထဲမှ ပြေးထွက်သွားသည်ကို . . .

"ဟင်!"

ရှိတ်ရင်တစ်ခုလုံး ပြောင်းဆန်သွားသည်။ ဆောင်း ဟိုကောင်နဲ့ ပါသွားပြီ။ မှောင်ရီပျိုးစအချိန် ဘယ်ကိုသွားတာလဲ။ ရှိတ်လာခဲ့တုန်းက ဆောင်းတို့အိမ်လေးကို ငေးကြည့်ပြီးပြန်ဖို့။

အခု ဦးတည်ချက်က ဆောင်းနောက်ကို လိုက်ဖို့ဖြစ်သွားသည်။

"ဟယ်! ကိုဦး လာပြီ"

ကိုဦးကောင်မလေးက ပြေးလာပြီးကြို၏။

"ဖြူ . . . သူက ကိုယ့်သူငယ်ချင်း ဝေသီဆောင်း"

ဆောင်းကလည်း ခေါင်းညိတ်ပြုံးပြ နှုတ်ဆက်လိုက်ကြသည်။

ဖြူဂ သူတို့နှင့်အတူတူ လာထိုင်သည်။

"ဆောင်းက ညစ်နေတာ ဖြူရဲ့၊ အဲဒါကြောင့် စိတ်ပြေပျောက်ဖြစ်အောင် ကိုယ်ခေါ်လာတာ"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်လား ဆောင်း။ ဘာတွေညစ်နေတာလဲ"

"တို့လူငယ်တွေ အများဆုံး ဘာကြောင့် ညစ်တတ်ကြသ ဖြူစဉ်းစားပေး"

ဖြေတာက ဆောင်းမဟုတ်ပေ။

"အဟဲ. . . အသည်းကွဲရောဂါလား"

"အစစ်ပေါ့"

"ဒါများ ဆောင်းရယ်၊ ညစ်မနေနဲ့။ ဖြူတို့နဲ့တွေ့ရင် လျှေ ဖွပ်ပြီးသားဖြစ်သွားစေရမယ်"

သူတို့စကားပြောနေကြစဉ်မှာပဲ မြူးမြူးကြွကြွတီးလုံးလေး စတင်လာသည်။ အားလုံး လှုပ်လှုပ်ရွရွဖြစ်ကုန်ကြ၏။ သူ့အတွဲနှင့် ကနေကြတာ မျက်စိရှုပ်စရာ။

ဆောင်း. . . ဒီလိုပွဲမျိုးကို လုံးဝမတက်ဖူးပေ။

"ကိုဦး"

"ဟင်"

"ဆောင်းအတွက် လူရှာပေးဦးမှထင်တယ်"

"နေပစေ ဖြူ၊ သူ မကတတ်ဘူး"

တော်ပါသေးရဲ့။ တကယ် ဆောင်း မကတတ်တာ။

"ဒါဆို ဘယ်လိုလုပ်မလဲ၊ ဖြူ ကိုဦးနဲ့တွဲမကရတော့ဘူးလား"

"ကိုယ်က. . . ကမှာပေါ့"

"ဟို. . . ကိုဦး ဆောင်းကိုအားမနာပါနဲ့။ သွားလေ"

"ဒါဆို ကိုဦးသွားလိုက်မယ်နော်"

"အိုကေ"





ကိုဦးက ဖြူနှင့်လိုက်သွားပြီး ဝင်ကနေသည်။ ဆောင်းမှာသာ စ်ယောက်တည်း ငေါင်နေ၏။ သူများတွေ ပျော်နေပေမယ့် ဆောင်းက တ်ညစ်နေသူ။

ဆောင်း. . . ဖန်ခွက်ထဲက အရည်တွေကို စိုက်ကြည့်နေလိုက် ၏။ ကိုဦးသောက်ဖို့ သူ့ကောင်မလေး ထည့်ပေးထားတာ။ မသောက်ဖြစ် ဲ့ ထသွားတော့ ဆောင်းအတွက် စိတ်ဝင်စားစရာဖြစ်သွား၏။

ဖန်ခွက်ကိုကောက်ကိုင်ပြီး နမ်းကြည့်တော့ အရက်နံ့လည်းမဟုတ် တာ။ အနံ့ရပေမယ့် ဘာနံ့မှန်း ဆောင်း မခွဲတတ်။ စိတ်ပေါက်ပေါက် င့် တစ်ငုံပြီးတစ်ငုံ မော့သောက်ပစ်လိုက်၏။

"ဆောင်း"

"ဟင်"

လက်မောင်းကိုဆောင့်ဆွဲလိုက်တာကြောင့် ဆောင်း လန့်ကာ ော့ကြည့်လိုက်သည်။

ဂစ်တာရှိုတ်. . .

"ရှင်"

"ထ"

"ဘာလဲ"

"မမေးနဲ့၊ ပြန်လိုက်ခဲ့"

"ရှင် ဘယ်ကနေ ဘယ်လို"

"တောက်!"

ရှိုတ်မျက်နှာက ဒေါသရောင်ကြောင့် နီမြန်းနေသည်။

"ဒီနေရာမှာ ဆက်နေရင် မင်း ဘဝပျက်သွားလိမ့်မယ်၊ နား



www.burmeseclassic.com

www.burmeseclassic.com



လည်လား။ ကြောင်လိုလက်သည်းဖွက်ပြီး ကျားလိုချောင်းနေတဲ့ကော
တွေက ဒီပွဲမျိုးတက်တာ"

"ရှင် သူများကိုမစော်ကားပါနဲ့"

"စော်ကားတာက ဘယ်သူလဲ၊ မင်းပဲ ကိုယ့်စေတနာတွေ
စော်ကားနေတာ။ မိန်းမတစ်ယောက် အရက်သောက်တာ ဘာဖြစ်သွ
နိုင်သလဲ မင်းသိလား"

"ဘာအရက်လဲ၊ ဘယ်သူက သောက်တာလဲ"

ပြောရင်းကပဲ ဆောင်း နားထင်တွေပူကာ တရိပ်ရိပ်မူးလာ
ဘာတွေလဲ၊ ဆောင်းသောက်မိတာ အရက်တွေလား။ မသိလို့သောက်တ
ထက် သိရင်လည်း သောက်မိမယ်ထင်သည်။ စိတ်ညစ်နေတာကို။

"အရက်မှန်းဘာမှန်းမသိအောင် မင်း တုံးရသလား။ နားရ
အုပ်ရရင် သေတော့မယ်"

ဆောင်း ဘာမှပြန်ပြောချင်စိတ်မရှိလောက်အောင် မူးလာသည်

"လာ. . . ပြန်မယ်"

ရှိတ် ဆောင်းကိုတွဲထူပြီး ခေါ်လိုက်၏။

"ဟာ! ဟေ့လူ၊ ခင်ဗျား ဆောင်းကိုဘယ်ခေါ်သွားမလို့လဲ"

ကျော်စွာဦး ရောက်လာခြင်းပါ။ ရှိတ် ခပ်စူးစူးကြည့်လျက်. . .

"အိမ်ပြန်ခေါ်တာ"

ကျော်စွာဦး ဆက်မပြောတော့ချေ။ ရှိတ် ဆောင်းကိုတွဲခေါ်ခဲ့
ကားမောင်းထွက်ခဲ့၏။ စိတ်ညစ်တာကို အရက်နဲ့ဖြေသတဲ့လား ဆော
ရယ်။ စိတ်ထင်တိုင်း လျှောက်လုပ်နေတဲ့ဆောင်း၊ ကိုယ်ကရော မခံ
ရလို့လား။ ဖြေရှင်းခွင့်မရဘဲ ချစ်သူ မုန်းတာကို ခံနေရတဲ့ ရင်ဘတ်က





ပေါ်ကို ရေနွေးတစ်အိုးတင်လိုက်ရင်တောင် လက်ဖက်ခြောက် အခဲသင့်
ဆောင်နိုင်းလို့ရတယ် ဆောင်း။

မင်းသိဖို့တော့ လိုပြီ. . .

မိန်းကလေးတစ်ယောက် ထင်ရာစိုင်းပြီး အရက်သောက်ရင် ဘယ်
လိုအန္တရာယ်နဲ့ ရင်ဆိုင်ရတတ်သလဲဆိုတာ။ ကိုယ်လက်ထပ်မယ့်ဆဲဆဲဇနီး
လောင်းမို့ မှတ်သွားအောင် Lesson ပေးရမည်။

ဒါမှ နောင် ထင်ရာမစိုင်းရဲမှာ။

"ဝေါ့!"

"ဟာ"

"အား"

"ဆောင်း"

ဆောင်း အန်လေသဖြင့် နှစ်ယောက်စလုံးမှာ ပေကျံကုန်၏။

"ဆောင်း"

"ကိုကို"

"အရမ်းမူးနေသလား"

"ဟာ. . . မမူးပါဘူး။ ဘာလို့မူးရမှာလဲ၊ ဆောင်းက အရက်
သမားမှမဟုတ်တာ"

"ဒုက္ခပဲ၊ တစ်ကိုယ်လုံး ပေကုန်ပြီ"

ရှိတ် ရုပ်အင်္ကျီကိုဆွဲချွတ်ပြီး ဆောင်းကိုယ်မှာ ပေနေတာတွေ
ကို သုတ်ပေးလိုက်သည်။ အောက်ခံစွပ်ကျယ်ချိုင်းပြတ်ကလေးပါလို့ တော်
သေး၏။

"ဖယ်စမ်းပါ၊ ဘာတွေလုပ်နေတာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဆောင်း. . . မင်း မူးနေပြီ"

"လာပြန်ပြီ ဘာမူးတာလဲ ဟား. . . ဟား. . . အချစ်မူးနေတာ။ ဟုတ်တယ်. . . အချစ်မူးနေတာ။ ကိုကို အရမ်းရက်စက်တယ်"

"ဆောင်း"

ဆောင်းအသံက ပျောက်သွားလိုက်၊ ပေါ်လာလိုက်။ ရှိုတ် ဆောင်းကို သူ့အိမ်သို့ပြန်မပို့ဘဲ ကိုယ့်အိမ်သို့ခေါ်လာခဲ့၏။

"ကိုကို့ကိုမုန်းတယ်၊ နွေ့ကိုလည်း မုန်းတယ်"

ရှိုတ် ပြုံးလိုက်မိ၏။ ဆောင်း ကယောင်ကတမ်းတွေ လျှောက်ပြောနေတာ။ ဆောင်းကိုပွေ့ချီပြီး မွေ့ရာပေါ်မှာ ချပေးလိုက်သည်။ ပြီးတော့ ကိုယ့်မျက်လုံးကိုယ် မယုံကြည်ရဲလို့ အဝတ်စည်းပိတ်ပြီး ဆောင်းကို အဝတ်လဲပေးလိုက်သည်။

"ကိုကို"

"ဟင်"

"ဆောင်းကို မထားခဲ့ပါနဲ့၊ ကိုကို့ကိုချစ်တယ်"

အရက်သောက်ရင် ကျွဲနို့ပေါ်တယ်ဆိုတာ တယ်မှန်ပါလား။ ရှိုတ် ဆောင်းမျက်နှာလေးကို ငေးစိုက်ကြည့်နေစဉ် ဖုန်းက မြည်လာသည်။

"သား. . . လုပ်ပါဦး သားရယ်၊ သမီးလေး ခုထိပြန်မရောက်သေးဘူး"

"အမေ စိတ်မပူပါနဲ့၊ ဆောင်း ကျွန်တော့်ဆီမှာ"

"ဟင်! ဟုတ်လား၊ တော်ပါသေးရဲ့"

"အမေ"

"ဘာလဲ သား"





"သားကိုခွင့်လွှတ်ပါ"

"ဟင်"

ဒီလောက်ဆို ဒေါ်ချောစု သဘောပေါက်ပါပြီ။

"သူ ပါတီပွဲမှာ အရက်တွေသောက်ပြီး မူးနေတာ"

"အို! ဘုရား! ဘုရား! "

"သူစိတ်ထင်တိုင်း လျှောက်လုပ်နေတာကို ကျွန်တော်ခွင့်မပြုနိုင်ဘူး။ ပြီးတော့ သူ့ကိုစိတ်မချတော့ဘူးအမေ။ အဲဒါကြောင့်"

"အမေသဘောပေါက်တယ် သား။ ပါတီပွဲမှာ သားလိုက်ခေါ်ခဲ့တာကိုပဲ ကျေးဇူးတင်လှပါပြီ။ အမေ့သမီးလေးကို သား နှစ်နှစ်ကာကာ ချစ်တာလည်း အမေသိပါတယ်။ သားက မိကောင်းဖခင်သားသမီးပဲကွယ်"

ပြောပြီး တစ်ဖက်က ဖုန်းချသွားလေသည်။ ရှိုတ် ဆောင်းကို တစ်ချက်ငုံ့ကြည့်လိုက်သည်။ ကိုကို့ကို ဘာလို့မယုံကြည်ရတာလဲ ဆောင်းရယ်။

"အား"

"ဟင်"

"မလာနဲ့. . . မလာနဲ့. . . ကြောက်တယ်၊ သွား"

"ဆောင်း"

ရုတ်တရက် ထထိုင်လိုက်တဲ့ဆောင်းကို ရှိုတ် ပခုံးကိုဆုပ်ကိုင်ထားလိုက်၏။

"နွေဆိုတဲ့မိန်းမကြီး ဆောင်းကိုသတ်ဖို့ လာနေပြီ။ ကြောက်တယ်. . . ဆောင်းကြောက်တယ် ကိုကို"

"ကိုကိုရှိတယ် ဆောင်း။ မကြောက်နဲ့"



www.burmeseclassic.com

www.burmeseclassic.com



"ဆောင်းကိုကယ်ပါ ကိုကို။ ဆောင်းကို မထားခဲ့ပါနဲ့"

ဆောင်းက သူ့ကို အတင်းဖက်တွယ်ပြီး တတွတ်တွတ်ဆိုနေ၏။

"ဆောင်းရယ်"

သေသေချာချာပြန်ကြည့်လိုက်တော့ ဆောင်းက သူ့ရင်ခွင်ထဲမှာ ဆောင်းက မျက်ဝန်းလေးတွေ မှေးမှိတ်လျက်။ အိပ်မက်ထဲထိတောင် လိုက်ပြီး ဒုက္ခပေးတဲ့နွေထက်သာလွန်ပါလား။

"ဆောင်းရယ်. . . . မငိုး စိတ်ချပါ။ ကိုကို မင်းတစ်ယောက်တည်းကိုပဲ ထာဝရချစ်မှာပါ"

အချစ်တို့သည် ဖြူ နီ ဝါ ပြာ ရောင်စုံကွန့်မြူးလျက်။ အကြင်နာတေးသွားများနှင့် ရင်ခုန်သံကို အတောင်တဖျတ်ဖျတ်ခတ်လို့။ နှလုံးသားက ဖူးပွင့်လာသော အချစ်ပန်းကလေးတွေကို အနမ်းနှောခြည်တို့ ထိတို့ဆော့ကစားလိုက်သည်နှင့် အိပ်မက်ကမ္ဘာလေးထဲမှာ. . . ။

◘◘◘



## အခန်း (၂၀)

"ဟင်!"

ဆောင်း. . . ဖျတ်ခနဲ နိုးလာပြီး မျက်လုံးကိုတော့ ဖွင့်မကြည့်ဖြစ်သေးပေ။ ခေါင်းထဲမှာ ကြည်လင်လာသည်အထိ မျက်ဝန်းကို မှိတ်ထားဆဲ။ နွေးထွေးသောအငွေ့အသက်တွေကို တဖြည်းဖြည်းနှင့် သတိထားမိလာသည်။

"အို!"

ဆောင်း မျက်လုံးကိုဖွင့်ကြည့်ပြီး ရင်ထဲမှာ ဒိုင်းခနဲဆောင့်ခုန်သွားသည်။

"ဘုရားရေ!"

ဘာတွေဖြစ်ကုန်ပြီလဲ။ ဆောင်း ညကပါတီပွဲမှာ အရက်တွေသောက်ပစ်လိုက်တာ။ မူးပြီးတော့ အို. . . ဆောင်းဘာဝပျက်ပြီထင်ပါရဲ့။ ဆောင်းကို ပခုံးမှနေသိုင်းဖက်ထားပြီး တစ်ဖက်က ခါးကိုဖက်ထားသည်။



www.burmeseclassic.com

www.burmeseclassic.com



ဘယ်သူလဲ. . . ဆောင်း မကြည့်ရဲ။

သွားပြီ။ တစ်ဖွတ်ထိုးဆန့်မှုရဲ့ရလဒ်က ဘဝတစ်ခုလုံးပါပဲလား။ ကိုယ့်အပေါ် ယုတ်မာလိုက်တာ ဘယ်သူလဲဟုစဉ်းစားရင်း အကြည့်က ရင်ဘတ်ဆီသို့ ရောက်သွားသည်။

"ဟင်!"

ဆောင်းမျက်လုံးကို အစွမ်းကုန်ပြူး၍ ကြည့်လိုက်သည်။ ဖွပ်ကျယ် ချိုင်းပြတ်ကိုဝတ်ထားသော ရင်ဘတ်တစ်ခုသည် စောင်းနေပေမယ့်. . .

'I love'

ဆိုတဲ့စာတန်းက တစ်စွန်းတစ်စ မြင်နေရခြင်းမှ သိချင်စိတ်ဖြင့် အင်္ကျီကိုလှစ်ပြီးကြည့်လိုက်မိခြင်းပါ။ စာတန်းက မဆုံးသေးကြောင်း။ တစ်ဖက်မှာ တစ်စွန်းတစ်စ ကျန်နေသေးသည့်စာလုံးတစ်စွန်းတစ်စက ဖော်ပြနေသည်။

"အို!"

ဆောင်းရဲ့လက်ကို ဆုပ်ကိုင်လိုက်သောလက်၊ မျက်နှာကိုကြည့်ဖို့ကြိုးစားပေမယ့် သူက ဆောင်းရဲ့ခေါင်းလေးကို လက်ဖဝါးနှင့်ဖိထားသည်။

"ဖယ်စမ်းပါ. . . လူယုတ်မာ"

ဆောင်း ရုန်းထွက်လိုက်၏။

"ယုတ်မာတာ မဟုတ်ဘူး၊ ချစ်တာ"

"ကိုကို"

"အင်း. . . ဒီနေရာမှာ ကိုကိုမဟုတ်ဘဲ တခြားကောင်ဖြစ်နေရင် ဆောင်း ဘာလုပ်မလဲ"





သူကပြန်ခွဲပြီး ဖက်ထားလေသည်။

"ကိုကိုမေးတာ ဖြေလေ"

"ကိုယ့်ကိုယ်ကိုယ် သတ်သေမှာ"

"ဆောင်းရယ်"

ဆောင်းမျက်ရည်က ချက်ချင်းကျလာသည်။ တော်သေးတာပေါ့။ ကိုကိုဖြစ်နေလို့။ မဟုတ်ရင် ဆောင်း တကယ်သေချင်သွားတာ။

"မငိုနဲ့လေ"

"ငိုမှာပဲ၊ ရှင် ဆောင်းဘဝကို. . . အဟင့်"

"ဟာ! ဆောင်းရယ်၊ တစ်လွဲတွေးပြန်ပြီ။ အဲဒါ ဆောင်းကိုချစ်လွန်းလို့ ဘယ်လိုမှစိတ်မချနိုင်လွန်းလို့ ကိုကို ခုလိုလုပ်ခဲ့တာပါ"

"မယုံဘူး"

"မယုံရင် ရင်ဘတ်မှာထိုးထားတဲ့ တက်တူးကို ဆုံးအောင်ကြည့်လေ"

ဆောင်းအကြည့်က သူ့ရင်ဘတ်ဆီသို့ ရောက်သွား၏။

"အဲဒါဘာလဲ"

" I Love ဆောင်းလေ၊ ဆောင်းဆိုတဲ့စာလုံးက ကိုကို့ဘယ်ဘက်ရင်အုံရဲ့နှလုံးသားတည့်တည့်မှာ။ ချစ်လွန်းလို့သာ ထိုးထားတာ၊ ဘယ်လောက်နာတယ်မှတ်လဲ"

"ကိုကိုရယ်"

"ဆောင်း"

"ဟင်"

"ကိုကို့ကိုမမုန်းပါနဲ့နော်၊ ကိုကို မခံစားနိုင်ဘူး"

www.burmeseclassic.com

www.burmeseclassic.com



"ဒီကရော ဘယ်လောက်ခံစားခဲ့ရတယ်မှတ်လဲ"

"ဒါနဲ့များ ဆောင်းရယ်၊ ကိုကို့ကိုအထင်လွဲရက်တယ်။ ကိုကို တကယ်ဘာမှမဟုတ်ခဲ့ပါဘူး။ ဟိုမိန်းမ ဆောင်းကိုမြင်မှ တမင်ခွင်လိုက်တာ။ ကိုကို့မှာသာ အဲဒီစိတ်တွေရှိရင် ဆောင်းနဲ့ကိုကို ညားတာကြာပြီ"

ရှိုတ် နွေထက်သာလွန်နှင့်ဘာမှမဟုတ်ခဲ့ကြောင်း အဖြစ်အပျက်တွေကို အသေးစိတ်ရှင်းပြလိုက်သည်။

"အဲဒါ တကယ်ပါဆောင်းရယ်၊ ကိုကိုမညာပါဘူး။ ဆောင်း မယုံသေးဘူးဆိုရင်လေ၊ ဆောင်း. . . ကိုကို့ကို သစ္စာရေတိုက်ရင်လည်း သောက်ပါ့မယ်၊ ကျမ်းကိုင်ပြီး ကျိန်ခိုင်းရင်လည်း ကျိန်ပါ့မယ်"

ဆောင်း. . . ကိုကို့ကို ပြန်လည်ဖက်တွယ်ထားလိုက်၏။ ကိုကို့ကို ဆောင်းယုံပါသည်လေ။ တဒင်္ဂအဖို့မှာ မြင်လိုက်ရတဲ့မြင်ကွင်းက နှလုံးသားကို ထိုးဆွနေသည့်အပ်တစ်ချောင်းလို။

ဆောင်း. . . ခုမှပဲ တရေးရေးတွေးရင်း အိမ်ကိုသတိရသွားသည်။ အမေ စိတ်ပူနေရောပေါ့။ ဆောင်း မိုက်တာ။

"ကိုကို"

"ဟင်"

"အမေ စိတ်ပူနေမလားမသိဘူးနော်"

ရှိုတ်က ပြုံးလိုက်ရင်း. . .

"အမေ့ကို ကိုကိုတစ်ခါတည်းပြောလိုက်ပြီ"

"ဟင်! ဘာတွေပြောလိုက်လဲ"

"ဆောင်းကို ကိုကို ခိုးထားလိုက်ပြီဆိုတဲ့အကြောင်းပေါ့"

"မဟုတ်တာနဲ့"



"ဘာလို့မဟုတ်ရမှာလဲ"

ဆောင်း ထဖို့ကြိုးစားပေမယ့် မရ။

"ထတော့ ကိုကိုရယ်"

"အစောကြီးရှိသေးတာကို"

"ဆောင်း ပြန်တော့မယ်"

"ဘာ"

ဆောင်းကို ရှိုတ် စူးခနဲကြည့်၏။

"ဘယ်ကိုပြန်မှာလဲ"

"အိမ်ကိုပေါ့"

"ကိုကို့ကို ဘယ်လိုကောင်များမှတ်နေလဲ ဆောင်း [illegible] ဒီအတိုင်းပြန်လွှတ်ရအောင် ကိုကိုက ဘာလဲ။ ကိုကို ဆောင်း[illegible] ကျောရရုံကြံဖို့ မဟုတ်ဘူး။ ဆောင်းက ကိုကို့မိန်းမဖြစ်သွား[illegible] ဒီနေ့ပဲ ရုံးတက်လက်မှတ်ထိုးမယ်။ ပြီးရင် လူကြီးစုံရာနဲ့တောင်း[illegible] ဆောင်မယ်"

ဆောင်း ရှက်မျက်နှာလေးကို ဝှက်ထားလိုက်သည်။ [illegible] ကောင်းကြသေးရဲ့လား ဖြစ်ကုန်ပြီ။ ပါတီပွဲအတက်ကောင်းလို့ [illegible] ယူရတော့မယ့်အဖြစ်။

အခုမှ ကိုယ့်အဖြစ်ကိုတွေးပြီး ရှက်လည်းရှက် [illegible] ကြောက်။

ကိုကိုမဟုတ်ဘဲ တခြားယောကျ်ားတစ်ယောက်သာ [illegible] ကို အခမ္မသိမ်းပိုက်ရင် အကြီးအကျယ်ဒုက္ခရောက်မှာက [illegible] မှ နောင်တတွေ တနင့်တပိုးနှင့် ကိုယ့်လုပ်ရပ်ကိုယ် ခွင့်[illegible]

www.burmeseclassic.com

www.burmeseclassic.com



“ဘယ့်နှယ်လဲ မယ်မင်းကြီးမ၊ ကိုယ်ထင်ရာ ကိုယ်လျှောက်လုပ်လို့ ပါတီအတက်ကောင်းပြီး ယောက်ျားယူလိုက်ရပြီမဟုတ်လား”

ရှိတ်က ပြုံးစစနှင့် ဆောင်းရဲ့မျက်နှာလေးကို စီးမိုးကြည့်ရင်း ဆို၏။

“အဲဒါ ကိုကို တမင်ညစ်တာပါ၊ ဆောင်းကို အိမ်ပြန်မပို့ဘဲနဲ့”

“ပို့မလား၊ Lesson ပေးမှ မင်းမှတ်မှာ”

ပြောပြီး နဖူးကိုဖွဖွနမ်းသည်။

“ဖေဖေသိရင် ဆောင်းကိုစိတ်ဆိုးမလား မသိဘူးနော်”

“မဆိုးပါဘူးကွာ၊ ယောက္ခမကြီးက သဘောကောင်းပါတယ်”

“အံမယ်! သူများဖေဖေကို”

ဆောင်းက မျက်စောင်းလေးထိုးပြီး သူ့ကိုတွန်းကာ ထသွားလေသည်။ ဆောင်း ရေချိုးခန်းထဲဝင်တုန်း ရှိတ်က စားစရာနှင့် ကော်ဖီကို အဆင်သင့်လုပ်ထား၏။

ရင်ထဲမှာ ကြည်နူးမှုလေးတွေ လမ်းသလားနေသည်က လိပ်ပြာတောင်ပံခတ်သလို။

“ဟိတ်! ဘာတွေလုပ်နေတာလဲ”

ဆောင်းက နောက်နေ သူ့ခါးကိုသိုင်းဖက်ရင်း မေးသည်။

“ကော်ဖီဖျော်နေတာ၊ ကိုကိုနိုးမလာရင် အဆင်သင့်ဖြစ်အောင်လို့၊ ဖားတာမဟုတ်ဘူးနော်၊ တကယ့်စေတနာအစစ်နဲ့ အချစ်တွေပါ ရောမွှေထားတယ်”

“ဆောင်း လုပ်ပေးမှာပေါ့ ကိုကိုရယ်”

“နေပါစေ၊ ပင်ပန်းမှာစိုးလို့”





မုန့်နှင့်ကော်ဖီကို စားပွဲပေါ်မှာတင်၍ ထိုင်လိုက်ကြသည်။ ရှိတ် ဆောင်းအနားသို့တိုးကပ်ပြီး. . .

“ကိုကို့ကိုချစ်လား”

“အင်း”

“ကော်ဖီဖျော်ခလေး ဆုမချချင်ဘူးလား”

“ဟင်. . . ဘာလဲ”

“ဒီမှာလေ”

ရှိတ်က သူ့ပါးကိုတိုးကပ်ပြီး လက်ညှိုးထိုးပြလေသဖြင့် ဆောင်း ရွှတ်ခနဲနမ်းလိုက်သည်။

“အရမ်းချစ်ဖို့ကောင်းတာပဲ”

ရှိတ်. . . ဆောင်းကိုယ်လေးကို ဆွဲဖက်လိုက်စဉ်. . .

“ဟာ! ပေါ့ကောင်”

“ဟင်”

“အို”

ကိုစိုးဝေမျက်နှာကြီးက စပ်ဖြီးဖြီးနှင့် ဘွားခနဲပေါ်လာသည်။

“ကိုစိုးဝေ”

ဆောင်းက သူ့ရင်ဘတ်ကြီးကို အတင်းတွန်းလွှတ်သည်။

“ဘယ်လိုဖြစ်တာလဲ ရှိတ်ရာ၊ ငါက မင်းတစ်ယောက်တည်းမှတ်လို့ စွတ်ဝင်လာတာ”

“ခင်ဗျားကလည်း အသံမပေးဘာမပေးနဲ့၊ ဒီမှာ ဇာတ်ရှိန်တက်ခါနီးမှ ခင်ဗျားက သံမှုဒွေဂါထာ ထရွတ်လိုက်တာ”

“ဆောရီးပါကွာ၊ တောင်းပန်ပါတယ်၊ ဒီအချိန် ဆောင်း ရောက်

www.burmeseclassic.com

www.burmeseclassic.com



နေမယ် .မထင်လို့ပါ"

ကိုစိုးဝေက တောင်းပန်ရင်း ခုံလွတ်တစ်လုံးကို ဆွဲထိုင်သည်။ ဆောင်းက ရက်လိုထင်ပါရဲ့၊ ထသွားမယ်လုပ်တော့ ရှိတ်က လက်ကိုဆွဲထားပြီး ပြန်ထိုင်ခိုင်းသဖြင့် ဆောင်း ပေကပ်ကပ်နှင့်ပဲ ပြန်ထိုင်နေရ၏။

"ကဲ ကိုစိုးဝေ၊ လာရင်းကိစ္စပြော"

"မင်း. . . ရှိုးပွဲလိုက်ရမယ်"

"ဟာ!"

"ဘာလဲ"

"ကျွန်တော် ခုရက်ထဲမှာ ဘယ်ရှိုးပွဲမှ မလိုက်ချင်ဘူး"

"ဟ! ဘာဖြစ်တာတုန်းကွ"

"ဟဲဟဲ. . . မိန်းမအနားက မခွာနိုင်သေးလို့"

"ဟော!"

ကိုစိုးဝေ မျက်လုံးပြူးကြီးနှင့် ဆောင်းကိုကြည့်လေတော့ ဆောင်း မျက်နှာလေး ငုံ့ကျသွားသည်။

"မင်းက ဘယ်တုန်းက မိန်းမရလိုက်တာလဲ၊ တို့လည်း မသိလိုက်ရပါလား"

"ဘယ်သိမှာလဲ၊ ညကမှ အတင်းအဓမ္မသိမ်းပိုက်ထားတာ"

"ဩော်. . . အေးအေး. . . ဟေးဟေး. . ."

ကိုစိုးဝေမျက်နှာကြီးက ပြုံးဖြီးဖြီးနှင့်ပါ။ အဆိုတော် ဂစ်တာရှိုး မိန်းမရတယ်ဆိုတဲ့သတင်းကြားလိုက်တော့ လာကြပါလိမ့်မည် အင်တာဗျူးချင်တဲ့သူတွေ။

"ဒါဆိုလည်း မလိုက်နဲ့ပေါ့ကွာ၊ ငါကိုယ်ချင်းစာတတ်ပါတယ်ကွ"



"ခင်ဗျားပြောချင်တာ ဒါပဲမို့လား"

"အေး. . . ဒါပါပဲ"

"အဲဒါဆိုလည်း ပြန်တော့ဗျာ၊ အားတော့နာပါတယ်၊ ဟဲဟဲ"

"ကိုကို"

"အား. . ."

ရှိတ် တွန့်လိမ်ကာ မျက်နှာက ရှုံ့မဲ့မဲ့။ အဲဒါကိုပဲ ကိုစိုးဝေက ကြည့်ရှုရယ်သည်။

"နိုက်ကွပ်ထား. . . နိုက်ကွပ်ထား။ ခုကတည်းက"

"ဟာဗျာ. . . ခင်ဗျားက မြှောက်ပေးနေပြန်ပြီ"

"မင်းမသိဘူးလား၊ အဲဒါ ချစ်လို့လိမ်တာ"

"ကိုစိုးဝေနော်၊ မကြီးမငယ်နဲ့"

ဆောင်းက အော်သည်။

"ဂုဏ်ပြုတဲ့အထိမ်းအမှတ်နဲ့ ကော်ဖီလေးတော့ တိုက်သင့်ပါတယ်ကွာ"

"ဟုတ်သားပဲ၊ ညီ့သည်ကိုမေ့နေတာ"

ဟုဆိုပြီး ဆောင်းက သူ့မကော်ဖီပန်းကန်လေးကို ကိုစိုးဝေရှေ့သို့ တိုးပေးသည်။ သူမက အသစ်ဖျော်သောက်မည်ပေါ့။

"အဲဒါမသောက်နဲ့ ကိုစိုးဝေ၊ ကျွန်တော်အသစ်ဖျော်ပေးမယ်"

"ဒါက ဘာဖြစ်လို့လဲကွ၊ သောက်မှ မသောက်ရသေးတာ"

"အဲဒါက ဆောင်းအတွက်၊ ကျွန်တော်ကိုယ်တိုင် အချစ်တွေနဲ့ ရောမွှေပြီးဖျော်ထားတာ"

"ကောင်းကွာ"

www.burmeseclassic.com

www.burmeseclassic.com



ကိုစိုးဝေက တော်တော်အဖြစ်သည်းတဲ့ကောင်ဟု မျက်လုံးနှင့် အဓိပ္ပာယ်ဖော်ပြကာ ထရပ်သည်။

"အလကားနောက်တာပါကွာ၊ အခုပဲ ဆိုင်မှာ ငါသောက်လာခဲ့ပြီ"

"အဲဒီလိုလုပ်စမ်းပါဗျ"

"ကဲ! ငါပြန်မယ်၊ လွတ်လွတ်လပ်လပ် ဆက်ချစ်ကြ"

ကိုစိုးဝေ ပြန်သွားတော့မှ ရှိတ်နှင့်ဆောင်း အကြည့်ချင်းဆုံ၍ ပြုံးဖြစ်ကြသည်။

▣▣▣

## အခန်း (၂၁)

"ဘာ! "

ကြားလိုက်ရသောသတင်းကြောင့် နွေ ထိုင်နေရာမှ ဝုန်းခနဲ ခုန်ထမိလိုက်သည်။

ခုတလော. . . နွေ့ကျန်းမာရေး ချို့တဲ့နေသဖြင့် အပြင်မထွက်ဖြစ်ခဲ့တဲ့ကာလလေးမှာ ပြောင်းလဲမှုက ဒီလောက်မြန်ဆန်သွားသလား။

"ဂစ်တာရှိတ်နဲ့ ဝေသီဆောင်း လက်ထပ်တော့မယ်ဟုတ်လား ဒေါ်ကြီး"

"ဟုတ်တယ် မမလေး"

"သေချာရဲ့လား"

"သေချာပါတယ်၊ သူတို့မင်္ဂလာဆောင်ဖို့ ဆီဒိုးနားမှာ ဒိတ်လှမ်းထားတယ်"

"ဒီသတင်းကို နင် ဘယ်ကကြားခဲ့တာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဂစ်တာရှိတ်က အနုပညာသမားတစ်ယောက်ပဲ မမလေးရဲ့။ နာမည်ကြီးအဆိုတော်တစ်ယောက်ရဲ့မင်္ဂလာသတင်းက ဟော်လေတကျွဲ ကျွဲ... ဟိုးလေးတကျော်ကျော်ဖြစ်နေတာ"

နွေ့ အောက်နှုတ်ခမ်းကို ဖိကိုက်ပစ်လိုက်၏။ သိပ်ပျော်နေပြ မှာပေါ့လေ။ ပျော်ထားကြပေါ့။ ဘယ်တော့မှ မပေါင်းစေရဘူး။ နှင်တို့ ယောက် ပေါင်းရလိမ့်မယ်မထင်နဲ့။

ဂစ်တာရှိတ်ကြောင့်...

နွေ့ မျက်ရည်ကျခဲ့မှုတော၊ အဲဒီမျက်ရည်အတွက် ထိုက်တန်တာ ကို ရအောင်ပြန်ယူမည်။

"ဗလကြီး"

"ဗျာ"

"နှင် ငါ့ဆီမှာ ဘယ်လောက်ကြာကြာ ဆက်ပြီးအမှုထမ်းမှာလဲ"

"တစ်သက်လုံး"

"ဟုတ်ပြီ"

ကျောခိုင်းရပ်နေရာကနေ ဗလကြီးဘက်သို့ နွေ့မျက်နှာလှည့် လာသည်။ ဗလကြီးကြည့်နေရာမှ ခေါင်းငုံ့လိုက်၏။ ကျန်းမာရေးမကောင် ပေမယ့် အကောင်းစားမိတ်ကပ်တွေ လိမ်းနာတွေ နှုတ်ခမ်းနီတွေရဲ့ ဖုံး အောက်မှာ...

နွေ့မျက်နှာလေးက လှပနေဆဲမို့ လူမမာရုပ် လုံးဝမပေါက်

"နှင် ငါ့အပေါ် ဘယ်အထိ သစ္စာရှိမှာလဲ"

"သေသည်အထိ"

"ဘာကြောင့်လဲ"





"သံယောဇဉ်ရှိလို့"

"ဒါဆို ငါခိုင်းသမျှ နှင်လုပ်မှာလား"

"လုပ်ပါ့မယ်"

"ကောင်းပြီ၊ ဒါဆို ငါပြောမယ် နားထောင်"

"ဟုတ်ကဲ့"

သံယောဇဉ်ရှိလို့ဆိုတာထက် တစ်ဖက်သတ် စွဲလမ်းခဲ့သည်ဆို လျှင် ပိုမှန်မည်။ အသက်ချင်းက အတူတူ၊ ကာမပိုင်ယောကျာ်းရှိမှန်းသိ ရဲ့နဲ့ ချစ်ခဲ့တာ။

ဗလကြီးက သူများတွေလို ဂုဏ်မရှိ... ငွေမရှိ... ပညာမတတ်၊ ခန္ဓာကိုယ်ကြီးက ထွားထွားကျိုင်းကျိုင်း။ ရုပ်ရည်က ရုပ်ကြမ်းကြီးမို့ မမိ တဲ့ပန်းကို တုံးခုန်၍ မလှမ်းပါဘဲ မော့ကြည့်ပြုံးပြန် အဖြည့်ခံသက်သက်ဘဝ နှင့် နွေ့အနားမှာ နေခွင့်ရလို့ ကျေနပ်ခဲ့ရသူ။

"နှင် သူတို့အကြောင်းစုံစမ်း။ ဝေသီဆောင်းကို မျက်ခြည်မပြတ် စေနဲ့။ အခွင့်အရေးရတာနဲ့ ငါ့ဆီရောက်အောင် ခေါ်လာခဲ့"

"ဟုတ်ကဲ့"

"ဒီကိစ္စကို နှင်နဲ့ငါနှစ်ယောက်ကညီး သိပါစေ။ ဝေသီဆောင်း ဆိုတဲ့ကောင်မကို ငါကိုယ်တိုင် ငါ့လက်နဲ့သတ်ရမှ ကျေနပ်မယ်"

"စိတ်ချပါ မမလေး"

"နှင်သွားလို့ရပြီ"

သွားလို့ရပြီဆိုပေမယ့် ဗလကြီးက ပေကပ်၍ ရပ်နေဆဲ။ တစ်ခု ပြောစရာကျန်သေးလို့လား။

နွေ့ မျက်မှောင်ကြုတ်၍ ဗလကြီးကိုကြည့်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဘာပြောစရာကျန်သေးလို့လဲ ဗလကြီး"

"ကျန်သေးတယ်"

"ပြော"

"ဟန်မိုးသက်အကြောင်း"

"ဘာဖြစ်လို့လဲ"

"သူဆုံးသွားပြီ"

နွေ လှစ်ခနဲပြုံးလိုက်သည်။

"ကောင်းတယ်၊ တစ်ရန် ရှင်းသွားတာပေါ့"

"သူ့ရောဂါက"

"အဲဒါတွေ ငါစိတ်မဝင်စားဘူး။ သွားတော့"

"ဟုတ်"

ဗလကြီးထွက်သွားပြီး နွေ အရုပ်ကြိုးပြတ် ထိုင်ချလိုက်သည်

ရှိတ် လက်ထပ်တော့မယ်တဲ့။ ဘာဖြစ်လဲ. . . သူ့ဟာသူ ဘယ်မယား

ယူယူ၊ ကိုယ့်ဘက်က ချစ်နေခွင့်ရှိသည်။ ကိုယ်ပိုင်ဆိုင်ခွင့်မရတဲ့အချစ်

သူပိုင်ဆိုင်ရပါလားလို့. . . ပိုင်ဆိုင်ခွင့်ရသူကို အားကျကျေ

နေမယ့် အဖြည့်ခံနှလုံးသားစာရင်းထဲမှာ နွေ့နှလုံးသားမပါပေ။

"ဝေသီဆောင်း. . . နင့်ကို ငါကိုယ်တိုင်သတ်မယ်"

◙◙◙



# အခန်း(၂၂)

ဆောင်းက အိမ်မှာပဲ ပြန်နေချင်ပါသည်ဆို၍ ရှိတ် ကိုယ့်အိမ်ကိုပိတ်ပြီး ဆောင်းအိမ်မှာ လိုက်နေရပါသည်။ သျှောင်နောက် ဆံထုံးပါ မဟုတ်ဘဲ ဆံထုံးနောက်ကို သျှောင်ပါခဲ့ရသည့်အဖြစ်။

ချစ်တာတွေလေ. . .

ချစ်တာတွေပြောရရင် ကုန်နိုင်မှာပင် မဟုတ်တော့။

"ကိုကိုရေ"

"ဗျာ"

"ဟင်. . . အခုထိ အဝတ်မလဲရသေးဘူး"

"လာပါဦး မိန်းမရယ်၊ ကိုကို ဘာဝတ်ရမှန်းမသိလို့"

"အပိုတွေ၊ ခါတိုင်း ကိုကိုဝတ်ဖို့ ဘယ်သူက အဝတ်ရွေးပေးလဲ"

"မဟုတ်တော့ဘူးလေကွာ၊ မိန်းမရပြီဆိုတော့ ကိုယ့်မိန်းမ ရွေးပေးတာလေးပဲ ဝတ်ချင်တာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"ဟွန်း. . ."

ဆောင်းက မျက်စောင်းထိုးပြီး အဝတ်ရွေးပေးသည်။ ဒီနေ့ မမကို လေဆိပ်မှာ သွားကြိုရမှာလေ။ ဆောင်းရဲ့ဖေဖေကတော့ ဆရာဝန်တစ်ယောက်မို့ သွားချင်တိုင်းသွား လာချင်တိုင်းလာလို့မရ။

ဒါကြောင့်. . .

မင်္ဂလာဆောင်ရက်နီးမှ ပြန်လာမည်တဲ့။ မင်္ဂလာဆောင်ဖို့ကိစ္စတွေကို ထောင့်စေ့အောင်စီစဉ်သူကတော့ ရှိုက်ကိုယ်တိုင်ပါ။ ဘာအကြောင်းကြောင့်မှ အလွဲအချော်မခံနိုင်ပါဘူးတဲ့လေ။

"ဒါဝတ်"

"ဆောင်း ဝတ်ပေးလေ"

ဆောင်း အင်္ကျီဝတ်ပေးပြီး ကြယ်သီးတပ်ပေးဖို့လုပ်တော့ ရှိုက်ရင်ဘတ်က တက်တူးထိုးထားတာလေးကိုကြည့်ပြီး ပြုံးလိုက်သည်။

"ကိုကို ဒီတက်တူးလေးကို ဘယ်တုန်းက ထိုးခဲ့တာလဲဟင်"

"ဆောင်း အမှတ်တမဲ့မို့လို့ပါ၊ ကိုကို နိုင်ငံခြားကနေ ပြန်လာပြီး မြန်မာပြည်ကိုရောက်တဲ့နေ့မှာပဲ သွားထိုးလိုက်တာ"

"တော်တော်စိတ်ကူးယဉ်တာပဲ"

"ချစ်တာကိုး"

"အခုနေတော့ ချစ်နေတာပဲ၊ နောက်မှ ကလေးအမေလည်းဖြစ်ရော မလန်းတော့ဘူးဆိုပြီး အပြစ်မရှာနဲ့"

ရှိုက် ဆောင်းကိုယ်လေးကို ဆွဲပွေ့ပြီး ရယ်လေသည်။ ဆောင်းက တစ်ခါတစ်ခါ အဲဒီလိုမထင်မှတ်တာလေးတွေကို ပြောတတ်သည်။

ဒါလည်း ဖြစ်တတ်တဲ့သဘောတရားတွေရှိသည်မို့ ဆောင်းပြောတာ မလွန်ပါ။ အချို့အချို့သော ယောကျ်ားတွေ ဒီလိုရှိလို့ ဒီစကားပြောတာပေါ့။ ရှိုက်ကတော့ ကိုယ့်ကိုယ်ကိုယ် ယုံကြည်ပါသည်။ ဘာလို့လဲဆိုသူက အစွဲအလန်းကြီးတတ်သူ။

သူ့ဘဝမှာ ဆောင်းကလွဲပြီး ဘယ်မိန်းမကိုမှ ချစ်နိုင်မှာမဟုတ်။ ဒါ မှန်ကန်သောသစ္စာတရားပါ။

"ဆောင်း"

"ဟင်"

"ဆောင်း တကယ်ကလေးယူဖို့ စိတ်ကူးထားပြီလားဟင်"

"ဟာ. . . ဘာတွေလာမေးနေတာလဲ"

"ကိုကိုကတော့ လိုချင်နေပြီ"

"ကိုကိုနော်၊ ဘယ်လိုဖြစ်နေတာလဲ၊ မင်္ဂလာဖြင့် မဆောင်ရသေးဘူး"

ဆောင်းကပြောရင်း အင်္ကျီကြယ်သီးမတပ်ခင် တက်တူးလေးကို အနမ်းလေးခြွေ။ ပြီးမှ အင်္ကျီကြယ်သီးတပ်ပေး၏။ တက်တူးထိုးတာ အတော်နာမှာပဲဟုတွေးရင်း. . .

ကိုကို့အချစ်တွေကိုလည်း အကြွင်းမဲ့ ယုံကြည်မိ၏။

"အာဝါဟ ဝိဝါဟ မင်္ဂလာထဲမှာ အခု ကိုကိုတို့ဆောင်မယ့် မင်္ဂလာပွဲက ဝိဝါဟ မင်္ဂလာ။ အာဝါဟက သော့ပိတ်ခံထားရပြီ"

"ဟင်! အဲဒါက ဘာစကားလဲ၊ အာဝါဟဝိဝါဟ မင်္ဂလာပဲ ဆောင်းတော့ ကြားဖူးတယ်။ ကိုကို့ကျမှ အာဝါဟနဲ့ ဝိဝါဟကို ခွဲခြားစိတ်ဖြာနေတာ"

"ဆောင်း မကြားဖူးသေးဘူးထင်တယ်။ ယောကျ်ားလေးနောက်







www.burmeseclassic.com

www.burmeseclassic.com



ကို လိုက်နေရရင် အာဝါဟမင်္ဂလာမည်၍ မိန်းကလေးနောက်ကို လိုက်နေရရင် ဝိဝါဟမင်္ဂလာမည်တယ်ဟဲ့လေ။ အခု ကိုကိုက ဆောင်းနောက်လိုက်နေရတော့ ဝိဝါဟမင်္ဂလာပေါ့"

"ကပါ ကိုကိုရယ်၊ ပေါက်ကရတွေ လျှောက်ပြောမနေနဲ့။ လေဆိပ်သွားဖို့ နောက်ကျနေမယ်"

ဆောင်းကပြောပြီး ရှေ့မှထွက်သွားလေသဖြင့် ရိုတ် နောက်က လိုက်ခဲ့ရတော့သည်။ ချစ်သူသည် ကမ္ဘာပေါ်မှာ အလှဆုံးသောပန်းတစ်ပွင့်။ ဟိုတုန်းက ချစ်ခဲ့ဖူးခြင်းသည် ဓာတ်ဆီလောင်းပြီး မီးရှို့လိုက်သလို ဟုန်းခနဲထတောက်ပြီး ခဏနှင့်ပြန်လည်သေဆုံးသွားတာမျိုး။

ဆောင်းကိုချစ်တဲ့အချစ်က. . .

စိမ့်စမ်းရေလို တသွင်သွင်စိမ့်တိုးထွက်ပြီး တရိပ်ရိပ်တက်လာကာ နှလုံးသားထဲ၌ တသွင်သွင်စီးဝင်အေးချမ်းလျက် သောက်လေ သောက်လေ ငတ်မပြေနိုင်သည့်အချစ်မျိုး။

"ကိုကို"

"ဘာလဲ ဆောင်း"

"ဆောင်း. . . ဗိုက်နာလာလို့"

"Toilet ဝင်ချင်တာလား"

"အင်း"

"အဲဒါကြောင့် ပြောတာပေါ့၊ ရှောက်သီးတွေ အများကြီးမစားပါနဲ့လို့"

"လေယာဉ်ဆိုက်တော့မယ်၊ ကိုကိုကျန်ခဲ့လေ။ ဆောင်းဘာသာပဲ သွားလိုက်မယ်။ တော်ကြာ မမလိုက်ရှာနေမယ်"





"ဒါဆို သွားလေ"

တစ်ယောက်ထည်းလွှတ်လိုက်ရတာ စိတ်ကတော့ သိပ်မချ။ လေယာဉ်ကလည်း ဆိုက်လာပြီမို့ လိုက်သွားလို့ကလည်းမဖြစ်။ ရှင်ပြုခါနီး ကိုရင်လောင်းရယ်၊ လက်ထပ်ခါနီး သတို့သား သတို့သမီးရယ်က အရာရာကို ဂရုစိုက်ရသည်တဲ့။

ဟော! မမ ဆင်းလာပြီ။

"မမ. . . ကျွန်တော် ဒီမှာ"

"ဟေ့"

မောင်နှမနှစ်ယောက် တစ်ယောက်လက်ကို တစ်ယောက် တင်းတင်းဆုပ်လိုက်ကြသည်။

"မမြင်ရတာ ကြာလို့လားမသိဘူး။ မမ ပိုလှလာတယ်"

"မင်းလည်း ပိုချောပြီး ပိုရင့်ကျက်လာပုံပဲ"

"ရင့်ကျက်ရမယ့်အချိန် ရောက်ပြီလေ"

"အေးပါ၊ ဒါနဲ့ ဆောင်းရော မပါဘူးလား"

"ပါတယ်မမ၊ ဗိုက်နာလို့ဆိုပြီး Toilet သွားတယ်"

"အဟင်း. . . ဆောင်းရဲ့အိမ်ဦးနတ်ကြီးဖြစ်လို့ ပျော်နေလား"

"ဘယ်လိုပြောလိုက်တာလဲ မမရယ်၊ ပျော်တာပေါ့။ ကိုယ့်ချစ်သူနဲ့ လက်ထပ်ရတာပဲဟာ"

မြန်မာပြည်နှင့်ဝေးကွာခဲ့ရတာကြာပြီမို့ သလင်းရဲ့မျက်လုံးတွေဟာ အငြိမ်မနေ။ မြင်သမျှတွေ့သမျှတွေကို လိုက်ကြည့်နေ၏။

တကယ်ဆိုရင်. . .

သလင်းက မြန်မာလူမျိုးစစ်စစ်မဟုတ်ပေ။ ဒယ်ဒီက မြန်မာ၊



www.burmeseclassic.com

www.burmeseclassic.com



မာမိကာ ဂျပန်လူမျိုးပင်။ မြန်မာပြည်ကိုချစ်တဲ့စိတ်ကတော့ မာမိကာအစ တစ်မိသားစုလုံး၏အသွေးအသားထဲမှာ ရှိနေသည်။ မာမိကာ သလင်းငယ် ငယ်လေးကတည်းက ဆုံးသွားတာ။

သလင်း၊ ဒယ်ဒီနှင့် စီးပွားရေးလုပ်ငန်းတွေမှာဝင်ကူရင်း နောက်တော့ ဒယ်ဒီဆုံးတော့၊ သလင်းပဲ ဒယ်ဒီ့အမွေကို ဆက်ခံရသည်။ မြန်မာပြည်ကိုရောက်လာခဲ့တာက ဒယ်ဒီ့သူငယ်ချင်း ဦးသုတအောင်နှင့် ဆက်သွယ်မိပြီး မြန်မာပြည်ကိုချစ်လို့ အလည်ပြန်ခဲ့တာ။

ခုတော့. . . ကိုယ်ချစ်တဲ့မြန်မာပြည်မှာပဲ ဘဝကို အခြေချတော့မည်ဟု ဆုံးဖြတ်ထား၏။

"မမ"

"ဟင်"

"ဆောင်းသွားတာ ကြာပြီ၊ ခုထိပြန်မလာသေးဘူး"

"တစ်ခုခုများ ဖြစ်နေသလား 'ဇ'ရယ်"

"ကျွန်တော် လိုက်သွားကြည့်လိုက်ဦးမယ်"

"အေးအေး"

ရှိတ်ရင်ထဲမှာ စိုးရိမ်စိတ်တွေ ဒီဂရီမြင့်လာ၏။ ဆောင်း တစ်ခုခုများဖြစ်နေပြီလား။ ရှာသည်။ ဘယ်မှာမှမတွေ့။ ရှိတ် ဖောခွေးပြန်လာပြီ။

ဘုရား. . . ဘုရား. . .

ရှိတ်ရင်တွေ အဆမတန်ပူပြင်းကာ မမရှိရာသို့ ပြန်လာခဲ့ရ၏။

"မမ"

'ဟင်! 'ဇ'. . . ဆောင်းရော"



"ဘယ်မှာမှ ရှာလို့မတွေ့ဘူး မမ။ ဆောင်း တစ်ခုခုဖြစ်ပြီထင်တယ်"

"ဟယ်! ဒုက္ခပါပဲ၊ ဘယ်လိုလုပ်ကြမလဲ"

နှစ်ယောက်သား ပျာယာခတ်နေချိန်မှာပဲ ရှိတ်ဖုန်းက ထမြည်လာသည်။ ဆောင်းနှင့်ပတ်သက်သည့်အကြောင်းလားဟု ကပျာကသီ ဖွင့်နားထောင်လိုက်၏။

"ဟဲလို"

"ဟင်း. . . ဟင်း. . . ဟင်း"

တစ်ဖက်မှ မပွင့်တပွင့်ရယ်သံကြောင့် ဟန်းဖုန်းကိုပြန်ကြည့်မိလိုက်တော့. . .

နွေထက်သာလွန်ရဲ့ဟန်းဖုန်းနံပါတ်က သူ့ကိုလှောင်ပြောင်နေသလို။

"ဒေါ်နွေထက်သာလွန်၊ ခင်ဗျားနဲ့ကျွန်တော် ဘာမှပတ်သက်စရာအကြောင်းမရှိတော့ဘူး"

"ဟုတ်လား. . . ပတ်သက်ချင်မလားလို့ပါ၊ ဘယ်လိုလဲ၊ ဇနီးချောလေး ပျောက်သွားလို့ ရင်ပူနေပြီလား"

"ခင်ဗျား"

"သိပ်မစိုးရိမ်ပါနဲ့၊ ခုလောလောဆယ်တော့ အကောင်းပကတိပဲ ရှိနေသေးတယ်။ နောက်ဆိုရင်တော့"

"ခင်ဗျား. . . ခင်ဗျား ယုတ်မာပြန်ပြီလား ဒေါ်နွေထက်သာလွန်"

"ကိုကို. . . ကိုကို ဆောင်းကိုကယ်ပါ၊ ဆောင်းကြောက်တယ်"

"ဆောင်း"

www.burmeseclassic.com



"ငြိမ်ငြိမ်နေစမ်း"

ဖုန်းထဲမှာ ဆောင်းရဲ့ကြောက်လန့်နေတဲ့အသံလေးကို ကြားရတော့ ရှိတ်တစ်ကိုယ်လုံး သွေးဆူသွားသည်။

"ဒေါ်နွေထက်သာလွန်. . . ခင်ဗျားဘာလုပ်မလို့လဲ ဆောင်းကို ဘာမှမလုပ်နဲ့နော်။ ကျွန်တော့်မိန်းမ တစ်ခုခုဖြစ်ရင် ခင်ဗျားကို ကျွန်တော် သတ်မှာ"

"ဒေါ်သတွေ ကြီးလှချည်လား။ စိတ်ချ! ဆောင်းကို ငါဘာမှမလုပ်ဘူး။ ငါလိုချင်တာက မင်းပဲ ရှိတ်။ အဲဒီတော့ မင်း. . . ငါ့ဆီကိုလာခဲ့။ မင်းတစ်ယောက်တည်း လာခဲ့နော်"

"ကျွန်တော် ယောက်ျားဗျ"

"ကောင်းပြီ၊ ဒါဆို ငါစောင့်နေမယ်"

ရှိတ် ဖုန်းကိုပိတ်လိုက်ရင်း. . .

"တောက်! "

"ဘာတဲ့လဲ. . . 'ဖ' "

"ဆောင်းကို ဟိုမိန်းမယုတ်မကြီး ခေါ်သွားတာ"

"ဘယ်သူလဲ"

"နွေထက်သာလွန်"

"တယ်"

"မမ ဒီမှာ ဆောင်းရဲ့အိမ်လိပ်စာ၊ မမလည်း သွားတတ်လာတတ်ရှိသားပဲ၊ ပြန်နှင့်။ အိမ်ကိုအကျိုးအကြောင်းပြောပြ။ ကျွန်တော် ခုပဲ လိုက်သွားမယ်"

"နင် ကားယူသွားလေ၊ ငါ Taxi ငှားပြန်လိုက်မယ်"





"ရတယ် မမ၊ ကားပါရင် နောက်ဆံတင်းနေရဦးမယ်။ မမပဲ ယူသွားလိုက်"

"အေးအေး. . ."

ရှိတ်ထွက်သွားတာကိုကြည့်ပြီး သလင်း သက်ပြင်းချလိုက်သည်။ နွေထက်သာလွန်. . .

အခုထိ 'ဖ'ဘဝထဲမှာ လိုက်ပြီးဒုက္ခပေးနေတုန်းပါလား။ ဝဋ်ကြွေးတွေဆပ်လို့မကုန်သေးဘူးလား 'ဖ'ရယ်။

ဆောင်းရဲ့အိမ်လိပ်စာအတိုင်း သလင်း လာခဲ့သည်။ ဒီအိမ်ကို သလင်း မရောက်ဖူးသေးပေ။

"သားတို့သမီးတို့ ပြန်လာပြီ"

"ဟင်"

ဝမ်းသာအားရနှင့် ပြေးထွက်လာသူက ဆောင်းရဲ့မေမေဆိုတာ ခဲ ဖြစ်ရမည်။ ကားပေါ်ကနေ သလင်းတစ်ယောက်တည်း ဆင်းလာတာ ကိုမြင်တော့ အံ့သြမျက်နှာလေးနှင့်. . .

"သြော်. . . ညှော်သည်ကို"

"ညှော်သည်မဟုတ်ပါဘူး အန်တီရဲ့၊ ကျွန်မ သလင်းဖြူပါ"

"သလင်းဖြူ"

"ဟုတ်ပါတယ်"

"ဒါဆို သားနဲ့သမီးရော ဘယ်ကျန်ခဲ့ကြသလဲကွယ်"

သလင်း မျက်နှာမပျက်အောင် မနည်းထိန်းလိုက်ရ၏။ ပြောပြဖို့ ခက်နေပြီ။ မပြောရက်လို့ မပြောဘဲထားလိုက်ဖို့ကလည်း မဖြစ်။

"သြော်. . . သို့ပြီ စိတ်စာတွေ တစ်ခါတည်းဝင်ယူလာသင်တယ်"



www.burmeseclassic.com

www.burmeseclassic.com



"အိမ်ထဲရောက်မှ သလင်းပြောပြပါ့မယ် အန်တီ"

"ဟုတ်သားပဲ၊ လာ. . . သမီး"

ဒေါ်ချောစုက သလင်းလက်ကလေးကိုဆွဲခေါ်သည်။ ဧည့်ခန်းထဲသို့ရောက်မှ သလင်း သက်ပြင်းချရင်း ဆောင်းအကြောင်းကိုရှင်းပြလေတော့ ဒေါ်ချောစု ရင်ဘတ်ဖိ၍ မျက်ရည်ကျလေပြီ။

"အို! ဒါဆို သမီး. . . သမီးလေး ဒုက္ခရောက်နေပြီပေါ့"

"ဒီလောက်လည်း စိတ်မပူပါနဲ့ အန်တီ၊ 'ဇ'လိုက်သွားတာပဲ"

"လိုက်သွားလည်း နှစ်ယောက်စလုံးကို စိတ်ပူမိတာပါကွယ်"

သလင်း ဘာလုပ်ရမလဲ။ ရဲကိုတိုင်လို့လည်း မဖြစ်သေးပါဘူး။ နွေထက်သာလွှန်က သလင်းသိရသလောက် အလွန်ရက်စက်ကြမ်းကြုတ်သောမိန်းမ။

သူ ဘာလုပ်ချင်တာလဲ. . .

"လုပ်ပါဦး သမီးရယ်၊ အန်တီတို့ ဘယ်လိုလုပ်ကြမလဲဟင်"

"စိတ်အေးအေးထားပါ အန်တီ၊ သလင်း နည်းလမ်းကောင်းကို စဉ်းစားကြည့်ပါဦးမယ်"

သလင်း ဒေါ်ချောစုပခုံးကိုဖက်၍ အားပေးနှစ်သိမ့်လိုက်ရသည်။ မိဘဆိုတာ သားသမီးအတွက် အမြဲပူပန်စိုးရိမ်တတ်ကြစမြဲ။

◙◙◙



# အခန်း(၂၃)

"နွေထက်သာလွှန်"

ဝန်းဒိုင်းကြပြီး ဝင်လာတဲ့ရှိတ်ပုံစံက တကယ့်ကို လူသတ်တော့ဆယ့်ပုံစံလို။ မျက်လုံးတွေက ရဲရဲတောက်လို့။ အံကြိတ်ထားလိုက်တာကညည်း ပုလဲလုံးလေးတွေကို ကိုက်ခွဲပစ်တော့မယ့်အတိုင်း။ ကျိုကျိုသံပင်ပြည်နေပြီလားတော့ မသိပေ။

နွေ စီးကရက်ကို ကြူရာသို့ တောက်ထုတ်လိုက်ပြီး ခပ်မဲ့မဲ့ပြုံးလိုက်သည်။

"ထိုင်လေ"

"ကျွန်တော်ထိုင်ဖို့ လာတာမဟုတ်ဘူး။ ဘယ်မှာလဲ ကျွန်တော့် [illegible]"

"ရှိပါတယ်ကွာ၊ အေးအေးဆေးဆေးပေါ့"

"မအေးဆေးနိုင်ဘူး။ ဆောင်းနဲ့ပတ်သက်လာရင် ကျွန်တော်



www.burmeseclassic.com

www.burmeseclassic.com



အသက်ချင်းလဲဖို့ ဝန်မလေးဘူး”

“အဲဒီလောက်တောင်ပဲ ချစ်သလား”

“ချစ်တယ်၊ ကျွန်တော့်ဘဝ ကျွန်တော့်အသက်ထက် ကျွန်တော် ဆောင်းကိုပိုချစ်တယ်”

“ဩော်. . . ဩော်”

သရော်သလို လှောင်သလိုအပြုံးနှင့် ပြောလိုက်ပုံက ရင်ဝကို ပြေးပြီး ဓားနှင့်ထိုးချင်စရာ။ ရှိတ် လက်သီးကိုကျစ်ကျစ်ပါအောင် ဆုပ်ထားလိုက်၏။ ဒေါသကြောင့် အသားတွေက တဆတ်ဆတ်တုန်နေသည်။

ဆောင်းသာ တစ်ခုခုဖြစ်လို့ကတော့. . .

ရှိတ် ဒီမိန်းမကိုသတ်ဖို့ ဝန်လေးမှာမဟုတ်ပေ။

“နွေထက်သာလွန်”

“. . .”

“ဘယ်မှာလဲ ဆောင်း။ ခုထုတ်ပေးပါ”

“ဒီတစ်ခါတော့ မင်းရဲ့အတွေးအခေါ်တွေ သိပ်ညံ့သွားပြီ ရှိတ်”

“ဘာ”

“ငါက ဝေသီဆောင်းကို ဒီအိမ်မှာ လွယ်လွယ်လေး ထားမယ် ထင်လို့လား”

“ဒါဆို ဘယ်မှာလဲ”

“တစ်နေရာရာမှာပေါ့”

“အဲဒါဆို ကျွန်တော့်ကို အခုလိုက်ပို့ပါ”

“အပေးရှိရင်အယူရှိရမယ်လေကွာ။ အကြောင်းရှိလာရင် အကျိုး ကိုလည်း ဆက်စပ်ကြည့်မှပေါ့”





“ခင်ဗျားက ဘာလိုချင်တာလဲ”

“ငါလိုချင်တာ မင်းဆီကအချစ်”

ပြောပြီး နွေက ရှိတ်ဆီသို့ ဖြည်းညင်းစွာ လျှောက်လာသည်။ မျက်နှာချင်းဆိုင် ရပ်မိကြတော့ ရှိတ်လည်ပင်းကိုသိုင်းဖက်၍ မေးဖျားကို နမ်းသည်။ ရှိတ် တိတ်ဆိတ်ငြိမ်သက်စွာ ရပ်နေဆဲ။ နွေက သူ့ကိုမော့ ကြည့်ပြီး ခပ်တိုးတိုးဆိုသည်မှာ. . .

“မမ မင်းကိုတကယ်ချစ်မိသွားခဲ့တာ၊ အဲဒီအချစ်ကြောင့် ရူး တော့မယ်ထင်တယ်။ မင်း. . . မမကိုပြန်မချစ်ရင်နေပါ ရှိတ်။ မမဘက် က ချစ်နေခွင့်ရရင် ကျေနပ်တယ်။ မင်း. . . ဝေသီဆောင်းကို လက်မထပ် ပါနဲ့နော်”

ရှိတ်. . .

နွေ့မျက်နှာကို မျက်တောင်မခတ် စိုက်ကြည့်ပြီး နှုတ်ခမ်းလေး တွေက ပြုံးလာသည်။

“မင်းကို မမပိုင်ဆိုင်ခွင့်ရရင် သေမယ်ဆိုလည်း သေပျော်ပါပြီ ရှိတ်ရယ်”

“ဟုတ်လားဟင်”

ရှိတ်လေသံက နူးညံ့ပျော့ပျောင်းသွားသလိုပင်။ နွေ သိတာပေါ့။ နီတွတ်ပြောပြလို့ သူ့အကြောင်းတွေကို နွေ အားလုံးသိလိုက်ရသည်။ ဆဲတာရှိတ်ရယ်၊ ရာဇသံရယ်၊ ဘုန်းလျှံမိုးရယ် တစ်ယောက်တည်းပဲဆို တာကိုလေ။

လူယုံသတ်လို့ သေတတ်တယ်ဆိုတာကို သူမသိဘူးလား။ နီတွတ် က နဂိုကတည်းက ဦးပြည့်စုံလျှံတို့သားအဖရဲ့ လူယုံ။ အစကတော့ ဟုတ်



www.burmeseclassic.com

www.burmeseclassic.com



တာပေါ့။ သက်တန့်ခင်နှင့်ပတ်သက်လာပြီးမှ ကိုယ့်လူအဖြစ် ခြေလှမ်း ပြောင်းသွားတာ။ သူ့လူကိုယ့်ဘက်ပါလာတော့ သူလှုပ်ရှားခဲ့သမျှ သူကြံ စည်ခဲ့သမျှတွေကို. . . နီတွတ်က. . .

သူမအား ကုန်စင်အောင် ပြောပြသည်။

ဘုန်းလျှံမိုး မသေဘူးတဲ့။

မျက်နှာမှာ ဒဏ်ရာအပြင်းအထန်ရပြီး နိုင်ငံခြားမှာ မျက်နှာကို ပလပ်စတစ်ဆာဂျရီလုပ်ခဲ့တယ်။ မြန်မာပြည်ပြန်ရောက်လာတော့ ရာဇဝင် အဖြစ်နဲ့တစ်မျိုး. . . ဂစ်တာရှိတ်အဖြစ်နဲ့ တစ်ဖုံ. . .

နွေ့ကိုလက်စားချေဖို့ ကြိုးစားနေခဲ့တာတဲ့လေ။ သိလိုက်ရတဲ့ အချိန်မှာ နွေ့က သူ့ကိုအရူးအမူးစွဲလန်းနေမိပြီ။ ဒါပေမဲ့ နွေ့ စိတ်မာတ မကျပါဘူး။ နီတွတ်ပြောပုံအရဆို သူ နွေ့ကိုသိပ်ချစ်ခဲ့တာ။ ရည်းစားဦး ကို မြေးဦးရတောင် မမေ့ကြဘူးလေ။ ဒါကို နွေ့လက်ခံသည်။ အမုန်းရဲ့ နောက်ကွယ်မှာ အချစ်ရှိနေတာပဲ။

သူ နွေ့ကိုတကယ်မုန်းရင်. . .

မေ့ပစ်ဖို့ ကြိုးစားမှာပေါ့။ လက်စားချေဖို့ ကြိုးစားနေတယ်ဆို ကတည်းက နွေ့ကိုမမေ့နိုင်သေးလို့ ချစ်နေသေးလို့လို့ ယူဆ၏။ အချစ် ကြီးလို့ အမျက်ကြီးတာ။

"မောင်"

"ဟင်! "

အံ့ဩလို့ ထွက်သွားတဲ့အာမေဋိတ်ကို ထူးသည်လို့ မှတ်သလာ မသိ။

"မောင့်အကြောင်းတွေကို 'မ'အားလုံးသိပြီးပါပြီမောင်။ မောင်





ဘုန်းလျှံမိုးဘဝနဲ့ 'မ'ကိုအရူးအမူးချစ်ခဲ့သလို ဂစ်တာရှိတ်ကို 'မ'က အရမ်း ချစ်မိနေပြီ။ မောင်. . . 'မ'ကိုချစ်နေသေးတယ်မဟုတ်လား။ 'မ'ကိုမညာ ပါနဲ့နော်။ အာဃာတတရားတွေကို ချေဖျက်ပြီး 'မ'နဲ့မောင် လူသစ်စိတ် သစ်နဲ့ ဘဝသစ်တစ်ခုကို ထူထောင်ကြရအောင်. . . မောင်"

ရှိတ်နှုတ်ခမ်းပေါ်ကအပြုံးတွေသည် ဘယ်သရုပ်ကို ဖော်ထုတ် နေသလဲဆိုတာ ခန့်မှန်းလို့မရနိုင်။

"မောင်. . . 'မ'ကိုချစ်သေးတယ်မဟုတ်လားဟင်"

"ထို. . ."

"အို"

ဘယ်လိုမှထင်မှတ်မထားသောလုပ်ရပ်ကို ရှိတ် လုပ်ချလိုက်တာ။ နွေ့မျက်နှာကို တံတွေးနှင့်ထွေးပြီး ခေါင်းတွန်းပစ်လိုက်သည်။

"ရှိတ်. . . မင်း"

"ခင်ဗျားကို ကျွန်တော် ရွံတယ်"

"တောက်! "

နွေ့ တောက်ခေါက်ပြီး မျက်နှာပေါ်မှတံတွေးတွေကို တစ်ရှူးနှင့် ခပ်ကြမ်းကြမ်းသုတ်ပစ်လိုက်သည်။

"မင်းတော်တော်ရိုင်းပါလား"

"ကျွန်တော်က ရိုင်းရုံပဲရိုင်းတာ။ ခင်ဗျားက ယုတ်မာတာ။ ယုတ် မာတာတွေပြိုင်ပြီး ဆုပေးပွဲကျင်းပရင် ယုတ်မာမှုသရဖူကို ပထမဆုအဖြစ် ခင်ဗျားဆောင်းရမှာ"

"ငါ့ရဲ့စစ်မှန်တဲ့မေတ္တာတရားအတွက် မင်း လျှော်ကြေးပြန်ပေး ရမယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဆောင်းကလွဲရင် ကြိုက်တာယူ"

"ကဲ!"

"ဖြန်း. . ."

ရှိတ်ပါးတစ်ဖက် ပူသွားသည်။ ဒါပေမဲ့ ပွတ်ခြင်းကိုင်ခြင်းမပြု ဒီနေရာမှာ သတ္တိကိုစမ်းကြကြေးဆိုရင် ဘုရင့်နောင်ရဲ့စမ်းသပ်မှုလို လက် သည်းကြားကို အပ်စိုက်ပြီး တူနှင့်ထုချတာကိုမပြောနှင့်၊ ခင်ဝကို ဓား စိုက်ပြီး. . .

တင်းပုတ်နှင့်ထုချရင်တောင်. . .

အချစ်အတွက် ရှိတ် နောက်တွန့်မယ့်ကောင်မဟုတ်။

"တစ်ဖက်တည်းဆိုတော့ တစ်ခါပဲမှတ်နိုင်မယ်။ နှစ်ထပ်ရှိမှ မှတ် မိမှာဆိုတော့ ရော့! နောက်တစ်ဖက်"

ရှိတ်. . . နွေ့ရှေ့သို့ နောက်ထပ် ပါးတစ်ဖက်ကို ထိုးပေးသည်။ ရှိတ်ဟာ ဘယ်ရိုလူစားလဲ။ ဘုန်းလှိုင်ဘဝက စိတ်ဓာတ်နှင့် ဂစ်တာရှိတ် ဓါမာန. . .

အားလုံးဟာ ဆန့်ကျင်ဘက်ပါလား။

"ရိုက်လေ၊ အားမနာပါနဲ့"

"တောက်!"

"ကဲ"

"ဖြန်း. . ."

နွေ မထူးတော့ပြီမို့ ရှိတ်ရဲ့နောက်ပါးတစ်ဖက်ကို ရိုက်ချပစ်လိုက် သည်။ ရှိတ်က ပခုံးလှုပ်အောင် ရယ်ပြီးမှ. . .

"ခင်ဗျား ကျေနပ်လောက်ရောပေါ့။ ဘယ်မှာလဲ ဆောင်း"





"မင်း ဘာနဲ့လဲယူမှာလဲ"

"ကျွန်တော်က ဝယ်မယ့်သူ"

"မင်းဘဝနဲ့ လဲယူ"

"ကောင်းပြီ၊ ဆောင်းကိုထုတ်ပေး"

"ဒီမှာမရှိဘူး"

"ရှိတဲ့နေရာကိုသွားမယ်. . . လာ"

ရှိတ် နွေ့လက်မောင်းကိုဆောင့်ဆွဲပြီး ခေါ်လာခဲ့သည်။ အချစ် နှင့်ပတ်သက်ပြီး ကမ်းမမြင်လမ်းမမြင်ဖြစ်နေသောရှိတ်၊ ဖြစ်နိုင်လျှင် နွေ့ ထက်သာလွန်ကို တစ္ဆေသရဲလို ကိုက်ဖဲ့ဝါးစားပစ်လိုက်ချင်၏။

"အား. . ."

ကားတံခါးဆွဲဖွင့်ပြီး ဆောင့်တွန်းထည့်လိုက်သည့်အရှိန်ကမသေး။ ရှိတ်တို့ ကြမ်းပြီရမ်းပြီ။ ဘယ်သူက မုဆိုး. . . ဘယ်သူက သားကောင် ဖြစ်ကြမလဲ။

နွေ. . . ရှိတ်မျက်နှာကို ငေးမောကြည့်နေမိ၏။ ဝေသီဆောင်းကို နွေ မနာလိုပေ။ သူမကတော့ ကံကောင်းပြီး ကိုယ်က ကံဆိုးရှာတဲ့မောင် နှင်း။ သူက ချစ်ချစ် မချစ်ချစ်. . . ကိုယ်က ချစ်နေမိသူ။ အချစ်အတွက် ပေးဆပ်ချင်ကြသူတွေကတော့ ချစ်သူလွတ်မြောက်ရေးအတွက် သူ့ဘဝ ကို ပုံအပ်မည်တဲ့။

"ခင်ဗျား. . . ကျွန်တော့်ဘဝကို ပိုင်ဆိုင်ခွင့်ရရင် ကျေနပ်တယ် မဟုတ်လား။ ဒီထက်တော့ ပိုပြီးလောဘကြီး မမျှော်လင့်နဲ့"

"မမျှော်လင့်ပါဘူး၊ ငါက နောင်တမရတတ်ဘူး"

"ကောင်းပြီ၊ ဒါဆို ခင်ဗျားနဲ့ကျွန်တော် အပေးအယူညှိမယ်"



www.burmeseclassic.com

www.burmeseclassic.com



"ပြောလေ"

စတီယာရင်ကိုဆုပ်ကိုင်ထားသောလက်တွေက ပို၍တင်းကျပ်သွားသည်။ နွေ့မျက်နှာကို မှန်ထဲမှတစ်ဆင့် နှုတ်ခမ်းကိုတင်းတင်းစေ့၍ကြည့်သည်။

"ဆောင်းက ကျွန်တော့်မိန်းမဖြစ်နေပြီဆိုတာကို လူတိုင်းသိနေကြပြီ။ ဆောင်းရဲ့သိက္ခာကိုငဲ့ညှာတဲ့အနေနဲ့ မင်္ဂလာပွဲကို ကျွန်တော် ဖျက်မပေးနိုင်ဘူး။ ဆောင်းနဲ့လက်ထပ်ပြီးမှ ကျွန်တော် ခင်ဗျားဘဝထဲကို တိုးဝင်လာမယ်။ ခင်ဗျား ကျေနပ်ရဲ့လား"

"အေးလေ. . . မိန်းမချင်း ကိုယ်ချင်းစာတဲ့အနေနဲ့ ငါလိုက်လျှော့ပေးပါ့မယ်"

"အဲဒီအတွက် ခင်ဗျားကိုကျေးဇူးတင်ပါတယ်"

ရှိတ် နွေလမ်းညွှန်ရာသို့ ကားကိုမောင်းနှင်နေသည်။ ဆောင်းရယ်. . . ဆောင်းရဲ့ကိုကို ဆောင်းကိုကယ်တင်ဖို့ လာနေပါပြီကွာ။

အချစ်စစ်တို့၏.ကွန်းခိုရာ ဘုံဗိမာန်ဆိုတာ ဆွေးမြေ့နေတဲ့လှေကားကြီးနဲ့ တဲကုပ်ရမှာပါလား ဆောင်းရယ်။

▣▣▣



## အခန်း(၂၄)

"ကိုကို"

"ဆောင်း"

ရှိတ်ကိုမြင်တာနှင့် ဆောင်းပြေးဖက်ပြီး ငိုလေသည်။ ဆောင်းကြောက်လွန်းလို့ သေချင်စိတ်တောင်ပေါက်နေ၏။

"ကိုကို. . . ဆောင်းကြောက်တယ်"

"မကြောက်နဲ့ ဆောင်း။ ကိုကိုရှိတယ်"

"ဟင်! ဆောင်း"

ဖေးဖျားမှခွဲယူပြီး မျက်နှာလေးကိုမော့ကြည့်စေလိုက်စဉ် နီမြန်းနေသော ဆောင်းရဲ့ပါးပြင်လေးကိုမြင်ရတော့၊ ရှိတ် ဘယ်လိုမှနေလို့မရတော့။

"ဆောင်း. . . ဒါ. . . ဒါ ဘာဖြစ်တာလဲဟင်"

"သူတို့. . . အဟင့်"



www.burmeseclassic.com

www.burmeseclassic.com



"ပြောစရာစကားနားမထောင်လို့ ဆုံးမထားတာ။ တစ်ချက်တည်းပါကွာ"

"ဘာ!"

"ကိုကို"

ဆောင်း. . . ရှိတ်လက်မောင်းကို ဖက်တွယ်ထားပေမယ့် ရှိတ်က အသာဖယ်ချခဲ့ပြီး နွေနှင့်မျက်နှာချင်းဆိုင်လိုက်သည်။

"ခင်ဗျားပြောတော့ ဆောင်းကိုဘာမှမလုပ်ပါဘူးဆို"

"အသက်အန္တရာယ်နဲ့ အဝေးကြီးပါ၊ ပါးတစ်ချက်ရိုက်မိတာ ဓားနဲ့ထိုးတာမှမဟုတ်ဘဲ"

"ခင်ဗျားမှာ ကိုယ်ချင်းစာစိတ်မရှိဘူး။ ကိုယ်ချင်းစာစိတ်ကလေး ခင်ဗျားမွေးတတ်အောင်"

"ကဲ!"

"ဖြန်း. . ."

"ကိုကို"

ဆောင်း ကိုကို့ကိုပြေးဆွဲလိုက်၏။ နွေက ပါးကိုပွတ်ရင်း ရှိတ်ကို ခပ်စူးစူးကြည့်သည်။

"ငါ့အတွက်က ဒါပဲလား ရှိတ်"

"တန်တာကိုပေးတာ ယူလိုက်ပါ"

"ဗလကြီး"

"ဗျာ. . . မမလေး"

နွေ့အသံစူးစူးအောက်မှာ ဗလကြီးပြေးဝင်လာသည်။ ရှိတ်က ဗလကြီးကို စိုက်ကြည့်လိုက်သည်။ ဖေဖေ့ရဲ့လူယုံတော်က ခုမှ နွေထက်





သာလွှန်ရဲ့လူယုံတော်ဖြစ်သွားတာ။ သူ့ကို တကယ်မသိတာလား။ မဖြစ်နိုင်။

သူ. . . ဘုန်းလျှံမိုးဆိုတာကို. . .

နွေထက်သာလွှန် သိမှတော့ သူလည်းသိမှာပေါ့။ ဗလကြီး ရှိတ်မျက်နှာကိုမကြည့်ရဲဘူးဆိုကတည်းက. . .

"မမလေး ဘာခိုင်းမလို့လဲ"

"ခြံတံခါး အိမ်တံခါးတွေ အကုန်ပိတ်လိုက်"

"အားလုံးပိတ်ထားပြီးသားပါ"

တော်တော်တာဝန်သိတတ်နေပါလား။

"ခင်ဗျားဘာလုပ်ချင်တာလဲ နွေထက်သာလွှန်"

"အဖြေကရှင်းပါတယ်၊ မင်းကို ငါမယုံတော့ဘူး။ ပုံပြင်ထဲက သျှင်း မြူးတောင်သလို မြူးမိထားတဲ့ဗျိုင်းကို အမေ့ကိုပြောလိုက်။ တစ်ခြမ်းကင် တစ်ခြမ်းချက်လို့ပြောနိုင်းပြီး လွှတ်ပေးလိုက်ရအောင် ငါက နံ့အအမိန်းမ မဟုတ်ဘူး ရှိတ်"

"ခင်ဗျား ကတိမတည်ဘူး"

"ကတိတွေ သစ္စာတွေ ထားနေရအောင် ဒါ မင်းတုန်းမင်းခေတ်မဟုတ်ဘူး။ လည်ရာလူစား. . . ညံ့ရာလူခံပဲ"

"တောက်!"

"ဘယ်လိုလုပ်ကြမလဲ ကိုကို"

ဆောင်းက အသံတုန်တုန်လေးနှင့်မေးလေသည်။ ရှိတ် ဆောင်းကို သနားကရုဏာသက်စွာ ဖက်ထားလိုက်၏။ နွေထက်သာလွှန်နဲ့ ရှိတ်ရဲ့အာဃာတတွေကြားမှာ ဆောင်းက ဓားစာခံဖြစ်နေပြီလား။



www.burmeseclassic.com

www.burmeseclassic.com



ဘာပဲဖြစ်ဖြစ် ရှိတ် . . . ဆောင်းကိုတော့ အထိခိုက်မခံနိုင်ပါ။

"နွေထက်သာလွန်"

"ပြော"

"ဆောင်းကိုပြန်လွှတ်ပေးလိုက်ပါ"

"ဆောရီးပဲ ရှိတ်၊ ငါ့ရှေ့မှာ နင်တို့ ဒီလောက်ချစ်ပြနေတာကို ငါမနာလိုဘူး။ အဲဒီတော့ နင်တို့နှစ်ယောက်ကို ငါပေါင်းခွင့်မပေးနိုင်ဘူး"

"ခင်ဗျားဘာဖြစ်ချင်တာလဲ၊ ကျွန်တော့်ကိုသတ်ချင်ရင် သတ်လိုက်၊ ဆောင်းကိုတော့ လွှတ်ပေးပါ"

"အို! ကိုကို"

ရှိတ်အသံက ကျယ်လောင်မြည်ဟီးလျက်၊ နွေထက်သာလွန်က အနားသို့တိုးကပ်လာပြီး. . .

"သတ်မှာ၊ နင်တို့နှစ်ယောက်စလုံးကို ငါသတ်ပစ်မှာ သိလား။ ဒီလောက်တောင်ချစ်ကြတာ တမလွန်ရောက်မှ နင်တို့ပေါင်းကြ"

"အို"

"ဟား. . . ဟား. . . ဟား"

နွေက ခြောက်ကပ်ကပ်နှင့်ရယ်လိုက်ပြီး. . .

"ဝလကြီး"

"ဗျာ"

"ဓားတစ်ချောင်းယူခဲ့"

"ဗျာ"

"သွားယူလေ"

"ဟုတ်. . . ဟုတ်ကဲ့"



နွေထက်သာလွန်၏ပုံစံက စိတ္တဇဆန်ဆန်။ ရယ်လိုက် မဲ့လိုက်၊ ချက်လုံးတွေက ရီဝေသွားလိုက်၊ ရူးလက်လာလိုက်နှင့်ပါ။ ဆောင်း ကြောက်ရွံ့စွာ ကိုကို့ခါးကို တအားဖက်ထားမိသည်။

"ဆောင်း"

"ဟင်"

"အရမ်းကြောက်နေလားဟင်"

"ကြောက်တော့ ကြောက်တယ်ကိုကို၊ ဒါပေမဲ့ ကိုကိုနဲ့အတူတူ ဆောင်း သေရဲပါတယ်"

"ဆောင်းရယ်"

"အေး. . . ချစ်ကြ ချစ်ကြ၊ မသေခင် ဝအောင်ချစ်ထားကြ။ ပြီးရင်တော့ နှစ်လောင်းပြိုင်ပဲ။ နင်တို့ကိုသတ်ပြီးမှ ငါလည်း ကြိုးဆွဲချတော့မယ်။ ခွန်ဆန်လောနဲ့ နန်းဦးရာလို နင်တို့နှစ်ယောက်ကြားမှာ ဝါးသုံးဆစ်တော့ ခြားမပေးဘူး။ ငါကိုယ်တိုင် နောင်ဘဝအထိလိုက်ပြီး နင်တို့ရဲ့ချစ်ခြင်းကို ခွဲနေဦးမှာ။ နားလည်လား. . . ဟားဟား. . . ဟားဟား"

"ခင်ဗျား ရူးနေပြီ"

"ဟုတ်တယ်. . . ငါရူးနေပြီ၊ အဲဒါ နင်တို့ကြောင့်"

နွေထက်သာလွန်၏ပုံစံက တကယ်ပဲ ရူးသွပ်သွားသူပမာ။ အတွေးသာဘတွေ ဖုံးလွှမ်းနေတဲ့မိန်းမ၊ သူ့ကိုလည်း တရားဥပဒေက လက်ပိုက်ကြည့်နေမှာမဟုတ်ပေ။

ရှိတ်. . .

မျက်လုံးက အငြိမ်မနေ။ ဘာလုပ်ရမလဲ စဉ်းစားရင်း လှည့်လမ်းကို ရှာနေ၏။ မိန်းမတစ်ယောက်ရဲ့လက်ထဲမှာ ဒီအတိုင်း အသေခံရမှာ

www.burmeseclassic.com

www.burmeseclassic.com



လာ။ အဓိပ္ပာယ်မရှိလိုက်တာ။ ရှိတ် ခေါင်းရဲ့လက်ကလေးကို ဖိဆုပ်ပြီး ခပ်တိုးတိုးဆိုလိုက်သည်။

"ခေါင်း. . . ကိုကို တစ်ခုခုလုပ်ရှားတာနဲ့ ခေါင်း ဖျဉ်းသား"

"ကိုကိုကရော"

"ကိုကိုက ယောကျ်ား။ ဘာမှမဖြစ်ဘူး။ သူ့ကို ကိုကိုကြည့်ရှင်းလိုက်မယ်"

"လက်လွန်ခြေလွန်တော့ မဖြစ်ပါစေနဲ့ ကိုကိုရယ်"

ဩော်. . . စိတ်ထားဖြူစင်သူတွေကျတော့ ရန်သူကိုတောင် ထိခိုက်နစ်နာနေမှာ စိုးသေးသည်။ ကံ. . . ကံဇာတ်အကျိုးကို ယုံကြည်ထားသည်မို့ ကိုယ့်စေတနာ ကိုယ့်ကိုအကျိုးပေးမှာပါ။

"မမလေး"

"ဟင်"

"မမလေး ပြေးတော့"

"ဘာ! "

ဗလကြီးအသံက စူးစူးဝါးဝါးမို့ ခွေလှည့်ကြည့်လိုက်တော့ ဗလကြီးရဲ့လည်ပင်းကို မားနှင့်ထောက်၍ ဝင်လာသူက နီတွတ်။ အစောင့်ချထားသော ခွေ့လူတွေ ပြေးဝင်လာပေမယ့်. . .

"ရှေ့မတိုးကြနဲ့နော်၊ ဗလကြီးရဲ့အသက်က ငါ့လက်ထဲမှာ"

"ဟိတ်! အဲဒီမှာပဲ ရပ်နေကြ"

ခွေ့သူ့လူတွေကို ရပ်နိုင်းလိုက်၏။ ဗလကြီးက သူမဆီညာလက်ရုံးမို့ နီတွတ်လိုလူ့ရဲ့လက်ထဲမှာ အသေမခံနိုင်ပါ။

"နီတွတ်. . . သစ္စာဖောက်"





"ဟုတ်တယ်၊ သခင့်အပေါ် သစ္စာစောင့်သိတဲ့ခွေးဆိုရင်တောင် ကျွန်တော်က သခင်ကောင်းအပေါ်မှာပဲ သစ္စာရှိနိုင်မယ်။ ခင်ဗျားလို ဆောက်ကျစ်ယုတ်မာတဲ့မိန်းမအပေါ်မှာ သစ္စာမရှိနိုင်ဘူး။ လုံ့လေးက ကျွန်တော်တို့ရဲ့ သခင်ကောင်း"

"အပိုတွေပြောမနေနဲ့ နီတွတ်၊ မင်း ငါ့ကိုသတ်ချင်ရင် သတ်လိုက်။ မင်းက ကျွေးတဲ့လက်ကိုပြန်ကိုက်တဲ့ခွေးပဲ"

"ဘယ်လို! ဟား. . . ဟား. . . ရယ်စရာကောင်းလိုက်တာ"

နီတွတ်က လှောင်ရယ်ရယ်၏။

"ဘယ်သူလဲ ကျွေးတဲ့လက်ကိုပြန်ကိုက်တဲ့ခွေးက။ မင်းနဲ့ငါ ခွေးချင်းတူပေမယ့် မင်းက ပိုပြီးမိုက်တွင်းနက်တဲ့ခွေးကွ။ သခင်ကောင်းအပေါ် သစ္စာဖောက်ပြီး အလှုကွန်ရက်ထဲမှာမိပြီး ကျောက်ခဲနဲ့ပစ်တာကို ထမင်းကြမ်းခဲထင်ပြီး ပြေးကိုက်တဲ့ခွေးမိုက်။ ရာဂမီးတောက်နေတဲ့ခွေးရူး"

"မင်းရော ဘာထူးသေးလဲ၊ သက်တန့်ခင်နဲ့ ဓတ်သလင်းဖောက်ခင်းခဲ့ကြတာပဲ မဟုတ်ဘူးလား။ အရှုးချင်း တစ်မူးသာပြမနေနဲ့"

"ကိုတွတ်. . . နောက်မှာ"

"ဒုတ်! "

"စွပ်! "

"အား. . ."

"ကိုတွတ်"

"ရဲတွေ"

အခြေအနေက ရှုပ်ထွေးသွားသည်။ နောက်ကတစ်ယောက်က နီတွတ်ကို ဝင်အရိုက်၊ ရှိတ်အော်လိုက်ပေမယ့် နောက်ကျသွားသည်။ ခွေ



www.burmeseclassic.com

www.burmeseclassic.com



က နီတွတ်လက်ထဲမှဓားကိုလုပြီး တစ်ချက်တည်း နီတွတ်ဗိုက်ကို ထိုး၍လိုက်၏။

ထိုစဉ်. . . ရဲတွေကိုမြင်လေသဖြင့် ဗလကြီးက နွေထက်သာလွှင့်၏လက်ကိုဆွဲကာ အနောက်ဘက်သို့ ပြေးလေတော့၏။

ရှိတ်. . . ကိုတွတ်ကို ပြေးပွေ့လိုက်သည်။

"ကိုတွတ်"

"အား. . . ကျွတ်! ကျွတ်!"

"ကိုတွတ်၊ ကိုတွတ်ဘာမှမဖြစ်ရဘူး။ ဆေးရုံကိုသွားရအောင်"

ရှိတ်. . . ကိုတွတ်ကိုပွေ့ချီမည်လုပ်တော့ ကိုတွတ်က လက်ကာပြသည်။

"မပို့နဲ့"

"ကိုတွတ်"

ဆောင်းအပြင် သက်တန့်ခင်ပါ နီတွတ်အနားသို့ရောက်လာကြ၏။

"လှုံလေး"

"ကိုတွတ်"

"ကိုတွတ် တာဝန်ကျေပါတယ်နော်"

"ကျေပါတယ် ကိုတွတ်ရယ်၊ ကျေပါတယ်"

"တစ်လုတ်စားဖူး. . . သူ့. . . ကျေး. . . ဇူးတွဲ ကို. . . ကိုတွတ်ကျေးဇူးရှင်. . . လှုံ. . . လှုံလေးတို့အပေါ် . . . အသက်နဲ့ရင်း. . . ရင်းပြီးကျေးဇူးဆပ်ခွင့်ရလို့ ကျေ. . . ကျေနပ်တယ်"

"ကျွန်တော်သိပါတယ် ကိုတွတ်ရယ်၊ စကားမပြောနဲ့နော်"





"အား"

ဓားအထိရာက သွေးတွေ ဒရေပေါ်ထွက်နေသည်။ သက်တန့်ခင်အခြေအနေကို မိုပ်စားမိသဖြင့် ငိုး၏။ နွေထက်သာလွှင့်ယုံအောင် ကိုတွတ်ကို ဟန်ဆောင်ဖြားယောင်းခဲ့ပုံ ယောင်ဆောင်ခဲ့ရတဲ့ကာလလေးတွေမှာ ကိုတွတ်နှင့်သူ လက်ပွန်းတတီးနေပြရင်း ခင်မင်ရင်းနှီးခဲ့ကြသည်။ မိတ်ဆွေကောင်းတွေလို တိုင်ပင်ဖော်တိုင်ပင်ဖက်ဖြစ်ခဲ့ကြ၏။

"သက်တန့် အရောက်နောက်ကျလို့ ကိုတွတ် ခုလိုဖြစ်ရတာ"

"မဟုတ်. . . ငိုနဲ့ သက်တန့်၊ နင်လည်း တာဝန်ကျေအောင် ဆောင်ရွက်နေတာပဲ။ နင်. . . နင်က ရဲ. . . ရဲဝတ်စုံနဲ့ ကြည့်. . . ကြည့်ကောင်းတယ်"

"ကိုတွတ်ရယ်"

"လှုံလေး"

"ပြောပါ ကိုတွတ်"

ရှိတ်. . . ကိုတွတ်လက်ကိုတင်းတင်းဆုပ်ကိုင်၍ မျက်ရည်ကျမိ၏။

"ဆ. . . ဆရာကိုပြော. . . အား. . . ပြောလိုက်ပါ. . . ငါ. . . ငါ့အသက်. . . သက်"

"ကိုတွတ်"

"ကိုတွတ် သတိထားလေ"

နီတွတ် ဝေဒနာကိုမခံစားနိုင်လွန်းလို့ ထင်ပါရဲ့။ တအင်းအင်း ညည်းညူရင်း ငြိမ်သက်သွားလေတော့သည်။

"ကိုတွတ်"

www.burmeseclassic.com

www.burmeseclassic.com



"ကိုတွတ်"

"အဟင့်...ဟင့်"

"ကိုတွတ်ရယ်၊ ကျွန်တော်တို့ကို အသက်ပေးပြီး ကာကွယ်သွားတာ"

ရှိုက်...ကိုတွတ်အတွက် မဖြေနိုင်စွာ ကြမ်းပြင်ကို လက်သီးနှင့် ထိုးချလိုက်၏။

"ကိုတွတ်ရာ"

အငိုပြိုင်ပွဲလေးမဆုံးခင် နီတွတ်အလောင်းကို ရဲတွေ လာသယ်သွား၏။

နွေထက်သာလွှန်တစ်ယောက်မှလွဲ၍...

ကျန်တဲ့လူအားလုံးကို လက်ရဖမ်းဆီးလိုက်ကြပြီ။

◙◙◙

## အခန်း (၂၉)

နွေထက်သာလွှန် ပျောက်ဆုံးနေသဖြင့် ရဲတပ်ဖွဲ့ဝင်များ စုံစမ်းနေကြသည်။ ဦးပြည့်စုံလျှံနှင့် ရှိတ်မှာတော့ အလုပ်ရှင်အပေါ် အသက်ပေးပြီး ကာကွယ်သွားတဲ့နီတွတ်အကြောင်းတွေးပြီး မျက်နှာမကောင်းကြပေ။

"နီတွတ်က တကယ့် လူရိုးလူအေးလေးပါ။ နွေထက်သာလွှန်ရဲ့အကြံတွေကိုသိလို့ သူ ဖေဖေ့ကိုဂရုစိုက်ရှာတယ်"

"သက်တန့်ခင်က ဒုရဲအုပ်သက်တန့်ခင်ပါ ဖေဖေ။ ဘုန်းလျှံမိုး လုပ်ကြံခံရမှုနဲ့ပတ်သက်ပြီး နွေထက်သာလွှန် ဘာတွေဆက်လှုပ်ရှားမလဲ စုံစမ်းရင်း ဖေဖေ့ကို တစ်ဖက်က စောင့်ရှောက်ခဲ့တာ"

"ဖေဖေသိပါတယ်၊ အစကတော့ သူ့ကိုလည်း ဖေဖေ အထင်လွဲခဲ့သေးတယ်။ နောက်မှ သူနဲ့နီတွတ် တိုင်ပင်ပြီး ဖေဖေ့ကို စစ်ကိုင်း ပို့ပေးခဲ့ကြတာ။ အန္တရာယ်လည်းကင်း တရားလည်းအားထုတ်ခွင့်ရတာပေါ့ကွယ်"

www.burmeseclassic.com

www.burmeseclassic.com



"အခု သူလည်း နိဗ္ဗာန်အတွက် စိတ်မကောင်းဖြစ်နေရှာတာ"

ဦးပြည့်စုံလှ၌ သက်ပြင်းချမိ၏။ လောဘ၊ ဒေါသ၊ မောဟမီးတွေ တောက်လောင်ခဲ့သော နွေထက်သာလွန်။ ခုတော့ ဆီးသီးသည်မျှိုင်းမှိုင်း ဖြစ်ချေတော့မည်။ အတောမသတ်နိုင်သော လောဘတွေကြောင့်. . .

အမှားတွေ တစ်ခုပြီးတစ်ခု ကျူးလွန်. . .

နောက်တော့ ဘယ်ရောက်လို့ ဘယ်ပေါက်သွားမှန်းမသိတော့။

"မကောင်းမှုဟူသည် ဆိတ်ကွယ်ရာမရှိတဲ့။ ဗလကြီးကတော့ သူ့မိုက်ပစ်နဲ့သူ ခံသွားရပြီ။ ရဲမိုက်တို့ညီအစ်ကို သွားရာလမ်းအတိုင်းပဲ ပေါ့"

"ဒါပေါ့သားရယ်၊ ရဲမိုက်တို့ညီအစ်ကို ထောင်ကျတာကို နွေထက်သာလွန် မသိဘူး။ သက်တန့်ခင် သတ်လို့သေသွားပြီပဲထင်နေတာ။ ဖေဖေလည်း ကံသီပေလို့ အသက်ရှင်နေတာ"

"ဒါနဲ့ သားတို့မင်္ဂလာဆောင်ပြီးရင် ဖေဖေ စစ်ကိုင်းကို ပြန်သွားမှာဆို။ ဟုတ်လား"

"ဟုတ်တယ် သား။ လောကရဲ့သားကောင်တွေကိုကြည့်ပြီး ဖေဖေ သံဝေဂရတယ်။ ပြီးတော့ အသက်လည်းကြီးပြီကွယ်၊ အေးအေးချမ်းချမ်း နဲ့ပဲ တရားအားထုတ်တော့မယ်။ သေရင် ကိုယ့်နောက်ပါမှာက ဒါန သီလ ဘာဝနာပဲမဟုတ်လား"

ရှိတ် ကုတ်ကိုပွတ်လိုက်၊ လက်ဝါးချင်းပွတ်လိုက်နှင့် အပြောရခက်နေသည်။ ဖေဖေနဲ့ခွဲနေရတာကြာပြီ။ အခုမှ သားအဖတွေ နွေးနွေးထွေးထွေးပြန်နေရရုံရှိသေး၊ ဖေဖေက စစ်ကိုင်းကိုသွားပြီး တရားအားထုတ်တော့မယ်တဲ့။





မသွားပါနဲ့လား ဖေဖေရယ်လို့ပြောရင်. . . ကိုယ်ကပဲ သူ့များ ကောင်းမှုကုသိုလ်လုပ်တာကို ပိတ်ပင်သည့် ဒိဋ္ဌိကြီးဖြစ်ဦးမည်။

"ဖေဖေ"

"ဘာလဲ သား"

"ဟိုလေ၊ ဖေဖေ မြေးလေးဘာလေး မချီတော့ဘူးလား"

"ဟော! အေး. . . ချီတော့ချီချင်သေးတယ်ကွ"

"အဲဒါဆို စစ်ကိုင်းကို ပြန်မသွားနဲ့လေ ဖေဖေရာ။ စစ်ကိုင်းကို သွားပြီး အားထုတ်မှ တရားရမှာမှမဟုတ်တာ။ အိမ်မှာရှိနိုးတာလည်း တရားပဲမဟုတ်ဘူးလား။ ဒီမှာပဲနေပြီး ဘုရားသွား ကျောင်းတက်လုပ်နေပေါ့"

ဦးပြည့်စုံလှ၌ ပြုံးပြုံးကြီးနှင့် သားကိုစိုက်ကြည့်လေ၏။ ဖအေကို ချစ်တဲ့သား၊ ခွဲခွာသွားမှာကို လိုလားပုံမရပေ။

"ဟော. . . ဖေဖေရောက်နေတယ်"

"အေး. . . သမီး၊ အိမ်မှာက နိဗ္ဗာန်လည်းမရှိတော့ ခြောက်သွေ့နေတာ။ ဖေဖေတစ်ယောက်တည်းဆိုတော့ ပျင်းတာနဲ့ ဒီကိုထွက်လာခဲ့တာ"

"ဖေဖေရောက်ကိုကိုပါ ကော်ဖီသောက်ရအောင်၊ ဟိုမှာ အားလုံး စောင့်နေကြတယ်"

'ဖေဖေသောက်ခဲ့ပြီးပြီ သမီးရဲ့"

"သောက်ခဲ့ပြီးလည်း ထပ်သောက်ပေါ့ ဖေဖေရဲ့။ မိသားစုဆုံတုန်း ပျော်ပျော်ပါးပါးစကားပြောရင်းနဲ့ပေါ့"

"လာဗျာ. . . ကိုပြည့်စုံ"



www.burmeseclassic.com

www.burmeseclassic.com



ဦးသုတအောင်က တရိုတသေပုံစံနှင့် ခုံလေးကိုဆွဲပေးတော့. . .

"နေပါ ကိုသုတရယ်၊ တခြားသူတွေမှ မဟုတ်တာ"

"ကိုပြည့်စုံက ကျွန်တော့်ထက် ဝါကြီးတဲ့ပုဂ္ဂိုလ်ဖြစ်တော့မှာေ

အဲဒါကြောင့် ရှိသေရတာ"

"ဘယ်လို! ဝါကြီးတယ်ဟုတ်လား"

ဦးပြည့်စုံလျှံ၏အမေးကို ဦးသုတအောင်က အပြုံးနှင့်ခေါင်းညိတ်

ပြလေ၏။

"ဟုတ်တယ်လေ၊ ကလေးတွေ မင်္ဂလာဆောင်ပြီးရင် ကျွန်တော်

က ကျောင်းထားရစ်ခဲ့ရမှာ။ ဒီက မချောနဲ့ ကိုပြည့်စုံတို့ကပဲ ကလေး

တွေရဲ့ အနီးကပ်အုပ်ထိန်းသူလုပ်ရမှာ။ အဲဒီတော့ ဝါကြီးသွားတယ်ေ

တာပေါ့"

"ခင်ဗျားကတော့ဗျာ၊ ကြံကြံဖန်ဖန်လည်း ပြောတတ်ပါ့"

ရယ်သံလေးများသည် ဆည်းလည်းလှုပ်သံ၊ ခေါင်းလောင်းထိုး

သံများပမာ ကမ္ဘာမြေတစ်ခုလုံးကို အေးချမ်းသွတ်ပျံ့စေ၏။

ဒေါ်ချောစုမှာတော့. . .

ပြုံးရုံသာပြုံးပြီး ငြိမ်သက်နေသည်။ သမီးငယ်ရဲ့ဘဝကလေးေ

အေးချမ်းလှပနေပြီမို့ သူမစိတ်ချနိုင်ပါပြီ။ ရင်ပူဟပ်နေရတာက သမီးကြီး

အတွက်။

ငယ်ငယ်ကတည်းက အတ္တကြီးတတ်သူမို့ စိတ်မချနိုင်။ သူ

စိတ်ဝေဒနာသည်ဖြစ်နေတုန်းက ကစဉ့်ကလျားဖြစ်သွားရတဲ့မိသားစုဘဝ

ကို သူမ မသေခင် ပြန်လည်ဆုံစည်းခွင့်ရသွားချင်သည်။

ဒါကြောင့်. . . သူမ သမီးကြီးကိုရှာဖွေးချည်ပေါ့။





"မချော"

"အင်. . . ရှင်"

"ဘာတွေငိုင်နေတာလဲဗျ"

"ဪ. . . ဘာရယ်မဟုတ်ပါဘူး ကိုသုတရယ်၊ ကျွန်မ သမီး

ကြီးအကြောင်းတွေးမိသွားလို့ပါ"

"အခုထိ ဘာသတင်းမှ မရသေးဘူးလား"

"ဟိုတစ်လောက မမတော့ ဖုန်းဆက်ပါတယ်။ သူ့မွေးနေ့မှာ

သမီးကြီး ပုဂံကိုပြန်လာမယ်တဲ့။ အဲဒါကြောင့် သမီးငယ်ရဲ့မင်္ဂလာပွဲပြီးရင်

ကျွန်မ ပုဂံပြန်ဦးမယ်"

"သမီးတို့လည်း လိုက်မှာပေါ့အမေရဲ့၊ မမမွေးနေ့က နီးနေပြီ၊

သမီးလည်း မမကိုတွေ့ချင်တယ်။ ကွဲကွာသွားကြတာ ဘယ်လောက်ကြာ

ပြီလဲ"

"သမီးရဲ့အကြံက မဆိုးဘူး။ လိုက်သွားကြလေ။ ဟန်းနီးမွန်း

ထွက်တယ်လို့ သဘောထားပေါ့"

ဆောင်း. . . ရှိတ်ကိုလှည့်ကြည့်လေတော့ ခေါင်းညိတ်ပြသည်။

ပုဂံကို ရှိတ်လည်း သတိရနေ၏။ မမရယ်၊ ဆောင်းရယ်၊ ရှိတ်ရယ်၊

အတူစားအတူသွားခဲ့ဖူးတဲ့နေရာလေးတွေကို သတိရသည်။ ဆောင်းကို

ဂစ်တာတီးပြီး သီချင်းဆိုပြခဲ့ဖူးတဲ့ ဓမ္မရာဇကစေတီပေါ်နှင့် ရှုမျှော်ခင်းတွေ

ကို အောင်းမေ့သည်။

ပြီးတော့. . .

သင်းပျံ့ကြိုင်လှိုင်နေတဲ့ တမာရနံ့လေးများကို လွမ်းဆွတ်နေမိ

၏။ တစ်နေ့ တစ်နေ့ ကားသံတွေ တဗီဗီနှင့် ဖျော့နံ့တွေကြားမှ သွားလာ



www.burmeseclassic.com

www.burmeseclassic.com



လှုပ်ရှားနေရတာ ကြာတော့ ငြီးငွေ့လာပြီ။ အေးချမ်းသာယာလှတဲ့ ဖုဂ်မြေမှာပဲ စိတ်တွေကို ဆေးကြောသန့်စင်ကာ အနားယူ အပန်းဖြေတော့မည်ဟု တွေးကာ၊ အတွေးနှင့်ပင် စိတ်ထဲမှာ ကြည်နူးလာမိသည်။

"ဆောင်း"

"ရှင်"

"မမလည်း လိုက်မယ်နော်"

"ကောင်းတာပေါ့ မမရဲ့၊ လိုက်ခဲ့ပေါ့"

ရှိတ်နှာခေါင်းရှုံ့လိုက်တာကို သလင်းမြင်ဖြစ်အောင် မြင်လိုက်သည်။ ဒါ ဘာလိုက်ရှုပ်ဦးမယ်မသိဘူးလို့ နှုတ်မှဖွင့်မပြောလိုက်တဲ့သဘော။ သလင်းကလည်း ရှုပ်ဖြစ်အောင် ရှုပ်ဦးမှာဟုသောသဘောနှင့် ပြုံးလိုက်သည်။

သလင်းနှင့် ရှိတ်. . . အသံတိတ်စကားများပြောနေကြတာကို ဘယ်သူမှ မသိ။

"သားတို့မင်္ဂလာပွဲကို လူတွေအတော်များများက စိတ်ဝင်စားနေကြတာကွ"

"အင်း. . . အဲဒါဟုတ်တယ်၊ ဘယ်အနုပညာရှင်တွေ လာကြမလို့လဲလို့လေ"

"ကိုစိုးဝေနဲ့ ကိုရန်နိုင်က မင်္ဂလာမှတ်တမ်းတင် အခွေထုတ်ဖို့တောင် ပြောနေသေးတယ်"

"ဟုတ်လား၊ သားက ဘာပြောလိုက်လဲ"

"ထုတ်ချင်ထုတ်လို့ ပြောလိုက်တယ်။ ဒါပေမဲ့ ရလာတဲ့အကျိုးအမြတ်အတွက်တော့ ကျွန်တော်တို့ တစ်ပြားတစ်ချပ်မှမယူပါဘူး။ ဖောင်





ဒေးရှင်းတစ်ခုခုမှာ လှူဖို့ပြောထားပါတယ်"

"အဲဒါလည်း ကောင်းတာပဲ"

ရှိတ်က ထရပ်လိုက်ပြီး. . .

"ဆောင်း"

"ရှင်"

"လက်ထပ်လက်စွပ်ရပြီ၊ အဲဒါလိုက်ကြည့်ဦး"

ပြောပြီး ရှိတ်ထွက်သွားလေလျှင် သလင်းက နောက်မှထလိုက်သွား၏။ အပြင်ကိုရောက်တော့. . .

"ဟဲ့! နေဦး"

"ဗျာ. . . ဘာလဲ မမ"

သလင်းက ရှိတ်လက်မောင်းကို ဖြန်းခနဲရိုက်လေ၏။

"ဘာလဲ မမရဲ့"

"နင့်အကြောင်း ငါမသိဘူးမှတ်လို့လား၊ ဘာညာဆိုများတာလဲ၊ ကမ္ဘာလှည့်လာတ သိတယ်နော်၊ လက်ထပ်လက်စွပ်ကို တို့သုံးယောက်အတူတူသွားယူလာတဲ့ကိစ္စကို ဘာကြောင့်တာလဲ"

"ဟဲဟဲ. . ."

"ဘာ. . . ဟဲဟဲလဲ"

"ကမ္ဘာလှည့်လှည့် ဘာလှည့်လှည့်ပေါ့။ မမ ကိုယ်ချင်းမစာတတ်ဘူးလား။ အဲဒါကြောင့် အပျိုကြီးဖြစ်နေတာ"

"အံမယ်"

"ဒေါက်! "

"အား. . ."



www.burmeseclassic.com

www.burmeseclassic.com



အဲဝယ်ဆိုတာနှင့် လက်က ဒေါက်ခနဲ ခေါက်ပြီးသား။ ရှိတ်ဇော်ဟုက ခေါင်းကိုပွတ်နေသည့်ကြားက. . .

"ဒီလောက်တောင် အရိပ်သုံးပါးနားမလည်တဲ့အပျိုကြီး ကိုယ်ချင်းလေး စာတတ်အောင် အပျိုကြီးရောင်းရန်ရှိသည်ဆိုပြီး လေလံပစ်လိုက်ဦးမယ်"

"ကြည့်စမ်း"

"ဟား. . . ဟား. . . ဟား"

ရှိတ် ပြောလည်းပြော၊ အပေါ်ထပ်သို့ အပြေးတက်ခဲ့လေတော့သည်။ ဒီရက်ထဲမှာ အရာရာနဲ့ အကြောင်းကြောင်းကြီးပဲ။ မင်္ဂလာပွဲကိစ္စတွေစီစဉ်ရတာနဲ့ တစ်ဖက်မှ ပြဿနာတွေ ဖြေရှင်းရတာနဲ့ အလုပ်ကရှုပ်ပြီးရင်းရှုပ်။

အလုပ်က ရှင်းပြန်တော့ လူတွေက ရှုပ်လာပြန်သည်။ မမရောက်တာကို အခွင့်အရေးယူပြီး မမပျင်းမှာစိုးလို့ဟုဆိုကာ ဆောင်းက မမနှင့်သွားအိပ်သေးသည်။

ဘယ်မှာလဲ လင်မယားချင်း ချစ်ခန်းဖွင့် ကြည်နူးဖို့အချိန်။ မနက်ဖြန်ပဲ မင်္ဂလာဆောင်ရတော့မည်။ နွေထက်သာလွန်လက်ထဲမှ လွတ်လာပြီးကတည်းက ဆောင်းနှင့်သူ အေးအေးဆေးဆေး စကားမပြောဖြစ်တာခုထိ။

တွေ့ကြပြန်တော့ အနားမှာ သူ့အဖေ(သို့မဟုတ်) ကိုယ့်အဖေ ဒါမှမဟုတ် အမေ၊ ပြီးရင် မမသလင်းတစ်ယောက်ယောက်က အနားမှာ အမြဲရှိနေ၏။

"ကိုကို"





"ဆောင်း"

"ခုန ဘာအကြောင်းရိုက်တာလဲ"

"ဟဲဟဲ. . ."

"ဟင်းနော်"

"ဖေဖေတို့ကို ထားခဲ့ရတာ အားတော့နာသား"

"သူတို့ကလည်း အဖွဲ့ကျနေပြီလေ၊ အဖေနှစ်ယောက် ခြေမွပေါက်နေသလားမသိဘူး။ တစ်ယောက်က ရန်ကုန်ကိုပြန်ရောက်တုန်းရောက်ခိုက် ဘုရားတွေ လျှောက်ဖူးပြီး လည်ချင်လို့တဲ့၊ တစ်ယောက်ကညောင်ဝတ်ကျောချင်လို့ လိုက်ပို့တဲ့သူ၊ သွားကုန်ပြီ"

"ကောင်းတာပေါ့"

"ဘာကောင်းတာလဲ"

"ဪ. . . လူကြီးတွေဆိုတော့ ဘုရားဖူးသွားတာ ကောင်းတာပေါ့လို့ပြောတာ"

ဆောင်းက၊ ဝပ်ဖြိုဖြိုရုပ်မှုန့်ရှိတ်ကို မျက်စောင်းထိုးလေသည်။ ရှိတ် ဆောင်းလက်ကလေးကိုဆွဲ၍ သူ့ရင်ခွင်ထဲရောက်သည်အထိ ဆွဲခေါ်ပွေ့ပိုက်လိုက်သည်။ ခေါင်းကိုငုံ့လိုက်တော့ ဆောင်းက ရှောင်နေ၏။

ဆောင်း၏ပါးပြင်ကလေး ရှောင်ရှားပြေးလွှားနေသဖြင့် ရှိတ်ရဲ့နှာခေါင်းချွန်ချွန်က လိုက်ဖမ်းဖို့ ကြိုးစားနေစဉ်. . .

"ဖရေ"

"အယ်. . . မမခေါ်နေတယ်"

"ဟာကွာ. . . အဲဒီမမ ရှုပ်ပြန်ပြီ။ ဒီလောက်တောင်ရှုပ်တဲ့ အပျိုကြီး။ မဲထည့်ဖောက်. . . ဖောက်"



www.burmeseclassic.com

www.burmeseclassic.com



"ဇ"

"ဗျာ"

"ဘာကို မဲထည့်ဖောက်ဖို့ ပြောနေတာလဲ"

"အဲ. . . ဟိုဒင်း. . . မနက်ဖြန်မင်္ဂလာပွဲမှာ အထူးအစီအစဉ် အနေနဲ့ အဖေနှစ်ယောက်ကို မဲထည့်ဖောက်ဖို့ ပြောနေတာ မမ"

"ကြုံကြုံဖန်ဖန်ဟာယ်"

အခန်းအပြင်နှင့်အထဲ လှမ်းအော်နေကြခြင်းပါ။ တစ်စွန်းတစ်စ ကိုသာ ကြားလိုက်ရသောသလင်း။ ရှိတ်စကားကို တကယ်ယုံပြီး ပြုံးလိုက် သည်။

အဖေနှစ်ယောက်စလုံးက မုဆိုးဖိုတွေကိုး။

"အန်တီချော့နဲ့ငါ မြို့ထဲသွားမလို့ ဘာမှာဦးမလဲ"

"မမှာတော့ဘူး။ အားလုံးပြည့်စုံတယ်"

"ပြီးရော၊ ငါသွားပြီ"

"ကြွ. . . ကြွ"

ကြွ. . . ကြွဆိုသောအသံကတော့ ခပ်အုပ်အုပ်ရယ်ပါ။ ကြားသွား လို့ကတော့ ခေါင်းကို ပြေးဝင်လာပြီး ခေါက်ဦးမလားမပြောတတ်။

ရှိတ်. . .

ဆောင်းဘက်သို့ မျက်နှာပြန်လှည့်လိုက်တော့ ဆောင်းက တခစ် ခစ်နှင့်ရယ်နေသည်။

"ခင်ဗျားက သဘောကျတယ်ပေါ့လေ"

ဆိုပြီး ဆောင်းရဲ့နှာခေါင်းဖျားလေးကို ဆွဲလိမ်လေ၏။

"ကိုကိုက ဒေါသထွက်နေတာကိုး"



"အဲဒါ ခင်ဗျားလေးကြောင့်လေ"

"ဆောင်းနဲ့ဘာဆိုင်လို့လဲ"

"ဆိုင်တာပေါ့၊ ခင်ဗျား အကြောင်းအမျိုးမျိုးပြပြီး ကျွန်တော့် ကိုရှောင်နေတာ ဘာသဘောလဲ"

"မဟုတ်ပါဘူးကိုကိုရဲ့၊ ဆောင်းက မင်္ဂလာမဆောင်ရသေးခင် လွတ်လွတ်လပ်လပ်ကလေး နေချင်သေးလို့"

"ယောကျ်ားယူပြီး လွတ်လွတ်လပ်လပ်နေချင်သေးလို့ ရမလား ကွ။ ကလေးလည်းမဟုတ်တဲ့နဲ့ သက်သက်ကျိုကျတာ"

"ယောကျ်ားယူလိုက်ရတာ ရှင့်ကြောင့်လေ၊ ဒီက အပျိုလုပ်နေ ချင်သေးတာ။ သူ့ပဲ အတင်းအဓမ္မယူပြီး"

"အဲဒါ ဆောင်းကိုသိပ်ချစ်လို့ မခွဲနိုင်တော့လို့ပေါ့ ဆောင်းရယ်"

"အလကားလျှောက်ပြောနေတာ၊ မယုံပါဘူး"

"မယုံတဲ့ မယုံနိုင်လွန်းတယ်"

ဆောင်းက ရှိတ်ရင်ဘတ်ကိုမှီပြီး ခေါင်းငုံ့ထားသည်။ ရှိတ်က ဆောင်းရဲ့ခေါင်းပေါ်မှာ သူ့မေးဖျားလေးကိုဖွဖွတင်ပြီး လူလည်ကျဖို့ စဉ်း စားနေသည်။

"ဟင်! ဘာကြီးလဲ"

ဆောင်း တွန့်ခနဲဖြစ်သွားပြီး. . .

"ဘာလဲ ကိုကို"

"တောက်တဲ့ကြီး။ ကိုကိုတို့ခေါင်းပေါ်တည့်တည့်မှာ ကပ်နေတာ"

"အယ်"

ဆောင်းက မော့မကြည့်သေးဘဲ အံ့ဩသလို မျက်လုံးလေး ဝိုင်း



www.burmeseclassic.com

www.burmeseclassic.com



နေဟုန်း. . .

“ချေးပန်းချမလို့ထင်တယ်၊ အမြီးကြီးမြှောက်ထားတယ်”

ဆောင်း ကပျာကသီမော့ကြည့်တော့. . .

“ကဲ!”

“အို. . .”

ညာလိုက်တဲ့သူက ကျေနပ်သွားပြီ။ အညာခံလိုက်ရတဲ့သူက ပါး မို့မို့လေးတွေ ရဲသွားသည်။

“ဘာမှလည်းမရှိဘဲနဲ့ လူကိုညာနမ်းတယ်။ လူလည်ကြီး”

“အညာမိတဲ့ အညာသူလေး”

◙◙◙



## အခန်း (၂၆)

“ရှင်!”

နွေ ထိတ်လန့်စွာ နောက်သို့ဆုတ်သွား၏။ ဒီစကားဟာ အမှန် လား။ တကယ်ဆိုရင်တော့ သွားပြီ။ နွေ့ဘဝကြီးတစ်ခုလုံး ပိုးကိုက်ခံရ သည့်ပန်းလိုပေါ့။

“သေ. . . သေချာရဲ့လား ဒေါက်တာရယ်”

“ဒီစကားမျိုး ကျွန်တော်လည်း ဘယ်ပြောချင့်ပါ့မလဲ ဒေါ်နွေ ထက်သာလွန်။ ဒီရောဂါမျိုးရှိတဲ့သူကိုပြောဖို့ မနည်းအင်အားမွေးယူရတာ မျိုး။ မပြောရက်ဘူးပေါ့ဗျာ”

နွေ ချက်ချင်း မျက်ရည်တွေ ဝေ့တက်လာသည်။ မိုက်လုံးကြီး ချင်ဦးဟဲ့ဆိုပြီး ကိုယ့်ခေါင်းကို ရိုက်ခွဲပစ်လိုက်ချင်သည်။ အခု ဘာထူး နိုင်သေးလဲ။ နွေ့ကိုယ်ထဲမှာ HIV ပိုးတွေ ရှိနေပြီတဲ့။ နွေ ဘာလုပ်ရမလဲ။ ဘာမှလုပ်လို့မရတော့။

www.burmeseclassic.com

www.burmeseclassic.com



သေမယ့်ရက်ကို ထမင်းစားပြီး ထိုင်စောင့်နေရမယ့်အဖြစ်။ နွေ
ပတ်သက်ခဲ့ဖူးတာ. . . အို. . . မတွေးချင်တော့ပါဘူး။

"ကျွန်. . . ကျွန်မကို ခွင့်ပြုပါဦး ဒေါက်တာ"

"ကောင်းပါပြီ"

နွေ အိမ်ကိုပြန်ခဲ့တဲ့လမ်းတစ်လျှောက်မှာ မျက်ရည်တွေစီးဆ
ကျန်ရစ်ခဲ့ပြီလား။ သူမ၏အလိုရမ္မက်ကြီးမှုတွေသည် အခုတော့ ကိုယ်
လည်ပင်းကို ကြိုးကွင်းစွပ်သည့်လက်၊ သူများတွေသိရင် နည်းတောင်နည်
သေးတယ်လို့ ပြောကြမှာ။

အိမ်ကိုရောက်တော့ ခြေလှမ်းတွေက ခဲဆွဲထားသလိုနှင့်။ အိမ်
ပေါ်သို့တက်သည့်ခြေထောက်ကပင် ကြမ်းနှင့်ပွတ်တိုက်လို့ ခလုတ်တိုက်
တော့မတတ်။ အိမ်စုတ်ကလေးကိုမော့ကြည့်ပြီး နွေ ထရံကိုကျောပေ
ကပ်ပြီး ထိုင်ချလိုက်၏။ ဒီအိမ်စုတ်ကလေးက အခုချိန်မှာတော့. . .

အနေစုတ်ပေမယ့် ရွှေထုပ်တဲ့မြပဝါပါ။ အဆောင်အယောင်ဖျ
စည်းစိမ်ချမ်းသာတွေက နောက်ဆုံးမှာ နွေ့ကိုသတ်တဲ့လူသတ်လက်န
တွေ။ မြစ်လိုမာယာများပြီး ကောက်ကွေ့လှတဲ့ နွေ့ဘဝသမိုင်းကြောင်း
အဆုံးသတ်နိဂုံးအထိ မလှပခဲ့ပါလား။

"ပြန်လာပြီလား လှိုင်း"

နွေခေါင်းညိတ်ပြလိုက်၏။ ဒီနာမည်လေးက သူမရဲ့ငယ်နာမည်
ညီအစ်မနှစ်ယောက်စလုံး ဗုဒ္ဓဟူးသမီးတွေမို့ လှိုင်းနဲ့ဝိုင်းဆိုပြီး နာမည်
ပေးခဲ့ကြတာ။

ဝိုင်းနဲ့သူမ ဘဝအကျိုးပေးခြင်းက မတူညီလှပေ။ သူဌေးဖြ
ချင်တာက လှိုင်း၊ သူဌေးဆရာဝန်လင်မယား မွေးစားဖို့တောင်းသည်က





ဝိုင်းဖြစ်နေသည်။ ဘုရားတွေပေါ်မှာ စပယ်ပန်းလေးတွေ လျှောက်ရောင်း
နေတဲ့ဝိုင်းကို သနားလည်းသနား၊ ချစ်လည်းချစ်လို့တဲ့။

"ဘာရောဂါတဲ့လဲ လှိုင်း"

ဒေါ်ကြီးအသံကြောင့် အတွေးစတွေပြတ်ပြီး နွေခေါင်းခါလိုက်
၏။

"ခေါင်းခါမနေနဲ့လေ၊ ညည်းပြောမှ ငါသိမှာ"

"မေးမနေပါနဲ့တော့ ဒေါ်ကြီးရယ်"

"မမေးလို့ရမလား။ အနာမသိ ဆေးမရှိတဲ့။ အနာသိမှ ဆေးရှိ
မှာပေါ့။ ညည်းပြောပြမှ ငါက ဘာလုပ်ပေးသင့်သလဲ စဉ်းစားလို့ရမှာ"

"ဘာမှလုပ်ပေးစရာမလိုတော့ပါဘူး ဒေါ်ကြီး။ ဆောင်းရဲ့ရောဂါ
အတွက် ကုစရာဆေးမရှိဘူး"

"ဘာရယ်"

ဒေါ်ကြီးကို မျက်လွှာပင့်အကြည့်မှာ ပေါက်ခနဲကျသွားတဲ့ မျက်
ရည်တစ်စက်သည် မြေပြင်ကို ဒူးထောက်ချလိုက်တာလား။

"ကျုပ်ရင်တုန်လိုက်တာ လှိုင်းရယ်၊ ပြောစမ်းပါ. . . ညည်း ဘာ
ဖြစ်တာလဲ။ ဘာရောဂါတဲ့လဲ။ ငါ့ကိုပြောပါ"

သူမပခုံးကို ဒေါ်ကြီးက ကိုင်လှုပ်၍ မေးနေသဖြင့် နွေ အံကြိတ်
၍ နာကျင်ကြေကွဲသောအသံဖြင့် တစ်ခွန်းချင်းဖြေလိုက်သည်။ နွေ့စကား
အဆုံးမှာ ဒေါ်ကြီး မျက်လုံးအဝိုင်းသားနှင့် ပါးစပ်အဟောင်းသားဖြစ်ကာ
နောက်သို့ဖင်ထိုင်ချ၍ ရင်ဘတ်ကို လက်နှင့်ထုကာ ငိုပါလေတော့၏။

"ဖြစ်ရလေ လှိုင်းရယ်၊ ဒါဆို ညည်းဘဝ. . . ညည်းဘဝ"

"ဘဝဆုံးပြီပေါ့ ဒေါ်ကြီး"



www.burmeseclassic.com

www.burmeseclassic.com



"အိုအေ. . . အဟင့်. . . ဟီး"

"မငိုပါနဲ့ ဒေါ်ကြီးရယ်၊ နွေ့အတွက်ကျလာတဲ့ ဒေါ်ကြီးရဲ့မျက်ရည်နဲ့ မတန်ပါဘူး။ နွေ့မိုက်ပြစ်အတွက် နွေ ရင်စည်းခံရတာ"

"အဲဒါ ချမ်းသာချင်ဦးလေ၊ ညည်း. . . လောဘတွေကြီးချင်ဦးလေ။ အခု ညည်းကို လောဘက ပြန်သတ်တာ။ ညည်းမက်မောတဲ့အရာတွေက ညည်းကို ကယ်နိုင်သေးရဲ့လား လှိုင်းရဲ့"

ပြောလည်းပြော၊ ဒေါ်ကြီးက နွေ့ကိုဖက်၍ ယူကျုံးမရဖြစ်ကာငိုနေမြဲ။

"ဒေါ်ကြီး"

"ဘာလဲ လှိုင်း"

"နွေလေ. . . နွေ"

ပါးစပ်ကိုလက်နှင့်ပိတ်၍ ကိခနဲမျိုချလိုက်တဲ့ တံတွေးနှင့်အတူ ဝမ်းနည်းကြေကွဲခြင်းတွေ ဝမ်းထဲသို့ရောက်သွား၏။ စိတ်ရှိတိုင်း သွန်မပစ်ချင်ပါဘူး။ ကိုယ့်မိုက်ပြစ်နဲ့ကိုယ်မို့. . .

"အမေနဲ့ညီမလေးကို နွေ တွေ့ချင်တယ်"

"ကျုပ်မှာထားပါတယ်အေ၊ ညည်းမွေးနေ့အမီ သူတို့လာကြမှာပါ"

"သေချာရဲ့လားဟင်"

"သေချာပါတယ်၊ သူတို့လည်း ညည်းကိုတွေ့ချင်နေကြတာ လောလောဆယ် မလာနိုင်တာက မနက်ဖြန် ဝိုင်း မင်္ဂလာဆောင်မှာ"

"ရှင်"

နွေ လွှန့်ခနဲပြုံးလိုက်မိ၏။ ညီမလေးရဲ့မင်္ဂလာဆောင်တဲ့ ...



သွားချင်လိုက်တာ။ ညီမလေးတောင် အိမ်ထောင်ကျပြီကို။

"ဝိုင်းက ကံကောင်းပါတယ်အေ၊ ညည်းလိုမဟုတ်ဘူး၊ စိတ်ကောင်းရှိတဲ့လူမို့လို့လားမသိဘူး။ အိမ်ထောင်ကျတော့လည်း ကံကောင်းတာပဲ။ သူ့ယောကျ်ားက နာမည်ကြီးအဆိုတော်တစ်ယောက်၊ သူ့ကိုလည်း ချစ်လိုက်တာ တုန်လို့"

"ဟင်!"

နာမည်ကြီးအဆိုတော်တစ်ယောက် ဆိုသောကြောင့် နွေ့ရင်တွေ တလှပ်လှပ်နှင့် တုန်ယင်လာသည်။ တိုက်ဆိုင်လိုက်တာ။ မနက်ဖြန် ရှိတ်ဒ် ဝေသီဆောင်းတို့ မင်္ဂလာဆောင်။

"နာမည်ကြီးအဆိုတော်. . . ဟုတ်လား ဒေါ်ကြီး"

"ဟုတ်တယ် လှိုင်း"

"ဘယ်. . . ဘယ်သူလဲဟင်"

"ဂစ်တာရှိတ်တဲ့"

"အို!"

နွေ့တစ်ကိုယ်လုံး လေဟာပြင်ထဲမှာ မြောက်တက်သွားသလိုပါပဲ။ ဒါ. . . ဒါဆို ဝေသီဆောင်းက နွေ့ညီမလေး ဝိုင်းပေါ့။ ဝိုင်း. . . ဝိုင်းက ဝေသီဆောင်းပေါ့။

ဘုရား. . . ဘုရား. . .

ကံသီပေလို့ ကိုယ့်ညီမ ကိုယ်သတ်မိတော့မလို့။ ညီမလေးရယ်၊ မကိုခွင့်လွှတ်ပါ။ ခွင့်လွှတ်ပါ ညီမလေးရယ်။ ငယ်ငယ်လေးကတည်းက သူမအပေါ် အနစ်နာခံခဲ့သည့် ညီမလေး။ နွေ သူများနည်းတူ ကျောင်းသွားရင် စတီးချိုင့်နှင့် ထမင်းထည့်နိုင်ရေးအတွက် စပယ်ပန်းရောင်းတွေ

www.burmeseclassic.com



ရောင်းပြီး ပိုက်ဆံစုပေးခဲ့သည့် ညီမလေး။

"နွေ. . . နွေ အရမ်းမှားသွားခဲ့တယ် ဒေါ်ကြီးရယ်"

"မှားတာပေါ့။ မှားတာမှ မဟာအမှားကြီးပဲ။ အခု ညည်းမှာ ဒီရောဂါရှိနေတာ ညည်း မိုက်လုံးကြီးခဲ့လို့။ မိန်းကလေးတစ်ယောက် ဒီလောက် အလှအပနဲ့ ငွေနောက် တကောက်ကောက်လိုက်နေကတည်းက ငါထင်တယ် ညည်းဘဝပျက်တော့မယ်ဆိုတာ။ ခုတော့ ထင်တဲ့အတိုင်းပဲ"

အပြစ်တင်သောအသံပေမယ့် ကရုဏာဒေါသောစကားတွေဆိုတာ နွေ သိပါသည်လေ။

နွေ. . .

မိုက်ကြေးကို ဘဝနှင့်လဲ၍ ဆပ်ရတော့မည်။ မျက်ဝန်းထဲမှာ အတိတ်က ပုံရိပ်တွေ ထင်ဟပ်လာတော့၏။

▣▣▣



## အခန်း(၂၅)

"ကဲဟာ"

"အို. . . ဟဲ့! လှိုင်း"

ကွန်ပါဘူးသဏ္ဍာန် ဒန်ထမင်းချိုင့်ဘူးပြားလေးကို အုတ်ခဲကျိုးအပိုင်းနှင့် ကောက်ထုလိုက်သဖြင့် ထမင်းဘူးလေးမှာ ကျောနှင့်ရင် ညပ်၍ ပိန့်သွားလေသည်။

ဒါကိုကြည့်ပြီး အမေက ရင်ဘတ်ကိုထုသည်။

"ဘယ်လိုလုပ်လိုက်တာလဲ လှိုင်းရယ်။ နင် အဲဒီလိုလုပ်လို့ ထမင်းချိုင့်အသစ်ရမယ်ထင်နေလား။ စားဖို့တောင် အနိုင်နိုင်၊ အသစ်ဝယ်ပေးနိုင်ပါ့မလား"

"ဝယ်မပေးနိုင်ရင်လည်း နေ၊ လှိုင်းဘာသာ ရအောင်ဝယ်မယ်"

"အံမယ်! ညည်းက ဝင်ငွေဘယ်နှပြားရှိလို့လဲ၊ ပြောစမ်းပါဦး။ အဲဒီလောက် ညည်းအကောင်းစားတွေ အလှအပတွေ ကြပ်ကြပ်နော်။ ဘဝပျက်မယ်. . . သိလား"



www.burmeseclassic.com

www.burmeseclassic.com



ပျက်. . . ပျက်ဟု ပြန်ပြောမိတာက စိတ်ထဲက။

"မိလှိုင်း. . . ညည်းဟာလေ မွေးလာကတည်းကကို မိဘကို ကောင်းကျိုးမပေးဘူးသိလား။ ကျုပ်တို့လင်မယား ညားခါစတုန်းက နှစ်ဖက်မိဘ ပေးထားတာကလေးတွေနဲ့ အပြေလည်သား။ ညည်းကိုမွေးပြီးကတည်းက စပြီးမွဲတာ။ ချူချာလိုက်တာ အသက်နဲ့ငွေ ဆက်ယူထားရတယ်။ အဲဒီကျေးဇူးကိုမှမထောက်။ ငါမပြောလိုက်ချင်ဘူး"

"လှိုင်းကိုမွေးပြီးမှ မွဲတာ။ ဟုတ်လား"

"ဟုတ်တယ်လေ၊ ညည်း ချူချာလွန်းလို့ ရှိသမျှပစ္စည်းတွေ ပေါင်နှံရောင်းချပြီး ညည်းကို ဆေးကုခဲ့ရတာ"

"အဲဒါ ဘာလို့ ဆေးကုနေသေးလဲ၊ အသေခံထားလိုက်ရင် ပြီးရော။ အခုဒီဘဝမျိုးမှာ လူဖြစ်လာရတာ အလကားပဲ။ လူဖြစ်ရှုံးနေတာ သေသွားတာမှ ကောင်းသေး"

"ကြည့်စမ်း! မအေကို တစ်ခွန်းမကျန် ပြန်ပြောနေတာ။ ကဲ! ဒီလောက်တောင် ခံပြောချင်ဦး"

"ဖြန်း. . ."

"မိုက်ရိုင်းချင်ဦး"

"ဖြန်း. . ."

"အမေ မလုပ်ပါနဲ့"

ဗိုင်းက မေမေ့ခါးကို မပီမကမ်းနှင့်ပြေးဖက်ပြီး ဆွဲသည်။ ကလေးအားနှင့်ဆိုတော့ အရာမထင်ခဲ့။

"အဲဒါ ခံပြောဦး"

"ဖြန်း. . ."





အမေက လှိုင်းကျောကုန်းကို လက်ဝါးနှင့် တဖြန်းဖြန်းရိုက်လေ၏။ လှိုင်း မငိုပါ။ အံကိုတင်းတင်းကြိတ်၍ တောင့်ခံထား၏။

"ရိုက်မနေနဲ့၊ ဒီမှာ အုတ်ခဲကျိုး. . . တစ်ခါတည်း ခေါင်းကိုထု သတ်ပစ်လိုက်"

"ကြည့်စမ်း! ရိုက်နေတဲ့ကြားထဲက တစ်ခွန်းမှမခံဘူး။ စိတ်ရှိလက်ရှိလုပ်ရရင် သေတော့မယ်"

"လုပ်လေ. . . သတ်လိုက်၊ အမေတို့သမီးဖြစ်ရတာ လှိုင်း ရင်နာတယ်။ လူဖြစ်ရှုံးတယ်။ သေသွား အေးတာပဲ။ အဲဒါမှ နောင်ဘဝမှာ သူဌေးဗိုက်ထဲဝင်ပြီး လူဝင်စားလုပ်လို့ရမှာ"

"မိလှိုင်း"

"ချော"

အမေ ဒေါသဖြစ်လွန်းလို့ အသားတွေ တဆတ်ဆတ်တုန်နေရသည်။ လှိုင်းကို နောက်ထပ်ရိုက်မယ်လုပ်တော့ အဖေရောက်လာပြီး အမေ့လက်ကိုဆွဲထားသည်။

"ဘာဖြစ်နေတာလဲ"

"ဒီမှာလေ၊ ရှင့်သမီးအလိမ္မာတုံးမကြီး။ မအေကို တစ်ခွန်းမခံ ခံပြောနေတာ"

"ဟုတ်လား သမီးကြီး"

လို့ အဖေက မေးတော့. . .

"ဟုတ်တယ်"

လို့ ရဲရဲဖြေခဲ့သူ။

"ဘာလို့ မိဘကိုခံပြောရတာလဲ သမီးကြီးရယ်"



www.burmeseclassic.com

www.burmeseclassic.com



အဖေကတော့ လေသံအေးနှင့်သုံးမတတ်သူ။ ပိန်နေသော ထမင်းဘူးကိုမြင်တော့ သဘောပေါက်သွားဟန်တူ၏။ သက်ပြင်းကိုချ၊ ခေါင်းကို လေးတွဲ့စွာ ခါရမ်းသည်။

"သမီးကြီးရယ်၊ မိဘဆိုတာ ကိုယ့်သားသမီးကို သူများထက်သာအောင် ထားချင်ကြတာပေါ့။ ထားချင်ပေမယ့် မတတ်နိုင်တဲ့ဘဝကြီးမှာ ဖြစ်နိုင်တာလေးနဲ့ပဲ ရောင့်ရဲတတ်စမ်းပါကွယ်"

"အဲဒါတွေ သမီးမသိဘူးဖေဖေ၊ သမီးသိတာ စတီးချိုင့်ဝယ် မပေးရင် ကျောင်းမတက်တော့ဘူး"

"သမီးကြီးရယ်"

"အဖေ"

"ဟေ. . . ဘာလဲ သမီးငယ်"

"အဲဒီအတွက် ဘာမှစိတ်မပူနဲ့၊ မမကို စတီးချိုင့်ဝယ်ပေးဖို့ရအောင် သမီး ဘုရားပေါ်မှာ စပယ်ပန်းသွားရောင်းမယ်"

"မဟုတ်တာ သမီးငယ်ရယ်"

"ဟုတ်ပါတယ် အဖေရဲ့၊ သမီးက အမေနဲ့ပန်းလိုက်ရောင်းနေကျဆိုတော့ အော်တတ်တယ်။ ဒီမှာကြည့်. . . အော်ပြမယ်"

ဝိုင်းက အဖေ့ရှေ့မှာ မတ်တပ်လာရပ်ပြီး ခေါင်းလေးကိုမော့ကာ

"စပယ်ပန်းတွေ. . . စပယ်ပန်းတွေ ရမယ်နော်၊ တစ်ကုံးမှ ငါးကျပ်တည်းပါ။ လန်းတယ် မွှေးတယ်၊ ဘုရားကပ်ရင် ကုသိုလ်ရတယ်၊ ခေါင်းမှာပန်ရင် လှတယ်၊ နမ်းကြည့်ရင် စိတ်ရွှင်လန်းတယ်၊ ဝယ်သွားကြပါဦးနော်။ ဘုရားပေါ်ရောက်ရင် ဒီလိုပန်းမျိုးမရတော့ဘူး။ အားပေးကြပါဦးနော်"





"သမီးငယ်ရယ်"

အမေက ဝိုင်းကိုဖက်ပြီး ငိုလေသည်။

"ကဲပါ ချောရယ်၊ ငိုမနေနဲ့။ မွေးခါနီးဖွားခါနီးမှာ စိတ်ညစ်စရာတွေ မတွေးနဲ့နော်"

နွေက အဲဒီလို မိသားစုအပေါ်မှာ မသိတတ်ခဲ့သူပါ။ ဝိုင်းကတော့ သိတတ်လွန်းသော သမီးအလိမ္မာလေး။ ဝိုင်းက တကယ်ပဲ ဘုရားပေါ်မှာ စပယ်ပန်းတွေ သွားရောင်းခဲ့သည်။ ရလာတဲ့ပိုက်ဆံကို မမကိုအပ်၏။ ရလာတဲ့ပိုက်ဆံကိုစုပြီး မမကြိုက်တာကို ဝယ်တဲ့။

"ဟား. . . ထမင်းချိုင့်က စပယ်ပန်းရနံ့လေးကို မွှေးနေတာပဲ။ စပယ်ထမင်း စပယ်ဟင်းတွေထင်တယ်"

နွေ့သူငယ်ချင်းတွေက အကြောင်းသိတွေမို့ ဝိုင်းကိုချစ်လို့ စကြသည်ကို နွေက စိတ်ဆိုးခဲ့သေး၏။ သူငယ်ချင်းရင်ဘတ်ကိုဆောင့်တွန်းပြီး

"ငါ့ဟာငါ ဘာထမင်းဘာဟင်းနဲ့ပဲ ထုပ်ထုပ်. . . နင်တို့အပူပါလို့လား။ ငါ့ကိုစိန့်မခေါ်နဲ့၊ ငါ့လက်ဝါးက ပါးမရွေးဘူးနော်"

"ဟာ! လှိုင်းရယ်၊ တို့က ဝိုင်းကိုချစ်လို့ စတာပါဟာ"

"စလည်းမစနဲ့၊ နောက်လည်းမနောက်နဲ့။ ငါမကြိုက်ဘူး"

"မမကလည်း အချင်းချင်းတွေ ရန်မဖြစ်ချင်ပါနဲ့"

"နင့်ပါးစပ်ပိတ်ထား"

ဝိုင်း. . . သူမကို ကြောက်ရွံ့စွာ ဖက်ကလေးပုန်း၍ ငြိမ်သက်သွားသည်။ လှိုင်းက ခပ်စွာစွာနှင့် မာနလည်းကြီးသူမို့ သူငယ်ချင်းတွေကအံ့လန့်ကြသည်။

ဘဝကိုအစပျိုးကတည်းက သူမက မိဘတွေကို အကျိုးမပြုခဲ့



www.burmeseclassic.com

www.burmeseclassic.com



သူ။ လှိုင်းဆိုတဲ့အတိုင်း မုန်တိုင်းတွေကြားမှာ ဘဝထန်ခဲ့သူ။ ပျော်စရာအချိန်ဆိုလို့. . . ဝိုင်းက သူမကို ခမ္မရာဇကာစေတီပေါ်ကိုခေါ်သွားပြီး ရှုမျှော်ခင်းတွေကိုကြည့်ကာ ဆော့ကစားခဲ့သည့်အချိန်။

“မမ”

“ဘာလဲ”

“ဒီအပေါ်ကနေကြည့်. . . ရှုခင်းတွေ အရမ်းလှတာပဲနော်။ ဝိုင်း အရမ်းသဘောကျတာ”

“အဲဒီလောက်သဘောကျနေရင် နင်သေရင် ဒီပေါ်မှာ လာသေ”

“အာ. . . မမကလည်း မပြောကောင်းမဆိုကောင်း”

ဟု ဝိုင်းက ကြောက်ကြောက်လန့်လန့်လေး ဆိုခဲ့သေးသည်။ ပြီးတော့ စကားတွေ ပြောဖြစ်ခဲ့ကြ၏။

“ငါက ဒီပုဂံမှာ မလွဲသာလို့ နေရတာ”

“ဟင်! ဘာဖြစ်လို့လဲ မမရဲ့၊ ဒီလောက်သာယာပြီး ပျော်စရာကောင်းတဲ့နေရာမှာ လူဖြစ်ရတာ ဂုဏ်တောင်ယူရဦးမှာ”

“ငါက ရန်ကုန်လိုမြို့ကြီးမှာပဲ နေချင်တာ။ တိုက်နဲ့ကားနဲ့နေရရင် ဘယ်လောက်ပျော်စရာကောင်းလဲ။ ငါကြီးလာရင် ရန်ကုန်ကသူဌေးတစ်ယောက်ကို ရှာယူမယ်”

“ဝိုင်းကတော့ မချမ်းသာချင်နေပါစေ၊ အေးအေးဆေးဆေးလေး နေခွင့်ရရင် ကျေနပ်တယ်”

“နင်က မွဲချင်တဲ့ခွေးမို့လို့ ပြာပုံကို ရှေ့ပုံထင်နေတာ”

“အဲဒီလိုမပြောပါနဲ့”

“ပြောတော့ ဘာဖြစ်လဲ”





သူမအံ့သြကာ မာလာသည်နှင့် ဝိုင်း ဘာမှဆက်မပြောရဲရှာ။ လှိုင်းတာ ဝိုင်းအပေါ်မှာ ကိုယ်ကအကြီးဆိုပြီး ညှာခဲ့တာမရှိ။ အနိုင်ယူ မိုလ်ကျခဲ့တာတွေပဲ များသည်။

တစ်နေ့မှာ. . .

ကျောင်းပိတ်ရက်မို့ သူငယ်ချင်းတွေနှင့် လှိုင်း ဘုရားကိုလိုက်ခဲ့သည်တွင်. . .

“စပယ်ပန်းတွေရမယ်. . . စပယ်ပန်းတွေရမယ်”

“ဟင်”

လှိုင်း ခြေလှမ်းတွေ တွန့်သွား၏။ အသံစာစာနှင့် စပယ်ပန်းရောင်းနေတာ ကိုယ့်ညီမ။ သူငယ်ချင်းတွေရှေ့မှာ ဝိုင်းပုံစံကိုမြင်ရတော့ လှိုင်းရှက်သည်။ သိသာသိစေ မမြင်စေလိုက တော်သေး၏။ ခုတော့ စုတ်စုတ်ပြတ်ပြတ်ပုံစံက လှိုင်းရဲ့ဝင့်ကြွားတတ်မှုကို ထိခိုက်နေသလို။

ဝိုင်းက သူမကိုမမြင်။

လှိုင်း. . . ဘုရားနောက်ဘက်ကိုပတ်သွားပြီး ဝိုင်းအလာကိုစောင့်နေလိုက်သည်။

“စပယ်ပန်းတွေနော်. . . မွှေးတယ်”

“ဝိုင်း”

“အမေ့!”

လက်မောင်းကိုဆောင့်ဆွဲလိုက်သဖြင့် ဝိုင်း လန့်သွားပုံရသည်။

“မမ”

“နင် ဒါဘာလုပ်တာလဲ၊ ငါ့ကိုသိက္ခာချတာလား”

“ပန်းရောင်းနေတာလေ”

www.burmeseclassic.com

www.burmeseclassic.com



"နင့်ကို ဘယ်သူကရောင်းခိုင်းလို့လဲ"

ဝိုင်းကမဖြေဘဲ ခေါင်းငုံ့ထားသည်။

"မေးနေတာ ဖြေလေ"

"ဝိုင်းဘာသာ ရောင်းတာပါ၊ အဖေက ဖျားနေတယ်၊ အမေက မီးဝင်နေတာ။ အိမ်မှာ ဆန်မရှိဘူး"

"ဆန်မရှိရင် မစားဘဲနေကြပေါ့"

အဖေခြေထောက်ကို သံစူးပြီး ဖျားနေတာကို လှိုင်း မသိတာ မဟုတ်။ အမေကလည်း ကလေးမွေးပြီးခါစ။

"သွား. . . ပြန်"

ဝိုင်း. . . သူမကိုမော့ကြည့်ပြီး ခေါင်းကုတ်လေသည်။ ပြီးတော့ ပေကပ်ကပ်နှင့် လှိုင်းကို လှည့်ကြည့်လှည့်ကြည့်လုပ်ကာ ထွက်သွားလေသည်။

◙◙◙



# အခန်း (၂၀)

"အမယ်လေး! ကိုစံဖေရဲ့၊ အဖြစ်ဆိုးလှချည်လား. . . အီးဟီး"

"ကိုစံဖေရေ"

"အဖေ"

သံစူးရာကနေ အနာဝင်ပြီး အဖေဆုံးသွားသည်။ ဒေါ်ကြီး၊ အမေနှင့် ဝိုင်းတို့ အလူးအလိမ့်ငိုနေကြပေမယ့် လှိုင်းကတော့ ဝတ်ကျေတန်းကျေလောက်သာ မျက်ရည်ကျသည်မျိုး။

"ကိုစံဖေ. . . ရှင် ကျွန်မတို့သားအမိတွေကို စိတ်ချလက်ချထားခဲ့ပြီလား ကိုစံဖေရဲ့"

"အို. . . မချော"

"တက်သွားတာဟာ၊ လုပ်ကြပါဦး"

"ခြေမကိုလှန်ချိုး"

"မဟုတ်ဘူး။ ပေါင်တွင်းကြောကိုနှိပ်လိုက်"



www.burmeseclassic.com

www.burmeseclassic.com



"ငယ်ထိပ်ကိုမှတ်ပါဟ"

အမေ တက်သွားလေသဖြင့် လူတွေ ရုတ်ရုတ်သဲသဲဖြစ်ကုန်ကြ ၏။

"အမေ. . . အမေ"

ဝိုင်းက အမေ့ဘေးမှာ ငုတ်တုပ်ကလေးထိုင်လို့။ အမေ့ကိုခေါ် လိုက်၊ ငိုလိုက်။ အမေသတိရလာတော့ ပုံမှန်မဟုတ်တော့ဘဲ ကြောင်စီစီ ဖြစ်သွားလေတော့သည်။ အမေ့အလောင်း မြေကျသွားတော့ အိမ်ငယ်ကောင် လေးက တစ်ခါ သူငယ်နာကိုယ်တိုးကိုယ်လှဆိုလား. . . ဖြစ်ပြီး သေသွား ပြန်၏။

သူတို့မိသားစုအပေါ်မှာ ကံဆိုးခြင်းတွေက ဆက်တိုက်ကျရောက် လာ၏။ သွေးနုသားနုလေးနှင့် လင်သေ သားဆုံးဖြစ်ခဲ့လေတော့၊ အမေ့ ခမျာမှာ သောကတွေ ရင်မှာပိုက်လို့ သွက်သွက်ခါမဟုတ်ပေမယ့် ယဉ် ယဉ်လေးနဲ့ ရူးသွားရှာသည်။

ဒေါ်ကြီးက အိမ်ထောင်ပျက်ထားသူဆိုတော့ တစ်ကိုယ်ရေ တစ် ကာယသမား။ အဲဒါကြောင့် လှိုင်းတို့ညီအစ်မကို သူပဲခေါ်ထားခဲ့သည်။ ဝိုင်းတို့ကံကောင်းချင်တော့. . .

"ဒီအိမ်က ဒေါ်စောသုတို့အိမ် ဟုတ်ပါတယ်နော်"

"ဟုတ်ပါတယ်ရှင်. . . ဟုတ်ပါတယ်"

"ကျွန်တော်က ဒီနယ်မှာ တာဝန်ကျတဲ့ဆရာဝန် သုတအောင် ပါ။ ဒါက ကျွန်တော့်ဇနီး သူဇာမေ"

"အို. . . လာပါ၊ အိမ်ပေါ်ကိုတက်ကြပါရှင်"

ဆရာဝန်လင်မယားဆိုတော့ ဒေါ်ကြီး ပျာယာခတ်သွားလေ၏



လှိုင်းနှင့်ဝိုင်း ထရံကွယ်ကနေ ချောင်းကြည့်နေကြသည်။ ဆရာဝန်ကတော် ၏လည်ပင်းမှာ ဆွဲထားသောဆွဲကြိုးကြီးက ရင်ညွန့်အောက်မှာ လှုပ်ခါ ယမ်းနေတာ အကြီးကြီး။

လက်မှာလည်း လက်ကောက်တွေက တံတောင်ဆစ်ရောက်လု တတ် ပြည့်ကျပ်နေ၏။ ဒါတွေကိုကြည့်ပြီး လှိုင်း အားကျမိသည်။ သူတို့ သမီးဖြစ်ခွင့်ရရင် သိပ်ကောင်းမှာပဲလို့ တွေးခဲ့တာက ကိုယ်။

"ဟို. . . ဘာကိစ္စများရှိလို့ပါလဲ ဆရာ"

ဆရာဝန်လင်မယားက အကဲခတ်သလို တစ်အိမ်လုံးကို မျက်လုံး ဝေ့ကြည့်လျက်. . .

"ဒီအိမ်က သမီးလေးရော မမြင်ပါလား"

"ရှင်! ဘယ်သူ့ကိုပြောတာလဲမသိဘူး"

လှိုင်း ဘယ်သူ့ကိုမေးတာပါလိမ့်ဟု ရင်တွေ တဒိတ်ဒိတ်ခုန်လာ သည်။

"ဘုရားပေါ်မှာ ပေယ်ပန်းရောင်းတဲ့ ကလေးပါ။ ဝိုင်းဆိုတာလေ၊ သူ့ဆီမှာ ပန်းဝယ်ရင်းနဲ့ ခင်သွားတာ။ ကလေးက ချစ်စရာလေး၊ သူ့ အဝလေးကိုသိရတော့ ကျွန်တော်တို့လင်မယားက သနားနေတာ။ ကျွန် တော်တို့လင်မယားက သားသမီး မဖြစ်ထွန်းကြဘူးလေ"

"ဩော်"

"ရှင်းရှင်းပြောရရင် အစ်မရယ်၊ ဝိုင်းလေးကို ကျွန်မတို့ မွေးစား ချင် တောင်းချင်လို့ပါ။ ပေးပါနော်"

"ရှင်!"

လှိုင်းစိတ်ထဲမှာ ဖျင်းခနဲဖြစ်သွားပြီး နေသာခံခက်၊ မိုက်ကူးယဉ်

www.burmeseclassic.com

www.burmeseclassic.com



တာက ကိုယ်၊ သူတို့တောင်းတာက ဝိုင်းဖြစ်နေတော့ ညီအစ်မချင်း မေ
လိုဖြစ်မိတာလည်း လှိုင်းပါပဲ။

အစကတော့. . .

ဒေါ်ကြီးက ငြင်းနေသေး၏။ နောက်တော့ တစ်ဖက်က အသ
စာခံပြီး အတင်းအကျပ်တောင်းလာတော့၊ ဝိုင်းဘဝလေး တင့်တော
တင့်တယ်နဲ့ သာယာအေးချမ်းစေဖို့ဆိုတဲ့ခေါင်းစဉ်တပ်ပြီး ဒေါ်ကြီးက ဝို
ကိုမွေးစားဖို့ ဆရာဝန်လက်ထဲကို အပ်လိုက်၏။

ဝတ်ကောင်းစားလှတွေဝတ်ပေးပြီး ကားပေါ်မှာ အခန့်သားထို
ခွင့်ရသွားတဲ့ ဝိုင်းကိုကြည့်ပြီး လှိုင်း ဘယ်လိုမှ မရှုစိမ့်နိုင်ခဲ့။

"တောက်!"

"ဟဲ့. . . လှိုင်း။ ဘာဖြစ်တာလဲ"

"ဘာဖြစ်ရမှာလဲ၊ ချမ်းသာချင်တဲ့သူကျတော့ မွေးစားမယ့်
မရှိဘူး။ ဟိုမှာမလိုက်ချင်လို့ တိုငိုတရယ်ရယ်ဖြစ်နေတဲ့သူကျတော့ အထ
ချော့ခေါ်သွားတယ်။ ဘယ်လောက် မနာလိုစရာကောင်းလိုက်လဲ"

"လှိုင်းရယ်. . . လူတွေက တစ်ယောက်နဲ့တစ်ယောက် ကုသို
က်ချင်းမှ မတူကြတာ။ ကိုယ့်ညီမ ကောင်းစားတာကို နင်က ဝမ်းသေ
သာရဦးမှာ"

"ဘာလို့ဝမ်းသာရမှာလဲ၊ သူကောင်းစားတာ လှိုင်း ကောင်း
တာမှမဟုတ်ဘဲ။ ဒေါ်ကြီး ကြည့်နေ. . . လှိုင်းလေ ဝိုင်းထက်ချမ်းသာ
အမြင့်ကို ခုန်တက်ပြမယ်"

"ဟဲ့!"

လှိုင်းရင်ထဲမှာ အဲဒီအချိန်ကတည်းက လောဘမီးတွေ တော



လောင်နေခဲ့တာ။ အပျိုမဖြစ်တဖြစ် မြို့ကောင်ပေါက်အရွယ်မှာ အဆက်
အသွယ်ရှာပြီး ဒေါ်ကြီးကိုအသိမပေးဘဲ အိမ်မှထွက်ကာ ရန်ကုန်သို့တက်
လာခဲ့သည်။

ရရာအလုပ်ကို အရင်ဝင်လုပ်တော့ အိမ်ဖော်၊ အိမ်ရှင်ယောကျ်ား
က လှိုင်းကို ဟိုဟာဝယ်ပေး၊ ဒီဟာဝယ်ပေးနှင့် လုတပတလေးနေရတော့
လှိုင်း သဘောကျခဲ့၏။ ထိုယောကျ်ားပေးကမ်းသမျှကိုယူပြီး လှိုင်းပြန်ပေး
ဆပ်ရတာက ဘဝတစ်ခု။

ကိုယ်ပူဆာသမျှ ရနေတော့ မိန်းမသားတို့၏တန်ဖိုးကြီးမြတ်လှ
စွာသော ဂုဏ်သိက္ခာဆိုတာတွေကို လှိုင်း တန်ဖိုးမထားတတ်ခဲ့။ ရွှေဆို
ရွှေ၊ ငွေဆိုငွေ၊ လက်ဖြန့်တိုင်း ကျလာတဲ့ဘဝမှာ ယစ်မူးနေမိ၏။

အိမ်ရှင်အမျိုးသမီး ရိပ်မိသွားတော့ လှိုင်းကို အလုပ်ထုတ်ပစ်
သည်။ ဘာဖြစ်လဲ. . . လှိုင်း သူမ၏အလှတရားကို ဂုဏ်ယူစွာယုံကြည်
သည်။ ထိုသူဌေးက လှိုင်းကို စားသောက်ဆိုင်တစ်ခုမှာ အဆိုတော်လုပ်
ဖို့ ဆက်သွယ်ပေး၏။ လှိုင်းဆိုတဲ့နာမည်ကိုဖျောက်၍ လူသစ်စိတ်သစ်နှင့်
နွေထက်သာလွန်ဆိုတဲ့အမည်သစ်ကိုပြောင်းပြီး ပတ်ဝန်းကျင်အသစ်မှာ
ဘဝအသစ်စဖို့ ခြေလှမ်းပြင်တော့. . .

သူမ၏ထူးခြားတဲ့အလှတရားကြောင့် ခြေလှမ်းတိုင်းက ငွေတွေ
ဖြစ်လာ၏။

"နွေလေး၊ ကိုကြီးပေးတဲ့လက်ဆောင်တွေ သဘောကျရဲ့လား"

"သဘောကျပါတယ်"

"မနက်ဖြန်လည်း လာဦးမှာနော်"

"လာခဲ့. . . ရှယ်ပြုစုပေးမယ်"

www.burmeseclassic.com

www.burmeseclassic.com



ဆိုတဲ့အထဲမှာ ခန္ဓာကိုယ်မပါ၊ ဒီလောက်ကလေးနဲ့ မတန်မရာ ပေးဆပ်ပါမလား။ အဲဒီအထဲမှာ ဘဝတစ်ခေစ်ချုံးသွားပြန်တာက. . .

"သူ့နာမည်က ဘုန်းလှိုင်မိုးတဲ့၊ ဆောက်လုပ်ရေးကုမ္ပဏီပိုင်ရှင်ကြီးရဲ့ တစ်ဦးတည်းသောသား" တဲ့။

နွေ စိတ်ဝင်စားသွားသည်။ သူဌေးသား လူပျိုနုနုထွတ်ထွတ်ကလေးက ကိုယ့်လက်ခုပ်ထဲကရေ ဖြစ်လာချိန်မှာ. . .

"ဦးပြည့်စုံလှိုင်က အရမ်းတော့တာ၊ လက်ထပ်ခွင့်တောင်းလာရင် မငြင်းနဲ့။ သူဌေးကိုရမှ ချမ်းသာမှာ၊ သူဌေးသားဆိုတာက မိဘပေးမှရမှာ"

ဆိုတဲ့ အကြံပြုသူတွေရဲ့စကားကြောင့်. . .

ဦးပြည့်စုံလှိုင် လက်ထပ်ခွင့် တကယ်တောင်းလာတော့ နွေ ခေါင်းညိတ်ခဲ့သည်သာ။

◙◙◙

# အခန်း(၂၉)

ဆီဒိုးနားဟိုတယ်မှာ ဂစ်တာရှိတ်နှင့် ဝေသီဆောင်းတို့၏မင်္ဂလာဧည့်ခံပွဲကြီးက ခမ်းခမ်းနားနား ထည်ထည်ဝါဝါ။ နှစ်ဖက်မိဘတွေမှာလည်း ပြုံးပျော်ကြည်နူးနေကြ၏။ သတို့သားက နာမည်ကြီးအဆိုတော် (သို့မဟုတ်) စီးပွားရေးလုပ်ငန်းရှင်ကြီးမို့ လူအများ အားကျလောက်စရာ။

"ကိုကို့ဇနီးလေးက ဒီနေ့ပိုလှတယ်၊ တာဝတိံသာက နတ်သမီးလေး ဘုံကြိုးပြတ်ကျလာတဲ့အတိုင်းပဲ"

"ရှမ်းကြိုက်ရင် နွားချေးသတဲ့ ကိုကိုရဲ့"

"ဒါဆို ဆောင်းက. . . ဆောင်းက နွားမလေးပေါ့"

"အဟင်း"

"ကဲ! လာ. . . ဧရိတ်သတ်တွေက ကိုကို့သတို့သမီးလေးကို မြင်ချင်လှရှာမယ်"

ရှိတ် ဆောင်းလက်ကလေးကို ဖွဖွဆုပ်၍ ခန်းမထဲသို့ ခေါ်သွားကာ



www.burmeseclassic.com

www.burmeseclassic.com



လှမ်းလာခဲ့သည်။ မင်္ဂလာပွဲစတင်ပြီး အခမ်းအနားမှူးက မင်္ဂလာစကား ပြောကြားပေးနေစဉ်. . .

ပရိတ်သတ်၏ အားကျပီတိမျက်ဝန်းတွေက သတို့သား သတို့သမီးဆီမှာ။ လိုက်ဖက်လွန်းတဲ့ စုံတွဲလေးပါပဲ။

မင်္ဂလာပွဲကြီးအောင်မြင်စွာ ပြီးဆုံးသွားတဲ့နောက်မှာတော့. . .

"ရှိတ်. . .တို့ကို Bachelor night လုပ်ပေးရမှာနော်"

"စိတ်ချ. . . အားလုံး အဆင်သင့်လုပ်ထားတယ်"

"တူသောအကျိုးပေးပါစေ"

"မင်းစကားက ဘာကြီးတုန်း ဝင်းလတ်ရ"

"မင်း အဲဒီလောက် မထူပါဘူး နောင်ချိုရာ"

"ထူတာက ဟိုကောင် မောင်မောင်လေ။ ကွမ်းစားထားလို့ ခုထိ မစွံသေးဘူး"

"ဟင်! ဘာလဲ"

လူတွေကို လိုက်ဧည့်ခံနေတဲ့မောင်မောင်၊ သူ့နာမည်ကို တစ်စွန်းတစ်စကြားလိုက်ရမှ ဒီဘက်လှည့်လာသည်။

"မင်းကိုပြောနေတာ"

"သိတယ်၊ ဘာလဲလို့မေးတာ"

"ဩော်. . . ဈေးထဲက ငါးသည်မကြီး ငါးခူကို အလေးနဲ့ထုလို့ အဲဒါ ငါးရဲ့ဥက္ကဋ္ဌဆီမှာ တိုင်ချက်ဖွင့်ထားသတဲ့"

"ခွေးကောင်"

ရယ်သံတွေ ဖွီးခနဲထွက်သွားလေ၏။ နဂိုကတည်းက စပ်ဖြဲဖြဲ အုပ်စု၊ ကိုစိုးဝေတို့နဲ့ ပေါင်းမိသွားတော့ ပိုဆိုးသွားသည်။





"ဆောင်း"

"ရှင်"

"ဟို. . . ဝက်တွေ မြင်ဖူးသလား"

"အင်း. . . မြင်ဖူးတယ်၊ ဘာဖြစ်လို့လဲ ကိုစိုးဝေ"

"ဝက်ဆိုတဲ့အမျိုးက မြေကြီးဆို အရမ်းနှာခေါင်းမြုပ်အောင် ထိုးတာ ဆောင်းရဲ့"

"ပန်းလှလှပွင့်တဲ့အပင်ဆို ပိုတူးတယ်။ အဲဒါထည့်ပြောဦး"

ဆောင်းက ပန်းကလေးလိုလှတာ၊ ခြံလုံအောင် ကာထားနော်။ ဆူးနဲ့ကာ၊ သံမဏိနဲ့ကြိုးခတ်၊ သွပ်ပြားကို မီးဖုတ်ပြီး မဟုတ်ရင် ဒီကောင့်နှာခေါင်းက ခေါင်းမြုပ်အောင် တူးမှာ"

"အို! ကိုနောင်ချိုကလည်း"

"မင်းတို့ကလည်းကွာ၊ ဆောင်း ရှက်နေပြီ"

ဆောင်း ရှက်ရှက်နဲ့ ရွှတ်ခနဲလှည့်ထွက်သွားလေ၏။ ကိုယ့်အပေါင်းအသင်းတွေက လူရှုတ်တွေမို့ ရှိတ် နားလည်ပေးရသည်သာ။

ဆောင်းရှေ့မှာ နားကြားရိုင်းတာတွေ ထပ်ထွက်လာရင် ကိုယ်ပဲ အားနာရဦးမှာ။

"ရှိတ်"

"မင်းတို့ပါးစပ်လေးတွေ နည်းနည်းစည်းစောင့်ကြကွာ"

"ခွင့်လွှတ်ပါကွာ၊ လူစုံတုန်း ကဲရတာမို့လို့"

"ရှိတ်. . . မင်းမသိတာရှိရင် ဝင်းလတ်ကိုမေးနော်။ ဒီကောင်က ဆရာကြီး။ သူ့မိန်းမ ပထမဦးစွာပဲ အမြွှာမွေးထွက်လာတာကြည့်"



www.burmeseclassic.com

www.burmeseclassic.com



ဝင်းလတ်ကိုကြည့်ပြီး ဝိုင်းရယ်ကြလေသည်။ ကိုစိုးဝေက မတ်တပ်ရပ်နေတဲ့ရှိတ်ကို မော့ကြည့်ကာ. . .

"ဒီကောင့်ကိုလည်း လွှော့မတွက်နဲ့။ ဆရာမရှိဘဲ တတ်တဲ့ပညာကို တစ်ဖက်ကမ်းခတ် ကျွမ်းပြီးသား။ ကော်ဖီဝိုင်းမှာတောင်. . ."

"ဟာ! ကိုစိုးဝေ"

ရှိတ်. . . ကိုစိုးဝေပါးစပ်ကို အတင်းပိတ်ထားလိုက်၏။ ဆောင်းနဲ့ သူ့ကို ကော်ဖီဝိုင်းမှာ တွေ့သွားတဲ့အဖြစ်အပျက်ကို ကိုစိုးဝေမြင်ပြီး နှိပ်ကွပ်ပြီ။

ရယ်စရာမောစရာတွေ ပြောကြရင်းပဲ ရှိတ် ဆောင်းကိုအိမ်ပြန်ပို့၊ ပြီးတော့ အပေါင်းအသင်းတွေကို ဘာချလာနိုက် လုပ်ပေး၏။

သူ အိမ်ကိုပြန်ရောက်တော့ ဆောင်းက ဒရင်းဘက်ခ်တစ်ခု အိပ်ပျော်နေ၏။ သူ့ကိုစောင့်ရင်း အိပ်ပျော်သွားတာဖြစ်မှာပေါ့။ ရှိတ်က ဆောင်းကိုယ်လေးကို ပွေ့ချီလိုက်တော့. . .

"ဟင်! "

ဆောင်း လန့်နိုးသွားလေသည်။

"ကိုကို ပြန်လာပြီ"

"အအိပ်ကလည်း ဆတ်လိုက်တာကွာ၊ နိုးမှာစိုးလို့ ဖွဖွလေး ပွေ့ချီတာတောင် နိုးဖြစ်အောင်နိုးသေးတယ်"

"ခုမှ မှေးခနဲဖြစ်သွားရုံပဲ ရှိသေးတာကိုး ကိုကိုရဲ့"

"ကဲ! မထူးပါဘူး"

ဟုဆိုကာ ရှိတ်. . ဆောင်းကို ဈေ့ခနဲပွေ့ချီပြီး သယ်ဆောင်သွားခဲ့သည်။





"ကိုကို ရေချိုးဦးမှာလား"

"မချိုးတော့ဘူး"

"ဟင်. . . လူညစ်ကြီး၊ ချွေးစော်တွေ နံဦးမယ်"

"ကိုကို နည်းနည်းသောက်ထားတယ်ကွ၊ အဝတ်လဲမှာပေါ့။ လာ! အင်္ကျီချွတ်ပေးဦး"

ရှိတ်က အင်္ကျီလက်ကကြယ်သီးကိုဖြုတ်ပြီး ဆောင်းက ရင်ဘတ်ကြယ်သီးတွေကို ဖြုတ်ပေးလိုက်သည်။ အဝတ်အစားလဲတော့ ရှိတ်ကို ဆောင်းက ကျောခိုင်းနေသည်။ ရှိတ် ဆောင်းကို နောက်ကနေ သိုင်းဖက်လျက်. . .

"ဘာလဲ. . . အရက်သောက်လာလို့ ကိုကို့ကို စိတ်ကောက်နေတာလား"

"မဟုတ်ပါဘူး"

"ဒါဆို ဘာလို့ ကိုကို့ကို ကျောခိုင်းနေတာလဲ"

"ကိုကို အဝတ်လဲနေလို့လေ"

ရှိတ် ပါးချင်းထိကပ်၍ ရယ်လိုက်ကာ. . .

"ဆောင်းရယ်၊ လင်မယားချင်း ဒီလောက်ရှက်စရာလိုတော့လို့လား"

"ရှက်တာနဲ့ လင်မယားချင်း ဘာဆိုင်လို့လဲ"

"ဒီလောက်တောင် ရှက်တတ်တဲ့ကောင်မလေး၊ မရှက်အောင် သင်ပေးမယ်"

ရှိတ် ဆောင်းကိုယ်လေးကို ဆွဲလှည့်လိုက်စဉ် ဖုန်းသံကမြည်လာသဖြင့်. . .



www.burmeseclassic.com

www.burmeseclassic.com



"အရေးထဲ ဖုန်းက ရှုပ်ပြန်ပြီ"

ရှိတ်. . . ဖုန်းကိုကောက်ကိုင်ပြီး နားထောင်လိုက်တော့. . .

"ရှိတ်. . . ငါပြောတာ မမေ့နဲ့နော်"

"ဟာ! ဝင်းလတ်၊ ဘာလဲကွာ. . . မင်းကလည်း"

"ငါ့ကိုမီအောင်လိုက်ဖို့လေကွာ၊ တော်ကြာ မင်းနဲ့ငါ ခမည်းခမက် မတော်ရမှာစိုးလို့"

"ခွေးကောင်! ခမည်းခမက် ငါ့ကိုတော်ချင်ရင် မင်းပဲ သမီးထပ်မွေး၊ ငါက သမီးမမွေးဘူး"

ဝင်းလတ်ရယ်သံက ဖုန်းထဲမှာတောင် အကျယ်ကြီး။ ရှိတ် ဖုန်းကိုဆောင့်ချပစ်လိုက်သည်။

"ဘာလဲ ကိုကို"

"ဆောင်းကြားတယ် မဟုတ်လား။ ဟိုကောင် ဝင်းလတ်လေ။ သူက အမြွှာသားနှစ်ယောက်မွေးထားတယ်ဆိုပြီး ကိုကို့ကို လာပွဲနေတာ။ ဆောင်းကို မိန်းကလေးမွေးခိုင်း၊ မင်းနဲ့ငါ ခမည်းခမက်တော်မယ်တဲ့"

"အဟင်း. . . မုန့်ဆီကြော် ဘယ်နေမှန်းမသိ၊ နှုတ်ခမ်းနာနဲ့တည့်ပို့မလားဖြစ်နေပြီ"

"ဒါပဲနော် ဆောင်း၊ ကိုကိုတို့မွေးရင် သားလေးပဲမွေးပေး။ ဒါမှ ဒီကောင် နောက်ထပ်သမီးမွေးရင် ကိုကို ကြောလို့ရမှာ"

"ကိုကိုကလည်း ကလေးကျနေတာပဲ၊ အဲဒါက ယောကျ်ားလေး မိန်းကလေး ကိုယ်ဖန်တီးလို့ရတာမှမဟုတ်ဘဲ။ ဘုရားပေးတဲ့လက်ဆောင်ကိုပဲ ယူရမှာ"

ရှိတ်တို့ အရှုံးရောက်ပြီ။ ခုမှဖြင့် မင်္ဂလာဆောင်ပြီးတယ်။ ကလေး





အကြောင်းပြောပြီ။ ဝင်းလတ်က သားနှစ်ယောက်၊ နောင်ချိုက သမီးလေး တစ်ယောက် ရနေပြီ။ မောင်မောင်ကတော့ ခုထိမစွံသေးဘဲ လူပျိုကြီး အခေါ်ခံရတာကို ဂုဏ်ယူနေလေရဲ့။

"ကိုကိုက တမင်ပြောတာပါ ဆောင်းရယ်၊ မွေးလာရင် ဘာလေးပဲဖြစ်ဖြစ် ကိုယ့်သားသမီးပဲ၊ ချစ်ရမှာပေါ့"

ဆောင်း မျက်စောင်းထိုးသည့်ကြားက. . .

"မြန်မြန်နော်. . . ဆောင်း"

"ဆောင်းတော့ ယောကျ်ားယူမိတာ မှားပြီထင်တယ်"

"မမှားပါဘူး ဆောင်းရယ်၊ ကိုကို့လို လူတော်လူကောင်းလေးကိုရတာ ဆောင်း ကံကောင်းတယ် သိလား"

"လိမ်ကြီး"

ဆောင်းရဲ့ရယ်သံလွင်လွင်လေးက ရှိတ်နားထဲမှာ အသာယာဆုံးသော ဂီတသံစဉ်တွေ။ ချစ်ဖနီး၏ဆံစလေးများကို ဖွဖွနမ်းရှိုက်၊ သပ်တင်ပေးလိုက်သည့်လက်တွေ၊ နေရာအခြေမကျနိုင်သည့်မို့ ပန်းလေးဆီသို့ ရွှေပြောင်းအမြစ်တွယ်လိုက်လေလျှင်. . .

"လာပြန်ပြီ ဒီဖုန်း"

အသံမြည်လာတဲ့ဖုန်းကို ရိုက်သာခွဲပစ်လိုက်ချင်၏။

"ဒီတစ်ခါ ဆောင်းရဲ့ဖုန်း. . . ကိုကို"

"မမှားလား။ ဘာရှုပ်ပြန်ပြီမသိဘူး"

"မဟုတ်ဘူး ကိုကို၊ ပေါ်လာတဲ့နံပါတ်က ဆောင်းမသိဘူး"

"ဒါဆို ဘယ်သူများပါလိမ့်"

ဆောင်း. . . ဖုန်းလေးကို နားမှာကပ်လိုက်စဉ်. . .



www.burmeseclassic.com

www.burmeseclassic.com



"ညီမလေး"

"ဟင်!"

"ညီမလေး"

"ဘယ်သူလဲမသိဘူး"

"မမ. . . မမလှိုင်းပါ"

"ဟင်. . . မမ"

ဆောင်းကိုယ်လေး မတ်သွားပြီး မျက်နှာလေးက ဝင်းလက်ပုံဆောင်။

"မမ. . . မမ. . . ခု ဘယ်ကနေ ဆက်နေတာလဲဟင်"

"ပုဂံကပါ၊ မမ ပုဂံကိုပြန်ရောက်နေပြီ"

"ဝမ်းသာလိုက်တာ မမရယ်"

"ဒီနေ့ ညီမလေးရဲ့မင်္ဂလာဆောင် ပြီးပြီနော်"

"ဟုတ်. . . မမသိတယ်"

"သိပါတယ်၊ လာလို့မရလို့ ခွင့်လွှတ်နော်"

"ရပါတယ် မမရယ်၊ မမအသံကိုကြားရတာနဲ့တင် ပြည့်စုံသွားပါပြီ"

တကယ်ပဲ ဆောင်းပျော်သွားသည်။ မမကအရင် ဆောင်းကိုဆက်သွယ်လာတာ။ နှစ်ပေါင်းများစွာ ဝေးကွာနေခဲ့ရသော ဆောင်းရဲ့မမ။

"ညီမလေး"

"မမ"

"မမမွေးနေ့မှာ ညီမလေးနဲ့အမေ ပုဂံကိုပြန်လာခဲ့ပါနော်၊ မမစောင့်နေမယ်"





"ဟုတ်. . . ပြန်လာမှာပါ မမ၊ စိတ်ချနေနော်"

တစ်ဖက်မှ ရှိုက်သံသဲ့သဲ့ကို ကြားလိုက်ရသဖြင့် ဆောင်း စိတ်မကောင်းဖြစ်သွားရ၏။ မမ ငိုနေတာလား။ အရင်ကဆို အမေရိုက်တာတောင် မငိုခဲ့တဲ့မမပါ။

"မမ"

"ဟင်. . . ညီမလေး၊ မမ ဖုန်းချလိုက်တော့မယ်နော်"

"မမ. . . ဟယ်လို. . . မမ"

တစ်ဖက်မှ ဖုန်းချသွားလေသဖြင့် ဆောင်း သက်ပြင်းလေးချမိသည်။ ရှိတ်က ဆောင်းအနားမှာကပ်နေသူမို့ အားလုံးကြားပြီးသား။

"ပုဂံကိုပြန်ရင် တွေ့ရတော့မယ့်ဟာ၊ စိတ်မကောင်းဖြစ်မနေပါနဲ့ ဆောင်းရယ်"

"ကိုကို ပုဂံကိုလိုက်ဦးမှာလားဟင်"

"လိုက်မှာပေါ့၊ ဆောင်းနဲ့ကြည်နူးခဲ့ဖူးတဲ့အချိန်လေးတွေနဲ့ အတူသွားခဲ့ဖူးတဲ့နေရာလေးတွေကိုလွမ်းလို့"

"အကဲမပိုနဲ့"

ဆောင်းက ရှိတ်ရင်ခွင်ထဲသို့ ခေါင်းတိုးဝင်ရင်းဆိုသည်။ ဒီနေ့ကျမှ ရှပ်လိုက်တဲ့ဖုန်းတွေ။ ဒီလိုအချိန်မျိုးလေးမှာ တူနှစ်ကိုယ်တိုင်းပြည်လေးတစ်ခု တည်ဆောက်ပြီး ချစ်စကားတွေ ခွန်းသီဖွဲ့ဆိုရမည့်အချိန်မှာ ဘာတွေက ဝင်ရောက်ပူးကပ်လာမှန်းမသိ။

"ဒီနေ့ ကိုကိုမိန်းမ ဓာတ်ရိုက်ဓာတ်ဆင်ပညာတွေများ သုံးထားသေးသလားကွာ"

"ဘာဖြစ်လို့လဲ ကိုကို"



www.burmeseclassic.com

www.burmeseclassic.com



"ဘာဖြစ်ရမှာလဲ၊ အနှောင့်အယှက်တွေပေါ်လာလို့၊ ဒီမှာပြော ချင်တာကို ပြောခွင့်မရဘူး"

"ကြော်ငြာဝင်တာလေ"

"ဒီတစ်ခါ ဘာကြော်ငြာမှအဝင်မခံတော့ဘူး၊ ဒီမှာကြည့်"

ရှိုတ် ဖုန်းနှစ်လုံးစလုံးကို ပိတ်ပစ်လိုက်၏။ ဘယ်သူဆက်ဦးမလဲ။ လေပွအောင် ဆက်ကြစမ်း။

"ကိုကို့မှာ ပြောစရာစကားက မကုန်နိုင်သေးဘူးလား"

"မကုန်သေးဘူး"

"ကဲ! ပြော. . .ဘာတွေလဲ"

"ပြောတော့မယ်နော်"

ရှိုတ်က ဆောင်းမျက်နှာလေးကိုကြည့်ပြီး ပြုံးလျက်. . .

"ရယ်ဒီ. . .ဝမ်း. . .တူး. . .သရီး"

"အို!"

"အရမ်းချစ်တယ်"

လက်နက်ပေါင်းစုံကို ကိုင်ဆောင်လာသော အနမ်းတစ်ရသည် ဆောင်းမျက်နှာပြင်လေးအနှံ့မှာ နီတက် စစ်ခင်းကြကုန်၏။ ထို့နောက် အချစ်တို့သည် ပေါက်ကွဲလွင့်စင်လျက်. . .။

◙◙◙



# အခန်း(၃၀)

"မမ"

ဆောင်း ရောက်သည်နှင့် အိမ်ပေါ်ကို ရှေ့ဆုံးက ပြေးတက်၏။ မမကိုမတွေ့ရသေးပေ။

"ဒေါ်ကြီး. . .ဒေါ်ကြီး"

"ဒေါ်ကြီးရှိတယ် ဆောင်း"

ဒေါ်ကြီး အိမ်ထဲမှထွက်လာသည်။

"ဒေါ်ကြီး၊ မမရော. . .မမရောဟင်"

"အမောဖြေပါဦးအေ"

ပြောရင်း ဒေါ်ကြီးက သင်ဖြူးခင်းပေးသည်။ ဒေါ်ချောစုနှင့်ရှိုတ်က နောက်မှတက်လာ၏။ တက်လာလာချင်းပဲ ဒေါ်ချောစုက. . .

"ရေဆာလိုက်တာ"

ဟုဆိုပြီး သောက်ရေအိုးဆီသို့ တန်းသွားသည်။ ရေတစ်ခွက်ကို



www.burmeseclassic.com

www.burmeseclassic.com



မနားတမ်းသောက်ချလိုက်ပြီးမှ. . .

"မမ. . . သမီးကြီးရော"

"ကဲ! ထိုင်ပဲထိုင်ပါဦးအေ"

ဒေါ်ချောစု အစ်မဖြစ်သူဘေးမှာ ဝင်ထိုင်လိုက်သည်။ ပြီးမှ ထဘီကြားမှာ လိပ်၍ထည့်ထားသော စာရွက်ခေါက်ကလေးကို ထုတ်ပေးလျက်

"ရော့!"

"ဘာလဲ"

"လှိုင်းမေးသွားတာ ဖတ်ကြည့်"

"ဟင်! သူကရော"

"စာကိုပဲ အရင်ဖတ်ကြည့်အေ"

ဒေါ်ကြီးမျက်ရည်ဝဲလာတာကို ဆောင်း သတိထားမိ၏။ မမ ဘာဖြစ်လို့များလဲဟု စိုးရိမ်စိတ်ကလေးဖြစ်လျက်၊ တုန်ယင်နေသောလက်တို့နှင့် စာရွက်ခေါက်ကလေးကိုဖြန့်ကာ ဖတ်လိုက်၏။

သို့

ညီမလေး...

ဒီနေ့ ညီမလေးလာမယ်ဆိုလို့ မမ အရမ်းပျော်နေတယ်သိလား။ အဲဒီပျော်ရွှင်မှုတွေဟာ ရေတာရှည်နိုင်တော့ဘူးကွယ်။ ညီမလေး ရုတ်တရက် မမကိုမြင်လိုက်ရရင် ဝမ်းသာခြင်းဆိုတာထက် အမုန်းတရားတွေ လောင်မြိုက်ခံရမှာစိုးလို့ မမ ညီမလေးကို ချက်ချင်း ရင်မဆိုင်တာပါ။ ခွင့်လွှတ်ပါလို့လည်း မတောင်းဆိုချင်ဘူး၊ ခွင့်လည်း ခွင့်မလွှတ်ပါနဲ့ ညီမလေးရယ်...

ဘာကြောင့်ဒီလိုပြောရသလဲဆိုရင် မမလေ၊ ညီမလေးအပေါ်မှာ ဘာတစ်ခုမှမကောင်းခဲ့ဘူး။ ညီအစ်မချင်း မေတ္တာဝန်တိုနီထက်မျှ မျှခဲ့မိတယ်၊ နောက်ဆုံးတော့ ဟဲ...ဟဲ၏အကျိုးဆိုတဲ့စကားကို မမ နားလည်သွားပါပြီကွယ်။ မကောင်းတာလုပ်ရင် မကောင်းတာရဲ့အကျိုးဆက်ကို ခံစားရမြဲပါ။ မမကောင်းတာဆို ဘာတစ်ခုမှ မလုပ်ခဲ့ဘူး။ လောဘ၊ ဒေါသ၊ မောဟမီးတွေ တောက်လောင်နေခဲ့တဲ့မမအတွက်တော့ ဘဝတစ်ခုလုံး ပြာကျလုမတတ် ဖြစ်နေပါပြီ။

သေမင်းရဲ့ခြေသံကို နားစွင့်နေရတဲ့မမ၊ နောက်ဆုံးမျှော်လင့်တောင်းဆိုမိ အမေနဲ့ညီမလေးကို တွေ့သွားချင်တယ် ညီမလေး။ HIV ဆိုတဲ့လူသတ်ကောင်ကြီးက မမရဲ့ဝိညာဉ်ကိုခြွေဖို့ တစ်လှမ်းချင်းတိုးလာနေပြီ....

"အို!"

ဆောင်း မျက်ရည်လေးချက်ချင်းဝေ့လျက် နှုတ်ခမ်းလေးတွေ တဆတ်ဆတ်တုန်လာသည်။ ဝေ့ဝါးလာသောမျက်ဝန်းတွေကို လက်ခုံနှင့် ပွတ်တိုက်ပစ်လျက် စာကိုဆက်ဖတ်လိုက်သည်။

အဲဒါ အလှအပနဲ့အပျော်အပါးကို မက်မောစက်တွယ်ခြင်းရဲ့ ရလာဒ်တွေပေါ့ ညီမလေး။ မမ နောင်တမရချင်ဘူး၊ ကိုယ့်မိုက်ပြစ်အတွက် မိုက်ကြေးကို သွေးနဲ့ဆပ်ရမယ်။ အဲဒီအတွက် မမ တောင်းပန်ဖို့လည်းမ လှုပ်ဝါဘူး။

ဒါပေမဲ့ ညီမလေးရယ်....

မမ ပြောနိုင်ခဲ့တာက ညီမလေးအပေါ်မှာ မမ မကောင်းခဲ့တာတွေအတွက်ပဲ။ ညီမလေးဟာ မမရဲ့ညီမလေးဆိုတာ သိခွင့်ရတဲ့အချိန်မှာ မမရဲ့မကောင်းမှုတွေအတွက် တောင်းပန်ပါရစေခဲ့တယ်။







www.burmeseclassic.com

www.burmeseclassic.com



ဒါပေမဲ့ ညီမလေး မမကိုခွင့်မလွှတ်သင့်ဘူး။

မမရဲ့နောက်ဆုံးအချိန်မှာတော့ ညီမလေးရဲ့မျက်နှာလေးကို တစိမ့်စိမ့်ကြည့်ပြီး သေချင်တယ်။ မမကိုတွေ့ချင်တယ်ဆိုရင် ညီမလေး မွေ့ရာကေစေတီပေါ်ကို လိုက်လာခဲ့ပါ…။

ညီမလေးရဲ့

အ

လှိုင်

"ဖြစ်မှဖြစ်ရလေ မမရယ်"

ဆောင်း အင့်ခနဲရှိုက်ပြီး လှစ်ခနဲ ထပြေးသွားလေတော့သည်။

"ဆောင်း"

"သမီး"

▣▣▣

## အခန်း(၃၁)

မွေ့ရာကေစေတီပေါ်ကို တက်နေတဲ့ ဆောင်းရဲ့ခြေလှမ်းတွေက အထစ်တွေ ကျော်နေပြီလားမသိ။ အမြင့်ကိုတက်နေရပေမယ့် ညောင်းရမှန်းမသိ။ ခလုတ်တစ်ချက် တိုက်လို့ကတော့ လဲပြိုကျသူရဲ့ကံကြမ္မာက သုပမှာမဟုတ်ပေ။

ဒါပေမဲ့. . .

ရှေ့ကိုဇောက်နေသော ဆောင်း။ ဘုရားပေါ်ကို ဘယ်လိုရောက်လာခဲ့မှန်းပင်မသိပေ။ မျက်ရည်တွေက အဆက်မပြတ်ကျဆင်းနေသဖြင့် အမြင်တွေက ဝေ့ဝေ့ဝါးဝါး။

"မမ"

"မမရေ"

တစ်နေရာရာမှာ ရှိနေမည်ဆိုတာကိုသိ၍ ဝေ့ကြည့်လိုက်သည်။ အရှက်ကလေးက လွှင့်မပစ်ဖြစ်သေးဘဲ လက်ထဲမှာကိုင်လျက်သား။ လေအတိုက်မှာ တလူလူလွင့်လျက်. . .

www.burmeseclassic.com

www.burmeseclassic.com



"မမ. . . မမ ဘယ်မှာလဲ"

မြန်ဆန်လွန်းခဲ့သည့်ခြေလှမ်းတွေက နှေးကွေးလေးလံသွားသည်။

"မမ ဘယ်မှာလဲ၊ ဝိုင်း လာပြီလေ"

ဩော်. . . ညီမလေးအသံကိုကြားနေပါလျက် မမ ဒီမှာပါလို့ ဝမ်းသာအားရ ထွက်မပြရဲတဲ့ဘဝပါလားနော်။ အကုသိုလ်ဖိစီးလို့ ရင်မှာမီးတောက်နေရသည့် ကိုယ့်အဖြစ်။

"မမ"

"ဟင်!"

ခေါင်း ခြေစုံရပ်ပစ်လိုက်၏။ ဘုရားပေါ်ကနေ အရှေ့ဘက်မျက်နှာမူ၍ ရပ်နေသူဟာ မမလား။ လေထဲမှာ ဆံပင်တွေ လွင့်လျှက်။

"ညီမလေး ရောက်လာပြီနော်"

ခေါင်း နှုတ်ခမ်းလေးပေါ်မှာ အပြုံးလေးတွေ တွဲခိုလာနိုက်။ လက်ထဲမှစာရွက်လေးကို လေနတ်သားက ဆွဲယူလွှင့်ပစ်လိုက်သည်မှာ စာရွက်လေးခမျာ လူးရင်းလိမ့်ရင်းပဲ ဘုရားပေါ်မှ လွင့်ကျသွားလေသည်။

"မမ"

ခေါင်း နောက်ကနေ မမခါးကိုပြေးဖက်လိုက်၏။ နွေဆိုတာ ပူလောင်ခြင်းနဲ့သနွေတည့်ပြီး ပူလောင်ခြင်းနဲ့မိတ်ဆွေဖွဲ့၊ ပူလောင်ခြင်းရန်ဘက်အဖြစ်နဲ့ အဆုံးသတ်ရတော့မည့် သေမင်းရဲ့ဘက်တော်သားတယောက်ဖြစ်ခဲ့ပြီ။

ခေါင်းကတော့. . .

ခေါင်းဆိုတဲ့အတိုင်း အေးချမ်းခြင်းနှီမိတ်ပုံခေါင်။ စိမ်းစွေ ပန်းတွေ မျှောလာသလို ရန့်လည်းသင်း အေးချမ်းခြင်းနှင့် ပေါင်းဖက်ခွင့်ရခဲ့သူ။

ကိုယ့်အမှုတွေ ကူးစက်မှာစိုးသည့်အပြင် ကိုယ့်ရဲ့လုပ်ရပ်တွေအတွက် ညီမလေးနှင့်မျက်နှာချင်းဆိုင်ဖို့အရေး မနည်းကြိုး အားမွေးနေရသည်။ ကိုယ်ကို ဖြည်းဖြည်းချင်းလှည့်လိုက်သည်။

ကိုယ့်ဘက်သို့ ဖြည်းဖြည်းချင်းလှည့်လာသော မမမျက်နှာကို ခေါင်း တစ်ဆင့်ချင်း ကြည့်လိုက်သည်။

"ဟင်!"

ဖက်ထားမိသောလက်တွေက လွှတ်ထွက်သွားပြီ။ နောက်သို့ ခုန်ဆုတ်မိသွားသည်အထိ ခေါင်း အံ့ဩရ၏။

"မင်း သိပ်အံ့ဩသွားပြီလား"

"ရှင်. . . ရှင်"

"မမလည်း ဘယ်လိုမှမထင်ခဲ့ဘူး"

"ရှင်က. . . ခေါင်းရဲ့မမ. . . ဟုတ်လား"

"သိပ်ဟုတ်တာပေါ့။ နွေထက်သာလွန်ဆိုတာ လှိုင်းဆိုတဲ့အရေခွံကိုခွာပြီး နွေလိုပူပြင်းတဲ့ဝတ်ရုံကို ခြုံမိတဲ့သူ"

"အို! ဟင့်အင်း. . . မဖြစ်နိုင်ဘူး။ ဘယ်နည်းနဲ့မှမဖြစ်နိုင်ဘူး။ ရှင်တာ ခေါင်းရဲ့မမ မဟုတ်ဘူး"

"ညီမလေး. . . ဝိုင်း"

ခေါင်း နောက်သို့ထပ်ဆုတ်သွားသည်။ နွေ့ကိုတွေ့လိုက်ရသည်ကို သရဲတစ္ဆေအခြောက်ခံရသလို ကြောက်လန့်နေပုံရ၏။

"ရှင် ဘာတွေကသိမ်ကျပြီး ယုတ်မာဦးမလို့လဲ ဒေါ်နွေထက်သာ





www.burmeseclassic.com

www.burmeseclassic.com



လွှန်။ အေးချမ်းနေတဲ့ကျွန်မဘဝလေးကို ထပ်ပြီးအနှောက်အယှက်မပေး ပါနဲ့တော့။ ကျွန်မတောင်းပန်ပါတယ်ရှင်. . . ကျွန်မတို့ အေးအေးဆေးဆေး ပဲ နေရပါစေတော့"

"မဟုတ်ပါဘူး ညီမလေးရယ်၊ မမလေ"

"မပြောနဲ့. . . မယုံဘူး။ ရှင့်စကားတွေကို ကျွန်မ မယုံဘူး"

"ညီမလေးရယ်"

နွေ မျက်ရည်ဖြိုင်ဖြိုင်ကျရပြီ။ သူ့စကားတွေကို ညီမလေး မယုံ ပါလား။

"မမပြောတာတွေကို ယုံပါညီမလေးရယ်၊ မမက ညီမလေးနဲ့ မမလှိုင်းအစစ်ပါ။ ညီမလေးမှန်းမသိလို့ ညီမလေးတို့အပေါ်မှာ မမ. . . ဟင့်. . . ဟင့်"

"ဒေါ်နွေထက်သာလွှန်"

"ဟင်! "

လက်ကိုဆန့်တန်းလျက် နွေ့ကို သေနတ်နှင့်ချိန်ထားသူက သက် တန့်ခင်။

"သက်တန့်ခင်"

"ဟုတ်ပါတယ်၊ ကျွန်မက သက်တန့်ခင်ပါ"

"သက်တန့်ခင်. . . သစ္စာဖောက်မ"

"ရှင့်အတွက်တော့ သက်တန့်ခင်က သစ္စာဖောက်ဆိုတာ မှန် တယ်။ ဒါပေမဲ့ တိုင်းပြည်နဲ့လူမျိုးအပေါ်မှာတော့ သစ္စာရှိ တာဝန်သိတတ်တဲ့ လူတစ်ယောက်ပါ"

"တော်စမ်း! ခွေးပါးစပ်က နတ်စကားမထွက်နဲ့"





"ရှင်ကြိုက်သလိုပြောနိုင်တယ်၊ ဒါပေမဲ့ ရှင့်အပြစ်တွေကို ဆေး ကြောဖို့အတွက် နိုင်ငံတော်ကပေးတဲ့အပြစ်ဒဏ်ကိုတော့ ခံယူရမယ်။ ရှင် အဖမ်းခံပါ နွေထက်သာလွှန်"

"ဘာ! "

"ကျွန်မက ဒုရဲအုပ် သက်တန့်ခင်ပါ။ ဘုန်းလျှံမိုးလုပ်ကြံခံရမှု နဲ့ပတ်သက်ပြီး ရှင့်ကိုမသင်္ကာလို့ ရှင်ယုံလောက်အောင်လုပ်ပြပြီး ရှင့်ကို ချဉ်းကပ်ခဲ့တာပါ"

နွေ အောက်နှုတ်ခမ်းကို ပေါက်ထွက်လုမတတ် ဖိကိုက်ထားလိုက် ၏။ နွေက သေလူဖြစ်နေပြီလေ။ သေမင်းနဲ့လက်တစ်ကမ်းအလိုမှာ ဘဝ ကို ထောင်ထဲမှာ အဆုံးသတ်မခံနိုင်။ အဲဒီတော့ ဘာလုပ်သင့်သလဲ နွေ စဉ်းစားပြီးသားပါ။

ညီမလေးကိုကြည့်လိုက်မိစဉ် ညီမလေးနောက်သို့ လိုက်လာကြ သော ဒေါ်ကြီးနှင့် ရှိတ်ကိုပါ မြင်လိုက်ရ၏။ ပြီးတော့. . .

"သမီးကြီး"

ဒါ. . . အမေပေါ့။ အမေ့ကို နွေ တစ်နေရာရာမှာ မြင်ခဲ့ဖူးတာ ကို အမှတ်ရသွား၏။

"အမေ"

"ဘယ်လိုဖြစ်ရတာလဲ သမီးကြီးရယ်"

"သမီးမိုက်ခဲ့သမျှအတွက် ပြန်လည်ပေးဆပ်ရဖို့အချိန်ကို ရောက် လာပြီပေါ့ အမေရယ်"

"ဖြစ်ရလေ သမီးကြီးရယ်"

အမေ့ခမျာ မျက်ရည်ထဲမှာပဲ မျောပါသွားတော့မလို့ပဲ။ သမီး



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်သူကိုကြည့်ပြီး တရှုံ့ရှုံ့နှင့်ငိုနေရှာ၏။

"အမေ"

"သမီးကြီး"

"အမေ့ကို သမီးကန်တော့ခဲ့ပါတယ် အမေ"

"အို. . . သမီးကြီးရယ်"

နွေ အမေ့ခြေအစုံကို ဦးခိုက်လိုက်၏။ ပြီးတော့ ဒေါ်ကြီး။

"ဒေါ်ကြီးကိုလည်း နွေ ကန်တော့ပါတယ်"

ဒေါ်ကြီးပါးစပ်က ဘာသံမှထွက်မလာချေ။ ကျိတ်ငိုနေတာဖြစ်မှာပေါ့။ နွေ ထရပ်လိုက်သည်ကို အားလုံးငြိမ်သက်စွာ ကြည့်နေကြ၏။ ရဲတပ်ဖွဲ့ဝင်များဘက်သို့တစ်ချက်ကြည့်ပြီး နွေ ခပ်ယဲ့ယဲ့ပြုံးလိုက်သည်။

အဖမ်းခံမယ်ပေါ့။

ပြီးမှ ဆောင်းနှင့်မျက်နှာချင်းဆိုင်လိုက်သည်။

"ညီမလေး"

"မမ"

ဆောင်း. . . မမကိုနားလည်သွားပြီမို့ တင်းကျပ်စွာ ဖက်ထားလိုက်မိသည်။ နွေ ဆောင်း၏နဖူးလေးနှင့် ပါးပြင်လေးတွေကို နမ်းရှိုက်ပြီး၊ လှချင်းပြန်ခွာလိုက်၏။

"မမ သွားတော့မယ်"

နွေ ခြေလှမ်းကျဲနှင့်နောက်ဆုတ်ပြီး ပစ္စယာအဆင့်ပေါ်သို့ တက်ရပ်လိုက်လေလျှင်. . .

"ဟင်!"

"ဟာ!"





"အို. . ."

အားလုံး အာမေဍိတ်သံတွေ ထွက်သွားကြ၏။ မထင်မှတ်တာကို နွေ လုပ်တော့မှာ။ အေးအေးဆေးဆေးနဲ့အဖမ်းခံမည်လို့ ထင်ထားခဲ့ကြတာ။ ခုတော့. . .

ပစ္စယာပေါ်တက်လိုက်ပြီဆိုကတည်းက နွေ ဘာလုပ်တော့မည်ဆိုတာကို ရိပ်မိသွားကြသည်။

"နွေထက်သာလွန်"

"သမီးကြီး. . . မလုပ်ပါနဲ့ကွယ်"

"လှိုင်း. . . ညည်းထပ်မမိုက်ပါနဲ့အေ"

နွေ ခေါင်းကိုခါယမ်း၍ နောက်သို့တစ်ချက်လှည့်ကြည့်လိုက်သည်။ ပြီးတော့. . .

"တစ်ယောက်မှ ရှေ့တိုးမလာနဲ့နော်"

"မမ. . . မမ အဲဒီလိုမလုပ်ပါနဲ့၊ ဆောင်း တောင်းပန်ပါတယ်"

"ညီမလေး"

"မမ"

"မမ နှုတ်ဆက်ခဲ့ပါတယ်"

တီးတိုးဆိုပြီး နွေ မျက်လုံးကိုမှိတ်၍ ခြေလှမ်းကိုနောက်ဆုတ်ပစ်လိုက်သည်။ အားလုံးကိုနှုတ်ဆက်ခဲ့ပါတယ်. . . မိုက်သမျှ ရခဲ့တဲ့ မိုက်နောင်တတို့နှင့်အတူ။

"မမ"

"သမီးကြီး"

"ဟာ!"



www.burmeseclassic.com

www.burmeseclassic.com



"သွားပြီ. . . သွားပြီ"

နွေ့တစ်ကိုယ်လုံး လေဟာပြင်ထဲမှာ ပျံ့ပြီးမှ နောက်ဆုံးသိလိုက်ရတဲ့အသိတစ်ခုသည် ကြီးစွာသောနာကျင်ခံစားမှု ဝေဒနာဆိုးကြီး။

"မမ"

"ဆောင်း"

အောက်ခြေကို ငုံ့ကြည့်ဖို့ကြိုးစားနေသော ဆောင်းကို ရှိတ်က ဆွဲဖက်ပြီး ခေါင်းလေးကို လက်နှင့်ဖိထားလိုက်သည်။ မရှုမလှဖြစ်နေမည့် မြင်ကွင်းကို ဆောင်းအား မမြင်စေလို။

"လှိုင်းရေ"

"သမီးကြီး"

ဒေါ်ချောစုတို့ညီအစ်မနှင့် ရဲတပ်ဖွဲ့ဝင်များ ဘုရားပေါ်မှ ပြေးဆင်းသွားကြလေပြီ။

"မမ"

"ဆောင်း"

ဆောင်း. . . ရှိတ်ရင်ခွင်ထဲမှာ ပျော့ခွေကာ ကျသွားလေတော့၏။

"ဆောင်း"

◘◘◘



## အခန်း(၃၂)

"ဖေဖေ"

"သား"

ဖေဖေပြန်အလာကို စောင့်နေတဲ့ရှိတ်၊ ဖေဖေ့ကိုမြင်သည်နှင့် ဝုန်းခနဲခုန်ထပြီး ဖေဖေ့အနားသို့ရောက်သွား၏။

"အခြေအနေဘယ်လိုလဲ ဖေဖေ"

ဦးပြည့်စုံလျှံ ပြုံးလျက် သားဇေါ်ပခုံးကိုဖက်လိုက်၏။

"အိုကေတယ် သား။ ဖေဖေ့မှာ ဘာရောဂါပိုးမှမရှိဘူး"

"ဒါဆို. . . သူ"

"သားဆုံးသွားတယ်ဆိုတာ ကြားရပြီး၊ ဖေဖေ အိပ်ရာထဲ လဲကတည်းက ဖေဖေ သူနဲ့အတူမနေဖြစ်ခဲ့ဘူး သား။ အဲဒီနောက်ပိုင်း သူ ဟန်မိုးသက်နဲ့ပတ်သက်ခဲ့တာ။ ဟန်မိုးသက်က အဲဒီရောဂါနဲ့ဆုံးသွားတာတဲ့ သားရဲ့"



www.burmeseclassic.com

www.burmeseclassic.com



"တော်ပါသေးရဲ့ ဖေဖေရယ်"

ရှိုတ် အခုမှ စိတ်အေးသွားသလို သက်ပြင်းလုံးကြီးကို ဟူးခနဲ မှုတ်ထုတ်လိုက်၏။ နွေထက်သားလွန်မှာ HIV ပိုးရှိနေတယ်ဆိုတာ သိလိုက်ရတော့၊ ရှိုတ်. . . ဖေဖေ့အတွက် စိုးရိမ်မှုတွေ ပိုခဲ့၏။

ဒါကြောင့်. . .

ရန်ကုန်ပြန်ရောက်ရောက်ချင်း ဖေဖေ့ကို သွေးသွားစစ်ကြည့်ခိုင်းလိုက်တာ။

အခု. . .

ဖေဖေ့မှာက ဘာရောဂါပိုးမှမရှိဘူးတဲ့။ ဒါပေါ့လေ၊ ကောင်းတဲ့လူကိုတော့ ဘုရားက ကယ်မှာပဲ။ မကောင်းတဲ့သူကိုလည်း မကောင်းတဲ့အတိုင်း ပယ်ပစ်မည်သာ။

"စိတ်အေးသွားရပြီဆိုတော့ သားပြန်တော့မယ် ဖေဖေ"

"ပြန်လေ. . . သား။ ဪ. . . ဒါနဲ့ ခဏနေဦး"

ရှိုတ် ဖေဖေ့ဘက်သို့ပြန်လှည့်လိုက်၏။ ဖေဖေက အညိုရောင်ကတ္တီပါဘူးလေးကိုထုတ်ကာ. . .

"ရော့! သား"

"ဘာတွေလဲ ဖေဖေ"

"သားမေမေဝတ်ခဲ့တဲ့ စိန်တစ်ဆင်စာ။ ဒီအထဲမှာ အကုန်ရှိထည့်ထားတယ်။ သမီးလေးအတွက် ဖေဖေပေးတာ"

" Thank you...ပါ ဖေဖေ"

"သေသေချာချာထည့် လွယ်ကျနေဦးမယ်"

"သား. . . ကလေးမဟုတ်ပါဘူး ဖေဖေရဲ့"





ရှိုတ်က ဘူးလေးကို ဘောင်းဘီအိတ်ထဲသို့ သေသေချာချာထည့်လိုက်၏။

"အိမ်က ထွက်မပြေးပါဘူး သားရယ်၊ ဘာဖြစ်လို့ ဒီလောက်လောနေတာလဲ"

ရှိုတ် ဖေဖေ့ကိုမျက်လွှာပင့်ကြည့်ပြီး ဟဲခနဲရယ်လိုက်သည်။

"ဖေဖေကလည်း သိရဲ့နဲ့ မိုးချုပ်နေပြီ"

"ချွေးကောင်လေး"

"ဆောင်းစိတ်မချဖြစ်ပြီး မျှော်နေမှာ။ အဲဒါကိုပြောမလို့"

"အေးပါ. . . အေးပါ"

ဖေဖေ့ကိုနှုတ်ဆက်ပြီး ရှိုတ် အပြေးသော့ခဲ့တော့သည်။ ခုလောက်ဆို ဆောင်း မျှော်နေရှာရောမည်။ သူ့ခမျာ အားငယ်နေရှာမှာပေါ့။ အရင်တုန်းက အိမ်မှာ လူတွေက စည်းစည်းလုံးလုံးနေခဲ့ကြတာ။

အခု. . .

သူတို့မင်္ဂလာဆောင်ပြီးကတည်းက မမသလင်းက ရှိုတ် အရင်နေခဲ့တဲ့တိုက်မှာ သွားနေသည်။ အမေက သူ့သမီးကြီး ခေါင်းချသွားတဲ့အရပ်မှာပဲ နေချင်သည်ဆိုကာ ပုဂံမှာ ကျန်ခဲ့၏။ ဒါကြောင့် အိမ်မှာ ရှိုတ်ရယ်၊ ဆောင်းရယ်၊ ဒေါ်ဝကြီးရယ်၊ ဒီသုံးယောက်ပဲ ရှိတော့သည်လေ။

ရှိုတ် ဆောင်းအတွက် စားစရာတစ်ခုခုဝယ်သွားမည်ဟု စားသောက်ဆိုင်တစ်ခုရှေ့မှာ ကားကိုထိုးရပ်ပြီး ဆင်းလိုက်စဉ်. . .

"ဟယ်! အဆိုတော် ဇစ်တာရှိုတ်နော်"

"ဟုတ်ပါတယ်"

"ဒီဆိုင်မှာ တစ်ခုခုစားမလို့လား။ ကျွန်မတို့ညည်းပါရစေ။ ကျွန်မ

www.burmeseclassic.com

www.burmeseclassic.com



တို့က ရှိတ်ရဲ့ပရိတ်သတ်တွေပါ"

"ဟို. . . အားတော့ နာပါတယ်ဗျာ၊ ကျွန်တော် ဘာမှမစားဘူး ခင်ဗျာ့၊ ဝယ်သွားမှာ။ အိမ်ရောက်မှ ဇနီးနဲ့အတူတူ စားမှာဗျ"

"ရှိတ်က မိန်းမကို တော်တော်ချစ်ပုံရတယ်နော်"

"တာနေရာယကွလိုမျိုးပေါ့ဗျာ"

ရှိတ်စကားကြောင့် ကောင်မလေးတွေ ရယ်ကြလေ၏။ ကိုယ့်ပရိတ်သတ်ဆိုတော့ အလွှာပ သလ္လာပစကားတွေကို ဆိုနေရသေးသည်နှင့် အချိန်နည်းနည်းလင့်သွားသည်။ အိမ်ကိုပြန်ရောက်တော့. . .

"မိန်းမရေ"

အော်ခေါ်ပေမယ့် ဆောင်းကိုမတွေ့ရဘဲ ဒေါ်ဝကြီးကိုပဲ ဧည့်ခန်းထဲမှာ အငုတ်သားထိုင်နေတာ တွေ့ရ၏။

"ဒေါ်ဝကြီး. . . ဆောင်းရော"

"အခန်းထဲမှာ နေမှာပေါ့ သားရဲ့၊ သူဘာဖြစ်လာတယ်မသိဘူး"

"ဟင်! ဘာဖြစ်လို့လဲ"

"သားကိုကြိုရအောင်ဆိုပြီး လိုက်သွားတာ၊ ပြန်လာတော့ တစ်ယောက်တည်း ဒေါကန်လာပုံရတယ်"

ရှိတ်. . . အပေါ်ထပ်သို့ ပြေးတက်လာခဲ့သည်။ အခန်းရှေ့ကို ရောက်တော့ တံခါးပိတ်ထားတာကို တွေ့ရ၏။ ဆောင်း သူ့ကိုလာကြိုတာ မတွေ့လို့ စိတ်ကောက်နေတာပဲဖြစ်ရမည်။

"ဆောင်းရေ. . . ကိုကိုပြန်လာပြီ၊ တံခါးဖွင့်ဦး"

အထဲမှ ဘာတုံ့ပြန်သံမှမကြားရ။

"ဆောင်း"





"ဒုန်း! ဒုန်း! "

"ဆောင်းရေ"

"ဒုန်း! "

"ဘယ်လိုဖြစ်နေတာလဲ"

ချပ်ခနဲပွင့်သွားသောတံခါးကြားမှာ ဆောင်းမျက်နှာလေးက ရှုပုပ်ပုပ်။

"ကိုကို စားစရာတွေ ဝယ်လာတယ်၊ လာ. . . စားလိုက်ဦး"

"မစားဘူး"

"ဟာ! ဆောင်း"

ဆောင်းက တံခါးပြန်ပိတ်မလို့ လုပ်လေသဖြင့် ရှိတ်ကိုယ်တစ်ခြမ်းတိုးဝင်ပြီး ဆောင်းလက်ကိုဆွဲထားလိုက်သည်။ ပြီးမှ တစ်ကိုယ်လုံး အခန်းထဲရောက်အောင် တိုးဝင်လိုက်၏။

"ဆောင်း ဘာဖြစ်နေတာလဲ"

"ဘာဖြစ်ဖြစ်"

"ဆောင်းရယ်. . . အဲဒီလိုကြီးတော့ မလုပ်နဲ့ကွာ၊ ဘာဖြစ်လဲ ပြော။ ကိုကိုဘာလုပ်ပေးရမလဲ။ စိတ်ကောက်တာဆိုရင်လည်း ကောက်ရတဲ့အကြောင်းရင်းကိုသိမှ ကိုကိုချော့လို့ရမှာပေါ့။ ခုတော့ ဘုမသိဘမသိနဲ့ ကိုကိုမနေတတ်ဘူး"

ဆောင်းက ဘာမှပြန်မပြောဘဲ အင်္ကျီရှေ့ရင်ဘတ်ဖဲပြားလေးထဲမှ ကျနေသောကြိုးနှစ်ချောင်းကို လက်နှင့်လိမ်ပတ်နေ၏။

"ဆောင်း"

"မသိဘူး"



www.burmeseclassic.com

www.burmeseclassic.com



ဆောင်းက တစ်ဖက်သို့ ရွေ့သွားလေသဖြင့် ရှိတ်က ရွှေ့လိုက်သည်။ ပြီး. . . ဆောင်းကိုယ်လေးကို သိမ်းဖက်လိုက်၏။

"ဖယ်စမ်းပါ။ လူကိုလာမဖက်နဲ့။ စောစောကတော့ လူကိုတောင် မမြင်ရလောက်အောင် စားသောက်ဆိုင်ရှေ့မှာ ကောင်မလေးတွေနဲ့ ရယ်လို့မောလို့"

ရှိတ် ဒီလောက်ဆို ဆောင်းစိတ်ကောက်တဲ့အကြောင်းရင်းကို သိပြီ။

"ဆောင်းရယ်. . . ကိုယ့်ပရိတ်သတ်က လာနှုတ်ဆက်တာကို ကိုကိုက ရယ်ပြီးပြန်စကားမပြောလို့ နှုတ်ခမ်းကြီးစူပြနေရမှာလား"

"စူပြမှာပေါ့"

"ဟုတ်ပြီ၊ ဘယ်လိုစူပြရမလဲ. . . ဆောင်း သင်ပေး"

ဆောင်း ရယ်ချင်စိတ်ကို မျိုသိပ်လိုက်ရတာကြောင့် နှုတ်ခမ်းကို အတင်းစေ့ပိတ်ထားရသည်။ ဆောင်း အဲဒီလောက်ထိ သဝန်မကြောင်တတ်ပါဘူး ကိုကို။ ကိုကို့ကိုချစ်လို့ စတာပါဆိုရင် ကိုကို ဘာပြောမှာလဲ။

"ဟော့! သင်ပေးလေ"

ရှိတ်က ငုံ့ထားတဲ့ဆောင်းမျက်နှာလေးကို အမိအရလိုက်ငုံ့ကြည့်ပြီး. . .

"ရယ်ချင်ရယ်လေ၊ ဘာလို့ချုပ်ထားရတာလဲ။ ရယ်သောသူသည် အသက်ရှည်၏တဲ့"

"မရယ်ပါဘူး။ ဘာလို့ရယ်ရမှာလဲ"

"ဒါဆို ကိုကိုပြောမယ်၊ နားထောင်"

"ဘာလဲ"





"ကိုကို့ဘဝမှာ ဟောဒီ ဆောင်းဆိုတဲ့ ကောင်မလေးကလွဲရင် ကိုကို့နှလုံးသားတွေ အူတွေအသည်းတွေ အချစ်တွေ အားလုံးအားလုံး ကွာ. . . ဘယ်သူ့ကိုမှ မပေးနိုင်တော့ဘူး။ ဆောင်းဆီမှာပဲ ပုံအပ်ထားပြီးသား"

"တကယ်နော်"

"အကယ်. . . တစ်ထောင်၊ တစ်သောင်း၊ တစ်သိန်းဗျာ"

ဆောင်းမျက်နှာလေးပေါ်မှာ ပကတိ ရွှေရောင်လင်းတဲ့ ပန်းခင်းကလေး ဖြစ်တည်သွားလေသည်။

ကျောခိုင်းထားတဲ့ဆောင်းကိုယ်လေးကို ရှိတ် သူ့ဘက်သို့ ဆွဲလှည့်လိုက်၏။ ဆံစည်းမိကြဲသော မျက်ဝန်းနှစ်စုံမှာ အချစ်ကဗျာတွေကို အထပ်ထပ်ရွတ်လို့။ နှလုံးသားက စိမ့်ဝင်စီးဆင်းလာသော အကြင်နာရေစီးသံလေးများသည် ရင်ဘတ်တွေကို တဒိတ်ဒိတ်တိုးခုန်စေလျက်။

"သင်ပေးလေ"

"ဘာလဲ"

"နှုတ်ခမ်းစူနည်း"

"မသင်ပေးပါဘူး"

"ဒါဆို ကိုကိုသင်ပေးမယ်၊ ဒီမှာကြည့်"

"အာ. . . ကိုကိုနော်"

လူလည်ကျသွားတဲ့ ရှိတ်ရင်ခွင်မှာ ဆောင်း ခေတ္တမျှ ငြိမ်သက်သွားလေ၏။

"တတ်ပြီလား"

"ကိုကို မကောင်းဘူးကွာ"



www.burmeseclassic.com

www.burmeseclassic.com



"အဲဒါ ကိုယ့်မိန်းမကို အရမ်းချစ်လို့ သင်ပေးတာ"

"စားစရာတွေ ဝယ်လာတယ်ဆို၊ သွားစားရအောင်"

"မစားချင်တော့ဘူး"

"ဆောင်း ဗိုက်ဆာနေတာ ကိုကိုရဲ့"

ရှိုတ် ဆောင်းကိုစိုက်ကြည့်နေစဉ်မှာပဲ ဆောင်းဗိုက်ထဲမှ ဂွီခနဲ မြည်သံကြောင့် တကယ်ဆာနေရှာပါလားဟုတွေးကာ. . .

"ဒါဆိုသွားမယ်လေ"

ဟုဆိုပြီး နှစ်ယောက်သား ထရပ်လိုက်ကြပြီးမှ ရှိုတ် ဆောင်းရဲ့ ခါးလေးကိုဖက်လိုက်ကာ. . .

"အလကားတော့ မကျွေးချင်ဘူးကွာ"

"ဟင်"

ဆောင်း သူ့ကိုမော့ကြည့်လိုက်တော့ သူက ခေါင်းငုံ့ကာ သူ့ပါးကို လက်ညှိုးထိုးပြလေ၏။ ဆောင်း လိုလားစွာနှင့် သူ့ပါးတစ်ဖက်ကို အနမ်းလက်ဆောင်ပေးလိုက်တော့. . .

သူကပြောသည်မှာ. . .

"ကိုကို့ရဲ့အတိတ်ကို မေ့တွေးနဲ့၊ ပစ္စုပ္ပန်နဲ့အနာဂတ်အားလုံးကို ဆောင်းပိုင်ဆိုင်တယ်။ ကြိုက်သလို ခြယ်လှယ်စိုးမိုးပေတော့" တဲ့။ ။

**ဖရိုတ်သတ်များကို ထာဝရလေးစားလျက်...**

**မိုးစက်ပွင့်**


**စက်တင်ဘာ ၂၀၁၄ တွင်**

**ဝယ်နိုင်ပါပြီ**

**မမသန္တာမောင်**

မိုးနှင့်အတူ

**ကြယ်စင်မှူးဝေ**

ပျားရင့်ရောင် နှင်းဆီတစ်ပွင့်

**မိုးစက်ပွင့်**

သမိုင်းကြောင်းမလှတဲ့မြစ်

**မယ်ခိုင်**

ပစ္စုပ္ပန်ဟုခေါ်သော အနာဂတ်

**အလင်းသစ်**

သစ်စိမ်းချိုး ချိုးရက်ခဲ့လေသူ

**ခေတ်ပါဖြူ**

အချစ်ဗီလိန်အမုန်း


www.burmeseclassic.com